
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေပိုင် စီစဉ်ဖန်တီးသည်

မဂ္ဂဇင်း

10 JUL 2014

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ

အတွဲ(၉)၊ အမှတ်(၂)

ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။

**သက်တော်မြဲဂါထာ**

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဂစ္ဆထ တုမှေ ဘိက္ခဝေ သကံ သကံ သေနာသနံ၊ 

---

### ဗိုလ်တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ
ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်ဇာတိက္ကဲ့စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ









## ဘာသာရေးဘုရားသမိုင်း


- မိတ္ထီလာဝမ်းတော်ပြည့် မြတ်သိန်းတန်စေတီနှင့်......... ဝေဒသုတေသီဆရာမျိုး ၇
- ထားဝယ်မြို့၏ ကုတ်သရေဆောင်..... ... မြမဥ္စူဝေ(ကျုံမငေး) ၂၅
- ရင်မှာစွဲငြိနေသည့် ပုဂံဘုရင်နှစ်ပါးနှင့်..... ... ကျော်လင်း(မြစ်ခြေ) ၂၉
- ရွှေတိဂုံစေတီပုံတူ ထီးတော်တင်ပွဲ..... ... ဂမ္ဘီရဆရာလှမျိုး(B.Sc) ၆၀
- ဖူးမြော်ပြည့်စုံ ရုံလေးရုံ ... မင်းတိုင်ပင်(မြရောင်မြေ)၇၃
- ကြခင်းမြို့မှ နေရာထူး..... ... ဆရာကြီးဦးအောင်မြိုင် ၈၂
- အိမ်မဲမြို့တည် သမိုင်းဝင်ဆုတောင်းပြည့်..... ... ရာဇသမိုင်း(ဟသာတ) ၁၆၄


## ဘာသာရေးသုတ/ရသဆောင်းပါး


- တစ်ရာထက်မြတ်သောတစ်ရက် ... မေတ္တာရှင်ရွှေပြည်သာ ၁၄
- သဒ္ဒါတရား ထက်သန်ပွား..... ... မင်းဇေမြင့်(မုဒုံ) ၃၄
- ဝဋ်ကြွေးကြွမှာမရှောင်သာဘူး ... ထွန်းဝေဝေစိုး ၄၉
- တမလွန်ဘဝခရီးနှင့်..... ... ဓမ္မာစရိယဦးဌေးလှိုင် ၅၂
- အနတ္တ၏အလင်းတန်း ... ယောဂီစောလွင် ၈၆
- ပဲခူးမြို့နယ်၊ ကျောက်တန်းရွာ..... ... မင်းထက်ကျော်(B.Sc) ၁၀၁
- ရွှေတိဂုံစေတီတော်မြတ်၏ဆံတော်တွင်း..... ... ကိုမောင်သန်းဝင်း ၁၁၉
- ဩကာသကန်တော့ချိုး ... စန်းဝင်း(အောင်မြေ) ၁၃၄
- လူချမ်းသာ နတ်ချမ်းသာနှင့်..... ... မောင်မျိုးကြည်(ခတ္တီယ) ၁၄၄
- ကမ္ဘာ့အံ့ဖွယ်ဘုန်းတော်ကြီးကျောင်း ... မောင်သာ(ရှေး/သု) ၁၄၈
- ရိုးရာနတ်ကွန်းမှ..... ... ဆရာကြီးဦးအောင်မြိုင် ၂၆၁


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- ကျေးဇူးကြီးမားသည့် ပါရမီတော်နှင့်..... ... ကိုရွှေမြသန်း(သမိုင်း) ၄၃
- ဘုရားဂုဏ်တော်(၁၃)ပါးဂါထာတော် ... ထွန်းမြတ်တေဇ ၄၇
- ကိုယ့်တွေ့ဖြစ်ရပ်မှန်..... ... မိုးဟိန်းကျော်(လပွတ္တာ) ၆၈
- ကြီးပွားစေလို ဘုန်းရိပ်ကိုခို ... တောကျောင်းဘုန်းကြီး ၉၄
- ရန်အောင်မြင်နတ်ချစ်ဂါထာတော် ... မင်းကြည်ဖြူ ၁၀၀
- ခရီးသွားလာ ရွှတ်ဆိုပွားပါ ... လူစွမ်းမြင့်(နတ်မောက်) ၁၃၈


## တိုင်းရင်းဆေး


- ပျားရည်၏ဆေးဖက်ဝင်အာနိသင်များ ... ညွန့်ဝင်း(နတ္တလင်း) ၁၈၇
- တစ်ခါတစ်ရံသွေးအားနည်းချိန်၌..... ... မောင်ကျော်(ဘီးလင်း) ၂၀
- ဆေးဖက်ဝင်တဲ့ပိတောက်ပင် ... ဇရာမြေထွန်းထွန်း ၂၅
- အရိုးကျိုးပေါင်းတက်ဆေးမခက် ... ရဲရဲထွန်း(ဟသာတ) ၂၉
- ဆေးစွမ်းထက်တာ ကန့်ကလာ ... ကျော်စွာဟိန်း(ရွှေလှေကား) ၃၀၄


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ဗုဒ္ဓဝင်ရသ


- အနိုင်းမဲ့သော လမ်းပြမှု ... နန္ဒာမိုးကြယ် ၁၉
- ရောင်စဉ်ဖြာသောအလင်းတန်း ... မောင်သာမန်(ဖိုးကုန်း) ၃၇
- မဆင်ခြင်နိုင်သော ဒေါသတရား ... ပေါ်လွင်ဦး(ရေး) ၉၁
- မိတ်ဆွေကောင်း ... နန္ဒာမင်းဇံ(ပခုက္ကူ) ၁၂၉


## အထွေထွေသုတ၊ ရသဆောင်းပါး


- ကောလာဟလဆိုတာ ... မုံရွာနေဇာ ၃၉
- နေထီးဆောင်းနိမိတ်နှင့်မင်းလောင်းပေါ်မည့်. . . . . . . ဦးဇေယျာကို ၁၁၄
- ပစ္စည်းပျောက်သူအား အိပ်မက်လာပေးသော. . . . . . ညိုသစ်ဦး(မာန်အောင်) ၁၅၂
- ထူးဆန်းထွေလာ၍ကမ္ဘာ ... မောင်လင်းအောင် ၁၉၆
- စလွယ်တော် ... ကိုအေးမြင့်(ရွှေ/သု) ၂၂၆
- ကျွန်တော်နှင့်ရန်ကုန်ဘိုးဘိုးကြီး ... သက်နှင်းဆွေ(ပုပ္ပါး) ၂၄၂
- မြန်မာနိုင်ငံဝေဒသုတေသန. . . . . ... အောင်ကျော်ဇော ၂၄၉
- ကျွန်းကုန်းအထက မြတ်ဆရာပူဇော်ပွဲနှင့်. . . . . . . . မောင်အေးနှစ်(ပညာရေး) ၂၇၆


## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ


- ဝိပါက်လေလား ကြမ္မာလား ... နေဝန်းနီ ၉၆
- ကျတ်တီးကုန်းဆိုတာ. . . . . ... မင်းရဲကျော် ၁၁၀
- သွေးနှင့်သစ္စာ ... မိုးသိကျွာ ၁၂၄
- ကြေးစည်သံ ... ဇလွန်ကျော်ဦး ၁၄၀
- တွဲခဲ့သည့်နံ့ ... အောင်ငြိမ်းလှိုင်(ဥက္ကလာ) ၁၅၉
- ခေါင်းလောင်းတစ်လုံး၏ဝေဒနာ ... ပန်းတနော်နောင်လတ် ၁၆၀
- သည်နေရာရောက်ရင်. . . . . ... ကောင်းသော် ၁၇၈
- ဆတ်ကလိတ်တောရဲ့. . . . . ... မြင့်မိုရ်ဆွေ(ရာမည) ၁၉၁
- ပစ်ချလိုက်ရမလား ... ဂါဦးနွန်းကို ၂၀၆
- တောနက်တွင်းမှ တစ်ညတာ ... ဇော်မင်း(ဒဂုံမြောက်) ၂၂၁
- ဘီလူးရုပ်ကို ထွင်းထုတ်သည့်အခါမှ. . . . . ... တင်မောင်မောင်(ပေါက်ကုန်း) ၂၃၆
- ကုလားအဖိုးကြီးရဲ့စကား ... နတ်လူသစ် ၂၅၂
- ရာမညအိပ်မက် ... ကိုချမ်း(ဆေး-၂) ၂၆၆
- သစ်ပင်ကြီးနှင့်လူတစ်စု ... ရောမြေထွန်းထွန်း ၂၈၁
- ပျိုးပင်လေးများရောင်းသည့်မြို ... မောင်ထွန်းကောင်း ၃၀၅








www.burmeseclassic.com

www.burmeseclassic.com


**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
ပြည်စိုး (10 D)
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဟိန်းမင်းဇော်
**ကွန်ပျူတာစာစီ**
စန်းစန်းထွေး၊ A7 Group
**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး
**ပြင်ပဆက်သွယ်ရေး** - ယဉ်မင်းဆု
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ငွေ
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ အောင်နိုင်လတ်၊ ကျော်ဦး
ကျော်စိုးညိန်း၊ မောင်မြင့်ငွေ၊
ဆုးထက်အောင်၊ ပညတ်

**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ) (၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မီလျံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သု၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟင်္သာတ | တာလေးမောင် |












## အခန်းဆက်၊ အစီအရင်၊ ယတြာ


- ဝဝစား ... သက်နှင်းဆွေ(ရွှေပြုံး) ၁၇၀
- လူတိုင်းသတိပြုသင့်သော ... အောင်တောင်းပြု(သာကေတ) ၁၈၈
- လိုတရတဲ့ ငွေဝင်စမ ... မဖော်ဂန္ဓိ(သမဏ) ၂၀၄
- ဓာတ်လုံးအဆောင် ... ဓေတ္တာရာဆရာကျော် ၂၅၈
- အကြံပြုစာမျက်နှာ ... ဓေတ္တာရာဆရာကျော် ၂၇၉
- လက်တွေ့စျေးရောင်းယတြာ ... အောင်ဘုန်းမြင့်(ကချင်မြေ) ၂၉၂
- ထီပေါက်ကိန်းရှိပါသလား ... သစ္စာပါဠိမြတ်စောလင်း ၃၀၁
- ခရီးထွက်မလား ပြဿဒါးရက်မှာ ... သုတေသီဆရာငြိမ်း ၃၁၀


## အသုံးချပညာရပ်များ


- ၂၀၁၄၊ ဩဂုတ်လ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၁၈၃
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၂၅၆
- ၂၀၁၄၊ ဩဂုတ်လ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု
  ၁၂ ရာသီ လင်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၂၁၂
- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂၇၃
- ၂၀၁၄၊ ဩဂုတ်လအတွက် လိုအင်ဆန္ဒပြည့်ဝ
  အောင်မြင်စေမည့် (ကာကွယ်ဖွင့်)နဝင်းယတြာအစီအရင်များ... ဆရာမြတ်သွင်ခေါင် ၂၈၃
- ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း ... အောင်ရာဇာအောင်နိမိတ်ဆရာ ၃၁၁


www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးနံ့သာကျောင်းတော်ရာအတွင်းရှိ ရုပ်ပွားတော်မြတ်
ဝါကော်ဇွဂါဓရွာကြီး၊ စတုမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com





မြတ်သိန်းတန်စေတီရှိ ရုပ်ပွားတော်
မိတ္ထီလာမြို့


www.burmeseclassic.com

www.burmeseclassic.com

# မိတ္ထီလာဝမ်းတော်ပြည့် မြတ်သိန်းတန်စေတီ နှင့် ဓာတ်တော်တိုက်

ဗေဒသုတေသီ ဆရာမျိုး





စာရေးသူသည် သာစည်မြို့မှ ဓမ္မမိတ်ဆွေ ကိုမြင့်ဦး မိသားစု၏ ကုသိုလ်ပြုမှုဖြင့် မန္တလေးတိုင်း၊ မိတ္ထီလာမြို့ ဝမ်းတော်ပြည့် သာသနာ့ရိပ်သာသို့ ဘုရားဖူးရောက်ရှိခဲ့ရပါသည်။ အဝင်မုခ်ဦးတွင် "(ဦးဟန်စော)+ဒေါ်ကျယ်လွမ် မိသားစု၊ စောရိပ်ငြိမ်းတိုက် ကံဦး"ဟူ၍ အလှူရှင်ကမ္ပည်း ရေးထိုးထားပါသည်။ ဝင်ဝင်ချင်း ပထမဦးစွာ စတင်ဖူးမြော်ရသည်မှာ မြတ်သိန်းတန်စေတီတော်ကြီးဖြစ်ပါသည်။ ထူးခြားသော ပုံစံတော်ရှိသည့် အရန်စေတီတော်များ မြောက်မြားစွာ ခြံရံလျက် မြတ်သိန်းတန်စေတီတော်မြတ်ကြီးမှာ ရွှေရောင်ဝင်းလက်၍ ကြည်ညိုဖွယ်ရာ သပ္ပာယ်တင့်တယ်တော်မူလျက်ရှိပါသည်။

အနောက်မုခ်တွင် မင်းမြောက်တန်ဆာငါးပါးကို ဆင်မြန်းတော်မူသော ဘူမိဖဿမုဒြာဟန် ရုပ်ပွားတော်မြတ်ကြီးမှာ ရင့်ကျက်သော ဣန္ဒြေတော်ကို ဆောင်တော်မူလျက် ဖူးမြင်ရသူအပေါင်းအား ဘဝင်နှလုံးကို ပီတိဖုံးလွှမ်းစေပါသည်။ ထို့နောက် တောင်ဘက်မုခ်မှ ဉာဏ်တော်မြင့်မားသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဝမ်းမြောက်ကြည်နူးဖွယ်ရာ ဖူးမြော်ရပါလေ၏။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်ကို အနီးကပ် ပူဇော်ရိုက်ကူးခွင့်ရရှိရန် ကျဉ်းမြောင်းသော အာရုံခံအတွင်း ကြိုးစားပမ်းစား ရိုက်ကူးခဲ့ရပါသည်။ ထို့နောက် အရှေ့အရပ်မှ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလည်း နတ်မင်းတို့၏ အဓိပတိအဖြစ် ချပ်ဝတ်တန်ဆာအပြည့်အစုံဖြင့် ဖူးမြော်ရပြန်ပါသည်။ ဆက်လက်၍ အာရုံခံ လိုဏ်အတွင်း ဉာဏ်တော်မြင့်မား၍ များပြားလှစွာသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးများ

www.burmeseclassic.com


ပဂိုဘောဂ-ဦးခင်မောင်+ဒေါ်မြမလေး-မိသားစု ကောင်းမှု။

ကိုလည်း အားရပါးရ ဝမ်းမြောက်လှိုက်လှဲစွာဖြင့် ဖူးမြော်ခွင့်ရခဲ့ပါသည်။

မြတ်သိန်းတန်စေတီတော်ကြီးနှင့် မျက်နှာချင်းဆိုင်အရပ်တွင် ယိုးဒယားဘုရားကျောင်းတော်ရာကိုလည်း ဖူးမြော်ရပါသည်။ ယိုးဒယားရုပ်ပွားတော်မြတ်ကြီးမှာ လက်ဝဲရံလက်ျာရံနှစ်ပါး၏အလယ်တွင် ရွှေရောင်ဝင်းပလျက် အသွင်ထူးခြားသော လက်ရာဟန်ပန်တော်နှင့်အတူ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်လိုက်သည်နှင့် တစ်ပြိုက်နက် ရင်တွင်းမှာ ငြိမ်းချမ်းသော ပီတိတရားနှင့် ဗုဒ္ဓရှင်တော်မြတ်၏ အေးမြသော ကရုဏာရိပ်အောက်တွင် ခိုလှုံခွင့် ရရှိလိုက်ဘိသကဲ့သို့ သဒ္ဓါလှိုင်းတစ်ခုရင်မှာ ဖြတ်သန်း စီးဆင်းခဲ့ရပါလေ၏။

ဆက်လက်၍ တောင်ဘက်သို့ လျှောက်လှမ်းလာသောအခါ ကြီးမားထည်ဝါ ခံ့ညားသည့် အောင်ချမ်းသာ သုံးထပ်ကျောင်းတော်ကြီးကို တွေ့မြင်ရပါသည်။ အောင်ချမ်းသာကျောင်းတော်ကြီးနှင့် မျက်နှာချင်းဆိုင်တွင် ဓာတ်တော်တိုက်ဖြစ်ပါသည်။ ဓာတ်တော်တိုက်၏ အလယ်ဗဟိုတွင် ရွှေရောင် ဝင်းတောက်လျက်ရှိသော စေတီတော်တစ်ဆူကို အာရုံခံအတွင်း၌ အပူဇော်ခံထားရှိပါသည်။ အထူးထူးအပြားပြားသော ဓာတ်တော်မျိုးစုံတို့ကို ဖန်ပုလင်းအတွင်း ပင့်ဆောင် ပူဇော်ထားရှိပါသည်။ မှန်ခန်းအတွင်းရှိ ဖန်စေတီတော်များအတွင်း ဓာတ်တော်များ ဌာပနာထားရှိသည့် ဖန်ပဒေသာစေတီတော်အုပ်စုကို မှတ်တမ်းတင်ရာတွင် အလင်းပြန်လျှက်ရှိပါသည်။

ဗုဒ္ဓဓာတ်တော်၊ ရှင်သာရိပုတ္တရာဓာတ်တော်၊ ရှင်မောဂ္ဂလာန်ဓာတ်တော်၊ စွယ်တော်တိုက်စေတီ၊ ဓာတ်တော်ကြုပ်ပဒေသာ၊ မြတ်စွာဘုရား၏ ဦးခေါင်းတော်မှ ဖြစ်သောသီသမွေတော်များ၊ ရှင်အာနန္ဒာဓာတ်တော်များ၊ အရိုးတော်မှ ဓာတ်တော်အဖြစ် ပြောင်းလဲနေဆဲ ရဟန္တာဓာတ်တော်များ၊ ရေဆန်ဓာတ်တော်များ၊ အရှင်ပုဏ္ဏာဓာတ်တော်များ၊ အရှင်မဟာကစ္စည်းဓာတ်တော်၊ ပစ္စေကဗုဒ္ဓါဓာတ်တော်များ၊ ရဟန္တာအသီးသီး၏ ဓာတ်တော်မွေတော်များ၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓာတ်တော်များ၊ မြေငူရွာ သရက်တောကျောင်းဆရာတော်ဘုရားကြီး၏ ဓာတ်တော်များ၊ ဓမ္မစေတီနှင့်ပေစာများ အစရှိသဖြင့် များပြားလှစွာသော ဓာတ်တော်မွေတော်များကို အားရပါးရ တစ်ဝကြီး ဖူးမြော်ရသည်ဖြစ်ပေရာ စာရေးသူ၏ရင်တွင်း၌ ကြီးစွာသော ပီတိသောမနဿတို့နှင့်အတူ ဖူးမြော်ခွင့်ရရှိရန် အကျိုးဆောင်ပေးသော ကိုမြင့်ဦးမိသားစုကိုလည်း အထူးပင် ကျေးဇူးတင်မိပါသည်။

အားရအောင် လှည့်ပတ်ဖူးမြော်၍ ဝမ်းတော်ပြည့်



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဘုရားကြီးအား သွားရောက် ဖူးမြော် ဂါရဝပြုဖြစ်ကြပါသည်။ လက်ရှိ ဝမ်းတော်ပြည့်ဆရာတော်ဘုရားကြီးမှာ မဟာကမ္မဋ္ဌာနာစရိယ "ဘဒ္ဒန္တဝဂီသ" ဖြစ်ပါသည်။ ဆရာတော်ကြီးမှ စာရေးသူတို့အား မြတ်စွာဘုရား၏ ဓာတ်တော်များ၊ ရှင်သာရိပုတ္တရာ၏ ဓာတ်တော်များ၊ ရှင်မောဂ္ဂလာန်၏ ဓာတ်တော်များကို မဟာကရုဏာတော်နှင့် ပူဇော်ကိုးကွယ်နိုင်ရန် ချီးမြှင့်ပေးတော်မူပါသည်။ ထို့နောက် အမြဲတမ်းပူဇော် ရွတ်ပွားသင့်သည့် ဂါထာနှစ်ပုဒ်ကို ချီးမြှင့်တော်မူသည်။

**သက်တော်မြဲ ဂါထာ**

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံပရူပက္ကမေန တထာဂတံ၊
ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ၊
တေန သစ္စဝဇ္ဇေန အန္တရာယာ ဝိနဿန္တု။

**သဗ္ဗဇေယျမင်္ဂလာဂါထာ**

ဒီဝါတပတိ အာဒိစ္စော၊ ရတ္တိမာဘာတိဒန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော ဘာတိ၊ ဈာယီတပတိ ဗြာဟ္မဏော။
အထသဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါတပတိတေဇသာ
တေန သစ္စဝဇ္ဇေန အန္တရာယာ ဝိနဿန္တု။

ထို့နောက် စာရေးသူသည် ဆရာမကြီး ဒေါ်ငွေးတင်နှင့်





ဆရာမကြီး ဒေါ်တင်တင်ဝင်းတို့ထံမှ ဓာတ်တော်များသမိုင်းကို ရေးသားပူဇော်ခွင့် တောင်းခံရာ မိုးကုတ် ကမ္မဋ္ဌာနာစရိယ တစ်ဘဝ သာသနာကျွမ်းပြုဆရာတော် ဦးယောသိတနှင့် ဓမ္မာစရိယ ဦးငွေးလှိုင်တို့ ရေးသားပူဇော်ထားသော ဓာတ်တော်သမိုင်းစာအုပ်ကို ပေးအပ်ခဲ့ပါသည်။ အဆိုပါ စာအုပ်မှ ကောင်းနိုးရာရာများကို ထုတ်နုတ်၍ ရွေးချယ် ဖော်ပြပေးလိုက်ပါသည်။

၁၃၁၈ ခုနှစ်က ဝမ်းတော်ပြည့်ကျောင်းတိုက်ကို စတင်တည်ထားပါသည်။ တွံတေးရွှေဆံတော် ပိဋကတိုက်ကျောင်းတွင် ရာကျော်ဆရာတော် ဦးသဒ္ဓမ္မဒေဝကိတ္တိ သီဟိုဠ်မှ ပင့်ဆောင်လာသော မှန်ညင်းစေ့ပမာဏရှိ ဓာတ်တော်အဆူ (၃၁၈) ဆူကို စတင်ပူဇော်ခွင့်ရရှိခဲ့ပါသည်။

"ဓာတ်တော်တို့မည်သည် ပွားလည်း ပွားလာတတ်သည်။ တိုးလည်း တိုးလာတတ်သည်။ ကွဲလည်း ကွဲတတ်သည်။ ပျောက်လည်း ပျောက်သွားတတ်သည်" ဟူသော အဆိုရှိသဖြင့် ဓာတ်တော်ဌာပနာရန်အတွက် စလင်းမှန် တစ်ချပ်ကို သွေး၍ အခက်လုပ်ပါသည်။ နောက်ထပ် မှန်တစ်ချပ်နှင့်အုပ်ကာ ညောင်ရွက်ပုံလုပ်ပြီး ဘယက်ကြုတ်ကလေးအသွင်ပုံစံကို မန္တလေးတွင်မှာ ယူရပေသည်။ ရတနာ



www.burmeseclassic.com

www.burmeseclassic.com




တိုးလာကြောင်း သိရှိပါသည်။

ထို့နောက် ရမည်းသင်းမြို့ သိမ်ကုန်းရွာ မိတ္ထီလာ ကျောင်းမှ ပုလဲအဆင်းရှိသော ဓာတ်တော်များကို ထပ်မံရရှိခဲ့ပါသည်။ ဤသို့ဖြင့် တဖြည်းဖြည်းစုစည်းမိရာမှ ဓာတ်တော်တိုက်ဖွင့်လှစ်နိုင်သည်အထိ ကျယ်ပြန့်သွားခဲ့ပါသည်။

ဘုရားဓာတ်တော်မှာ ပဲနောက်စေ့လုံးပမာဏ၊ ဆန်ကျိုးပိုင်းပမာဏ၊ မုန်ညင်းစေ့ ပမာဏဟူ၍ အရွယ်သုံးစားရှိပါသည်။ အရောင်အဆင်းအားဖြင့် အသားတော်မှဖြစ်သော ရွှေအဆင်းရှိသော ဓာတ်တော်၊ အရိုးတော်မှဖြစ်သော ပုလဲအဆင်းရှိသော ဓာတ်တော်၊ အသွေးတော်မှ ဖြစ်သော မြတ်လေးနီအဆင်းရှိသော ဓာတ်တော်ဟူ၍ သုံးစားရှိပါသည်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ တေဇောဓာတ်လောင်ကျွမ်း၍ ကြွင်းကျန်ရစ်သော ဓာတ်တော်အားလုံးသည် (၁၆)ပြည့်သားပမာဏ ရှိပါသည်။

အင်းတော်မြို့တွင် မန်လည်ဆရာတော်ဘုရားကြီး တည်ထား ကိုးကွယ်သော စေတီတော်ကြီးမှာ မြေငလျင်ဒဏ်ကြောင့် အရန်စေတီတော်တစ်ဆူ ပြိုကျရာမှ ရှင်သာရိပုတ္တရာ၏ဓာတ်တော်ကို ရရှိခဲ့ပါသည်။ မုံရွာမြို့ ကန်ကုန်းရွာ ကျောင်းဆရာတော် ကိုးကွယ်ခဲ့သော ရှင်သီဝလိဓာတ်တော်များကိုလည်း တွေ့ရှိရပါသည်။ မြင်းခြံမြို့ ဇေတဝကာရုံ ဆရာတော်ထံမှလည်း ရရှိခဲ့ပါသည်။ ရှင်သီဝလိ ဓာတ်တော်

များကိုပါ စိခြယ်၍ ကြုတ်ထဲ ထည့်ခါနီးတွင် ဓာတ်တော်များ ထပ်မံရေတွက်သောအခါ (၄၅၆)ဆူဖြစ်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ပင့်လာစဉ်က (၃၁၈)ဆူဖြစ်ပေရာ (၁၃၈)ဆူ






www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

သည် ခံဝီးသီးစုပ်ဖတ်ကဲ့သို့ အဖုကလေး၊ ဆူးကလေးများ အစုအစုဖြစ်နေပါသည်။ အရွယ်ပမာဏအားဖြင့် မန်ကျည်းစေ့နီးပါး၊ ရွေးကြီးလောက် ရှိပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးသည် အမရပူရမြို့ တောင်ဘက် မြစ်ဘက်ဖြစ်၏ အရှေ့ဘက်ကမ်း ဥယျာဉ်တော်ရွာ ဇာတိသားဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် မိုးကုတ်မြို့ ဘော်ပဒန်းရွာတွင် ၁၀နှစ်ခန့် သီတင်းသုံး၍ တရားအားထုတ်ခဲ့ရာမှ မိုးကုတ်ဆရာတော်ဟူ၍ တွင်ရစ်ပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓာတ်တော်များကို အမရပူရ၊ တောင်မြို့ မင်္ဂလာတိုက်ပောင်း ဆရာတော်ထံမှ ရရှိပါသည်။ မြေငူရွာ သရက်တောကျောင်းဆရာတော် ဦးကုသလ၏ ဓာတ်တော်များကိုလည်း တွေ့ရှိရပါသည်။

သီရိလင်္ကာ သံအမတ်ကြီးမှ အင်္ဂလန်တွင် စေတီတည်ရန် ဓာတ်တော်များ လာရောက်ပင့်ဆောင်၍ ဌာပနာပြီးသောအခါ စေတီတော်မှ ရောင်ခြည်တော်များ ကွန့်မြူးကြပါသည်။ ဂျပန်ပြည်တွင် ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရားကြီး ဟည်ဆောက်ရန်အတွက် ဓာတ်တော်များ ဌာပနာအတွက် လာရောက် ပင့်ဆောင်ခဲ့သဖြင့် ဓာတ်တော်များ ဂျပန်ပြည်သို့လည်း ရောက်ရှိကြပါသည်။ ဤသို့ဖြင့် ဓာတ်တော်များသည် နိုင်ငံအနှံ့အပြားသို့ ကြွရောက်တော်မူကြ၍



ဗုဒ္ဓသာသနာ ကမ္ဘာသို့တိုင်အောင် ပျံ့နှံ့ရောက်ရှိခဲ့ရပါသည်။

ဝမ်းတော်ပြည့်ဆရာတော်ဘုရားကြီး၏ သရဏဂုံပန်းဆင်မြန်းပုံကိုလည်း သိရှိခွင့်ရခဲ့ပါသည်။ သရဏဂုံဆောက်တည်တဲ့အခါ…

"လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာအပေါင်းတို့မှ ကင်းကွာ၍ အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဦးခေါင်းထက်ပေါ်၌ ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူပါ ဘုရား"

"သွာက္ခာတော အစရှိသော ခြောက်ပါးသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မဂ်(၄)ပါး၊ ဖိုလ်(၄)ပါး၊ နိဗ္ဗာန်ဟူသော လောကုတ္တရာ (၉)ပါး၊ ဓမ္မခန္ဓာပေါင်း (၈၄၀၀၀)ကို ပေါင်းသောအားဖြင့် ဆယ်ပါးသော တရားမြတ်တို့သည် အကျွန်ုပ်၏ လက်ျာပခုံးထက်၌ ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူပါ ဘုရား"


"သုပ္ပဋိပန္နော အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ရှင်ကောဏ္ဍညာ၊ အရှင်ဓမ္မ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ ရှင်အဿဇိဟူသော ပဉ္စဝဂ္ဂီငါးဦးနှင့်တကွ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်မဟာကဿပ အစရှိသော မရေတွက်နိုင်အောင် များပြားသော ပရမတ္ထ

www.burmeseclassic.com

www.burmeseclassic.com

သံဃာတော် အရှင်သူမြတ်တို့ဘုရား··· ကျွန်ုပ်၏ လက်ဝဲပခုံးထက်၌ ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူပါ ဘုရား"


ဤသို့ ဘုရား၊ တရား၊ သံဃာတော်တို့အား မိမိ၏ ခန္ဓာကိုယ်ပေါ်တွင် ကျောင်းအမှတ်ဖြင့် သီတင်းသုံးရန် လှူဒါန်းလိုက်သောအခါ ဘုရားကျောင်းတော်ကြီး ဖြစ်သွားပါသည်။ ထိုသို့ သရဏဂုံပန်း ဆင်မြန်းလိုက်ခြင်းဖြင့် ရောဂါဝေဒနာရှင်များ ပျောက်ကင်း၍ ချမ်းသာသုခရရှိကြပါသည်။ သို့ဖြစ်ပါ၍ ဘုရား၊ တရား၊ သံဃာအပေါ် ယုံယုံကြည်ကြည်



မြတ်မြတ်နိုးနိုးထား၍ ယနေ့မှစပြီး နိဗ္ဗာန်ရသည်အထိ မိမိခန္ဓာကိုယ်ကို ကျောင်းအမှတ်ဖြင့် လှူဒါန်းကြပါဟူ၍ သတိပေးလော့ရှိပါသည်။

"ဘုရားရှင်ဟာ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ သူများသားမယားကို ပြစ်မှားခြင်း၊ မုသားပြောခြင်း၊ အရက်သေစာသောက်စား မူးယစ်ခြင်းတည်းဟူသော ကံကြီးငါးပါးကို လုံခြုံသလို သားတော်၊ သမီးတော်တို့ကလည်း ဘုရားနဲ့ ထပ်တူ ကံကြီးငါးပါးကို လုံခြုံစေပါမည် ဘုရား" ဟူ၍ အဓိဋ္ဌာန်မြဲမြဲစွာ ဆောက်တည်ကြရန် တိုက်တွန်းပါသည်။

"ငါသည် ယခုအချိန်၌ သူ့အသက်ကို သတ်ဖြတ်ခြင်း စတဲ့ ကံကြီးငါးပါး လုံခြုံနေပါတယ်။ သန့်ရှင်းစင်ကြယ်နေပါတယ်။ မှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့် ဤသစ္စာရေ၊ ဤပရိတ်ရေတို့ကို သောက်သုံးချိန်မှ စ၍ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေသား။ ရေဘေး၊ လေဘေး၊ မီးဘေး၊ မင်းဘေး၊ ခိုးသူ ဓားပြ ဘေး၊ မချစ်မနှစ်သက်သော ရန်သူဘေး၊ လက်နက်ဟူသော အန္တရာယ်ဘေး၊ အနာရောဂါဘေး ကင်းဝေး လွတ်မြောက်ချမ်းသာခြင်းသို့ ရောက်ပါစေ



သား"

ဤသို့ သစ္စာဆိုပြီး ချမ်းသာမှုများ ရစေခဲ့ပါသည်။ အောင်မြင်မှုများစွာတွေ့၍ ဝမ်းမြောက်ပီတိ များစွာဖြစ်ရပါသဖြင့် အားလုံး လိုက်နာကြရန် တိုက်တွန်းပါသည်။

အသင် စာရှုသူများအနေနှင့်လည်း မန္တလေးတိုင်း၊ မိတ္ထီလာမြို့နယ်၊ ဝမ်းတော်ပြည့် သာသနာ့ရိပ်သာဝင်း အောင်ချမ်းသာကျောင်းတိုက်တွင် တည်ရှိသော မြတ်သိန်းတန်စေတီတော်၊ ယိုးဒယားဘုရားနှင့် ဓာတ်တော်တိုက်တို့ကို ဖူးမြော်လှူဒါန်း ပူဇော်လိုကြလျှင် ဖြစ်စေ၊ ဝမ်းတော်ပြည့် ဆရာတော်ဘုရားကြီး၏ ဩဝါဒ မေတ္တာတော်ကို ခံယူဆောက်တည်လိုကြလျှင် ဖြစ်စေ၊ ဘုရားဖူးကြွရောက်နိုင်ကြပါရန်အတွက် နိဗ္ဗာန်အကျိုးကို ရည်မျှော်၍ စေတနာကောင်းဖြင့် ဖိတ်မန္တက ပြုလိုက်ရပါကြောင်း··· ■

* * *

ဇေဒသုတေသီဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာရှင် (ရွှေပြည်သာ)

# တစ်ရာထက်မြတ်သော တစ်ရက်




www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်···

ဌာပနာဒဿန

ဘုရားဌာပနာတွင် အဖိုးတန် ရတနာပစ္စည်းများ ထည့်ခြင်းနှင့် ပတ်သက်၍ စာရေးသူ၏ အတွေးအမြင်တစ်ခုကို ဖောင်ပြချင်ပါသည်။ တကယ်လိုအပ်သော နေရာဆိုလျှင် ဘုရားရှင်ကိုယ်တော်တိုင် စေတီတည်ပေးပါသည်။ ဥဒါန်းပါဠိတော်တွင် ပရိနိဗ္ဗာန်စံသွားသော လူထူးလူဆန်းကြီး ဗာဟိယဒါရုစီရိယ၏ မီးသင်္ဂြိုဟ်ပြီး ကြွင်းကျန်ခဲ့သော အရိုးဓာတ်တော်များကို ဘုရားရှင်၏ မိန့်မှာချက်အရ သံဃာတော်များ ဦးဆောင်ပြီး စေတီတည်ခဲ့သည်။ ထိုစေတီ၏ ဌာပနာတိုက်ထဲတွင် ရတနာပစ္စည်းများ ထည့်သည်ဟု မတွေ့ရ။ ရဟန္တာဓာတ်တော်များကိုသာ ဌာပနာထည့်ကြောင်း တွေ့ရသည်။

ဤအချက်ကို ထောက်၍ ယခုခေတ် ဘုရားစေတီများ တည်ရာတွင်လည်း ဌာပနာထဲတွင် ရတနာပစ္စည်းများ မထည့်စေလိုပါ။ ဓာတ်တော် မွေတော်များကိုသာ ထည့်စေလိုပါသည်။ စေတီကို ရှိခိုးသူများကလည်း ရတနာပစ္စည်းများကို ရှိခိုးလိမ့်မည် မဟုတ်ပါ။ ဓာတ်တော် မွေတော်နှင့် ရတနာသုံးပါးဂုဏ်ကိုသာ ရှိခိုး ပူဇော်လိမ့်မည်ဖြစ်သည်။

ဌာပနာတိုက်တွင် ရတနာပစ္စည်းများ ထည့်လိုက်ခြင်းဖြင့် ထိုရတနာပစ္စည်းများသည် လောကအတွက်ရော၊ သာသနာအတွက်ရော အကျိုးများသည်ကို မတွေ့ရပေ။ ရတနာပစ္စည်းထည့်ခြင်းအားဖြင့် လူမသမာတို့အား ဘုရားစေတီကို ဖျက်ဆီးရန် လက်ယပ်ခေါ်လိုက်သကဲ့သို့ပင် ဖြစ်ပါသည်။ မြန်မာပြည်တွင် ဌာပနာအဖောက်ခံရသဖြင့် ပျက်စီးသွားသော ဘုရားစေတီအမြောက်အမြားများကို စာဖတ်သူတိုင်း တွေ့နိုင်ပါသည်။

ခြွင်းချက်တစ်ခုအနေဖြင့် မှတ်သားရသည်မှာ အဇာတသတ်မင်းကြီး ဘုရားဓာတ်တော် မွေတော်များကို မြေအောက်ခန်းတွင် ဓားစကြာ၊ လှံစကြာများ တပ်ဆင်ပြီး တစ်စုံအဝေးတည်း ပူဇော်ထားခဲ့စဉ်က ရတနာပစ္စည်းများ ထည့်ခဲ့သည်။ ထည့်ရခြင်း၏ ရည်ရွယ်ချက်မှာ နောင်တစ်ချိန်ပေါ်လာသော ဘုရင်များလက်ထက်တွင် ဓာတ်တော် မွေတော်များကို စေတီတည်ပါက လိုအပ်သော အရာများအတွက် အသုံးချရေးချ အသုံးပြုနိုင်ရန်သာ ဖြစ်သည်။

လောကီ လူမှုရေးနယ်ပယ်၌ စိန်ရွှေရတနာများကို အလွန်တန်ဖိုးထားကြသော်လည်း လောကုတ္တရာ ဘာသာရေးနယ်ပယ်၌ကား ထိုစိန်ရွှေရတနာများသည် ဘာမျှ တန်ဖိုးမရှိသည့် အမှိုက်များသာဖြစ်သည်။ လောကုတ္တရာ ဘာသာရေးနယ်ပယ်၌ တန်ဖိုးထားသော အရာကား သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးပါးသာဖြစ်သည်။ သိုက်စောင့် ဥစ္စာစောင့်ဖြစ်ရခြင်းအကြောင်းရင်း လက်တွေ့ သာဓကတစ်ခုကို ဖော်ပြပေးအံ့။

တစ်နေကုန်အော်နေသော ဥစ္စာစောင့်

ပုဂံ ညောင်ဦးမြို့နယ်တွင် "အရှေ့ဖွားစေရွာ"ဟူ၍ ရှိသည်။ ထိုရွာနှင့် အလွန်အလှမ်းဝေးသော နေရာတွင် နလုံးမွေ့လျော်ဖွယ်ရာကောင်းသော တောရကျောင်းလေး တစ်ကျောင်းရှိသည်။ "ကန်စွန်းတော် တောရကျောင်း"ဟု ခေါ်သည်။ ထိုတောရကျောင်းတွင် စာရေးသူသည် တရားစခန်း သုံးကြိမ်ဖွင့်လှစ်ပြီးဖြစ်သည်။ အရင် ကျောင်းထိုင်ခဲ့သော ဆရာတော်ကြီးတစ်ပါး၏ ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုကို ယခုလက်ရှိ ကျောင်းထိုင်ဆရာတော်က စာရေးသူအား သံဝေဂဖြစ်ဖွယ် ယခုလို ပြန်လည်ပြောပြခဲ့သည်။

၁၉၇၀ ဝန်းကျင်က ဖြစ်သည်။ ပုဂံ ငလျင်လှုပ်ခဲ့စဉ်က ထိုကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းစေတီကြီး ရုပ်ဆုသည်လည်း အခြားစေတီများနည်းတူ ပြိုကျခဲ့သည်။ ပြိုကျသော စေတီတစ်ဆူ၏ ဌာပနာတိုက်ထဲမှ တစ်မိုက်ခန့်ရှိ ရွှေဆင်းတုတစ်ဆူလည်း ထွက်ကျလာခဲ့သည်။ တစ်ပိဿာကျော်ကျော် ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

လူ မသမာများ တွေ့ရှိသွားပါက အန္တရာယ်များနိုင်သဖြင့် ဆရာတော်ကြီးသည် ထိုရွှေဆင်းတုကို လုံခြုံသော နေရာသို့ ပို့ထားပြီး သိမ်းဆည်းထားလိုက်သည်။ စေတီကို ပြုပြင်သောအခါတွင်မှ ဌာပနာတိုက်ထဲသို့ ပြန်လည်ထည့်မည်ဟု စိတ်ကူးထားသည်။ သို့သော် အံ့ဩစရာကောင်းသည်ကား ထိုရွှေဆင်းတုကို သိမ်းဆည်းထားသောနေ့မှ စ၍ ဆရာတော်ကြီး ကောင်းကောင်းကျိန်းစက်၍ မရတော့ချေ။

အကြောင်းကား ထိုရွှေဆင်းတု ဌာပနာပစ္စည်းအလှူရှင်သည် ဥစ္စာစောင့်ဘဝသို့ ရောက်နေပြီး သူ့ရွှေဆင်းတုကို ဘုရားထဲသို့ ပြန်ထည့်ပေးရန် အသံကုန် အော်ဟစ် တောင်းဆိုနေသောကြောင့်ဖြစ်သည်။ ဆရာတော်ကြီးက စေတီပြုပြင်သည့်အခါ ပြန်ထည့်ပေးပါမည်ဟု ပြောသော်လည်း ဘယ်လိုမှ လက်မခံပေ။ ညစဉ် ညတိုင်း အမြဲတမ်း လာရောက်



www.burmeseclassic.com

www.burmeseclassic.com

အော်ဟာစ်နေလေ့ရှိသည်။ နောက်ဆုံး သက်ဆိုင်ရာကို အကူအညီတောင်းပြီး ထိုစေတီကို အရင်ဆုံး ပြန်ပြင်ကာ ရွှေဆင်းတုကို ထည့်ပေးလိုက်မှ အအော်ရပ်သွားတော့၏။

လှူပြီး စိတ်မပြတ်သားခြင်း၏ ဆိုးကျိုးပေတည်း။

အမေရိကန်ပြည်ထောင်စုတွင် "ဘန်ဒါဗစ်" အမည်ရှိ တက္ကသိုလ်ကြီးတစ်ခုရှိ၏။ ထိုတက္ကသိုလ်ကြီးတွင် သီတဂူဆရာတော်ဘုရားကြီးကိုယ်တိုင် ဘာသာရေးစာပေများကို သင်ကြားပို့ချပေးဖူးသည်။ ထိုတက္ကသိုလ်ကြီးကို အစိုးရက တည်ဆောက်ပေးသည်မဟုတ်။ ဗန်ဒါဗစ်အမည်ရှိ သူဌေးကြီးတစ်ဦးက တစ်ဦးတည်းအလှူရှင်အဖြစ် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ဗန်ဒါဗစ်သည် ပညာတတ် ဘွဲ့ရတစ်ယောက်မဟုတ်။ စာမတတ် ပေမတတ်၊ ဟင်းရွက်ရောင်းသမားလေးတစ်ဦးသာဖြစ်သည်။ သူသည် ဟင်းရွက်များကို စိုက်ပျိုးပြီး မြို့ပေါ်သို့ လှေနှင့် သွားရောက်ရောင်းချလေ့ရှိသည်။ ပထမ တက်နင်းလှော်ရသော လှေဖြစ်သည်။ တဖြည်းဖြည်း ယာခင်းမြေများကို တိုးချဲ့ စိုက်ပျိုးလာသည်။ ဘေးယာခင်းများမှ ဟင်းရွက်များကိုလည်း ဖောက်သည်လိုက်ယူသည်။ ဥဋ္ဌာနသမ္ပဒါနည်းအရ ထကြွ လုံ့လ၊ ဝီရိယဖြင့် ဥစ္စာစီးပွားကို ရှာဖွေခြင်းပင်ဖြစ်၏။

ထိုမှ တစ်ဆင့်တက်၍ ယာမြေများကို ထပ်မံ တိုးချဲ့ကာ အသီးအရွက်များကို ကိုယ်ပိုင် မော်တော်ဖြင့် တင်ပို့ရောင်းချလာနိုင်ခဲ့သည်။ ထိုမှတစ်ဆင့်တက်ပြီး ကြိုးစားရာ အမေရိကန်တစ်ပြည်လုံးသို့ အရောက်သွားနိုင်သော သင်္ဘောကြီးကို ပိုင်ဆိုင်လာခဲ့သည်။ ထိုမှတစ်ဆင့်တက်၍ ကြိုးစားပြန်ရာ ကမ္ဘာလှည့်သော သင်္ဘောကြီးများကိုပင် ပိုင်ဆိုင်လာခဲ့သည်။ သူ ချမ်းသာလာသောအခါ သူ့နိုင်ငံသူ၊ နိုင်ငံသားများ ပညာမဲ့များ မဖြစ်စေရန်အတွက် သူပိုင် ဥစ္စာငွေကြေးများဖြင့် ဗန်ဒါဗစ်တက္ကသိုလ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ကုသိုလ်လည်းရ၊ အကျိုးလည်း ရှိသောနေရာတွင် လှူဒါန်းတတ်သောကြောင့် အမေရိကန်နိုင်ငံသည် ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံစာရင်းတွင် ပထမနေရာ၌ ပါဝင်နေခြင်းဖြစ်သည်။

ထိုကဲ့သို့သော သူဌေးများ မြန်မာပြည်တွင်လည်း အများအပြားလိုအပ်ပေသည်။

## တပ်မက်မှု အဆင့်သုံးဆင့်

တပ်မက်မှုသည် ဥစ္စာစည်းစိမ်၌ တပ်မက်မှု၊ ခန္ဓာကိုယ်အသွေးအသား၌ တပ်မက်မှု၊ အသက်ဝိညာဉ်၌ တပ်မက်မှုဟူ၍ သုံးမျိုးရှိသည်။ ထို့ကြောင့် ပယ်သတ်သောအခါတွင်လည်း ဥစ္စာစည်းစိမ်၌ တပ်မက်မှုကို အရင်ဆုံး ပယ်သတ်နိုင်အောင် ကြိုးစားရသည်။ ဥစ္စာစည်းစိမ်၌ တပ်မက်မှု၊ ခန္ဓာကိုယ်အသွေးအသား၌ တပ်မက်မှုတို့ကြောင့် ပြိတ္တာဘဝသို့ ရောက်ရပုံ တကယ့်ဖြစ်ရပ်များကို ဖော်ပြပေအံ့။

ရောဝတီတိုင်း၊ လပွတ္တာမြို့နယ်အတွင်းရှိ ရွာတစ်ရွာသို့ စာရေးသူ တရားဟော ရောက်ခဲ့စဉ်က ဖြစ်သည်။ ထိုရွာသို့ ရောက်ရောက်ချင်း တရားပွဲအလှူရှင် ဒါယကာက စာရေးသူအား ယခုလို လျှောက်ထားသည်။

"ဆရာတော်ဘုရား··· တပည့်တော် ဒီကျောင်းမှာ ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ် လှူဒါန်းထားပါတယ် ဘုရား။ ဒါပေမယ့် ရေစက်မချရသေးဘူး ဘုရား။ အဲဒီကျောင်းဆောင်ကို ဆရာတော်ပဲ ရေစက်သွန်းချ အမျှဝေပေးပါ ဘုရား"

"ဒကာကြီးတို့ရဲ့ အခုလက်ရှိ ကျောင်းထိုင်ဆရာတော်က ရေစက်ချမပေးဘူးလား"

"ကျောင်းထိုင်ဆရာတော်က လေဖြတ်ထားတဲ့အတွက်ကြောင့် တရားကောင်းကောင်း မဟောနိုင်တော့လို့ပါ ဘုရား"

"အဲဒါဆိုရင်လည်း ရေစက်ချပေးပါမယ်"

"ဆရာတော်ကို ထူးထူးခြားခြားတစ်ခု လျှောက်ထားစရာရှိသေးတယ် ဘုရား"

"ဩော်··· ဒကာကြီး၊ ဘာများပါလိမ့်"

"ဒီကျောင်းကို စတင်တည်ထောင်ခဲ့တဲ့ ကျောင်းထိုင်ဆရာတော်ကြီးဟာ ပျံလွန်တော်မူသွားတာ နှစ်ပေါင်း ၆၀ ကျော်ရှိခဲ့ပေမယ့် အခုထိ မကျွတ်သေးဘူး ဘုရား။ အဲဒီဆရာတော်ကြီးကိုပါ ကျောင်းအလှူ အမျှပေးဝေချင်ပါတယ် ဘုရား"

ထိုစကားကို ကြားလိုက်ရသောအခါ စာရေးသူမှာ ထိတ်လန့် အံ့ဩစွာ သံဝေဂ ရလိုက်မိသည်။ ပုတုဇဉ်များတွင် ဘဝအာမခံချက် ဘာမျှမရှိပါတကား။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အဖွင့်အတိုင်း ပုထုဇဉ်မှန်သမျှတို့သည်···

* မည်သည့်အသက်အရွယ် သေရမည်ဟူ၍လည်း မသိ။
* မည်သည့်အနာရောဂါနှင့် သေရမည်ဟူ၍လည်း မသိ။



www.burmeseclassic.com

www.burmeseclassic.com

* နံနက်၊ နေ့လယ်၊ ည မည်သည့်ကာလ၌ သေရမည်ဟူ၍လည်း မသိ။
* မည်သည့်သုသာန်၌ သင်္ဂြိုဟ်မည်ဟူ၍လည်း မသိ။
* မည်သည့်ဘုံသို့ ရောက်မည်ဟူ၍လည်း မသိ။

ဘာဆိုဘာမျှ မသိပေ။

စာရေးဆရာဖြစ်သောကြောင့် စာရေးသူသည် ပြောတိုင်း မယုံပေ။ ယုံလောက်သော သက်သေအထောက်အထား သဘာဝယုတ္တိရှိမှသာ ယုံတတ်သည်။ ထိုသို့ အထောက်အထားရှိမှလည်း စာဖတ်သူများသို့ တင်ပြသောအခါ သက်သေအထောက်အထားနှင့် တိတိကျကျ တင်ပြနိုင်မည်မဟုတ်ပါလော။ ထို့ကြောင့် ကျောင်းအလှူရှင်ကို ယခုလို ပြန်လည်မေးခွန်းထုတ်မိသည်။

"အဲဒီ ဆရာတော်ကြီး မကျွတ်သေးဘူးဆိုတာ ဒကာကြီးတို့က ဘယ်လိုလုပ်သိတာတုန်း"

"အဲဒီ ဆရာတော်ကြီးက သူသိစေချင်တာကို အိပ်မက်ထဲမှာ လာပြောတတ်တယ် ဘုရား။ သူမြင်စေချင်တဲ့သူကို တစ်ခါတစ်ရံ ကိုယ်ထင်လည်း ပြတတ်တယ် ဘုရား။ ဆရာတော် လက်တွေ့ ကြည့်ချင်ရင် လိုက်ခဲ့ပါ ဘုရား။ တပည့်တော် လိုက်ပြပါ့မယ်"

## မကျွတ်လွတ်သူ၏ အဆောင်

ထိုဒကာကြီးသည် စာရေးသူကို ဦးဆောင်ခေါ်သွားပြီး ကျောင်း၏ အရှေ့ဘက်ထောင့်နားတွင် ရှိသော ဆယ်ပေပတ်လည်ခန့်ရှိ အုတ်ကျောင်းဆောင်လေးတစ်ဆောင်ကို လက်ညှိုးထိုးပြသည်။ ရုတ်တရက်ဆိုလျှင် စတိဆောက်လုပ်ထားသော ထိုကျောင်းဆောင်လေးထဲတွင် မကျွတ်လွတ်သေးသော ဆရာတော်ကြီးကို ချက်ချင်းတွေ့ရမလို ထင်စရာရှိ၏။ စာရေးသူသည် စိတ်ဝင်တစားဖြင့် ထိုကျောင်းဆောင်လေးထဲသို့ ခပ်သွက်သွက်ဝင်လိုက်မိသည်။

ဒကာကြီးကား ကြောက်ရှာဟန်တူ၏။ စာရေးသူ၏နောက်မှသာ ကပ်လိုက်လာသည်။ အဆောင်လေးတွင် ပြတင်းပေါက် မရှိသဖြင့် နေ့ခင်းဖြစ်သော်လည်း မှောင်နေသည်။ အုတ်လေဝင်ပေါက်လေးများသာ ရှိသဖြင့် အလင်းရောင် အနည်းငယ်သာ ရှိသည်။ အလင်းထဲမှ အမှောင်ထဲသို့ ချက်ချင်းရောက်သွားသဖြင့် မျက်လုံးမှာ ဘာမျှမမြင်ရသလို ဖြစ်သွားသည်။ အတန်ကြာမှ ကျင့်သားရလာပြီး အခန်းတွင်းမှ အရာဝတ္ထုများကို သေချာမြင်ရတော့သည်။

အဆောင်၏ ခေါင်းရင်းဘက်တွင် ဘုရားခန်းကဲ့သို့ အခန်းလေးတစ်ခုပါရှိသည်။ သို့သော် ဘုရားရုပ်ပွားတစ်ဆူမှ မရှိဘဲ ဆရာတော်တစ်ပါး၏ ကိုယ်တစ်ပိုင်းပြတ် ဓာတ်ပုံတစ်ပုံသာ တွေ့ရသည်။ ထိုဓာတ်ပုံရှေ့တွင် ပန်းအိုးတစ်အိုး တင်ထားသည်ကိုလည်း တွေ့ရသည်။ ပါလာသော ဒကာကြီးက စာရေးသူအား ဓာတ်ပုံကို လက်ညှိုးထိုးပြလိုက်သည်။ စာရေးသူသည် ပိုပြီးတိတိကျကျသိရအောင် လေဖြတ်နေသော ကျောင်းထိုင်ဆရာတော်ရှိရာ ကျောင်းအပေါ်ထပ်သို့ တက်သွားပြီး ဆရာတော်အား ယခုလို မေးမြန်းဖြစ်သည်။

"ဆရာတော်ဘုရား. . . ဒီကျောင်းတိုက်ကို စတင်တည်ထောင်ခဲ့တဲ့ ဆရာတော်ကြီးဟာ အခုအချိန်ထိအောင် မကျွတ်သေးဘူးဆိုတာ ဟုတ်ပါသလား ဘုရား"

ထိုအခါ ကျောင်းထိုင်ဆရာတော်က ယခုလို အကျယ်တဝင့် ရှင်းပြသည်။

"ဟုတ်တယ် ဦးဇေနရေ။ တပည့်တော်ကိုယ်တိုင် အိပ်မက်ထဲမှာ ထင်ထင်ရှားရှားကြီး မြင်ခဲ့ရတယ်။ တပည့်တော်ကိုလည်း သတိပေးသွားသေးတယ်။ တပည့်တော် ညကျိန်းခါစ အိပ်မပျော်တပျော် အချိန်လေးမှာပေါ့။ လှေကားကနေ သက်တော် ၇၀ ကျော် ဆရာတော်ကြီးတစ်ပါး တစ်လှမ်းချင်း တက်လာနေတာကို မြင်နေရတယ်။ တပည့်တော်နားလည်း ရောက်ရော "မင်း ကောင်းကောင်းနေပါ။ ဒီကျောင်းကို ငါစောင့်နေတယ်"လို့ မျက်နှာခပ်တင်းတင်းနဲ့ ပြောတယ်။ အဲဒီလို သတိပေး စကားပြောပြီးမှ လှေကားကနေ တစ်လှမ်းချင်း ပြန်ဆင်းသွားတယ်။ ထင်ထင်ရှားရှားကြီး မြင်ရပြီး၊ ပြောတဲ့ စကားကိုလည်း သဲသဲကွဲကွဲကြီး ကြားရတဲ့အတွက် တပည့်တော်က အိပ်မက်လို့ကို မထင်ဘူး။ တကယ်လာပြောတယ်လို့ပဲ ထင်တယ်။ ဒါကြောင့် အိပ်ရာက ချက်ချင်းနိုးလာပြီး လှေကားထိပ်ကိုတောင် လှမ်းကြည့်မိလိုက်သေးတယ်။

လာပြောတဲ့ ဆရာတော်ကြီးရဲ့ မျက်နှာကို သေချာမှတ်မိလိုက်တဲ့အတွက် မနက်မိုးလင်းတာနဲ့ ရွာထဲက ကျောင်းဒကာ၊ ကျောင်းအမတွေ၊ ရပ်မိရပ်ဖတွေ အကုန်လုံးကို ခေါ်ပြီး ဒီရွာကျောင်းရဲ့ ကျောင်းထိုင်အစဉ်အဆက် ဘုန်းကြီးတွေရဲ့ ဓာတ်ပုံတွေကို အကုန်ယူလာခိုင်းလိုက်တယ်။ နှစ်ပေါင်း ၆၀ ကျော်အတွင်းမှာ တပည့်တော်ရှေ့က ကျောင်းထိုင် ဘုန်းကြီးပေါင်း သုံးဆက်လောက် ပြောင်းသွားခဲ့ပြီ။ ကျောင်းထိုင် ဘုန်းကြီးသုံးပါးရဲ့ ဓာတ်ပုံတွေကို သေချာကြည့်လိုက်တဲ့အခါ တပည့်တော်ကို လာသတိပေးတဲ့ ဘုန်းကြီးဟာ ကျောင်းတိုက်ကို ပထမဆုံး တည်ထောင်ခဲ့တဲ့

www.burmeseclassic.com

ဆရာတော်ကြီးဖြစ်နေတာကို တွေ့ရတာပါပဲ"

ပထမဆုံး ကျောင်းထိုင်ဆရာတော်ကြီးသည် ကျောင်းတိုက်အပေါ် လိုချင်တပ်မက်ခဲ့သည်။ လိုချင်တပ်မက်ခဲ့သော ကြောင့် နှစ်ပေါင်း ၆၀ ကျော် ပြိတ္တာဘဝမှ မကျွတ်နိုင်ဘဲ ဆင်းရဲခဲ့ရသည်။

ကျောင်းတိုက်ကို လိုချင်တပ်မက်ခြင်းသည် သမုဒယ သစ္စာဖြစ်သည်။ ကျောင်းတိုက်ထဲ၌ နှစ်ပေါင်း ၆၀ ကျော် ပြိတ္တာဘဝဖြင့် နေရခြင်းသည် ဒုက္ခသစ္စာ-ဆင်းရဲရာအမှန်ဖြစ်သည်။

အသေးအသားကို စွဲလမ်းပြီး ပြိတ္တာဖြစ်ပုံများ အကြောင်းကို သံဝေဂဖြစ်ဖွယ် ဆက်လက် တင်ပြပေအံ့။ ရန်ကုန်မြို့တွင် ကြံတောသင်္ချိုင်းကြီး မဖျက်မီ အချိန်ကပင် ဖြစ်သည်။

## အရိုးစွဲ၍ သရဲဖြစ်ရသူ

တစ်ခါတွင် ဆေးကျောင်းသားတစ်ယောက်သည် ကြံတောသင်္ချိုင်းသို့ အသုဘလိုက်ပို့ရင်း အသင့်တွေ့ရသော လူလက်ဖျံရိုးတစ်ချောင်းကို ဆေးပညာသုတေသနပြုရန် အတွက် ကောက်ယူလာခဲ့သည်။ ညရောက်သောအခါ စာအုပ်စာတမ်းမျိုးစုံကို လှန်လှော၍ အရိုးနှင့် ပတ်သက်သော သုတေသနကို လေ့လာဆည်းပူးသည်။ ညဉ့်နက်သောအခါ ပင်ပန်းလွန်းသဖြင့် အိပ်ငိုက်ပြီး လက်ထဲမှာ ကိုင်ထားသော အရိုးသည် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားသည်။

သူသည် လက်ဖြင့် ကုန်းမကောက်တော့ဘဲ အလွယ်တကူ ခြေမဖြင့် ညှပ်ကောက်လိုက်သည်။ ည သူအိပ်ပျော်သောအခါ အိပ်မက်ထဲတွင် မကောင်းဆိုးဝါးကြီးတစ်ကောင် ပေါ်လာပြီး "မင်း ငါတန်ဖိုးထားတဲ့ အရိုးကို ဘာဖြစ်လို့ မရိုမသေ ခြေထောက်နဲ့ ကောက်ရတာလဲ၊ လက်နဲ့ပဲ ကောက်ပါ"ဟု သတိပေးလေ၏။

ဆေးကျောင်းသားသည် လန့်ပြီး နိုးသွား၏။ သို့သော် ခေတ်မီသော ကျောင်းသားတစ်ယောက်ဖြစ်ခြင်းကြောင့် သရဲဟူသည် မရှိနိုင်ဟု ယူဆပြီး ခပ်ပေါ့ပေါ့ပင် ပြန်အိပ်သွားသည်။

နောက်နေ့ညတွင်လည်း ထိုကဲ့သို့ သုတေသနပြု၏။ လက်ဖျံရိုးသည် ဒုတိယအကြိမ်မြောက် လွတ်ကျသွားပြန်သည်။ ဆေးကျောင်းသားသည် ညက အိပ်မက်ကို ဂရုမစိုက်ဘဲ ဒုတိယအကြိမ် ခြေမဖြင့် ညှပ်၍ ကောက်လိုက်ပြန်သည်။ ထိုည အိပ်ပျော်သောအခါ မနေ့ညက မကောင်းဆိုးဝါးသည် ထပ်ပေါ်လာပြီး "ငါ့အရိုးကို မလေးမစားလုပ်တဲ့ကောင်၊ သေပေတော့"ဟု ပြောပြီး ဆေးကျောင်းသား၏ လည်ပင်းကို ညှစ်သတ်လေတော့သည်။

ဆေးကျောင်းသားသည် ဇောချွေးများ ပြန်ပြီး လန့်နိုးလာခဲ့သည်။ ထိတ်လန့် ကြောက်ရွံ့လှသောကြောင့် အိပ်ရာမှ နိုးနိုးချင်း ခုတင်ပေါ်၌ ထထိုင်လျက်သားဖြစ်သွားသည်။ သူ့လည်ပင်းကို ပြန်စမ်းကြည့်သောအခါ တကယ်ပင် နာကျင်နေသည်ကို တွေ့ရသည်။ မိုးလင်းသည်နှင့် လက်ဖျံရိုးကို အိမ်ပေါ်တွင် မထားရဲတော့ဘဲ သင်္ချိုင်းထဲသို့ အမြန်သွားပို့လိုက်ရတော့သည်။

ဤဖြစ်ရပ်ကို သေချာဆန်းစစ်ကြည့်လျှင် လက်ဖျံရိုးသည် မြေကြီးထဲ၌ ရှိမနေဘဲ မြေပြင်ပေါ် ရောက်နေပြီဆိုကတည်းက သေဆုံးသူသည် နှစ်ပေါင်း ၈၀၊ ၉၀ထက်မနည်း ကြာလောက်ပေပြီ။ သူသေဆုံးစဉ်က မြေကွင်းတူးပြီး မြှုပ်ခဲ့ကြပေလိမ့်မည်။ နှစ်ပေါင်းများစွာကြာသောအခါ မြေပုံသည် တဖြည်းဖြည်းချင်း ပြိုကျပြီး မြေပြင်နှင့် တစ်သားတည်းဖြစ်သွားပေလိမ့်မည်။ မှတ်တိုင်မှာလည်း ဆွေးမြည့် ပျက်စီးပျောက်ကွယ်သွားသဖြင့် သူ့ကို မြှုပ်ထားသောနေရာကို မည်သူမျှ မသိနိုင်တော့ချေ။ ထို့ကြောင့် သုဘရာဇာများက သူ့ကို မြှုပ်ထားသော နေရာကိုပင် တူးမိကြလိမ့်မည်၊ ဆွေးမြည့်နေသော သူ၏ အရိုးအချို့ကို တွေ့သောအခါ ဘေးနားတွင် အလွယ်တကူ စွန့်ပစ်ကြလိမ့်မည်။ ထိုအရိုးကိုမှ ဆေးကျောင်းသားက ကောက်ယူလာမိခြင်းဖြစ်သည်။

စီးပွားရေးသောင်းကျန်းသူများကို မိတ်ဆွေတချို့က "မင်း ဘယ်လောက်ရှာရှာ၊ နောက်ဆုံး မင်း တကယ်ပိုင်ရမှာက ၂ပေ ၆ပေပါပဲ"ဟု သတိပေးတတ်ကြသည်။

ဆိုလိုသည်မှာ ဥစ္စာကြေးငွေ ခြံမြေကေ မည်မျှရှိမည်မှုပင် ပိုင်ပိုင်၊ မိမိသေဆုံးသွားသောအခါ မိမိကို မြှုပ်နှံထားသော အလျား ၆ ပေ၊ အနံ ၂ ပေမျှသာရှိသော မြေကိုသာ တကယ်ပိုင်မည်ဟု ဆိုလိုခြင်းဖြစ်သည်။

သေချာဆန်းစစ်ကြည့်လျှင် အရိုးစွဲ၍ သရဲဖြစ်သော ဇာတ်လမ်းကို ထောက်ဆကြည့်ပါက မိမိကို မြှုပ်နှံထားသော ၂ပေ၊ ၆ပေသော မြေကိုပင် မပိုင်ဆိုင်ကြောင်း သိနိုင်ပေသည်■

(ရှေ့လ ဆက်လက်ဖော်ပြပါဦးမည်)

* * *

မေတ္တာရှင်စ...ပြည်သား



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"နာရဒ"အဖို့ ဟိမဝန္တာတောအုပ်ကြီးနှင့် ဖခင် ရသေ့ကြီးတို့သည်သာ ကမ္ဘာတစ်ခုဖြစ်နေခဲ့သည်။ လောက လူ့ပြည်ဆိုသည်မှာ ဘာမှန်းမျှ မသိ။

သည်အထဲမှာမှ သူ အမှတ်ရမိတာလေးတွေ အချို့တော့ ရှိသည်။ ဒါတွေက အခြားမဟုတ်။ တစ်မိုးအောက်မှာ တစ်ယောက်တည်းဖြစ်လျက်ရှိသော သူ့ဘဝသခင် သူ့ဖခင်၏ လွင့်မြော လှုပ်ခတ်လာသော ပုံရိပ်များပဲ ဖြစ်သည်။

ဖခင်၏ မျိုးရိုးသည် ဗာရာဏသီပြည်၊ ကာသိတိုင်းမှာ နယ်နယ်ရရမဟုတ်ခဲ့၊ စည်းစိမ်ဥစ္စာ လျှံစွာမှ ကြွယ်ဝခဲ့သော မျိုးရိုးဖြစ်သည်။ ဖခင် အရွယ်ရောက်တော့ လူ့ဘဝတာ၌ ခေါက်ရိုးကျိုးနေသည့်အလား အတတ်ပညာတို့ကို သင်ကြားတတ်မြောက်ခဲ့သည်။ ပြီးတော့ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုသော စကားနှင့်အညီ အမျိုးကောင်း သမီးတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့ကြသည်။ သည်မှာတင် သားကလေးဖြစ်သော သူ့အား မွေးဖွားလာခဲ့သည်။ သားဦးရတနာလေး ရလာတော့ သူ့ဖခင် ပျော်နေလိုက်သည်မှာ တကယ့်ကို အထွဋ်အထိပ်။ သည်သား၊ သည်မယားနှင့် ဘဝခရီးကို ပျော်ရွှင် ကြည်နူးမှုပေါင်းများစွာဖြင့် ဖြတ်သန်းသွားဖို့ရာလည်း ဆုံးဖြတ်ထားခဲ့သည်။

သို့ရာတွင် ဖခင်၏ ရည်ရွယ်ချက်တို့က လဲမှိုတစ်မှိုအား လွှင့်တင်လိုက်ပြီးသည့်နောက် မီးရှို့လိုက်သည့်အလား ပြာဖြစ်၊ ပျောက်ပျက်သွားခဲ့ရတော့သည်။ ဘာကြောင့်ဆို သူ့အလွန်မတန် မြတ်နိုးရသည့် ဇနီးသည်ခမျာ မမျှော်လင့်ဘဲ ရောဂါတစ်ခုဝင်ရောက်ပြီးသည့်နောက် မည်သို့ပင် ကုသ, ကုသ လုံးဝ မရတော့ဘဲ မပြန်နိုင်တော့သော ခရီးသို့ မြန်းသွားရလေသည်တကား။

သည်တော့ ဖခင်၏ ကြွယ်ဝချမ်းသာမှုတို့သည် သဲထဲရေသွန်သည့်ပမာ အလကားဖြစ်ရသည်ကို နားလည်သဘောပေါက်သွားရတော့သည်။ ပြီးတော့ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုသည့် ဘေးဒုက္ခများ။

သည်လောကီဘုံဝလေ့၌ အိမ်ထောင်သားမွေးမှုများရှိနေသမျှ သောကဖိစီးရမှာတွေက တစ်ပုံကြီး။ တဒင်္ခဏတာ သာယာကြည်နူးမှုအတွက် ပေးဆပ်ရမည့် ရင်းစားတွေက မနည်းမနော။ သည့်အတွက်ကြောင့်ပင် ဖခင်သည် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချမှတ်လိုက်လေသည်။

ဒါက အခြားမဟုတ်။

ရှိသမျှ စည်းစိမ်အားလုံးကို စွန့်လွှတ်ကာ ရသေ့ရဟန်းအသွင်ပြောင်းလျက် တောထွက်ခဲ့ခြင်းပါပေ။ သည်တော့ ဆွေမျိုးအပေါင်းက တားမြစ်ကြပါသေးသည်။ သို့ရာတွင် ခိုင်မာသော သန္နိဋ္ဌာန်ကို မည်သူမျှ ယိမ်းယိုင်မသွားစေနိုင်။

"ဒါဖြင့်ရင်လည်း မင့်သားငယ်လေးကို တို့များနဲ့ ထားခဲ့ပါလားကွယ်။ ခမျာမယ်' မင်းနောက် လိုက်သွားရင် အင်မတန်မှ ဆင်းရဲပင်ပန်းပါလိမ့်မယ်"

"ဟင့်အင်း။ မထားရစ်နိုင်ဘူး။ ဘယ်နည်းနဲ့မှကို ထားလို့ မဖြစ်ဘူး။ ထားခဲ့လို့ရှိရင် ကျုပ်ရဲ့ သားကလေးဟာ ရှုပ်ထွေးတဲ့ လောကကြီးထဲမှာ မောနေအောင်ကို ကျင်လည်လှုပ်ရှားနေရမယ်။ သံသရာနွံထဲကလည်း ရုန်းထွက်နိုင်မှာမဟုတ်ဘူး။ သည်တော့ ကျုပ်သားကလေးကို ခေါ်သွားရမယ်။ တစ်ဘဝ ဆင်းရဲဒုက္ခအရောက်ခံပြီး ဘဝပေါင်းများစွာ ချမ်းသာသုခ ခံစားစေရမယ်။ ကဲ - လာ···သား၊ အဖေတို့ သွားကြရအောင်"

အဖေ့ကို ချစ်သောသူသည် ဆွေမျိုးအပေါင်းကို မျက်ကွယ်ပြုနိုင်ခဲ့သည်။ အဖေခေါ်ဆောင်ရာသို့ ပျော်ပျော်ကြီးလိုက်ပါခဲ့သည်။

သူ့အဖို့ရာတွင် အမေဟူသော ပုံရိပ်သည် ပါးလုပ်မှုန်ဝါးနေသလောက်၊ အဖေ့ပုံရိပ်က သက်ရှိထင်ရှား ပီပြင်လွန်းလှပါတကား။

ဟိမဝန္တာတောအုပ်တွင်းရှိ ကျောင်းသင်္ခမ်းကလေးမှာ သူတို့သားအဖတွေ ဥတုသပ္ပာယ မျှတစွာ နေထိုင်နိုင်ခဲ့ကြသည်။ ဖခင်ကဲ့သို့ပင် သူသည်လည်း ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ဆင်လျက် ဖခင်တစ်လှည့်၊ သူတစ်လှည့် သစ်သီး,သစ်ဥ၊ သစ်ဖု,သစ်မြစ်တို့ကို ရှာဖွေစားသောက်လျက် နေထိုင်လာခဲ့သည်မှာ သူ့ခန္ဓာကိုယ်ဖွံ့စည်းမှုအရ တကယ့်လူပျိုပေါက်ကြီးဖြစ်ခဲ့ပါရောလား။

◈◈◈

သည်ကနေ့မှာတော့ ဖခင် ရသေ့ကြီးသည် သူ့အား ကျောင်းသင်္ခမ်း၌ ထားရစ်ကာ တံချူ၊ ခြင်းတောင်းတို့ကို ကိုင်စွဲလျက် တောအတွင်းသို့ ဝင်သွားခဲ့သည်။

သည်ကနေ့အဖို့ရာမတော့ အချိန်အတော်ကလေးလင့်မှ ဖခင် ပြန်ရောက်လာတော့မည်ကို သိနေသည့်အတွက် ကျောင်းသင်္ခမ်း၌ ပြုဖွယ်ကိစ္စတွေကို စဉ်းစားလိုက်သည်။ အမှိုက်သရိုက်တွေကို သုတ်သင်ရှင်းလင်း လှည်းကျင်းရမည်။ ပုံထားသော ထင်းတုံးကြီးတွေကို ခွဲကာ စီနေရာတကျထားသိုရမည်။ ပြီးတော့ သောက်ရေ၊ သုံးရေခပ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

သည်တော့ ဘာကို ဦးစွာလုပ်ရမည်ကို စဉ်းစားကြည့်လိုက်သည်။

ထိုခဏမှာပင် သူ ဘယ်လိုမှ မျှော်လင့်မထားသော ပုံရိပ်လွှာတစ်ခုက သူ့မျက်ဝန်းထဲသို့ ဖျတ်ခနဲ ဝင်ရောက်လာခဲ့သည်။

သည်ပုံရိပ်ကား သူနှင့် အရွယ်အားဖြင့် မတိမ်းမယိမ်းလောက်ရှိမည့် အမျိုးသမီး မာတုဂါမတစ်ဦး။

ရုပ်ရည် ချောမောလှပပြီး ခန္ဓာကိုယ်ဖွဲ့စည်းမှုက ရှိုက်ကြီးဖိုငယ်အသွယ်သွယ်ဖြင့် တင့်မောနစ်သက်ဖွယ်ရာကောင်းနေသည်။ နက်မှောင်သော ဆံကေသာ၊ ဖြူဝင်းမွတ်နေသော အသားအရည်၊ ကော့ရွှန်းနေသော မျက်တောင်၊ အရည်လဲ့နေသော မျက်နက်ဝန်းတို့က သူ့ရင်အစုံကို တုန်လှုပ်စေခဲ့သည်ကတော့ အမှန်ပင်။

"မင်း…မင်း ဘယ်သူလဲ၊ ဘယ်ကနေပြီး သည်ကို ရောက်လာရတာလဲ"

မသိမသာ တုန်ယင်နေသောအသံဖြင့် သူ အမေးရှိလိုက်သည်။ သူ့အနေအထားက တုန်ယင်နေသလောက်၊ တစ်ဖက်က်မှု တည်ငြိမ်လွန်းလှသည်။

"ရသေ့ငယ်…မမရဲ့ နာမည်က မာယာလို့ ခေါ်ပါတယ်။ မနေ့ညတုန်းက မမတို့ရွာကို ခိုးသား ဓားပြတွေ ဝင်လာပြီး ဥစ္စာပစ္စည်းတွေ လုယက်ယူငင်ရုံမက၊ မမကိုပါ ပြန်ပေးဆွဲပြီး ခေါ်လာခဲ့ပါတယ်။ သည်မနက်ရောက်တော့ ခိုးသား ဓားပြတွေဟာ ဥစ္စာပစ္စည်းတွေ ရယူရုံနဲ့ မကျေနပ်နိုင်သေးဘဲ မမကို မတော်မတရားပြုကျင့်ဖို့ ကြံစည်ကြတယ်"

"ဟာ…ဗျာ"

မာယာ ခင်းကျင်းပြသည့် ဇာတ်လမ်းတစ်နေရာအရောက်မှာတော့ သူ့နှုတ်က ဘာကြောင့်မှား လွတ်ခနဲ အသံထွက်သွားရခြင်းအပေါ် သူ့ကိုယ်သူပင် နားမလည်နိုင်တော့။

"ဆက်…ဆက်ပြီး ပြောပါဦး မမရယ်။ မမမောနေရင် ရေသောက်မလားဟင်"

စေတနာတွေက ရေစီးကမ်းပြိုဖြစ်သွားခဲ့သည်။ သူ အလိုက်တသိ ခပ်ပေးလိုက်သော ရေကြည်အေးအေးလေးကို အချောအလှရှင်သည် သာသာညင်းညင်းသောက်နေပါတော့။

"အင်း…အခုမှပဲ ပူလောင်နေတဲ့ ရင်တွေ အေးသွားရတော့တယ်ကွယ်။ ရသေ့ငယ်တို့ရဲ့ အေးရိပ်သာယာက



လည်း ရှိပေသကိုး။ ဆိုကြပါစို့ကွယ်။ မမလည်း သူတို့ရဲ့ လက်ကနေ လွတ်အောင် ကြံရတော့တာပေါ့။ တပိုတပါးသွားခွင့်ပြုပါလို့ ခွင့်တောင်းပြီး ခြေဦးတည့်ရာ ပြေးထွက်လာလိုက်တာ၊ နောက်ဆုံး ဟောဒီက သဘောကောင်း၊ မနောကောင်း၊ သူတော်ကောင်းဖြစ်တဲ့ မမမောင် ရသေ့ငယ်ဆီ ရောက်လာခဲ့ရတာပေါ့"

အချောအလှရှင်၏ စကားသံအပိုင်းအစတွေက တဖြည်းဖြည်းနှင့် ဆွဲဆောင်မှုန်းမသိ ဆွဲဆောင်လာနေခြင်းအပေါ် သူ သတိမထားခဲ့။ လတ်တလော သူ့အသိမှာတော့ ဆန်းကျင်ဘက်ဖြစ်သော အချောအလှရှင်နှင့် တွေ့ဆုံ ပြောဆိုနေရခြင်းအပေါ် သာယာနှစ်သက်သလို ဖြစ်နေခဲ့သည်။

"အား…မူး…မူးလိုက်တာကွယ်"

ရုတ်ခြည်းပင် အချောအလှရှင်က သူ့နားထင်နှစ်ဖက်ကို သွယ်လျသော လက်ချောင်းကလေးနှစ်ချောင်းဖြင့် ဖိကာ လဲကျတော့မလိုဖြစ်သွားသည်။ သည်အချိန်မှာပင် သူသည် စိုးရိမ်တကြီးဖြင့် ရုတ်ခြည်းဆိုသလို အချောအလှရှင်ကို တွဲမိလျက်သားဖြစ်သွားသည်။ သည်မှာတင် အသားချင်း ထိစပ်သွားသည့်အတွက် လှုပ်ခါနေသော သူ့ရင်အစုံသည် တဒုန်းဒုန်းပင် အသံတွေ မြည်ဟည်းသွားခဲ့တော့သည်။

"ခဏလောက် လှဲလိုက်ရရင် သက်သာသွားမှာပါ"

"ဟာ…ရတယ်…ရတယ်၊ ကဲ - ကျောင်းသင်္ခမ်းထဲ ဝင်ကြမယ်"

သူသည် အချောအလှရှင်ကို တွဲခေါ် ဖေးမလျက် ကျောင်းသင်္ခမ်းထဲ ဝင်ကာ အခင်းတစ်ခုပေါ်သို့ အသာချပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ အချောအလှရှင်အဖို့ အခင်းထက်သို့ ကျောပြင်ကျသွားလင့်ကစား၊ လက်အစုံကမူ ရသေ့ငယ်ကို ဖက်တွယ်ထားခဲ့သည်။ ထိုခဏမှာပင် ခေါင်းရင်းဘက်ရှိ ကဲလားသည် ဖြုတ်ခနဲ ပြုတ်ကျသွားကာ အခန်းကလေးအား မှောင်သွားစေခဲ့၏။

ထိုအတူပင် သူတို့နှစ်ဦးသားမှာလည်း မှောင်အတိကျခဲ့ပါပကော။

◈◈◈

သူ သတိရလိုက်ချိန်မှာတော့ ဖခင်ကြီးသာ သိခဲ့လျှင် ဘာတွေဖြစ်မည်နည်းဆိုသည်ပင်။

ထိုအတူ အချောအလှရှင်အပေါ်မှာလည်း မခွဲနိုင် မခွာရက် စွဲမက်သွားခဲ့ပါပြီပင်။ ဘာကြောင့်ဆို သူ တစ်ခါဖူးမျှ မစားသုံးခဲ့ဘူးသော သစ်သီးကလေးတစ်လုံးကို မကြာမတင်ကပင် ချိုမြိန်ရှတစွာ စားသုံးခွင့်ရခဲ့သည် မဟုတ်ပါလား။

သည်အနေအထားကို အချောအလှရှင် မာယာက သတိပြုမိလိုက်သည်။ စိတ်ထဲမှာလည်း ကျန်းမာ တောင့်တင်း၍ ယောကျ်ားပီသသော၊ စိတ်ဓာတ်ဖြူစင် ရိုးသားသော ရသေ့ငယ်အား သူကျင်လည်ကျက်စားရာအရပ်သို့ ခေါ်ဆောင်သွားလိုစိတ်တို့ ဖြစ်ပေါ်လာခဲ့သည်။ ထို့အတွက်ကြောင့်ပင် ရသေ့ငယ် စိတ်လည်လာစေဖို့ ပျားရည်စိမ်ထားသော မြားတံတို့အား တစ်ချောင်းချင်း ပစ်ခွင်းပါလေတော့သည်။

"ငါ့မောင် ရသေ့လေး··· သည်အရပ်၊ သည်ဒေသဆိုတာ မမတို့ မြို့ရွာနဲ့ အင်မတန်မှ အလှမ်းကွာဝေးလှပါတယ်ကွယ်။ သည်လို တောကျောင်းကလေးမှာ အထီးကျန်နေရတာ မပျင်းဘူးလား။ မမတို့ မြို့ရွာဆိုတာ အင်မတန်မှ စည်ကား သာယာပြီး ပျော်စရာ သိပ်ကောင်းတာပဲ ငါ့မောင်ရဲ့။

အစားအသောက် ဆီဦးထောပတ်တွေ ဆိုတာလည်း ပေါမှပေါပဲ။ ငါ့မောင်သာ မမနဲ့ လိုက်ခဲ့မယ်ဆိုရင် မြို့ကို ရောက်တဲ့အခါ စောစောကလိုပဲ ပျော်ပျော်ပါးပါး အတူတူနေကြမယ်။ ငါ့မောင်ကို ခြေမွေး မီးမလောင်၊ လက်မွေး မီးမလောင် ထားမယ်။ ဘာကြောင့်ဆို မမတို့က စီးပွားဥစ္စာ တောင့်တင်းတယ်လေကွယ်။ ဘာမှ တွေဝေမနေနဲ့။ စိတ်ကူးတွေ လွှဲမနေနဲ့တော့။ မမနဲ့ ခုပဲ တစ်ခါတည်းလိုက်ခဲ့၊ ဟုတ်ပလား။ လိုက်ခဲ့ကွယ်···နော်···နော်"

မူယာနွဲ့နွဲ့ ညင်းသွဲ့သော ဖိတ်ခေါ်သံကို ကြားရတော့ အချောအလှရှင်နောက်သို့ သူ လိုက်ချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာခဲ့ရသည်။

သို့ရာတွင် ရုတ်ခြည်းလိုက်ပါ၍ မဖြစ်ပေ။ အမိဝမ်းမှ ကျွတ်ခဲ့ပြီး ခုရွယ်ထိတိုင်အောင် မျက်စိအောက်က အပျောက်မခံခဲ့သော ဖခင်ကြီးကို သူ ဥပေက္ခာမပစ်ရက်နိုင်။ ဖခင်ကြီး စိတ်ကျေနပ်အောင် ပြောဆို ခွင့်ပန်လိုပါသေးသည်။

"မမရယ်···ကျွန်တော် မမနောက်ကို အမှန်တကယ်ပဲ လိုက်ချင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အဖေ ရသေ့ကြီး ရှိပါသေးတယ်"

"ဟုတ်လား။ ခု သူ ဘယ်မှာလဲဟင်"

"အဖေဟာ ကျွန်တော်တို့သားအဖနှစ်ယောက် စားသောက်ဖို့အတွက် တောထဲကို ဝင်လို့ သစ်သီးတွေ သွားရှာနေပါတယ်။ အဖေပြန်လာတဲ့အခါ အကျိုးအကြောင်းပြောပြ ခွင့်ပန်ပြီး မမနောက်ကို ကျွန်တော်လိုက်ခဲ့မှာပေါ့"

ထိုအခါမှာတော့ အချောအလှရှင်အဖို့ တွေတွေငေးငေးလေး ဖြစ်သွားရသည်။ စိတ်ထဲမှာလည်း···

"သူ့အဖေ ရသေ့ကြီးဆိုတာဟာ ကြီးမှ ရသေ့ ရဟန်းပြုတဲ့အတွက် လောကကြီးရဲ့ အကြောင်းကို ကောင်းကောင်းကြီး သိပေလိမ့်မယ်။ သူကတော့ ငယ်ရွယ်သေးလို့ ဘာမှ နားမလည်တာ အမှန်ပဲ။ တကယ်လို့ ရသေ့ကြီးပြန်လာရင် သူ့သားကို ဖျက်ဆီးရကောင်းလားလို့ ဆိုပြီး ငါ့ကို ရိုက်ပုတ်ထုထောင်း နှင်ထုတ်လိုက်မှာ အမှန်ပဲ။ သည်တော့ ငါ ဦးစွာထွက်သွားမှ တော်လိမ့်မယ်"

ဟူ၍ တွေးဆသွားမိတော့သည်။ သို့နှင့်ပင်···

"ကောင်းပါပြီ ငါ့မောင်ရယ်။ မမတော့ ရှေ့ကပဲ သွားနှင့်တော့မယ်။ ငါ့မောင်ရဲ့ အဖေပြန်ရောက်လာလို့ ခွင့်တောင်းပြီးတဲ့အခါ မမသွားတဲ့နောက်ကို လိုက်ခဲ့ပေတော့"

"ကျွန်တော် ဘယ်လိုလိုက်ခဲ့ရမှာတဲ့လဲ"

"လွယ်ပါတယ် ငါ့မောင်ရယ်။ မမသွားမယ့် လမ်းခရီးတစ်လျှောက်မှာ အမှတ်အသားကလေးတွေ လုပ်ထားခဲ့မှာပေါ့။ အဲသည် အမှတ်အသားကလေးတွေကိုသာ ကြည့်ပြီး လိုက်လာခဲ့ပါ။ ငါ့မောင်ကို မမစောင့်နေမယ်"

"သေသေချာချာစောင့်နေနော် မမ"

"အေးပါကွယ်၊ အေးပါ"

အချောအလှရှင် ထွက်ခွာသွားတော့ သူ့ရင်မှာ ဟာတာတာကြီး ကျန်ရစ်ခဲ့လေသည်။

◈◈◈

အချောအလှရှင် ကွယ်ပျောက်သွားလေပြီဆိုတော့ သူ့အဖို့ ဘာမျှ မလှုပ်ရှားချင်လောက်အောင်ဖြစ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမိုက်တွေကိုလည်း မလှည်းကျင်းဖြစ်တော့။

ထင်းတုံးကြီးတွေကိုလည်း မခွဲဖြစ်တော့။

သုံးရေ၊ သောက်ရေတွေကိုလည်း မခပ်ဖြစ်တော့။

မြေမနိုင် ရေဆိုင် ဝဲရယ်နှင့် မှိုင်ပွဲတွေ သစ်လာခဲ့သည့် အလျောက်၊ အချောအလှရှင်နှင့် မွေ့လျော်ခဲ့ရာ နေရာ၌ ကျောခင်းလျက် စောင်ကို ဦးခေါင်းထက် ခြုံထားလိုက်လေ၏။

ထိုအချိန်မှာပင် ဖခင် ရသေ့ကြီး ပြန်ရောက်လာခဲ့ပါပြီ။

ခါတိုင်းဆိုလျှင် သူပြန်ရောက်အလာကို စောင့်စားကြိုဆိုနေမြဲဖြစ်သည်။ ယခု ဘာတွေ ဖြစ်နေခဲ့လေသနည်း။

ဖခင် ရသေ့ကြီးအဖို့ အတွေ့အကြုံရင့်ကျက်သူပီပီ ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းလိုက်သည်။ သည်မှာတင် ထူးသက်သက်ဖြစ်သော ခြေရာအချို့ကို တွေ့လိုက်ရသည်။

“ဟာ...မိန်းမတစ်ယောက်ရဲ့ ခြေရာပဲ။ မဟုတ်မှ ...ခြေရာပဲ၊ သည်ခြေရာရှင်ကြောင့် ငါ့သားလေး နာရဒဟာ ...ယွက်သွားပြီထင်ပါရဲ့”

သည်သို့ ဆင်ခြင် စဉ်းစားမိပြီး သစ်သီးတောင်းကို ... သားကလေး နာရဒရှိရာ အရောက်လာခဲ့သည်။

“သားကလေး...ထပါဦးကွယ်။ ငါ့သား မင်း ဘာဖြစ်...တာလဲ။ အမှိုက်တွေကိုလည်း လှည်းကျင်းမထားဘူး။ ...ထင်းတွေလည်း ခွဲမထားသလို၊ သောက်ရေ သုံးရေတွေကို ...လည်း ခပ်မထားဘူး။ ဘာကြောင့်များ ဒီလိုဖြစ်နေရတာတဲ့ ... အဖေ့ကို ပြောစမ်းပါဦး”

သူ မနေသာတော့။ ဖခင်ကြီးကို ပြုံနေကျအတိုင်း ရိုသေစွာ ရှိခိုးလျက် အမှန်ကို ဖွင့်ဟ လျှောက်ထားလိုက်လေသည်။

“အဖေ...ကျွန်တော် ဒီအရပ်၊ ဒီဒေသမှာ မပျော်တော့ဘူး အဖေ။ ဒီမှာ နေထိုင်စားသောက်ရတာ အင်မတန်မှ ဆင်းရဲပင်ပန်းလှပါတယ်။ လူအများ နေထိုင်တဲ့ မြို့ရွာတွေမှာဆို ပြည့်ပြည့်စုံစုံနဲ့ ပျော်ရွှင်ချမ်းမြေ့စရာကောင်းမှာပဲ။ သည်တော့ ကျွန်တော့်ကို သွားခွင့်ပြုပါ အဖေ”

“နေဦး သား။ သားကို အဖေ မေးဦးမယ်။ သားဟာ အဖေ မရှိတုန်း မာတုဂါမ မိန်းကလေးတစ်ယောက်နဲ့ ငြိစွန်းခဲ့တယ်မဟုတ်လား”

“ဟုတ်ပါတယ် အဖေ။ ကျွန်တော် ဝန်ခံပါတယ်။ အဲသည် မမနဲ့လည်း မခွဲနိုင်တော့ဘူး။ သူနဲ့သာ နေရရင် ကျွန်တော့်ဘဝဟာ ချမ်းသာသုခနဲ့ ပြည့်စုံမှာ အမှန်ပဲ။ အခုလည်း တောလမ်းခရီးတစ်နေရာမှာ ကျွန်တော့်ကို စောင့်နေမယ်လို့ မှာထားခဲ့ပါတယ်”

“ဪ... သားရဲ့ အခြေအနေက သည်လောက်တောင် ဖြစ်နေခဲ့ပြီကိုး”

“ဟုတ်ပါတယ် အဖေ။ သည်တော့ တောကနေ မြို့ကို ရောက်တဲ့အခါ ဘယ်လိုမျိုး သီလရှိသူ၊ ဘယ်လိုမျိုး အကျင့်ရှိသူတွေကို မှီဝဲ ပေါင်းဖော်ရပါမလဲ အဖေ”

“သားလေး နာရဒ၊ ငါးပါးသီလမြဲတဲ့သူ၊ ကုသိုလ်ကောင်းမှုပြုတဲ့ သူတွေကို မှီဝဲပါ။ ဒါ့အပြင် အဆိပ်ကို မမှီဝဲပါနဲ့ ချစ်သား”

“အဆိပ်ဆိုတာ ဘာလဲ အဖေ”

“အဆိပ်ဆိုတာ သေရည်သေရက်ကို ခေါ်တာပေါ့။ သေရည်သေရက်ရဲ့ သဘောဟာ စိတ်ကို နှစ်သက်စေပါတယ်။ ရဲရင့်စေပါတယ်။ အနံ့ကို စွဲမက်အောင် လုပ်ထားသလို၊ အရသာကိုလည်း စွဲမက် စွဲလမ်းသွားအောင် ဖန်တီးထားပါတယ်။ သားဟာ မြို့ရွာကို ရောက်ရင် အဲသည်အဆိပ်တွေနဲ့ ကြုံရလိမ့်မယ်။ ရှောင်ရှားပါ ငါ့သား။ ဒါ့အပြင် ချောင်းကမ်းပါးပြတ်ကိုလည်း ရှောင်ကြဉ်ပါ”

“ချောင်းကမ်းပါးပြတ်ဆိုတာ ဘာတဲ့တုံး အဖေ”

“ချောင်းကမ်းပါးပြတ်ဆိုတာဟာ မိန်းမတွေကို ခေါ်တာပေါ့။ မိန်းမဆိုတာမျိုးဟာ လောကမှာ မေ့လျော့ ပေါ့ဆနေတဲ့သူကို မိမိအလိုသို့ လိုက်ပါဖို့ရာ သွေးဆောင် ဖြားယောင်းတတ်ကြပါတယ်။ သစ်ပင်က လျှောကျလာတဲ့ လဲဝါဂွမ်းကို လေယူဆောင်သလိုမျိုး ဆောင်ယူတတ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

ဒါ့အပြင် အဆိပ်ထန်ပြင်းတဲ့ မြွေအနီးကိုလည်း မသွားပါနဲ့ ငါ့သား"

"အဆိပ်ထန်ပြင်းတဲ့ မြွေဆိုတာရော၊ သား နားမလည်လို့ ရှင်းပြပါဦး အဖေ"

"မှတ်ထားပါ သား။ မြေအပြင်မှာ ဘုန်းတန်ခိုးကြီးတဲ့ မင်းကေရာဇ်တွေ ရှိကြပါတယ်။ အဲသည်မင်းတွေနား မသွားပါနဲ့။ အဲသည်မင်းတွေရဲ့ ခြေရင်းမှာ မခစားပါနဲ့။ အဲသည်မင်းတွေရဲ့ မျက်စောင်းဆိုတာ အကြောင်းသုံးပါးမရွေးပါဘူး။ ဒါကြောင့် အဆိပ်ပြင်းထန်တဲ့ မြွေလို့ ဆိုတာပါ။

ဆက်ပြီး မှတ်ထားပါဦး သား။ မျောက်စိတ်လို မတည်ကြည်တဲ့သူ၊ ချစ်လွယ်, မုန်းလွယ်တဲ့သူ၊ အမျက်ဒေါသထွက်လွယ်တဲ့သူ၊ သူမိုက်အဂတိရပ်တွေ ပြည့်စုံနေတဲ့သူ၊ သေသောက်ကြူးတဲ့သူ၊ အလောင်းအစား အပျော်အပါးများတဲ့သူ၊ လိမ်ညာမုသားစကားဆိုတတ်တဲ့သူ၊ ခိုးတတ်ဝှက်တတ်တဲ့သူ၊ သူတစ်ပါးအိမ်ရာကို ကျူးလွန်တဲ့သူ၊ သတ္တဝါတွေရဲ့ အသက်ကို ညှဉ်းဆဲသတ်ဖြတ်တဲ့သူ၊ မိတ်ဆွေကောင်း မပီသတဲ့သူ၊ စဉ်းလဲကောက်ကျစ်တဲ့သူ၊ ကုသိုလ်ရေးကို စိတ်မဝင်စားတဲ့သူ၊ ဒေါသကြီးတဲ့သူ၊ လောဘကြီးတဲ့သူ၊ မောဟကြီးတဲ့သူ၊ ဘဝင်မြင့်တဲ့သူ၊ အဲသည်သူတွေကို ငါ့သားအနေနဲ့ ရှောင်ရှားဖို့ လိုပါလိမ့်မယ်။ ငါ့သားသွားချင်တဲ့ မြို့ရွာတွေမှာ လူအမျိုးမျိုး စိတ်အထွေထွေ၊ လုပ်ရပ်အဖုံဖုံရှိကြတာမို့ အစစအရာရာ သတိတရမ် ဉာဏ်မြေကတုတ် လုပ်နိုင်မှသာ တန်ကာကျပါလိမ့်မယ် ငါ့သား"

ဖခင် ရသေ့ကြီးထံမှ ကရားရေသွန်သည့်ပမာ ဆုံးမစကားတွေ ကြားရတော့ သူ့အဖို့ မွန်းကျပ် ပိတ်လှောင်သွားသလို ခံစားရသည်။

ယခုလက်ရှိဘဝသည် အဘယ်မျှ အေးချမ်းသာယာဖွယ် ကောင်းလိုက်ပါသနည်း။

အနှိုင်းမဲ့ ကျေးဇူးရှင် ဖခင်နှင့် နေရသည့် ဘဝ၊ မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်သည့် ဖခင်ကြီး၏ မေတ္တာရိပ်အောက်၌ အေးချမ်းစွာ နေရသည့် ဘဝ။

ရသမျှနှင့် တင်းတိမ်ရောင့်ရဲကာ၊ သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် အပူအပင် မြူတစ်မှုန်မရှိ၊ အားထုတ်နေခွင့်ရသော ဘဝ။

တောပန်း တောင်ပန်းကလေးများ၏ အရောင်မျိုးစုံ၊ ရနံ့မျိုးစုံတို့ကို မြင်တွေ့ ရှိုက်မှုန်းရင်း၊ ကျေးငှက်သာရကာတို့၏သဘာဝ တေးသွားသံစဉ်ကလေးများကို ခံစားနားဆင်နေရသော ဘဝ။

သည်ဘဝလောက် ကောင်းတာ အဘယ်မှာ ရှိပါမည်နည်း။

ကောင်းသောဘဝမှ ဆင်းရဲတွင်းထဲသို့ ကျရောက်တော့မည့်အဖြစ်ကို ဖခင် ရသေ့ကြီးသည် သူ့အား ကယ်တင်ခဲ့ပါချေပြီ။

"အဖေရယ်···သားဟာ တွေဝေ လမ်းလွဲမိခဲ့ပါတယ်။ လောဘ၊ ဒေါသ၊ မောဟတွေ ထူပြော များပြားတဲ့ လူ့ရပ်လူ့ရွာကို သွားရောက်ခဲ့ရင် သားအနေနဲ့ သံသရာဝဋ်ဆင်းရဲကနေ လွတ်မြောက်ဖို့ရာ မလွယ်နိုင်တော့ပါဘူး။ အဖေ့လိုလည်း သွန်သင်ဆုံးမ ပဲ့ပြင်ပေးမယ့် သူတော်ကောင်း ပညာရှိနဲ့လည်း ကြုံဖို့ရာ မလွယ်ပါဘူး။ သား သည်မှာပဲ နေပြီး သူတော်ကောင်းတရားတွေကို ကျင့်ကြံ အားထုတ်ပါတော့မယ်။ ဘယ်မြို့ ဘယ်ရွာကိုမှ မသွားတော့ပါဘူး။ အဖေ့ကို သား ရှိခိုးပါတယ်"

"သာဓု···သာဓု···သာဓုပါ ချစ်သား"

သည်အချိန်မှာတော့ လေးလံမှိုင်တွေ ထိုင်းမှိုင်းနေခဲ့သော သူ၏ စိတ်ဓာတ်တို့ အသစ်တစ်ဖန် ပြောင်းလဲကာ လန်းဆန်းလာခဲ့ပါချေပြီ။

ထိုအချိန်မှာပင် မရမ်းပင်ထက်ဖျားဆီမှ ချိုးကူသံသဲ့သဲ့ကို ယဲ့ယဲ့ကလေး ကြားနေရပါတော့သတည်း ■

* * *

မနှောမိုးကြယ်

မှီငြမ်း ။ ။ ၅၅၀ နိပါတ်တော်မှ စူဠနာရဒ-ဇာတ်။




www.burmeseclassic.com

www.burmeseclassic.com

ထားဝယ်မြို့၏ ကျက်သရေဆောင်

# လောကသရဖ္မ လျောင်းတော်မူ

**မြမဥ္စူဝေ (ကျုံ့မငေး)**




မြန်မာနိုင်ငံတောင်ဘက်အစွန်းဒေသသည် ပင်လယ်ရေပြင် အရှေ့အနောက် နှစ်ဖက်ညှပ်နေသော်လည်း ရေမြေတောတောင် သဘာဝ သယံဇာတများ၊ ကုန်းမြင့် မြေပြန့်တောင်ကုန်းတောင်တန်းများနှင့် စိမ်းစိုသာယာသော ဒေသဖြစ်ပါသည်။ ပင်လယ်ပြင်ထဲသို့ သေးသေးသွယ် ခြေချောင်းသေးသွယ် ထိုးထွက်နေသောအရပ်ဖြစ်၍ ကျဉ်းမြောင်းသည့်ဒေသဖြစ်နေပါသည်။ သို့သော် ကိုယ်တိုင် ခြေချမိသောအခါ အမြင်နှင့် အထင်လွဲမှားခဲ့ရပါသည်။

ထိုဒေသမှာ တနင်္သာရီတိုင်းဒေသကြီး ဖြစ်ပါသည်။ ရေလုပ်ငန်းဖြင့် တည်နေသော ဒေသအဖြစ် လူသိထင်ရှားသော်လည်း စိုက်ပျိုးရေးကိုပါ အလေးထား လုပ်ကိုင်နေသော ဒေသဖြစ်ပြီး၊ ရွှေဖြူဟု ခေါ်သော ရာဘာစိုက်ခင်းများ၊ ဆီထွက်သီးနှံ ဆီအုန်းပင်များကြောင့် စိုက်ပျိုးရေးဖြင့် နိုင်ငံဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနေသော တိုင်းဒေသကြီးအဖြစ် နိုင်ငံတော်မှ အားထားနေရပါသည်။

ဤကဲ့သို့ စိမ်းလန်းစိုပြည် သာယာသော၊ ရေလုပ်ငန်း၊ ရေသယံဇာတ ပေါကြွယ်ဝသော၊ စိုက်ပျိုးသီးနှံဖြင့် ပြည့်ဝင်ငွေကို ဖြည့်ဆည်းပေးနေသော ဒေသကြီးသည် ဘာသာ၊ သာသနာလည်း စည်ပင်ရာ ဒေသကြီးဖြစ်ပါသည်။ ရှေးဘိုးဘွားစဉ်ဆက်အခါက မင်းနေပြည်တော်အဖြစ် သာသနာ့တံခွန် လွှင့်ထူခဲ့သောကြောင့် ယခုအခါ တိုင်းဒေသကြီးအတွင်း၌ ရှေးဟောင်းဘုရားစေတီများနှင့်အတူ ရှင်ကိုး

www.burmeseclassic.com





ဆိုသော ဆံတော်၊ အံတော်၊ မွေတော်များ ကိန်းဝပ်ရာ စေတီဘုရားများသည် ဘုရားဖူးများ အထူးအလေးထား ဖူးမြော်နေသော ဘုရားများအဖြစ် ဂုဏ်ဝင့်စွာ တည်ရှိနေပါသည်။

တနင်္သာရီတိုင်းဒေသကြီးသို့ ဘုရားဖူးခရီးစဉ် သတင်းကြားရုံဖြင့် သွားချင်နေသော ကျွန်မ။

"သွားပါများ ခရီးရောက်၊ "လာချင်လျှင် အနီးကလေး" ဆိုသလို (၁၁-၄-၂၀၁၁)ရက်နေ့ ညနေမှ နောက်တစ်နေ့နံနက် ၉နာရီခန့်တွင် ထားဝယ်မြို့သို့ ရောက်ခဲ့ပါ၏။


စရပ် တည်းခိုရာမှာ ခေတ္တနားအပြီးမှာ ထားဝယ်မြို့တွင်းအနီးအနားရှိ စေတီဘုရားများသို့ ဦးစွာထွက်ခဲ့သောကြောင့် ထားဝယ်မြို့မှ ပသျှူးကြောက် (ခေါ်) အရှုးပျောက်ဘုရား၊





www.burmeseclassic.com

www.burmeseclassic.com



"ရှင်မုတ္တီး" ဟုခေါ်သော မျောလေးမျောစာရင်းဝင် ထားဝယ် ရှင်ကိုးရှင်ဘုရား၊ ရှင်မာလဲ၊ ဘုရားပုပု ရွှေဆင်းတုဘုရားများ ဖူးအပြီးမှာ "လောကသရဖူ ဘုရားကြီး"ကို သွားရောက် ဖူးမြော်ခဲ့သည်။

လောကသရဖူ ကျောင်းတော်မှုဘုရားကြီးသည် ထားဝယ်မြို့ အရှေ့တောင်ဘက် ၄မိုင်ခန့်အကွာ၊ ထားဝယ်-မြိတ် ကားလမ်းတွင် ရေးအခေါ် အောက်ပုပ္ပားတောင်ခြေရင်းတွင် တည်ရှိပါသည်။

ထားဝယ်မြို့မှ ဆရာတော် အရှင်ကုန္တဝံသ၏ သက်တော်ရာပြည့် ပျံလွန်တော်မူသော သက္ကရာဇ် ၁၂၉၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ရက်နေ့တွင် စတင် အုတ်မြစ်ချခဲ့ပါသည်။ ဘုရားကြီးတည်ရန် အသိအမှတ်ပြု စည်းဝေးပွဲတွင် ဆရာတော် အရှင်ကုန္တဝံ၏ မပျံလွန်မီ သက်တော် ၈၆ နှစ်ကို အမှူးထား၍ အလျား ၈၆တောင်ဖြင့် တည်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

ထို့ကြောင့် ဒုတိယအကြိမ် စည်းဝေးပွဲ၌ လင်းလွန်ပင်တောရ ရသေ့ကြီး ဦးအာဒိစ္စက ပဲခူးမြို့ မြေလျှောင်ဗဏ်ခံပြီးဝ ရွှေမော်ဓောဘုရားကြီး ပျက်စီးခဲ့သောအချိန်သည် ပဲခူးမြို့ ပျက်စီးယိုယွင်းနေသော အချိန်ဖြစ်နေသောကြောင့် "ပဲခူးကွယ်၊ ထားဝယ်ကျော်"ဟူသော တဘောင်အရ ပဲခူး ရွှေသာလျောင်းဘုရားဉာဏ်တော်ထက် ပိုသော ဘုရားကြီးအဖြစ် တြင်းကျေ၊ နဝင်းကျေ၊ သတ္တဗီသကျေအဖြစ် ဉာဏ်တော် ၁၆၂ တောင်တည်ရန် အကြံပြုခဲ့၏။


ဤသို့ဖြင့် လျောင်းတော်မူကြီးအား စတင် အုတ်မြစ်ချခဲ့ရာ သက္ကရာဇ် ၁၂၉၄ ခုနှစ်တွင် ပလ္လင်တော်နှင့် ပထမအုံးတော်အထိ ပြီးခဲ့၏။ ဒုတိယအုံးတော်ကို သက္ကရာဇ် ၁၂၉၅ခုနှစ်တွင် ပြုလုပ်ရာ ၁၂၉၆ ခုတွင် ပြီးစီးခဲ့၏။ တတိယအုံးတော်ကို သက္ကရာဇ် ၁၂၉၇ ခုနှစ်တွင် အပြီးတည်ခဲ့၏။

လျောင်းတော်မူ၏ အုံးတော်များတွင် ဘုရားရှင်၏ ရုပ်ပွားတော်၊ ငွေဖောစိပင်များ၊ ကြေးပြားပိဋကတ်တော်များ၊ ဆင်းတုတော်များစွာနှင့် ကြေးပြားဝိနည်းပိဋကတ်တော်များ၊ သုတ္တန်ပိဋကတ်တော်များ၊ အဘိဓမ္မာ ပိဋကတ်တော်များကို ဌာပနာခဲ့သောကြောင့် လျောင်းတော်မူဘုရားကြီးသည် "ဥဒ္ဒိဿစေတီတော်"အဖြစ် လည်းကောင်း၊ ဓမ္မစေတီတော် အဖြစ် လည်းကောင်း ခေါ်နိုင်ပါသည်။

သက္ကရာဇ် ၁၂၉၉ ခုနှစ်တွင် ဦးခေါင်းတော်ကို ကွန်ကရစ်လောင်းခဲ့ပြီး ၁၃၀၀ ပြည့်နှစ်တွင် အတော်ပြီးစီးသွားသော်လည်း အချောသတ် ပြုလုပ်ရန် လိုနေသောကြောင့် မျက်နှာတော်ကို ဖွင့်ရန် ခေါ်ရှာမှ ပန်းရံဆရာကြီး ဦးဘဝေးမှ မျက်နှာတော် ရောင်လျှံကို ဖွင့်ခဲ့ပါသည်။ ထို့နောက် သက္ကရာဇ် ၁၃၀၂ ခုနှစ်တွင် တစ်ကိုယ်လုံး လုံးတော်ပြည့် ပြီးစီးခဲ့ပြီး အချောသတ် သက်နံးပါ ကပ်လှူနိုင်ခဲ့၏။

ဒုတိယကမ္ဘာစစ်အတွင်း ဘုရားတည်သော လုပ်ငန်းများ နားထားပြီး သက္ကရာဇ် ၁၃၀၄ ခုနှစ်တွင် "ကျေးဇူးအစ်ကေး၊ တင်းလဲခွေး၊ ကျွဲတော်ပဥ္စ၊ အုံတောင်ဆ၊ သဲနှင့် ထုံးအမှု"ဟူသော မြန်မာ့ကော်ကပ်နည်းပညာဖြင့် ခြေဖဝါးတော် မငြိမ်းပြတ်ခဲ့ရသည်ကို ပြုလုပ်ခဲ့ပါသည်။

မူလ ဆရာတော်သည် သက်ရှယ် အိုမင်းလာ၍




| အမှတ်စဉ် | အကြောင်းအရာ | [illegible] | [illegible] |
|---|---|---|---|
| ၁ | ဘုရားအမြင့်နှင့်မြေမှဆောင်းတော်အထိ | ၅၉ | |
| | ဦးခေါင်းတော်လုံးပတ် | ၇၀ | |
| ၃ | ဆံရစ်လှုံ့တော် | [illegible] | |
| ၄ | သင်းကျစ်တော်အကျား | [illegible] | [illegible] |
| ၅ | အမြီးအကျယ် | [illegible] | ၅ |
| ၆ | ဥဏ္ဏလုံးမွေးရှင်တော် | [illegible] | [illegible] |
| ၇ | မျက်လုံးတော် | [illegible] | [illegible] |
| ၈ | နားတံတော် | ၁၀ | [illegible] |
| ၉ | နားပေါက်တော် | [illegible] | [illegible] |
| ၁၀ | နှုတ်ခမ်းတော် | ၅ | [illegible] |
| ၁၁ | နှာတော် | ၂၀ | [illegible] |
| ၁၂ | နားတော်ရွက် | ၁၆ | [illegible] |
| ၁၃ | မျက်နှာတော် | ၄၄ | |
| ၁၄ | လည်ပင်းတော် | ၁၀ | ၅ |
| ၁၅ | လက်ဖဝါးတော် | ၄၄ | |
| ၁၆ | လက်မတော် | ၁၄ | ၅ |
| ၁၇ | လက်ညိုး | ၂၄ | |
| ၁၈ | လက်သန်း | ၂၁ | |
| [illegible] | ဘုရားအလျားတော် | ၂၄၄ | |
| | ခြေဖဝါးတော် | ၃၃ | |
| | အောက်ခြေတော် | ၁၄ | |
| | ပလ္လင်တော် | ၃၀၀ | ၅ |



www.burmeseclassic.com

www.burmeseclassic.com




တပည့်ဖြစ်သူ ဦးရေဝတအား လွှဲအပ်၍ အချောစိမ့်မှုများကို ပြုစေခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးတစ်လျှောက် ရုပ်ပွားတော်မြတ်ကြီးသည် အမိုးအကာမဲ့ဘဝဖြင့် နေပူ မိုးရွာ ဒဏ်အဖြာဖြာကို ခံစားနေသောကြောင့် ဦးရေဝတနှင့် နယ်သူနယ်သားများ ထည့်ဝင်လှူဒါန်းမှုဖြင့် သံတန်ဆောင်းတည်နေဆဲအချိန်၊ ဆရာတော် ဦးရေဝတ ပျံလွန်ခဲ့သောကြောင့် ပြီးဆုံးခြင်းမရှိ၊ ရပ်ခဲ့ရပြန်၏။ သို့သော် သဒ္ဓါထက်သန်ခဲ့နေသော ရှင်လူအများ ကြိုးစားမှုဖြင့် အသင့်ဆောက်နိုင်သော တန်ဆောင်းကိုယ်ထည်ကို နိုင်ငံခြားမှ မှာယူရန် စီစဉ်ခဲ့ကြပါသည်။

သက္ကရာဇ် ၁၃၁၉ ခုနှစ်တွင် သံတန်ဆောင်းကိုယ်ထည်များ ရောက်ရှိလာပြီး၊ ထိုနှစ် တပို့တွဲလဆန်း ၁၄ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပါသည်။ တန်ဆောင်းကြီး၏ အလျားပေ ၃၀၀၊ အနံပေ ၆၀၊ အမြင့်ပေ ၇၀ နှင့် "လောကသရဖူ လျောင်းတော်မူ ရုပ်ပွားတော်ကြီးကို အမိုးအကာပြုပေးထားပြီးဖြစ်ပါသည်။ ယခုအခါ လျောင်းတော်မူကြီး၏ သက်တမ်းမှာ နှစ် ၈၀ ကျော်အနေဖြင့် အလှူရှင်၊ ဥပသကာ၊ ဒေသခံများ၏ စောင့်ရှောက်ပြုပြင် မွမ်းမံမှုများကြောင့် အတင့်အတယ်နှင့် ဘုရားဖူးများ စည်ကားနေပါသည်။

ထားဝယ်မြို့မှ လောကသရဖူ လျောင်းတော်မူဘုရားကြီးသည် မြန်မာပြည်အမြို့မြို့ အနယ်နယ်ရှိ လျောင်းတော်ကြီးများနှင့် အတူယှဉ်၍ ဖူးသော်၊ ဉာဏ်တော် မငယ်သော လျောင်းတော်မူကြီးဖြစ်ပါသည်။ လျောင်းတော်မူကြီး၏ ဉာဏ်တော်ကို လေ့လာလိုက်သောအခါ ပလ္လင်တော်အလျား ၃၀၀ ပေထက်၌ လျောင်းတော်မူကိုယ်ထည် ဉာဏ်တော်အမြင့် ၆၉ပေ၊ ဦးခေါင်းတော်မှ ခြေဖျားတော်အထိ အလျားဉာဏ်တော် ၂၄၃ ပေရှိကြောင်း မှတ်သားခဲ့ရပါသည်။

ဘုရားဖူးခရီးစဉ်အရ စေတီဘုရားများကို လှည့်လည်သွားကြရင်း ဖူးကြရသည်ဖြစ်သောကြောင့် ရရှိသော အချိန်တိုအတွင်း လေ့လာမိသမျှ ရေးသား ပူဇော်ရခြင်းသည် လိုအပ်မှုများ ရှိနိုင်ပါသည်။ သို့ပါ၍ တစ်ခါတစ်ခေါက် ဖူးမြော်သွားကြရင်းဖြင့် လည်းကောင်း၊ သုတေသီများ ရေးသားသော စာပေများတွင်လည်း ဖြည့်စွက် လေ့လာရင်း ကျေနပ်နိုင်ပါစေသတည်း ■

* * *

မြမဥ္ဇူဧေ(ကျုံမငေး)



www.burmeseclassic.com

www.burmeseclassic.com

# ရင်မှာ စွဲငြိနေသည့် ပုဂံဘုရင်နှစ်ပါးနှင့် နဂါးရုံဘုရား

**| ကျော်လင်း (မြစ်ငြ) |**





ဒီနှစ် သင်္ကြန်အကြိုနေ့ နံနက်စောစောတွင် သမီး ကြီးမ မတိုးတိုး မောင်းနှင်သည့် သူ့ကားနှင့် နေပြည်တော် သို့ ခရီးထွက်ဖြစ်ခဲ့သည်။ သမီးကြီးက ကားမောင်းကျွမ်းကျင် သည်။ နေပြည်တော်သွား အဝေးပြေး လမ်းမကြီးတွင် တ်လမ်းများစွာ ရှိနေခဲ့သည့်အတွက် စိုးစာထိတ်ထိတ်နှင့် င် နေပြည်တော်ရှိ သမီးနှင့် သမက်အိမ်သို့ ချောချော မော နံနက်စာမစားမီ အချိန်မီ ရောက်သွားသည်။ သူတို့ လည်း အဖေ သိပ်မအိုခင် သူတို့ဆီမှာ တစ်လကိုးသီတင်း ရောက် အနားယူလုည့်ပါရန် အကြိမ်ကြိမ်ဖိတ်ခေါ်ထား သည့်အတွက် ဒူးနာလျက်ကပင် သွားဖြစ်ခဲ့သည်။

နေပြည်တော်တွင် သင်္ကြန်အကြို၊ အကြတ် နှစ်ရက် နားပြီးနောက် သမီးကြီးက…

"ကိုယ့်ကားနှင့်ကိုယ် သွားတုန်းမို့ အဖေတို့ ဘယ်နေရာ သွားချင်သေးလဲ၊ ကျောက်ဆည်ဘက်က ရုပ်ပွားသုံးဆင့်နဲ့ တမုတ်ရွှေဂူကြီးကို သွားမလား၊ ဒါမှမဟုတ် ပုဂံကို သွားကြ မလား၊ သွားချင်တဲ့ နေရာကို လိုက်ပို့ပေးမယ်။ အဖေတို့ လည်း ဒါထက်အိုသွားရင် သွားနိုင်လာနိုင်ကြတော့မှာ မဟုတ် ဘူး"

ဟု ဆိုသဖြင့် ဇနီးသည်က…


ပုဂံကိုပဲ သွားကြရအောင်။ ပုဂံကို ဘယ်နှခေါက်ပဲ ရောက်ရောက်၊ မရိုးနိုင်ပါ"

ဟု ဆိုလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com




သို့ဖြစ်၍ မဟာသင်္ကြန်အကြတ်နေ့ (၁၅-၄-၂၀၁၄) နံနက်စောစောထ၍ ပုဂံမြို့ရှိရာသို့ မောင်းနှင် ထွက်ခွာလာခဲ့ကြပါသည်။ မိတ္ထီလာလမ်းခွဲ သီးကုန်းအရောက်၌ နံနက်စာစားကြပြီးစ ပုဂံသို့ ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၀နာရီမထိုးမီ ရွှေစည်းခုံစေတီတော်မြတ်ကြီးကို စတင်ဝင်ရောက် ဖူးမြော်ကြသည်။ ပြီးနောက် အာနန္ဒာဘုရား၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ စူဠာမဏိ စသည့် ညောင်ဦး-ပုဂံသွား ကားလမ်းဘေးတစ်လျှောက်ရှိ ဘုရားစေတီအချို့ကို ဝင်ရောက်ဖူးမြော်ပြီးမှ တည်းခိုမည်ဖြစ်သော မြင်းကမ္ဘာမှာရှိသည့် တူမ၏ အိမ်သို့ ရောက်ရှိခဲ့ကြပြီး ခရီးတစ်ထောက်နားကြပါသည်။

စာရေးသူက ပုဂံတစ်ဖက်ကမ်း (မြစ်ခြေသားလည်းဖြစ်သဖြင့် ပုဂံကို ငယ်စဉ်မှ စ၍ အခေါက်ခေါက်အခါခါရောက်ဖူးသူဖြစ်သည်။ ငယ်စဉ်က တန်ဆောင်မုန်းလ ရွှေစည်းခုံဘုရားပွဲ၊ ပြာသိုလ အာနန္ဒာဘုရားပွဲတို့ကို နှစ်စဉ်နီးပါး ရောက်ဖြစ်ပါသည်။ ဗူးဘုရား၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ မနူဟာ စသည့် ဘုရားများကိုလည်း ကြိမ်ဖန်များစွာ ဖူးမြော်ခဲ့ဖူးသည်။ ကလေးဘဝ၊ ကျောင်းသားငယ်ဘဝဖြင့် ရောက်ခဲ့သည်ဖြစ်၍ လေးလေးနက်နက် နှံ့နှံ့စပ်စပ် မသိခဲ့။ သမိုင်း၏ တန်ဖိုး၊ လူမျိုး၏ ယဉ်ကျေးမှုတို့ကို အမှတ်ထင်ထင် နိုက်နိုက်ချွတ်ချွတ် သိနားလည်ခြင်း မရှိ၊ မလေ့လာတတ်ခဲ့၊ ပေါ့ပေါ့တန်တန်ပင် အမှုမဲ့ အမှတ်မဲ့ ဖြတ်သန်းကျော်လွှားခဲ့မိသည်။

အရွယ်ရောက်သည့်အခါကျတော့လည်း ရေကြည်ရာမြက်နုရာအရပ်တို့မှာ အသက်မွေးဝမ်းကျောင်းမှုအတွက် ရုန်းကန်နေခဲ့ရပြန်ပါသည်။ သို့သော် မိမိတိုင်းပြည်၏ အမျိုးသားရေးယဉ်ကျေးမှုနှင့် သမိုင်းအချင်းအရာတို့ကို လေ့လာတတ်စ ပြုခဲ့ပြီ။ ထိုစဉ်အခါမှ မည်သည့်ဘုရားကို အေဒီ ဘယ်နှခုနှစ်၊ ကောဇာနှစ်၊ မည်သည့်အချိန်က မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ဘုရင်က တည်ထားခဲ့သည်၊ ထိုဘုရားကို တည်ခဲ့သည့် မင်း၏ သမိုင်းကြောင်းရာတို့ကိုပါ သိလိုစိတ်ဖြင့် လေ့လာမိသည်။ ပါးစပ်ရာဇဝင်၊ ဒဏ္ဍာရီတို့ကို ငယ်စဉ်ကလေးဘဝက အမိအဖ၊ ဒေါ်ကြီး၊ ဒေါ်လေးတို့ ပြောပြသလောက်ကိုဖြင့် သိခဲ့ပြီးသားဖြစ်သည်။ မှန်၊ မမှန်၊ သမိုင်းဝင်၊ မဝင်ကိုတော့ မဆန်းစစ်တတ်ခဲ့သေး။ စွဲစွဲမြဲမြဲအရှိဆုံးမင်းကတော့ ပျူစောထီးမင်းပင်။

ပျူစောထီးမင်းအကြောင်းက ဒဏ္ဍာရီဆန်လှသည်၊ နေနတ်သားနှင့် နဂါးမတို့ ညားကြရာမှ မွေးဖွားလာသည်သားတဲ့။ ပျူစောထီးမင်းကို စိတ်ထဲ စွဲလမ်းစေသည့်အကြောင်းအရာအနက် တစ်ခုက ပျူစောထီးဆိုသော သူ့ကောင်းက ပုဂံမှာ သောင်းကျန်းနေသည့် ဝက်ကြီး၊ ငှက်ကြီး၊ သျှူးပျံကြီး စသည်တို့ကို နှိမ်နင်းနိုင်ရုံတင်မကသေး၊ တစ်မြို့လုံးနီးပါး ဖုံးလွှမ်းနေသည့် ဘူးရိုင်းပင်ကြီးများကိုပါ ခုတ်ထွင်



www.burmeseclassic.com



ရှင်းလင်းနိုင်ခဲ့သည်တဲ့။ ထို ဘုရားရှိန်းပင်ကြီးတို့၏ အမြစ်အခြေတို့က ဧရာဝတီမြစ်အောက်ကနေ တစ်ဖက်ကမ်းဖြစ်သည့် စာရေးသူတို့၏ မြို့ကလေးအထိ စွဲခဲ့သည်ဟု ဆိုစမှတ်ပြုခဲ့ကြသည်။ ထိုစဉ်မှစ၍ "အနွတ္တသညာမြစ်ခြေ" ဟု ခေါ်ဆိုခဲ့ကြောင်းကို စာရေးသူတို့တစ်မြို့လုံး ရှေးယခင်မှစ၍ ယခုထိတိုင် ကြီးကြီးငယ်ငယ်မဟူ ယုံကြည် လက်ခံထားခဲ့ကြသည်။

ဧရာဝတီမြစ်ကမ်းပါးမှာ ပျူစောထီးမင်းက ဘုရားရှိန်းပင်ကြီးများကို ခုတ်ထွင် အောင်နိုင်သည့် အထိမ်းအမှတ်အဖြစ် တည်ထားသည့် ဘုရားဘုရားမှနေ ဧရာဝတီမြစ်ပြင်ကို ဖြတ်၍ တစ်ဖက်ကမ်းကို လှမ်းမျှော်ကြည့်လိုက်လျှင် မှုန်ပြပြနှင့် လှမ်းမောဖွယ်ကောင်းလှသည့် စာရေးသူတို့ မြို့ကလေးကို တွေ့မြင်နိုင်ပါသည်။

နောက်တစ်ချက်က ပုဂံကို ဗုဒ္ဓဘာသာ သာသနာတော် တောင် ထွန်းလင်းတောက်ပသည်မှာ အေဒီ ၁၁၄၄ မှ ၁၁၇၇ ထိ နန်းစံခဲ့သော အနော်ရထာဘုရင်မင်းမြတ်၏ လက်ထက်တော်မှဟု ဆိုသော်လည်း ပျူစောထီးမင်း၏ ဘုရားဘုရားက အနော်ရထာမင်းထက် နှစ်ပေါင်းများစွာစော၍ တည်ရှိနေပြီးဖြစ်သည်။ ခုနှစ်သက္ကရာဇ်အရဆိုလျှင် ပျူစောထီးမှာ အေဒီ ၁၆၇ မှ ၂၄၅ တွင် မင်းပြုခဲ့သည့်အတွက် အနော်ရထာမင်းထက် နှစ်ပေါင်း (၉၇၇)နှစ်ကျော် စော၍နေပါသည်။ ဤသို့ဆိုလျှင် ဗုဒ္ဓသာသနာတော်သည် ပုဂံခေတ်အစကပင် ရောက်ရှိခဲ့ပြီးဖြစ်နေသည်။

ဒီအချက်တွေကြောင့် ငယ်စဉ်မှစ၍ ယခုအချိန်ထိ စာရေးသူ၏ ရင်ထဲတွင် ပျူစောထီးမင်းနှင့် ပတ်သက်သမျှကို စွဲငြိနေမိသည်။


ပျူစောထီးကဲ့သို့ပင် ဒုတိယအစွဲငြိဆုံး မင်းမှာ ကျန်စစ်သားမင်းပင်ဖြစ်သည်။ ကျန်စစ်သားမင်း ဖြတ်သန်းခဲ့ ကျင်လည်ခဲ့ရသည့် ဘဝကလည်း သာမန်ဘဝမဟုတ်။ ငယ်စဉ်က အသက်ဘေးမှ အကြိမ်ကြိမ်လွတ်မြောက်ခဲ့ရသူ၊ ထင်ရှားကျော်ကြားသည့် စစ်သူကြီးဘဝ၊ အချစ်ကြောင့် ဝရမ်းပြေးအသွင်ဖြင့် ကျင်လည်ခဲ့ရသည့်အချိန်၊ ထို ဝရမ်းပြေးအဖြစ်နှင့် နေရစဉ်ကာလမှာပင် အချစ်ကို ထပ်မံရှာဖွေတွေ့ရှိသူ၊ ဘဝကို ညှိုးမှိန်စွာ နေခဲ့ရသည့်အချိန် စသည်ဖြင့် ဘဝစုံခဲ့ရသူ၊ နာခဲ့ရသူ။ ထိုအဖြစ်တွေ၊ ထိုဘဝတွေကို ကျော်လွှားဖြတ်သန်းပြီးမှ ပြည်သူချစ်သော မင်းအဖြစ်ကို ရရှိပြီး တိုင်းပြည်ကို နှစ် ၃၀ ကျော်ကာလတိုင်အောင် သာယာဝပြောစွာ အုပ်ချုပ်နိုင်ခဲ့သည်။ ထို့အပြင် မင်းဖြစ်စဉ်ကာလက နန်းတည် ကျောက်စာ၌ ဖော်ပြထားသည့် ပြည်သူလူထုတို့အပေါ် ထားရှိသည့် သဘောထားကို လည်းကောင်း၊ လှပတင့်တယ်






www.burmeseclassic.com

www.burmeseclassic.com



လှသည့် အာနန္ဒာဘုရားကြီးနှင့် အနောက်ဘက်မုခ်အတွင်းမှ ရုပ်ပွားတော်မြတ်ကြီးကို ကြည်ညို ဦးခိုက်နေသည့် ချောမော ပြေပြစ် ယောက်ျားပီသလှသည့် သူ၏ ရုပ်သွင်ကို လည်း ကောင်း စသည့် အကြောင်းတို့ကြောင့် စာရေးသူ၏ ရင်မှာ စွဲငြိသည့်မင်းတစ်ပါးဖြစ်ခဲ့ပါသည်။

နေ့လယ်စာစားသုံး၍ ခဏအိပ်စက် အနားယူပြီးနောက် ညနေ နေအေးသည့်အခါ သမီးကြီးက···

"အမေ ဘယ်ကို သွားချင်လဲ၊ အမေသွားချင်တဲ့ နေရာ တွေကို ပြော"ဆိုတော့ မိမိရင်ထဲမှာ စွဲငြိနေခဲ့သည့် ကျန်စစ် မင်း၏ ညှိုးမှိန်သောဘဝက နားခိုအောင်းခဲ့ရာ အရပ်ရှိ နဂါးရုံဘုရားကို အရင်လိုက်ပို့ပါဟု ပြောမိသည်။

နဂါးရုံဘုရားက တည်းခိုအိမ်နှင့် ဝေးဝေးလံလံမဟုတ်။ ချောက်-ညောင်ဦး ကားလမ်းမ၏ (ပုဂံဘက်မှဆိုလျှင် လမ်း ၏) ဝဲဘက်ဘေးတွင် တည်ရှိသည်။ အိမ်မှနေ၍ သိပ်မဟောင်း လိုက်ရ ခဏနှင့် ရောက်သွားသည်။

◈◈◈

သည်ဘုရားကို ကျန်စစ်သားမင်းက ချစ်ဦးသူ၏ ကျေးဇူးတရားကို သက်သေတည်သည်ဆိုလျှင် မှားမည် မဟုတ်ပါ။ ဘဝမှတ်တမ်းတင် ဘုရားတစ်ဆူအဖြစ် တည် ထားခဲ့ခြင်းဖြစ်သည်။

အနော်ရထာမင်းမြတ် နတ်ရွာစံ ကံတော်ကုန်ပြီး နောက် အေဒီ ၁၀၇၇ မှ ၁၀၈၄ အတွင်း ထီးနန်းစိုးစံခဲ့သည့် စောလူးမင်း၏ လက်ထက်ဝယ်၊ စောလူးမင်း၏ မိဖုရားခေါင် အဖြစ် တင်မြှောက်ထားသည့် မဏိစန္ဒာဒေဝီနှင့် ယခင်က အငြိအစွန်းရှိခဲ့ခြင်းကို အကြောင်းပြု၍ စောလူးမင်းက မကြည်လင်သည့်အတွက် ဒလသို့ ပထမ နယ်နှင်ခံခဲ့ရသည်၊ မှူးကြီးမတ်ရာသေနာပတိတို့၏ တိုက်တွန်း တောင်းပန်မှု ကြောင့် ကျန်စစ်သားကို ဒလမှ ပြန်လည်ခေါ်ယူခဲ့သော်လည်း ထိုအဖြစ်အပျက်ကို အကြောင်းပြုလျက် နန်းတွင်းမှာ အရာ မဝင်ဘဲ ညှိုးမှိန်စွာ နေခဲ့ရရှာသည်။

ထိုစဥ်ကာလ မင်းမှ လွတ်ကင်းရာသို့ တိမ်းရှောင်သည့် အနေဖြင့် မြင်းကပါအရပ်၊ ယခု နဂါးရုံဘုရားတည်ရာနေရာ ၌ လာရောက် ခိုအောင်းခဲ့ရသည်။

ထိုသို့ ခိုအောင်း အနားယူ အိပ်စက်နေစဥ်ခဏမှာ ကျန်စစ်သား၏ ကိုယ်ပေါ်သို့ နေပြောက်မထိုးရလေအောင် နဂါးတစ်ကောင်က ပါးပျဉ်းဖြင့် အုပ်မိုးပေးထားသည်။ အပယ် ရတနာ မိဖုရားက ခင်ပွန်းသည် စားသုံးရန် ထမင်းထုပ်လာ ပို့သည့်အခါ ထိုအဖြစ်ကို မြင်တွေ့၍ ကြောက်လန့်ခဲ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျန်စစ်သား အိပ်ရာမှ နိုးထသည်တွင် မိဖုရားမှ ကြောက်လန့်ရသည့် ဖြစ်ကြောင်းကုန်စဉ်ကို ပြောပြလိုက်သောအခါ ကျန်စစ်သားသည် ငါသည် ဘုန်းရှင်ကံရှင်တစ်ယောက်ပင် ဖြစ်ရမည်။ တစ်နေ့ ပုဂံထီးနန်းကို မလွဲမသွေရရှိ ခံစားရလိမ့်မည်ဟု စိတ်မှာ ပိုင်ပိုင်တွေးတောထားခဲ့လေသည်။

အေဒီ ၁၁၀၄ ခုနှစ်တွင် ငရမန်ကန်း၏ လုပ်ကြံမှုကြောင့် စောလူးမင်း နတ်ရွာစံလေလျှင် ကျန်စစ်သားမင်းမှ ပုဂံထီးနန်းကို ဆက်ခံရရှိခဲ့သည်။ မင်းအဖြစ်သို့ ရောက်သည့်အခါ မိမိအိပ်ပျော်စဉ် နဂါးတစ်ကောင်မှ ပါးပျဉ်းဖြင့် အုပ်မိုးထားရာ ဤနေရာ၌ အမှတ်တရအဖြစ် နဂါးရုံဘုရားကို တည်ခဲ့လေ၏။ နဂါးရုံဘုရားနှင့် မနီးမဝေး၌လည်း မိမိအား အနစ်နာခံ ပြုစုခဲ့သည့် အပယ်ရတနာ မိဖုရားအား ဂုဏ်ပြုသောအားဖြင့် "အပယ်ရတနာ ဂူဘုရား"ကိုလည်း တည်ခဲ့လေသည်။

နဂါးရုံဘုရားအဝင်ဝသို့ ရောက်လျှင်ပင် နဂါးရုံဘုရားအကြောင်းကို နှောင်းလူတို့ ရေးထိုးစိုက်ထူထားသည့် ကျောက်စာချပ်နှင့် လှပသည့် မုခ်ဦးကို တွေ့ရှိရပါသည်။ ကျောက်စာမှာ အင်္ဂလိပ်လို ရေးထိုးထားခြင်းဖြစ်သည်။ မုခ်ဦး၏ လက်ယာဘက်တွင် ရှိ၏။ ကျောက်စာ၏ နောက်ကျောရှိ လူတစ်ရပ်ကျော်ခန့်မြင့်သည့် ကြီးမားရှည်လျားသော အုတ်တံတိုင်း၏ အုတ်စီထားပုံကို ထင်ရှားစွာ တွေ့ရှိရပါသည်။ အုတ်ချပ်ကြီးများမှာ ထူထဲကြီးမားပြီး ခေတ်အုတ်တို့ထက် အလျားလည်း ရှည်၊ ထုလည်း ထုပါသည်။ စီထပ်ထားပုံမှာ အင်္ဂတေနည်းနည်းသာ အသုံးပြုထားသော်လည်း နှစ်ပေါင်းထောင်ချီအောင် ခိုင်ခံ့နေပါသေးသည်။

ဘုရားမှာ ဂူဘုရားဖြစ်ပြီး အဆင့်နှစ်ဆင့်တို့၏ ထောင့်လေးထောင့်တို့၌ စေတီရန် ရှစ်ဆူနှင့် မုခ်ဦးထိပ်တွင် စေတီတစ်ဆူတို့ ရှိသည်။ ပစ္စယာအထက်၌ ကွမ်းတောင်ပေါက်ထားပြီး၊ ထိုအထက်တွင် စေတီပေါက်ထားပါသည်။ လိုဏ်အတွင်းဝယ် မြင့်မားသည့် ရပ်တော်မူ ရုပ်ပွားတော်မြတ်ကြီးတစ်ဆူကို နဂါးရုပ်ခံ ကတဲအား ကျောမှီ၍ ပြုံးပြုံးကြီးသီတင်းသုံးလျက် ရှိနေပါသည်။ မုဒြာမှာ လောကသုံးပါး၌ ကျင်လည်နေကြသည့် သတ္တဝါအပေါင်းတို့၏ ဘေးရန်အန္တရာယ်ဟူသမျှတို့မှ ပယ်ရှားကာကွယ် စောင့်ရှောက်ပေးသည့် ပုံဟန်သဘောဖြင့် ညာလက်တော်နှင့် တားဆီး ကာကွယ်ပေးနေသည့် အဘယမုဒြာဖြစ်သည်။

ဦးခေါင်းတော်အထက်တည့်တည့် နောက်ဘက်တွင် ပါးပျဉ်းဖြန့်မိုးထားသည့် နဂါးကြီးတစ်ကောင်၏ ခေါင်းနှင့်



ဘေးတစ်ဖက်တစ်ချက်တို့တွင် တစ်ဖက်လျှင် နဂါးလေးကောင် စီရုံထားပါသည်။ လိုဏ်နံရံနှစ်ဖက်တို့တွင် လေဝင်လေထွက် ကောင်းစေရန် လည်းကောင်း၊ အလင်းရောင်ကောင်းစွာ ရရှိစေရန် လည်းကောင်း၊ ပုလဲပေါက် တံကဲမိုးတိုင်ထောင် အုတ်ကွက် ပြတင်းပေါက်များလည်း ရှိပါသည်။ နံရံများတွင် ဆေးပန်းချီ၊ ပန်းကွက်များ၊ အစိမ်းရောင် စဉ့်အုတ်များဖြင့် တန်ဆာဆင် စီခြယ်ထားပါသည်။

စာရေးသူအနေဖြင့် ဒူးနာရောဂါကြောင့် နဂါးရုံဘုရား၏ အတွင်းအပြင်တို့ကို အနှစ်တိ နှံ့စပ်အောင် မလေ့လာနိုင်ခဲ့ပါသော်လည်း မိမိရင်မှာ စွဲငြိခဲ့ရသည့် ထင်ရှားကျော်ကြားသော ကျန်စစ်သားမင်း၏ ညှိုးမှိန်စဉ်က ခိုနားခဲ့ရသည့် ဤဂူဘုရားကြီးကို ဖူးမြော်ခဲ့ရသည့်အတွက် လွန်စွာမှ ကြည်နူးမှုဖြစ်ခဲ့ရပါတော့သည်။

ဤကဲ့သို့ ဖူးမြော်ခဲ့ရသည်မှာလည်း မိမိ၏ လက်ရှိအသက်အရွယ်နှင့် ကျန်းမာရေးအရ နောက်ဆုံးအကြိမ်ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်ဟု ထင်ပါသည် ■

* * *

ကျော်လင်း(မြစ်ခြေ)

ကျမ်းကိုး

- ဒေါက်တာ သက်လွင်၏သမိုင်းက ပြောသော ပုဂံ၊ ပုဂံက ပြောသော သမိုင်း။



www.burmeseclassic.com

www.burmeseclassic.com

# သဒ္ဓါတရား ထက်သန်ပွား၊ အကျိုးများအံ့

မင်းဇေမြင့် (မုဒုံ)



ရှေးအခါက ရာဇဂြိုဟ်ပြည်တွင် လယ်ယာမြေများကို များစွာပိုင်ဆိုင်လာခဲ့သော သုမနသူဌေးကြီးတစ်ဦးရှိ၏။ ၎င်းထံတွင် လယ်သူရင်းငှားအများအပြားရှိသည့်အနက်မှ "ပုဏ္ဏ" ဆိုသူ နေ့စား လယ်သူရင်းငှားတစ်ဦးရှိ၏။ ၎င်းသည် သူဌေးကြီး၏ နေအိမ်နောက်ဖေးတွင် တဲကလေးထိုး၍ နေရ၏။ သူ့ထံတွင် "ဥတ္တရာ"အမည်ရှိသော ဇနီးသည်တစ်ဦးရှိ၏။ "ဥတ္တရာ"အမည်ဖြင့်ပင် သမီးလေးတစ်ဦးလည်း ရှိ၏။

ရာဇဂြိုဟ်ပြည်တွင် တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပမြဲဖြစ်သည့် တောင်ထိပ် နက္ခတ်ပွဲသဘင်ကြီးရှိပြီး၊ ထိုပွဲသည် ခုနစ်ရက်တိုင်တိုင် ကျင်းပလျက်ရှိ၏။ တစ်မြို့လုံးသော မြို့သူမြို့သားတို့က အဝတ်အစားကောင်းဖြင့် ပျော်ရွှင်စွာ သွားကြသည်။

ပွဲသဘင်စ,ရက် နံနက်မိုးမလင်းခင်ကပင်လျှင် တစ်မြို့လုံး သွားကြရန် ဆူဆူညံညံဖြစ်နေကြ၏။ သူဌေးကြီး သုမနသည် မိမိ၏ လုပ်သားများ နက္ခတ်သဘင်ပွဲသို့ သွားနေကြသည်ကို မိမိ၏ တိုက်အိမ်တံခါးဝကနေ ရပ်ကြည့်နေ၏။ ထိုအခါတွင် နေ့စား လယ်သူရင်းငှား ပုဏ္ဏသည် သူဌေးကြီးနားတွင် ရောက်နေသည်ကို သူဌေးကြီးက မြင်တွေ့သောအခါ၌ မည်သည့်အတွက်ကြောင့် တောင်ထိပ်ပွဲတော်သို့ မသွားသနည်းဟု မေးသည်။ ပုဏ္ဏက တစ်နေ့လုပ်မှ တစ်နေ့စားရသောကြောင့် မသွားနိုင်ကြောင်း ပြန်ပြောလိုက်ပါသည်။ သူဌေးကြီးက တောင်ထိပ်ပွဲသို့ မသွားလျှင် အလုပ်ဆင်းပါ စိတ်ကြိုက် နွားတစ်ရှဉ်းနှင့် ထွန်တုံး၊ ထွန်တံများကို ယူသွား ပါဟု ပုဏ္ဏအား ပြောပါသည်။

ထို့နောက် ပုဏ္ဏက မိမိဇနီးအား ယနေ့မှာ လယ် နှစ်ဆပိုထွန်မည်ဖြစ်၍ ထမင်းနှစ်ဆပိုချက်ပါဟု မှာကြားခဲ့ပြီး နောက် လယ်တောသို့ ဆောလျင်စွာ ထွက်ခွာသွားပါတော့ သည်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ခုနစ်ရက်ပတ် လုံး နိရောဓ သမာပတ်ကို ဝင်စားတော်မူပြီးနောက်၊ ထိုနေ့ နံနက်စောစောအချိန်တွင် နိရောဓ သမာပတ်မှ ထတော် ၍ "ယနေ့ ငါသည် အဘယ်သူအား ချီးမြှောက်မှုကို ပြုသင့် ပါသနည်း"ဟု ကြည့်ရှုတော်မူပြီး၊ ဉာဏ်တော် ကွန်ယက် အတွင်းသို့ လယ်သူရင်းငှား ပုဏ္ဏကို မြင်တော်မူ၏။ ဤသူ သည် ရတနာသုံးပါးကို ကြည်ညိုသဒ္ဓါတရားရှိပါ၏လော ကြည့်ရှုတော်မူပြန်၏။

ထိုပုဏ္ဏ၏ သဒ္ဓါတရားကို လည်းကောင်း၊ ၎င်း၏ ဥတ္တရာ၏ သဒ္ဓါတရားကို လည်းကောင်း၊ ဤသို့ ချီးမြှင့်ခြင်း ဖြင့် စည်းစိမ်ချမ်းသာ ရယူရာ ရှေးအကြောင်းကို လည်း ကောင်း၊ ကောင်းစွာ သိမြင်တော်မူ၍ သပိတ်၊ သင်္ကန်းတော်



www.burmeseclassic.com

www.burmeseclassic.com

ကို ဆင်မြန်းတော်မူပြီး ပုဏ္ဏာ၏ လယ်ထွန်နေရာသို့ ကြွသွားတော်မူ၏။

◈◈◈

အရှင် သာရိပုတ္တရာသည် ပုဏ္ဏာ လယ်ထွန်ရာ နေရာအနီးသို့ ကြည့်လင် သန့်ရှင်းသော ရေတွင်းရေအိုင်နှင့် သစ်ပင်ငယ် ချုံတစ်ခုကို ကြည့်ရှုလျက် ရပ်တော်မူ၏။

ပုဏ္ဏာသည် လယ်ထွန်ရန် ပြင်ဆင်နေစဉ် အရှင်သူမြတ်ကို တွေ့မြင်ရ၍ ဝမ်းသာရွှင်လန်း သဒ္ဓါတရားပွားများကာ၊ အရှင်သူမြတ်အနီးသို့ လာရောက်၍ ရှိခိုးပြီး အရှင်သူမြတ်သည် နံနက်စောစော သွားတိုက်ရန် တံပူကို အလိုရှိပေလိမ့်မည်ဟု စိတ်အကြံဖြင့် တံပူပြုလုပ်ရန် သင့်တော်သော သစ်ကိုင်းကို ဖြတ်၍ သွားတိုက်ရန် တံပူပြုလုပ် ပေးလှူ၏။

အရှင်သာရိပုတ္တရာသည် တံပူကို အလှူခံယူပြီးနောက် ပုဏ္ဏာအား သပိတ်နှင့် ရေစစ်ကို ပေးတော်မူ၏။ ပုဏ္ဏာသည် သပိတ်နှင့် ရေစစ်ကို ယူပြီး သောက်ရေ သုံးရေကို သန့်စစ်ပြီး ရှိသေစွာ ပေးလှူ၏။

အရှင်သူမြတ်သည် ကပ်လာသော ရေ၊ တံပူတို့ကို အသုံးဆောင်ပြီး ဆင်ခြင်တော်မူသည်မှာ···

"ပုဏ္ဏာသည် သူတစ်ပါးအိမ်နောက်ဖေး၌သာ နေရရှာသည်။ အကယ်၍ ထိုသူ၏ အိမ်ရှေ့သို့ ငါကြွသွားသော်လည်း ပုဏ္ဏာ၏ ဇနီးသည် ငါ့ကို မဖူးတွေ့နိုင်ပါ။ ပုဏ္ဏာထံသို့ ထမင်းပို့လာသောအခါမှ လမ်းတွင် တွေ့ပါတော့မည်"

ဟု ကြံလျက် ခရီးစဉ်ကို အတန်ငယ် ဆိုင်းငံ့တော်မူပြီး ကြွသွားတော်မူ၏။

ထိုအချိန် ပုဏ္ဏာ၏ ဇနီး ဥတ္တရာသည် ထမင်းတောင်းကို ရွက်၍ လယ်တောသို့ အလာတွင် အရှင်သာရိပုတ္တရာနှင့် လမ်း၌ မျက်နှာချင်းဆိုင် ဆုံတွေ့ရသောအခါ လမ်းဘေးသို့ ဆင်းပြီး ထမင်းတောင်းကို အသာချလျက် ခေါင်းခုကလေးကို ပခုံးပေါ် တင်ပြီး ရှိခိုး၏။ ထိုသို့ ရှိခိုးရင်း စဉ်းစားမိသည်မှာ ယခင်က အရှင်သူမြတ်ကို တွေ့သည့်အခါ လှူစရာ ဆွမ်းဘောဇဉ်များ မပါရှိ၍ လှူချင်ပေမယ့် မလှူခဲ့ရ။ ယခုအခါမှာ ဆွမ်းဘောဇဉ်များ အဆင်သင့် ပါရှိလာသည်။ ဒီတစ်ခါ လှူဖြစ်လျှင် နောက်တစ်ခါလှူနိုင်ဖို့ ခဲယဉ်းသည့်အတွက် ယခုကြိုက်စဉ်တွင် လှူလိုက်မှ ဖြစ်မည်ဟု စိတ်ဖြစ်ကာ၊ ထမင်းတောင်းထဲမှ ထမင်းဟင်းတို့ကို ယူ၍ အရှင်သူမြတ်ထံသို့ ရိုသေစွာ ချဉ်းကပ်ပြီး အားလုံး လောင်းလှူလိုက်လေသည်။

ဆွမ်းဟင်းဘောဇဉ်များ လောင်းလှူလိုက်ပြီးနောက် ဤသို့ ဆုတောင်းသည်။

"ဤကောင်းမှုကြောင့် ဆင်းရဲခြင်းမှ လွတ်ကင်းရသော အကျိုးကို ဒိဋ္ဌဓမ္မ ခံစားရပါလို၏ အရှင်ဘုရား"

ဟု ဆုတောင်း၏။ အရှင်သာရိပုတ္တရာကလည်း···

"ဒါယိကာမ···တောင်းတတိုင်း ပြည့်စုံစေ"

ဟု ဆို၍ ရပ်လျက်ပင် တရားအနုမောဒနာပြုပြီး ကြွသွားတော်မူ၏။

ဥတ္တရာသည် စိတ်ကြံအတိုင်း လှူလိုက်ရသဖြင့် ဝမ်းမြောက် ဝမ်းသာဖြစ်လျက် အရှင်သူမြတ် ကြွသွားတော်မူသည်ကို မျက်စိတစ်ဆုံး ဖူးမြော်ကြည်ညိုလျက် ကျန်ခဲ့လေ၏။ အရှင်သူမြတ်ကို မတွေ့မမြင်ရတော့မှ မိမိ၏ လင်သားဖြစ်သူ ပုဏ္ဏာအတွက် ထမင်းပြန်ချက်ရန် သတိရပြီး အိမ်သို့ အမြန်ပြန်၍ ထမင်းချက်၏။

◈◈◈

ပုဏ္ဏာသည် တစ်မနက်လုံး နွားနှင့်အတူ အားကြိုးမာန်တက် လယ်ကို ထွန်ယက်နေရသဖြင့် နွားလည်း ပန်း၊ လူလည်း ပန်း၊ နေကလည်း မြင့်လာသဖြင့် ထမင်းဆာလာရာ သစ်ပင်ကြီးအရိပ်အောက်တွင် နားနေရင်းနှင့် ထမင်းပို့လာသူ ဇနီးသည်ကို မျှော်ပြီး စောင့်စားနေ၏။

ဥတ္တရာသည် ထမင်းဆာပြီး စောင့်မျှော်နေသော လင်သား ပုဏ္ဏာကို မြင်ရသောအခါတွင် "လင်သား ဗိုက်ဆာ၍ စိတ်ဆိုးပြီး မိမိအား ဆူပူကြိမ်းမောင်းခဲ့ပါက စောစောက မိမိလှူခဲ့သော သဒ္ဓါတရားမှာ ညှိုးနွမ်း၍သွားပါတော့မည်။ စိတ်မဆိုးအောင် ကြံဆောင်မှ တော်တော့မည်"ဟု တွေးလျက် အဝေးကပင် မျက်နှာချိုသွေးပြီး ပုဏ္ဏာအနီးတွင် ထမင်းတောင်းကလေးကို အသာချ၍ အဝတ်ဖြင့် ချွေးကို သုတ်ရင်း ပြုံးပြုံးကလေးဆို၏။

"ထမင်းဆာနေပြီ ထင်တယ်။ စိတ်မဆိုးပါနဲ့။ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုပါ။ ထမင်းလာပို့ရင်း လမ်းမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို ဖူးမြော်ရပြီး ဆွမ်းခံချိန်နှင့် တိုက်ဆိုင်နေသောကြောင့် ဆွမ်းလောင်းလှူပြီးမှ နေအိမ်သို့ ပြန်ကာ၊ ထမင်းထပ်မံချက်ပြီး ယူလာခဲ့တာ ဖြစ်ပါတယ်။ သာဓုခေါ်ဆိုပါတော့"

ပုဏ္ဏာကလည်း ဥတ္တရာ စကားဆုံးသည်နှင့်···

"ဒီနေ့ ငါသည်လည်း မနက်စောစောအချိန်မှာ အရှင်သူမြတ်အား တံပူတစ်ချောင်းနှင့် သောက်ရေ၊ သုံးရေတို့ကို လှူဒါန်းလိုက်ရလို့ ဝမ်းသာမဆုံးဖြစ်မိပါတယ်။ သာဓုခေါ်ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုလေ၏။

ထိုသို့ဖြင့် လင်မယားနှစ်ယောက်တို့က အပြန်အလှန် အမျှပေးဝေကာ သာဓုခေါ်ဆိုနေကြပါတော့သည်။

ပုဏ္ဏသည် ထမင်းဝအောင် စားပြီးသည့်နောက် မိမိ၏ ရေအလှူနှင့် ဥတ္တရာ၏ ဆွမ်းအလှူတို့ကို ကြည်ညိုသဒ္ဓါ ပီတိဖြာရင်း အိပ်ပျော်၍သွားလေ၏။

◈◈◈

ပုဏ္ဏသည် အိပ်ရာမှ နိုးလာသည့်အခါတွင် မိမိလုပ်ငန်းခွင်သို့ ပြန်ဝင်ရန် လယ်ကွင်းသို့ ကြည့်လိုက်သည့်အခါ၌ မျက်စိထဲတွင် ထွန်ယက်ထားသော မြေစိုင်မြေခဲများသည် တဝင်းဝင်း တလက်လက်ဖြစ်နေသည်ကို တွေ့ရသဖြင့် ဇနီးဖြစ်သူ ဥတ္တရာကို မေးကြည့်ရာ ဟုတ်မှန်ကြောင်း၊ ၎င်းတို့နှစ်ဦးသည် မြေစိုင်မြေခဲကြီးများကို ကောက်ယူပြီး ကြည့်ကြရာမှ မြေသားပကတိမှ ရွှေသားဖြစ်၍နေသည်ကို တွေ့ရသည်။

ဇနီးသည် ဥတ္တရာက အရှင်သူမြတ်ကို ပေးလှူရတဲ့ အကျိုးသည် ချက်ချင်း လက်ငင်းပြနေသည်ဟု အားရဝမ်းသာ ပြော၏။

ပုဏ္ဏသည် ဤသို့သော ရွှေတုံးရွှေခဲများကို ဝှက်ထား၍လည်း ရမှာမဟုတ်ပါ။ ထမင်းတောင်းနှင့် အပြည့်ထည့်ပြီး ရှင်ဘုရင်ထံ ဆက်သမှ ဖြစ်မည်ဟု ဆိုပြီး ဇနီးမောင်နှံနှစ်ဦးတို့သည် ဗိမ္ဗိသာရမင်း နန်းတော်သို့ ဝင်ခွင့်တောင်းခံကာ အကြောင်းစုံကို ဘုရင့်ထံ လျှောက်ထား၏။ ရွှေတုံးရွှေခဲတွေလည်း သိမ်းယူရန် လျှောက်ထားခဲ့သည်။ ထိုရွှေတုံးရွှေခဲများသည် မည်မျှရှိကြောင်း ဘုရင်က မေးရာ လှည်းအစီးပေါင်း တစ်ရာမျှလောက် ရှိကြောင်း လျှောက်ထား၏။

မင်းကြီးလည်း မှူးမတ် မင်းချင်းတို့အား သွားရောက်ယူရန် စေလွှတ်လိုက်သည်။

မှူးမတ် မင်းချင်းတို့ကလည်း ရွှေခဲများကို ကွင်းလုံးပြည့် တွေ့မြင်ကြရသောအခါ၌ အားရဝမ်းသာဖြစ်ပြီး ဤရွှေတုံး ရွှေခဲများသည် ငါတို့ဘုရင်မင်းမြတ်ပိုင်သည်ဟု ဆိုပြီး လှည်းပေါ်သို့ အတင်၌ ရွှေတုံးရွှေခဲများသည် မြေစိုင်မြေခဲများအဖြစ် ပြောင်းလဲသွားသည်ကို တွေ့ရ၏။ ထိုအကြောင်းကို ဘုရင်မင်းမြတ်ထံ လျှောက်ထားကြရာ မင်းကြီးက ပုဏ္ဏတို့ လင်မယား၏ ကောင်းမှုကံကြောင့် ဖြစ်ကြောင်း၊ မြေစိုင်မြေခဲများ ကွင်းသို့ ပြန်ယူသွားပြီး ပုဏ္ဏ၏ ရွှေဟု ပြောပြီးမှ လှည်းပေါ်သို့ တင်ခဲ့ပါဟု မင်းချင်းတို့အား မှာကြားလိုက်သည်။

မင်းကြီး မှာကြားသည့်အတိုင်း လှည်းပေါ်သို့ တင်ရာတွင် မြေစိုင်မြေခဲတို့သည် ရွှေများ ပြန်ဖြစ်သွားကို တွေ့ရ၏။

ထို့နောက် ဗိမ္ဗိသာရမင်းကြီးက ပုဏ္ဏအား အသင်တို့၏ ကောင်းမှုကံကြောင့် ဖြစ်လာရသည့် ရွှေများကို အသင်တို့သာ သိမ်းယူပေတော့ဟု လွှဲအပ်ပေးတော်မူပြီး သူဌေးဘွဲ့ထူးနှင့်တကွ အဆောင်အယောင် ထီးတော်ကိုပါ ပေးအပ်လိုက်လေ၏။

ပုဏ္ဏသည် သူဌေးဘွဲ့ထူးနှင့် ရွှေတုံးရွှေခဲများကို ရရှိသော်လည်း ထားစရာ နေရာမရှိသဖြင့် ဗိမ္ဗိသာရမင်းကြီးထံသို့ လျှောက်ထားပြန်၏။

မင်းကြီးကလည်း ရာဇဂြိုဟ်မြို့၏ အနောက်နားမှာရှိသည့် ရှေးက သူဌေးကြီးတစ်ဦး နေထိုင်လာခဲ့သော မြေနေရာဟောင်းကို အပိုင်ပေးသနားတော်မူပြန်သည်။ ထိုနေရာတွင်လည်း ချုံနွယ်ပေါင်းပင်များကို ရှင်းလင်းပြီးနောက် တိုက်အိမ်အဆောက်အအုံကို ဆောက်လုပ်ရန် မြေကို တူးရာမှ မြေကြီးအောက်တွင် ရွှေအိုးများ ထပ်မံ တွေ့ရှိရပြန်၏။

သူဌေးကြီး ပုဏ္ဏသည် ရွှေအိုးများ တွေ့ရှိကြောင်းကို ဘုရင်မင်းမြတ်ထံ သွားရောက် လျှောက်ထားပြန်၏။ ဘုရင်မင်းမြတ်ကလည်း သူဌေးကြီး ပုဏ္ဏ၏ ကုသိုလ်ကောင်းမှုကြောင့် ရလာသည့် ရွှေအိုးများဖြစ်ခြင်းကြောင့် သူဌေးကြီးပုဏ္ဏသာ ပိုင်စေဟု အမိန့်တော်ချမှတ်လိုက်သည်။

သူဌေး ပုဏ္ဏကား အိမ်ကို အမြန်ဆောက်ပြီး အိမ်တက်မင်္ဂလာကို လည်းကောင်း၊ သူဌေးအဖြစ် ဘုရင်မင်းမြတ်ချီးမြှင့်သော ထီးဆောင်း မင်္ဂလာကို လည်းကောင်း၊ သမီးဥတ္တရာ၏ နားထွင်းမင်္ဂလာတို့ကို လည်းကောင်း ပြုလုပ်လျက် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်အပေါင်းတို့အား ခုနစ်ရက်ပတ်လုံး အလှူကြီး ပေးလှူလေ၏။

မြတ်စွာဘုရားလည်း တရားအနုမောဒနာ ပြုတော်မူလျက် ဒေသနာတော်အဆုံး၌ သားအမိ သားအဖ သုံးယောက်စလုံး သောတာပတ္တိဖိုလ်၌ တည်ကြကုန်လေ၏။

◈◈◈

ထို့ကြောင့် သဒ္ဓါတရား ထက်သန်စွာနှင့် ကောင်းမှုကုသိုလ်များကို ပြုလုပ်ကြရာတွင် အကျိုးအာနိသင်သည် အလွန်ပင် ထက်မြက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်■

* * *

မင်းမြင့်(...)

ကျမ်းကိုး ။ ။ ခေတ်မီ ဓမ္မပဒ စတုတ္ထတွဲ၊ ကောဓဝဂ်။




www.burmeseclassic.com

www.burmeseclassic.com

၊ လေးကျွန်း ၊

# ရောင်စဉ်ဖြာစေသော အလင်းတန်း



လောကကြီးအား တစ်နေ့တာ အပူရှိန်နှင့် အလင်း ရောင်တို့ကို ပေးပြီးနောက် နေမင်းကြီးသည် အနောက် ယာကျွန်းသို့ ဝင်ရောက်ပေတော့မည်။ အနောက်ဘက် နေမင်းကြီးဝင်ရောက်သွားသည်နှင့် နေ၏ အလင်းရောင် ည် ဖြူလွှသော တိမ်စဉ်တန်းတို့တွင် လှပသော ရောင်စုံ လင်းများ ထင်ဟပ်ဖြာယှက်၍နေတော့၏။ ယင်းသို့ ရှိပျိုးစအချိန်တွင် ကောင်းကင်မြေကြီး ထက်အောက် ခွင် တိမ်တောက်ခြင်းတို့ဖြင့် ဝင်းလက် တောက်ပစေ

www.burmeseclassic.com

www.burmeseclassic.com

လျက် ပတ်ဝန်းကျင်တစ်ခွင် လှချင်တိုင်း လှနေတော့သည်။

ထိုသို့ ရောင်စဉ်တန်းများ ဖြာထွက်နေသည့် မိုးကောင်းကင်အား ငေးမောကြည့်ရှုနေသော တစ်စုံတစ်ဦးရှိနေပါ၏။ ထိုတစ်စုံတစ်ဦးမှာ အခြားသူမဟုတ်။ "ရှင်ဥတ္တရ" ဟူသော ဘွဲ့မည်ပိုင်ဆိုင်သည့် နုပျိုသော သာမဏေတစ်ပါးသာဖြစ်၏။ သာမဏေသည် နီညိုရောင်သင်္ကန်းကို သပ်ရပ်စွာ ဆင်မြန်းလျက် "လောကဦးသျှောင် စေတီတော်"လေး၏ ပရဝဏ်အတွင်းမှ ရောင်စဉ်တန်းများကို ငေးမျှော်ကြည့်ရှုနေခြင်းဖြစ်သည်။ ထိုရောင်စဉ်တန်းများကို ကြည့်၍ သာမဏေ၏ အဇ္ဈတ္တသန္တာန်၌ ရှင်တော် ဂေါတမ၏ အံ့ဖွယ်ဘနန်းဖြစ်ချေသော ဉာဏ်ပညာတန်ခိုး၊ အာနုဘော်တို့သည် ဤမည်သော ရောင်ခြည်တန်းတို့မှာ ရှိပေလိမ့်မည်ဟု တွေးတောသုံးသပ်လျက်နေပေသည်။

တိမ်တောက်ခြင်းဖြင့် လှပနေသည့် နေဝင်ရီတရောအချိန်လေးတွင် နွေနှောင်းကာလ မြောက်ပြန်လေများ တိုက်ခတ်လျက်ရှိပါ၏။ ဆုတောင်းပြည့်စေတီလေး၏ ဆည်းလည်းခတ်သံသည် လေပြည်လေး၏ ကလူကျီစယ်မှုများကြောင့် သာယာသော သံစဉ်တို့ဖြင့် ဓမ္မတေးတစ်ပုဒ်ကို ဖွဲ့နွဲ့တီးခတ်နေသည့်နယ်ပင်။

"ချွင်···ချွင်···ချွင်···"

သာမဏေသည် စေတီလေး၏ ထီးတော်ကို ကြည်ညိုစွာ မော့ကြည့်လျက် ဘုရားရှင်၏ နှိုင်းဆမရသော ကျေးဇူးတော်တို့ကို ရည်မှန်းကာ လက်အုပ်ချီလျက် ရှိနေတော့၏။ အနောက်ဘက် မိုးကောင်းကင်တစ်ခွင် လှပသော ရောင်စဉ်တန်းများကို နောက်ခံပြု၍ စေတီတော်၏ ဆည်းလည်းလေးများရဲ့ သံစဉ်သည် အထူးပင် လိုက်ဖက်တင့်မောလှသည်ဟု သာမဏေသည် ကြည်နူးခြင်း ခံစားမှုတို့ဖြင့် ထင်မြင်၍နေပေသည်။

ထိုအခိုက်ကလေးမှာပင် အိပ်တန်းတက်တော့မည့် ငှက်တစ်အုပ်သည် ပျံသန်းနေသကဲ့သို့ တစ်ခေါ်တစ်မျှော်ရှိလှသည်။ ရိုးမတောင်တန်းကြီးသည်လည်း လွမ်းဖွယ်မြူခြေဆိုင်း၍ မှိုင်းမှိုင်းညို့ညို့ရှိလှသည်။ ထိုသို့သော သာယာခြင်းနှင့် လွမ်းမောဖွယ်ကောင်းခြင်းတို့၏ စိတ်ခံစားမှုအပေါ် အခြေတည်၍ သာမဏေသည် သူ၏ ရှေ့လျှောက်ရမည့် ဘဝအတွက် မရေမရာ မသေချာခြင်းများဖြင့် တိမ်တောက်ခြင်းကိုသာ ငေးမောကြည့်နေမိတော့သည်။

သို့ဖြင့် သာမဏေသည် ဆည်းလည်းသံ တလွင်လွင်ဖြင့် ရှိနေသော လောကဦးသျှောင် ဆုတောင်းပြည့်စေတီတော်လေးအား ဦးသုံးကြိမ်ချပြီးသည့်နောက် စေတီတော်လေးအား လက်ယာရစ်ပတ်လျက် ကြည်ညိုနေ၏။ လူနတ်သတ္တဝါတို့အား မေတ္တာပို့ အမျှဝေလျက် ရတနာသုံးပါးကိုလည်း နှုတ်မှ တိုးညင်းစွာ ရွတ်ဆိုလျက်ရှိသည်။ သာမဏေသည် လောကဓံ၏အလယ် အဆန်းတကြယ်နိုင်လှစွာ ဘဝအချိုးအကွေ့များဖြင့် ကိုးကွယ်မှုဆိုင်ရာတွင်လည်း ပြောင်းလဲမှုများ ရှိခဲ့၏။ မည်သို့ပင်ဆိုစေ၊ သာမဏေ၏ ဘဝ၌ လုံးဝမမျှော်မှန်း၊ မထင်မှတ်ခဲ့သည့် ဗုဒ္ဓဘုရားရှင်၏ သားတော်ရှင်သာမဏေဖြစ်ရခြင်းအတွက် ပီတိသောမနဿတို့ဖြင့် အထူးပင် ကျေနပ်မိသည်မှာ ပြောစရာမလိုအောင်ပင် ဆိုရပေတော့မည်။

◈◈◈

မြို့နှင့် တစ်မိုင်ကျော်ကျော်ခန့် ဝေးကွာသော ပဒပ်ကုန်း ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော် ဦးသောဘိတ သီတင်းသုံး၏။ ထိုဆရာတော်ကြီးသည် ပဒပ်ကုန်းကျေးရွာသာမက၊ တခြားသော ရွာများသို့တိုင် သြဇာအာဏာသက်ရောက်၏။ ထိုဆရာတော်ကြီးမှပင် ထိုကျေးရွာများကို ပေါင်းစည်းစေလျက် နှစ်စဉ် စုပေါင်း ရှင်ပြု ရဟန်းခံ အလှူတော်မင်္ဂလာကို သူ၏ကျောင်း၌ ကျင်းပမြဲဖြစ်သည်။

နှစ်စဉ် နွေဦးကာလရောက်ပြီဆိုသည်နှင့် ဆရာတော် ဦးသောဘိတ ဦးဆောင်သော ရပ်မိရပ်ဖ ရွာလူကြီးများသည် စုပေါင်း ရှင်ပြုအလှူမင်္ဂလာအတွက် ဘုန်းကြီးကျောင်း၌ စည်းဝေး တိုင်ပင်လျက်ရှိရာ၊ ယခုနှစ်တွင်လည်း ထိုနည်းတူစည်းဝေးတိုင်ပင်လျက်ရှိ၏။ ကျောင်းထိုင်ဆရာတော်မှ သြဝါဒပေး၏။

"ဘုန်းကြီးတို့ မြန်မာလူမျိုးအများစုဟာ ထေရဝါဒ ဗုဒ္ဓဘာသာကို အများဆုံး ကိုးကွယ်ကြတာဆိုတော့ ဗုဒ္ဓဘာသာဝင် ယောက်ျားလေးမှန်သမျှ ရှင်သာမဏေပြုပေးရမယ်ဆိုတဲ့ မွန်မြတ်တဲ့ အစဉ်အလာတွေ ရှိခဲ့လေတော့ အခုနှစ်လည်း တို့ကျောင်းမှာ စုပေါင်း ရှင်ပြုမင်္ဂလာကို ကြီးကျယ်ခမ်းနားစွာ ကျင်းပဖို့ အစီအစဉ်ရှိပါတယ်။ လာမယ့် တန်ခူးလမှာ ကျင်းပနိုင်ဖို့အတွက် အစီအစဉ်တွေကို ကျောင်းဆရာလေး ဒကာ မောင်တင်မောင်ဝင်းက ဘုန်းကြီးကိုယ်စား ရှင်းပြပါလိမ့်မယ်။ မရှင်းတာ ရှိရင်လည်း ပြန်မေးလို့ရပါတယ်"

ကျောင်းဆရာလေး ကိုတင်မောင်ဝင်းသည် ပဒပ်ကုန်းကျေးရွာတွင် ကျောင်းဆရာအဖြစ် ရောက်ရှိနေသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်ပါ၏။ လူပျိုကြီးဖြစ်၍ အိမ်ထောင်ပြုရန်

ခေဦးစား။ ကျောင်းပိတ်သည့်အခါများတွင် ရပ်ရေးရွာရေး ဆောင်ရွက်၏။ ဆရာလေးသည် တခြားမြို့မှဖြစ်၍ ဆ ရာ တော်၏ ကျောင်း၌ နေလျက်၊ ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်၏။

အလှူကိစ္စနှင့် ပတ်သက်၍ အစည်းအဝေးသို့ ပဒပ်ကုန်းရွာသာမက၊ သိမ်ကုန်းရွာ၊ လက်ပံပင်ရွာ၊ ညောင်ပင်ရွာများမှ ဒကာ၊ ဒကာမများ တက်ရောက်လာကြသည်။ ဆရာလေး ကိုတင်မောင်ဝင်းနှုတ်မှ ထွက်လာမည့် စကားများကို အားလုံး ငံ့လင့်နေကြသည်။

"ခုနှ ဆရာတော်မိန့်တဲ့အတိုင်း မနှစ်ကလိုပဲ ဒီနှစ်မှာ အလှူပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပဖို့ စီစဉ်ထားပါတယ်။ ထူးခြားတာက ငွေကြေးမလုံလောက်လို့ လှူချင်တန်းချင်၊ သား ရှင်ပြုပေးချင်တယ်ဆိုရင် သက်သာတဲ့ ကုန်ကျစရိတ်ကို တွက်ချက်ပြီး ကိုယ့်ကလေးတွေကို ထည့်ပြီး ရှင်ပြုနိုင်အောင် စီစဉ်ထားပါတယ်။ နောက်ပြီး စည်စည်ကားကားဖြစ်ဖို့အတွက်လည်း နာမည်ကြီး ဆိုင်းဝိုင်းဖြစ်တဲ့ ဆရာတား ကိုမြင့်သိန်း ဦးစီးတဲ့ "စိန်ထက်ရောင် ဆိုင်းအဖွဲ့"ကို ငှားဖို့ ဆရာတော်က စီစဉ်ထားပါတယ်။ အလှူလာ ဧည့်ပရိသတ်တွေကို ကျွေးမွေးဧည့်ခံဖို့ ငါးခြောက်ထောင်းနဲ့ ဟင်းချိုကျွေးပါမယ်။ နေ့လယ်မှာတော့ လိုင်းမကျူးဖျော်ရည်နဲ့ ငှက်ပျောခြောက်ကို ဧည့်ခံဖို့လည်း စဉ်းစားထားပါတယ်။ မနှစ်ကလိုပဲ ဒီနှစ်လည်း လူငယ်ခေါင်းဆောင် ကိုမြင့်ကျော်နဲ့ ဗေဒင်ဆရာလေး မောင်ရဲဇော်တို့က ဒကာကြီး ဦးရွှေခနဲ့အတူ ပြည်ကို တက်ပြီး ငါးခြောက်ဝယ်သွားရပါမယ်။ အလှူအတွက် ချက်မှုပြုတ်မှုတာဝန်တွေကို ဒေါ်သန်းသန်းဝါ၊ ဒေါ်ခင်ခင်နိုင်တို့က ကိုခင်မောင်ထွန်းတို့အဖွဲ့နဲ့ ပူးပေါင်းပြီး တာဝန်ယူရပါမယ်။ ဆိုင်းအဖွဲ့ငှားဖို့အတွက် ဆရာတော်ကိုယ်တိုင် ဦးဆောင်ပြီး ဦးအေးရွှေနဲ့ ဦးထွန်းကြည်တို့က ရန်ကုန်လိုက်ရပါမယ်။ ကဲ - ဆရာတော် ညွှန်ကြားချက်အတိုင်း ကျွန်တော် ချပြတာတွေကို မရှင်းတာရှိရင် မေးမြန်းနိုင်ပါတယ်။ ရပ်မိရပ်ဖတွေဘက်က ဘယ်လိုများ အကြံပေးချင်ပါသေးသလဲ။ လိုအပ်ရင် ထည့်သင့်ထည့်၊ ပြင်သင့်ပြင်ရအောင်ပါ"

ကျေးရွာလူကြီး ဦးအောင်မြင့်မှ . . .

"ဆရာတော်ရဲ့ မိန့်မှာချက်အတိုင်းမို့ ပြင်စရာ၊ ထည့်စရာ မရှိပါဘူး။ အားလုံး ပြည့်စုံနေပါပြီ"

ထို့နောက် ဆရာတော်မှ ရွာသားများအား ဩဝါဒပေးခဲ့ပါသည်။

"အဲဒါဆို ကောင်းပြီ။ ဘုန်းကြီးအနေနဲ့ အခုလာမယ့် အလှူမှာ အထူးအလေးပေး မှာကြားလိုတာက အလှူပွဲမှာ လူငယ်လူရွယ် ယောကျ်ား မိန်းကလေးတွေ မြန်မာဆန်ဆန် ယဉ်ကျေးမှုကို မပျောက်စေဘဲ အဝတ်အစားလုံလုံခြုံခြုံဝတ်ဆင်ရပါမယ်။ လူငယ်တွေအနေနဲ့ စည်းကမ်းသေဝပ်ဖို့နဲ့ အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ကြဖို့ လိုပါတယ်။ နောက်ပြီး မောင်နဲ့ နှမ၊ သားနဲ့ အမိဆိုသလို ရှန့်ရင်းကြမ်းတမ်းတဲ့ ဖရုသဝါစာစကားတွေ မပြောဆိုဖို့၊ အထူးသဖြင့် မိန်းကလေးတွေ ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းပြီး ဝတ်စားဆင်ယင်ဖို့ လိုတယ်။ ဒီကိစ္စတွေကို ဒကာတွေကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်ရလိမ့်မယ်။ အလှူလာ ဧည့်သည်တွေ၊ သံဃာတော်တွေ၊ လူပရိသတ်တွေကြားမှာ ဘုန်းကြီးက ကြိမ်လုံးဝင့်နေရဲ့တာမျိုး မဖြစ်ချင်ဘူး။ အမိက မြို့ပေါ်က သာသနာ့ပိုင်တွေလည်း ကြွလာကြမှာမို့ သာသနာ့အကျိုးမျှော်ကိုးပြီး ဝိုင်းဝန်းကူသိုလ်ယူကြဖို့ ဘုန်းကြီး တိုက်တွန်းလိုတယ်"

ဆရာတော်၏ ဩဝါဒပြီးဆုံးသည့်အခိုက် ပဒပ်ကုန်းရွာလယ်ပိုင်းမှ ဦးဘိုးစ၊ သမက်ဖြစ်သူ ဦးဒေတို့နှင့်အတူ သူတို့၏ နောက်မှ ခပ်ယို့ယို့လိုက်ပါလာသော အသက် ၁၉နှစ်အရွယ် တိုင်းရင်းသားရုပ်ပေါက်သည့် အသားဖြူဖြူ လူငယ်တစ်ယောက်တို့ ကျောင်းပေါ်သို့ ရောက်လာကြ၏။ သူတို့သည် သင့်တော်ရာနေရာ၌ ထိုင်လိုက်ကြပြီး ဆရာတော်အား ဝတ်ဖြည့်ကြသည်။ တခြားသူများက ဝတ်ဖြည့်ကြသော်လည်း ထိုလူငယ်မှာ ဝတ်ဖြည့်ရမည်ကိုပင် နားမလည်သကဲ့သို့ ဟိုကြည့် သည်ကြည့်ဖြစ်နေရာ ဦးဘိုးစမှ . . .

"ဟဲ့ - လူလေး စောဦးသာ၊ ဆရာတော်ကို လက်အုပ်ချီပြီး ဝတ်ဖြည့်လိုက်လေ"

ဟု ဆိုမှပင် လူငယ်သည် ပုံမကျပန်းမကျ ဝတ်ဖြည့်လိုက်သည်။

လူငယ်၏ ပုံမကျမှုကြောင့် လူကြီးများမှာ ပြုံးမိမလိုဖြစ်သော်လည်း ဆရာတော်မှမူ မည်သူမဆို မှားသည်ကို ပြင်ပေးလိုသော စိတ်စေတနာတို့ဖြင့် . . .

"ဒကာလေး . . . တို့ဗုဒ္ဓဘာသာမှာ လက်အုပ်ချီ ကန်တော့ခြင်းဆိုတာ မိမိထက် မြင့်မြတ်တဲ့ ရဟန်း သံဃာတွေနဲ့ သက်ကြီးရွယ်အို လူကြီးမိဘများကို အရိုအသေပြု နှုတ်ဆက်ခြင်း၊ ဂါရဝပြုခြင်းသဘောလို့ အဓိပ္ပာယ်ရတယ်။ ကန်တော့တယ်ဆိုတာမှာလည်း ထိခြင်းငါးဖြာနဲ့ ရှိခိုး

www.burmeseclassic.com

ကန်တော့ရတယ်။ စနစ်တကျရှိရမယ်။ သေသေသပ်သပ်ရှိရမယ်။ တာဝန်ကျေသဘော ခြေကားရာ လက်ကားရားနဲ့ ပုဆိန်ပေါက် ကန်တော့တာမျိုး မလုပ်ရဘူး။ ပထမ လက်အုပ်ကို ပူးပြီး ကြာငုံအသွင်ဖြစ်အောင် လုပ်။ အဲဒီကြာငုံလက်နှစ်ဖက်ဟာ မျက်ခုံးနားမှာ လက်မ ရှိရပြီး၊ ဆံပင်စနားမှာ လက်ညှိုးရှိရပါမယ်။ နောက်ပြီး လက်ရော၊ ဒူးရော၊ တံတောင်နဲ့ နဖူးပါ အောက်ချပြီး ဝတ်ဖြည့် ရှိခိုးရတယ်ကွ။ သံပေါက်တောင် ရှိသေးတယ်။ ဘာတဲ့… "လက်အုပ်ကိုပင် ကြာငုံသွင် အရင်ပြုလုပ်ပါ။ မျက်ခုံးလက်မ ဆံစလက်ညှိုး ထိကာမိုး ရှိခိုးဝန္ဒနာ။ လက်ချပူးချ တံတောင်ချ နဖူးချကာ ရှိခိုးပါ"တဲ့၊ ဟုတ်လား"

လူငယ်အား သင်ကြားပေးပြီးနောက် ဆရာတော်သည် ဦးဘိုးစထံ မျက်နှာမူလျက်…

"ဆို…ဒကာကြီး ဦးဘိုးစ၊ ဘာကိစ္စ"

"တင်ပါ့ ဘုရား။ ဒီသူငယ်က တပည့်တော်ရဲ့ တူသားဖြစ်တဲ့ မောင်စိန်ဝင်းနဲ့ မခင်မေတို့ရဲ့ သားပါ။ နာမည်က စောဦးသာလို့ ခေါ်ပါတယ်။ မောင်စိန်ဝင်းရော မခင်မေကပါ သူတို့သားကို သာမဏေဝတ်ဖို့ အကူအညီတောင်းတာနဲ့ လာမယ့် စုပေါင်းရှင်ပြုပွဲမှာ ပါဝင်နိုင်ဖို့ ဆရာတော့်ဆီ ခေါ်ခဲ့တာပါ ဘုရား။ မောင်စိန်ဝင်းတို့ ဇနီးမောင်နှံက အစိုးရဝန်ထမ်းတွေဆိုတော့ မအားကြတာနဲ့ တပည့်တော်တို့ကို ဆရာတော့်ဆီမှာ ပြောပေးဖို့ အကူအညီတောင်းတာနဲ့…"

ဆရာတော် ဦးသောဘိတ၏ မျက်နှာမှာ ကြည်လင်ပြုံးရွှင်သွားပါ၏။ ဆရာတော်မှ…

"မောင်စိန်ဝင်းရော မခင်မေပါ ဘုန်းကြီးသိပြီးသားပါ။ တစ်လောက အူအတက်ရောင်လို့ ဘုန်းကြီး ဆေးရုံတက်လိုက်ရတာ ဒကာကြီးတို့လည်း အသိပါ။ အဲဒီတုန်းက ဒကာမ မခင်မေရဲ့ ကူညီမှုတွေ၊ ပြုစုပေးမှုတွေကြောင့် ဘုန်းကြီး သက်သာလာတယ်လို့ ပြောလို့ရပါတယ်။ မခင်မေရဲ့ ကျေးဇူးတွေ ကြီးပါပေရဲ့"

ဆရာတော်မှ ဦးဘိုအား ဆက်လက်၍…

"မခင်မေက ကရင်တိုင်းရင်းသူဖြစ်တဲ့အပြင်၊ တခြားဘာသာဝင်မဟုတ်လား။ မောင်စိန်ဝင်းကတော့ ထားပါတော့။ မခင်မေအနေနဲ့ သူ့သား သာမဏေဝတ်တာနဲ့ ပတ်သက်ပြီး ကျေနပ်မှုရှိရဲ့လား။ လိုလိုလားလားမှ လက်ခံရဲ့လား။ သက်ဆိုင်သူ မိဘနှစ်ပါးရဲ့ သဘောတူ ခွင့်ပြုမှုရမှ ရှင်ပြုရတာလေ။ သည်လိုမေးရတာကလည်း အကြောင်းရှိတယ် ဒကာကြီးရဲ့။ ဘုန်းကြီးတို့ရဲ့ ဘုရားရှင်ဟာ ခုနစ်နှစ်သား သားတော် "ရာဟုလာ"က အမွေတောင်းတော့ သာသနာ့အမွေအဖြစ် ရှင်သာရိပုတ္တရာကိုယ်တော်တိုင် ရာဟုလာကို ရှင်သာမဏေဝတ်ပေးခဲ့တယ်လေ။ အဲဒီကိစ္စမှာ ရာဟုလာကို ထီးမွေနန်းမွေဆက်ခံစေဖို့ ရည်မှန်းထားတဲ့ သုဒ္ဓေါဒနမင်းကြီး သိတော့ အတော်ကို စိတ်မချမ်းမသာဖြစ်ခဲ့ရတယ်။ ဒါကြောင့် မြတ်စွာဘုရားက မိဘ ခွင့်မပြုသောသားကို ရှင်ပြုမပေးရလို့ ပညတ်ခဲ့တာရှိတယ် ဒကာကြီးရဲ့"

ဒကာကြီး ဦးဘိုးစမှ…

"တင်ပါ့ ဘုရား။ မောင်စိန်ဝင်းတို့ ဇနီးမောင်နှံသာမကသူတို့ရဲ့ သားဖြစ်သူကလည်း အဘွားဖြစ်သူနဲ့ မိဘစကားကို နားထောင်ပြီး အဘွားဖြစ်သူ နိဗ္ဗာန်ကို ရည်မျှော်မှန်းနိုင်ဖို့ ပင်ကိုယ်သိနဲ့ သာသနာ့အမွေဆက်ခံဖို့ ကိုယ်တိုင်ကိုယ်ကျဆုံးဖြတ်ခဲ့တာပါ ဘုရား။ တပည့်တော်အသိပါ ဘုရား"

ဆရာတော်မှ…

"အင်း… ဒါဆိုလည်း ပိုပြီးကောင်းတာပေါ့ကွယ်"

ဟု မိန့်ကြားလျက် ဆရာတော်မှ လူငယ်အား သူ့နားတိုးစေလျက်…

"ကဲ - မောင်ရှင်လောင်း။ ဘုန်းကြီးသိရသလောက်ဆိုရင် မောင်ရှင်လောင်းဟာ တခြားယုံကြည်မှုမှာ မိခင်ရဲ့ အလိုဆန္ဒအရ ပျော်မွေ့ သက်ဝင်တယ်လို့ သိထားတော့ မောင်ရှင်လောင်းအနေနဲ့ အခုလို သာမဏေဝတ်ဖို့ ဆုံးဖြတ်ချက်ချတာဟာ မိဘများရဲ့ ဖိအားပေး တိုက်တွန်းချက်ကြောင့်လား။ ဒါမှမဟုတ် အဘွားဖြစ်တဲ့သူကို စိတ်ချမ်းသာစေချင်လို့လား၊ ဒါမှမဟုတ် ပင်ကိုယ်ဆန္ဒအသိကြောင့်လားဆိုတာ ဘုန်းကြီးကို ပြောပြပါဦး"

စောဦးသာမှ မဝံ့မရဲဖြင့်…

"တပည့်တော်…ဘယ်လိုလျှောက်ရမှန်းတောင် မသိတော့ပါဘူး။ ဘာသာမတူ၊ အသွင်မတူတဲ့ မိဘနှစ်ပါးက မွေးဖွားလာတဲ့ သားသမီးတိုင်းဟာ တပည့်တော်လိုပဲ ဆုံးဖြတ်ရ ခက်ခဲလိမ့်မယ်လို့ ထင်ပါတယ် ဘုရား။ အစကတော့ မိခင်ဖြစ်သူရဲ့ စိတ်နှလုံးနှိမ့်ချမှုကြောင့် တပည့်တော် ရှင်သာမဏေဖြစ်ဖို့ အကြောင်းပါလာတာပါ။ တပည့်တော် အနေနဲ့က မိဘတွေရဲ့ တောင်းဆိုမှုကို ဆန္ဒပြည့်ပေးချင်တာ ရယ်၊ အဘွားဖြစ်သူရဲ့ စိတ်ချမ်းသာမှုကို ပြည့်ဝစေတဲ့ ဆန္ဒ ရယ်၊ တပည့်တော်ကိုယ်တိုင် ဗုဒ္ဓစာပေဖတ်ရှုခြင်းအားဖြင့် မိမိရဲ့ လက်ခံနိုင်တဲ့ အခြေအနေကြောင့် သာမဏေဝတ်မယ်လို့ ဆုံးဖြတ်မိတာပါ ဘုရား"

ဆရာတော်သည် လူငယ် စောဦးသာအား ကျေနပ်မှု

www.burmeseclassic.com

ကြည့်လိုက်ပြီး ခေါင်းညိတ်၍သာ နေ၏။

အလှူမတိုင်ခင် ရက်များအတွင်း သရဏဂုံသုံးပါးနှင့် တကွ သင်္ကန်းအပ်ခြင်း၊ သင်္ကန်းတောင်းခြင်း၊ အခြေခံ ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဝင်စာပေများ ကျက်မှတ်လေ့လာ သင်ယူ ရန်အတွက် စောဦးသာအား ကျောင်းသို့ လာခဲ့ဖို့ မှာကြား လိုက်သည်။

မည်သို့ဆိုစေ၊ ဗုဒ္ဓသာသနာတော် တိုးတက်ပြန့်ပွားစေ ရန် ဘုရား၏ သားတော်များဖြစ်သော မိမိတို့၌ ထာဝရ တာဝန်ရှိနေကြောင်း ဆရာတော် "ဦးသောဘိတ"သည် တခဏ တွေးတောလျက် ပီတိသောမနဿ ဖြစ်၍နေတော့သည်။

◈◈◈

အမှန်အားဖြင့် စောဦးသာ၏ ဖခင်သည် ဗုဒ္ဓဘာသာ ဖြစ်လင့်ကစား၊ မိခင်၏ ယုံကြည်မှုဘာသာ၌ စောဦးသာ တစ်ယောက် ပိုမိုလေးနက်ခဲ့ပါ၏။ သို့ကြောင့် ယုံကြည်သူ အသိုင်းအဝန်း၌ စောဦးသာအား ကျေနပ် သဘောကျခဲ့ကြ သည်။ စောဦးသာသည် အပတ်စဉ် ဘုရားကျောင်းတက်၏။ ယုံကြည်မှုချင်း တူညီသော ခင်နွယ်ဦး၏ အလေးပေးမှု သည် စောဦးသာ၏ နှလုံးသား၌ အခြေတည်လျက်ရှိနေ၏။ စောဦးသာနှင့် ခွင်နွယ်ဦးတို့၏ ငယ်ရွယ်သူတို့ နှလုံးသားတွင် သံယောဇဉ်များ ရစ်ပတ်တွယ်ငြယ်လျက် ရှိနေတော့၏။ သို့ သော်လည်း သူတို့နှစ်ဦးသည် ဘာသာတူတို့၏ တန်ဖိုးညီသော ချစ်ခရီးလမ်းဖြစ်မလာခဲ့ပါပေ။

တစ်နေ့တခြား ဆိုးရွားလာသော အဘွားဖြစ်သူ၏ ကျန်းမာရေးအခြေအနေကို မူတည်လျက် ဖခင်ဖြစ်သူမှာ မိဖြစ်သူ မခင်မေအား ဖြစ်ချင်သော ဆန္ဒကို ပြောပြခဲ့၏။ ခင်အတွက် ပူပင်သောကများစွာဖြင့် ကိုစိန်ဝင်းမှ···

"ငါ့ရဲ့ အမေတုန်းက သူ့ရဲ့ မြေးကို ရှင်မပြုခဲ့ရဘဲ ဆုံးရှာရောက်ခဲ့ရတယ်။ အခု အမေ့ကျတော့လည်း သူ့ရဲ့ မြေးကို ချစ်လို့ မြေးအလိုကျ အလိုလိုက်တာရှိမယ်။ မြေးဖြစ် သူကို ရှင်ပြုပေးချင်တဲ့ ဆန္ဒတော့ ရှိနေမှာပဲ"

သက်ပြင်းလေး ချ၍ ပြောလာသော ခင်ပွန်းသည် အတွက် ဒေါ်ခင်မေမှာ စိတ်မကောင်းဖြစ်ရသည်။

"ဒီလိုဆိုလည်း သားရဲ့ သဘောထားကို မေးကြည့်ပါ အား ကိုစိန်ဝင်းရယ်။ သား သဘောတူရင် ကျွန်မ ဘာမှ မပြောလိုပါဘူး။ အခုလို ငယ်ရွယ်ချိန်မှာ အပျော်အပါးမလိုက် ဘဲ ဘုရားတရားကို ကိုးကွယ်နေတာ သူ့အတွက် ကောင်းဆုံးမဟုတ်လား။ ကျွန်မရဲ့ ယုံကြည်ရာပဲ ဖြစ်ဖြစ်၊ ကိုစိန်ဝင်းရဲ့ ယုံကြည်ရာပဲ ဖြစ်ဖြစ်၊ ယုံကြည်ရာတစ်ခုခုနား မှာ သားအနေနဲ့ အမြဲရှိနေရင် သူ့အတွက် ရင်ပူစရာမလို တော့ဘူးပေါ့ရှင်"

ဒေါ်ခင်မေ၏ ဆိုလိုချက်ကို ကိုစိန်ဝင်း နားလည် သဘောပေါက်သည်။ သို့အတွက်···

"ငါ သဘောပေါက်ပါတယ်ကွယ်။ အမေ့အတွက် ငါသာမက၊ ငါ့သားကပါ မလုပ်ဆောင်နိုင်ခဲ့ဘူးဆိုရင် ငါ့ရဲ့ တစ်သက် ဘယ်လိုမှ မြေနိုင်တော့မှာ မဟုတ်ပါဘူး။ ဒါ ကြောင့် ငါပြောမိတာပါ"

ဒေါ်ခင်မေမှ···

"ဘယ်ဟုတ်ပါ့မလဲရှင်။ သားက ရှိသားပြီး စိတ်ကောင်း ရှိတဲ့အတွက် သားဆီက အဖြေကောင်းတစ်ခုရမှာပါ။ ဒီကိစ္စ ကို အမေနဲ့ တိုင်ပင်ပြီး လုပ်သင့်တာ လုပ်ရမှာပေါ့"

◈◈◈

မိခင်ထံမှ မမျှော်လင့်သော စကားကြောင့် စောဦးသာ အံ့သြသွားရသည်။ စောဦးသာအနေဖြင့် မည်သို့မျှ မျှော်လင့် မထားသည့်ကိစ္စဖြစ်ခြင်းကြောင့်လည်း ရုတ်ခြည်းဆိုသလို ငြင်းပယ်လိုက်ပါသေး၏။ မိဘနှစ်ပါးစလုံးမှ "အေးအေး ဆေးဆေး စဉ်းစားပါ သားရယ်"ဟု ပြောလာသည့်နောက် ယုံကြည်ရာ ပြောင်းလဲမှုအတွက် လေးလေးနက်နက် စဉ်းစား ရတော့၏။

စောဦးသာ၏ အဘွား ဒေါ်ထွေးသည် ဗုဒ္ဓဘာသာဝင် ဖြစ်သည့်အလျောက် ဗုဒ္ဓဝင်၊ စာပေကျမ်းဂန်များကို နှံ့စပ်စွာ သိရှိသူဖြစ်သည်။ စောဦးသာသည် ငယ်စဉ် ကလေးဘဝ တောက်လျှောက် အဘွားဖြစ်သူနှင့် နေထိုင်ရသည်ဖြစ်ရာ အဘွားပြောပြသော ပုံပြင် နိပါတ်တို့ကို စောဦးသာ နား ထောင်ခဲ့ရသည်ချည်း။ ဒေါ်ထွေးအနေဖြင့် မြေးဖြစ်သူကို ချစ်လွန်း၍ မည်သို့မျှ မပြောသော်လည်း သူ၏ စိတ်ထဲ၌မူ မြေးဖြစ်သူအား ရှင်ပြုပေးလိုသော စိတ်ဆန္ဒရှိပါ၏။ မြေးဖြစ် သူ စောဦးသာမှာလည်း အဘွားဖြစ်သူ၏ စိတ်သဘောကို လိုက်လျောလိုသည့်အတွက် နက်နက်ရှိုင်းရှိုင်းစဉ်းစားရပါ၏။

သားအချစ်၊ မြေးအနှစ်ဆိုသည့်အတိုင်း သူ့အပေါ် ချစ် ခြင်းမေတ္တာစေတနာကို ငယ်စဉ်ကပင် ပြသခဲ့သော အဘွား ၏ ဆန္ဒကို ဖြည့်ဆည်းပေးရန် ဆုံးဖြတ်လိုက်သည့်အခါတွင် တခြားတစ်ဖက်၏ ယုံကြည်မှုဝန်းကျင်နှင့် ချစ်သူကို ထာဝရ ကျောခိုင်းရမည်ကို စောဦးသာ ကြေကွဲစွာ နားလည်ထားပြီး ဖြစ်ပေ၏။

မည်သို့ဖြစ်စေ၊ အသက် ၈၀ ကျော် အဘွားဖြစ်သူ၏



www.burmeseclassic.com

www.burmeseclassic.com

နာမကျန်းဖြစ်နေသည့်အခိုက် အဘွား၏ မေတ္တာတရားကို အချိန်မလွန်မီ ပြန်လည်ပြသရမည်ဟူသော ခံယူချက်အသိစိတ်တို့သည် အမှန်တရားစစ်စစ်အဖြစ် ပြန်လည်ထွက်ပေါ်လာရကား၊ သာမဏေဝတ်ရန် ဝေခွဲမရသော အခက်အခဲများစွာမှ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ကို ချနိုင်ခဲ့သည့်အခါတွင် ချစ်ရသော ခင်နွယ်ဦးအား ရင်နာစွာ စွန့်လွှတ်ခဲ့ရသည်။ ယုံကြည်သူအသိုင်းအဝိုင်းမှလည်း စိတ်မကောင်းစွာ ခွဲခွာခဲ့ရလေတော့သည်။

◈◈◈

ရှင်ဥတ္တရ မှတ်သားဖူးသော ဘာသာများမှာ တန်ခိုးရှင်၊ ဖန်တီးရှင် ထာဝရဘုရားများဖြစ်ကြသော်လည်း ဗုဒ္ဓစာပေ၌မူ ထိုသို့မဟုတ်။

ဗုဒ္ဓဘုရားရှင်သည် သုမေဓာ ရှင်ရသေ့ဘဝမှ ဝေဿန္တရာမင်းကြီးဘဝတိုင် ပါရမီတော် ဆယ်ပါးတို့ကို နိုင်နိုင်ကျည်ကျည် ရင်ဝယ်ပိုက်လျက် ဖြတ်သန်းလာပြီးနောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအလွန် ဘဒ္ဒကမ္ဘာတွင် ဗုဒ္ဓဘုရားရှင်အဖြစ် ပွင့်တော်မူခဲ့ခြင်းကို ကြည့်ပါက လူအများပြောနေကြသည့် "ကြိုးစားလျှင် ဘုရားတောင် ဖြစ်နိုင်သည်" ဤသို့သော စကားရပ်ကို သာမဏေ အမှတ်ရလိုက်သည်။ ထိုအချက်ကြောင့်ပင် သူ့အနေဖြင့် ဗုဒ္ဓစာပေကျမ်းဂန်များကို လေ့လာလိုစိတ် တားမရဆီးမရဖြစ်ခဲ့ရသည်။ ဆရာတော်မှလည်း သာမဏေ၏ စာပေလေ့လာလိုစိတ်ကို မတားမြစ်၊ မပိတ်ပင်သည့်အပြင်···

"ကိုရင် ဥတ္တရ··· ကိုရင် ဖတ်လို၊ မှတ်လိုတဲ့ ဗုဒ္ဓပင်ကျမ်းဂန်တွေ ဗီရိုထဲမှာ ရှိတယ်။ စာအုပ်တွေကို ဖတ်ပြီး၊ မှတ်ပြီးရင် စည်းကမ်းတကျ သေသေသပ်သပ်ပြန်ထား။ နားမလည်တာ၊ သဘောမပေါက်တာရှိရင် ဆရာတော့်ကို မေး"

ဆရာတော်၏ လိုက်လျောမှုကြောင့် သာမဏေမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရ၏။ သို့ဖြင့် ဗုဒ္ဓသည် မြတ်စွာသော ဘုရားရှင်ဖြစ်သည့်အပြင်၊ အလုံးစုံသော တရားတို့ကို ကိုယ်တော်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်သော အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်း သာမဏေ သဘောပေါက်ခဲ့၏။

သတ္တဝါတိုင်းသည် အတိတ်ခရီးရှည်ကြီးကို လျှောက်ခဲ့ရသည်ကြောင့် သတ္တဝါတိုင်း အတိတ်(ကံ) ကိုယ်စီရှိကြပါ၏။ သို့သော် ကုသိုလ်ကံလား၊ အကုသိုလ်ကံလား ဆိုသည်ကို မည်သူတစ်ဦးတစ်ယောက်မျှ မသိနိုင်ကြ။ သတ္တဝါတို့၏ အတိတ်ကံ၊ အတိတ်အလုပ်များကို သိနိုင်သောသူမှာ ဗုဒ္ဓဘုရားရှင်တစ်ပါးတည်းသာ ဖြစ်၏။ မိမိပြုဖူးသော ကံကို သိသည်ဖြစ်စေ၊ မသိသည် ဖြစ်စေ၊ ထိုကံကြောင့် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုတိုင်းကို သတ္တဝါတိုင်း ခံယူကြရမည်မှာ မလွဲကေန်ပင် ဖြစ်ပေသည်။ ကောင်းသော ကုသိုလ်ကို ပြုခဲ့ပါက ကောင်းကျိုးခံစားရသကဲ့သို့ ဆိုးသော ကုသိုလ်ကို ပြုခဲ့သော် ဆိုးသောကံသာ ခံစားရမည်ကို သိလိုက်ရသည့် သာမဏေ ရှင်ဥတ္တရသည် မိမိ ဘာလုပ်သင့်သည်ကို သိလိုက်ရတော့သည်။

မိမိသည် ဘိုးဘွားမိဘများအတွက် သာသနာ့အမွေကို ဆက်ခံလျက် ကောင်းကျိုးကို ဖြစ်စေခဲ့ပြီးဖြစ်သည်။

မိမိကိုယ်နှိုက်ကမူ မိမိဘဝအတွက် မည်သို့ ဆုံးဖြတ်ရမည်ကို ဝေခွဲမရဖြစ်လေခဲ့သမျှ၊ ယခု ဗုဒ္ဓစာပေကျမ်းဂန်နှင့် ဟောကြားသွန်သင်သော တရားတော်များကြောင့် တိကျသေချာစွာ ဆုံးဖြတ်နိုင်ခဲ့ပြီဖြစ်သည်။

လာမည့် အနာဂတ်တွင် ရှင်ဥတ္တရသည် ဗုဒ္ဓဘုရားရှင်နှင့် ဗုဒ္ဓဝါဒအပေါ် လေးနက်စွာ ယုံကြည်ကိုးဝပ်မှုတို့ဖြင့် ဘုရားရှင်၏ တရား ဘာဝနာများကို ငြိမ်းချမ်းစွာ တည်ဆောက်ကျင့်ကြံ အားထုတ်တော့မည်မှာ အသေအချာပင် ဖြစ်ပေ တော့သည်။

မကြာမီ တိမ်တောက်ပေဦးမည်တော့မည်။ နေမင်းကြီး ရောင်ခြည်တန်းများမှတစ်ဆင့် တိမ်များဆီသို့ ထင်ဟပ် လုပသော ရောင်စဉ်တန်းများအဖြစ် လောကတစ်ခွင် အလှဆင်နေဦးမည်ဖြစ်သည်။

သာမဏေ ရှင်ဥတ္တရသည် ရောင်စဉ်တန်းများကို တ ငြိမ်စွာဖြင့် ကြည့်လျက် ဆင်ခြင်နေမိပါ၏။ သာမဏေ မျက်နှာသွင်ပြင်သည် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာ တဏှာ၊ ဒိဋ္ဌိများ ကင်းစင်လျက်၊ ပကတိ ငြိမ်းချမ်းခြင်းအ ဆောင်လျက်ရှိနေပါ၏။

သူသည် ရုပ်ထွေး ပွေလီသော လောကီနယ်ပယ် ပြန်လည်ကူးပြောင်းရန် စိတ်ကူးမရှိပါလေတော့၊ ကျောင်း တွင် စကြံလျှောက်နေသော ကျောင်းထိုင်ဆရာ ဦးသောဘိတသည် သာမဏေ ရှင်ဥတ္တရအား အချိန် စောင့်ကြည့် အကဲခတ်ရန် မလိုအပ်တော့ပေ။

"ရှင်ဥတ္တရ···အရာရာ ပြီးစီးခဲ့လေပြီတကား"

ဟု သဘောထားလေပြီလား မပြောတတ်၊ ကျော တွင် စကြံလျှောက်မြဲ လျှောက်လျက် ရှိနေတော့သည်

* * *

နေ့သာမန်(ဓိ


www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးကြီးမားသည့် ပါရမီတော်များဟု စကားအလှဖြင့် ဆိုလိုက်ပါသော်လည်း မြတ်စွာဘုရားအလောင်းတော်၏ ဘုရားဖြစ်ရန် ရည်သန်၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြည့်စွက် ပြုကျင့်တော်မူခဲ့သော ပါရမီတော်များ၏ ကျေးဇူးကြီးမားလှပုံကို တင်ပြလိုရင်းသာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြတ်စွာဘုရားအလောင်းတော်သူမြတ်သည် ဘဝအနေအထားဖြင့် ရာထောင်သိန်း ကိန်းချ၍ ရေတွက်မရနိုင်အောင် များပြားလှသည့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်း၌ မိမိ၏ အသက်ကိုပင် မငဲ့ကွက်၊ မခြွင်းချန်ဘဲ ဘာဝနာလေးတန် အခြေခံ၍ လှူဒါန်းခဲ့သော ဒါနပါရမီကောင်းမှုကြောင့် ဖြစ်လေ့ရာဘဝ၌ ထိုဒါန ပါရမီအာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာသမျှ လောဘကိလေသာကို ပယ်သတ်လျက် အလွန်နည်းပါးအောင် ပြုကျင့်တော်မူသဖြင့် "ဤပုဂ္ဂိုလ်သူမြတ်၏ သန္တာန်၌ လောဘစာတ် ကိလေသာတရား မရှိများ မရှိလေရော့သလား"ဟူ၍ သူတစ်ပါးတို့ ပြောကြားလောက်သော အခြေသို့ပင် ရောက်စေတော်မူခဲ့၏။



# ကျေးဇူးကြီးမားလှသည့် ပါရမီတော်များနှင့် ပရိတ်ရွတ်ဖတ်ပူဇော်ခြင်း၏ အကျိုးဆက်များ

ကိုရွှေမြသန်း (သမိုင်း)



www.burmeseclassic.com

www.burmeseclassic.com

ထို့အတူ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဆည်းပူးတော်မူခဲ့သော သီလပါရမီ၊ ခန္တီပါရမီ၊ မေတ္တာပါရမီတော်များဖြင့် အမျက်ထွက်ခြင်း(ကောဓတရား)၊ ပြစ်မှားခြင်း(ဒေါသတရား)များကို တားမြစ်တော်မူပြီး အလွန်ရှည်ကြာသော ကာလပတ်လုံး မေတ္တာရေချမ်း သွန်းဖျန်းခြင်းဖြင့် ကောဓမီးကို လည်းကောင်း၊ ထိုအမျက်မီးနှင့်တကွ ဖြစ်ဖော်ဖြစ်ဖက်ဖြစ်သော မနာလိုမှု(ဣဿတရား)၊ ဝန်တိုမှု(မစ္ဆရိယတရား)၊ နောင်တတစ်ဖန် ပူပန်မှု(ကုက္ကုစ္စတရား) များကိုလည်း ပယ်ရှားတော်မူခဲ့လေသည်။

ဘဝများစွာ ကပ်ကမ္ဘာတို့၌လည်း ကောင်းစွာ ဆည်းပူးပွားများအပ်သော ပညာပါရမီတော်မြတ်ဖြင့် မောဟဟူသော အမိုက်မှောင်ဓာတ်ကို ပယ်ဖြတ်တော်မူ၏။ ဖောက်ပြန်မှားယွင်းသော မိစ္ဆာအယူကိုလည်း စွန့်ပယ်တော်မူ၏။ ဤသို့ ပယ်ဖြတ် စွန့်ပယ်ခဲ့၍ သန့်စင်သော ပညာရှင်ကြီးဖြစ်တော်မူခဲ့၏။

ထို့အပြင် ဖူးမြော်တွေ့ကြုံရသမျှသော ဘုရား ပစ္စေကဗုဒ္ဓါ၊ အရိယာ သာဝကတို့ကို လည်းကောင်း၊ ထိုမှတစ်ပါး အခြားသော ပညာရှိတို့ကို လည်းကောင်း ဆည်းကပ်ပြီးလျှင် "အဘယ်တရားသည် အပြစ်မရှိသော တရားဖြစ်၍၊ အဘယ်တရားသည် အပြစ်ရှိသော တရားဖြစ်ပါသနည်း" ဟု မေးမြန်းစူးစမ်းတော်မူခဲ့သည့်အတွက် တရားအချက်အလက်တို့ကို ယုံမှားခြင်း(ဝိစိကိစ္ဆာတရား)ကို ပယ်ဖျောက်၍ ပညာတရားကို တစ်ဘဝထက် တစ်ဘဝ တိုးတက်ဖြစ်ပွား ကြီးထွားစေခဲ့လေသည်။

မိမိအမျိုးအိမ်၌ မိမိထက် အသက်အရွယ်ကြီးသူ အမိ၊ အဖ၊ ဦးကြီး ဦးလေးတို့အား ရှိခိုးခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း၊ နေရာပေးခြင်း၊ နေရာမှ ကြိုတင်ထနှင့်ခြင်း၊ ခရီးဦးကြိုဆိုခြင်းစသည်ဖြင့် အရိုအသေပြုလျက် လည်းကောင်း၊ အကျင့်ဂုဏ်နှင့် ပြည့်စုံကြသူ ပညာရှင်တို့အား အရိုအသေပြုလျက်မာနတရား၊ ဥဒ္ဓစ္စတရားများကို ပယ်ရှားတော်မူကာ မိမိကိုယ်တိုင်က အစွယ်ကျိုးသောမြွေ၊ ဦးချိုကျိုးသော နွားလား၊ ခြေသုတ်ကြိုးဝန်းများပမာ မာန်ထောင်လွှားခြင်း ကင်းပလျက် သူတစ်ပါးတို့၏အပေါ်၌ သည်းခံခြင်း၊ အကျိုးလိုလားခြင်း၊ သနားစောင့်ရှောက်ခြင်းများ၏ ကျေးဇူးစကားကိုသာ ချီးမွမ်းပြောဆိုလေ့ရှိတော်မူ၏။

အလောင်းတော်သူမြတ်သည် တောထွက်ခြင်း(နေက္ခမ္မ)ဖြင့် ပြည်စည်းစိမ်၊ မင်းစည်းစိမ်ကို စွန့်ပယ်ကာ ရဟန်းပြုလျက် တောအရပ်၌ ဈာန်သမာပတ်ကို ဖြစ်စေပြီးလျှင် နီဝရဏတရားငါးပါးတို့ကို ပယ်ခွာတော်မူကာ ဘဝတိုင်းဘဝတိုင်း၌ ဖြစ်ပေါ်သမျှသော ကာမရာဂတရား၊ မိန်းမတို့၌မွေ့လျော် နှစ်ခြိုက်ခြင်း(ဣတ္ထိရတိ)တရားများကို ပယ်ဖျောက်တော်မူခြင်း၊ သစ္စာပါရမီတော်ဖြင့် လောကကို ချိုယွင်းလွဲမှားစေတတ်သော မိစ္ဆာဝါစာစကားကို ပယ်ရှားတော်မူခြင်း၊ ဝီရိယပါရမီတော်ဖြင့် လွန်ကဲသော ကုသိုလ်မျိုးဖြစ်သည့် သမထဝိပဿနာ၊ ဘာဝနာလုပ်ငန်းတို့၌ မပျော်ပိုက်ခြင်း(အရတိတရား)၊ ပျင်းရိခြင်း(ကောသဇ္ဇတရား)တို့ကို ပယ်ဖျောက်၍ မိမိ၏ စိတ်တော်ကို ကုသိုလ်မှုတို့၌ အမြဲတစေ ထကြွလုံ့လ ဝီရိယရှိစေတော်မူခြင်း စသည်ဖြင့် မိမိ၏ ခန္ဓာအစဉ်ကို တစ်ဘဝထက် တစ်ဘဝက သန့်ရှင်းစင်ကြယ်သည်ထက် စင်ကြယ်အောင် ကျင့်ကြံ အားထုတ်တော်မူခဲ့လေသည်၊

ထိုသို့ ဒါန စသော ပါရမီကောင်းမှု၊ ကုသိုလ်အစုတို့ဖြင့် ကိလေသာတရားများကို ပယ်ရှားတော်မူသော ဘုရားအလောင်းတော်မြတ်သည် တစ်ဘဝ၊ တစ်ဘဝမှာပင် စင်ကြယ်အောင်ပြုပြီးသော ကိလေသာတရားတို့က တစ်ဖန်ဖြစ်လိုက်၊ ထိုကိလေသာတရားတို့ကို စင်ကြယ်အောင် သုတ်သင်၊ တစ်ဖန် ကိလေသာတရားတို့က(မဂ်ဉာဏ်ဖြင့် မပယ်ရသေးသည့်အတွက်) ဖြစ်ပွားလိုက် ရှိနေသည်ကို အခွင့်မပေး၊ အညံ့မခံဘဲ မဟာကုသိုလ်များဖြင့် ထိုကိလေသာတရားတို့ကို ဖယ်ရှားသုတ်သင်လိုက်နှင့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့၌ စိတ်၏ အညစ်အကြေးဖြစ်သော ကိလေသာတရားအစုကို သုတ်သင်ချေမှုန်းကာ၊ အခြံအရံ ကိလေသာ ဗိုလ်ထုနှင့်တကွ အဝိဇ္ဇာမောဟ ကိလေသာဗိုလ်ချုပ်ကို သုတ်သင်ရှင်းလင်းတော်မူပြီး ဣန္ဒြေငါးပါးတို့ကို တစ်ဘဝထက် တစ်ဘဝ ရင့်သန်ကြီးထွားစေလျက် အစဉ်သဖြင့် ရဲရဲတောက် ပါရမီများကို ပွားများကြိုးကုတ် အားထုတ်၍ ဘဝခရီးခဲကြီးကို ဖြတ်ကျော်လာခဲ့သည်။ ဝေဿန္တရာမင်းဖြစ်၍ မဒ္ဒီမိဖုရားကို လှူဒါန်းခြင်းဖြင့် ဘုရားဖြစ်အောင် ပြုလုပ်ပေးနိုင်သော တရားတို့ကို အပြီးအဆုံး ကျင့်သုံးတော်မူ၍ ဘုရားဖြစ်ရန်အချိန်ကို စောင့်ဆိုင်း ငံ့မျှော်လျက် တုသိတာနတ်ပြည်၌ နတ်စည်းစိမ်ကို ခံစား၊ စံစားကာ နေတော်မူခဲ့ခြင်းဖြစ်လေသည်။

ထို့အပြင် ဤသို့ ဒါန အစရှိသော ပါရမီကောင်းမှုကုသိုလ်အစုတို့ဖြင့် လောဘ၊ ဒေါသ စသော ကိလေသာအဂ်ဂါတရားတို့ကို ပယ်ရှားသုတ်သင်ကာ ဉာဏ်ပညာထွန်းအထိပ်ရောက် ပြီးမြောက်ပွားစီးသူဖြစ်သောကြောင့် ဘုရားအလောင်းတော်သူမြတ်၏ သန္တာန်မှာသာ အလွန်တရာ သိ

www.burmeseclassic.com

နည့် နက်နဲလှစွာသော မဂ်ဥာဏ်လေးရပ်သို့ (ဆရာမကူ ဘဲ) ဖြစ်ပွားလေသည်။

ထိုမှတစ်ပါး ဘုရားအလောင်းတော်သည် ဒီပင်္ကရာ မြတ်စွာဘုရားခြေတော်ရင်းမှ အစပြု၍ လူ့သာမန်တို့ ပြု လုပ်ရန် ခဲယဉ်းလှသည့် ဒါန စသော ပါရမီကောင်းမှု ကုသိုလ်အစုတို့ကို ပြုလုပ်ဆည်းပူး ပွားများ အားထုတ်ပြီး သော်လည်း ထိုကုသိုလ်များအတွက် တစ်စုံတစ်ခုသော ဘဝစည်း စိမ်ကိုမျှ တောင့်တ ဆုပန်မှု ပြုတော်မမူခဲ့ပေ။

ပြုသမျှ ဒါန စသော ကောင်းမှုတို့အတွက် "ဤ ကောင်းမှုအစုသည် သဗ္ဗညုတဉာဏ်ဖြစ်ပေါ်ရန်အတွက် ဥပနိဿယရည်း ပစ္စည်းအထောက်အပံ့ဖြစ်ပေါ်စေသား"ဟူ၍ သာ တောင့်တ ဆုပန်မှု ပြုတော်မူခဲ့လေသည်။

တစ်ပါးသောသူတို့ကား ထိုထိုကောင်းမှုကုသိုလ်ပြုပြီး သော် နတ်စည်းစိမ်၊ လူစည်းစိမ်ကို တောင့်တ ဆုပန်ကြ၍ ဆုပန်ချက်အားလျော်စွာ လူစည်းစိမ်၊ နတ်စည်းစိမ်ဟူသော အကျိုးကို ရရှိခံစားကြကာ မိမိတို့ ရရှိသော ကုသိုလ်ကောင်း ဥစ္စာစုကို စားသုံး ဖြုန်းပစ်ကြသူများနှင့် တူလှကုန်၏။

အလောင်းတော်သူမြတ်သည်ကား ထိုသို့ မပြုဘဲ၊ ကျီ ၌ စပါးအပြည့်ထည့်သွင်းကာ မသုံးမစွဲ အမြဲစောင့်ရှောက် သောသူကဲ့သို့ ပြုတိုင်း ပြုတိုင်းသော ကောင်းမှုကုသိုလ် အစုကို "သဗ္ဗညုတဉာဏ် အထွတ်တင်သော မဂ်ဉာဏ် လေးရပ်၌သာ ပစ္စည်းအထောက်အပံ့ဖြစ်စေသား"ဟု ဆုပန် တောင့်တတော်မူကာ၊ ကောင်းစွာ သိုမှီးသိမ်းဆည်း၍ထား သည်။

သို့ဖြစ်ပါ၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ အောင် ဘုရားအလောင်းတော် စုဆောင်းခဲ့သမျှသော ပါရမီ ကောင်းမှု ကုသိုလ်စုတို့သည် ယခုနောက်ဆုံး ဘုရားဖြစ်မည့် ဘဝ၌ ဘုရားအဖြစ်တိုင် ရောက်အောင် အကျိုးပေးရန် အခွင့်ပန်လာပြီဖြစ်သဖြင့် ကုသိုလ်တွေက အလွန်များပြီး အကျိုးပေးရမည့်ဘဝကား တစ်ဘဝသာဖြစ်၍ အလွန်ပြည့် ကျပ် ကျဉ်းမြောင်းသကဲ့သို့ပင် ရှိချေသည်။

ဤသို့ မြတ်စွာဘုရား၏ ကြည်ညိုဖွယ်ရာ အချက် အလက်များကို စုစည်းရှာဖွေ ရေးသားရခြင်း၏ ရည်ရွယ်ရာ သည်ကား မိမိတို့သည်လည်း ရရှိထားသည့် ဘဝထဲ၌ ဒါန စရှိသော ပါရမီကုသိုလ်အစုစုတို့ကို ကျင့်ကြံပွားများ အား ထုတ် ဆည်းပူးကြမည်ဆိုလျှင် ပါရမီကုသိုလ်တို့၏ ကျေးဇူး တော်များကို မလွဲမသွေ ကေန်မုချ ခံစားကြရမည်ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်၏ ပရိတ်တော်များကို ရွတ်ဖတ်ပူဇော်ခြင်း ဖြင့် ပါရမီကုသိုလ် (၁၀)ပါးအား တိုးပွားကြမည်ဆိုပါက···

## ပရိတ်ရွတ်ဖတ်ပူဇော်ရာ၌ ပါရမီဆယ်ပါးဖြစ်ပွားပုံ

(၁) ဒါနပါရမီသည် မိမိပိုင်ပစ္စည်းကို သူတစ်ပါးအား ပေး ကမ်းခြင်းဖြစ်သည်။ ထို့အတူ ပရိတ်ရွတ်တိုင်း နတ် ဒေဝါများနှင့် နာကြားသူများကို ပင့်ဖိတ်၍ နာကြားစေ သဖြင့် "ဒါနပါရမီ" ဖြစ်သည်။

(၂) သီလ ဟူသည် စောင့်ထိန်းရမည့် အကျင့်ဖြစ်ပေသည်။ ပရိတ်မရွတ်မီ သီလဆောက်တည်ကြရသဖြင့် သီလ ပါရမီလည်း မည်ပါပေသည်။

(၃) နိက္ခမ္မ ပါရမီသည် စည်းစိမ်ကို စွန့်၍ တောထွက်ခြင်း ဖြစ်သည်။ ပရိတ်ရွတ်ဖတ်နေစဉ် ကာမဂုဏ်စွဲလမ်းမှု တို့ ကင်းသဖြင့် နိက္ခမ္မပါရမီမည်ပါသည်။

(၄) ပညာပါရမီ ဟူသည် အပြစ်ကင်းသည့် ပညာကို သင်ယူ ပို့ချခြင်းဖြစ်သည်။ ပရိတ်တော်လာ အနက်အကျိုး အာနိသင်တို့ကို မေးမြန်းဆွေးနွေးသဖြင့် ပညာပါရမီဖြစ် ပါသည်။

(၅) ဝီရိယ ပါရမီသည် ထက်သန်သော လုံ့လဖြင့် သတ္တဝါ တို့ အကျိုးကို သယ်ပိုးခြင်းဖြစ်သည်။ ပရိတ်ရွတ်နေချိန် တွင် လုံ့လပြု၍ ပျင်းရိခြင်းကို ပယ်ဖျောက်သဖြင့် ဝီရိယပါရမီ ဖြစ်ပါသည်။

(၆) ခန္တီပါရမီ ဟူသည် သည်းခံခြင်းဖြစ်သည်။ ပရိတ်ရွတ် ရာတွင် ဖြစ်ပေါ်လာသော ဝေဒနာတို့ကို သည်းခံ၍ ရွတ်ဖတ်ရသဖြင့် ခန္တီပါရမီလည်း ဖြစ်ပါသည်။

(၇) သစ္စာပါရမီ ဟူသည် မှန်ကန်ခြင်းဖြစ်သည်။ ပရိတ် တရားတော် ရွတ်ဖတ်ခြင်းသည် မှန်ကန်သော ဒေသနာ ဖြစ်သဖြင့် သစ္စာပါရမီမည်ပါသည်။

(၈) အဓိဋ္ဌာန်ပါရမီသည် ကောင်းသောအလုပ်ကို မပြတ်မနေ လုပ်နေရခြင်းဖြစ်သည်။ ထို့တူ နေ့စဉ်နေ့တိုင်း ဝတ် ထား၍ ပရိတ်ရွတ်ဖတ်ခြင်းသည်လည်း အဓိဋ္ဌာန်ပါရမီ ဖြစ်စေပါသည်။

(၉) မေတ္တာပါရမီသည် သတ္တဝါတို့ကို သနားချစ်ခင်ခြင်းဖြစ် သည်။ ပရိတ်ရွတ်ရာတွင် မေတ္တာတရားရှေ့ထား၍ ရွတ် ဖတ်ရခြင်းကြောင့် မေတ္တာပါရမီမည်ပါသည်။

(၁၀) ဥပေက္ခာပါရမီသည် လျစ်လျူရှုခြင်းဖြစ်သည်။ ပရိတ် ရွတ်ရာတွင်လည်း ယုံကြည်၊ မယုံကြည်၊ ချီးမွမ်းကဲ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

ခြင်းတို့ကို လျစ်လျူရှုနိုင်သဖြင့် ဥပေက္ခာပါရမီမည်ပါသည်။

ဤသို့ အာရုံပြုလျက် ရွတ်ဖတ် ပူဇော်ကြရန် ဖြစ်ပါသည်။ ဆက်လက်၍ ပရိတ်ရွတ်ဖတ် ပူဇော်ရခြင်း၏ အကျိုးဆက်များကိုလည်း ဖော်ပြပေးပါမည်။

**ပရိတ်ရွတ်ဖတ်ပူဇော်ရခြင်း၏ အကျိုးဆက်များ**

* **မဟာမင်္ဂလသုတ်။** ကျိုးညွှန် ထုတ်ဖော်၊ လောကုတ် လောကီ၊ နှစ်လီမင်္ဂလာ၊ ချမ်းသာကောင်းကျိုး ရှာသွန်းမိုးသို့၊ ဝေဖြိုးလှပ၊ တိုးပွားလှတည်း။

* **ရတနသုတ်မြတ်။** သုံးကြိမ်ဖက်က၊ သတ်ဖြတ်ခန္ဓာ၊ ရောဂါဥပဒ်၊ ဝတ်မွတ်ခေါင်းပါး၊ ကပ်သုံးပါးတို့၊ ရှောင်ရှားပြေးကြ၊ ငြိမ်းအေးလှသည်။

* **မေတ္တသုတ်။** ဒေဝါနတ်များ၊ ချစ်ခင်ပွား၍၊ ဆိုးရွားအိပ်မက်၊ မမြင်မက်ဘဲ၊ အိပ်စက်နိုးထ၊ ချမ်းသာရလျက်၊ ရန်စ ရန်ဖြောင့်၊ ပြန်ပျောက်လိုက၊ ရွတ်ကြအပတ်၊ ခုနစ်အုပ်တည်း။

* **ခန္ဓသုတ်။** ဆိပ်ထန်ဆိုးရွား၊ မြွေ ကင်းများနှင့်၊ သစ်ကျား ဝံအောင်း၊ သားရဲပေါင်းတို့၊ ကွာရှောင်းဝေးရာ၊ ဖဲသွားခါအောင်၊ ရွတ်ပါနေ့ည၊ ကိုးကြိမ်တည်း။

* **မောရသုတ်။** ရာဇဝတ်ဘေး၊ ပြေး၍မလွတ်၊ မချွတ်ရောက်ငြား၊ ရင်ဆိုင်လာသော်၊ စိတ်အားမပျက်၊ နေထွက် နေဝင်၊ မြဲလျှင် မပြတ်၊ ရွတ်ဆိုအပ်၏။

* **ဝဋ္ဋသုတ်။** ရွာမီး မြို့မီး၊ တောမီးမကျန်၊ မီးဘေးရန်မှ၊ ကင်းဝေးရ၏။

* **အာဋာနာဋိယသုတ်။** ရွတ်ဖတ်ကြလော၊ တစ္ဆေမှင်စာ၊ မာကြမ်းမြေဖုတ်၊ ဖုတ်သဘက်ကျတ်၊ နတ်ဆိုးမကျန်၊ ကုမ္ဘဏ်ဘီလူး၊ ထူးထူးနှောင့်ယှက်၊ နှိပ်စက်မရှိ၊ ချမ်းသာဘိ၏။

* **အင်္ဂုလိမာလသုတ်။** မိန်းမဓမ္မတာ၊ မီးဖွားခါနီး၊ ဆင်းရဲကြီးခိုက်၊ မညည်းသန့်စင်၊ ဖွားမြင်စေလို၊ ရေကို သုံးခါစစ်ပြီးကာမျှ၊ ခုနစ်ခါ မန်းတိုက်၊ ကိုယ်၌ စွဲဝင်၊ ဘေးဘျမ်းစင်၏။

* **ဗောဇ္ဈင်သုတ်။** သုံးကြိမ်ဖတ်မူ၊ စွဲလတ်ရောဂါဝေဒနာမှ၊ ပိန်းကြာဖက်တွင်၊ ရေမတင်သို့၊ ကြည်လင်အေးမြ၊ ချမ်းသာရ၏။

* **ပုဗ္ဗဏှသုတ်။** ရွတ်ဖတ်ဆိုသော်၊ ငြိုဟ်ငိုးငြိုဟ်နင်း၊ ဆိုးဝါးခြင်းတွင်၊ နိမ့်ဆင်းကြမ္မာ၊ ဆိုးဒသာနှင့်ဇာတာစန်းလဂ်၊ ညှိုးနွမ်းချက်မှ၊ ဆက်ဆက်မုချ၊ လွတ်ကင်းကြသည်၊ ဒိဋ္ဌလက်ငင်း ကောင်းကျိုးတည်း ■

• • • •

ကိုခ္ဆူမြသန်း(သမိုင်း)

မှီငြမ်း

- မဟာဗုဒ္ဓဝင် (ဒုတိယတွဲ)။
- မဏိဇောတ စုဆောင်းပူဇော်သည့် ပရိတ်ကြီး ၁၁ သုတ်။


မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး

အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၇၃၀၅၀၄၇၁။




www.burmeseclassic.com

www.burmeseclassic.com



# ဘုရားဂုဏ်တော် ဆယ့်သုံးပါးဂါထာတော်





**ထွန်းမြတ်ဇေယျ (မြန်အောင်)**

စာရေးသူ ဘုရားဂုဏ်တော် ၁၃ပါး ဂါထာတော်နှင့် အစွမ်းသတ္တိကို ဆရာကြီး မင်းယုဝေ မြတ်မင်္ဂလာစာစောင်တွင် ရေးသားသည့် ဗန်းမော်ဆရာတော်ကြီး ဒေါက်တာ အရှင်ကုမာရာဘိဝံသ၏ အခန်းဆက် ထေရုပ္ပတ္တိရှည်တွင် ဖတ်ခဲ့ရခြင်း ဖြစ်ပါတယ်။ ထိုဂါထာတော်၏ အစွမ်းနှင့် ဂါထာတော်ကို စာဖတ်သူများ သိရှိစေရန်အတွက် ပြန်လည်မျှဝေပေးခြင်း ဖြစ်ပါတယ်။

ရသေ့ကြီး ဦးခန္တီ လက်စွဲပြု ရွတ်ဆိုသော ဂါထာနှစ်ပုဒ်ရှိသည့်အနက် "**အရဟံ ဗဟိအန္တဇယံ သုဂတံ**" အစရှိသည့် ဂါထာသည် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကို ပူဇော်အားသော ဂါထာဖြစ်ပါတယ်။ ထိုဂါထာတော်ကို ဗန်းမော်ဆရာတော်ကြီးက၊ ပရိသတ်များ အကျိုးရှိစေရန်အတွက် ရွတ်ဖတ် ပူဇော်ကြရန် ညွှန်ပြလေ့ရှိပါတယ်။

## ဂါထာအစွမ်းသတ္တိ

တစ်နေ့တွင် သီလ၊ သမာဓိ၊ ပညာဖြင့် အထူးပြည့်စုံတော်မူသော စစ်ကိုင်း ဝါးချက်မင်းကျောင်းဆရာတော်ကြီးထံကို ရသေ့ကြီး ဦးခန္တီ လာရောက် ဝတ်ပြု ပူဇော်ပါတယ်။ ထိုအခါက ဆရာတော်ကြီးက...

"ရသေ့ကြီးဟာ မြန်မာပြည်အရပ်ရပ်မှာ ရှိတဲ့ စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းများ ပြုပြင်နေတာတွေကို ပြင်ဆင်မွမ်းမံရာမှာ နာမည်ကြီးလှသလို၊ တန်ခိုးလည်း ကြီးတယ်လို့ သိရတယ်။ ရသေ့ကြီးရဲ့ အစွမ်းသတ္တိကို ဘုန်းကြီးတွေ့လို၊ မြင်လိုသဖြင့် အစွမ်းသတ္တိပြနိုင်ပါမည်လား"

ဟု မိန့်တော်မူတယ်။ ရသေ့ကြီးကလည်း ...

"ပြနိုင်ပါတယ် ဘုရား။ တပည့်တော်ကို အချိန်တစ်နာရီမျှလောက်ပေးပါ ဘုရား"

လို့ လျှောက်ထားတယ်။

ထိုသို့ လျှောက်ထားပြီးနောက် ဘုရားကျောင်းဆောင်ရှေ့တွင် သီလဆောက်တည်၍ ဂါထာတစ်ပုဒ်ကို ရွတ်ဆိုပြီး ပုတီးစိပ်တယ်။ ၄၅မိနစ်အကြာ ရသေ့ကြီး ပုတီးစိပ်ရာမှ ထလာသောအခါ ဆရာတော်ကြီးက...

"ရသေ့ကြီး...ဘာမှလည်း မထူးခြားပါလား"

လို့ မိန့်တော်မူတယ်။ ရသေ့ကြီးက...

"မှန်ပါ၊ တစ်နာရီမပြည့်ခင် ထူးခြားပါလိမ့်မယ် ဘုရား"

လို့ လျှောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် ၁၀ မိနစ်ခန့်ကြာသောအခါ ဘုရားဖူးများ ရောက်လာကြပြီး ရသေ့ကြီးကို ငွေကြေး၊ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်များ လှူဒါန်းကြတယ်။ ဘုရားဖူးများ ပြန်သွားသည့်အခါ ရသေ့ကြီးက တပည့်တော် အစွမ်းသတ္တိက ဒါပါပဲ ဘုရား"

လို့ ဆရာတော်ကြီးကို လျှောက်ထားတယ်။

တစ်ဖန် ရသေ့ကြီးကလည်း ဆရာတော်ကြီးအား…

"စစ်ကိုင်း ဝါးချက်မင်းကျောင်းဆရာတော်ကြီးလို့ တန်ခိုးကြီး ထင်ရှားလှသည်ကို သိရသဖြင့် တပည့်တော် ဆရာတော်ကြီး၏ တန်ခိုးအစွမ်းသတ္တိကို တွေ့လို မြင်လိုပါတယ် ဘုရား"

လို့ လျှောက်တယ်။ ထိုအခါ ဆရာတော်ကြီးမှလည်း…

"ရသေ့ကြီး တွေ့လို မြင်လိုလျှင် ပြနိုင်ပါတယ်။ ရသေ့ကြီးလိုပဲ အချိန်တစ်နာရီခန့် ပေးပါ"

လို့ မိန့်ကြားတယ်။ ထို့နောက် ဘုရားကျောင်းဆောင်ရှေ့မှာ ဂါထာရွတ် ပုတီးစိပ်တယ်။ ၄၅မိနစ်ခန့်ကြာသောအခါ ပုတီးစိပ်ရာမှ ထလာသော ဆရာတော်ကြီးကို ရသေ့ကြီးက…

"ဆရာတော်ဘုရား…ဘာမှလည်း မထူးခြားသေးပါလား"

လို့ လျှောက်တယ်။ ဆရာတော်ကြီးက…

"ရသေ့ကြီး… တစ်နာရီ မပြည့်သေးဘူးလေ"

လို့ ပြန်လည်မိန့်ကြားပြီး ၁၀မိနစ်ခန့်ကြာသောအခါ လူနှစ်ယောက် အထုပ်ကြီးနှစ်ထုပ်ကို ရွက်ကာ ကျောင်းကို လာ၍ ဆရာတော်ကြီးကို လှူဒါန်းတယ်။ အထုပ်များကို ဖြေကြည့်သောအခါ သင်္ကန်း (၁၀၈)စုံကို တွေ့ရတယ်။ ဆရာတော်ကြီးက ရသေ့ကြီးအား…

"ဘုန်းကြီးအစွမ်းကတော့ ဒါပါပဲ"

လို့ ဆိုတယ်။

ထို့နောက် ဆရာတော်ကြီးနှင့် ရသေ့ကြီးတို့သည် တစ်ဦးနှင့် တစ်ဦး ရွတ်ဆိုသည့် ဂါထာကို မေးမြန်းသောအခါ ရသေ့ကြီးက "ဘုရားဂုဏ်တော် ၁၃ပါး ဂါထာပါ ဘုရား" လို့ လျှောက်ထားသလို၊ ဆရာတော်ကြီးကလည်း "ရသေ့ကြီး ရွတ်တဲ့ ဘုရားဂုဏ်တော် ၁၃ပါးဂါထာပါပဲ" လို့ မိန့်တော်မူတယ်။

ထိုဘုရားဂုဏ်တော် ၁၃ပါး ဂါထာတော်မှာ အောက်ပါ အတိုင်းဖြစ်ပါတယ်။

**ပါဠိဂါထာ**

အရဟံ ဗဟိ အန္တရာယံ သုဂတံ၊
အဓိတံ ဝိရဇံ လ.လိတံ အတုလံ၊
စရဏံ တိဘဝူပသမံ ယမကံ၊
သုခဒံ သရဏံ ပဏာမာမိ ဇိနံ။

**ဂါထာ၏ အနက်အဓိပ္ပာယ်**

အရဟံ - ပူဇော်အထူးကို ခံယူထိုက်သော မြတ်စွာဘုရားကို၊
ဗဟိအန္တရာယံ - အတွင်းအပရန်ကို အောင်တော်မူသော မြတ်စွာဘုရားကို၊
သုဂတံ - ကောင်းသော စကားကို ဟောပြောတတ်သော မြတ်စွာဘုရားကို၊
အဓိတံ - မနှိုင်းယှဉ်နိုင်သည့် တန်ခိုးပြာဋိဟာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊
ဝိရဇံ - ကိလေသာမြူ ကင်းတော်မူသော မြတ်စွာဘုရားကို၊
လလိတံ - တင့်တယ်သပ္ပာယ်တော်မူသော မြတ်စွာဘုရားကို၊
အတုလံ - အတုမရှိသော မြတ်စွာဘုရားကို၊
စရဏံ - အကျင့်စရဏနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊
တိဘဝူပသမံ - ဘုံသုံးပါး၌ ကိလေသာမြူ ငြိမ်းအေးတော်မူသော မြတ်စွာဘုရားကို၊
ယမကံ - ရေမီးအစုံ တန်ခိုးပြာဋိဟာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊
သုခဒံ - ချမ်းသာကို ပေးစွမ်းနိုင်သော မြတ်စွာဘုရားကို၊
သရဏံ - ကိုးကွယ်အားထားရာဖြစ်သော မြတ်စွာဘုရားကို၊
ဇိနံ - မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားကို၊
ပဏာမာမိ - ရှိခိုးပါ၏။ ■

* * *

ထွန်းမြတ်ခေတ(မြန်မာအောင်)



www.burmeseclassic.com

www.burmeseclassic.com

# ဝင့်ကြွေးကြမ္မာ မရှောင်သာဘူး

ထွန်းဝေဝေစိုး (ဟသ်ာတ)



*(လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရေးသားသီကုံးသည်။)*

ဗုဒ္ဓဘာသာနွယ်ဝင် သူတော်ကောင်းအပေါင်းတို့သည် ကုသိုလ်ကံ၏ အကျိုးပေးပုံ၊ အကုသိုလ်ကံ၏ အကျိုးပေးပုံကို နားလည်ယုံကြည်ပြီးဖြစ်၏။ ထို့အပြင် ဝင့်ကြွေးရှိခဲ့လျှင် ပေးဆပ်ရမည်မှာ မလွဲမသွေဖြစ်၏။ "ဝင့်မှာ အမြဲ၊ ငရဲမှာ အပ"ဟူ၍ လည်းကောင်း၊ "ဝင့်နှင့် ကြမ္မာ မလွတ်သာ"ဟူ၍

ဝိပါက်တော်ရေး၊ ကြောက်သွေးကုန်ဖွယ်၊
ဘုရားသော်လည်း၊ ရှောင်လွှဲမလွယ်၊
တွေ့ ကြုံမြဲမို့၊ တဝဲလည်လည်၊
မလွတ်သေး၊ ဝင့်ကြွေးခက်လှတယ်၊
ကြင်နာထောက်ထား၊ သနားမြော်ခေါ်၊
ကုသိုလ်ပွားမှု၊ အားပြုကြနော်၊
နှိပ်စက်ညှဥ်းပန်း၊ သရမ်းပျက်ချော်၊
ရှောင်ကြဉ်ရေး၊ ဝင့်ကြွေးစင်ဖို့ မျှော်။

www.burmeseclassic.com

လည်းကောင်း၊ ဝင့်လိုက်တတ်တယ်ဟူ၍ လည်းကောင်း အသုံးပြုခဲ့သော ဝင့်တရားကို "ဝိပါက"ဟူ၍လည်း သိထားကြ၏။ "သိလျက်နှင့် ဝိပါက်ကြမ္မာငင်"ဟူ၍ လည်းကောင်း၊ တချို့မှာ ကာလဝိပါက် နောက်ပိုးတက်ဟူ၍လည်း ခေါ်ဝေါ်အသုံးများကြ၏၊ ယင်းတို့ကို ပေါင်းစပ်၍ "ဝိပါက ဝင့်တရား" ဟု သုံးစွဲလေ့ရှိကြ၏။

မည်သို့ပင် ခေါ်ဝေါ်သုံးစွဲကြသည်ဖြစ်စေ၊ တရားကိုယ်မှာ အတူပင်ဖြစ်၏။ မိမိတို့ ဘဝအဆက်ဆက် ပြုလုပ်ခဲ့ကြသော အကုသိုလ်ကံ၏ အကျိုးဆက်ကို "ဝင့်" သို့မဟုတ် "ဝိပါက"ဟု သုံးမျိုးပြားသော ဝင့်တရားမှာ အနုစားပင် ဖြစ်၏။ အကြောင်းနှင့် အကျိုးတရားများ မိမိတို့ရောက်ရာဘုံဌာနသို့ စဉ်ဆက်မပြတ် လိုက်ပါ၍ လည်ပတ်ခြင်းသဘောကို ဆိုလိုပေသည်။

အများ နားလည်သဘောပေါက် လက်ခံထားသော ဝင့်တရားများမှာ ယခုလက်ငင်း၌ တွေ့ကြုံ ခံစားရသော ခြေကျိုး၊ လက်ကျိုး၊ မျက်စေ့ကန်း၊ လက်ပြတ် စသည့် အပြစ်များကို ဆိုလို၏။ ယင်း "ဝင့်"မှာ အကြမ်းစားဝင့်တရားပင် ဖြစ်လေ၏။ ပိလောတိက ကမ္မ - အကြမ်းစား အကုသိုလ်ကံများပင်ဟု ကျမ်းဂန်၌ လာ၏။

မိမိတို့ ပြုသုပ်မိခဲ့သော အကုသိုလ်ကံ၏ အကျိုးအရင်းအဖြစ် အပါယ်လေးပါး၌ ကျခံရခြင်း စသည်တို့ကို ခံစားရပြီးနောက်၊ ဆက်လက် ခံစားရသော အကျိုးဆက်များပင် ဖြစ်လေသည်။ သံဝေ ယူတတ်ပါလျှင် အလွန်တရာ ကြောက်စရာကောင်းလှသော တရားများပင် ဖြစ်ပေ၏။

ယခု မိမိတို့၏ မျက်မှောက်ရှေ့တွင် ဝင့်တရားခံစားနေရသူများကို မျက်ဝါးထင်ထင် တွေ့မြင်နေရသူတွေ အများအပြားရှိလေ၏။ တချို့မှာ အကုသိုလ်ကံများ ပြုလုပ်ထားပြီး အကျိုးဆက်ဝင် တရားကို မခံစားရသေးသော်လည်း မိမိတို့၏ စိတ်ကို စုစည်းရန် သမာဓိတရားထူထောင်ကာ တရားအားထုတ်ကြည့်ကြသောအခါ ဝေဝါးသော ပုံရိပ်များဖြင့် စိတ်ထဲ၌ ထင်ယောင်ကာ အကျိုးဆက်များ ပေါ်လာတတ်ကြပါသည်။ တချို့မှာမူ သေခါနီး မရဏာသန္နခဇော ရောက်ချိန်တွင် အထင်ကရ ပေါ်လွင်၍ ကြောက်လန့်ကာ အော်ဟစ်ရုန်းကန်ကြသူတွေကို တွေ့ဖူးကြလိမ့်မည်။

လူသတ်၊ နွားပြတိုက်၊ ညှဉ်းပန်းနှိပ်စက်သူတွေ၊ သတ္တဝါတွေ၏ အသက် (ဝက်၊ နွား၊ ကြက်၊ ဘဲ) တို့ကို သတ်ဖြတ်ခဲ့သူတွေမှာ တန်ပြန်အကျိုးဆက် ဝေဒနာဆိုးများကို မခံမရပ်နိုင်အောင် ခံစားကြရရှာ၏။ ထို့ကြောင့် အကုသိုလ်ကံ၏ အကျိုးဝင့်တရားကို အရိပ်ပမာ၊ သရဲ တစ္ဆေ၏ ခြောက်လှန့်ခြင်းမျိုးကို ညစဉ် စိတ်ခံစားမှုဝေဒနာအဖြစ် မအိပ်နိုင်၊ မစားနိုင်၊ တမှိုင်မှိုင် တတွေတွေဖြစ်ကြရရှာ၏။

ဝင့်တရားဟူသည် တကယ်ပင် ကြောက်စရာကောင်းလှ၏။ အကျိုးပေးခွင့်မရမချင်း အခွင့်ကို အမြဲတစေ ချောင်းမြောင်းနေမည်ဖြစ်၏။ နိဗ္ဗာန်ရ၍ ဘဝမဆုံးသေးမီ ကာလအတွင်း အခွင့်သာလေတိုင်း အကျိုးပေးမည်ဖြစ်၏။ အချိန်ကာလ မည်မျှကြာကြာ အကုသိုလ်ကံသည် အခွင့်မရသရွေ့ အမြဲတစေ လိုက်ပါလာပြီး ပြာဖုံးထားသော မီးခဲကဲ့သို့ ရှိနေမည်သာ ဖြစ်ပါ၏။

မိမိတို့ လူသတ္တဝါကို မဆိုထားဘိ၊ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်နေကြသော နတ်ဗြဟ္မာများရော၊ သံသရာဝဋ်မှ ဇာတ်သိမ်း၍ အေးငြိမ်းတော့မည့် ပစ္ဆိမ ဘဝိကသာ ဘုရား၊ ရဟန္တာများပါ ဝင့်တရားကို ရှောင်လွှဲ၍ မရနိုင်ခဲ့ ခံစား ပေးဆပ်ကြရ၏။ လူ့ဘုံ၏ ရာဇဝတ်မှုဘေးမှ ပြေး၍ လွတ်ချင် လွတ်မည်။ အကုသိုလ်ကံ၏ အကျိုးဝင့်တရား လွတ်ကင်း လုံခြုံမှုကို ပေးစွမ်းနိုင်သော နေရာမရှိပါ။

ဘဝတစ်ဖန် ရရန် မရှိတော့သော ပစ္ဆိမဘဝိကသာ ရဟန္တာ အရှင်သူမြတ်တွေတောင် ကံတရားအသီးအပွင့်မှာ အစွမ်းကုန် ဖူးပွင့်ကြသော နောက်ဆုံးဘဝဝယ် အကုသိုလ် ကံ၏ ဝင့်ကြွင်း ဝင့်ကြွေးများကို မချိမဆံ့ ခံရတော်မူကြသည်။

မြတ်ဗုဒ္ဓ၏ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးမှာ ဝင့်ကြွေးအတွက် ပေးဆပ်ရခြင်းမှာလည်း လွန်စွာမှ ထိတ်လန့်စရာကောင်းလှ၏။ ရိုက်နှက်ရန် သော နှီးသားငါးရာ၏ ဘေးကို ဖရက်တိုင်တိုင် ကောင်းကင်ပျံတက်၍ တိမ်းရှောင်နိုင်ခဲ့၏။ ခုနစ်ရက်မြောက်သောနေ့၌ မိဘကို သူခိုးဓားပြဟန်ဆောင်၍ ရိုက်နှက်မိသော အတိတ်က အကုသိုလ်ကံက ပါလာလေတော့ ထိုကံတရား၏ အ... အရဆွဲငင် ကိုင်ဖမ်းမှုကို ခံလိုက်ရလေ၏။

ထို့ပြင် "ပူတိဂတ္တတိဿထေရ်"သည်လည်း ငက်ခ... မဆိုးဘဝက ပြုလုပ်ခဲ့သော အကုသိုလ်ကံ၏ အကျိုး... ကြွေးများအဖြစ် တစ်ကိုယ်လုံး အနာများဖြင့် ပူရောင်ဖော... ကာ ပုပ်စော်နံလျက် ရှိ၏။ အရိုးများသည်လည်း သွင်သွ... ကျိုးကာ ပြုစုသူမရှိ ဖြစ်ရလေ၏။

"ဓာနမထေရ်"မည်သော မထေရ်သည် ...ခ... ဘဝ၌ ရက္ခစိုးဖြစ်စဉ် ပြုခဲ့သော အကုသိုလ်ကြွင်းကြွေး... အရှင်မြတ် ကြွလေရာတွင် လုပသော အမျိုးသမီးတ...

www.burmeseclassic.com

လိုက်ပါနေသည်ဟု မြင်ရသူတိုင်းက ထင်မှတ်ကြသဖြင့် အရှက်တကွဲ အကျိုးနည်းဖြစ်ရ၊ စိတ်ဆင်းရဲရ ဖြစ်လေသည်။ နောက်ဆုံး ဘုရင်မင်းမြတ်ကိုယ်တိုင်ပင် စုံစမ်းစစ်ဆေးရေး ဝင်ရသည်အထိ ကြီးကျယ်သွားခဲ့ရ၏။ ထိုမိန်းမမှာ "ဝိပါက ဝင့်ကြွေးရပ်"သာ ဖြစ်လေသည်။

ဝင့်ကြွေးသည် သုံးဘုံမကိုင့်ထွတ်တင် သရဏဖြစ်တော်မူသော မြတ်ဘုရားရှင်ကိုသော်မှ အလွတ်မပေးဘဲ နှိပ်စက်ခဲ့လေသည်။ ထို့ကြောင့် ဘုရားရှင်မှာ စိဉ္စမာန မိန်းမညစ်၏ အသရေဖျက် ပုတ်ခတ် စွပ်စွဲမှု စသော ရှေ့ကံ၏ အကျိုးဆက် ဝိပါက်ကြွင်း ဝင့်တော် (၁၂)ပါးကို ခံတော်မူရကြောင်း ခုဒ္ဒကနိကာယ် ထေရာပါဒါနပါဠိ၊ ဗုဒ္ဓကမ္မ ပိလောတိက ဗုဒ္ဓအပါဒါန်၌ ကိုယ်တော်တိုင် ဟောကြား မိန့်တော်မူခဲ့ပါသည်။

ထို့ပြင် "ကမ္မပိလောတိက"အမည်ရ ယင်းအကုသိုလ်ကံအကြမ်းစားများအနက် အခြားဝင့်ကြွေးများမှာ သက်တော်ရွယ်တော် ပျိုမျစ်ချိန်ဖြစ်သဖြင့် မထောင်းသာလှသော်လည်း ပစ္ဆိမအရွယ် မနနယ်တော့သည့်အချိန်တွင် အားတော်များ ခန်းသွားသည်အထိ ခံစားရချက်မှာ မသက်သာလှသကဲ့သို့ ထိတ်လန့် သံဝေဂပွားဖွယ်ရာလည်း ဖြစ်ပါတော့သည်။

အကြောင်းသော်ကား ပရိနိဗ္ဗာန်ဝင်စံတော်မူခါနီးမှ ဘုရားရှင်သည် ပါဝါမြို့ဝယ် စုန္ဒ ရွှေပန်းတိမ်သည်မှ ကပ်သော ဝက်ပျိုသားဟင်းလျာနှင့် ဆွမ်းကို နောက်ဆုံးဆွမ်းအဖြစ် ဘုဉ်းပေးတော်မူ၏။ ပြီးသောအခါ ပြင်းထန်လှသော သွေးဝမ်းသွန်သည့်ရောဂါကို ခံစားတော်မူရရှာပါ၏။

ပါဝါနှင့် မလ္လာမင်းတို့၏ နေပြည်တော် ကုသိနာရုံသည် ၃မိုင်မျှသာ ကွာဝေး၏။ သို့သော် ဘုရားရှင်မှာ ဝမ်းတော်လားရသည့် ရောဂါဒဏ်ကြောင့် ဆဒ္ဒန်ဆင် ဆယ်စီးမက သန်မာကြီးမားလှသော အားတော်များ ကုန်ခန်းသဖြင့် ရှေ့အားမာန်သေန်ဖြစ်ကာ (၂၅)ကြိမ်မျှ နား၍ နား၍ ကြွတော်မူရလေသည်။ ဝိပါက်ဝင့်တရားကား ဤမျှလောက် ကြောက်စရာကောင်းလှ၏။

◈◈◈

ယခုအခါ မိမိတို့သည် ရခဲလှသည့် လူ့ဘဝကြီးကို ဘဝပေါင်းများစွာက ကောင်းမှုကံ အကျိုးပေးမှုကြောင့် ရရှိလာသော မြတ်ဘုရား၏ သာသနာတော်ကြီးဝယ် အရိပ်ပမာ မိမိ၏ နောက်သို့ လိုက်ပါတတ်သော ကောင်းမှုကံ၊ မကောင်းမှုကံတွေ၏ ရရှိခံစားတတ်သော ကြောင်းကျိုးတို့ကို ထောက်ရှု၍ သံသရာဝင့်ဒုက္ခတို့၏ လွတ်ငြိမ်းရာအမှန် အလွန်တရာ အေးချမ်းလှသော မြတ်နိဗ္ဗာန်ကို ရည်သန် ထောက်ရှု၍ မကောင်းမှုတွေကို ရှောင်ပြီး ကောင်းမှုတွေကို နေ့စဉ်နှင့်အမျှ အချိန်ရှိခိုက် လုံ့လစိုက်၍ ပြုလုပ်သင့်ပေသည်။

"လောကသုံးခွင် ဆုံးစဉ်၌ အတုမရှိ အမြတ်ဆုံးဖြစ်တော်မူပေထသော သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားကိုယ်တော်တိုင်တောင်မှ ရှေ့က ပြုခဲ့၊ မှားမိခဲ့သည့် ဝိပါက ဝင့်ကြွေးကို ခံတော်မူရသေး၏။ ကံပစ်ချရာသို့ အထိန်းအကွပ်မရှိ လွင့်မြောချင်တိုင်း လွင့်မြောနေကြရသော ငါတို့လို ပုထုဇဉ်များအဖို့မှာ အသို့လျှင် တုနှိုင်းဖွယ်ရာ မရှိပါအံ့နည်း"ဟု သံဝေဂ ယူတတ်ဖို့ လိုအပ်လှ၏။ တွေ့ကြုံရင်ဆိုင်နေရသော ဒုက္ခဟူသမျှကို တရားဖြင့် ဖြေဖျောက်နိုင်အောင် ကြိုးစားကြရမည်။

လူ့ဘဝ၊ လူ့သဘာဝအရ ပေဖြစ်ခိုက် အံကြိတ်ခံ၍ တူဖြစ်လျှင် အတိုး အငြိုးအတေးတို့ဖြင့် နံချင်တတ်ကြ၏။ အလှည့်ကျ မနွဲ့ကြစတမ်းဟု ကြုံးဝါးကာ နှိပ်စက် ညှဉ်းပန်းမှု၊ ချောက်တွန်းမှု ပြုကြ၏။ ယင်းလုပ်ရပ်များမှာ ဝင့်ကြွေးဟောင်းဆပ်ရင်းမှပင် ဝင့်ကြွေးအသစ်ကို ယူရာရောက်၏။ "ပြုသူ အသစ်၊ ဖြစ်သူ အဟောင်း"ဟူ၍ ကောင်းသော မနသိစိတ်ထားဖြင့် တရားနှင့် ယှဉ်ကာ သတိသံဝေဂ ထားပြီး ကြောက်မက်ဖွယ် အကြမ်းစား အကုသိုလ်များ စင်ကြယ်ဖို့ အရေး မနေးပင် ယခုအားထုတ်သင့်လှကြောင်း ရေးသားတိုက်တွန်းခြင်းဖြင့် "အပ္ပမာဒေန သမ္ပာဒေထ"ဟု ဆိုသည့်အတိုင်း မမေ့မလျော့သော ဥဿ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ပြုပြင်ကြစေရန် တိုက်တွန်းလိုက်ပါကြောင်း··· ■

* * *

ထွန်းဝေဝေစိုး(ဟင်္သာတ)



www.burmeseclassic.com

www.burmeseclassic.com

# တမလွန်ဘဝခရီးနှင့် ဘဝလွတ်မြောက်ရေး (၄)

ဓမ္မာစရိယ ဦးဒွေးလှိုင်



## မယားချစ်လို့ နွားဖြစ်ရ

(သီဟိုဠ်ကျွန်းက တောရွာတစ်ခုမှာ) လူတစ်ယောက်ဟာ အစ်ကို၏ မယား(မရီး)နှင့် ဖောက်ပြန် ကျူးလွန်နေတယ်။ ထိုမိန်းမကလည်း သူ့ခင်ပွန်းထက် အဲဒီ မတ်ဖြစ်သူကို သာပြီး ချစ်မြတ်နိုးတဲ့အတွက် သူ့အစ်ကိုကို လုပ်ကြံ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သတ်ဖြတ်ဖို့ အဲဒီ မတ်ဖြစ်သူအား တိုက်တွန်းတယ်။

"ဟဲ့…အကောင်မ၊ နင် ဒီလိုမပြောနဲ့"

လို့ မတ်က ကြိမ်းမောင်းတယ်။ ဒါပေမယ့် မရီးဖြစ်သူက သုံးကြိမ်တိုင်တိုင် ထပ်ပြောတော့ မတ်ဖြစ်တဲ့သူက…

"ဘယ်လိုလုပ်ပြီး အခွင့်ရမလဲ"

လို့ ပြောတယ်။ ဒီတော့ မရီးက…

"ဟို ခံတက်ပင်ကြီးရေဆိပ်က ပဲခွပ်လက်နက်နဲ့ စောင့်နေပါ။ အဲဒီကို ငါလွှတ်လိုက်မယ်"

လို့ ပြောတော့ မတ်ဖြစ်သူက အဲဒီကို သွားပြီး သစ်ပင်ကြားမှာ ပုန်းကွယ်လျက် စောင့်နေတယ်။

ခင်ပွန်းဖြစ်သူ တောက အလုပ်လုပ်ပြီး အိမ်ပြန်လာတဲ့အခါ အဲဒီ ဇနီးဖြစ်သူက ချစ်မြတ်နိုးတဲ့အနေနဲ့ ခေါင်းက ဆံပင်များကို ယုယုယယနဲ့ ဖြီးပေးနေရင်း…

"ခေါင်းက ညစ်ပေလွန်းအားကြီးပါတယ်။ ဟို ခံတက်ပင်ကြီး ရေဆိပ်သွားပြီး ခေါင်းလျှော်လိုက်ပါဦး"

လို့ ပြောပြီးတော့ လွှတ်လိုက်တယ်။ ခင်ပွန်းဖြစ်သူက "ငါ့ဇနီးက ငါ့အား အင်မတန် ယုယုယယနဲ့ ပြုစုပေတယ်" လို့ အောက်မေ့လျက် အဲဒီရေဆိပ်သွားပြီး ခေါင်းငုံ့လျက် ခေါင်းလျှော်ဖို့ ပြင်ဆင်နေတယ်။

အဲဒီအချိန်မှာပဲ သူညီဖြစ်သူက သစ်ပင်ကြားမှ ထွက်လာပြီး ပဲခွပ်နဲ့ ခုတ်သတ်လို့ သေဆုံးသွားရှာတယ်။

သေဆုံးပြီးတော့ သူ့ဇနီးကို တပ်မက်တွယ်တာတဲ့ တဏှာကြောင့် အဲဒီအိမ်မှာပဲ "ဓမ္မနီ"ခေါ် ထန်းမြွေဖြစ်တယ်။ (သီဟိုဠ်ဆရာတို့ကတော့ လင်းမြွေလို့ ဆိုကြတယ်။) အဲဒီ မြွေက သူ့ဇနီးအား တပ်မက် တွယ်တာနေတဲ့အတွက် အိမ်အမိုးပေါ်ကနေ အဲဒီမိန်းမပေါ် သူ့ကိုယ်ကို ပစ်ပစ်ချနေသတဲ့။

အဲဒီမိန်းမက သူ့ခင်ပွန်းဟောင်းဖြစ်မှာပဲလို့ ကြံတွေးပြီးတော့ အဲဒီမြွေကို သတ်စေပြန်တယ်။

မြွေဘဝက သေတော့လည်း အချစ်က မပြယ်သေးတဲ့ အတွက် အဲဒီအိမ်မှာပဲ ခွေးဖြစ်ရရှာတယ်။ အဲဒီခွေးက ချစ်တဲ့ စိတ်ဇောနဲ့ အဲဒီ မိန်းမနောက်ကို တကောက်ကောက် လိုက်နေတယ်။ မခွဲရက်ဘူး။ တောထဲ သွားလည်း လိုက်လာတာပဲ။ ဒီတော့ လူတွေက…

"ဟေ့…ခွေးမုဆိုး ထွက်ပြီ၊ ဘယ်အရပ်သွားမလဲ မသိဘူး"

လို့ ပြောင်လှောင်ပြောဆိုကြသတဲ့။ ဒါကြောင့် အဲဒီ မိန်းမက အဲဒီခွေးကိုလည်း အသတ်ခိုင်းတယ်။

ခွေးဘဝမှ သေတော့လည်း အချစ်က မပြယ်သေး



တဲ့အတွက် အဲဒီအိမ်မှာပဲ နွားဖြစ်ရပြန်တယ်၊ အဲဒီ နွားလေး ကလည်း အဲဒီမိန်းမနောက်ကို တကောက်ကောက်နဲ့ လိုက် နေတယ်။ အဲဒီလို လိုက်နေတာကို မြင်ရတော့ လူတွေက-

"ဟေ့…နွားကျောင်းသား ထွက်ပြီ၊ နွားတွေ ဘယ် စားကျက်မှာ ကျက်စားကြမလဲ"

လို့ လှောင်ပြောင်ပြောဆိုကြပြန်သတဲ့။

ဒါကြောင့် အဲဒီမိန်းမက အဲဒီနွားကိုလည်း အသတ် ခိုင်းပြန်တယ်။ ဒါပေမယ့် အဲဒီ ခင်ပွန်းဟောင်းကတော့ သူ့ဇနီးဟောင်းအပေါ် ချစ်စိတ်က မပြယ်သေးဘူး။ ဒါကြောင့် အဲဒီ နွားဘဝက သေရတဲ့အခါ အဲဒီ ဇနီးဟောင်းရဲ့ ဝမ်းထဲ မှာပဲ ပဋိသန္ဓေနေပြီး လူဖြစ်လာတယ်။

အဲဒီအခါမှာတော့ ရှေးက လေးဘဝတိုင်တိုင် အဲဒီ မိန်းမ၏ စေခိုင်းချက်ဖြင့် သေခဲ့ရတာတွေကို ပြန်လည် အောက်မေ့နိုင်တဲ့ ဇာတိဿရဉာဏ်ကို ရနေတဲ့အတွက် "ဒီလို ရန်သူ မိန်းမရဲ့ ဝမ်းထဲမှာ ဖြစ်မှဖြစ်ရလေခြင်း" ထို့ ဆင်ခြင်ပြီး အလွန်ပင် စိတ်မချမ်းမသာဖြစ်နေတယ်။ ဒါ ကြောင့် အဲဒီ ရန်သူ မိခင်၏ လက်နဲ့တောင် အထိမခံဘူး သားဆိုတဲ့အနေနဲ့ အဲဒီ မိခင်က လက်ဖြင့် ထိလျှင်၊ ကိုင် လျှင်တောင် ကလေးက အပြင်းအထန်ငိုတော့တာပဲ။

ဒါကြောင့် ဒီသူငယ်ကို အဘိုးက ပြုစုစောင့်ရှောက် ခဲ့ရတယ်။ စကားပြောနိုင်တဲ့ အရွယ်ရောက်တော့ သူ့အဘိုး



www.burmeseclassic.com

www.burmeseclassic.com

ာ…

"ငါ့မြေး…မင်းအမေထိတာနဲ့ ဘာကြောင့် ငိုတာလဲ" လို့ မေးတယ်။

"ဒီမိန်းမကြီးဟာ ကျွန်တော့်အမေမဟုတ်ဘူး။ လေးဘဝတိုင်တိုင် ကျွန်တော့်ကို သတ်နေတဲ့ ရန်သူပဲ"

လို့ ပြောပြီး အကြောင်းစုံကို ပြန်ပြောပြတယ်။ အဲဒီတော့ အဘိုးက အဲဒီ သူငယ်ကို ပွေ့ဖက်လျက် ငိုယိုပြီး -

"လာပါကွယ် ငါ့မြေး၊ ငါတို့မှာ ဒီအရပ်၌ နေခြင်းဖြင့် အကျိုးမရှိပါဘူး"

လို့ ပြောပြီး အဲဒီ သူငယ်ကို ခေါ်ဆောင်လျက် ထွက်သွားတယ်။ ကျောင်းတိုက်တစ်ခုသို့ သွားပြီး ရှင်ရဟန်းပြုကြတယ်။ မြေးအဘိုးနှစ်ယောက်စလုံး အဲဒီကျောင်းတိုက်မှာ နေလျက် တရားအားထုတ်ပြီး အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်ကာ ရဟန္တာဖြစ်သွားကြပါသတဲ့။

ဒီဝတ္ထုမှာ ပြောလိုရင်းကတော့ ခင်မင်တွယ်တာမှု တဏှာကြောင့် ခင်မင်တွယ်တာရာမှာ အခါခါဖြစ်ရတယ် ဆိုတာပါပဲ။ အဲဒါဟာ "ပေါနောဗ္ဘဝိကာ - တဏှာက တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်တယ်"ဆိုတာကို ထင်ရှားပြတဲ့ ဝတ္ထုတစ်ခုပါပဲ။ ဒါပေမယ့် အဲဒီမြွေဖြစ်၊ ခွေးဖြစ်၊ နွားဖြစ်ပြီး သေခြင်းဆိုးနဲ့ချည်း သေလာရတဲ့ ပုဂ္ဂိုလ်ဟာ လူဖြစ်တဲ့ နောက်ဆုံးဘဝမှာတော့ ရဟန္တာဖြစ်သွားတဲ့အတွက် ဘဝသစ်ကို ဖြစ်စေနိုင်တဲ့ တဏှာကင်းသွားပြီ။

ဒါကြောင့် အဲဒီက နောက်မှာ ဘဝသစ် မဖြစ်ရတော့ဘဲ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားပြီ။ အဲဒီလို ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားအောင် သံဝေဂယူပြီး ဝိပဿနာတရားအလုပ်ကို အားထုတ်စရာလည်း ကောင်းပါတယ်။

ပါဠိအဋ္ဌကထာ စာပေကျမ်းဂန်လာ ဝတ္ထုတွေ ပြောနေရင်တော့ မဆုံးနိုင်ဘူး။ ဒါကြောင့် အဲဒါတွေကို ဒါလောက်နဲ့ ရပ်ထားပြီးတော့ ယခု မျက်မှောက်ခေတ် ပစ္စုပ္ပန်ဝတ္ထုများကို ပြောရမယ်။

## ဓမ္မကထိက ဆရာတော်ကြီးတစ်ပါး

ဘုန်းကြီးဟာ မော်လမြိုင်မြို့ တောင်းဝိုင်း တိုက်ကျောင်းမှာ ၁၂၉၁ ခုနှစ်မှ ၁၃၀၃ ခုနှစ်အထိ နေထိုင်ခဲ့ပါတယ်။ အဲဒီအခါတုန်းက မော်လမြိုင်မြို့ပေါ်မှာ ထင်ရှားတဲ့ ဓမ္မကထိက ဆရာတော်ကြီးတစ်ပါး ရှိခဲ့ပါတယ်။ ရှေးနေ ဒကာတစ်ဦး ကွယ်လွန်လို့ ရက်လည်ဆွမ်းကပ်တဲ့အခါ အဲဒီ ဆရာတော်က ရက်လည်ဆွမ်း အနုမောဒနာတရားကို ဒီလို ဟောပါတယ်။

"အဒ္ဓုဝံ မေ ဇီဝိတံ၊ ဓုဝံ မေ မရဏံ"

မေ - ငါ၏၊ ဇီဝိတံ - အသက်ရှည်ခြင်းသည်၊ အဒ္ဓုဝံ- မခိုင်မြဲပါတကား။ မေ-ငါ၏၊ မရဏံ-သေခြင်းသည်၊ ဓုဝံ-မချွတ်ကေန် မြဲမြံ၏။

"အဝဿံ မယာ မရိတဗ္ဗမေဝ၊
မရဏပရိယောသာနံ မေ ဇီဝိတံ"

မယာ-ငါသည်၊ အဝဿံ-မချွတ်ကေန်၊ မရိတဗ္ဗမေဝ-သေရမည်သာတည်း။ မေ-ငါ၏၊ ဇီဝိတံ-အသက်ရှင်နေခြင်းသည်၊ မရဏပရိယောသာနံ-သေခြင်းလျှင် အဆုံးရှိချေ၏။

"ဇီဝိတမေဝ အနိယတံ၊ မရဏံ နိယတံ"

ဇီဝိတမေဝ-အသက်ရှင်ခြင်းသည်သာလျှင်၊ အနိယတံ-ကိန်းသေမမြဲ၊ မရဏံ-သေခြင်းသည်ကား၊ နိယတံ-ကိန်းသေပင် မြဲသတည်း။

ဆိုတဲ့ ဒီ မရဏာဿတိ ဆင်ခြင်ပုံ စကားကို အရင်းခံပြီး ဟောသွားတယ်။ အဲဒီတုန်းက ဘုန်းကြီးလည်း အဲဒီ အလှူမှာ ပါလို့ နာလိုက်ရပါတယ်။

အဲဒီနောက် ခုနစ်ရက်မတိုင်မီ ရက်အနည်းငယ်အတွင်းမှာ အဲဒီ ဓမ္မကထိက ဆရာတော်ကြီး ပျံတော်မူသွားကြောင်း ကြားသိရတယ်။ အဲဒီတော့ ပျံတော်မူတဲ့အခါ သူဟောတဲ့ မရဏာဿတိတရားကို အမှတ်ရပြီး ပျံတော်မူသွားမှာပဲလို့ ဘုန်းကြီး စဉ်းစားမိပါတယ်။ ပျံတော်မူခြင်း၏ အကြောင်းကတော့ လူဆိုးများက ဓားနဲ့ ထိုးသတ်သွားလို့ဆိုတာလည်း ကြားသိရပါတယ်။

အဲဒီနောက် သုံးနှစ်လောက်ကြာတဲ့အခါကျတော့ မြိတ်နယ်က လူငယ်လေးတစ်ယောက် ပေါ်လာတယ်။ "မော်လမြိုင်မှာ သူ့ကျောင်းရှိတယ်၊ လိုက်ပို့ပါ"လို့ ပူဆာတဲ့အတွက် အဲဒီ ကလေးရဲ့ မိဘများက လိုက်ပို့ကြတယ်။ အဲဒီ ပျံတော်မူသွားတဲ့ ဆရာတော်ကြီးကျောင်းရောက်တော့ သူဟာ အရင်ဘဝက အဲဒီကျောင်းပိုင် ဆရာတော်ကြီးဖြစ်ခဲ့ကြောင်း စသည်တွေကို အဲဒီကလေးက ပြောတယ်။ အဲဒီ ကျောင်းဆိုင်ရာ အကြောင်းအရာတွေကို သူက အကုန်ပြောနိုင်တယ်။ ပြောသမျှလည်း အမှန်ချည်းဖြစ်နေတယ်။ အဲဒီ အနီးအပါးက ဆရာတော်တွေကိုလည်း သူက အကုန်မှတ်မိနေတယ်။ ဘွဲ့အမည်တွေကိုလည်း ရှေးက ခေါ်နေကျအတိုင်းပဲ သူခေါ်သတဲ့။ အဲဒီ ဆရာတော်ကြီးနဲ့ ရင်းနှီးတဲ့ ကပ္ပိယဒကာတစ်ဦးကို အမည်ထုတ်ဖော်ပြီး မေးတဲ့အခါကျတော့ အဲဒီကလေးက "ကြောက်စ…ကြောက်စ"လို့ ဆိုသတဲ့။ ဘာကြောင့် ကြောက်သလဲလို့ မေးတော့ "အခြားလူတစ်စုနဲ့ အဲဒီလူက သူ့ကို ဓားနဲ့ ထိုးသတ်တဲ့အကြောင်း၊ သူက

www.burmeseclassic.com

ထွက်ပြေးလို့ မြစ်ကမ်းနားရောက်တော့ လှေကြီးကို တွေ့တာနဲ့ အဲဒီလှေကြီးကို စီးပြီး လိုက်သွားကြောင်း။ မြို့တံပင်လယ်ကမ်းခြေ ရွာတစ်ခုရောက်တော့ ယခုလက်ရှိ သူ့မိဘအိမ်မှာ ဝင်နေကြောင်း"များကို အဲဒီကလေးက ပြောပါသတဲ့။

အဲဒီမှာ ကျောင်းမှ ထွက်ပြေးပုံ၊ ကမ်းနားရောက်တော့ လှေကြီးတွေ့ပုံ၊ အဲဒီ လှေကြီးစီးပြီး လိုက်သွားပုံ၊ လက်ရှိ သူ့မိဘအိမ်ဝင်နေပုံတွေကတော့ ပျံလွန်တော်မူခါနီးတုန်းက ထင်ခဲ့တဲ့ "ဂတိနိမိတ်"တွေပါပဲ။

ဒီဝတ္ထုဟာလည်း တဏှာက ဘဝသစ်ကို ဖြစ်စေတယ်ဆိုတာနဲ့ စပ်ပြီး အထူးမှတ်သားသင့်တဲ့ အကြောင်းအရာတစ်ခုပါပဲ။

## ငွေလေးဆယ်အတွက် ကျွဲဖြစ်သလား

မုံရွာခရိုင် မြို့တစ်ခု၌ ငွေတိုးပေး ချေးငှား စီးပွားရေးလုပ်နေတဲ့ လူတစ်ယောက်ရှိခဲ့တယ်။ အဲဒီလူကြီးက လယ်ယာသမားတစ်ဦးထံမှ အကြွေးတောင်းတယ်။ လယ်သမားက အကြွေးဆပ်ပြီးကြောင်း ပြောတယ်။ ကြွေးရှင်လူကြီးက မဆပ်ရသေးပါဘူး။ ဆပ်ပါလို့ အထပ်ထပ်ပြောပြီး နောက်ဆုံးကျတော့ "ကြွေးဆပ်ပြီးပါလျက် ထပ်တောင်းတာဖြစ်လို့ရှိရင် အဲဒီထပ်ပြီးဆပ်တဲ့ ငွေလေးဆယ်အတွက် မင့်အိမ်မှာ ငါ ကျွဲဖြစ်ပါရစေ"လို့ ကျိန်ဆိုပြီး အတင်းတောင်းနေသတဲ့။ ဒီတော့ ဆင်းရဲသား လယ်သမားက သိလျက်သားနဲ့ ငွေလေးဆယ် ထပ်ပြီးပေးဆပ်လိုက်ရတယ်။

အဲဒီ ကြွေးရှင်လူကြီး ဆုံးသွားပြီးတဲ့နောက် အဲဒီ ကြွေးနှစ်ခါဆပ်ရတဲ့ လယ်သမားအိမ်မှာ ကျွဲကလေး တစ်ကောင်မွေးလာတယ်။ အဲဒီကျွဲကလေးကို သူ့ဆရာ ကြွေးရှင်ကြီးက ဖြစ်လာတယ်လို့ ထင်မြင်ယူဆပြီး အဲဒီ လယ်သမားဆင်းရဲသားက သူ့ဆရာကို ရှေးက ခေါ်နေကျအတိုင်း ကျွဲကလေးကို "ဆရာ···ဆရာ···လာပါ"လို့ ခေါ်ကြည့်တယ်။ အဲဒီလို ခေါ်လိုက်တော့ အဲဒီကျွဲကလေးက လာသတဲ့။ ဒီတော့ အဲဒီလယ်သမားက သူ့ကြွေးရှင်ကြီးဟာ သူ့ကျိန်စာအရ မိမိအိမ်မှာ ကျွဲလာဖြစ်ရတယ်ဆိုတာ ယုံကြည်ပြီး ပြောတယ်။ အဲဒီအခါ ကွယ်လွန်သွားတဲ့ ပစ္စည်းရှင်ရဲ့ သမီးက သူ့အဖေ ဂုဏ်ကျက်သရေပျက်အောင် ပြောတယ်ဆိုပြီး ရုံးမှာ တရားစွဲသတဲ့။

အဲဒီတော့ တရားသူကြီးက ကျွဲကလေးနှင့်တကွ တရားလို၊ တရားခံ သက်သေများပါ အစုံခေါ်ယူပြီး စစ်ဆေးတယ်။ လယ်ယာသမားက ကြွေးရှင် ဆရာကြီးကို ဆရာလို့ ခေါ်လေ့ရှိတဲ့အတိုင်း ကျွဲကလေးကို "ဆရာ···လာပါ"လို့ ခေါ်လိုက်တော့ ကျွဲကလေးက အဲဒီလူ့ဆီကို လာသတဲ့။

ကြွေးရှင် လူကြီးရဲ့ သမီးက သူ့အဖေကို "ရှီရှီ"လို့ ခေါ်နေကျအတိုင်း ကျွဲကလေးကို "ရှီရှီ···လာပါ"လို့ ခေါ်လိုက်တဲ့အခါမှာလည်း အဲဒီခေါ်တဲ့ အမျိုးသမီးဆီကို လာသတဲ့။ ဒီတော့ တရားသူကြီးက လယ်သမားပြောတာ ရိုးသားစွာ ပြောတာလို့ ယုံကြည်ပြီး အမှုကို ရုတ်သိမ်းလိုက်သတဲ့။

ဒီဝတ္ထုလည်း လူ့ဘဝက ကျွဲဖြစ်သွားရတယ်ဆိုတာ ယုံကြည်စရာအကြောင်းရှိပါတယ်။ ဒါကြောင့် တဏှာက ဘဝသစ်ဖြစ်တယ်ဆိုတာကို ထင်ရှားစေသည့်အပြင် မှားယွင်းစွာ ကျိန်ဆိုမိရင် "ကျိန်ဆိုတဲ့အတိုင်း ဒုက္ခရောက်ရတတ်တယ်"ဆိုတာကိုလည်း သတိပြုစရာပါပဲ။

## ညီဖြူဆန်တစ်စလယ်

တောင်တွင်းကြီးမြို့၏ အနောက်မြောက်ဘက် ၁၀မိုင်ခန့်ဝေးတဲ့ အရပ်မှာ ချောင်းဆုံရွာဆိုတာ ရှိတယ်။ အိမ်ခြေ ၄၀၀ ခန့်ရှိတယ်။ အဲဒီရွာမှာ ညီဖြူနဲ့ ကံကြီးဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ဟာ ကွမ်းထမ်းပြီး ရောင်းတဲ့ အလုပ်ကို လုပ်ကြတယ်။

တစ်နေ့တော့ ကွမ်းရောင်းရာမှ ပြန်လာတဲ့အခါ ကံကြီးမှာ ဆန်ကုန်သွားလို့ ညီဖြူထံမှ ဆန်တစ်စလယ်ချေးပြီး ချက်စားရတယ်။ အဲဒီတ စားပြီးနောက် ညအခါ လရောင်ဖြင့် ပြန်လာကြရာ လမ်းမှာ ပိုးထိလို့ ကံကြီးဟာ သေသွားရှာတယ်။ အဲဒီအခါတုန်းက သူတို့အသက်ဟာ ၂၀ ကျော်လောက်ပဲ ရှိဟန်တူပါတယ်။ ခုနှစ်ကတော့ ၁၂၇၀ နဲ့ ၁၂၈၀ အတွင်း ဖြစ်ပါလိမ့်မယ်။

ကံကြီးဟာ သေတော့ ညီဖြူအိမ်မှာ ကြက်ဖြစ်ရသတဲ့။ ဆန်တစ်စလယ်အကြွေးကို စွဲလမ်းပြီး သေသွားဟန်တူတယ်။ အဲဒီကြက်က တိုက်ကြက်ကလေးမို့ ညီဖြူက အခြားသူများနှင့် ကြက်တိုက်ပွဲလုပ်တယ်။ သုံးပွဲ သုံးကြိမ်တိုင်အောင် အနိုင်ရတယ်။ လေးကြိမ်မြောက်ပွဲကျတော့ အခြားကြက်က အသက်လည်း ရင့်၊ အင်အားလည်း ကြီးတာနဲ့ ညီဖြူကြက်က ရှုံးတယ်။

အဲဒီတော့ ညီဖြူက ရှုံးရမလားဆိုပြီး စိတ်ဆိုးတာနဲ့ သူ့ကြက်ကို ခြေထောက်နှစ်ချောင်းကိုင်ပြီး မြေကြီးနဲ့ ရိုက်လိုက်တယ်။ မသေမရှင်နဲ့ အိမ်သို့ ယူလာခဲ့ပြီး ရေအိုးစင်နား ပစ်ချထားတယ်။ အဲဒီအချိန်မှာ ညီဖြူရဲ့ နွားမကြီးက အသက်ငင်ငင်ဖြစ်နေတဲ့ အဲဒီကြက်ကလေးကို နမ်းသွားသတဲ့။

အဲဒီကြက်ကလေးက သေပြီးတော့ အဲဒီ နွားမကြီး

www.burmeseclassic.com

ထဲမှာ ပဋိသန္ဓေနေရတယ်။ မွေးလာတဲ့အခါ နွားမကလေး ဖြစ်နေသတဲ့။ အဲဒီ နွားမကလေး အတော်အတန်ကြီးလာတဲ့ အခါ ညီညိုရဲ့ မိတ်ဆွေများက အဲဒီ နွားမကလေးကို တန်ဖိုး လေးကျပ်ထားပြီး သတ်စားကြသတဲ့။

အဲဒီလို သတ်ပြီး အမဲသားတွေ လီးဖျက်နေတုန်း တောင်တွင်းကြီးက စာရေးကြီးနဲ့ စာရေးကတော်က အဲဒီ နေရာကို ရောက်လာတယ်။ စာရေးကတော်က သေပြီးစ အသား တဆတ်ဆတ်တုန်နေတဲ့ နွားမကလေးကို သနား ကရုဏာသက်ပြီးတော့ "ငါ့နွားသာဆိုရင် မသတ်ရက်ပါဘူး။ သူ့အလိုလို သေသွားတောင် မစားရက်ပါဘူး။ မြေကြီးထဲ မြှုပ်လိုက်မှာပဲ"လို့ ပြောသတဲ့။

အဲဒီနောက် စာရေးကြီးကတော်မှာ သားယောက်ျား လေး ဖွားမြင်လာတယ်။ ဒီကလေးက အသက် ၇နှစ်ရှိသည့် တိုင်အောင် စကားမပြောဘူးတဲ့။ ဒီတော့ ဖခင် စာရေးကြီး က...

"ငါ့သား စကားပြောပါ။ ဒီနေ့ လခထုတ်ရမယ်။ ငါ့သား အတွက် အဝတ်ကောင်းကောင်းဝယ်ခဲ့မယ်"

လို့ ပြောပြီး ညနေပြန်လာတဲ့အခါ...

"ဟောဒီ အဝတ်လှလှကလေးတွေဟာ ငါ့သားဖို့ပဲ။ ကဲ - စကားပြောလေကွာ"

လို့ ပြောတဲ့အခါ အဲဒီကလေးက...

"ညီညိုဆန်တစ်စလယ်"

လို့ ပြောသတဲ့။ အတိုချုံး ပြောရမှာပဲ။ အဲဒီနောက် ဖခင် စာရေးကြီးက...

"ငါ့သား...စကားသာ ပြောပါ။ ဆန်တစ်စလယ်တောင်



မကဘူး၊ ဆန်တစ်အိတ်တောင် ကြွေးဆပ်ပေးမယ်"

လို့ ပြောတော့ အဲဒီကလေးက...

"ဒီလိုဆိုရင် ဆန်အိတ်ကို လှည်းပေါ် တင်ပါ။ ယခုပဲ သွားပြီး ကြွေးဆပ်ရအောင်"

လို့ ပြောသတဲ့။ ဒါနဲ့ ဆန်အိတ်ကို လှည်းပေါ်တင်ပြီး တော့ "ဘယ်ကို မောင်းရမှာလဲ"လို့ မေးတဲ့အခါ တောင်တွင်း ကြီးမြို့မှ မြောက်ဘက်မောင်းဖို့ ကလေးက ပြောတယ်။ ကလေးပြောတဲ့အတိုင်း လှည်းကို မောင်းသွားရာ ချောင်းဆုံ ရွာရောက်တော့...

"ဒီရွာပဲ၊ ရွာထဲ ဝင်ပါ။ ဒီလမ်းကို မောင်းပါ"

စသည်ဖြင့် ကလေးက ညွှန်ပြတယ်။ နောက်ဆုံး ညီညိုအိမ်ကို ရောက်တဲ့အခါ...

"ဟော...ရောက်ပြီ၊ ဒီအိမ်ပဲ"

လို့ ကလေးက ပြောတယ်။

"ဒါ...ဦးညီညိုတို့အိမ် ဟုတ်ပါရဲ့လား"

လို့ လူကြီးတွေက မေးတော့ ဦးညီညိုက...

"ဟုတ်ပါတယ်"

ဆိုပြီး အိမ်ပေါ်မှ ဆင်းလာတယ်။ အနားရောက်တော့ ကလေးက...

"ဟေ့...ညီညို၊ ငါ့ မှတ်မိသေးရဲ့လား"

လို့ မေးလိုက်တယ်။ အဲဒါကို ကြားရတော့ သူ့အဖေ လောက်ရှိတဲ့ ငါ့ကို ညီညိုလို့ ခေါ်ရမလားလို့ ဆိုပြီး ဦးညီညိုက စိတ်ဆိုးလိုက်တာတဲ့။ ဒါနဲ့ စာရေးကြီးက...

"ဦးညီညိုရေ...စိတ်မဆိုးပါနဲ့ဗျာ။ ဒီကလေးက ထူးခြား တဲ့ အကြောင်းရှိပါတယ်"

လို့ ပြောပြီး တောင်းပန်ရတယ်။ အိမ်ပေါ် ရောက်တဲ့ အခါကျတော့ ကလေးက...

"ဟေ့...ညီညို၊ မင်းက ငါ့ကို မမှတ်မိတော့ဘူးလား။ ဟိုတုန်းက မင်းနဲ့ ငါ ကွမ်းထမ်းပြီး ရောင်းကြတယ်။ ငါက မင်းဆီက ဆန်တစ်စလယ်ချေးဖူးတယ်။ အဲဒီကြွေးမဆပ်ရ သေးခင် ပိုးထိလို့ ငါသေခဲ့ရတယ်။ မင်းအိမ်မှာ ကြက်ဖြစ်ရ တယ်။ တိုက်ပွဲမှာ သုံးကြိမ်တိုင်တိုင် ငါ အနိုင်ရအောင် ခွပ်ပေးခဲ့တယ်။ လေးကြိမ်မြောက်ကျတော့ ဟိုကြက်ကြီးက ငါ့ထက် အားကြီးလို့ ငါရှုံးတော့ မင်း ငါ့ကို ရှုံးရမလားလို့ စိတ်ဆိုးပြီး ရိုက်သတ်တယ်။ မသေမရှင်နဲ့ ရေအိုးစင်နား ပစ်ချထားရာမှ နွားမကြီးက လာပြီး ငါ့ကို နမ်းတယ်။ အဲဒီ နွားမကြီးဝမ်းထဲမှာ ဖြစ်ရပြီး မွေးလာတော့ နွားမကလေးဖြစ် လာရတယ်။ နွားမတန်းအရွယ်လောက်မှာ မင်းတို့က ငါ့ကို သတ်စားကြတယ်။ အဲဒီအခါတုန်းက ဟောဒီ စာရေးကြီး



www.burmeseclassic.com

www.burmeseclassic.com

အဖေနဲ့ အမေတို့က အနီးအပါးရောက်လာပြီး သနားသက်ညှာတဲ့ စကားကို ပြောသွားတယ်။ အဲဒီ နွားမဘဝက သေရတော့ ဟောဒီ အဖေ၊ အမေတို့ရဲ့ သားဖြစ်နေရတယ်။ ယခု မင့်ဆန်တစ်စလယ်အကြွေးဆပ်ဖို့ လာတာ"

စသည်ဖြင့် ပြောတယ်။

ပြောသမျှတွေကလည်း အကုန်လုံး အမှန်ချည်းဖြစ်နေတယ်။ ဒါကြောင့် ဦးညိုမှာ သူပြောသမျှတွေကို သတိရပြီးတော့ အင်မတန် ဝမ်းနည်းတဲ့အတွက် ငိုကြွေးရှာပါသတဲ့။

(ဒီအကြောင်းအရာတွေကို ဦးညိုကိုယ်တိုင်ပင် ရေစကြိုမြို့နယ်က ဦးဘသွင်အား ၁၃၁၃ ခုနှစ်လောက်က ပြောကြားလိုက်ကြောင်း သိရပါတယ်။)

ဒီဝတ္ထုဖြင့် သိစေလိုရင်းမှာ တဏှာ မကင်းသေးရင် တစ်ဖန် ဘဝသစ်အမျိုးမျိုးဖြစ်ရတယ်ဆိုတာ သိစေလိုရင်းပါပဲ။

## နွားဖြစ်ရတာ ကြောက်စရာ

၁၃၀၁ ခုနှစ်လောက်က မန္တလေးမြို့ ဘုရားကြီးတိုက်မှာ စာသင်သား ရဟန်းတော်တစ်ပါးရှိခဲ့တယ်။ သူ့ဘွဲ့တော်က "ဦးအာစိဏ္ဏ"တဲ့။ ရုပ်ရည် ထွားကျိုင်းဖြူစင်တယ်။ သဒ္ဒါ တရားကောင်းတယ်။ ပိဋကတ်စာပေကို ကြိုးစားကျက်မှတ်တယ်။ အဲဒီ ဦးအာစိဏ္ဏက တစ်နေ့သောအခါ သပိတ်ဆေးရင်း...

"အရှင်ဘုရားတို့ သတိပြုကြပါ။ သူများတွေ လှူတဲ့ ဆွမ်းတွေကို စားပြီး ကောင်းကောင်းကျင့်သုံး နေထိုင်ကြပါ။ တပည့်တော်ကတော့ သုံးဘဝတိုင်တိုင် ကိုယ်တွေ့ဖြစ်ခဲ့လို့ အထူးသတိပြုနေရပါတယ်"

စသည်ဖြင့် အတူနေ ရဟန်းများအား ပြောကြားတယ်။

အဲဒီလိုပြောပြီးတဲ့နောက် သူ့အကြောင်း သိချင်တာနဲ့ ကိုယ်တော်တစ်ပါးက မေးကြည့်တယ်။ အဲဒီအခါ သူက ဒီလိုပြောတယ်။

"သူဟာ လူ့ဘဝမှ သေတဲ့အခါ သရဲမကြီးဖြစ်ခဲ့ရတယ်။ အဲဒီတုန်းက စားစရာလည်း မပြည့်စုံ၊ နေစရာလည်း ကောင်းကောင်းမရှိတဲ့အတွက် ဟိုသွားရ ဒီသွားရနဲ့ အင်မတန် ဆင်းရဲခဲ့တယ်။

အဲဒီဘဝမှ သေတော့ နွားထီးဖြစ်ခဲ့ရတယ်။ အဲဒီဘဝမှာ ဝန်အတူတူရုန်းဖော်ဖြစ်တဲ့ အခြားနွားတစ်ကောင်နဲ့ စားကျင်းတစ်ခုထဲမှာ အတူတူစားရတယ်။ အဲဒီ အတူတူစားနေရတဲ့ နွားရဲ့ နှာခေါင်းမှ နှာရည်ပုပ်တွေ မခံနိုင်အောင် ထွက်နေတဲ့အတွက် အဲဒီနွားကို ဝေ့တယ်။ အဲဒီလို ဝေ့တော့ ပိုင်ရှင်လူက ရိုက်တယ်။ အနိုင်ကျင့်တယ်ထင်လို့ ရိုက်တာ



ဖြစ်ပါလိမ့်မယ်။ ခဏခဏဝေ့တယ်။ ဝေ့တိုင်း ဝေ့တိုင်း အရိုက်ခံရတယ်။

အဲဒီ နွားဘဝမှ သေတော့ ယခုဘဝရောက်လာ တယ်။ ဒါကြောင့် သံဝေဂ ရပြီး ရဟန်းပြုလာတဲ့အကြောင်း

ပြောကြားတယ်။ (အဲဒီလိုပြောကြားစဉ်က အဲဒီပြောတဲ ရဟန်းမှာ ၉ဝါ၊ ၁၀ ဝါခန့် ရနေပြီဖြစ်ကြောင်း သိရပါတယ်။

ဒီဝတ္ထုဖြင့် သိစေလိုရင်းကလည်း တဏှာရှိနေလို့ ဘဝသစ်ဖြစ်ရတယ် ဆိုတာပါပဲ။ နောက်ပြီးတော့ သရဲတစ္ဆေ ဖြစ်ရတာလည်း ကြောက်စရာကောင်းကြောင်း၊ နွားတွေမှာ စကားမပြောတတ်တဲ့အတွက် သူတို့၏ အခက်အခဲများကို လူတို့အား မသိစေနိုင်သဖြင့် လူတို့၏ အနှိပ်စက်ခံနေရတာ လည်း ကြောက်စရာကောင်းကြောင်းများလည်း သံဝေ ယူဖွယ်ဖြစ်ပါတယ်။

## နွား၊ ခွေးဖြစ်ပြီးမှ လူပြန်ဖြစ်

၁၃၁၀ ခုနှစ်လောက်ဆီက မုံရွာမြို့နယ်၊ ကျေးရွာ ဘုန်းကြီးကျောင်းတစ်ခုမှ ဘုန်းကြီးကို သူ့ပုန်ဗိုလ်တစ်ယောက် က သူ့တပည့် ရဲဘော်အား နှိပ်စက်တယ်ဆိုပြီး သေနတ် ဖြင့် ပစ်သတ်တယ်။ အဲဒီကိုယ်တော်ဟာ ယခုတစ်ဖန် လူ ဘဝရောက်လာပြီး ရဟန်းဖြစ်နေတယ်။ ပထမပြန် စာမေး မှာတောင် အချို့ အဆင့်အတန်းများ အောင်နေပြီလို့ ကြာ

www.burmeseclassic.com

သိရတယ်။ အဲဒီ ရဟန်းက "သေနတ်ဖြင့် အပစ်ခံရပြီး သေတဲ့အခါ နွားဘဝ၌ ဖြစ်ခဲ့ရကြောင်း၊ အဲဒီကနောက် ခွေးဘဝ၌ ဖြစ်ခဲ့ရကြောင်း၊ အဲဒီကနောက် လူ့ဘဝပြန်ရောက် လာခဲ့ကြောင်း" ပြောပါသတဲ့။

နောက်ပြီးတော့ အဲဒီ ရဟန်းဟာ သေနတ်၊ လက်နက် ကိုင် လူများကို အလွန်ကြောက်တယ်လို့လည်း ဆိုပါတယ်။

ဒီဝတ္ထုမှာ ရဟန်းအဖြစ်မှ နွားဖြစ်ရတယ်၊ ခွေးဖြစ်ရ တယ်ဆိုတော့ အင်မတန် ယုတ်ညံ့တယ်လို့ ထင်စရာရှိပါ တယ်။ တဏှာမကင်းသေးရင် ဒါ့ထက် ယုတ်ညံ့တဲ့ ဘဝ တွေလည်း ဖြစ်နိုင်သေးတာပဲ။

ဘုရားလက်ထက်တော်တုန်းက "အရှင်တိဿ" ဆိုတဲ့ ရဟန်းဟာ သန်းတောင် ဖြစ်ရသေးတာပဲ။ ဒါကြောင့် တဏှာမကင်းသေးသူတိုင်း (ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာလည်း မကင်း သေးရင်) ဒီလိုဘဝမျိုးတွေမှာ ဖြစ်နိုင်သေးတယ် ဆိုတာကို သိပြီးတော့ တဏှာကင်းအောင် အားထုတ်ဖို့ အရေးကြီးပါ တယ်။ အောက်ထစ်ဆုံးအားဖြင့် "ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ" ကင်းအောင် အားထုတ်ဖို့ လိုပါတယ်။

## တောက်တဲ့တောင် ဖြစ်ရသေးသတဲ့

၁၃၂၃ ခုနှစ်လောက်က ဒိုက်ဦးမြို့အနီး "ဖအောင်ဝဲ" ဆိုတဲ့ ရွာမှာ ထူးဆန်းတဲ့ ကလေးတစ်ယောက်ပေါ်လာတယ်။ အဲဒီကလေးက သူဟာ ဒိုက်ဦးမြို့တောင်ဘက် နှစ်မိုင်လောက် ဝေးတဲ့ ရွာဝိုင်းကြီးက ဘုန်းကြီးဖြစ်ကြောင်း ပြောသတဲ့။ စကျက်မှတ်ဉာဏ်လည်း အထူးကောင်းသတဲ့။ သူနေခဲ့ တယ်ဆိုတဲ့ ကျောင်းကို ခေါ်သွားတဲ့အခါ အဲဒီကျောင်းက ပစ္စည်းတွေကို သူက အကုန်လုံးသိနေတယ်။ ဒါက ဘယ်သူ က လှူတဲ့ ပစ္စည်း စသည်ဖြင့် လှူတဲ့သူတွေကိုလည်း ပြောတယ်။ ပြောတဲ့အတိုင်းလည်း မှန်သတဲ့။

သူဟာ အဲဒီ ဘုန်းကြီးဘဝမှ ပျံလွန်တော်မူတဲ့အခါ အဲဒီကျောင်းမှာပဲ တောက်တဲ့ဘဝ၌ ဖြစ်ခဲ့ရသတဲ့။ အဲဒီ တောက်တဲ့ဟာ ကျောင်းနဲ့ ထန်းပင်အကူးမှာ လွတ်ကျပြီး ပေါင်ကျိုးသွားတဲ့ ဒဏ်ရာကြောင့် သေခဲ့ရသတဲ့။

သေတဲ့အခါ အဲဒီကျောင်းနားမှာ လယ်လုပ်နေတဲ့ ဖအောင်ဝဲရွာ (ဖောင်ဝဲရွာ)က လယ်သမား(ယခု သူ့အဖေ) ရဲ့ လှည်းပေါ်မှာ စီးလိုက်သွားပြီး အဲဒီ လယ်သမားအိမ်မှာပဲ ဝင်နေတယ်လို့လည်း ပြောပါသတဲ့။ အဲဒီမှာ လှည်းပေါ် စီး လိုက်သွားတယ်ဆိုတာကတော့ "ဂတိနိမိတ်" ထင်မိပုံတွေပါ ■

ဒီဝတ္ထုလည်း တဏှာမကင်းရင် ဒီလို ဘဝအသစ် တွေလည်း ဖြစ်နိုင်တယ်ဆိုတာ သံဝေဂ ယူပြီး အဲဒီတဏှာ ကင်းရေးအတွက် မဂ္ဂင်ရှစ်ပါး တရားကို ပွားစေဖို့ပါပဲ။

ယခုလို ပစ္စုပ္ပန်ဝတ္ထုတွေကို ထုတ်ဖော်ပြရတာဟာ ဘာကြောင့်လဲဆိုရင် ယခုနေအခါမှာ တချို့က "နောင် တမလွန်ဘဝ မရှိဘူး" လို့ ပြောနေကြတယ်။ တချို့ကလည်း ရှိ,မရှိ ဇဝေဇဝါဖြစ်နေကြတယ်။ စာပေကျမ်းဂန်တွေ အထင် အရှားရှိနေပေမယ့် တချို့က "ရေးက ရေးထားတာတွေပဲ" ဆိုပြီး လေးလေးနက်နက် မယုံကြည်နိုင်ဘဲ ရှိနေကြတယ်။

ဒါကြောင့် ကံ,ကံ၏ အကျိုးနဲ့ တမလွန်ဘဝကို ယုံ ကြည်တဲ့ သဒ္ဓါတရားဖြစ်ပွားပြီး ခိုင်မြဲကြစေရန်အတွက် ရည် မျှော်ပြီး ထုတ်ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။ ပြစရာ အလား တူ ဝတ္ထုတွေကတော့ အများကြီး ရှိပါသေးတယ်။ ဒါပေမယ့် ဒါလောက်ဆိုရင် ရည်ရွယ်ချက်အတွက် ပြည့်စုံလောက်ပါပြီ။

ခုပြောခဲ့တဲ့အတိုင်း တဏှာက ဘဝသစ်ကို ဖြစ်စေ သောကြောင့်···

ယာအယံ တဏှာ•အကြင် ဆာလောင်မှု တဏှာ သည်၊ ပေါနောဗ္ဘဝိကာ-တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်၏။ နန္ဒီရာဂသဟဂတာ-နှစ်သက် တပ်စွဲခြင်းနှင့်တကွဖြစ်၏။ (ဝါ) နှစ်သက် တပ်စွဲသော သဘောဖြစ်၏။ တတြတတြာဘိနန္ဒိနီ- ထိုထိုရောက်ရာဘဝ၊ ရရာအာရုံ၌ နှစ်သက်ပျော်မွေ့လေ့ရှိ၏"

လို့ ဟောတော်မူတယ်။ နောက်ပြီး အဲဒီတဏှာ၏ သရုပ်ကိုလည်း···

"သေယျထိဒံ - ထိုတဏှာကား အဘယ်နည်းဟူမူ၊ ကာမတဏှာ-လိုချင်စရာ ကာမဂုဏ်၌ ဆာလောင်မှု တဏှာ က တစ်ပါး၊ ဘဝတဏှာ-အမြဲရှိနေသည်ဟု ထင်လျက် ဆာလောင်မှု တဏှာက တစ်ပါး၊ ဝိဘဝတဏှာ - သေပြီး လျှင် မရှိတော့ဟုထင်လျက် ဆာလောင်မှုတဏှာက တစ်ပါး၊ ဣဒံ - ဤတဏှာသုံးပါးသည် ဆင်းရဲဖြစ်ကြောင်း သမုဒယ သစ္စာပေတည်း"

လို့ ထုတ်ဖော်ပြီး ဟောတော်မူပါတယ်။

ဘဝလွတ်မြောက်ရေးအတွက် ဆရာတော်ဘုရားကြီး ၏ "သတိပဋ္ဌာန် ရှုမှတ်နည်း တရားတော်များ" မှာ လွန်စွာ ထင်ရှား၍ တစ်ကမ္ဘာလုံးကပင် လိုက်နာနေကြပေပြီ ■

* * *

မဟာစည်ဆရာတော် ဦးသောဘနအမည်မှာ မဟုတ်ဘဲ — 

ဓမ္မာစရိယ ဦးဒွေးလှိုင်

*(တမလွန်ဘဝခရီးနှင့် ဘဝလွတ်မြောက်ရေး ဤတွင် ပြီး၏။)*


www.burmeseclassic.com

# ရွှေတိဂုံပုံတူ ထီးတော်တင်ပွဲ
# သုံးထပ်ကျောင်းဆောင် ရေစက်ချပွဲနှင့်
# ကျိုက်မရော ဆရာတော်မွေးနေ့
# သိက္ခာထပ်အလှူတော်မင်္ဂလာ

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)







www.burmeseclassic.com


www.burmeseclassic.com






မွန်ပြည်နယ်၊ ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဒိန္န(သဒ္ဓမ္မဇောတိကဓဇ)(နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)ဦးစီး၍ တည်ထားကိုးကွယ်ခဲ့သော ရွှေတိဂုံပုံတူ စေတီတော်ထီးတော်တင်လှူပွဲ၊ သုံးထပ်ကျောင်းဆောင် ရေစက်ချပွဲ၊ သက်တော် ၆၀ ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့် ပုနောပသမ္ပဒါ(သိက္ခာထပ်မင်္ဂလာ)၊ အလှူတော်မင်္ဂလာအခမ်းအနားကို ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ရက် (၈-၅-၂၀၁၄)၊







www.burmeseclassic.com

ကြာသပတေးနေ့တွင် စည်ကား ခမ်းနားစွာ ကျင်းပဆောင်ရွက်ခဲ့ကြပါသည်။



အဆိုပါ အလှူတော်မင်္ဂလာအခမ်းအနား မကျင်းပမီ နှစ်ရက်ကြိုတင်၍ ဘုရင်မကြီး ရှင်စောပု ကိုးကွယ်ပူဇော်ခဲ့သော အောင်သိဒ္ဓိ စကြာရှင် ဘုရားသုံးဆူကို ရန်ကုန်မှ ကျိုက်မရောသို့ ဗုဒ္ဓရက္ခိတအဖွဲ့မှ ပြန်လည်ပင့်ဆောင်ကြပါသည်။

(၅-၅-၂၀၁၄) တနင်္လာနေ့ညတွင် သုဝဏ္ဏဘက်ရှိ ဦးဇော်မြင့်အိမ်တွင် ပူဇော်ထားပြီး (၆-၅-၂၀၁၄) အင်္ဂါနေ့ နံနက် ၃နာရီတွင် စတင် ပင့်ဆောင်ပါသည်။ ဘုရားပင့်ဆောင်ရာတွင် စာရေးသူလည်း လိုက်ပါသွားရပါသည်။ နံနက် ၈နာရီကျော်တွင် မုပ္ပလင်သို့ ရောက်ရှိပြီး ကျောက်ထုတ် အလုပ်စခန်းတွင် နာရီပိုင်း အပူဇော်ခံပါသည်။ အလုပ်စခန်းတာဝန်ခံ ဒေါ်သင်းသင်းအောင်နှင့် ဝန်ထမ်းများမှ ကြိုဆို ပူဇော်ကြပါသည်။ ဘုရားသုံးဆူအား ငွေဖလားဖြင့် ပန်းသုံးအိုးစိုက်လှူပူဇော်သည်။ ဗုဒ္ဓရက္ခိတအဖွဲ့ကို နံနက်စာ ကျွေးမွေးဧည့်ခံပြီး ပတ္တာန်းစာအုပ်၊ လက်ကိုင်ပဝါ၊ ငွေငါးထောင်ကျပ်စီ ဒါနပြုပေးပါသည်။ ကျောက်ထုတ်အလုပ်စခန်း တာဝန်ခံ ထောင်ပိုင်ကြီး ဒေါ်သင်းသင်းအောင်သည် ကျိုက်မရော ဆရာတော်




www.burmeseclassic.com

www.burmeseclassic.com













www.burmeseclassic.com

www.burmeseclassic.com







သိက္ခာထပ်ပွဲအတွက်လည်း ငွေကျပ် သုံးသိန်းလှူဒါန်းပါသည်။

မုပ္ပလင်မှ ဆက်လက်ပင့်ဆောင် ပူဇော်လာကြပြီး ပေါင်မြို့နယ်ရှိ ဆရာတော်၏တပည့် ဒါယိကာမကြီးအိမ်တွင် ပင့်ဆောင် ပူဇော်ကာ ဘုရားသုံးဆူကို နေ့ဆွမ်းကပ်လှူပါသည်။ ဗုဒ္ဓရက္ခိတအဖွဲ့ကိုလည်း နေ့လယ်စာ ကျွေးမွေးညှဉ့်ခံကြပါသည်။

ညနေပိုင်းတွင် ကျိုက်မရောသို့ ရောက်ပြီး ဘုရားကြီးကျောင်းတိုက်ဝင်းအတွင်းရှိ ဒက္ခိဏာရာမိတ သာသနာ့ဗိမာန်တော်ကြီးတွင် အပူဇော်ခံ ထားရှိပါသည်။

(၈-၅-၂၀၁၄) ကြာသပတေးနေ့ နံနက်တွင် သံဃာတော်များအား အရုဏ်ဆွမ်းကပ်လှူပြီး ညှဉ့်ပရိသတ်များကို မုန့်ဟင်းခါးကျွေးမွေးညှဉ့်ခံသည်။ နံနက် ၈နာရီတွင် ကျိုက်မရော ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝါရိန္ဒအား သိက္ခာထပ် သံဃာတော်အပါး ၃၀ အား သိမ်ဆင်းလောင်းလှူကြပါသည်။ ဒကာ၊ ဒကာမ စုစုပေါင်း ၂၀ ဦးတို့သည် တစ်ယောက်လျှင် သုံးသိန်းကျပ် မ,တည်လှူဒါန်းကာ စုပေါင်း သိက္ခာထပ် အလှူတော်မင်္ဂလာကျင်းပခဲ့ကြသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုသိမ်တက်ပွဲသို့ မွန်ပြည်နယ်မှ သက်တော်ရှည် ဆရာတော်ဘုရားကြီးများ၊ ရန်ကုန် တိုင်တစ်ရာဆရာတော်၊ ရေနံချောင်းမှ သာသနာပြု ဆရာတော်၊ မိုးကုတ်မြို့မှ မောင်းထောင်မြေဇင်းတောရ ဆရာတော်တို့လည်း ကြွရောက်ကြပါသည်။ သိမ်ဆင်းလောင်းလှူပြီးသောအခါ နံနက် ၉နာရီတွင် ကျိုက်မရောဆရာတော်မှ ဖဲကြိုးဖြတ်ကာ ထီးတော်တင်လှူပွဲအခမ်းအနားဖွင့်လှစ်ပေးသည်။ ထို့နောက် ဆရာတော်ကိုယ်တိုင် ငြမ်းပေါ် ကြွရောက်တော်မူပြီး ရွှေတိဂုံပုံတူစေတီတော်၏ ထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို အောင်မြင်စွာ တင်လှူ ပူဇော်နိုင်ခဲ့ပါသည်။ ထီးတော်တင်ပြီးသောအခါ ကျိုက်မရော ဆရာတော်ကြီးနှင့် သံဃာတော် အရှင်သူမြတ်များ စုပေါင်းကာ၊ ဘုရားအနေကဇာတင်လှူ ပူဇော်ကြပါသည်။ အနေကဇာတင်လှူပြီးသောအခါ ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးပါသည်။ ရန်ကုန်၊ မော်လမြိုင်၊ မန္တလေး၊ မိုးကုတ်၊ ကျိုက်မရောမြို့တို့မှ ခုနစ်နေ့သားသမီး အလှူရှင်များ လာရောက်ကြပြီး စည်ကား ခမ်းနားစွာ ကျင်းပနိုင်ခဲ့ပါသည်။ မင်္ဂလာဆိုင်းဝိုင်းမှလည်း ဓမ္မတေးသံသာများဖြင့် ပူဇော်ပေးနေပါသည်။









www.burmeseclassic.com

www.burmeseclassic.com



နံနက် ၁၀နာရီခွဲတွင် သံဃာတော်အရှင်သူမြတ်များကို နေ့ဆွမ်းဆက်ကပ်ကြပါသည်။ ဧည့်ပရိသတ်များကိုလည်း နေ့လယ်စာဖြင့် တည်ခင်းကျွေးမွေးကြသည်။ ကျိုက်မရောဆရာတော်သည် မည်သည့်အလှူပွဲမဆို အစားအသောက်မျိုးစုံနေအောင် ကျွေးမွေး ဒါနပြုလေ့ရှိပါသည်။

မွန်းလွဲ ၁နာရီတွင် လှူဒါန်းမှုအစီအစဉ်နှင့် သုံးထပ်ကျောင်းဆောင်ကြီးအတွက် ရေစက်ချအခမ်းအနား ကျင်းပသည်။ ကျိုက်မရောဆရာတော်ကိုယ်တိုင် သီလပေး တရားဟော၍ ရေစက်ချပေးပါသည်။ ဆရာတော်မှ အလှူရှင်နှင့် သံဃာတော်များအား ပိုက်ဆံအိတ်တစ်အိတ်စီ မွေးနေ့လက်ဆောင်ပေးပါသည်။ ဆရာတော်၏ တပည့် ဦးကျော်သူ-ဒေါ်မြတ်မြတ်ထွန်းမိသားစုမှလည်း မွေးနေ့လက်ဆောင် ယပ်တောင်များ ကမ်းပေးပါသည်။

ကျိုက်မရော ဆရာတော် ဘဒ္ဒန္တဝါရိန္ဒသည် ဆရာတော်တစ်ပါးလျှင် ဝတ္ထုငွေငါးသောင်းကျပ်၊ မျက်နှာသုတ်ပဝါ၊ လှူဖွယ်ပစ္စည်းများ လှူဒါန်းသည့်အပြင် တပည့် ဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူထားသော ပရိက္ခရာရှစ်ပါး၊ ဓာတ်ဘူး၊ လေအေးပေးစက်၊ ရဟန်းအသုံးအဆောင် ပစ္စည်းမျိုးစုံကို ရဟန်းသံဃာစုစုပေါင်း ၁၃၃ ပါးအား ကံစမ်းမဲဖောက်လှူပေးပါသည်။ အထူးဆု၊ ပထမဆုများလည်း ပါဝင်ပါသည်၊ လှူဒါန်းမှုပြီးစီးသောအခါ ဆရာတော်ကိုယ်တိုင် ရွှေမိုးငွေမ ရွာသွန်းဖြိုးပေးပါသည်။ ညနေပိုင်းတွင် သဘာဝမိုးလည်း ရွာသွန်းပေး၍ အားလုံး အေးချမ်းသွားသည်။ ရွှေတိဂုံပုံတူ စေတီတော်မှာလည်း သုံးထပ်ကျောင်းဆောင်ပေါ်တွင် ရွှေ ရောင်ဝင်းပကာ ကြည်ညိုဖွယ်အတိဖြစ်နေပါတော့သည်၊

ညပိုင်းတွင် မီးရောင်စုံ ပူဇော်ထား၍ ဖူးမဝအောင် ကြည်ညိုဖွယ်ဖြစ်နေပြီး ဇာတ်ပွဲ၊ ဆိုင်းပွဲ၊ ဓာတ်ပွဲ၊ နတ်ပွဲတို့ ဖြင့် ဘုရားကြီးကျောင်းတိုက်တစ်ဝင်းလုံး စည်ကားနေပါ သည်။ ည ၇နာရီတွင် ကံစမ်းမဲ (၆၀)မဲဖောက်ပေးသည် ဘုရင်မကြီး ရှင်စောပုနှင့် ရွှေတိဂုံဘုရား ဆက်စပ်နေ ယခု ကျိုက်မရောတွင်လည်း ရွှေတိဂုံပုံတူ စေတီတည်ထား ကိုးကွယ်ထားရခြင်းဖြစ်ကြောင်း ဆရာတော်မှ မိန့်ဆိုပါသည် အောင်သိဒ္ဓိ စကြာရှင် ဘုရားသုံးဆူမှာလည်း မျက်လုံးတော် ပွင့်၍ သွားတော်ပေါ်အောင် ပြုံးတော်နေမှုကြောင့် ဖူးမြော် များနှင့် ပြည့်နေပါသည် ■

* * *

ဂမ္ဘီရဆရာအေးမျိုး (B.Sc



www.burmeseclassic.com


www.burmeseclassic.com



ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

**ဆရာဒေဝ A.G.T.I (Civil)**

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်



အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၁၊

E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

# နာကာဆိုနေကို မှန်အောင် ဟောလိုက်ပြီ

ဆရာဒေဝသည် (၁၉၈၆)ခုနှစ်၊ ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်နာကာဆိုနေ၏ ဘဝနှင့်လက္ခဏာဆောင်းပါးဖြင့် ဝန်ကြီးချုပ်မှာ တိုင်းပြည်တာဝန်ကို ထပ်မံ၍ထမ်းဆောင်ရလိမ့်မည်ဟု ကြိုတင်၍ အတိအလင်းဟောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်နာကာဆိုနေမှာ နှစ်ကြိမ်တိတိ ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး၍ ဥပဒေအရ သုံးကြိမ် လုပ်ရဖို့မရှိပါ။ သို့သော် တစ်နှစ်သက်တမ်းတိုးမြှင့်ရွေးချယ်ခံရ၍ ဝန်ကြီးချုပ်အဖြစ် ထပ်မံထမ်းဆောင်ခဲ့ရပါသည်။

ဤသို့ မဖြစ်နိုင်သောကြီးကျယ်သည့်ကိစ္စများကို သက်ရှိထင်ရှားသောပုဂ္ဂိုလ်များကို ဆောင်းပါးဖြင့်ကြိုတင်ပြီး တိုင်းသိပြည်သိ ဟောကြားရေးသားနိုင်ခဲ့သောကြောင့် ဆရာဒေဝကို ခေတ်သစ်ဆရာကိုင်ရိုဟူ၍ အမည်ပေးကုန်ကြပြီ။

ဤကြော်ငြာကို (၂၄-၁၀-၂၀၀၀)နေ့တွင် ထုတ်ဝေသော သိဒ္ဓိအချပ်ပိုကြော်ငြာတွင် ကော်လံပြည့်မူရင်းဆောင်းပါးတစ်ခုလုံးကို ကြော်ငြာထည့်ပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့ဖြစ်ရပ်မှန်

# ရှင်ဥပဂုတ္တဂါထာတော်အစွမ်းနှင့်
# ကိုးကွယ်ပူဇော်နည်း



www.burmeseclassic.com

ဘာလိုလိုနှင့် နာကြည်းကြေကွဲဖွယ်ရာ ပြင်းထန်စွာ တိုက်ခတ် မွှေရမ်းခဲ့သော ကမ္ဘာကျော် (နာဂစ်) သဘာဝ လေမုန်တိုင်းကြီးဘေး ကျရောက်ခဲ့သည်မှာ (၂-၅-၂၀၀၈) မှ ဆိုလျှင် ယနေ့တိုင် ၅နှစ်ကျော်ကာလ ရှိခဲ့ချေပြီဖြစ်သည်။ ကိုယ်တိုင်ကိုယ်ကျ ရင်ဆိုင်တွေ့ကြုံခဲ့ရသူအဖို့တော့ ထို အဖြစ်အပျက်များသည် မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့ရသည်သို့ မေ့မပျောက်နိုင်အောင် ရှိနေရချေသေးသည်။

ဒီ သဘာဝ မုန်တိုင်းကြီးအန္တရာယ်ကို စာရေးသူ ကိုယ်တိုင် တွေ့ကြုံ ခံစားခဲ့ရသည်။ သို့ရာတွင် ကံအားလျော်စွာ သေကံမရောက် သက်မပျောက်ခဲ့ရသော်လည်း သတ္တဝါ ဟူသည် မလွဲမသွေ သေရန်အကြောင်း ကြုံကြရပါက တစ်စုံတစ်ခုသော အားကိုးအားထားပြုရာကို ကြံစည် အား တက်မိတတ်ကြသည်။

စာရေးသူက ဂါထာ၊ မန္တန်၊ ကျင့်စဉ်၊ အဆောင်၊ [illegible] ဝသော ဂမ္ဘီရလုပ်ရပ်များကို ထိုက်သင့်သလို ဝါသနာ [illegible]သည်၊ ယုံကြည်သင့်သော အစီအရင်များကိုလည်း [illegible]သေချာချာ စနစ်တကျ လုပ်ဆောင်တတ်သည်။

စာရေးသူတို့ဒေသက မြစ်ဝကျွန်းပေါ်ဒေသ၊ ဧရာဝတီ တိုင်းအတွင်းရှိ ပင်လယ်ဆိပ်ကမ်းဒေသဖြစ်သော လပွတ္တာ [illegible] လပွတ္တာမြို့နယ်ဖြစ်သည်။ လပွတ္တာမြို့နယ်က ဧရာဝတီ တိုင်းတောင်ဘက်အစွန်ဆုံး ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သလို၊ ဧရာဝတီသင်္ဘောဂိတ်ဆုံးမြို့လည်း ဖြစ်သည်။ လပွတ္တာမြို့နယ် အပိုင်ရှိ ကျေးရွာများကလည်း ပင်လယ်ပိုင်းဒေသ ကျေးရွာ များမှ မြစ်ချောင်းများ ပေါများရာ ဒေသရပ်ရွာများ ဖြစ်ကြ သည်။ ဒေသ၏ အဓိကလုပ်ငန်းမှာလည်း ရေလုပ်ငန်း၊ စိုက် ပျိုးရေးလုပ်ငန်းများဖြစ်သည်။ အများအားဖြင့် မြစ်ချောင်း၊ ပင်လယ်တို့ကို အားပြုလုပ်ကိုင်ကြရသော ရေလုပ်ငန်းသမား များမှ ဆိုင်ရာပိုင်ရာ ယုံကြည်ကိုးကွယ်မှုများ ရှိကြသည်။ ရေနံ့ပိုင် ဦးရှင်ကြီး၊ ရေကြောင်းဗိုလ်အဘိုး စသည့်များအပြင် ရေ၊ မိုး၊ လေတို့ကို ကာကွယ် တားဆီးနိုင်သော ရှင်ဥပဂုတ္တ မထေရ်ကိုလည်း ယုံကြည်စွာ ကိုးကွယ်ကြသည်။ အထူး သဖြင့် အလှူပွဲ၊ ဘာသာရေးပွဲများ၌ လေမိုးအဖျက်ရန်ကို ကာကွယ် တားဆီးရန် ရှင်ဥပဂုတ္တမထေရ်မြတ်အား ပင့်ဆောင် ပူဇော်တတ်ကြသည်။ မည်သို့ပင်ဆိုစေ၊ အစဉ်အဆက် ယုံ ကြည်စွာ ကိုးကွယ်လာကြခြင်းကြောင့် ရှင်ဥပဂုတ္တမထေရ် မြတ်၏ တန်ခိုးတေဇော် အာနုဘော်အစွမ်းဖြင့် သဘာဝဘေး ဒဏ် သေတွင်းမှ လွတ်ကင်းခဲ့ရသူများလည်း အထင်အရှားရှိ ခဲ့သည်။ မိမိတို့ ဗုဒ္ဓဘာသာဝင်များသာမက၊ အခြား ဘာသာ ဝင်အချို့တို့လည်း အကြောင်းအားလျော်စွာ သဘာဝ ရေ၊ မိုး၊ လေ ဘေးဒဏ်ကြားမှ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို ယုံကြည်အားထား တောင့်တ တိုင်တည်မိသည်နှင့် လွတ် မြောက်လာကြရခြင်းများလည်း သာဓက အထင်အရှားရှိ သည်။

သိသူ ဖော်စား၊ မသိသူ ကျော်သွားဆိုသလို ယုံကြည် လေးမြတ်စွာ ကိုးကွယ်ပါက အရေးကြုံသောအခါ အကျိုးရှိ ကြောင်း စာရေးသူကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရပုံ ဖြစ်ရပ်မှန် ကို တင်ပြလိုက်ရပါသည်။

◈◈◈

စာရေးသူတို့အိမ်တွင် ဘုရားကျောင်းဆောင်ဘေးဘက် ၌ ရှင်ဥပဂုတ္တမထေရ်မြတ်အား ရေးဝိဇ္ဇာဆရာကြီးများ စီရင် တော်မူခဲ့သောနည်းနှင့်အညီ စီရင်ထားသော ပုံတော်ကို ကျောင်းဆောင်နှင့်တကွ ရေခံလျက် ကိုးကွယ်ထားရှိသည်။ ဆွမ်း၊ ပန်း၊ ဆီမီးလည်း မပြတ် ကပ်လှူပူဇော်သည်။ ထို့ပြင် တောင်ငူမြို့ ရေတာရှည်၊ မယ်ဒက်တောရ ဆရာတော်ဘုရား ကြီး၏ လေမိုးအန္တရာယ် ကာကွယ်နိုင်သည့် ရှင်ဥပဂုတ္တ ပရိတ်တော်ပါဠိနိဿယ(မူမှန်)အားလည်း ယုံကြည်စွာ ရွတ် ဆို ပူဇော်သည်။

သည်လိုနှင့် (၂-၅-၂၀၀၈)နေ့က တိုက်ခတ်ခဲ့သော ကမ္ဘာကျော် နာဂစ် လေမုန်တိုင်းကြီးဘေးအန္တရာယ်သည် စာရေးသူ/နေသော လပွတ္တာမြို့နယ်၊ ဓနိဆိပ်ကျေးရွာအုပ်စု ပိန္နဲကုန်းရွာလေးသို့ ပြင်းထန်စွာ ကျရောက်ခဲ့သည်။

ထိုနေ့ (၂-၅-၂၀၀၈)နေ့ နေ့ခင်းပိုင်း ၁၁နာရီခွဲခန့် ကတည်းက သောသောလျှင်လျှင် တိုက်ခတ်လာသော လေ ပြင်းက လျော့ပါးသွားသည်မရှိဘဲ တစ်ချိန်ထက် တစ်ချိန် ပို၍ပို၍ အားကောင်းစွာ ပင်လယ်ဘက်ဆီမှ မရပ်မနား တိုက်ခတ်လာခြင်းကြောင့် တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ရုတ်ရုတ်သဲသဲနှင့် ခေါ်သံ၊ အော်သံတွေ စီညံရင်း ပြေးလွှား နေကြသည်။ ဥယျာဉ်ရွာပီပီ များပြားသော အုန်းပင်၊ သရက် ပင်၊ ကုက္ကိုပင် စသော အပင်ကြီးများလည်း လေပြင်းနှင့် အတူ ယိမ်းထိုး ဝေ့ဝဲလျက် တဖြောင်းဖြောင်း တဒိုင်းဒိုင်း ကျိုးပြတ်လဲကျနေသည်။ မခိုင့်တခိုင် အိမ်လေးများမှာလည်း လေပြင်းဒဏ်ကြောင့် ပွင့်ထွက် လွင့်စဉ် ပျက်စီးကုန်ကြသည်။

ညနေ ၄နာရီခန့်တွင် ပင်လယ်တွင်းမှ ဒီရေများက


www.burmeseclassic.com

www.burmeseclassic.com




ကုန်းတွင်းပိုင်းသို့ မုန်တိုင်းလေအပင့်နှင့် အရှိန်ပြင်းစွာ တိုးတက်လာခြင်းကြောင့် ရွာတွင်းမှာ တစ်စစနှင့် ရေများ ဒလဟော ထိုးတက်လာနေသည်။ လူအများရော တိရစ္ဆာန်များပါ ကြောက်လန့်တကြား အသက်ဘေးအတွက် သေပြေးရှင်ပြေး ပြေးလွှားနေကြသည်မှာ ကမ္ဘာပျက်သည့်အလား ရှိတော့သည်။

ညနေ ဖြနာရီခန့်၌ မမျှော်လင့်ဘဲ ကောင်းကင်ထက်ရှိ မိုးတိမ်မဲကြီးများက မိုးစက်မိုးပေါက်များအဖြစ် သဲသဲမဲမဲ တဝေါဝေါ မစဲဘဲ ရုတ်ခြည်းရွာချလိုက်သလို၊ မိုးသည်းသည်းနှင့်အတူ လျှပ်စီးများကလည်း ဟိုမှသည်မှ တဖျန်းဖျန်း တဝင်းဝင်း တလက်လက်ဖြင့် သွေးပျက်ဖွယ်ရာပင်ဖြစ်သည်။ ထို့ပြင် တဂျိမ်းဂျိမ်း တဒိုင်းဒိုင်းနှင့် မိုးကြိုးများပါ ပစ်ခတ်လာခြင်းကြောင့် အပေါ်မှ လေ. မိုး၊ အောက်မှ ရေတိုးလာသည်ကလည်း တစ်ရွာလုံးကို အဝီစိပွက်သည့်နှယ် ရှိတော့သည်။

ကယ်ပါ…ယူပါ တစာစာညံအောင် ကြောက်လန့်တကြားအော်ဟစ်ကြရင်း ဦးတည်ရာ ပြေးလွှားကြရင်း တွန်းဝင်လာသော ရေစီးဂယက် ဒီရေအတွက်မှာ မျောပါသွားကြရသလို၊ ပြိုလဲ ပျက်ကျသော သစ်ပင်အဆောက်အအုံများအောက်မှာ ပိညပ် သေဆုံးကြရသူများလည်း ရှိကြသည်။ သူ့ ငါမကယ်နိုင်၊ ငါ့ သူမကယ်နိုင်နှင့် ဆောက်တည်ရာမဲ့ ပြေးမိပြေးရာ ပြေးကြရင်း အမှီအခိုရသူများက ခေတ္တ အသက်ချမ်းသာရာရသလို၊ မှီခိုရာမဲ့သူများမတော့ လက်လွှတ် မျောပါ သေဆုံးကြရသည်။

စာရေးသူမိသားစုအပါအဝင် လူတစ်စုကတော့ ကံအားလျော်စွာ အဆောက်အအုံပျက် ခေါင်မိုးတစ်ခုပေါ်မှာ ရရာ မိရာ အားပြုစရာများကို ကိုင်တွယ်ထားကြရင်း အပေါ်မှ မြားပစ်သကဲ့သို့ ပြင်းလှသော မိုးစက်မိုးပေါက်များဒဏ်နှင့် အောက်မှ တရိပ်ရိပ်တိုးဆောင့်လာသော ဒီရေဒဏ်ကို ဉာဏ်ရှိသလို ကြံ့ကြံ့ခံထားနေကြရသည်။

ကံမကောင်းသူအချို့ကတော့ လေပြင်းနှင့် ဒီရေအဆောင့်မှာ မခိုင်မမြဲ ကိုင်တွယ် အားပြုထားရာမှ ပြုတ်ထွက်ကြပြီး မှောင်မှောင်မည်းမည်း လေမိုးထဲက ဂယက်လှိုင်းအတွင်း မျောပါသွားကြကာ ရှင်လမ်းမရှိကြတော့၊ စာရေးသူမိသားစုလည်း ရမိထားသော တန်းတစ်ခုမှာ အားပြု မှီတွယ်ရင်း တရိပ်ရိပ်တိုးလာနေသော ဒီရေကို ကြောက်လန့်တကြား ခံစားနေရသည်။ ဒီရေက တစ်စစနှင့် စာရေးသူ လည်ပင်းနားတိုင် နစ်မြုပ်လာပြီဖြစ်သည်။ ၁၃ နှစ်အရွယ် သမီးငယ်ကို ပခုံးပေါ် ခွတင်ထမ်းထားရသော စာရေးသူ အထိတ်တလန့်ဖြစ်လာသည်။ မကြာမီ ရေမြုပ် သေဆုံးရမည့် အဖြစ်ကိုလည်း သိမြင် ခံစားနေရသည်။ ဘာမှမတတ်နိုင် သေခြင်းတရားကို သိမြင် ခံစားနေရပြီမို့ အထူးတုန်လှုပ်နေ သော်လည်း မိမိအားလျော့လျှင် ကျန်မိသားစုဝင်များ အားကိုးရာမဲ့ကြတော့မည်ကြောင့် သည်သေဘေးမှ လွတ်မြောက်နိုင်ရန် နည်းလမ်းကို စိတ်ငြိမ်ငြိမ်ထားပြီး ကြံဆနေမိသည်။

စာရေးသူအသိထဲသို့ သတိတစ်ခုဝင်လာသည်။ စာရေး သူတို့ ယုံကြည်အားထား ကိုးကွယ်သော ရှင်ဥပဂုတ္တမထေ မြတ်ကြီးကို သတိရလိုက်သည်။ ရေ၊ မိုး၊ လေ သဘာဝ ဘေးဒဏ်များမှ ကယ်တင်စောင့်ရှောက်ပေးနိုင်သည်ဟူသော ယုံကြည်ချက်ကို အမှတ်ရလိုက်သည်။ သည်လို တွေးမိသည် နှင့် စာရေးသူက စိတ်ကို တည်ငြိမ်အောင် သတိပြုလိုက် သည်။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို အလေး အမြတ်စိတ်ဖြင့် ရှိခိုးလိုက်သည်။ နောက် မိမိ အားထား ယုံကြည် ကိုးကွယ်ခဲ့သော ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား စိတ်ဖြင့် ပင့်ဆောင်သည်။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ် များကိုလည်း မေတ္တာပို့ တိုင်တည်လိုက်သည်။ ထို့နောက် မိမိနှင့်တကွ ဘေးအန္တရာယ်အတွင်းရှိ သတ္တဝါများကို မေတ္တာ ပို့လျက် မိမိ အမြဲရွတ်ဆိုနေသော "ရှင်ဥပဂုတ္တ ပရိတ်ဂါထာ တော်"ကို တွာန်ကရိုဏ်းကျကျ အလေးအနက်ရွတ်ဆို ပွား သည်။

စောစောက ရင်တုန်အောင် လွှမ်းမိုး ခံစားနေရသော ကြောက်ရွံ့ ထိတ်လန့်စိတ်များ တဖြည်းဖြည်းလျော့ပါး



www.burmeseclassic.com

www.burmeseclassic.com

ပျောက်သွားပြီး စိတ်တည်ငြိမ်လာသည်။ အာရုံ သမာဓိလည်း အားကောင်း ကြည်လင်လာသည်။ မိမိနှုတ်မှ ရွတ်ဆိုသောအသံကို မိမိနားမှ ပြန်ကြားနေပြီး အာရုံစူးစိုက်နိုင်ခဲ့လာသည်။ သည်မျှ ဝုန်းဒုန်းကြဲ ဆူညံနေသော အသံများကို သော်တော့၊ မိမိစိတ်အာရုံတွင်းမှာ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး၏သဏ္ဍာန်တော်အား အာရုံပြု ထင်မြင်လာလျက်၊ ဂါထာတော်ကိုသာ လေးလေးနက်နက် ရွတ်ဆိုနေမိတော့သည်။

သည်အချိန်မှာ ဒီရေက စာရေးသူမေးဖျားအထိ ရောက်နေပြီဖြစ်သည်။ ထိုစဉ်ကာလမှာပဲ မိုးသံ လေသံတို့က တစ်စစလျော့ပါးလျက် ဒီရေအတက်လည်း ရပ်သွားကာ၊ ရေက ချက်ချင်းကျဆင်းသွားသည်ကြောင့် စာရေးသူ တစ်ကိုယ်လုံးပေါ်နေသည်။ ဒုက္ခသည်များလည်း သည်တော့မှ ဝမ်းမြောက်ဝမ်းသာ အားပါးတရ "ငါတို့ မသေတော့ဘူးဟေ့"ဟု ဟစ်ကြွေးသံများကြောင့် စာရေးသူက သတိပြန်ဝင်လာခါနီး ဝန်းကျင်ကို ကြည့်လိုက်တော့ စောစောက ဝုန်းဒိုင်းကြဲမျှ သောင်းကျန်းနေသော လေမိုးများအပြင် တဝေါဝေါတက်လာနေသော ဒီရေလည်း လုံးလုံးကျသွားကာ မိုးလေစဲနေပြီကို တွေ့မြင်ရသည်။

သည်တော့မှ သေကံမရောက် သက်မပျောက်ခဲ့ကြရသော စာရေးသူတို့အားလုံး ဝမ်းသာအားရဖြင့် နားခိုနိုင်ရာ နေရာများသို့ သွားရောက်ကြရသည်။

ဤသည်က စာရေးသူကိုယ်တိုင် ကြုံတွေ့ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်ဖြစ်သည်။ ထို့ကြောင့် စာရေးသူကဲ့သို့ ရေ၊ လေ၊ မိုး သဘာဝဘေးဒဏ်များနှင့် ရင်ဆိုင်တွေ့ကြုံကြရပါက အမှန်တကယ် အားကိုးရာဖြစ်သော ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ကိုးကွယ်ပူဇော်နည်းနှင့် ရှင်ဥပဂုတ္တရုပ်တော်ပါဠိနိဿယ မူရင်းအား ယုံကြည်ကိုးကွယ်လိုသူများအတွက် ကောင်းမြတ်သော စေတနာဖြင့် ဖော်ပြလိုက်ရသည်။

## ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ် ရုပ်ထုတော် ကိုးကွယ်ပူဇော်နည်း

၁။ လ၊ နေတို့ကို ရာဟုဖမ်းသောအခါ (လကြတ်/နေကြတ်ခြင်း) လကို ဖြစ်စေ၊ နေကို ဖြစ်စေ ရာဟုမှ လွှတ်သည်နှင့်တစ်ပြိုင်နက် အောက်ပါ သစ်ပင်နံ့သာ ငါးမျိုးတွင် တစ်မျိုးမျိုးဖြစ်စေ၊ သို့မဟုတ် ကျွန်းပင်နတ်သတ် ဖြစ်စေ၊ ကိုးကွယ်မည့်သူ၏ နံ့သင့်အသားကို ဖြစ်စေ၊ ဆွမ်းတော်ပွဲ၊ ပန်း၊ ဆီမီး၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာ၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်၍ အသင့်ဆောင်ထားပါ။

(၁) နံ့သာနီ (ပိတောက်နှစ်)၊

(၂) နံ့သာဖြူ

(၃) အကျော် (အကျော်စစ် တရုတ်စကားနှစ်)၊

(၄) ကရမက်

(၅) ကတိုးနံ့ရသော အသား (သို့မဟုတ်) သနပ်ခါး၊ ပန်းပေါင်း၊ နံ့သာပေါင်းတို့ဖြင့် ထုလုပ်နိုင်သည်။

လ၊ နေကို ရာဟုဖမ်းချိန်မှစ၍ လိုသော သစ်သားကို သန့်ရှင်းစွာ ထားလျက် ငှက်ပျောသုံးဖီး၊ အုန်းတစ်လုံးဖြင့် ပွဲပြင်ကာ ပူဇော်ထားပြီးလျှင် အောက်ပါ ဂါထာကို ရာဟု (လငပုတ်ဖမ်းသည်)မှ လွတ်သည်အထိ ရွတ်ဆိုရမည်။

*"ဥ၊ တထာဂတံ အရဟန္တံ၊*
*(စန္ဒိမာ) သရဏံဂတော (နေသူရိယာ)၊*
*ရာဟုခန္ဓံ ပမုဥ္စသု-ဗုဒ္ဓေါ*
*လောကာန ကမ္ပကာ။*

၂။ ယင်းသို့ ရွတ်ဆို ပင့်ယူထားသော သစ်သားကို မြင့်မြတ်သောနေရာ၌ ထားလျက်၊ နေကောင်းရက်သာ ရွေးပြီးလျှင် နေကို မော်ကြည့်လျက် လက်ဝဲ လက်တော်ဖြင့် သပိတ်ကို ပိုက်လျက်၊ လက်ယာ လက်တော်ဖြင့် သပိတ်တွင်း ဆွမ်းနှိုက်ယူနေပုံ၊ တင်ပလ္လင်ခွေ ထိုင်တော်မူကာ၊ အောက်စမ္ဗခဏ် သင့်သလိုထား၍ ထုလုပ်ပါ။ စမ္ဗခဏ် ပလ္လင်၌ ကြာမှောက် ကြာလှန်ထုလျှင် ၂၄ချပ် ထုရမည်။

ထုလုပ်ပြီးလျှင် စမ္ဗခဏ်ဗဟိုတည့်တည့်အောက်မှ အထက်သို့ လိုဏ်ဖောက်၍ ရဟန္တာဓာတ်တော် (သို့မဟုတ်) (လောကီအတွက်) ရွှေငွေပြားတို့တွင် ဝမ္မာနဝ အင်းကို ပီသကျနစွာ ရေးလျက် သိပ်ပြီးလျှင် ဌာပနာရမည်။ ထို့နောက် မူလအသားဖြင့် ပြန်ပိတ်ရမည်။

### ဌာပနာရေးရန် ဂါထာ

ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမှာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊
အထသဗ္ဗ မဟောရတ္တံ၊ ဗုဒ္ဓေါ တပတိ တေဇသာ၊
မေတ္တာဝိဟာရီ ဈာနေန၊ မာရဗလံ သ ဒမ္မိနော၊
ဥပဂုတ္တော ဣဒ္ဓိမန္တော၊ ဝါယုဒေဝေါ ပလာယိသုံ။

၎င်းနောက် ရုပ်ထုတော်အား သစ်စေးသုံးထပ်ချ၊ ရွှေသုံးထပ်ချ၍ ကြေးပြားသာဒ်ဖြင့် တင်ထားလျက် ကိုးကွယ်ပါ။ ထို့နောက် ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းများ ကပ်လှူလျက် ပင့်လျှောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

နိသိတ္ပဒ ဘန္တေ ဣမသ္မိံဂေဟေ (ဣမသ္မိံဝိဟာရေ) ယထာ။

သုခံ ဥပိသာကောတိ မံဒါရေထ။ (သုံးခေါက်ရွတ်ဆိုပါ။)

အလှူပွဲ၊ တရားပွဲနှင့် ဘာသာရေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ ရေလမ်းခရီးသွားခြင်း၊ လေမိုးရေအန္တရာယ်ကျရောက် ခံစားရခြင်းများတွင် ပရိတ်တော်ကို ရွတ်ဖတ်၍ အာရုံပြု ဆုတောင်းလျှင် ဘေးအန္တရာယ် ကင်းရှင်းလွန်မြောက် ချမ်းသာရောက်ကြရပါလိမ့်မည်။ (ကိုယ်တွေ့ဖြစ်ပါသည်။)

**လေမိုးအန္တရာယ်ကာကွယ်နိုင်သည့်**
**ရှင်ဥပဂုတ္တ ပရိတ်တော်**

၁။ ဥပဂုတ္တော မဟာထေရော၊
သမ္ဗုဒ္ဓေ နာပိဗျာကတော၊
မာရဉ္စ မာရဗလဉ္စ၊
ဒမေသတိ အနာဂတေ။

၂။ ဥပဂုတ္တော မဟာဝီရော၊
သမ္ဗုဒ္ဓေနာပိ ဗျာကတော၊
မာရဉ္စ မာရဗန္ဓဉ္စ၊
ဒမောသတိ အနာဂတေ။

၃။ တာဒိသောစ ထေရောသဗ္ဗ၊
အန္တရာယ ဝိဓံသတံ၊
ဟံယံ ဥပ္ပဒ္ဒဝံ ဇာတံ၊
ဝိဓံသေတု အသေသတော။

၄။ အာဂတော ဒါနိ သောထေရော၊
ဗမာဒိသေ ပတိဋ္ဌိတော၊
မာရေန ဇနတံ သဗ္ဗံ၊
အန္တရာယ ဝိဓံသတံ။

၅။ စန္ဒာဟံ သိရသာ ဒါနိ၊
ဥပဂုတ္တံ မဟိဒ္ဓိကံ၊
သဗ္ဗရောဂါ ဝိရောဓာယ၊
ပရိတ္တံ ဒေတု သဗ္ဗသုခံ။
သဗ္ဗအန္တရာယံ ဝိနာသန္တု။ ■

* * *

မိုးဟိန်းကျော်(လပွတ္တာ)

အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့်ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့ ...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

# ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀ ၂၅၉၉၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံ[illegible]




www.burmeseclassic.com

www.burmeseclassic.com

# ဖူးမြော်ပြည့်စုံ ရှုံလေးရှုံ ဂုဏ်အင်ညီစွာ ကျောင်းတော်ရာ


## အပိုင်း (၃)

## မင်းတိုင်ပင် (မြရောင်မြေ)



ယခင် (အတွဲ-၈၊ အမှတ်-၁၂၊ ၄ွန်)လမှ အဆက်···


တတိယရုံဖြစ်သော ပါဝါရုံစေတီတော်မြတ်ကြီး ဖူးမြော် မှတ်တမ်းတင်ရန်အတွက် စာရေးသူတို့ ကားကလေး လာလမ်းအတိုင်း ပွင့်ဖြူမြို့သို့ ပြန်ခဲ့ကြရာ၊ နှစ်မိုင်ခန့်ဝေးမည့် မှန်းချောင်းတံတားကြီးကို ကျော်ရပြန်ပါသည်။ မြောက်ဘက်ကမ်း တံတားဦးထိပ်မှာ ဦးပဥ္စင်းအောင် ကိုယ်တိုင် အဓိဋ္ဌာန်ပြု တည်ထားသည့် "ရတနာမာရ်အောင် စေတီတော်"ကို ရွှေရောင်တဝင်းဝင်းနှင့် ဖူးမြော်ရပါသည်။ မှန်းချောင်းတံတားဖြတ်တော့ မှန်းချောင်းရေက အလွန်ကြည်၏။ သောင်ထွန်း





www.burmeseclassic.com

www.burmeseclassic.com



သော နေရာကွက်လပ်တွေမှာတော့ ကြက်သွန်နှင့် ငရုပ်တွေ စိုက်ထားလို့ စိမ်းစိမ်းစိုစိုတွေ့ရပါသည်။

ပွင့်ဖြူမြို့ထဲမှ ဆရာ စလင်း ခင်မောင်ရည်အိမ်ရှေ့တွင် ကားရပ်ပြီး ဆရာကြီးအား နှုတ်ဆက်၍ ခရီးဆက်ခဲ့ကြ၏။ မုန်းချောင်းမကြီး မြောင်းဘောင်ဘေးမှ နာရီဝက်ခန့် မောင်းနှင်ခဲ့ရာ ပါဝါရုံစေတီတော်မြတ်ကြီး မုခ်ဦးသို့ ရောက်ခဲ့ကြပါသည်။


တောင်ဘက် စောင်းတန်းမှ တက်၍ ဘုရားရင်ပြင်တော်ပေါ်တွင် လှည့်လည်ဖူးမြော်ကြပါသည်။ ရှေးဟောင်းရုပ်ပွားတော်ကြီးများ၊ တန်စောင်းတော်ကြီးများနှင့် သာသနိက အဆောက်အအုံများဖြင့် ပြည့်စုံလှပါသည်။ အလှူခံဌာနတွင် သမိုင်းစာရွက်မှတ်တမ်းမေးတော့ ကုန်သွားလို့ မရိုက်ရသေးဘူးလို့ ပြောပါသည်။ ဒါပေမယ့် "ဆရာ မောင်နှင်းခိုင်(ပွင့်ဖြူ) တစ်ယောက်လုံး ရှိနေတာ၊ မသိတာ မေး၊ ဆရာကြီးက အားလုံးဖြေပါတယ်။ တကယ် အားကိုးရတဲ့ ဆရာပါ"ဟု ပြောကြသည်။ ဒါကြောင့်...


"ဆရာ...ပါဝါရုံစေတီတော်မြတ်ကြီးရဲ့ သမိုင်းကို ရှင်းပြပေးပါဦး ဆရာ"

"ဂေါတမဘုရားရှင်လက်ထက်ရောက်တော့ ယခု ပွင့်ဖြူမြို့နယ်ဟာ သုနာပရန္တတိုင်းဖြစ်ပြီးတော့ ဥဒေနမင်း စိုးစံတဲ့ ကောသမ္ဗီပြည်ဖြစ်ပါတယ်။ မင်းနေပြည်တော်က လယ်ကိုင်းမြို့ဟောင်းမှာ မြို့ရိုးနှစ်ထပ်ကို တူးဖော်တွေ့ရှိရပါတယ်။ နောက်ပြီး သံထွန်သွားများ လုပ်တဲ့ သံထွန်ကုန်း၊ မာဂဏ္ဍီ မိဖုရားနဲ့ ဆွေတော်မျိုးတော်တွေကို လည်ပင်းထိ မြှုပ်တဲ့ ကျင်း၊ သံထွန်သွားနဲ့ တိုက်သတ်တဲ့ လယ်လုပ်ကုန်း၊ ဥဒေနမင်းကြီး၏ မိခင် မိဖုရားကြီးအား ငှက်ဆင်ကြီး ချီသွားတဲ့ နေရာ၊ အခု ရှင်ပင်ကူနီဘုရား၊ ဥဒေနနတ်နန်း၊ ခုလည်း စကုမြို့နားမှာ အဲဒီအဲထောက်အထားတွေ နိုင်လုံစွာ တွေ့ရှိရပါတယ်"

"ဆက်ပါဦးခင်ဗျာ"

"ကောသမ္ဗီပြည်မှာ ကုက္ကုဋ၊ ပါဝါရိက စတဲ့ သူဌေးကြီး သုံးဦးတို့က နှောင်ဘဝအတွက် ကောင်းမှုရည်သန်လို့ ငါးရာသော ဈာန်ရ ရသေ့တွေကို ပစ္စည်းလေးပါး အမြဲ ထောက်ပံ့ လှူဒါန်းတယ်။ အဲဒီ ရသေ့ကြီးတွေရဲ့ သတင်း ပေးချက်အရ မဇ္ဈိမဒေသမှာ ဘုရားရှင် ပွင့်တော်မူပြီဖြစ်ကြောင်း သတင်းကြားတော့ လှည်းသား ငါးရာတို့နဲ့အတူ ဘုရားဖူးခရီးထွက်ခဲ့ကြတယ်။ အရင်ရောက်တဲ့ ရသေ့တွေက မြတ်စွာဘုရား တရားကို နာရလို့ ရဟန္တာတွေ ဖြစ်ကုန်တယ်။ သူဌေးကြီးသုံးဦးတို့လည်း ဘုရားရှင် ဒေသနာတော်ကို နာကြားပြီး သောတာပတ္တိဖိုလ်တည်ကုန်ကြလို့ ၁၅ရက်တိုင်







www.burmeseclassic.com


www.burmeseclassic.com

ကြီးတည်၊ ကျောင်းတော်ကြီးဆောက်ပြီး မြတ်စွာဘုရားကို ပင့်ဖိတ်လို့ သံဃာတော်တွေ ခြံရံပြီး မဟာသက္ကရာဇ် ၁၁၁ ခုနှစ်မှာ ကြွရောက်တော်မူပါတယ်။ ဒီတော့ မာဂဏ္ဍီယ ပုဏ္ဏားအရဟတ္တဖိုလ်ရဖို့ အကြောင်းမြင်လို့ ခြေလျင်ခရီးနဲ့ ကြွချီတော်မူပါတယ်"


"အဲဒီ မာဂဏ္ဍီယ ပုဏ္ဏားကို ဘယ်လိုချွေချွတ်တော်မူပါသလဲ ဆရာ"


"ဒီပုဏ္ဏားတင်မက၊ သူ့ဇနီးကိုပါ တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူပါတယ်။ အယူဝါဒလွဲနေတဲ့ ပုဏ္ဏားဇနီးမောင်နှံ ရဟန္တာဖြစ်ပြီးနောက်၊ ကောသမ္ဗီပြည် သူဌေးကြီးသုံးဦးတို့ ကျောင်းတော်ကြီးမှာ မြတ်စွာဘုရားနှင့် ရဟန်းတော်များ နဝမ ဝါကပ်တော်မူပါတယ်။ ကုက္ကုဋ သူဌေး အလှူပေးတဲ့ ကျောင်းတော်ကြီးကို ကုက္ကုဋာရုံကျောင်း၊ ဃောသိကသူဌေး ဆောက်လှူတဲ့ ကျောင်းတော်ကြီးကို ဃောသိတာရုံ၊ ပါဝါရိကသူဌေး ဆောက်လှူတဲ့ ကျောင်းတော်ကြီးကို ပါဝါရိကာရုံ၊ ပါဝါရုံလို့ ခေါ်ပါတယ်။ ယခု ဆရာတို့၊ ကျွန်တော်တို့ ရောက်နေတဲ့ နေရာပါ"

"ဆရာ···မာဂဏ္ဍီ မိဖုရားအကြောင်းလည်း ရှင်းပြပေးပါဦး"









"ဒီ ကောသမ္ဗီပြည်မှာ ဥဒေနမင်းကြီးက သရဏဂုံ မတည်သေးဘူး။ သဒ္ဓါတရားနည်းပါးတယ်၊ ဃောသကသူဌေးကြီးရဲ့ မွေးစားသမီး သာမာဝတီ မိဖုရားကြီးက ဘုရားရှင်ရဲ့ တရားတော်ကို တိုက်ရိုက်နာကြားခွင့် မရဘူး။ ဥတ္တရာ ကျွန်မမှတစ်ဆင့် ဟောကြားလို့ ငါးရာသော ရံရွေတော်တို့ သောတာပတ္တိဖိုလ်တည်သွားတယ်။ မာဂဏ္ဍီ မိဖုရားကြီးက ဘုရားရှင်နဲ့ ကိုယ်တွေ့ကြုံရပေမယ့် "ရွံဖွယ်စွာသော ကျင်ကြီး ကျင်ငယ်တို့ဖြင့် ပြည့်နှက်နေသော မိန်းမကို ခြေဖျားနှင့်မျှ မထိလို" ဟူတဲ့ ဘုရားရှင်ရဲ့ စကားကို နာကြည်းရန်ငြိုးဖွဲ့ပြီး ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးတို့အား ပြစ်မှားကျူးလွန်ခဲ့လို့ မျက်မှောက်ကာလမှာပဲ အသားကို မွှန်း၍ ဆီအိုးကင်းဖြင့် အကြော်ခံရပါတယ်။ အတူရှိတဲ့ ပေါင်းသင်းမိတဲ့ ကျူးလွန်မိသူအားလုံးလည်း လည်ပင်းထိ မြေမြှုပ်၊ မီးတိုက်ပြီး သံထွန်သွားနဲ့ ထွန်သတ်စေခဲ့ပါတယ်။ အဲဒါကြောင့် ဒီ ရုံသုံးရုံဖြစ်ပေါ်လာခဲ့ပါတယ်။ မြတ်စွာဘုရားရှင်ဟာ ဇဝါဒမြောက် ကြွချီ သီတင်းသုံးတော်မူခဲ့ပါတယ်"


"ကဲ - ဆရာ၊ နေလည်း ပူလာပြီး၊ ဘုရားကြီး လှည့်ဖူးကြရအောင်လား"

"ဟိုမှာ အောင်မြေပါ။ အဲဒီမှာ လိုတဲ့ ဆုတောင်းရှင်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ပါတယ်။ အားလုံး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြရအောင်ဗျာ"

"ဟုတ်ကဲ့ခင်ဗျာ"

"နောက်တစ်ခုပြောရဦးမယ်။ ကျွန်တော်တို့ သူကျွန်ဘဝရောက်တဲ့အချိန်က သမိုင်းထဲမှာ ဗိုလ်ဥတ္တမ ဆိုတာမျိုးချစ်တော်လှန်ရေးခေါင်းဆောင်နော်။ အဲဒါ အင်္ဂလိပ်ကိုတော်လှန်ရေးစတာ ဒီဘုရားရဲ့ ပထမ ပစ္စယံကနေ ခံတပ်လုပ်ပြီး တော်လှန်တာ။ ဓားနဲ့ တုတ်နဲ့ တိုက်ခဲ့တဲ့ နေရာပါ။ သေနတ်ပွင့်ရင် တက်ကြည့်လို့ရတယ်။ နောက်တော့ ဗိုလ်ဥတ္တမကို သူ့ရဲ့ သား ကြာညိုက အင်္ဂလိပ်စစ်တမ်းကို လမ်းပြလို့ အဖမ်းခံလိုက်ရတယ်။ ဒါဟာ သမိုင်းဝင်နေရာပေါ့ဗျာ"

စာရေးသူတို့ ပါဝါရုံစေတီတော်မြတ်ကြီး၏ ပရဝဏ်အတွင်းမှ ကားကလေးမောင်းပြီး ထွက်ခဲ့ကြ၏။

◈◈◈

စတုတ္ထရုံအဖြစ် နောက်ဆုံး ဖူးမြော်ရမည့် ဂန္ဓာရုံစေတီတော်မြတ်ကြီးပင် ဖြစ်ပါသည်။ ယနေ့ သွားရောက် ဖူးမြော်မည့် ဂန္ဓာရုံစေတီတော်မြတ်ကြီးသည် ဆရာ မောင်နှင်းခိုင်အိမ်နှင့် လမ်းတစ်လမ်းသာသာပဲ ခြားပါသည်။ စာရေးသူတို့ လမ်းလျှောက်ရင်း စန္ဒကူးနံ့သာကျောင်းတော်ရာ ဂန္ဓာရုံစေတီတော်ကြီးသို့ ဘုရားဖူးထွက်ခဲ့ကြသည်။

စာရေးသူတို့အဖွဲ့ စေတီတော်ကြီး၏ တောင်ဘက်မုခ်ဝမှ စန္ဒကူးဥယျာဉ်ပျိုးခင်းသို့ အရင်ဝင်ခဲ့ကြ၏။ ထို့နောက် ကန်တော်ကြီးနှင့် ဗိုလ်ဥတ္တမ ပုန်းခိုရာ လိုဏ်ဂူတော်သို့ ဝင်ရောက်လေ့လာခဲ့ကြပါသည်။ အနောက်ဘက် ဈေးတန်းမှ ဝင်၍ မြတ်စွာဘုရား စန္ဒကူးနံ့သာကျောင်းတော်ရာ ကျောင်းတိုက်ကြီး၏ ပထမတိုင်နေရာတွင် စေတီတော်တစ်ဆူ၊ မြတ်စွာဘုရား တရားဟောကြားရာနေရာတွင် ရွှေပလ္လင်နေရာ၌ စေတီတော်တစ်ဆူ၊ ထို့ပြင် တိုင်လေးတိုင်အား စေတီတော် လေးဆူတည်ထားခြင်းအတွက် တစ်ဆူပြီးတစ်ဆူ လိုက်၍ ဖူးမြော်ကြပါသည်။ ထို့နောက် မြောက်ဘက် ရင်ပြင်တော်ဘက်တွင် မဟာပုဏ္ဏ ရဟန္တာအရှင်မြတ်၏ ကြေးရုပ်တုတော်မြတ်ကြီး၏ တန်ဆောင်းတော်အတွင်းသို့ ရောက်သွားပါသည်။ စာရေးသူတို့ ရုပ်တုတော်ရှေ့တွင် ကြည်ညိုနေခိုက် . . .

"ဘုရားဖူးတွေပါလား၊ လာကြပါကွယ်၊ အဘက ဒီမဟာပုဏ္ဏကြေးရုပ်မှာ တာဝန်ယူထားရပါတယ်"

"အဘခင်ဗျာ . . . မဟာပုဏ္ဏ ရုပ်တုတော်ကြီးအကြောင်း ရှင်းပြပေးပါလားခင်ဗျာ"

"အေး၊ အချိန်ရမယ်ဆိုရင်တော့ အဘ ရှင်းပြပါ့မယ်"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော်က မောင်နှင်းခိုင် (ပွင့်ဖြူ)ပါ၊ ဒါက ရန်ကုန်က စာရေးဆရာတွေပါ"

"သြော် . . . ဆရာကြီးကိုးကွဲ၊ ခုမှပဲ တွေ့ရတော့တယ်"

"ဒါဆိုရင် အဘ ဟောဒီက စာရေးဆရာတွေကို ရှင်းပြ
ပါလားခင်ဗျာ"

"ကောင်းပါပြီကွယ်။ ဒီဒေသကို ရှေးတုန်းက သုနာ
ပရန္တတိုင်းလို့ ခေါ်တယ်။ ဟို ဝါဏိဇ္ဇဂါမရွာဆိုတာ ဘုရား
တွေကို ငါးစာကျွေးတဲ့ ရွာပေါ့။ အဲဒီရွာသား မဟာပုဏ္ဏက
လည်းသား ငါးရာနဲ့ မဇ္ဈိမကို ကုန်ရောင်းကုန်ဝယ်သွားခဲ
က ဗုဒ္ဓဘုရားရဲ့ တရားတော်ကို နာကြား ခဲ့ရတယ်။ ဒီနောက်
သာသနာ့ဘောင်ကို ဝင်ရောက်ခဲ့တယ်။ ဘုရားရှင်ထံက သ
လျော်ရာ ကမ္မဋ္ဌာန်းတရားကို စီးဖြန်း၍ ပန်ကြား တောင်း
ပြီး ယခု သုနာပရန္တတိုင်း(ကောသမ္ဗီပြည်)ကို ပြန်လို့ တရ
အားထုတ်တော့ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ခဲ့ပါတယ်"

"ဟုတ်ကဲ့ အဘ၊ ဆက်ပြောပါဦး"

"ညီငယ် စူဠပုဏ္ဏက သင်္ဘောသား ငါးရာတို့
ပင်လယ်ခရီး ကုန်ရောင်းကုန်ဝယ်သွားပြီး လက်ဆေးသ
ခန်း၊ အဖိုးတစ်သိန်းထိုက်တဲ့ စန္ဒကူးနံ့သာသစ်များ ပေါ



www.burmeseclassic.com



နောက်ရာ မာလာယုကျွန်းကို တွေ့ရှိပြီး သင်္ဘောအပြည့်မျှ ခတ်တင် ယူဆောင်လာခဲ့ကြတယ်။ ဒီတော့ ကျွန်းစောင့်တဲ့ နတ်ဘီလူးတွေက မကျေနပ်လို့ မုန်တိုင်းဆင်ပြီး သူတို့ သင်္ဘောကို နှစ်မြုပ်အုံ့ဆဲဆဲ ညီငယ် စူဠပုဏ္ဏရဲ့ ပင့်လျှောက် ချက်ကြောင့် ရဟန္တာ အရှင်မဟာပုဏ္ဏက ကောင်းကင်ခရီး နဲ့ ကြွရောက်ပြီး ကယ်တင်လို့ ဝါဏိဇ္ဇဂါမရွာသား သင်္ဘော သားအားလုံး အသက်ဘေးမှ လွတ်မြောက် ချမ်းသာခဲ့ရတယ်။ ဒီတော့ မဟာပုဏ္ဏရဲ့ ကျေးဇူးတော်ကို ဆပ်တဲ့အနေနဲ့ ကျောင်းတော်လှူရာ မဟာပုဏ္ဏ ရဟန္တာအရှင်မြတ်က သုံးလောကထွတ်ထား သဗ္ဗညုတ မြတ်စွာဘုရားအား ရည် မှန်းလှူဒါန်းဖို့ ဆုံးမ လမ်းညွှန်တာကြောင့် စူဠပုဏ္ဏ ဦးဆောင် တဲ့ ဝါဏိဇ္ဇဂါမရွာသားတို့က အဆောင်ပေါင်း (၁၀၀)ဆောင်၊ ပြတင်း (၁၁၆၀) နှင့် လှေကား (၁၀၀) ပါဝင်သော ကျောင်း တော်ကြီးကို ရနံ့မွှေးထုံသော စန္ဒကူးသစ်တို့ဖြင့် ဆောက် လုပ်လှူဒါန်းကြပါတယ်"

"ဟုတ်ကဲ့ အဘ၊ မြတ်စွာဘုရား ကြွရောက် သီတင်း သုံးပုံလေး ရှင်းပြပါဦး"

"ဂေါတမ ဗုဒ္ဓဘုရားရှင်ဟာ သစ္စဗန္ဓ ရသေ့ကြီးကို အရဟတ္တဖိုလ်သို့ အရောက်ပို့ဆောင် ချွေချွတ်ဖို့ ခြေလျင် ဆီးမကြွဘဲ သီကြားမင်း ဆက်ကပ်တဲ့ ယာဉ်ပျံ ငါးရာနဲ့ ကောင်းကင်ခရီးက ကြွပါတယ်။ သစ္စဗန္ဓတောင်မှာ ရသေ့ ကြီးအား တရားချွေချွတ်ပြီး ရသေ့ကြီး ရဟန္တာဖြစ်မှ သစ္စ ဗန္ဓ ရဟန္တာအပါအဝင် ရဟန္တာငါးရာတို့ဟာ ပြာသာဒ်ယာဉ် ပျံငါးရာစီးပြီး စန္ဒကူးနံ့သာကျောင်းတော်ရာ ကျောင်းတော် ကြီးရှိရာ ဝါဏိဇ္ဇဂါမကို ကြွရောက် အလှူခံတော်မူပါတယ်။ ဒီနောက် စန္ဒကူးနံ့သာကျောင်းတော်ကြီးမှာ ခုနစ်ရက်တိုင်တိုင် သီတင်းသုံးပြီး တစ်နေ့လျှင် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း ကျွတ်တမ်းဝင်အောင် တရားရေအေး အမြိုက်ဆေးဖြင့် တိုက် ကျွေး ချွေချွတ်တော်မူခဲ့ပါတယ်။ ခုနစ်ရက်ပြည့်မြောက်လို့



မဇ္ဈိမဒေသကို ပြန်လည်ကြွမြန်းတော်မူရာမှာ အလာခရီး အတိုင်း ယာဉ်ပျံငါးရာနဲ့ ပြန်လည်ကြွတော်မူရာမှာ သစ္စဗန္ဓ ရဟန္တာ၏ တောင်းပန်မှုကြောင့် မန်းစက်တော်ရာတောင်ထိပ် မှာ စက်တော်ရာတစ်ဆူ၊ နမ္မဒါ နဂါးမင်း တောင်းပန်လို့ နမ္မဒါမြစ်ကမ်းနဖူးမှာ စက်တော်ရာတစ်ဆူတို့ ချထားတော်မူ ခဲ့ပါတယ်။ ယနေ့ ဖူးမြင်နေရတဲ့ မန်းရွှေစက်တော်ဟာ တန်ခိုး ကြီး ထင်ရှားပါတယ်"

"ဒီ စန္ဒကူးနံ့သာ စေတီတော်ကြီးကရော အဘ"

"မဟာပုဏ္ဏ ရဟန္တာအရှင်မြတ်ရဲ့ အဓိဋ္ဌာန်နဲ့ စန္ဒကူး နံ့သာကျောင်းတော်ကြီး၏ တရားဟောရာ ရာဇပလ္လင်တော် နေရာမှာ ပေါ်ပေါက်ခဲ့တဲ့ သေလာမယ စေတီတော်ကို ငုံပြီး ပုံပြည့်ရှင် "ဇေယျသူရ" မည်တဲ့ အလောင်းစည်သူမင်းကြီး က စေတီတော် တည်ထားကိုးကွယ်ခဲ့တယ်။ ကောဇာ သက္ကရာဇ် (၄၅၈)ခုနှစ်၊ တပေါင်းလဆန်း ၉ရက်၊ စနေနေ့ မှာ ရွှေကရားနဲ့ ရေစက်သွန်းချတော်မူခဲ့ပါတယ်။ ဒီတော့ ဘုရားရှင်ရဲ့ ကျောင်းတော်ကြီးက စန္ဒကူးနံ့သာသစ်များနဲ့ ဆောက်လုပ်လို့ ဂန္ဓာရုံကျောင်းတော်လို့ အမည်တွင်ခဲ့ပါ တယ်။ ခြုံပြောရရင်တော့ ရုံလေးရုံအနက် ကုက္ကုဋာရုံ၊ ယောသိတာရုံ ပါဝါရုံတို့မှာ ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဘုရားရှင်တို့ သီတင်းသုံးတော်မူခဲ့ပြီး၊ ဂေါတမ ဗုဒ္ဓဘုရားရှင် လက်ထက်တော်မှာ ဂန္ဓာရုံ၌ ကြွရောက် သီတင်းသုံးခဲ့လို့ ရုံလေးရုံအမည်တွင်ခဲ့ခြင်းဖြစ်ပါတယ်"

"အဘ ဒီလိုဆိုရင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီ တော်မြတ်ကြီးနဲ့ ဘယ်လို ပတ်သက်ပါသလဲခင်ဗျာ"

"ဂေါတမဘုရားရှင်ရဲ့ ဆံတော်ရှစ်ဆူအပါအဝင် ဘုရား ရှင် လေးဆူရဲ့ တောင်ဝှေးတော်၊ ရေသနုတ်တော်၊ သင်းပိုင် တော်တို့နဲ့ ဌာပနာတည်ထားလို့ ဘုရားလေးဆူတို့ရဲ့ ဓာတ် တော် မွေတော်များ စုပေါင်းတည်ထားရာမို့ လေးဆူဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံလို့ ဘွဲ့တော်တွင်ပါတယ်ဗျာ"

"ယခု မဟာပုဏ္ဏ ရဟန္တာ မထေရ်မြတ်ကြီးရဲ့ ရုပ်ထုတော်က ဘယ်လို တန်ခိုးများ ပြပါသလဲ"

"ဟောဒီစာမှာ ကြည့်ပါ။ အစိတ္တာန်တန်ခိုးကြီးမားတော်မူသော အသီတိဘာဝက မဟာပုဏ္ဏ ရဟန္တာအရှင်မြတ်ကြီး တန်ခိုးပြပုံကို ရိုက်ကူးထားပါတယ်။ မန္တလေးမြို့က အစိတ္တာန် ပူဇော်တဲ့ ဒေါက်တာ ဒေါ်ခင်စိန်(မဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရ)က ၁၃၆၇ခုနှစ်၊ ပြာသိုလဆုတ် ၉ရက်နေ့ (၂၂-၁-၂၀၀၆)၊ ည ၉နာရီအချိန်မှာ ဖူးတွေ့ရတာ ဖြစ်ပါတယ်။ အလင်းရောင်တန်းထွက်ခြင်း၊ ဆံတော်၊ မျက်ခုံးတော်မှ အရောင်ထွက်ပေါ်ခြင်း၊ အမွှေးနံ့သာနံ့များ ထွက်ပေါ်ခြင်း၊ ကိုယ်လုံးတော်မှ အရောင်များ ထွက်ပေါ်ခြင်းတွေ ဖြစ်ပါတယ်"

"ဟုတ်ကဲ့ အဘ၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"နောက် ရောက်ရင်လည်း လာခဲ့ကြပါ၊ ဖိတ်ခေါ်ပါတယ်"

"ဟုတ်ကဲ့၊ ခွင့်ပြုပါဦး"

စာရေးသူတို့အဖွဲ့ စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီး၏ ရင်ပြင်တစ်ပတ်ရှိ စောင်းတန်းတော်ကြီးများ၊ ဇရပ်ကြီးများ၊ ရုပ်ပွားတော်မြတ်ကြီးများ၊ လျှောင်းတော်မူရုပ်ပွားတော်ကြီးများနှင့် စန္ဒကူးစိုက်ခင်းပင်များကို လှည့်၍ ကြည့်ညိုလေ့လာခဲ့ကြပါသည်။

မြောက်ဘက်တွင် သိကြားမင်းရုပ်ထုနှင့်အတူ သိကြားမင်းဂူဟူ၍ ရေးထားပါသည်။ အရှေ့မြောက်ထောင့်တွင် အလောင်းစည်သူမင်းကြီး ဖောင်ဆိုက်ရာ ဖောင်တော်ဦးစေတီတော်မြတ်ကြီးကို ဖူးမြင်ရပါသည်။

"ဆရာရေ…တပေါင်းလကျမှ ဘုရားပွဲတော် ကျင်းပတာပါ။ စည်ကားပါတယ်။ ဒီရွာက ဗညားဟန်ဆိုထားတဲ့ "စန္ဒကူးအလွမ်း"ဆိုတာလေ၊ သိပ်ကို ကောင်းတာပဲဗျာ။ အဆိုတော် စိုးစန္ဒာထွန်းနဲ့ တွဲဆိုထားတာ။ ခုတော့ နာမည်ကျော် အဆိုတော်ကြီးဖြစ်သွားပြီ ဆရာရဲ့"

ဟု ဆရာ မောင်နှင်းခိုင်(ပွင့်ဖြူ)က ပြောပြသည်။

"ဟုတ်လား ဆရာ။ ဗညားဟန်က ဒီရွာကလား"

"သူ့ဇနီးက ကျွန်တော့်တပည့်ပါ။ ဗညားဟန်က အထက်တန်းပြ ဆရာဗျာ။ ခုထိ ဘဝမမေ့တဲ့သူပါ။ ကျွန်တော်တို့ သူ့အိမ်ဘက် လှည့်ဝင်ကြရအောင်"

"ကောင်းသားပဲ ဆရာ"

"ဟိုမှာ…အဲဒီဟာ ဗညားဟန်တိုက်ပဲ"

"ဆရာပါလား၊ ကြွပါ…ကြွပါရှင်"

"ဗညားဟန်ရှိလား သမီး"

"ရှိပါတယ်၊ ဝင်ခဲ့ပါ ဆရာ"

"သြော်…ဆရာတို့ပါလား၊ ကြွပါခင်ဗျာ"

စာရေးသူတို့အဖွဲ့ ဗညားဟန်၏ တိုက်သို့ ဝင်ကာ ဧည့်ခံကျွေးမွေးသော လက်ဖက်ရည်နှင့် မုန့်၊ ရေနွေးကြမ်း လက်ဖက်သုပ်များ စားသောက်ပြီး ရင်းရင်းနှီးနှီး စကားပြောကာ အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြပါသည်။

◈◈◈

ယခုဆိုလျှင် ကျောင်းတော်ရာဒေသတစ်ဝိုက်ရှိ ရှံလေးရှံ မြတ်စွာဘုရားရှင်တို့ ဗျာဒိတ်ပေးခဲ့ရာ သမိုင်းဝင် နေရာထူး၊ နေရာမြတ်များကို ကိုယ်တိုင်ဖူးမြော် ကြည်ညိုခဲ့ရပါပြီ။ ရောက်ခဲ့လှသော ရှံလေးရှံ ဘုရားသမိုင်းသည် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့ ရောက်သင့် ရောက်ထိုက်၊ ပူဇော်သင့်သော ဤကျောင်းတော်ရာဒေသဖြစ်ပါသည်။

လာရောက်ရန် ဖိတ်ခေါ်ခဲ့ကြသော ဆရာ မောင်နှင်းခိုင်(ပွင့်ဖြူ)၊ ကိုအောင်အောင် မိသားစု၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကိုဇော် (မင်းမဟော်ဆောက်လုပ်ရေးဆိုင်-နေပြည်တော်)နှင့် မိသားစုအားလုံးတို့အား ကျေးဇူးတင် မှတ်တမ်းတင်ပါသည် ■

* * *

မင်းတိုခ်ပင်(မြရောင်ဓ

မှီငြမ်း

- ဘုရားသမိုင်းအကျဉ်း။
- ရှံလေးရှံ စုံလင်အောင် ဖူးရင်လ (မောင်နှင်းခိုင်၊ ပွင့်ဖြူ
- ကိုယ်တွေ့ဖူးမြော်။

www.burmeseclassic.com

"ကောလာဟလ…ကောလာဟလ"နဲ့ ပြောလာတာ ကြာပါပြီ။ ဟိုတုန်းကလည်း ပြောခဲ့ကြ၊ ယနေ့အချိန်မှာလည်း ပြောနေကြဆဲ၊ နောင် အနာဂတ်ကာလတွေမှာလည်း ပြောနေကြဦးမှာပါပဲ။ "ဒါတွေက ကောလာဟလတွေပါ။ ဒီ ကောလာဟလ တွေကို ယုံမနေစမ်းပါနဲ့။ ကောလာဟလ ကောင်းတွေကို မယုံကြပါနဲ့"လို့ ပြောလေ့ရှိကြတယ်။ ပြောနေကြပေတယ်။

အမှန်စင်စစ်၊ ကောလာဟလ ဆိုတာ ဖြစ်ပေါ်လာပြီး နောက် ပျောက်ပျက်သွားတာလည်း ရှိတယ်။ ကောလာဟလ ထွက်ပေါ်လာတဲ့အတိုင်း တကယ်ဖြစ်သွားတဲ့ ဖြစ်စဉ်တွေ လည်း ရှိခဲ့ပေတယ်။ ရှိနေပေတယ်။

ဒီတော့ကာ ကောလာဟလကို ဖြစ်ပြီး ပျောက်သွား

မုံရွာနေဇာ

# ကောလာဟလ...ဆိုတာ

တတ်တဲ့ ကောလာဟလနဲ့ ဖြစ်ပေါ်လာတဲ့အတိုင်း အမှန် တကယ်ဖြစ်တဲ့ ကောလာဟလလို့ နှစ်မျိုးမှတ်သင့်ပေတယ်။

ရှေးယခင်က သမိုင်းဖြစ်စဉ်တွေထဲမှာ တဘောင်ပေါ် တာတွေ၊ အတိတ်နိမိတ်တွေလည်း ရှိခဲ့တယ်။ ပေါ်ပေါက်ခဲ့ တယ်။ တဘောင်အတိတ်နိမိတ်တွေအတိုင်း အနက်ကောက် ယူပြီး အမှန်တကယ်ဖြစ်ပေါ် ဖြစ်ပျက်ခဲ့တာတွေလည်း ရှိခဲ့ လေရဲ့။

ဗုဒ္ဓစာပေထဲမှာတော့ ကောလာဟလ ဆိုတာ အမှန် တကယ်ဖြစ်ပေါ်လာဖို့အတွက် ရှေ့ပြေး နိမိတ်တွေအနေနဲ့ သတ်မှတ်ခဲ့ကြလေတယ်။

ကောလာဟလ (၅)မျိုးရှိကြောင်း မှတ်သားသင့်ပါ တယ်။



www.burmeseclassic.com

www.burmeseclassic.com

### (၁) မောနေယျ ကောလာဟလ

မောနေယျအကျင့် ကျင့်မယ့် ရဟန်းသူတော်စင် ပေါ်ပေါက်ဖို့အတွက် ၇နှစ်ကြိုတင်ပြီး ကောလာဟလဖြစ်ပေါ်တတ်တယ်။

မောနေယျအကျင့်၊ မောနေယျစရိယ ဆိုတာ တစ်ကျောင်းမှာ တစ်ဝါသာ ဆို၊ တစ်ရွာမှာ တစ်ခါသာနေ၊ တစ်တောမှာ တစ်ကြိမ်သာ နိုအောင်းနေထိုင်ခြင်းဖြစ်တယ်။ ဤသို့ ကျင့်ကြံသွားလာနေထိုင်သော ရဟန်းကို မောနေယျရဟန်း၊ မောနေယျ ပုဂ္ဂိုလ်လို့ ဆိုပေတယ်။

### (၂) မင်္ဂလ ကောလာဟလ

"မင်္ဂလ ကောလာဟလ"ဆိုတာ ဗုဒ္ဓဘုရား မင်္ဂလာတရားဟောကြား ချီးမြှင့်ဖို့အတွက် နှစ်ပေါင်း ၁၂နှစ် ကြိုတင်ကာ "မြတ်စွာဘုရား မင်္ဂလာတရားဟောကြားတော်မူမယ်တဲ့" ဆိုတဲ့ အသံ၊ သတင်းစကားကို ၁၂နှစ် ကြိုတင်ပြီး ဖြစ်ပေါ်လာတဲ့ ကောလာဟလ ဖြစ်တယ်။ မင်္ဂလသုတ်တော်မှာ "ယံမင်္ဂလံ ဒွါဒသဟိ စိန္တယိံသုသ ဒေဝတာ"လို့ ပါရှိတယ်။ အဓိပ္ပာယ်မှာ "နတ်နှင့်တကွသော လူတို့သည် အကြင်မင်္ဂလာတရားတော်ကို ၁၂နှစ်ကာလပတ်လုံး ကြံစည်မျှော်လင့်နေကြကုန်၏"လို့ ဖြစ်ပါတယ်။ မင်္ဂလသုတ်နိဒါန်းမှာ ဖော်ပြထားတယ်။

### (၃) စက္ကဝတ္တိ ကောလာဟလ

လောကမှာ စကြာမင်း ပေါ်ပေါက်လာဖို့အတွက် နှစ်ပေါင်း (၁၀၀)ကြိုတင်ကာ ကောလာဟလ ထွက်ပေါ်တတ်ပေတယ်။ "စကြာမင်းပေါ်မယ်···စကြာမင်းပေါ်မယ်" ဟု နှစ်ပေါင်း (၁၀၀)ကြိုတင်ပြီး သတင်းစကားတွေ ကြွေးကြော်ဖြစ်ပေါ်လာတတ်တယ်။

### (၄) ဗုဒ္ဓ ကောလာဟလ

"လောကမှာ ဗုဒ္ဓဘုရားပွင့်ထွန်းပေါ်ပေါက်လာတော့မယ်၊ ဘုရားပွင့်တော့မယ်"ရယ်လို့ နှစ်ပေါင်း (၁၀၀၀)ကြိုတင်ကာ ကြွေးကြော်သံတွေ၊ သတင်းစကားတွေ ကျော်ကြားလာတတ်ပေတယ်။

### (၅) ကပ္ပ ကောလာဟလ

"ကမ္ဘာကြီး ပျက်စီးတော့မယ်၊ ကမ္ဘာကြီး ပေါက်ကွဲတော့မယ်"ဆိုတဲ့ သတင်းစကားတွေဟာ ကမ္ဘာကြီး မပျက်စီးမီ နှစ်ပေါင်းတစ်သိန်း ကြိုတင်ပြီး သိရှိရခြင်းဖြစ်တယ်။ ကြွေးကြော်ပြောဆိုသံတွေ ကြားရခြင်းဖြစ်တယ်။

(ယနေ့ခေတ်မှာ စိတ်ကူးယဉ် သိပ္ပံဆရာ၊ ရှေးရိုးစွဲနက္ခတ်ဗေဒင်ပညာရှင်အချို့က ၂၀၁၂ မှာ ကမ္ဘာပျက်မယ်၊ ဘယ်နှစ်မှာ ကမ္ဘာကြီး ပျက်စီးမယ်··· စသဖြင့် ရုပ်ရှင်၊ ဗီဒီယိုကားတွေ၊ ရေးသားချက်တွေ၊ ဟောပြောချက်တွေ ထွက်ပေါ်လာခဲ့လေတယ်။ ဆက်လက်ပြီး တွေးခေါ် ကြံဆတီထွင်မှန်းဆ စိတ်ကူးယဉ်တွေ ထွက်ပေါ်လာဦးမှာပါပဲ၊ တကယ်ပျက်, မပျက်ကို ဆက်လက်စောင့်ကြည့်ကြရုံပေါ့လေ။ ဤကား စကားချပ်)

မှန်တဲ့ ကောလာဟလလား၊ မှားတဲ့ ကောလာဟလလားဆိုတာ အဖြေရှာ စဉ်းစားကြဖို့ပဲ ဖြစ်ပါတယ်။

အခုဖော်ပြတဲ့ ကောလာဟလ ၅မျိုးကတော့ အမှန်တကယ်ဖြစ်ပေါ်ခဲ့တဲ့ ကောလာဟလတွေပဲ ဖြစ်တယ်။ စာပေမှာတော့ ကောလာဟလလို့ မပြဘဲ၊ ကောဠဟလ ငါးမျိုးလို့ ပြဆိုထားတယ်။ "ကောဠဟလ"ဆိုတာ အုတ်အုတ်ကျက်ကျက် အုတ်အော်သောင်းနင်း သတင်းစကားဖြစ်ပေါ်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

ဉဒ္ဒကပါဠိ အဋ္ဌကထာနဲ့ သုတ္တနိပါတ် အဋ္ဌကထာတို့မှာ လာရှိတယ်။ အလွယ်တကူကြည့်လိုပါက ဆရာတော် အရှင်ဩဘာသာဘိဝံသရဲ့ သုတေသန သရုပ်ပြ အဘိဓာန်မှာ ပါရှိတယ်။

ဒါဆိုရင် ကောလာဟလအကြောင်း သိသာလောက်ပြီ။

**သိန်းမှာ ကမ္ဘာ၊ ထောင်မှာ ဘုရား၊**
**ရာကား စကြာ၊ မင်္ဂလာ ဆယ့်နှစ်နှစ်၊**
**ခုနစ်နှစ် မောနေယျ၊ ဤငါးဝ၊**
**မှတ်ကြ ကောလာဟလ။** ■

* * *

မုံရွာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံဘုရားရုပ်ပွားတော်
ကြံ့ခင်းမြို့။


www.burmeseclassic.com

www.burmeseclassic.com

# ကြခင်းမြို့မှ နေရာထူး

ဦးအောင်မြိုင် (လက္ခဏာဗေဒင်ပညာသုတေသီ)






ရေးပဒေသရာဇ်မင်းများလက်ထက်က ဧရာဝတီတိုင်းဒေသကြီးအနှံ့အပြားတွင် မွန်တိုင်းရင်းသားအများစု နေထိုင်ခဲ့ကြသဖြင့် မြို့ရွာဒေသအမည်တို့မှာလည်း အများအားဖြင့် မွန်ဘာသာစကားများသာ ဖြစ်ကြသည်။ နောင်အခါ စစ်ဘေးစစ်ဒဏ်ကြောင့် မွန်တိုင်းရင်းသားများသည် မွန်ပြည်နယ်ဒေသကြီးဘက်သို့ ရွှေ့ပြောင်းသွားရာ၊ ထိုနေရာတွင် ကရင်တိုင်းရင်းသားများနှင့် ဗမာတိုင်းရင်းသားများ ဝင်ရောက်နေထိုင်လာကြရာ ရေးမွန်ဘာသာအခေါ်အဝေါ်တို့မှ ဗမာဘာသာသို့ ဝေါဟာရအသံထွက် အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ရသည်။

"ကျန်းကင်း"ဆိုသော မွန်ဘာသာစကားမှာ ကျန်း-မိကျောင်း၊ ကင်း-စခန်းဖြစ်သည်။ "မိကျောင်းစခန်း"ဟု အဓိပ္ပာယ်ပြန်နိုင်သည်။ ပဒေသရာဇ်မင်းများလက်ထက် အထက်ဗမာပြည်နှင့် အောက်ဗမာပြည်ကို ဧရာဝတီ... ကြောင်းမှ လှေ၊ ဖောင်တို့ဖြင့် ကုန်စည်ကူးသန်းသွားလာ... တို့ကို ရေခွန်ကောက်ခံသော စခန်းတစ်ခု၏အမည်ဖြစ်သ... ယခုအခါ "ကျန်းကင်း"မှ "ကြခင်း"ဟူ၍ အခေါ်အဝေါ်အ... ထွက် ပြောင်းလဲလာခြင်းဖြစ်သည်။

ကြခင်းမြို့မရပ်၊ ဧရာဝတီမြစ်၏ အနောက်ဘက်... မြို့၏ အနောက်မြောက်ယွန်းယွန်းတွင် "အ...ခါင်... မြသီတာ"ခေါ်သော ခုနစ်နေ့နံ စေတီတော်ကြီးအနီး... ဒီပင်္ကရာမြတ်စွာဘုရားရုပ်ပွားတော်ကြီး ပရဝဏ်ရှိပါသ...

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



ဘုရားပရဝဏ်၏ အဝင်တန်ဆောင်း မုခ်ဦးထိပ်မှာ မိကျောင်းအစိမ်းရောင်နှစ်ကောင်ရုပ်ထုကို တွေ့မြင်ရသည်။ ကြံခင်းမြို့၏ အထိမ်းအမှတ်ရုပ်ထုဖြစ်ပါသည်။ ထိုစောင်းတန်းလမ်းအဆုံး ဂန္ဓကုဋီ စံကျောင်းအတွင်းမှာ ရှေးဟောင်း ဒီပင်္ကရာမြတ်စွာဘုရားရုပ်ပွားတော် ပူဇော်ခံထားပါသည်။

ဒီပင်္ကရာမြတ်စွာဘုရားရုပ်ပွားတော်မှာ မတ်ရပ် သပိတ်တော်ပိုက်လျက် ဆွမ်းခံကြွချီပုံ ဉာဏ်တော် ၇ပေ ၄လက်မဖြစ်ပါသည်။ ရွှေအပြည့်ချထားသဖြင့် လွန်စွာသပ္ပာယ်လှသည်။ ပန်းပေါင်းစုံပြာများ၊ ပိဋကတ်တော်ပြာများဖြင့် ရောစပ် ပြုလုပ်ထားသော ယွန်းသစ်စေးသရိုးပုံတော်ဖြစ်ကြောင်း သိရသည်။

ဤရုပ်ပွားတော်၏ ထူးခြားချက်မှာ ကြံခင်းမြို့တွင် တစ်စုံတစ်ခုသော ဘေးဥပဒ်အန္တရာယ် ကျရောက်ခဲ့သော် ရုပ်ပွားတော်ကို ပင့်ဆောင် ပူဇော်ခြင်းအားဖြင့် အေးငြိမ်းပပျောက်သွားခြင်းဖြစ်ပါသည်။

ဤ ဒီပင်္ကရာမြတ်စွာဘုရားရုပ်ပွားတော်မှာ မူလက အထက်ဗမာပြည်၊ အင်းဝနေပြည်တော်တွင် ပူဇော်ခံထားခြင်းဖြစ်ပြီး သက္ကရာဇ် ဂ၈၉ ခုနှစ်တွင် ရှမ်းသိုဟန်ဘွားမင်းက အင်းဝကို သိမ်းပိုက်ပြီး ထီးနန်းစိုးစံစဉ် ရဟန်း သံဃာတော်များကို သတ်ဖြတ်ခြင်း၊ ဘုရားစေတီရုပ်ပွား ရုပ်တုတော်များနှင့် ပိဋကတ်စာပေတို့ကို ဖျက်ဆီးခြင်းပြုသဖြင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများ တောင်ငူဘက်သို့ ပြေးဝင် ခိုလှုံကြသည်။ ထိုအခါ ပြည်မြို့သို့ ပြေးဝင် ခိုလှုံလာသော ဆရာတော်များနှင့်အတူ ဤ ဒီပင်္ကရာရုပ်ပွားတော်ကိုပါ ပင့်ဆောင်ခဲ့ကြသည်။

သက္ကရာဇ် ၉၆၉ တွင် သန်လျင်ကို ခံတပ်ပြု သိမ်းပိုက်ထားသော ပေါ်တူဂီ ဒီဇရစ်တိုလက်ထက်မှာ ပြည်မြို့ကို ချီတက်တိုက်ခိုက်ပြီး ဘုရားစေတီရုပ်ပွား ရုပ်တုများ ဖျက်ဆီးခြင်း၊ ဌာပနာဖောက်ယူခြင်း၊ ရဟန်း သံဃာများကို နှိပ်ကွပ်ခြင်း ပြုပြန်သဖြင့် မန္တလေး ဆရာတော်များဖြစ်သော အရှင်ဉာဏိန္ဒနှင့် အရှင်သောဘိတ ဆရာတော်နှစ်ပါးက ဤ ဒီပင်္ကရာရုပ်ပွားတော်ကိုပါ ပင့်ဆောင်၍ ကြံခင်းမြို့သို့ ရောက်ရှိလာပြီး ယခု ထန်းတောရပ်တွင် မန္တလေးကျောင်းအမည်ဖြင့် သီတင်းသုံး နေထိုင်ခဲ့ကြသည်။ ထိုစဉ်က ပန်းကုံးရပ်နှင့် ပန်းတောရပ်မှ အလှူရှင်များက ဒီပင်္ကရာရုပ်ပွားတော်မြတ်အား စတင်ပင့်ဆောင် ပူဇော်ခြင်း ပြုခဲ့ကြသည်။

သက္ကရာဇ် ၁၀၅၆ ခုနှစ်တွင် ဒီပင်္ကရာရုပ်ပွားတော်ကို ကျီးသဲကျောင်းဆရာတော် အရှင်မုနိန္ဒမှ ပြောင်းရွှေ့ ပင့်ဆောင် ပူဇော်ခဲ့ပြီး၊ ထိုဆရာတော် ပျံလွန်သောအခါ မွန်ရဟန်းတော် အရှင်ဝါယမကို ဒကာ၊ ဒကာမများက ပင့်ဆောင် အပ်နှံခဲ့ကြသည်။ ထိုအရှင်ဝါယမလက်ထက်တွင် အိပ်မက်ရသဖြင့် နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် ဒီပင်္ကရာမြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်များက မြို့တွင်း၊ ရပ်ကွက်များသို့ ကြွရောက် အပူဇော်ခံသော ဆွမ်းကြီးခံပွဲ ကျင်းပခဲ့ကြသည်။ ၁၁၇[illegible] ခုနှစ်မှ စတင်၍ ယခုတိုင်အောင် နှစ်စဉ် ဆွမ်းကြီးခံပွဲကျင်း[illegible] ကြသည်။

သက္ကရာဇ် ၁၂၂၉ ခုနှစ်တွင် မင်းတုန်းမင်း၏ ဒေ[illegible] တော်စီးအမျိုးသမီး ဒေါ်စိုးလေးက ဒါယိကာမပြု၍ ခြေတော်[illegible] ရာတန်ဆောင်းကြီး ဆောက်လုပ်လှူဒါန်းပြီး၊ ၁၂၃၃ ခု[illegible] တွင် ဒီပင်္ကရာမြတ်စွာဘုရားရုပ်ပွားတော်ကို ကျီးသဲကျောင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com




ြတော်ရာတန်ဆောင်းသို့ ပြောင်းရွှေ့ပင့်ဆောင် ပူဇော်ခဲ့ကြသည်။

၁၃၀၃ ခုနှစ်တွင် ဒီပင်္ကရာမြတ်စွာဘုရား၏ သပိတ်ဆော်ကို ဂေါပကအဖွဲ့က ဖွင့်ကြည့်ကြသောအခါ ကြေးပြားတစ်ခုတွင် ရေးသားထားသော စာများကို တွေ့ရှိကြရာ၊ ကံသုံးဆင့်ဆရာတော်ဘုရား ဦးပညာဇောတက အန္တရာယ်ကင်း ဘေးကင်း ဂါထာတော်များဖြစ်ကြောင်း ပြောပြပြီး သပိတ်တော်အတွင်း ပြန်ထည့်ကာ လုံခြုံစွာ ပိတ်ထားလိုက်သည်။

ဂေါပကအဖွဲ့များနှင့် ဆရာတော်ကြီးများ၊ အလှူရှင်များ ညှိနှိုင်းကာ ဒီပင်္ကရာမြတ်စွာဘုရား ဂန္ဓကုဋိတိုက်တော်ကြီး ဆောက်လုပ်လှူဒါန်းရာ ၁၃၃၉ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ဂန္ဓကုဋိတိုက်သစ်သို့ ဒီပင်္ကရာမြတ်စွာဘုရားကို ပြောင်းရွှေ့ပူဇော်ခဲ့ပါသည်။ ထိုဂန္ဓကုဋိတိုက်ကြီးကို သီရိရတနာ မဟာဂန္ဓကုဋိတိုက်ဟု ခေါ်ပြီး ဂန္ဓကုဋိတိုက် မျက်နှာစာတွင် အမည်းကျောက်စာတိုင် စိုက်ထူခဲ့သည်။

ဂန္ဓကုဋိတိုက်ဆောက်လုပ်ရန် မြေတူးစဉ် မြေအောက်မှ ရှေးဟောင်း ကျောက်သပိတ်တစ်လုံးတွေ့ရှိခဲ့ရာ၊ ယခုထိန်းရာမှာပင် အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် ပြသထားသည်။ ထိုကျောက်သပိတ်နှုတ်ခမ်းမှာ အရစ်လေးရစ်ရှိသည်။ မြတ်စွာဘုရား၏ သပိတ်လေးလုံးကို ထပ်လျက်ဆက်နှင့် ရိုက်ကာ၊ တစ်လုံးဖြစ်ခြင်းအထိမ်းအမှတ်ဟု ယူဆသည်။

ဒီပင်္ကရာမြတ်စွာဘုရား အပူဇော်ခံရာ ဂန္ဓကုဋိတိုက်၏ ဝဲဘက်မှာ ခြောက်ရောင်စုံ ဘုရားတန်ဆောင်းရှည်ကြီးရှိသည်။ တ...ဆောင်းနှစ်ခုကို တစ်ခုတည်းဖြစ်အောင် ဆက်ထားကြောင်း သိရသည်။ ထိုတန်ဆောင်းကြီးထဲတွင် ခြောက်ရောင်စုံ ဘုရားရုပ်ပွားတော်ကို ဖူးမြင်ရသည်။ သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်၊ သီပေါမင်းလက်ထက်၊ ကံသုံးဆင့်ဆရာတော်မှ ကြီးကြပ်၍ မန္တလေးမှ ကြေးသွန်းဆရာ ဦးခင်ကို ခေါ်ယူ သွန်းလုပ်စေခဲ့သော ရုပ်ပွားတော်ဖြစ်သည်။ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သွပ်၊ ခဲတို့ဖြင့် ဓာတ်သတ္တု ဖြမျိုး ရောစပ်သွန်းလုပ်ထားသဖြင့် သေချာဖူးမြင်လျှင် အရောင်တော် ဖြမျိုးဖူးတွေ့ရသည်။ ထူးခြားမှုမှာ ထိုရုပ်ပွားတော် သွန်းလောင်းနေစဉ်က ရာသီမဟုတ်ဘဲ ပန်းပေါင်းစုံပွင့်ခဲ့ကြောင်း သိရသည်။

ထိုခြောက်စုံ (ခြောက်ရောင်ပြည့်) ဘုရားရုပ်ပွားတော်နှင့် တစ်တန်းတည်း၊ မြောက်ဘက် အစွန်ဆုံးတွင် မင်းတုန်းမင်း၏ လေ့တော်စီး ဒေါ်စိုးလေး လှူဒါန်းခဲ့သော ရုပ်ပွားတော်ကြီး သုံးဆူကို ကြည်ညိုဖွယ် ဖူးမြင်ရသည်။ ထိုရုပ်ပွားတော်များ၏ ကျောဘက်ကပ်လျက်တွင် ကြေးသွန်းရုပ်ပွားတော်ကြီးများစွာကို ပူဇော်ခံထားသည်။

ကြံခင်းမြို့၏ တန်ခိုးကြီး ထင်ပေါ် ကျော်ကြားသော ကြီးငါးကြီးဘုရားများတွင် တစ်ဆူပါဝင်သော ဒီပင်္ကရာမြတ်စွာဘုရားကြီးသို့ တစ်ခါတစ်ခေါက်သွားရောက်ဖူးမြင် အဓိဋ္ဌာန်ဝင်ခြင်းဖြင့် ဘေးဥပဒ်အန္တရာယ်အသွယ်သွယ် ကင်းရှင်းပပျောက် ချမ်းသာရောက်နိုင်ကြောင်း လမ်းညွှန်ဖော်ပြပေးလိုက်ရပါသည် ■

* * *

ဦးအောင်မြိုင်(လက်ထောက်ညွှန်ကြားရေးမှူး)




www.burmeseclassic.com

www.burmeseclassic.com

# အနတ္တ၏ အလင်းတန်း

ယောဂီ စောလွင်



## အတ္တဝါဒီနှင့် အတ္တအယူအဆများ

ရှေးနှစ်ပေါင်းများစွာကတည်းက လူယဉ်ကျေးမှု အသိုက်အဝန်း၌ ယုံကြည်ကိုးကွယ်စရာ အယူဝါဒအသီးသီးကို ရှာဖွေတွေ့ရှိခဲ့ကြပြီး ဖြစ်သည်။

နယ်မြေဒေသ၏ ရေမြေသဘာဝနှင့် လူမျိုးအုပ်စုအားဖြင့် မတူကွဲပြားကြစေကာမူ ဒေသအလိုက် လူမျိုးအလိုက် နတ်ဘုရားကိုယ်စီ တည်ရှိ ကိုးကွယ်ခြင်းတွင် ခြားနားမှု မရှိကြချေ။ နယ်မြေဒေသတစ်ခုက ဗြဟ္မာကြီး ကိုးကွယ်မှုဝါဒကို ကြံဆထားသကဲ့သို့ တခြားဒေသတစ်ခုသည် ထာဝရဘုရားကိုးကွယ်မှုဝါဒကို တီထွင်လိုက်နာခဲ့ကြရာတွင် ဖန်ဆင်းရှင်၊ ကယ်တင်ရှင့် သဘောချင်း ကွဲပြားမှုမရှိဘဲ၊ အခြေခံတူညီမှု ရှိလေသည်။ ထို့အပြင် ထာဝရတည်မြဲနေသော နတ်ဘုရားဟု ယုံကြည်သည့် "အတ္တအယူအဆ" ကိုလည်း ဖော်ထုတ် ဆုပ်ကိုင်လာခဲ့ကြ၏။

ဤ ကြံဆတီထွင်မှုများနှင့် ဖော်ထုတ် ဆုပ်ကိုင်ထားမှု အတ္တအယူအဆကို အမှန်တရားအဖြစ် လူယဉ်ကျေးတို့က ထင်မြင်ကြလျက် သဘောကျ နှစ်ခြိုက်စွာ လက်ခံ သိမ်းပိုက်လာကြသည်။ မဟာလူသားဗုဒ္ဓ မပေါ်မီနှင့် ပွင့်ထွန်းပြီးချိန်ကာလတိုင်အောင် သမိုင်းတွင် ထင်ရှား ကျော်ကြားသူများပင်လျှင် ဤအတ္တအယူအဆကို စွဲမြဲစွာ ယုံကြည် ကျင့်သုံးလျက်ရှိခဲ့ကြလေသည်။ ထို့အပြင် ကမ္ဘာ့သမိုင်းအရ အတ္တဝါဒီများ ကြီးစိုးထွန်းကားခဲ့သော ကာလဟု သတ်မှတ်နိုင်သည့် ခေတ်မျိုးပင် ပေါ်ပေါက်ခဲ့ဖူးပါ၏။ ဗုဒ္ဓသာသနာတော်၏ အနတ္တဝါဒ စည်ပင်တိုးတက်၍ တောက်ပ လင်းလက်နေချိန်တွင်လည်း အတ္တအယူဝါဒကို ရှေ့တန်းတင်သူများမှာ လျော့ပါးသွားသည်မဟုတ်ဘဲ ဆုပ်ဆုပ်မြဲမြဲ တိုးပွားဆဲအခြေအနေကို မြင်တွေ့နေရလေသည်။

အတ္တဝါဒီတို့သည် အဓိကအားဖြင့် ကိုယ်(ကာယ)ကို အတ္တ၊ စိတ်(စိတ္တ)ကို အတ္တ၊ ထို့အပြင် ကိုယ်စိတ်နှစ်ပါး (ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး)ကို အတ္တဟူ၍ ထင်မှတ်စွဲမြဲကြသည်။ မပျက်မစီးဘဲ ထာဝရတည်နေမည်ဟု ယူဆထားသော အနှစ်သာရအပြည့်ရှိနေမည်ဟု ယူဆထားသော တခြားသဘောတရားတစ်ခု(ကိုယ်စိတ်မဟုတ်သော တစ်စုံတစ်ရာ)ကို စိတ်ကူးပုံရိပ်ဖော်ကာ အတ္တဟူ၍ ထင်မှတ်စွဲမြဲတတ်ကြသေးသည်။

ထိုအတ္တသည် လူနတ်ဗြဟ္မာ သတ္တဝါအားလုံး၏ ကိုယ်ကာယအတွင်း၌ ကိန်းအောင်း တည်ရှိခြင်းသဘောအဖြစ် အတ္တဝါဒီများက ရည်ညွှန်းလျက် အတ္တ၊ ငါ၊ ဝိညာဉ်ကောင်ဟူသော ဝေါဟာရတို့ကို သုံးစွဲခဲ့ကြ၏။ ထိုအတ္တ ငါ၊ ဝိညာဉ်ကောင်သည် ကိုယ်ကာယအတွင်းဝယ် လှည့်လည်သွားလာရုံသာမက၊ ဘဝဟောင်းကိုယ်မှ ဘဝသစ်ကိုယ်သို့ ကူးပြောင်းခုန်ဝင်တတ်သည်ဟု စွဲယူကြ၏။

ထိုအတ္တကပင် အကြံအစည်တို့ကို တွေးတော၏၊ စိတ်ကူး၏၊ ဝေဒနာအကောင်းအဆိုးတို့ကို ခံယူ၏၊ စံစား၏၊ ကုသိုလ်ကံ၊ အကုသိုလ်ကံအသီးသီး၏ အကောင်းအဆိုး အကျိုးပေးဟူသမျှကို လက်ရ သိမ်းပိုက်သူမှာ ထိုအတ္တပင် ၏ဟု အတ္တဝါဒီများက စွဲမြဲစွာ ယုံကြည်ကြလေ၏။

## ဗုဒ္ဓဝါဒီနှင့် ရုပ်နာမ်အယူအဆများ

ဗုဒ္ဓဝါဒီတို့ကမူ အနိမ့်ဆုံး သဘောပေါက်သူအနေဖြ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်(ကာယ)ကို ရုပ်၊ စိတ်(စိတ္တ)ကို နာမ်၊ ထို့အပြင် ကိုယ်စိတ်နှစ်ပါး(ရုပ်နာမ်နှစ်ပါး)ကို ခန္ဓာငါးပါးအစုအဖွဲ့ဟူ၍ သိမှတ်ထားပြီးဖြစ်၏။

ခန္ဓာငါးပါးအနက် ပထမ ခန္ဓာကို ရူပက္ခန္ဓာ (ရုပ်တို့၏ အစုအဖွဲ့)ဟု ဗုဒ္ဓဝါဒီတို့က နားလည်ထားကြသည်။ ထိုရုပ်အစုအဖွဲ့တွင် မြေ ရေ မီး လေ ဓာတ်ကြီးလေးပါးနှင့်တကွ ထိုဓာတ်ကြီးများအပေါ် စွဲမှီ၍ ဖြစ်ပေါ်လာကြသော အရန်ရုပ်သေးများ ပါဝင်နေသည်။ အရန်ရုပ်သေးများဟူသည် အဇ္ဈတ္တလောကရှိ မျက်စိ နား၊ နှာ၊ လျှာ၊ ကာယ ဟူသော အကြည်ဓာတ်ငါးမျိုး၊ ထိုအကြည်ဓာတ်ဆိုင်ရာ ဗဟိဒ္ဓလောကရှိ အာရုံငါးမျိုးတို့ပင် ဖြစ်ကြသည်။ ထိုရုပ်ဓာတ်အသီးသီး အကျုံးဝင်ပါရှိသော ရူပက္ခန္ဓာကို ဗုဒ္ဓဝါဒီတို့က အတ္တဟု မခေါ်ကြချေ။ ငါ၊ သူတစ်ပါးဟု မခံယူကြပါ။

ဗုဒ္ဓဝါဒီတို့က ခန္ဓာငါးပါး၏ ဒုတိယမြောက် ခန္ဓာကို ဝေဒနာက္ခန္ဓာ (အာရုံခံစားမှုတို့၏ အစုအဖွဲ့) ဟု နားလည်ထားကြသည်။ ဗဟိဒ္ဓအာရုံများနှင့် အဇ္ဈတ္တဒွါရများ ထိတိုက်ရာမှ ပေါ်ပေါက်လာသော ချမ်းသာစွာ ခံစားမှု(သုခဝေဒနာ)၊ ဆင်းရဲစွာ ခံစားမှု(ဒုက္ခဝေဒနာ)၊ ချမ်းသာဆင်းရဲ ညီမျှစွာ ခံစားမှု (အဒုက္ခ မသုခဝေဒနာ) အားလုံးသည် ဝေဒနာက္ခန္ဓာတွင် အကျုံးဝင်နေသည်။ အဆင်းအာရုံနှင့် မျက်စိအကြည်ဓာတ် ထိတိုက်မှုအစ၊ အတွေ့အာရုံနှင့် ကာယအကြည်ဓာတ် ထိတိုက်မှုအလယ်၊ ဓမ္မအာရုံနှင့် မနောအကြည်ဓာတ်ထိတိုက်မှုအဆုံးရှိသော အာရုံခံစားမှု ခြောက်မျိုးအထိ ပိုင်းခြားသိရှိနိုင်သည်။ ကိုယ်နှင့် စိတ် နှစ်မျိုးစလုံးအားဖြင့် အကျုံးဝင်နေသော ထိုအာရုံခံစားမှု ခြောက်မျိုးကို ဝေဒနာက္ခန္ဓာဟု ခေါ်၍ အတ္တဟု ဗုဒ္ဓဝါဒီတို့က မသတ်မှတ်ကြချေ။ ငါ၊ သူတစ်ပါးဟု လည်း မခံယူကြပေ။

ခန္ဓာငါးပါးအနက် တတိယ ခန္ဓာကို သညာက္ခန္ဓာ (အာရုံမှတ်သားမှုတို့၏ အစုအဖွဲ့)ဟု ဗုဒ္ဓဝါဒီတို့က နားလည်ထားကြသည်။ အာရုံခံစားမှုနည်းတူ ဗဟိဒ္ဓအာရုံများနှင့် အဇ္ဈတ္တဒွါရများ ထိတိုက်ခံစားမှုနှင့်အညီ သက်ဆိုင်ရာ မှတ်သားမှု ခြောက်မျိုးတို့သာလျှင် သညာက္ခန္ဓာတွင် အကျုံးဝင်လေသည်။ ရုပ်အာရုံ၊ မနောအာရုံတို့အပေါ် အမှတ်ပြုမှု၊ မှတ်သားမှုမျှသာဖြစ်သော သညာက္ခန္ဓာကို ဗုဒ္ဓဝါဒီတို့က အတ္တဟု လည်းကောင်း၊ ငါ သူတစ်ပါးဟု လည်းကောင်း အမည်မပေးကြချေ။ မသတ်မှတ်ကြပေ။

ဗုဒ္ဓဝါဒီတို့က ခန္ဓာငါးပါး၏ စတုတ္ထမြောက် ခန္ဓာကိုမူ သင်္ခါရက္ခန္ဓာ (ဝေဒနာနှင့် သညာမှအပဖြစ်သော စေတသိက် ၅၀ ၏ အစုအဖွဲ့)ဟု သဘောပေါက်ကြသည်။ ဤအစုအဖွဲ့တွင် စေတနာစေတသိက် လှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာသော ကံ၊ ကမ္မဆိုင်ရာ ကိစ္စရပ်များ၊ ကောင်းမှု၊ မကောင်းမှုများအားလုံး ပါဝင်ကြလေသည်။ အာရုံခံစားမှု၊ အာရုံမှတ်သားမှုနည်းတူ သင်္ခါရက္ခန္ဓာကိုလည်း ရုပ်အာရုံ၊ မနောအာရုံ ထိတိုက်မှုနှင့်အညီ လှုံ့ဆော်မှု၊ တိုက်တွန်းမှု ခြောက်မျိုးအထိ ပိုင်းခြားသိနိုင်သည်။ ကံအကျိုးတရား(ဝိပါက်)ကို ပေါ်ပေါက်ဖြစ်ထွန်းစေသော ဆန္ဒ၊ ဝီရိယ၊ သမာဓိ၊ ပညာ၊ အဝိဇ္ဇာ၊ မာန၊ သက္ကာယဒိဋ္ဌိ စသော အမည်ရ စေတသိက်ပေါင်း ၅၀ အထိ ပါဝင်သည့် သင်္ခါရက္ခန္ဓာကို ဗုဒ္ဓဝါဒီတို့က အတ္တဟု မခေါ်ကြချေ။ ငါ၊ သူတစ်ပါးဟုလည်း မခံယူကြပေ။

ခန္ဓာငါးပါးအနက် နောက်ဆုံးဖြစ်သော ပဉ္စမ ခန္ဓာကို ဝိညာဏက္ခန္ဓာ(သိစိတ်တို့၏ အစုအဖွဲ့)ဟု ဗုဒ္ဓဝါဒီတို့က သဘောပေါက်ထားကြသည်။ ဗဟိဒ္ဓအာရုံများနှင့် အဇ္ဈတ္တဒွါရများ ထိတိုက်ရာမှ ဖြစ်ပေါ်လာကြသော အာရုံခြောက်ပါးဆိုင်ရာ ဖြစ်မှု၊ တည်မှု၊ ပျက်မှုသဘောမှုကို သိနေသော သိစိတ်(ဝိညာဏ်)အားလုံး အကျုံးဝင်လေသည်။ ဥပမာအားဖြင့် အဆင်းအာရုံနှင့် မျက်စိအကြည်ဓာတ် ထိတိုက်ရာမှ ဖြစ်ပေါ်လာသော စက္ခုဝိညာဏ် (မြင်သိစိတ်)မျိုးကို ဆိုလိုသည်။ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ ရသာသိစိတ်၊ တွေ့သိစိတ်နှင့် ကြံသိစိတ်ဟူသော သိစိတ် ၆မျိုးသာလျှင်ဖြစ်သည့် ဝိညာဏက္ခန္ဓာကို ဗုဒ္ဓဝါဒီတို့က အတ္တဟု လည်းကောင်း၊ ငါ၊ သူတစ်ပါးဟု လည်းကောင်း အမည်မပေးကြချေ။ သတ်မှတ်ခြင်းမရှိကြပေ။

## အတ္တဝါဒ အတ္တဒိဋ္ဌိ နှင့် အနတ္တဝါဒ သမ္မာဒိဋ္ဌိ

ဝိညာဏ် (သိစိတ်)သည် ရုပ်၌ ကပ်၍တည်၏၊ ရုပ်ကို အာရုံပြု၍ မှီစွဲ၏။ ဤဝိညာဏ်သည် တဏှာ(နှစ်သက်တပ်မက်မှု)နှင့် ထိတွေ့ပေါင်းစပ်မိသောအခါ ကြီးထွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပွားခြင်း ရှိလေ၏။ ထိုနည်းတူ ဝိညာဏ်သည် ခံစားမှု၊ မှတ်သားမှု၊ လှုံ့ဆော်တိုက်တွန်းမှု(ဝေဒနာ၊ သညာ၊ သင်္ခါရ)တို့၌ ကပ်၍တည်၏။ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကို အာရုံပြု၍ မှီစွဲ၏။ ဤဝိညာဏ်သည် တဏှာနှင့် ပေါင်းစပ်မိသောအခါ ကြီးထွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပွားခြင်းဖြစ်၏။ စင်စစ်အားဖြင့် ဝိညာဏ်သည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့၌ အခြေစိုက်၍ အမှီသဟဲပြုရသည်။ ဤကဲ့သို့ အခြေစိုက်၍ အမှီသဟဲပြုမှုတို့မှ ကင်းကွာပါက ဤဝိညာဏ်သည် မဖြစ်ပေါ်နိုင်၊ မတည်ရှိနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com

ထို ဝိညာဏ်ကို ဖြစ်စေ၊ ဝိညာဏ်အခြေစိုက်ရာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့အနက်မှ တစ်ခုခုကို ဖြစ်စေ၊ ငါ့ အတ္တဟူ၍ သတ်မှတ်ပါက အမှန်ရမည်မဟုတ်။ တစ်ခုနှင့် တစ်ခု၏ သဘာဝချင်း ခြားနားသော၊ အမျိုးအစားချင်း ကွဲပြားသော ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရဟူသော ငါးမျိုးအစုအဝေးတို့၏ ပေါင်းစည်းမှုကို ခန္ဓာငါးပါးဟု မခေါ်ဘဲ၊ ငါ့ အတ္တဟု ခေါ်ဆိုပါက အမှန်ရမည်မဟုတ်ပါ။ ထိုရုပ်နှင့် နာမ်နှစ်ပါးတို့၏ စက်ယန္တရားအသွင် လှုပ်ရှားလည်ပတ်နေသော ခန္ဓာငါးပါးကို အတ္တဝါဒီတို့က ငါ့ အတ္တဟု ထင်မှတ်စွဲမြဲနေကြခြင်းပင် ဖြစ်တော့၏။ ဤ ထင်မြင် စွဲမြဲမှုသည် မှားယွင်းသော အယူအစွဲဖြစ်ရုံသာမက၊ သက္ကာယဒိဋ္ဌိလည်း ဖြစ်ပေ၏။ အတ္တဒိဋ္ဌိလည်း ဖြစ်ပေ၏။

အတ္တဝါဒ ဆိုသည်မှာ သက္ကာယဒိဋ္ဌိသာလျှင်တည်းဟု ပြောပြနိုင်သူ မထွက်ပေါ်သေးသော ကာလတွင် အတ္တဝါဒီတို့သည် ဒိဋ္ဌိမှန်း သိခွင့်၊ သိလမ်း ပျောက်နေခဲ့၏။ သူတို့အား အဝိဇ္ဇာမှောင်အတိ အုပ်လွှမ်းနေဘိ၏။ ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်ထိတွေ့ခွင့်ရှိခဲ့ ဘဝ၊ ယခုကာလမျိုးတွင် ငါ· · · ငါဟူသော ထင်မြင် စွဲမြဲမှုသည် သက္ကာယဒိဋ္ဌိမှု၊ အတ္တဒိဋ္ဌိမှု ဖြစ်၏ဟု ဟောပြောညွှန်ပြသူ အများအပြားထင်ရှားရှိနေကြလေပြီ။ ထိုညွှန်ပြ၍ သွန်သင်ဆုံးမသူ ကဝိပညာရှိ ဆရာတို့၏ အကူအညီပေးမှုကြောင့် မိမိစိတ်သန္တာနဝယ် သက္ကာယဒိဋ္ဌိ တည်ရှိနေခြင်း၏ ဆိုးကျိုးအနန္တကို မြင်သိနိုင်ကြလေပြီ။ အတ္တဒိဋ္ဌိကျွတ်ကွာခြင်း၏ ကောင်းကျိုးအနန္တကိုလည်း မြင်သိကြရပေပြီ။

ရုပ်ကို အတ္တဟု ကြည့်ရှုထင်မှတ်လျှင်၊ အတ္တကို ရုပ်ရှိ၏ဟု ကြည့်ရှုထင်မှတ်လျှင်၊ အတ္တ၌ ရုပ်ကို ကြည့်ရှုထင်မှတ်လျှင်၊ ရုပ်၌ အတ္တကို ကြည့်ရှုထင်မှတ်လျှင်၊ ထိုကြည့်ရှုထင်မှတ်မှု လေးမျိုးသည် သက္ကာယဒိဋ္ဌိ လေးမျိုးတွင် အကျုံးဝင်သွား၏။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌ အထက်ပါအတိုင်း ကြည့်ရှု ထင်မှတ်ပြန်လျှင် ရုပ်နည်းတူ နာမ်ခန္ဓာတစ်ပါးစီအတွက် သက္ကာယဒိဋ္ဌိ လေးမျိုးစီ ဖြစ်ရလေသည်။ ဤတွင် ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးတို့အတွက် စုစုပေါင်း သက္ကာယဒိဋ္ဌိ(လေးမျိုး ငါးလီ)အမျိုး (၂၀)အထိ ရေတွက်ရရှိလာလေသည်။ ဤကဲ့သို့ ကြည့်ရှု ထင်မှတ်နည်းကို လက်ခံကျင့်သုံးသူတို့သည် အတ္တဝါဒီဖြစ်လာကြ၍ အတ္တဒိဋ္ဌိရှိသူများဟု ပညတ်နိုင်ကြပါ၏။

အတ္တအယူအဆကို ချိုးဖျက် စွန့်ပစ်သူဖြစ်လာပါက ထိုကြည့်ရှုထင်မှတ်နည်းကို မကျင့်သုံးတော့ချေ။ ထိုပုဂ္ဂိုလ်သည် ပညတ်ကို ပယ်ရှားလျက် ပရမတ်တရားသဘောကို အာရုံပြုသော "အနတ္တမျက်စိ"ကို အသုံးချရလေသည်။ သတိပဋ္ဌာန်လေးပါးတရားတို့အနက်မှ တစ်ပါးပါးနှင့်အညီ (ရုပ်အပေါင်း၌ ဆင်ခြင်ပုံ ခြောက်နည်းဖြစ်စေ၊ ဝေဒနာအပေါင်း၌ ဆင်ခြင်ပုံ ၉နည်းဖြစ်စေ၊ စိတ်အပေါင်း၌ ဆင်ခြင်ပုံ ၁၆ နည်းဖြစ်စေ၊ ဓမ္မသဘောအပေါင်း၌ ရှုမှတ်နည်း ၅နည်း ဖြစ်စေ) သတိအထူးကပ်၍ ဆင်ခြင်ရှုမှတ်ရန် ရှိပေသည်။ ဆင်ခြင်ရှုမှတ်ဖန်များ၍ ရင့်ကျက်လာပါက ခန္ဓာငါးပါးရှိ ရုပ်တရား၊ နာမ်တရားဖြစ်ပေါ်လာခြင်းအကြောင်းရင်းကို အမှန်အတိုင်း၊ အရှိအတိုင်း ပိုင်းခြားသိမြင်လျက် မပျောက်ပျက်သော ဉာဏ်အမြင်၊ မှန်ကန်သော ဉာဏ်အမြင် "သမ္မာဒိဋ္ဌိ" အဆင့်သို့ တက်လှမ်းရောက်ရှိနိုင်ပေသည်။

## ရုပ်နာမ်ဖြစ်ပျက် သံသရာနှင့် အနိစ္စ ဒုက္ခ အနတ္တ

ဗဟိဒ္ဓအဆင်းအာရုံနှင့် အဇ္ဈတ္တမျက်စိအကြည်ဓာတ်တို့ ပေါင်းဆုံထိတိုက်မှု၊ အလင်းရောင်ရှေးရှု အာရုံထားမှု၊ နှလုံးသွင်းမှု စသော အကြောင်းအချက်များ ပြည့်စုံနေပါမှ စက္ခုဒွါရ၌ စက္ခုဝိညာဏ်(မြင်သိစိတ်)သည် ချက်ချင်းခဏ ဖြစ်ပေါ်လာသည်။ ထိုဖြစ်ပေါ်ခြင်းအကြောင်းရင်းများ၏ ဖြစ်၊ တည်၊ ပျက်အစဉ်အတိုင်း ပျက်ပျောက်သွားသည့်ခဏတွင်ပင် ထိုစက္ခုဝိညာဏ်စိတ်သည်လည်း ချုပ်ငြိမ်းသွားရလေသည်။

အမှန်စင်စစ်၊ အဆင်းအာရုံရှိနေချိန်တွင် စက္ခုဝိညာဏ်စိတ်က မြင်သိခြင်းဖြစ်ပါ၏။ ဤ ပရမတ်(ရုပ်နာမ်)သဘောကို မသိမမြင်သူ၊ အတ္တဝါဒီတို့က ပညတ်ဖြစ်သော ငါ၊ သူတစ်ပါး၊ မိန်းမ၊ ယောကျ်ား ပုဂ္ဂိုလ်တို့နှင့် ပေါင်းထည့်ကာ သူမြင်သည်၊ ငါမြင်သည်ဟူ၍ အတ္တဒိဋ္ဌိ အယူလွဲမှားကြခြင်း ပင်ဖြစ်တော့၏။ ထိုအမြင် ထင်ရှားရှိ အဆင်းအာရုံ(ပရမတ်) နှင့် မြင်နိုင်သော ထင်ရှားရှိ စက္ခုဝိညာဏ်စိတ်(ပရမတ်)တို့ ဖြစ်ပေါ်ပြီး ပျက်ပျောက်သွားခြင်းကိုပင် သူမြင်၊ ငါမြင်ဟူ၍ အယူလွဲမှားကာ အတ္တဒိဋ္ဌိဖြစ်ကြပြန်လေသည်။

ဗုဒ္ဓဝါဒီတို့အဖို့ အဆင်းအာရုံရုပ်ကို လည်းကောင်း၊ စက္ခုဝိညာဏ်စိတ်ကို လည်းကောင်း ပိုင်းခြားမြင်သိတတ်ကြသည်။ စက္ခုဝိညာဏ်စိတ်သည် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီးနောက် ဖြစ်၊ တည်၊ ပျက် အစဉ်သဘောနှင့်အညီ ပျက်ပျောက်သွားရ၏ဟု နားလည် မြင်သိသောကြောင့် အနိစ္စ-မမြဲသဘောကို ရှုမှတ်နိုင်ကြသလေသည်။

www.burmeseclassic.com

ထို့အပြင် စက္ခုဝိညာဏ်စိတ်သည် အဆင်းအာရုံရှိ၍ ပေါင်းဆုံမိတိုင်း ဖြစ်ပေါ်လာသည့်နည်းတူ အဆင်းအာရုံမရှိသဖြင့် မပေါင်းဆုံနိုင်သောအခါ ပျက်ပျောက်သွားရ၏။ တစ်ဖန် အဆင်းအာရုံနှင့် တွေ့၍ ပေါင်းဆုံရပြန်လျှင် စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်လာပြန်ပြီးနောက်၊ အဆင်းအာရုံနှင့် မတွေ့တော့၍ မပေါင်းဆုံရပြန်လျှင် ပျက်ပျောက်သွားရပြန်၏။ ဤနည်းအားဖြင့် ဖြစ်ပေါ်လိုက်၊ ပျက်ပျောက်လိုက်သဘောအတိုင်း ဖြစ်ပျက် သံသရာ၏ နိုင်စက်မှု ဒဏ်ချက်များကြောင့် ဆင်းရဲခြင်းကို ကြုံတွေ့ ခံစားရလေ၏။ ဗုဒ္ဓဝါဒီအနေဖြင့် ဤဖြစ်ပျက်သံသရာ၏ ဆင်းရဲဒုက္ခကို ဆင်ခြင်ရှုမှတ်နိုင်ကြပါ၏။

ဤဖြစ်ပျက်သံသရာသည် အမှန် ပရမတ်သဘောအားဖြင့် ဖြစ်ပြီးပျက်ကာ ပျက်ပြီး တစ်ဖန်ထပ်ဖြစ်ပြန်၍ စက်ဝန်းမာ လည်ပတ်နေခြင်းဖြစ်သည်။ သူ့သဘော သူဆောင်နေသော ထိုဖြစ်ပျက်အစဉ်တန်း လည်ပတ်သွားမှုကို "မဖြစ်ပါနှင့် မပျက်ပါနှင့်"ဟူ၍ မည်သူကမှ မတားမြစ်နိုင်။ မည်သည့်လူ၊ နတ်၊ ဗြဟ္မာ တန်ခိုးပိုင်ရှင်မဆိုထားနှင့်ဦး၊ မည်သည့်ဘာဝရာဘုရားသော်မှ "ရပ်တန့်စေ"ဟု အမိန့်ပေးရန် မစွမ်းဆောင်နိုင်ပေ။ ဤဖြစ်ပျက်သံသရာ၏ အနိစ္စသဘော၊ ဒုက္ခသဘောကို ထင်မြင်နိုင်သူ ဗုဒ္ဓဝါဒီတို့က ဤအနတ္တ(အစိုးမရသော၊ ကိုယ့်ဆန္ဒအတိုင်းမဟုတ်သော) သဘောကို ရှုမှတ်ဆင်ခြင်နိုင်ကြလေသည်။

ဗုဒ္ဓဝါဒီတို့သည် မိမိတို့စိတ်သန္တာန်ဝယ် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ ကျွတ်ကွာစေရန်၊ ကင်းစင်စေရန် ဤဖြစ်ပျက်သံသရာအပေါ် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော ထင်မြင်အောင်၊ အစဉ်တည်နေအောင် အားထုတ်ကြိုးပမ်း၍ ရှုမှတ်ဆင်ခြင်ဘတ်ကြပါသည်။

ရုပ်နာမ်ဟူသော သင်္ခါရတရားတို့သည် ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်ကြ၍ မမြဲသော သဘောရှိရာတွင် ဒေါသစိတ်၊ လောဘစိတ် အစရှိသောစိတ်သည် အလွန်လျှင်မြန်သော ဖြစ်ခြင်း၊ ချုပ်ခြင်းသဘောရှိပေသည်။ ကောင်းကင်ပြင်၌ လျှပ်စီးလျှပ်ရောင်သည် လင်းလက်ပြီးသည်နှင့် ချက်ချင်းပျောက်ကွယ်သွားလေ့ရှိသကဲ့သို့၊ စိတ်သည်လည်း ဖြစ်ပေါ်သည်နှင့် ဖြစ်ရာအရပ်၌ပင် ရုတ်ခြည်း ပျက်ပျောက်၏။ ရှေးစိတ်က ပျက်ပျောက်ချိန်တွင် နောက်စိတ်က ချက်ချင်းဖြစ်ပေါ်လာသည်။ စိတ်သည် တစ်လုံးပြီးမှ ချုပ်ပျက်ပါမှ နောက်တစ်လုံးဖြစ်ပေါ်ရိုးဓမ္မတာရှိ၍ တစ်ချိန်တည်းခဏတွင် စိတ်နှစ်လုံးယှဉ်ပြိုင်ဖြစ်ပေါ်ခြင်း မရှိပေ။

ဒေသနာတော်အရ စိတ်၏ဖြစ်စဉ် ၁၇ ဆင့်ပါဝင်သော စိတ်တစ်လုံးဖြစ်ပေါ်တိုင်း ထိုက်သင့်ရာ ယှဉ်ဖက် စေတသိက်တို့လည်း ပူးတွဲပါရှိလေသည်။ ထိုစေတသိက်တို့ ပါရှိခြင်းကြောင့် ဖြစ်ပေါ်ခဲ့ စိတ်တစ်လုံး၌ နာမ်ခန္ဓာလေးပါး (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) အားလုံးကို အပြည့်အစုံပါဝင်စေသည်။ နာမ်ခန္ဓာလေးပါးတို့ ပြည့်စုံသည်နှင့်အမျှ အတူတကွဖြစ်ဘက် စိတ္တဇရုပ်တို့သည် ဖြစ်ပေါ်လာရစမြဲပင်။

တစ်ခဏအတွင်းဖြစ်ပေါ် ချုပ်ပျောက်သွားရမြဲဖြစ်သော ဤစိတ်တစ်လုံး...တစ်လုံးစီတွင် ခန္ဓာငါးပါးစလုံး အပြည့်အစုံပါရှိ ဖြစ်ချုပ်ရသည်ဟု မှတ်သားအပ်၏။ ဤစိတ်တစ်လုံးသည် ဖြစ်တည်ပျက်အစဉ်အတိုင်း ချုပ်ပျောက်ပြီး၍ နောက်စိတ်တစ်လုံးဖြစ်ပေါ်လာလျှင် ရှေးစိတ်နှင့်တကွ ချုပ်ပျောက်ပြီးသော စေတသိက်တို့သည် နောက်ဖြစ်ပေါ်ရာ စိတ်တစ်လုံးအသစ်သို့ မကူးဝင်နိုင်။ လုံးဝ ပါဝင်ခြင်းလည်း မရှိပေ။

ဤရုပ်နာမ်တို့၏ ဖြစ်ပျက်သံသရာနှိပ်စက်မှု ဒဏ်ချက်ကြောင့် ခန္ဓာငါးပါးသည် ဒုက္ခသာလျှင် ဖြစ်၏။

ရုပ်သည် ဒုက္ခ၊ ဝေဒနာသည် ဒုက္ခ၊ သညာသည် ဒုက္ခ၊ သင်္ခါရသည် ဒုက္ခ၊ ဝိညာဏ်သည် ဒုက္ခဟူ၍ ဗုဒ္ဓမြတ်စွာ ဟောတော်မူပါသည်။ တစ်နည်းအားဖြင့် စဉ်းစားကြည့်လျှင် ခန္ဓာငါးပါးရှိခြင်းသည် ဒုက္ခရှိခြင်းပါတည်း။ ထို့ကြောင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံး၏ ခန္ဓာငါးပါး၌ ဒုက္ခသာလျှင် ဖြစ်ပေါ်၍၊ ဒုက္ခပင်လျှင် ချုပ်ပျောက်၏ဟု ဗုဒ္ဓဝါဒီတို့က နားလည်ကြလေသည်။

## မြတ်ဗုဒ္ဓပွင့်ထွန်းမှုနှင့် အနတ္တဓမ္မအလင်းတန်း

မြတ်စွာဗုဒ္ဓ ဟောပြတော်မူခဲ့သော ဓမ္မတရားတော်များရှိ "အနတ္တ" ဝေါဟာရ၏ သဒ္ဒါသည် "အလိုဆန္ဒသို့ မလိုက်ပါခြင်း၊ ပိုင်စိုးသူ မရှိခြင်း၊ စီရင်ဖန်ဆင်းမှု ကင်းမဲ့ခြင်း၊ အတ္တဝါဒကို ပယ်စွန့်ခြင်း"ဟူသော အနက်အဓိပ္ပာယ်လေးမျိုးကို ဖွင့်ဆိုထားသည်။

ဖြစ်ဆဲခဏ၌ရှိသော ရုပ်သည် တည်ဆဲခဏသို့ မရွေ့လျောစေရန်၊ တည်ဆဲခဏမှ အိုဆဲခဏသို့၊ အိုဆဲခဏမှ ပျက်ဆဲခဏသို့ တစ်ဆင့်ပြီးတစ်ဆင့် မရွေ့လျောစေရန် တစ်ဦးတစ်ယောက်က ရည်ရွယ်ဆန္ဒပြုတိုင်း မျှော်လင့်တောင့်တတိုင်း၊ အလိုရှိတိုင်း၊ မိမိဆန္ဒနှင့်အညီ မဖြစ်ခြင်း၊ တောင့်တတိုင်း မရခြင်း၊ အလိုရှိရာသို့ မလိုက်ပါခြင်းသည် အနတ္တ၏ ပထမ အနက်အဓိပ္ပာယ်သဘောဖြစ်၏။

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊

www.burmeseclassic.com

ဝိညာဏက္ခန္ဓာ ဟူသော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ သူ့သဘောကို သူဆောင်၍ ဖြစ်ပျက်၊ ဖြစ်ပျက်နေကြရာတွင် မည်ကဲ့သို့ ဖြစ်ပါစေ၊ မည်ကဲ့သို့ ရှိရမည်၊ မည်ကဲ့သို့ ပျက်ကြပါဟူ၍ ညွှန်ကြားနိုင်သူ၊ အမိန့်ပေးနိုင်သူ၊ ပိုင်စိုးချုပ်ကိုင်သူ စသည့် ကောန်မှုချ မရှိခြင်းသည် အနတ္တ၏ ဒုတိယအဲနက် အဓိပ္ပာယ်သဘောပေတည်း။

ထာဝရဘုရား၊ မဟာဗြဟ္မာ၊ ကောရာင်တစ်ပါးပါး၏ တစ်ချက်လွှတ် အာဏာဖြင့် ဖန်ဆင်းခြင်းမဟုတ်ဘဲ သဘာဝ ဓမ္မနှင့်အညီ သူ့သဘောကို သူဆောင်ထားသော ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ စသော ခန္ဓာငါးပါးတို့၌ စီရင် ဖန်ဆင်းမှု ကင်းမဲ့ခြင်းသည် အနတ္တ၏ တတိယမြောက် အနက်အဓိပ္ပာယ်သာလျှင် မှန်ပါ၏။

မပျက်မစီး အမြဲတည်၍ အနှစ်သာရပြည့်ဝ၏ဟု လူနတ်ဗြဟ္မာတို့က မှုချ ယုံကြည်စွဲမြဲကြသော အတ္တ၊ ငါ၊ ဝိညာဉ်ကောင်သဘောအားလုံးမှ ကင်းရှင်းနေသော ရုပ်၊ ဝေဒနာ၊ သင်္ခါရ စသည့် ပရမတ်တရားဖြစ်ခြင်းနှင့် အတ္တအယူ အဆဟူသမျှကို စွန့်ပယ်ခြင်းတို့သည် အနတ္တ၏ စတုတ္ထ မြောက် အနက်အဓိပ္ပာယ်သာလျှင် ဖြစ်ပေ၏။

အနတ္တဓမ္မသည် မြတ်ဗုဒ္ဓ မပွင့်ပေါ်မီကာလတွင် ဖြစ်စေ၊ မြတ်ဗုဒ္ဓသာသနာ ပွင့်ထွန်းလင်းလက်နေဆဲ ကာလတွင် ဖြစ်စေ၊ သူ့သဘောကို သူဆောင်သော ဓမ္မသဘာဝအတိုင်း စကြဝဠာအနန္တ၌ တည်ရှိမြဲဖြစ်သည်။ ဤဓမ္မသဘာဝကို ဗုဒ္ဓ မပွင့်ပေါ်မီက တွေ့ရှိသူ၊ မြင်သိသူ လုံးဝ မရှိသောကြောင့် ထုတ်ဖော်ပြောပြသူ မပေါ်ပေါက်နိုင်၍ အနတ္တဓမ္မသည် မြုပ်နှစ် ငုပ်လျှိုးလျက် တည်နေရပါ၏။ မြတ်ဗုဒ္ဓပွင့်ထွန်းတော်မူသောအခါမှ ဟောပြတော်မူနိုင်သောကြောင့် အနတ္တဓမ္မသဘောကို လူနတ်ဗြဟ္မာသတ္တဝါ ဝေနေယျတို့က နားလည် မြင်သိခွင့်ရရှိကြလေသည်။ မြတ်ဗုဒ္ဓ၏ ညွှန်ပြကူညီမှုမပါဘဲနှင့် မည်သူတစ်ဦးတစ်ယောက်မျှပင် အနတ္တဓမ္မကို နားလည် မြင်သိရန် မဖြစ်နိုင်ပေ။

"သဗ္ဗေဓမ္မာ အနတ္တာ"ဟု မြတ်ဗုဒ္ဓကိုယ်တိုင် မြွက်ဟတော်မူခဲ့၏။ —

စကြဝဠာအနန္တရှိ တရားဓမ္မခပ်သိမ်းသည် အနတ္တဖြစ်၍ အတ္တမဟုတ်ပေ။ အတ္တဟူ၍ မရှိချေ။ ထို့ကြောင့် ခန္ဓာငါးပါး၌သာ အတ္တ၊ ငါ စသည် မရှိခြင်းမဟုတ်။ တခြားနေရာဌာနအပြင်အပ လောကသုံးပါး၌လည်း သီးခြားခေါ်စရာ၊ ညွှန်ပြစရာ အတ္တ၊ ငါ စသည် မရှိခြင်းမှာ ထင်ရှားသိသာပါ၏။

မြတ်ဗုဒ္ဓ၏ အတိအလင်း ပြတ်သားစွာ ထုတ်ဖော်ထာ
သော အောက်ပါ ဟောကြားချက်ကို သတိပြုနိုင်၏။

"ငါသည် လောက(စကြဝဠာ)ဖြစ်၏။ ငါသည် အတ္တ
ပါတည်း။ တမလွန်ဘဝ၌ ငါပင်ဖြစ်မည်။ မြဲမည်။ တည်တ
မည်။ ဖောက်ပြန်မှုမရှိဘဲ အစွန်ရှည်ခိုင်ခံ့မည်။ ကာလအဆ
အစမရှိအောင် တည်တံ့နေပေအံ့ဟူသော မှတ်ယူစွဲမြဲမှုသည
ဉာဏ်ပညာ မှုချကင်းမဲ့ခြင်း၊ လုံးဝဥဿုံ အကြောင်းစုံမိုက်
ခြင်းသာလျှင် ဖြစ်ပေ၏"

အစစ်အမှန် လက်တွေ့သဘောမဟုတ်သော စိတ်က
ဒဏ္ဍာရီသက်သက်မျှသာဖြစ်သော အတ္တအယူ၊ အတ္တအ
အတ္တဝါဒသည် စိတ်ကူးယဉ်ဝါဒ၊ မရှိဝါဒဖြစ်ပေသည်။ အ
အားကြီးပါက ပျက်သုဉ်းခြင်းသို့ ဆိုက်ပေ၏။

ကမ္ဘာသိ ပဏ္ဍိတ၊ သီရိလင်္ကာနိုင်ငံသား ဘ
ဒေါက်တာ "ဝါပိုလာရာဟုလာ"၏ 'soul' ဆိုင်ရာ ထုတ်
ရေးသားချက် စာပိုဒ်တစ်ပိုဒ်မျှကို 'WHAT THE BUDDH
TAUGHT' မှ ကူးယူဖော်ပြပါရစေ။

Such a SOUL, SELF, OR ATMAN produc
harmful thoughts or Me and MINE, SELFIS
DESIRE, CRAVING, ATTACHMENT, HATRED, I
WILL, CONCEIT, PRIDE, EGOTISM, and ot
defilements, impurities, and problems. It is t
source of all the troubles in the world fr
personal conflicts to WARS ( WARS) betwe
nations.

အတ္တ၊ ငါ လုံးဝမဟုတ်။ အတ္တကို ပယ်စွန့်သေ
မြတ်ဗုဒ္ဓ၏ အနတ္တဓမ္မသည် စကြဝဠာ၏ အရိုတရား။ အ
တရားဖြစ်ပေသည်။ မှားယွင်းဖောက်ပြန်စွာ ကမ္ဘာကြီး
စစ်ပွဲများနှင့် မီးလောင်တိုက်သွင်းနေဆဲဖြစ်သော အတ္တ
ဝါဒအားလုံးကို မုချ ဖယ်ရှားရပေမည်။ အတ္တဝါဒီအား
တွေဝေမိုက်မဲမှု၊ အမှောင်လွှမ်းဖုံးမှု(အဝိဇ္ဇာ) ဟူသမျ
တစ်စတစ်မှုန် မကျန်စေရဘဲ၊ အကုန်အစင်ရှင်းလင်းချေ
တတ်သော တရားမှာ အနတ္တဓမ္မသာလျှင် ဖြစ်ပေ၏။ အ
ဓမ္မအလင်းတန်း တည်ရှိ ထွန်းညှိနိုင်ပါမှ စကြဝဠာအ
အပေါ် ပညာ(ဝိဇ္ဇာ)အရောင် လင်းလက်တောက်ပ
အမှောင်ပျောက်၊ စစ်ပွဲပျောက်၊ အေးမြမှုရောက်၊ ငြိမ်း
ရောက်လာနိုင်ပေသတည်း ■

* * *

ယောဂီဧော



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လွင်ဦး (ရေး)

# မဆင်ခြင်နိုင်သော ဒေါသတရား

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါက ကျောက်သွေးသမား လင်မယားနှစ်ယောက်သည် "တိဿ"အမည်ရှိ မထေရ်တစ်ပါးကို မိဘအရာထား၍ နေ့စဉ်နှင့်အမျှ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စတို့ကို အလုပ်အကျွေးပြုသည်။

တိဿမထေရ်လည်း ထိုအိမ်၌ ၁၂နှစ်တိုင်တိုင် ဆွမ်းစားသည်။

တစ်နေ့သော် မထေရ်ထိုင်နေစဉ် မထေရ်၏ ရှေ့တွင် ဟင်းအတွက် သားငါးအမဲတို့ကို ခုတ်ထစ်နေသည်။ ထိုစဉ် မင်းလုလင်တစ်ယောက်ရောက်လာပြီး ကောသလမင်းကြီးက ပတ္တမြားတစ်လုံး သွေးခိုင်းသည်ဟု ပြောပြီး ပတ္တမြားပေးအပ်ကာ ပြန်သွားလေသည်။

ကျောက်သွေးသမားသည် ပတ္တမြားကို ယူ၍ အနီးအနားတွင် တင်ထားပြီး လက်သွားဆေးလေသည်၊ ထိုအခိုက်အတန့်တွင် သူ၏ အိမ်၌ မွေးထားသော ကြိုးကြာငှက်သည် ပတ္တမြားကို အသားတစ်မှက်၍ မထေရ်ရှေ့မှောက်၌ပင် နှုတ်သီးဖြင့် ကောက်ယူ မျိုချလိုက်တော့သည်။

ကျောက်သွေးသမား လက်ဆေးပြီးသော် ပတ္တမြားကို မတွေ့သဖြင့် ဇနီးဖြစ်သူအား "ရှင်မ…ဒီခုံပေါ်က ပတ္တမြားကို ယူသိမ်းထားသလား"ဟု မေးလေသည်။ အိမ်ရှင် ဇနီးက မယူထားကြောင်း ပြောသောအခါ သားဖြစ်သူကို တစ်ဖန် မေးပြန်သည်။ သားဖြစ်သူက မယူထားကြောင်း ပြော၏။

ကျောက်သွေးသမားက ငါသည် ယခုခဏတာအချိန်လေးအတွင်း ပတ္တမြားကို ဤစင်ပေါ်၌ တင်ထားခဲ့၏။ ဤနေရာသို့ မည်သူမျှ မလာ။ မထေရ်တစ်ပါးသာ ဤနေရာတွင် ရှိသောကြောင့် မထေရ်ကို မေး၏။ မထေရ်ကလည်း သူ မယူကြောင်း ပြောသည်။ တိဿမထေရ်သည် မိမိ၏ ရှေ့၌ပင် ကြိုးကြာငှက် ကောက်မျိုသွားသည်ကို သိပါလျက်နှင့် ပြောမပြချေ။

ကျောက်သွေးသမားသည် မင်းပြစ်မင်းဒဏ်သင့်မှာ စိုးသဖြင့် မယားဖြစ်သူနှင့် တိုင်ပင်ကြည့်သည်။ မယားက-

"အရှင်တိဿမထေရ်သည် အိမ်ကို ဆွမ်းခံကြွသည်မှာ ၁၂နှစ်ပင် ရှိခဲ့ပြီ။ မည်သည့်အပြစ်တစ်စုံမှ မရှိခဲ့ပါ။ မထေရ်ကို အရမ်းမစွပ်စွဲပါနှင့်"

ဟု ပြော၏။

ယောက်ျားဖြစ်သူ ကျောက်သွေးသမားသည် အခြားမည်သူတစ်စုံတစ်ယောက်မျှ မရှိ၍၊ မထေရ်ကိုသာ စွပ်စွဲရ ရှိသည်။ ထိုမထေရ်ပဲ ဖြစ်ရမည်ဟု နောက်တစ်ကြိမ်ထပ် မေးပြန်သည်။ တိဿမထေရ်ကလည်း မိမိ မယူကြောင်း ထပ်ခါထပ်ခါပြော၏။

သူသည် ဤပတ္တမြားကို ပြန်မရလျှင် အမှန်တကယ် မင်းပြစ်မင်းဒဏ်သင့်တော့မည်။ ထို့ကြောင့် မထေရ်ကိုသာ စွပ်စွဲပြီး ထပ်မေးပြန်သည်။

"အရှင်ဘုရား…အိမ်တွင် မည်သည့် ဧည့်သည်တစ်ဦး တစ်ယောက်မျှ မလာသေးပါ။ အရှင်ဘုရားတစ်ပါးသာ ရှိ၏ ဤပတ္တမြားကို ပြန်ပေးပါ။ ပြန်မပေးပါက တပည့်တော် မင်းပြစ်မင်းဒဏ်သင့်ရပါတော့မယ် ဘုရား"

ဟု ပြောလေသည်။

ထို့နောက် ကျောက်သွေးသမားက မယားဖြစ်သူအား "ဒီရဟန်းကို ရိုက်မေးမှ ရတော့မည်"ဟု ပြောလေသည်။ မယားဖြစ်သူက "မထေရ်ကို မစော်ကား၊ မပြစ်မှားသင့်။ မထေရ် မယူနိုင်ကြောင်း" ပြောသော်…

"ငါတို့တစ်အိမ်လုံး ကျွန်လုပ်တောင်မှ ဒီတစ်သ ဤပတ္တမြားဖိုးရလိမ့်မည်မဟုတ်။ ပတ္တမြားသည် အဖိုးထိုက် သော မင်းသုံး ပတ္တမြားဖြစ်သည်။ မရ ရအောင် ထပ်မေး

ဆိုပြီး မထေရ်အား ညှင်းဆဲ၍ မေးလေသည်၊ မထေ ၏ ဦးခေါင်းတွင် သွေးတို့ ယိုစီးလာသည်မှာ မြင်၍ မကောင်းတော့ချေ။

ဤကဲ့သို့ မထေရ်အား ယူ မယူ မေးလိုက်၊ နှိပ်စ လိုက်နှင့် မထေရ်သည် မခံစားနိုင်သည့်အဆုံး အိမ်ေ သွေးအလိမ်းလိမ်းနှင့် လဲကျသွားတော့သည်။

ကြိုးကြာငှက်သည် မထေရ်၏ ကိုယ်မှ သွေးတို့ လာ၍သောက်၏။ ထိုအခါ ဒေါသအလွန်အမင်းထွက်နေသေ ကျောက်သွေးသမားသည် ကြိုးကြာငှက်ကို ခြေဖြင့် တအ ကန်ထည့်လိုက်ရာ ကြိုးကြာငှက်သည် ပက်လက်လဲ၍ သေ ဆုံးသွားခဲ့၏။

ထိုအခါမှ မထေရ်က…

"ကဲ - ဒကာ၊ ကြိုးကြာငှက်သေ, မသေ ကြည့်ေ ပါ"

ဟု အားယူပြောလေသည်။

"ကြိုးကြာငှက်သေပြီ၊ ကြိုးကြာငှက် သေသလို၊ သ လည်း မုချသေရမည်"

"ဒါယကာ… သည်းခံ၍ နားထောင်။ ကြိုးကြာင



www.burmeseclassic.com

www.burmeseclassic.com

သည် ပတ္တမြားကို မျိုချခဲ့၏။ သင် ကြိုးကြာငှက်ကို သတ်ညှိုးသောကြောင့် ငါ မပြောခဲ့ပါ။ ကြိုးကြာငှက်၏ ရင်ကို ခွဲ၍ ပတ္တမြားယူလော့"

ဟု မထေရ်က ဆိုသောအခါ ကျောက်သွေးသမားသည် ငှက်သေ၏ ဝမ်းကို ခွဲကြည့်သော် ပတ္တမြားကို တွေ့ရလေသည်။ ထိုအခါမှ ကျောက်သွေးသမားသည် မိမိအမှားကို မြင်၍-

"အရှင်ဘုရား‥တပည့်တော်ကို သည်းခံ ခွင့်လွှတ်တော်မူပါ ဘုရား"

ဟု လျှောက်သော်…

"ဒါယကာ ကျောက်သွေးသမား… သင့်မှာလည်း အပြစ်မရှိ၊ ငါ့မှာ ဝဋ်ကြွေးရှိလို့သာ ငါခံရ၏"

ဟု ဆိုပြီး ပြန်ကြွရန် ပြင်သော် ကျောက်သွေးသမားက…

"အရှင်ဘုရား… တပည့်တော်အပေါ် ခွင့်လွှတ်သည်းခံပါက ယခင်အတိုင်း တပည့်တော်၏ အိမ်မှာ ဆွမ်းစားပါဘုရား"

ဟု လျှောက်လေ၏။ မထေရ်သည်…

"ငါသည် ယနေ့မှစ၍ သူတစ်ပါး၏ အိမ်အမိုးအတွင်း ဝင်ပြီး ဆွမ်းမခံတော့ပြီ။ အိမ်အပြင်ဘက်၌သာ ရပ်၍ ဆွမ်းခံပါတော့မည်"

ဟု ဆိုပြီး ပြန်ကြွလေတော့သည်။

ထို့နောက် မကြာမီ တိဿမထေရ်သည် ဦးခေါင်းတွင် ရထားသော ဒဏ်ရာဖြင့် ပရိနိဗ္ဗာန်ပြုလေသည်။ ကျောက်သွေးသမားသည် တိဿမထေရ်အား မိဘအရာထား၍ ၁၂ နှစ်ခန့် အလုပ်အကျွေးပြုသော်လည်း မထေရ်အား ရိုက်နှက်ခဲ့သော အပြစ်ကြောင့် သေသော် ငရဲကျ၏။

ရဟန်းတို့က မြတ်စွာဘုရားထံ လူတို့၏ တမလွန်ဘဝလားရာဂတိကို မေးလျှောက်ကြသော် မြတ်စွာဘုရားက…

"ရဟန်းတို့…မကောင်းမှု အကုသိုလ်ရှိသောသူတို့သည် ငရဲ၌ ဖြစ်ကုန်၏။ ကောင်းမှုကုသိုလ်ပြုသောသူတို့သည် နတ်ပြည်၌ ဖြစ်ကုန်၏။ ရဟန္တာတို့သည် ပရိနိဗ္ဗာန်ပြုကြကုန်၏"

ဟု မိန့်ကြားတော်မူလေသည် ■

* * *

ပေါ်လွင်ဦး(ရေး)

ကျမ်းကိုး

- ဓမ္မပဒ၊ ပါပဝဂ်၊ တိဿမထေရ်ဝတ္ထု။


**နေ့စဉ်ငွေဝင်လာဘ်ရှင် / ရောင်းကောင်းသွက်လက် / စီးပွားတိုးတက်အောင်**

▶ ကုန်မျိုးစုံ၊ လျှပ်စစ်ပစ္စည်းဆိုင်၊ အီလက်ထရောနစ်ပစ္စည်းဆိုင်၊ ချုပ်ပြီးအဝတ်အထည်မျိုးစုံဆိုင်၊ အထည်အလိပ်ဆိုင်၊ ဖန်စီပစ္စည်းဆိုင်၊ ဆန်+ဆီဆိုင်၊ စက်သုံးဆီဆိုင်၊ ရွှေဆိုင်၊ ဖက်ရှင်ပစ္စည်းဆိုင်၊ အလှကုန်ဆိုင်၊ ဆေးမျိုးစုံဆိုင်၊ ဖိနပ်ဆိုင်၊ ဆောက်လုပ်ရေးပစ္စည်းဆိုင်၊ စိုက်ပျိုးရေးသုံးဆေးနှင့် ဓာတ်မြေဩဇာဆိုင် စသည်ဖြင့် ကုန်ပစ္စည်းအရောင်းဆိုင်မျိုးမှာ တစ်နေကုန် ထိုင်နေလို့မှ ဈေးဦးတောင်မပေါက်ဘူးဆိုရင် ရှုံးနိုင်တယ်၊ ဈေးဦးကောင်မပေါက်တဲ့ရက်တွေ များလာရင် စိတ်ဓာတ်ကျလာမယ်၊ သူများဆိုင်မှာ ရောင်းအားကောင်းပြီး ကိုယ့်ဆိုင်မှာ ရောင်းအားတစ်ဝက်မက ကျသွားရင် ထွက်ပြေးချင်စိတ်ပေါက်လာမယ်။

( နေ့စဉ် ဈေးဦးပေါက်ကောင်း၊ ငွေဝင်လာဘ်ရွှင်ရောင်းကောင်းရောင်းသွက် စီးပွားတိုးတက်လာချင်ရင် )

***ရပ်ဝေးနယ်မြို့များမှလည်း ဆက်သွယ်နိုင်သည်***

**ဆရာကြီး ဦးပိုင်ဇအောင်**

**(ဝိဇ္ဇာဘွဲ့)(လက္ခဏာဗေဒင်ဟောခန်း)**

ဟောခန်းလိပ်စာ - တိုက်(၄၀)၊ (B-1)-မြေညီထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ (မဟာရန်ကုန်ဆိုင်သစ်ကြီးအနီး)၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံ။ - ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၈၉၁




www.burmeseclassic.com

www.burmeseclassic.com

# ကြီးပွားစေလို ဘုန်းရိပ်ကို ခို

## တောကျောင်းဘုန်းကြီး (အဗျား)

"ကြီးပွားစေလို ဘုန်းရိပ်ခို" ဟူသော စကားအရ ရဟန္တာကြီးများ၏ ဘုန်းရိပ်ကို ခို၍ မိမိတို့၏ အကျိုးစီးပွားချမ်းသာအတွက် ဆောင်ရွက်ပုံအား မဟာသုတ ဒီပနီကျမ်းမှ ကောက်နုတ်၍ ရေးသားဖော်ပြလိုက်ပါသည်။

သို့ဖြစ်ပါ၍ ရဟန္တာကြီးများ၏ ဘုန်းရိပ်ကို ခိုပုံတို့သည်ကား...

**၁။ အရှင်သာရိပုတ္တရာ ဘုန်းရိပ်ကို ခိုပုံမှာ -**

*တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ၊*
*မဟာပညာနံ ယဒိဒံ သာရိပုတ္တော၊*
*တံ မဟာထေရံ ဝန္ဒာမိ တထာ မေ ဟောတု။*

မဟာပညာ တေဒဂ်ရတော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်အား အကျွန်ုပ် ရှိခိုးပါ၏။ မဟာပညာဆုံရစေသော် ဟူ၍ဖြစ်ပါသည်။

**၂။ အရှင်မောဂ္ဂလာန် ဘုန်းရိပ်ကို ခိုပုံမှာ -**

*တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ၊*
*ဣဒ္ဓိမန္တာနံ ယဒိဒံ မဟာမောဂ္ဂလာနော၊*
*တံ မဟာထေရံ ဝန္ဒာမိ တထာ မေ ဟောတု။*

ဣဒ္ဓိမန္တ တေဒဂ်ရတော်မူသော အရှင်မောဂ္ဂလာန် မဟာထေရ်မြတ်ကို အကျွန်ုပ် ရှိခိုးပါ၏။ တန်ခိုးရှိန်ဝါ ကြီးရပါစေသော် ဟူ၍ဖြစ်ပါသည်။

**၃။ အရှင်သီဝလိ ဘုန်းရိပ်ကို ခိုပုံမှာ, -**

*တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ၊*
*လာဘီနံ ယဒိဒံ သီဝလိ၊*
*တံ မဟာထေရံ ဝန္ဒာမိ တထာ မေ ဟောတု။*

လာဘ် တေဒဂ်ရတော်မူသော အရှင်သီဝလိ မဟာထေရ်မြတ်ကို အကျွန်ုပ် ရှိခိုးပါ၏။ လာဘ်လာဘ ရွှင်ရပါစေသော် ဟူ၍ဖြစ်ပါသည်။

**၄။ အရှင်ပိလိန္ဒဝစ္ဆ ဘုန်းရိပ်ကို ခိုပုံမှာ -**

*တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ၊*
*ဒေဝတာနံ ပိယမနာပါနံ ယဒိဒံ ပိလိန္ဒဝစ္ဆော၊*
*တံ မဟာထေရံ ဝန္ဒာမိ တထာ မေ ဟောတု။*

နတ်တို့ချစ်သောအရာ၌ တေဒဂ်ရတော်မူသော အရှင်ပိလိန္ဒဝစ္ဆမဟာထေရ်မြတ်ကို အကျွန်ုပ် ရှိခိုးပါ၏။ အကျွန် အား နတ်အပေါင်း ချစ်ခင်နှစ်သက်ပါစေသော် ဟူ၍ဖြစ်ပါသည်။

**၅။ အရှင်ကောဏ္ဍညတန ဘုန်းရိပ်ကို ခိုပုံမှာ -**

*တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ၊*
*ပဌမံ သဏာကံ ဂဏာနံ ယဒိဒံ ကောဏ္ဍညတနော*
*တံ မဟာထေရံ ဝန္ဒာမိ တထာ မေ ဟောတု။*

ပထမ စာရေးတံမဲကောက်သောအရာ၌ တေဒဂ်ရတော် မူသော အရှင်ကောဏ္ဍညတန မဟာထေရ်မြတ်ကို အကျွန် ရှိခိုးပါ၏။ ပထမဆုံး မဲပေါက်ရပါစေသော် ဟူ၍ဖြစ်ပါသည်။

**၆။ အရှင်အာနန္ဒာ ဘုန်းရိပ်ကို ခိုပုံမှာ -**

*တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ၊*
*သတိမန္တာနံ မိတိမန္တာနံ ဂတိမန္တာနံ၊*
*ဗဟုဿုတာနံ ဥပဋ္ဌာကာနံ ယဒိဒံ အာနန္ဒော၊*
*တံ မဟာထေရံ ဝန္ဒာမိ တထာ မေ ဟောတု။*

တေဒဂ်ငါးတန် ဘွဲ့ထူးခံတော်မူသော အရှင်အာနန္ဒာ မဟာထေရ်မြတ်ကို အကျွန်ုပ် ရှိခိုးပါ၏။ ဘွဲ့ထူးငါးထ ဂုဏ်ထူးငါးထပ်၊ အကျိုးငါးရပ် အထပ်ထပ်ပွားစေသော် ဟူ၍ဖြစ်ပါသည်။

ဖော်ပြပါ ဂါထာတော်များသည် ရှိခိုး ဆုတောင်းဂါထာ များဖြစ်ပါသဖြင့် မိမိတို့ ဉာဏ်ရှိသလို သဒ္ဓါစိတ်ရှိသလို ရွတ်ဆို ဆုတောင်းနိုင်ပါကြောင်း အကြံပြုစကားဆိုရင်း ဖြင့်...■

အကျိုးထူးများ ပြည့်ဝကြပါစေ

* * *

တောကျောင်းဘုန်းကြီး(အဗျား)



www.burmeseclassic.com

www.burmeseclassic.com

ဝိပါက်နှင့် ပဘ်သက်၍
ဆိုရိုးစကားများ၌ ငရဲ အပ
အမြဲ" ဟူသော ဒိုရိုးစကား
သည်။ ဝိပါက်သည် မည်သည့်
ပ,မသွားဘဲ ပြုလုပ် အားထုတ်သူ
တန်ပြန် အကျိုးသက်ရောက်
ဖြစ်၏။



ဝိပါက်လေလာ
ကြမ္မာလား

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓက မကောင်းမှု တစ်ခုခုကို ပြုလုပ်အားထုတ်လျှင် ငရဲသို့ လားရတတ်ကြောင်း၊ ငရဲကြီးကြောင်း၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံတို့၌ ဖြစ်တတ်ကြောင်း ဟောကြားခဲ့သော်လည်း၊ ထိုငရဲသည် ကုသိုလ်အားကြီးပါက "ပဋ္ဌာနန္တိယကံ"မှ သွဲ၍ ပ,နိုင်၊ ပြေပျောက်နိုင်ကြောင်း လည်း ဟောကြားခဲ့သည်။

ဝိပါက်နှင့် ပတ်သက်၍မူ မည်သို့မျှ ရှောင်လွှဲမရကြောင်း၊ ယခုနှင့် နောက်ဆိုသော အကျိုးပေးချိန်သာ ကွာကြောင်း၊ အမြဲလိုက်တတ်ကြောင်း၊ သတ္တဝါတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးသူသည် ယခုဘဝမှ စ၍ ဘဝတစ်ခုခု၌ မလွဲမသွေ ပြန်လည်ညှင်းပန်းနှိပ်စက် သတ်ဖြတ် ဖျက်ဆီးခံရမည်ဖြစ်ကြောင်း ဟောကြားခဲ့၏။

ဗုဒ္ဓကိုယ်တော်တိုင်ပင်လျှင် မကောင်းမှု အကုသိုလ်အမှုတို့ကို နှစ်ဦးဘဝက အထိုက်အလျောက် ကျူးလွန်ခဲ့သည်။ သို့ကြောင့်ပင် ထိုကျူးလွန်ခဲ့သော အမှုတို့အလျောက် ပရိနိဗ္ဗာန်စံခါနီးအထိရှောင်လွှဲမရဘဲ ခံသွားခဲ့ရပေ၏။

သို့ကြောင့်ပင် ဗုဒ္ဓက "ဝိပါက်"သည် အမြဲလိုက်တတ်ကြောင်း၊ ဇာတ်၊ ပါဠိတ်၊ ဗုဒ္ဓဝင်၊ မဟာဝင်၊ ဝတ္ထုအစရှိသောကတို့ဖြင့် ဟောကြားခဲ့ခြင်းဖြစ်သည်။ ထိုဝိပါက်နှင့် ပတ်သက်၍မူ…

◈◈◈

၁၈-၁၁-၂၀၁၂ ရက်နေ့က စာရေးသူ အမျိုးသမီးမိတ်ဆွေတစ်ဦး၏ သား မင်္ဂလာဆွမ်းကျွေးပွဲသို့ ဆောင်မောင်သိန်း(ကြေးမုံ) သတင်းထောက်၊ ရေတာရှည် ကြည်သိန်း၊ ကြို့ပင်ကောက် သိန်းဝင်း(မူခင်း) တို့နှင့် အတူရောက်ဖြစ်ခဲ့၏။

စာရေးသူတို့ သွားသော မင်္ဂလာဆွမ်းကျွေးပွဲမှာ မြို့နှင့် ၁၅မိုင်၊ ၁၆မိုင်ခန့်လောက်ဝေးသော တောရွာကြီးတစ်ရွာတွင်ဖြစ်၏။ လမ်းပန်းမကောင်းလှဘဲ မြေလမ်း၊ ကန်သင်းလမ်းများကို ဆိုင်ကယ်ဖြင့် ပတ်၍ မရောက်မချင်းစီးခဲ့ကြရသဖြင့် ပင်ပန်းသည့်အတွက် အပြန်၌ မူလ လာရာလမ်းသို့ မပြန်ဘဲ ကြို့ပင်ကောက် ပေပင်ခုံလမ်းဘက်မှ လှည့်ပြန်ခဲ့ကြ၏။

ပေပင်ခုံရောက်သည်နှင့် တစ်ချိန်က စာရေးသူ၏ မိတ်ဆွေတစ်ယောက်ကို သွားသတိရသဖြင့် တာဆုံတွင် လက်ဖက်ရည်နှင့် အကြော်ရောင်းနေသော ဆိုင်တစ်ဆိုင်သို့ ဝင်ကာ၊ ထိုမိတ်ဆွေကို စုံစမ်းမိ၏။ မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ခေတ္တဝင်ရန်လည်း ဆုံးဖြတ်လိုက်သည်။

"ဒီ ပေပင်ခုံရွာမှာ ကိုမိုးသီး ဆိုတဲ့လူ ရှိလားဗျ"

ထိုအခါ ဆိုင်ရှင်က…

"ဘယ်မိုးသီးလဲ ဆရာ။ ကျွန်တော်တို့ဆီမှာ မိုးသီးက နှစ်သီးရှိတယ်။ တစ်ယောက်က တပ်က ထွက်လာတဲ့ ဗိုလ်မိုးသီး၊ တစ်ယောက်က မြင်းလှည်းမောင်းတဲ့ မြင်းလှည်းသမား မိုးသီး"

ဟု ပြန်မေးသည်။ စာရေးသူက-

"တပ်က ထွက်တဲ့ ကိုမိုးသီးပါ"

ဟု ရှင်းပြလိုက်သည်။

"ဟုတ်ကဲ့၊ ရှိပါတယ် ဆရာ။ ဟိုတောင်ပိုင်းက ခြံကြီးထဲမှာ နေပါတယ်။ ခြံကြီးအကျယ်ကြီးထဲ သူတို့တစ်အိမ်တည်း နေပါတယ်။ သူ့မိသားစုကတော့ များတယ် ဆရာရေ။ ဘာလဲ၊ ဆရာနဲ့ သိလို့လား"

"ဟုတ်ကဲ့၊ သိတာပေါ့ဗျာ။ လူခင်တွေပါ။ အတူတူနေခဲ့ကြတာတွေပေါ့"

"ဩော်…ဟုတ်လား။ ရှိပါတယ် ဆရာ၊ ရှိပါတယ်။ သူ ခု လေငန်းဖြစ်နေလို့ ဘယ်မှလည်း မသွားနိုင်ပါဘူး"

ဆိုင်ရှင် ပြောလိုက်သော စကားကြောင့် စာရေးသူ အတော်စိတ်မကောင်းဖြစ်သွားသည်။ ကိုမိုးသီးနှင့် စာရေးသူမှာ တပ်မတော်၌ အတူတကွ တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ပြီး အလွန်ရင်းနှီးချစ်ခင်ကြသူများဖြစ်၏။ နောက်ပြီး ကိုမိုးသီးက ကြို့ပင်ကောက်စာရေး။ သူက ဇီးကုန်းဆိုတော့ တစ်နယ်တည်းသားများလည်း ဖြစ်ကြသဖြင့် ပိုမိုလည်း သံယောဇဉ်ရှိကြသည်။

တပ်က ထွက်ကြပြန်တော့လည်း ရှေ့ဆင့် နောက်ဆင့်ဆိုသလို ထွက်ခဲ့ကြပြီး၊ ကိုမိုးသီးက လယ်မြေခြံမြေများ ဝယ်၍ ပေပင်ခုံတွင် အခြေချခဲ့သလို၊ စာရေးသူကလည်း ဇီးကုန်းသနပ်ပင်လမ်းဘေးရှိ မိုးသဲရွာလေးတွင် အခြေချခဲ့၏။ ကူးလူးဆက်ဆံမှုလည်း ရှိခဲ့သည်။

လွန်ခဲ့သော သုံးနှစ်လောက်ကတော့ စာရေးသူ၏ သားကြီး တာဝန်ထမ်းရာ ပြင်ဦးလွင်မြို့သို့ ရောက်နေခဲ့သည့်အတွက် အဆက်ပြတ်သွားသည်။ ကိုမိုးသီးသည် တာဝန်ကျေပွန်စွာ ဆောင်ရွက်တတ်သူဖြစ်သလို၊ ရိုးစင်းသူ၊ တည်ငြိမ်အေးဆေးသူလည်း ဖြစ်သည်။ အထက်အောက် ဆက်ဆံရာတွင် မျှတပြီး အားလုံး၏ ရှိသေ လေးစားမှုကို ခံရသူဖြစ်၏။ အချိန်ရလျှင် စာဖတ်၊ ပုတီးစိပ်၊ တရားထိုင်ဖြင့် အချိန်ကို တန်ဖိုးရှိရှိ ကုန်လွန်စေသည်။ အားကစားလေ့ကျင့်ခန်းများကိုလည်း ပုံမှန်ပြုလုပ်၍ ကျန်းမာရေးကို အလေးထားပြုလုပ်တတ်သူဖြစ်သည်။ အထူးသဖြင့် ကိုမိုးသီးသည် လမ်းလျှောက်ခြင်း၊ ခြင်းခတ်ခြင်း၊ ဘောလုံးကစားခြင်း၊ သိုင်း

www.burmeseclassic.com

လေ့ကျင့်ခြင်းတို့ကို အမြဲတမ်း တစ်ခု မဟုတ် တစ်ခုလုပ်သည်။

"အာရောဂျံ-ပရမံ-လာဘံ-တဲ့ဗျ။ ကျန်းမာခြင်းဟာ လာဘ်ကြီးတစ်ပါးပဲ။ ကိုယ့်ကျန်းမာရေးတော့ ကိုယ် ဂရုစိုက်ရမှာပဲ"

ဟု ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ပြီး အမြဲတမ်း ပြောလေ့ရှိသည်။ သူ့ကြည့်လျှင် မည်သည့်အခါဖြစ်ဖြစ်၊ လန်းလန်းဆန်းဆန်းနှင့် တက်တက်ကြွကြွဖြစ်နေသည်ကို တွေ့ရတတ်၏။

ထိုလိုလူက လေငန်းဖြစ်သည်ဆိုတော့ အံ့ဩသွားသည်။ စိတ်မကောင်းလည်း အတော်ဖြစ်သွားသည်။ နောက်တော့ "ဩော်···ဓာတ်လေးပါးအစုအဝေးပဲလေ။ ဘာတတ်နိုင်မှာလဲ။ ဓာတ်သဘောတွေပဲ"ဟု တွေးမိရင်း မောင်မောင်သိန်း၊ ကိုကြည်သိန်းတို့နှင့်အတူ ကိုမိုးသီ့ဆီ ဝင်ခဲ့ကြ၏။

◈◈◈

ကိုမိုးသီးကို အိမ်ရှေ့ မန်ကျည်းပင်အောက်၌ ပက်လက်ကုလားထိုင်ပေါ် ထိုင်လျက် တွေ့ရသည်။

အတော်ချောင်ကျသွားပြီး ဘယ်ဘက် မျက်နှာတစ်ခြမ်း၊ မျက်လုံးပါ သီတီတီဖြစ်သွားသည်ကို မြင်ရ၏။ စာရေးသူတို့ကို တွေ့သည်နှင့်···

"ကိုနေဝင်းတို့ပါလား။ လာ··· လာ···"

ဟု ဝမ်းသာအားရ ခေါ်လိုက်သည်။

သို့သော် သူ့အသံက သိပ်မပီချင်။ အာလေးလျှာလေးသံနှင့် ဗလုံးဗထွေးဖြစ်၏။ ကိုမိုးသီး၏ အမျိုးသမီး မငွေးကြွယ်က ကိုမိုးသီး ဘယ်ဘက်တစ်ခြမ်းသေသွားကြောင်း ပြောသည်။ ကိုမိုးသီးက စာရေးသူကို မြင်တော့ မျက်ရည်တွေ စီးကျလာသည်။

"ကျွန်တော်တော့ လူဖြစ်ကျိုး ရှုံးသွားပြီ ကိုနေဝင်းရေ"

ဟု ဝမ်းနည်းစွာ ပြော၏။

"အားငယ်စိတ်တွေ ဖြစ်မနေပါနဲ့ ကိုမိုးသီးရာ။ ဒီရောဂါတွေက ဆေးကုရင် ပျောက်ပါတယ်။ နောက်ပြီး ခင်ဗျားတို့၊ ကျွန်တော်တို့တွေက စစ်သားလုပ်ခဲ့ဖူးတဲ့သူတွေပဲ၊ စိတ်ဓာတ်ကို ကြံ့ကြံ့ခိုင်ခိုင်ထားပါဗျာ"

ဟု အားပေးလိုက်သည်။

"ပြည်တို့၊ ရန်ကုန်တို့တော့ ရောက်ပြီးပြီဗျာ။ အခြေအနေက ထူးမလာပါဘူး"

"ဘယ်လိုက စဖြစ်သွားတာလဲ"

"သွေးဆောင်တက်ရင်းက လေငန်းဖြစ်သွားတာပေါ့"

"ဆေးတွေ့ရင် ဒီရောဂါလောက်ကတော့ ပျောက်သွားမှာပါ ကိုမိုးသီးရာ။ အားမငယ်ပါနဲ့"

ထိုစဉ် မငွေးကြွယ်နှင့် သူ၏ သားနှစ်ယောက်က ပလတ်စတစ်ကုလားထိုင်များနှင့် စားပွဲအသေးစားတစ်လုံး ယူလာချပေးသဖြင့် အိမ်ရှေ့ မန်ကျည်းပင်အောက်မှာပင် ထိုင်လိုက်ကြသည်။

"ခုလို အားပေးတာ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ မပျောက်နိုင်ဘူးလို့ပဲ ထင်တယ်ဗျာ။ ပြောရရင်တော့ ကျွန်တော်ဖြစ်တာ ဝဋ်လိုက်တာလို့ပဲ ထင်တယ် ကိုနေဝင်းရေ"

ကိုမိုးသီးက အားငယ် စိတ်ပျက်စွာ ပြောလိုက်သည်။

"ဘယ်လို ကိုမိုးသီး၊ ဝဋ်လိုက်တယ်···ဟုတ်လား"

စာရေးသူက ကိုမိုးသီး၏ စကားက ထူးဆန်းနေသည့်အတွက် အံ့ဩစွာ မေးလိုက်မိ၏။

"ဟုတ်တယ် ကိုနေဝင်း။ ကျွန်တော် ဝဋ်လိုက်တာပါ"

"ပြောပါဦးဗျာ။ ဘယ်လိုဖြစ်လို့ ဝဋ်လိုက်ရတယ်ဆိုတာ"

ထိုအခါ ကိုမိုးသီးက အောက်ပါ အတိုင်း ပြောပြလေ၏။

◈◈◈

လွန်ခဲ့သည့် ၂နှစ်လောက်က ဖြစ်သည်။

ကိုမိုးသီးသည် နံနက်မိုးမလင်း တလင်း ငှက်ကလေးတွေ စီစီ စီစီ အော်သည်နှင့် အိပ်ရာမှ ထ၊ မျက်နှာ သစ်၍ ကိုယ်လက်သန့်စင်ပြီး လုပ်နေ ကျ အလုပ်အတိုင်း "ချေ"ခြေထောက် ကလေးတပ်ထားသော ရင်းတိုက် အနှစ် တောင်ဝှေးလေးကို ဆွဲက လမ်းလျှောက်ထွက်လာခဲ့သည်။

ကိုမိုးသီးက နံနက်တိုင်း လ လျှောက်နေကျဖြစ်၏။

ကိုမိုးသီး လမ်းလျှောက်ရာတွ သူ့ခြံအတွင်း ပထမတစ်ပတ်လျှောက် ၏။ တစ်ပတ်ပြည့်သည်နှင့် ခြံထဲ ထွက်ကာ ပေပင်ခုံလမ်းအတိုင်း ပင်ကောက်ဘက် တစ်မိုင်လော လျှောက်သည်။ တစ်မိုင်လော ရောက်သည်နှင့် နောက်ကြောင်း လျှောက်သည်။ ပေပင်ခုံလမ်းမကြီး ကိုမိုးသီး၏ လမ်းလျှောက်လေ့ကျင့် ပြုလုပ်ရာ ဌာနဖြစ်သည်။

"ကိုရေ···လမ်းလျှောက် တော့ ဟုတ်တယ်၊ ကြည့် လျှောက်ဦး။ မနေ့က ရွာထဲ မောင်နိုင်တို့ခွေးရူး ထွက်သွားတယ် ပြောတယ်နော်။ တော်ကြာ ခွေး လည်း တွေ့နေဦးမယ်"

ကိုမိုးသီး၏ ဇနီး လုပ် ပေးသည်။ ကိုမိုးသီးက ခြေအိတ်

www.burmeseclassic.com

ခင်း…

"အေးအေး၊ စိတ်ချပါကွာ"

ဟု အော်လိုက်၏။

မနေ့ညနေက ပေပင်ခုံရှာမှ လူ အချို့ ခွေးရူးလိုက်သံ သူ ကြားသည်။ ခွေးရူးသေ့မသေတော့ သူ မသိ။ ခွေးရူး အန္တရာယ်ကြီးကြောင်း သူ နားလည် သည်။ သူ ဖတ်ခဲ့ဖူးသည့် စာတွေထဲ၌ ခွေးနှင့် ပတ်သက်လာလျှင် အန္တရာယ် ကြီးကြောင်း၊ ခွေးတစ်ကောင်ရူးတော့ ည်ဆိုလျှင် ခွေးရူးပိုးက မရူးခင် ခြောက်လလောက်ကတည်းက ထိုခွေး ၏ ခန္ဓာကိုယ်အတွင်း ဝင်ရောက်နေ ကြောင်း။ ထိုခွေးအကိုက်ခံရလျှင် ခွေးရူး ကိုက်ခံရသည်နှင့် အတူတူဖြစ်ကြောင်း။ ထိုပိုးဝင်ရောက်နေသည့်ခွေးရဲ့ အကိုက် ခံရပါက ခွေးကောင်းကိုက်သည်အထင် နှင့် အရေးမထားဘဲ နေလျှင် ခွေး ာမှမဖြစ်ခင်ပင် ခွေးကိုက်ခံရသူမှာ ကူးရောက်တတ်ကြောင်း၊ သေဆုံးရ ကြောင်း၊ မည်သည့်နည်းနှင့်မဆို ခွေး ကိုက်ခံရပါက မည်သို့သော ခွေးပဲ ကိုက်ကိုက် ကာကွယ်ဆေးထိုးသင့် ကြောင်း၊ ထိုခွေးမျိုး အကိုက်ခံရလျှင် ရက်မှ ၇နှစ်၊ ၈နှစ်အတွင်း ခွေးရူးပိုး ကြောင့် သေဆုံးတတ်သည့်ဖြစ်ကြောင်း။ ခွေးမွေးသူများအနေနှင့်လည်း ခွေးမွေး က မိမိခွေးကို ၆လတစ်ကြိမ် ခွေးရူး ာဂါကာကွယ်ဆေး ထိုးပေးသင့် ကြောင်းတို့ကို သူသိထားသည်။ ထို့ ကြောင့် ခွေးနှင့် ပတ်သက်လျှင် သူ အထူး ဂရုထားသည်။

နောက်ဆုံး ထိုသို့သောခွေးတို့၏ တွေး၊ အမြှုပ်၊ သွေး၊ အရည်တို့က ဒုက္ခပေးတတ်ကြောင်း သူ နား ည်ထားသည်။ ဒါတွေ သိထားတော့ က စိုးရိမ်သည်။ သို့ကြောင့်ပင် လမ်း လျှောက်ရင်း တွေးကာ သတိနှင့်



လျှောက်ခဲ့သည်။

ထိုသို့နှင့် ကြို့ပင်ကောက်အဝင် ဆိုင်ဂေါ်င်းအစပ်သို့ ရောက်လာ၏။ ထို နေရာမှာ သူနေသော ပေပင်ခုံနှင့် အတော်လေး လှမ်းလာပြီဖြစ်သဖြင့် နောက်ကြောင်းပြန်လှည့်ခဲ့၏။

ပေပင်ခုံ လမ်းဘေး ဆိုင်တန်း တွေကျော်တော့ နောက်မှ တရှူးရှူး နှင့် ပြေးပိုက်လာသံကို ဖျတ်ခနဲ ကြား လိုက်ရသည်။ ပြန်လှည့်ကြည့်မည်လုပ် သည့်အချိန်တွင်ပင် ခွေးတစ်ကောင်က သူ့အနားရောက်လာသည်။ သူ လန့် သွားသလို၊ အစဉ်လေ့ကျင့်မှုနှင့် သတိ ရှိနေသော သိုင်းသမားပီပီ ညာခြေကို ကြက်ခြေခတ် ရှေ့တစ်လှမ်းတက်လိုက် ပြီး ညာလက်မှ ကိုင်ထားသော ရင်း တိုက်နှစ် တောင်ဝှေးဖြင့် အနားရောက် လာသည့်ခွေးကို ခြေမှသိမ်း၍ ကိုယ်ကို လှည့်ကာ အားကုန် ရိုက်ချလိုက်၏။

"ကိန်…ကိန်…ကိန်"

အရိုက်ခံလိုက်ရသဖြင့် ခွေးက တကိန်ကိန်အော်ရင်း မြေပေါ်သို့ ထိုး ကျသွားသည်။ နောက် အမြီးတန်းနှံ့ လုပ်ရင်း လူးလိမ့်နေ၏။

ကိုမိုးသီး ထိုခွေးကို သေသေ ချာချာကြည့်လိုက်တော့ သူမွေးထား သော "ဘော်ဘီ"လေး ဖြစ်နေသည်။ ဘော်ဘီက သူ လမ်းလျှောက်ထွက် တိုင်း လိုက်နေကျဖြစ်၏။ ဒီနေ့လည်း ဘော်ဘီလေးက ထုံးစံအတိုင်း သူ့ နောက် လိုက်လာသည်။ သို့သော် သူ က ခွေးရူးအကြောင်းတွေးရင်း ဘော်ဘီ လေးကို သတိမထားမိဘဲ သတိလစ် သွားသည်။ ခုတော့ သူရိုက်လိုက်သည့် ခွေးက ခွေးရူးမဟုတ်ဘဲ သူ့ခွေးလေး ဖြစ်နေသည်။

ကိုမိုးသီး ခွေးလေးကို ပြေးထူ လိုက်သည်။ ဘော်ဘီလေးက မထနိုင် တော့။ ဘော်ဘီလေး၏ ဘယ်ဘက်ခြေ နှင့် လက်ကို အပိုင်းပိုင်းကျိုးသွားစေပြီး ဘယ်ဘက် တစ်ခြမ်းလုံးကို ထိသွား သည်။

◈ ◈ ◈

"အဖြစ်ကတော့ အဲဒါပါပဲ ကိုနေ ဝင်းရယ်။ ကျွန်တော် အဲဒီဝဋ်ပြန်လိုက် တာလို့ ထင်တယ်ဗျာ"

ကိုမိုးသီးက စိတ်မကောင်းစွာ ပြောပြရှာသည်။ ထိုအချိန်တွင်ပင် သူ့ ဘေးနား၌ တစ်ချိန်လုံး ငြိမ်အိပ်နေ သော အမွေးဖွားဖွား ခွေးလေးက ဘယ်ဘက်လက်နှင့် ဘယ်ဘက်ခြေ တစ်ချောင်းကို တရွတ်တိုက်ဆွဲရင်း ဒယီးဒယိုင်ဖြင့် ထလာသည်၊ စာရေးသူ လည်း ခွေးလေးကို ကြည့်၍ အတွေး တစ်ခုကို အရှည်ကြီး တွေးနေလိုက်မိ တော့သည် ■

* * *

ခေခင်ဒိ

www.burmeseclassic.com



# ရန်အောင်မြင် နတ်ချစ်ဂါထာတော်

မင်းကြသိဖြူ

ရှေးက အစဉ်အလာရှိခဲ့ကြသော ပရိတ်တော်၊ ဂါထာတော်၊ မန္တန်တော်များမှာ ဗုဒ္ဓမြတ်စွာနှင့် ဗုဒ္ဓဟောကြား မြတ်တရားတို့ကို အခြေခံ၍ စီရင်ခဲ့သော အန္တရာယ်ကင်း ဂါထာတော်များ ဖြစ်ပါသည်။ အနှိုင်းမဲ့ ကျေးဇူးရှင် မြတ်ဗုဒ္ဓသည် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သည့် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ မာရ်နတ်သည်ပင် နှောင့်ယှက် ဖျက်ဆီးခြင်းငှာ မစွမ်းဆောင်နိုင်ခဲ့ပါ။

သို့ဖြစ်ရာ ဗုဒ္ဓနှင့် ဗုဒ္ဓ၏ တရားတော်တို့ကို အထူးပူဇော် ရည်မှန်း၍ စီရင်အပ်သော ဂါထာတော်များသည် အထူးပင် တန်ခိုးအာနိသင် ကြီးမားလှပါသည်။

ရှေးအခါက ပုဂံပြည်တွင် ပထမဆုံး စိုးစံတော်မူသည့် သမုဒ္ဒရာဇ်မင်းကြီးလက်ထက်တွင် ပျူစောထီးမင်းသား ပေါ်ထွန်းလာလေ၏။ ထိုခေတ်အချိန်ကာလတွင် ပုဂံပြည်တွင် ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီးနှင့် ရှူးပျံကြီးတို့၏ အန္တရာယ်ကို ပြည်သူပြည်သားတို့ အထိတ်တလန့် ခံစားနေကြရ၏။

ထိုအချိန်တွင် လူစွမ်းကောင်း ပျူစောထီးသည် အန္တရာယ်ပြုနေသည့် ထိုထိုသတ္တဝါများကို နှိမ်နင်းရန် သစ္စာအဓိဋ္ဌာန်ပြု၏။ သိကြားမင်းသည် ပျူစောထီး ဘုန်းတန်ခိုးကို သိတော်မူ၍ အန္တရာယ်အပေါင်းမှ ကင်းလွတ်စေရန်အတွက် ဂါထာတစ်ပုဒ်ကို ပျူစောထီးအား ပေး၏။ ပျူစောထီးသည် သိကြားမင်း ပေးသော ဂါထာကို ရွတ်၍ သတ္တဝါတို့၏ အန္တရာယ်ကို နှိမ်နင်းရာ ရန်ဘေးများ ကင်းရှင်းပြီးမြောက်[...] အောင်ခြင်းသို့ ရောက်ရလေ၏။

**ရန်အောင်မြင် နတ်ချစ်ဂါထာတော်**

- ဗုဒ္ဓေါ ရက္ခန္တု မံ နိစ္စံ၊ ဓမ္မော ရက္ခန္တု မံ သဒါ[...]
  သံဃော ရက္ခန္တု မံ နိစ္စံ၊ ဒီဃမာယု ဘဝိမယ[...]
- နမတ္ထုမေ သက္ကရာဇာ၊ ပစ္စုပ္ပန္နေ တီတေ ဘ[...]
  တေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယျမင်္ဂ[...]

ဤဂါထာကို ရွတ်ဖတ် ပူဇော်ခြင်းအားဖြင့် နတ်[...] ချစ်ခင်နှစ်သက်၍ အမြဲစောင့်ရှောက်၏။ ဘေးဥပါဒ်အန္တရာ[...] တို့မှ ကျော်လွှားနိုင်၏။ ရန်ကို အောင်မြင်၏။ တန်ခိုးကြီး[...] မိမိပြောဆိုသမျှ အောင်မြင်၏။ အခက်အခဲမရှိ၊ မိမိရည်ရွ[...] သည့် ခရီးကို ပြီးမြောက်အောင် သွားလာနိုင်၏။ ထို့ကြော[...] ဤဂါထာကို နေ့စဉ် ရွတ်ဖတ်သင့်၏။

ခုနစ်ရက်သားသမီးတို့အနေဖြင့် လုပ်ငန်းများ အ[...] ပြေ ချောမွေ့စေ၍ အတိုက်အခံ အနှောင့်အယှက်[...] ကင်းဝေးကာ၊ စီးပွားဥစ္စာ ရတနာများ တိုးတက်၍ ချမ်[...] သုခဖြစ်ပေါ်စေပါသည်။ ယုံကြည်စွာ ရွတ်ဖတ်ပူဇော်[...] ကုန် ■

* * *

မင်းကြ[...]

မှီငြမ်း


- ဗုဒ္ဓပရိတ်တော် (ပညာအလင်းပြ[...]

www.burmeseclassic.com

## ပဲခူးမြို့နယ်၊ ကျောက်တန်းရွာ

# ဘုန်းတော်ကြီးသင် ပညာရေး ပရဟိတကျောင်းအလှူတော်မင်္ဂလာနှင့် မုဒိတာပွားစရာများ

— မင်းထက်ကျော် (B.Sc) —



တစ်နေ့တွင် စာရေးသူအိမ်သို့ မိတ်ဆွေဖြစ်သူ "ကိုပန်ကာ" ရောက်ရှိလာပါသည်။ ၎င်းမှ ကဆုန်လပြည့်နေ့တွင် သူ၏အစ်မများ အလှူပြုလုပ်ရာ ကျောက်တန်းသို့ လိုက်ခဲ့ပါရန် လာရောက်ဖိတ်ခေါ်ခြင်း ဖြစ်ပါသည်။ စာရေးသူသည်း လပြည့်နေ့ဖြစ်နေ၍ ချက်ချင်းအဖြေမပေးလိုက်နိုင်ပေ။ ကိုပန်ကာသည် နောက်တစ်နေ့ည ထပ်ရောက်လာပြီး...

"ဆရာလိုက်ဖြစ်အောင် လိုက်ခဲ့ပါ။ ဆရာတော်ကလည်း ဖိတ်ခိုင်းတယ်။ အလှူရှင်ကလည်း တစ်ပါတည်းခေါ်လာဖို့ မှာလိုက်တယ်"


ဟု လာရောက်ပြောဆိုသဖြင့် "လိုက်ခဲ့ပါ့မယ်"ဟု ကတိပေးလိုက်ရသည်။

၁၃၇၆ ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့(၁၃-၅-၂၀၁၄) နံနက်တွင် သာကေတမှ ရေကျော် ဝိုင်အမ်ဘီအရှေ့ ရပ်



www.burmeseclassic.com

www.burmeseclassic.com





သို့ သွားရောက်ကြသည်။ ဝိုင်အမ်ဘီအေရေ့တွင် ဟိုးနိုးကားကြီးတစ်စီးရပ်ထားသည်။ လူနှစ်ဦးက ကားဦးခေါင်းမှာ ဗီနိုင်းတစ်ချပ်ကို ချိတ်ဆွဲနေကြသည်။ စာဖတ်ကြည့်သောအခါ "ဇူကြိမ်မြောက် သိင်္ကာထပ်၊ ရှင်ပြုနှင့် သီလရှင်အပါး ၁၅၀ ဝတ် အလှူတော်မင်္ဂလာ။ အလှူ့ဒါယကာ ဦးလှရွှေ + အလှူ့ဒါယိကာမ ဒေါ်အောင်မညွန့် မိသားစု" ဟု ရေးထားပါသည်။ ပြုလုပ်မည့်နေရာမှာ အမှတ်(၁၇)၊ ဝေဠုဝန် ဘုန်းတော်ကြီးသင် ပညာရေး ပရဟိတကျောင်း (ပန်းပျိုးလက်)၊ ကျောက်တန်းရွာ၊ ပဲခူးမြို့နယ်ဖြစ်သည်။


နံနက် ၇နာရီခွဲတွင် လူစုံ၍ ကားထွက်ကြသည်။ လွန်ခဲ့သော ၂နှစ်ခန့်က စာရေးဆရာအဖွဲ့တွေနှင့် တစ်ကြိမ်ရောက်ဖူးသည်။ ယခု ဒုတိယအကြိမ်ရောက်ခြင်းဖြစ်သည်။

လေးထောင့်ကန်လမ်းမှ ဖြတ်လာပြီး အင်းတကော်အလွန် ၁၀မိုင်ကုန်း ပဏ္ဍိတာရာမ ရွှေတောင်ကုန်း တောစခန်းအတိုင်း ဝင်သွားရသည်။ လမ်းညွှန် ဆိုင်းဘုတ်လေးတွေ ပြထားသည်။ ဝဲ-ယာနှစ်ဖက်တွင် စိမ်းစိုနေသော သစ်ပင်တွေနှင့် ခြံအကျယ်ကြီးတွေကို တွေ့ရသည်။ ပဏ္ဍိတာရာမ တရားရိပ်သာမှာလည်း အလွန်ကျယ်ဝန်းလှပေသည်။ အဝင်လမ်းတစ်လျှောက် ကွန်ကရစ်လမ်း ခင်းထားသည်။

လမ်းကတော့ ကျဉ်းသည်။ ကားနှစ်စီးတွင် တစ်စီးက လမ်း ဘေးချပြီး ရှောင်ရသည်။ တစ်ဝက်ကျော်သောအခါ မြေ လမ်းဖြစ်သွားသည်။ ဝဲ-ယာနှစ်ဖက် မြေကြီးတွေ ဖို့ထား သည်။ ဆိုင်ကယ်တွေကတော့ ကားကို လမ်းဖယ်မပေးခ ကြပေ။ ပရဟိတ ဆရာတော်မှ လမ်းခင်း၊ လမ်းပြုပြ လမ်းချဲ့ရန် စီစဉ်နေသည်ဟု ကြားရသည်။

ရထားသံလမ်းတွေ့သောအခါ ညာဘက်ချိုးဝင်ရသည် ကျောက်တန်းဘူတာနှင့် နီးသည်။ ကျောက်တန်း ပရဟိတ ကျောင်း မရောက်ခင် မီးသင်္ဂြိုဟ်စက်ကြီးတစ်ခုတွေ့ရသည် ပန်းပျိုးလက် ဆရာတော် ဆောင်ရွက်ထားခြင်းဖြစ်သည် ကျောင်းနားရောက်သောအခါ သာသနာ့အလံတွေကို တန် ထောင်ထားတာ တွေ့ရသည်။ ယနေ့ ကဆုန်လပြည့်(ဗုဒ္ဓ







www.burmeseclassic.com

www.burmeseclassic.com


သည်းဖြစ်သည်။

ကျောင်းထဲသို့ ကားကြီးဝင်သောအခါ ဆရာတော်မှ ဦးကြို နေရာချပေးသည်။ ထိုကျောင်းတွင် ဩဝါဒ စရိယ ဆရာတော်ကြီးမှာ ဘဒ္ဒန္တဉာဏ (ဂိုဏ်းအုပ်ဆရာတော် မဟာ ဆာဓိ ဝိနည်းပြန်ဌာန) ဖြစ်သည်။ သက်တော် ၉၀ နီးပါးရှိပြီ ဖြစ်သော်လည်း ကျန်းမာရေးကောင်းပုံရသည်။ သက်တော် ၁၀ နှစ်ကပင် ကျောင်းအုပ်ဆရာတော် ဒေါက်တာ အရှင် ပညာဘာသ(ပန်းပျိုးလက်)ကို တာဝန်လွှဲအပ်၊ ကျောင်းလွှဲ အပ်ထားသည်။

ဒေါက်တာ အရှင်ပညောဘာသ (ပန်းပျိုးလက်) (ဓမ္မာ စရိယ၊ M.A, Ph.D မှာ ၂၀၀၄- ၂၀၀၅ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံရာတွင် အမှန်တကယ် ကျောင်းမနေ နိုင်သော ကလေးများကို စိစစ် လက်ခံခဲ့သည်။ နေရာ၊ ကျောင်းဆောင်အခက်အခဲကြောင့် (၁၇၅)ယောက်ကိုသာ လက်ခံ၍ ဆရာ/ ဆရာမ ၆ဦးတို့ဖြင့် စတင် ပညာသင်ကြား ပေးခဲ့သည်။ ပရဟိတလုပ်ငန်းဝါသနာပါသော ကျောက်တန်း ဇာတိ အရှင်ပညောဘာသည် ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းကို (၂၉-၅-၂၀၀၄)နေ့၌ စနစ်တကျ ဖွင့်လှစ်ကာ သမိုင်းမှတ်တိုင်တစ်ခုကို ခိုင်မာစွာ စတင် စိုက်ထူနိုင်ခဲ့လေ









သည်။

စာရေးသူတို့ ရောက်လာသောအခါ စားသောက် ဆောင်တွင် မုန့်ဟင်းခါးဖြင့် ညှော်ခံသည်။ ထိုကျောင်းတွင် အစားအသောက်၊ သောက်ရေသန့် အမှိုက်ပုံး စသည်တို့ကို စည်းကမ်းစနစ်ကျစွာ ဆောင်ရွက်ထားသည်။ သစ်ပင်၊ ပန်းပင် တို့မှာလည်း စိမ်းလန်းစိုပြည်လျက်ရှိသည်။ သရက်သီးများ သီးနေပြီး ပိတောက်ပန်းများလည်း ဝေဆာနေသည်၊ အလှူရှင် ဇနီးမောင်နှံလည်း လာရောက်ကြိုဆို ညှော်ခံကြသည်။

၉နာရီကျော်သောအခါ ဒေါက်တာ အရှင်ပညောဘာသ (ပန်းပျိုးလက်)ကို သိက္ခာထပ်ကြသည်။ အလှူ့ဒါယကာ ဦးလှရွှေ မိသားစုနှင့် ပရဟိတအဖွဲ့ခေါင်းဆောင် ဦးမျိုးမြင့် မိသားစုတို့ စုပေါင်းသိက္ခာထပ်သည်။ ရန်ကုန်မြို့မှ အလှူရှင် များက သိမ်ဆင်း သံဃာတော်များအား ဝတ္ထုငွေ၊ ဆပ်ပြာ၊ စာအုပ်၊ အချိုရည်ဘူး၊ မုန့်ထုပ်၊ မျက်နှာသုတ်ပဝါတို့ကို လောင်းလှူကြသည်။ စာရေးသူတို့ကတော့ ပါလာသော ဂျာနယ်၊ မဂ္ဂဇင်းတစ်ထုပ် လှူလိုက်သည်။ ဆရာတော်နှင့် အလှူရှင်မိသားစုတွဲကာ အမှတ်တရဓာတ်ပုံရိုက်သည်။ ထို့ နောက် ဓမ္မာရုံသို့ ဆရာတော်ကြွရန် ပြင်ဆင်သည်။ ဓမ္မာရုံ သို့ ညှော်ပရိသတ်များလည်း တရားနာရန် စုပေါင်းရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com















နေရာယူကြသည်။

ကိုပန်ကာ (ခ) ကိုမြတ်စိုးနှင့် ပန်တျာ တေး... စောင်းဆရာ၊ ဂီတပညာရှင်တို့ ဓမ္မတေးသီချင်း၊ ရတု... ဖျော်ဖြေ ပူဇော်ကြသည်။ ထို့နောက် ဆရာတော်ကြွ... ကိုးပါးသီလပေးကာ၊ ထို ပရဟိတကျောင်းအကြော... အကျဉ်းမျှ ဟောကြားပေးသည်။


ပရဟိတကျောင်း စတင်သည်မှာ (၂၉-၅-... ဖြစ်၍၊ ယခု မေလ ၂၉ရက်(၂၀၁၄)ဆိုလျှင် ...နှစ်... ဖြစ်ပါသည်။ မူလတန်းမှ အလယ်တန်းအဆင့်သို့လည်း ...


www.burmeseclassic.com

www.burmeseclassic.com














...င်းသစ် သင်ကြားပေးနိုင်ရန် မျှော်မှန်းထားပါသည်။ ကလေး...မ်များကို နေ့စဉ် စာသင်ချိန်မတိုင်မီ ၁၅မိနစ် တရားရှုမှတ်...ခြင်း၊ အဖိတ်နေ့တိုင်း ဘာသာရေးသင်တန်းများနှင့် နွေ...သီ ယဉ်ကျေးလိမ္မာသင်တန်းများ တက်ရောက်စေခြင်း၊ ...ကြီးတွေကိုလည်း ယဉ်ကျေးမှုသင်တန်းဖွင့်ပေးဖို့ လိုနေ... ကလေးတရားစခန်း ရက်တိုသင်တန်းများ ပေးခြင်းဖြင့် ...ဘာသာ...ရားနှင့် ရင်းနှီးထိတွေ့စေပါသည်။ တကယ်တော့ ...တော်၏ ရည်ရွယ်ချက်မှာ "အနာဂတ်ကို ပိုင်ဆိုင်သော ...လေးများ၏ ပညာရေးကို ဝိုင်းဝန်းကူညီပံ့ပိုးကြပါစို့" ဟူ၍



www.burmeseclassic.com

www.burmeseclassic.com





ဖြစ်သည်။ ငယ်စဉ်က မယဉ်ကျေးလျှင်၊ ပညာမတတ်လျှင် ကြီးမှ သင်ရ ခက်သည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျောင်းသားဦးရေ (၄၃၅)ယောက် လက်ခံထားရှိပါသည်။ ကျောင်းသူ၊ ကျောင်းသားများအတွက် စားဝတ်နေရေး၊ ကျောင်းဝတ်စုံ၊ ဖိနပ်၊ ထီး၊ မိုးကာ နှစ်စဉ် တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အခက်အခဲများကြားမှ ငွေပင်ငွေရင်း ကျောထောက် နောက်ခံ အားနည်းသော်လည်း ပရဟိတလုပ်ငန်း၊ လူမှုရေး လုပ်ငန်း စိတ်ဝင်စားသော ဒကာ၊ ဒကာမများ၏ ပံ့ပိုးလှူဒါန်း မှုများဖြင့် ခက်ခဲစွာ ရပ်တည်လျက် ရှိပါသည်။ တိုးတက် များပြားလာသော ကျောင်းသားဦးရေတို့အတွက် လုံလောက် သော အဆောက်အအုံနှင့် ပရိဘောဂများ ပြည့်စုံမှု မရှိသေး သော်လည်း၊ မပြတ် သင်ကြားနိုင်ရေးအတွက် ယာယီ ကျောင်းဆောင်များဖြင့်ပါ အောင်မြင်အောင် ကြိုးပမ်းလျက် ရှိပါသည်။ စာသင်ဆောင်၊ နားနေဆောင်၊ ရေကန်၊ သန့်စင် ခန်း၊ ရေသန့် အမှိုက်ပုံးနှစ်မျိုး(မြေဩဇာဖြစ်သော အမှိုက်ပုံး နှင့် မဖြစ်သော အမှိုက်ပုံး)၊ စာကြည့်တိုက်နှင့် ကွန်ပျူတာ ခန်းလည်း တွေ့ရှိရသည်။ မဝေးသော ကာလတွင်လည်း အလယ်တန်းအဆင့်သို့ တိုးချဲ့ကာ ကျောင်းဆောင်သစ်ကြီး များဖြင့် သင်ကြားပေးနိုင်မည်ဟု ရည်ရွယ်ထားသည်။

ဆရာတော်မှ နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်း ရှင် သီလရှင်ဝတ်ရခြင်း၊ ပညာသင်၊ တရားစခန်းဖွင့်ပေးရခြ ဦးတည်ချက် (၅)ရပ်ရှိကြောင်း မိန့်ဆိုပါသည်။

(၁) ပညာဉာဏ်မျက်စိ အလင်းရရေး(စာမတတ်သူ ပပျောက်ရေး)။

(၂) ဗုဒ္ဓအဆုံးအမနှင့် ရင်းနှီးထိတွေ့ပြီး ယဉ်ကျေ သိမ်မွေ့ကာ တည်ငြိမ်အေးချမ်းသော လူ့ဘော ကို လျှောက်လှမ်းနိုင်ရေး။

(၃) လူ့တန်ဖိုးနှင့် ကျေးဇူးတရားကို နားလည်သဘော ပေါက်စေရေး။

(၄) သာသနာ့အာဇာနည် မျိုးဆက်သစ်များ ပေါ်ထွ လာရေး။

(၅) နိုင်ငံ့အကျိုးပြု သားကောင်း၊ သမီးကောင်း မွေးထုတ်ပေးနိုင်ရေးဟူသော ဦးတည်ချက် ၅ ဖြစ်သည်။

**ရည်မှန်းချက်**

စတုတ္ထတန်းအောင်မြင်ပြီးသည့် ကလေးများကို နှ သာသနာ့ဘောင်သွတ်သွင်းသည့် သီလရှင်(သိက္ခာရှင်)









www.burmeseclassic.com

www.burmeseclassic.com





၂၀၁၀ ခုနှစ်တွင် ကွန်ပျူတာသင်တန်း စတင်ဖွင့်လှစ်ပေးသည်။ ဆေးရုံ၊ ဆေးခန်း၊ ဆေးရုံကားလည်း စီစဉ်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးသည်။ ယနေ့ကဆုန်လပြည့်နေ့တွင် လာရောက် လှူဒါန်းသော ဒေါ်အောင်မေညွှန့်အား အင်တာဗျူးကြည့်ရာ လွန်ခဲ့သော ၆လကျော်ခန့်က ပန်းဖလက်စာရွက်တစ်ရွက်ရရှိပြီး လှူလိုသောစိတ်ဖြစ်ပေါ်လာကြောင်း၊ ထို့ကြောင့် ဦးလှရွှေ၏ လေကြောင်းပညာသင်တန်းမှ ရရှိသော ဉာဏ်ပူဇော်ခ ငွေများကို ၆လစုဆောင်းပြီး၊ ယခုကဲ့သို့ သိက္ခာထပ်၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူ လာရောက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။

အလှူရှင်မိသားစုမှ ယခုလို ပရဟိတ ဖွံ့ဖြိုးနေသောကျောင်းသို့ လာရောက်လှူဒါန်းရသောကြောင့် ပီတိဖြစ်နေပါသည်။

ဤ ဝေဠုဝန် ဘုန်းတော်ကြီးသင် ပညာရေး ပရဟိတကျောင်းတွင် ဆရာတော် အရှင်ပညောဘာသ(ပန်းပိုးလက်) ဦးဆောင်၍ မရှိနွမ်းပါးသော ကလေးငယ် (၄၃၅)ယောက်တို့အား ပညာသင်ကြားပေးနေခြင်း၊ ဆယ်တန်းအောင်နှင့် ဘွဲ့ရလူငယ်များအား ကွန်ပျူတာနှင့် ဘာသာရေးလူငယ် ဖွံ့ဖြိုးရေးသင်တန်းများ သင်ကြားပေးနေခြင်း၊ အင်္ဂလိပ်စာသင်တန်း


…င့် ရှင်သာမဏေပြုပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်…ီး လူဝတ်မလဲသော သိက္ခာရှင်၊ သာမဏေများကို သင့်…တ်ရာ စာသင်တိုက်များသို့ ပို့၍ ဦးတည်ချက် နံပါတ်(၄)…ရ ပညာသင်စရိတ် ထောက်ပံ့ လှူဒါန်းသွားပါမည်။

အရည်အသွေး ထူးချွန်ထက်မြက်သည့် ကျောင်းသား…ောင်းသူများအား အလယ်တန်း၊ အထက်တန်းမှသည်…ည်အထိ ဦးတည်ချက်နံပါတ်(၅)အရ ထောက်ပံ့ပေး…ပါမည်။

**…တ်စေတနာ၊ မြွတ်ဒါန**

၂၀၁၃ ပညာသင်နှစ်၌ ဆရာ၊ ဆရာမ ၁၃ဦးအတွက် …တာလှူဒါန်းခြင်း၊ ထူးချွန် ကလေးများအတွက် ထောက်ပံ့ …ဒါန်းလိုသည့် အလှူရှင်များလည်း လိုအပ်နေပါသည်။ …ဉ့်တိုးပွားလျက်ရှိသော လိုအပ်ချက်များကို ဖြည့်ဆည်း…န် မလွယ်ကူလှသော်လည်း ကျောင်းအုပ်ဆရာတော် …င်ပညောဘာသအနေဖြင့် မလျှော့သော ဇွဲလုံ့လဖြင့် …တားရပ်တည်လျက် ရှိနေချိန်တွင် စေတနာရှင်၊ ပါရမီရှင် …အနေဖြင့် မြွတ်စေတနာဖြင့် တတ်စွမ်းသမျှ ဒါနပြုနိုင်ပါ…ကြောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ နှိုးဆော်အပ်ပါ…သည်။








www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပေးခြင်း၊ ဘာသာပေါင်းစုံ လူငယ်များ၏ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဓမ္မစကူးလ်ကျောင်း ဖွင့်လှစ်သင်တန်းပေးခြင်း၊ ကျန်းမာရေးအသိပညာဆွေးနွေးပွဲများ ကျင်းပပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် စိတ်ထားဖြူစင် သွေးလှူရှင်အသင်းကို ဖွဲ့စည်းထားရှိခြင်း၊ စာနာသူ နာရေးကူညီမှုအသင်းကို ဖွဲ့စည်းခြင်း၊ ကျေးလက်လမ်းမကြီး ဖောက်လုပ်ပြုပြင်ထိန်းသိမ်းခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းစနစ်များ သင်ကြားပို့ချပေးခြင်းနှင့် ၁၆ ကေရှိ ရက္ခဗေဒနှင့် ငြိမ်းချမ်းရေးဥယျာဉ်တည်ဆောက် ထိန်းသိမ်းနေခြင်း (ယခု ကေ ၂၀ ကျော်ရှိနေပါပြီ) တို့အပြင် ဘန်ဂလို ၁၀လုံးလည်း ဆောက်ပြီးဖြစ်ပါသည်။ တရားထိုင်၊ စာရေး၊ စာဖတ်လိုသူများ အချိန်မရွေး လာရောက်ရန် ဆရာတော်မှ ဖိတ်ခေါ်ပါသည်။

သဘာဝ မြေဩဇာနှင့် စိုက်ပျိုးရေးနည်းစနစ်များ လက်တွေ့ သင်ကြားပို့ချ စိုက်ပျိုးနေခြင်း (သဘာဝ မြေဩဇာနှင့် စိုက်ထားသော သီးနှံများဖြင့် ဧည့်သည်များကို ကျွေးမွေးဧည့်ခံသည်)၊ အခမဲ့ အာယုဒါန ဆေးပေးခန်းဖွင့်လှစ်ထားရှိပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဆေးရုံတစ်ရုံလည်း တည်ဆောက်နေပါသည်။ ဘုရားစေတီလည်း တည်ထား ကိုးကွယ်သည်။ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်းရန် စီစဉ်ထားသည်။

နံနက် ၁၁နာရီတွင် သံဃာတော် အရှင်သူမြတ်များ ရှင်သာမဏေ၊ သီလရှင်၊ ယောဂီများကို နေ့ဆွမ်းဆက်ကပ်သည်။ ဆွမ်းစား ဓမ္မာရုံတွင် ညီညာစွာ ထိုင်ပြီး အလှူရှင်ကို မေတ္တာပို့ပြီးမှ ဆွမ်းဘုဉ်းကြသည်။

ကျောက်တန်းရွာ၊ ဝေဠုဝန် ဘုန်းတော်ကြီးသင် ပညာရေး ပရဟိတကျောင်း၏ ဆောင်ရွက်မှုများမှာ မုဒိတာပွားစရာများ ဖြစ်နေပါသည်။

ဆရာတော်သည် မည်သည့်အတွက်ဟု အကြောင်းကြောင်းကာ အလှူခံခြင်း မပြုပေ။ ပါရမီရှင်များကိုယ်တိုင် လေ့လာ၍ လိုအပ်သောနေရာသို့ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။ တစ်နည်းအားဖြင့် အလှူရှင်နှင့် လိုအပ်သောနေရာ (လူ၏ အကျိုးရှိအောင်)ကို ဆရာတော်မှ ကူညီဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

ဆရာတော်နှင့် ဆက်သွယ်လိုပါက apnbt 65 @ gmail.com, w.w.w. Face book. com/page Pann-Pye-Let. ဝေဠုဝန် ဘုန်းတော်ကြီးသင် ပညာရေး ပရဟိတကျောင်း၊ ကျောက်တန်းရွာ၊ ပဲခူးမြို့နယ်။ ဖုန်း ၀၅၂-၄၉၄၅၀၆၁၁(ရုံး)၊ ၀၉-၄၉၂၂၉၅၁၀၊ ၀၉-၅၁၂၂၆၄၁ သို့ ဆက်သွယ်နိုင်ပါသည်။

လူတစ်ဦးမွေးသည်မှ သေဆုံးသည်အထိ တာဝန်ယူ ဆောင်ရွက်ပေးနေသော ပရဟိတ(ပန်းပျိုးလက်)ဖြစ်သည်။ ပရဟိတစိတ်သည် မြင့်မြတ်သောစိတ်လည်း ဖြစ်သည်။

ဤနိုင်ငံ၊ ဤနယ်မြေမှာ မွေးဖွားသော မည်သည့် လူမျိုးမဆို မိမိနယ်မြေပတ်ဝန်းကျင်ကို ကောင်းကျိုးရှိအောင် ပြုလုပ်ပေးဖို့ အဓိက အရေးကြီးပါသည်။ လူမျိုး ဘာသာ၊ အသွေးအရောင် ခွဲခြားဆက်ဆံခြင်းမပြုဘဲ နိုင်ငံနှင့် နိုင်ငံသားအားလုံး အနာဂတ် မြန်မာနိုင်ငံတော် ကောင်းကျိုး အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော် လိုက်ရပါသည် ■

* * *

မင်းထက်ကျော်(B.Sc)



www.burmeseclassic.com

အောင်မြင်မှုနှင့် တစ်နှစ်သက်တမ်းပြည့်

www.burmeseclassic.com

# ဆဋ္ဌမအာရုံ

မဂ္ဂဇင်း




ဆဋ္ဌမအာရုံမဂ္ဂဇင်းသည် တစ်နှစ်သက်တမ်းပြည့်ပါပြီ။

…စဉ်တစိုက်ဖတ်ရှုသော ပရိသတ်များ၏အားပေးမှုကြောင့် အောင်မြင်မှုမှတ်တိုင်ကို …ိုက်ထူနိုင်ခဲ့ပါပြီ။

…ပါသောကြောင့် ဆဋ္ဌမအာရုံမဂ္ဂဇင်းနှင့်အတူ ဆဋ္ဌမအာရုံစာပေတိုက်မှ ဆက်လက်ပြီး …အတွက် တစ်အုပ်ထက်တစ်အုပ် ပိုမိုကောင်းမွန်သောစာအုပ်များကို ထုတ်ဝေဖြန့်ချိ …ည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆဋ္ဌမအာရုံစာပေတိုက်

…မှတ်(၁၇၀-၁၇၂)၊ လမ်း(၅၀) အထက်၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

…- ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉ ၃၁ ၉၀၆ ၁၀၇။



















www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

“ဆရာကြီးတို့ ဘယ်တော့ ဝင် ...င်တာပ”

“ဒီ မဒန်ယန်အောက် လျှိုကြီး ... ဆင်းမယ် ဦးလဘန်လ”

“ရော်...ဒါဆို နတ်ဆိုးတော ...အေး။ ဒေသအခေါ် အင်ဘာကောင်း ...အေး။ ကျွန်တော် အဲဒီလျှိုထဲ ဆင်းဖူး ...တာပ”

“သားကောင်တွေ ပေါတယ် ...ားလို့”

“ပေါတာပအေး။ တောဝက်တွေ ...တော့ ကျား၊ ကျားသစ်တွေ စားတာ ... မှိုမတုံးပအေး။ ဝက်ဆိုတာ သုံးလ ...စ်သားဆို ခြောက်ကောင်အထက် ...က်ပွားနေတာပနော့။ တစ်ခါပေါက် ...ခြောက်ကောင်ထဲမှာ အမတစ်ဝက်၊ ...ထီးတစ်ဝက်။ ဒရယ်လည်း ပေါမှ ... ချေတွေနဲ့အတူ ရှိသေးတာပ။ ...တူ၊ ဝက်တူလည်း ပေါများတာပ။ ...တ်ကြီးတွေလည်း ရှိတာပနော့။ ...စ်ခါတစ်ခါ တောဆင်ရိုင်းအုပ်ပါ ရှိ ...တ်တာပ။ အစာပေါတယ်။ ဆား ...င်းလည်း ရှိတယ်။ ရေအိုင်တွေက ...လည်း မခန်းပအေး။ ငှက်လည်း ...တာ (ငှက်ဆိုသည်မှာ ငှက်ဖျားကို ...ဆိုလို၏။)”

မဒန်ဟန်ရွာသား။ တစ်ချိန်က ...ကြီး။ လက်ကျိုးပြီးသည့်နောက် ...ဘဝကို စွန့်လွှတ်လိုက်ရသူ။ သို့ ...သော် သူ၏ သားဖြစ်သူ ကိုလဘန်ဂမ် ... မုဆိုးဆက်လုပ်နေ၏။ နှစ်လုံးပြူး ... ဖခင်၏ လက်ထက်မှစ၍ လိုင်စင် ... ဆက်လက်ကိုင်ဆောင်၏။ ...လဘန်ဂမ်သည် မသိလျှင် ရှမ်းတိုင်း ...သားဟုပင် ထင်ရအောင် အသားဖြူ ... ချော၏။ ဗန်းမော်တွင် ကိုးတန်း ...အောင်ပြီးနောက် ကျောင်းဆက်မတက်

တော့။ သူ့ဖခင် ဦးလဘန်လ လက်ကျိုးသောအခါ တောင်ယာလည်း လုပ်၊ မုဆိုးလည်း ဖြစ်။ ရသမျှ သားကောင်များအား မံစီမြို့ ဈေးတွင် ညီမဖြစ်သူ မကော့မှ သွားရောင်းချ၏။ တစ်ခုတော့ ရှိသည်။ တစ်ပတ် တစ်ကြိမ်ဈေးပတ်နေ့တိုင်းတော့ သားကောင် မရခဲ့။

ကိုလဘန်ဂမ်သည် သူ၏ ဖခင်ကြီး စကားနားထောင်ပြီး အင်ဘာကောင်းလျှိုထဲသို့ တောပစ်မထွက်။ မဒန်ယန်အထက် ခါပရာမြောက်ဘက် ပါချိုတောင်ထိပ်နှင့် တောင်ခြေဒေသတွေ၊ တောင်ကြော၊ ကိုက်ထိန်အတက်လမ်းမှ ၂ဝမိုင်အထိ လျှိုတွေ၊ တောင်စောင်းတွေမှာ တောပစ်၏။ တစ်ခါတစ်ရံ သူတို့အခင်းတွေရှိရာ ပြောင်းခင်းဘက်လာသည့် ဒရယ်၊ ကစွန်၊ ဖရုံသီးတွေ လာစားသော တောဝက်အုပ်တွေကို ပစ်ခတ်လေသည်။

“ကိုလဘန်ဂမ်...လိုက်မယ်နော်”

“လိုက်တာပအေး။ အဝှား (အဖေ)...ဆရာကြီးတို့နဲ့ လမ်းပြလိုက်တာပနော”

“ကောင်းတာပ။ သတိထားတာပအေး။ နတ်ဆိုးတောပ၊ တောကြမ်းလျှိုကြမ်းပ။ သူတို့ လှည့်စားတာ မခံရအောင် သတိထားရမှာပ ဆရာကြီး။ ဒီအင်ဘာကောင်းဟာ နာမည်ကြီးလျှိုပ။ ဆရာကြီးတို့ လက်နက်ကောင်းတော့ နိုင်မှာပ”

“ဗျာ...နိုင်မယ်ဆိုတာ”

“တောက လှည့်စားတာပ။ ရှမ်းပိုင်းကတော့ မာယာတောလို့ ပြောကြခေါ်ကြတာပနော့။ အသံမျိုးစုံတာပ။ နာမည်လည်း ခေါ်တာပ။ လဘန်ဂမ်...နင်တို့ ဘယ်နှယောက်လိုက်မှာပ”

“ငါးယောက်လိုက်မယ် အဝှား”

“ကောင်းတာပနော့။ ဝေးတော့ဝေး။ ဆရာကြီးတို့ကို အမြဲသတိပေးတာပ။ ပေါ့လို့ မရ။ နတ်ဆိုးတွေ နေတဲ့ တောဆိုတာ မမေ့ရင် နိုင်တာပ”

“စိတ်ချပါ အဝှား။ ဆရာကြီးတို့နဲ့အတူ လူမကွဲတဲ့ သတိထားမှာပနော့”

“အင်း...ကောင်းတာပ၊ ကောင်းတာပ”

ကျွန်တော်တို့က သုံးယောက်၊ မဒန်ယန်ရွာသားက ငါးယောက်၊ စုစုပေါင်း လူ ရှစ်ယောက်။ နှစ်ရက်စာ ရိက္ခာများနှင့်အတူ မဒန်ယန်ရွာမှ မွန်းလွဲ ၂နာရီတိတိတွင် ထွက်ခဲ့ကြ၏။

◈◈◈

ရွာ၏ အနောက်တောင် လျှိုကြီးအား တောလည်း နက်၏။ အဆင်းသက်သက်။ တစ်ခုတော့ ရှိ၏။ လျှိုဆိုသော်လည်း ကျွန်တော် မေမြို့ရှိ တပ်မတော်ပညာရေးကျောင်း မြေပုံနည်းပြသင်တန်းတက်ရောက်စဥ်က သင်ကြားခဲ့ဖူးသော တောင်အမျိုးအစားလေးမျိုးရှိ၏။ ပြေ၊ စောက်၊ ခုံး၊ ခွက် ဟူသော အမှတ်အသား သတ်မှတ်ချက်အရ ယခု မဒန်ယန်ရွာမှာအထွက် အင်ဘာကောင်းတောင်မှာ ပြေပြစ်သော တောင်ဖြစ်လေ၏။ သို့အတွက် လျှိုထဲသို့ ဆင်းသောအခါ သိပ်ခက်ခက်ခဲခဲတော့ မရှိ၊ အောက်ခြေရှုပ်သလို အပင်ကြီး(ကျွန်း၊ အင်၊ ကညင်)တွေ ပေါက်ရောက်နေသော တောနက်ကြီး။

ဆင်းခါစမို့ တော၏ သဘာဝအတိုင်း ကျေးငှက်သာရကာသံများအပြင် တောမျောက်တွေရဲ့ အသံလည်း ကြားရ၏။ ရံဖန်ရံခါ ချေဟောက်သံလည်း အောက်ဘက်မှ ကြားရ၍ မုဆိုးပီပီ ဝမ်းသာကြသည်ဆိုရင်တော့ မမှားပါ။

ရှေ့ဆုံး ပွိုင့်ထွက်သော လျှပ်တစ်ပြက် တင်မြတ်နှင့်အတူ ကိုလဘန်ဂမ်၏ ညာလက်ရုံး မုဆိုး ကိုဇော်ဆိုင်းသည်လည်း တူမီးကိုင်၏။ သူ့တူမီးကား

www.burmeseclassic.com

သားကောင်ကြီးပစ်သော တူမီးမျိုး။ ဗလလည်း ကောင်း၊ သတ္တိလည်း ကောင်းပြီး မုဆိုးပီသသော နားပါး၊ မျက်စိရှင်၊ အနံ့ခံလည်း ကောင်းမှကောင်း။

"ဆရာ ကိုတင်မြတ်···အင်ဘာ ကောင်းတောင်လှ၍ စ,တာပနော်"

"ဟုတ်လား၊ ဘယ်လိုမှတ်ထားတာလဲဗျ"

"ဒါကို မှတ်ထားတာပ"

တင်မြတ်အား ကျောက်တောင်ဘေးရှိ ကျောက်တုံးကြီးအား ထိုးပြ၏။

"ဒီကျောက်တုံးရဲ့ ပုံက သေသေချာချာကြည့်ရင် နတ်ဆိုးပုံ ပေါ်တာပ။ လဘန်ဂမ်ရဲ့ အတုအပြောတာပ။ ဗမာတွေပြောတဲ့ နတ်ဘီလူးဆိုတာလေ။ ဒီမှာ မျက်လုံးကြီးနှစ်လုံး၊ ဒါက အစွယ်တွေ၊ သွားတွေပအေး"

"အေးဗျ၊ ဘီလူးမျက်နှာ···အယ် ဦးခေါင်းပုံဗျနော့်"

"ဒါပ···ဒါပ။ ဒါကြောင့် နတ်ဆိုးတောလို့ ခေါ်တာပ။ ရော်···မေ့တာပ။ ကိုတင်မြတ် သတိထားမိလား။ ခု ဘာ ငှက်သံ၊ မျောက်သံ၊ ချေသံ ကြားသေးလား၊ နားထောင်ကြည့်"

ဟုတ်ပါသည်။ ထိုသူတို့ သတ်မှတ်ထားသော နတ်ဆိုးတောရောက်သည်နှင့် တောပျော် ကျေးငှက်သာရကာသံ လုံး၀ မကြားရတော့။ တောပျော်ကျေးငှက်သာမက၊ လေဝေ့သံ တိုက်ခတ်သံ၊ ရွက်ခြောက်ကြွေသံပင် မကြားရတော့။ တိတ်ဆိတ်လွန်းသော တောအဖြစ်သို့ တစ်ဖြစ်ပြောင်းလဲသွားလေပြီ။

"ဟုတ်ပဗျာ။ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်တို့က တောပစ် မုဆိုးလေ။ သားကောင်ပစ်ရရင် ကျေနပ်ပါပြီဗျ"

"ရော်···ဟုတ်တော့ ဟုတ်တာပ။ ဒါပေမယ့် ဒီတောဟာ နတ်ဆိုးတောဆိုတာတော့ သတိထားရမှာပအေး"

"ဟုတ်တာပေါ့ဗျာ"

တိတ်ဆိတ်မှုသည် ညနေစောင်းမှ ယခု မိုးချုပ် နေဝင်ဖြစ်လင့်ကစား၊ ဆက်လက် တိတ်ဆိတ်မြဲ။ ကျွန်တော်နှင့် တင်မြတ်လည်း မိုးကျော်အောင် ဘာတွေ စဉ်းစားနေသည်ကို ကြည့်ရင်း မိုးကျော်အောင်မှာ တစ်ယောက်တည်း တစ်ခါတစ်ခါ ပွစိပွစိလုပ်နေသည်ကို တွေ့ရ၏။ ကျွန်တော် ပြုံးလိုက်မိသည်။

ညသည် နက်သထက် နက်လာသော်လည်း သားကောင်တစ်ကောင် တစ်မြီးမှ ထွက်မလာ။ လက်မှ နာရီအား ကြည့်လိုက်တော့ ၁၁နာရီခွဲတိတိ။

"ရော်···မီးတုတ်တွေပအေး"

"ဟုတ်တာပ၊ လူတွေ များတာပ"

"ရှမ်းကြီးတွေပ။ မိန်းမတွေလည်း ပါတာပ"

"ရော်···ကလေးတွေလည်း ပါတာပ။ ဘယ်သွားကြတာပ။ မီးတုတ်တွေ အများကြီးပအေး"

ကျွန်တော်တို့သုံးယောက်လည်း တွေ့နေရ၏။ ဟုတ်ပါသည်။ ရှမ်းလူမျိုး ခေါင်းပေါင်းကြီးတွေနှင့် မိန်းကလေးတွေပါ တော်တော်များ၏။ လူ ၂၀ အထက်ရှိလေမည်။ သူတို့သည် အနောက်ဘက်မှ အရှေ့ဘက်သို့ လျှိုဘေးအတိုင်း သွားနေကြ၏။ ကျွန်တော်တို့နှင့် ကိုက်တစ်ရာထက် ကျော်မည် မထင်။

ညနေက ပတ်ဝန်းကျင်ကို သေသေချာချာ လေ့လာခဲ့၏။ ရွာလည်း မရှိ။ လူလည်း တစ်ဦးတစ်ယောက်မျှ မရှိ။ သို့အတွက် ကျွန်တော်တို့ သုံးယောက် တွေဝေနေခိုက် ရွာသားတစ်ဦးထံမှ အသံကြောင့် သူ လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်သောအခါ ထိုလူအုပ် သွားနေသည့် ခပ်လှမ်းလှမ်းမှာကား မပီမသ တွေ့ရသော ရှမ်းကပွဲ ဇာတ်ခုံဝယ် မီးရောင်တွေ ထိန်ထိန်နှင့် စည်ကားနေလေသည်။

ကျွန်တော့်အပါးသို့ တင်မြတ် တိုးလာသလို၊ မိုးကျော်အောင်ကပါ ကပ်လာပြီး ပြော၏။

"ဆရာကျော်···ကျွန်တော် သိ... မသင်္ကာဘူး"

"မိုးကျော်ကလည်းကွာ၊ ရှမ်း... နေလို့ပေါ့ကွ။ သားကောင်တွေ အ... မကြားရတာလည်း ဒါကြောင့် ... တယ်ကွ"

"မင်းတို့နှစ်ယောက်စလုံး... တာ နှစ်မျိုးရှိပေမယ့် စဉ်းစားစရာ... ငါလည်း မိုးကျော်ပြောသလို သိ... မသင်္ကာဘူး"

"ရော်···ဆရာကြီးပ၊ ရှမ်း... တွေ ရှိနေတာပ။ ကျွန်တော်သိ... ဒီလျှိုထဲမှာ ရှမ်းရွာမရှိပအေး"

"ဟုတ်ပြီ ထားလိုက်ဗျာ။ ... မပစ်ရတော့ မိုးလင်းရင် ပစ်ရမှာ..."

"လဘန်တို့လည်း ရှမ်းပွဲ... ကြည့်တာပ"

"ရော်···ဟုတ်တာပနော်"

"ကိုလဘန်ဂမ်ရေ···ရွာ... တွေကို ပွဲကြည့်ခွင့် မပြုပါနဲ့ဗျာ။ ... လည်း သိပ်နက်နေပြီလေ"

"ဟုတ်တာပ၊ မသွားရ၊ မ... ပနော့်"

"ရော်···ကြုံခဲတာပအေး"

"ခင်ဗျားတို့ ရွာသားတွေ ... တယ်လေ။ ဒီတောမှာ နတ်ဆိုး... တယ်၊ နတ်ဆိုးတောဆို"

"ဟုတ်တော့ ဟုတ်တ... တစ်ယောက်တည်း မသွား၊ အ... သွားတာပဆိုး"

"ကဲ - အားလုံးလည်း ခွင့်... ဘူး။ တစ်ယောက် နှစ်ယောက်... ခွင့်မပြုဘူး။ ဩော်···မေ့နေ... အားလုံး အဲဒီ ပွဲကတဲ့ နေ... သေသေချာချာမှတ်ထားကြပါ။ ... မပြောဘဲ အိပ်ချင်သူ အိပ်ကြ"

ကျွန်တော် ခပ်ပြုံးပြုံး... တော့မှ ရွာသားတွေ ငြိမ်သွား... ဒီ မဒန်ယန်ရွာသားတွေကား ...

www.burmeseclassic.com

ိုင်းရင်းသားတွေဖြစ်သော်လည်း ရှမ်းဘားကို ကောင်းစွာ တတ်ကြလေသည်။

"ဆရာကျော် • • •ရွာသားတွေတ်ပျက်သွားပြီထင်တယ်။ ခုချိန်ထိကျွန်တော်တို့ကို မနှောင့်ယှက်ပါဘူး"

"တင်မြတ်• • • မင်း ဘာသိလဲ။ နှောင့်ယှက်နေတယ်လေ။ တောနဲ့ မတူဘူးလေ။ သုသာန်တစ်စပြင်လို တိတ်တိတ်နေတာ တို့ကို အန္တရာယ်ပေးတာလို့ နေတာပဲ ငါ့ညီရဲ့"

"ဟုတ်တယ် တင်မြတ် ဧတုံး။ အဲဒီရှမ်းပွဲဆိုတာ မင်းယုံသလား။ ဆရာကျော်ပြောသလို မင်း အဲဒီနေရာကို သေသေချာချာမှတ်ထား။ မိုးလင်းရင် အကောင်အထည်ပေါ်လိမ့်မယ်"

"ဟင် • • • ဒါဆို"

"တင်မြတ် • • •တိတ်တိတ်နေတော့"

ကျွန်တော်နှင့် မိုးကျော်အောင်၏ ဘားကြောင့် တင်မြတ်တစ်ယောက် တွေတွေဝေဝေဖြစ်ပြီး ထိုပွဲဘက်သို့ စိုက်ကြည့်နေပြီးနောက် သူပြောလာသည်မှာ • • •

"ဒါဆို ထူးဆန်းတာပေါ့နော်"

ပွဲသွားကြည့်ချင်ပါသည်ဆိုသော ရွာသားသုံးယောက်မှာ အိပ်ပျော်နေကြပြီ။ အိပ်မက်ထဲမှာပဲ ပွဲကြည့်နေကြသည်လား မသိ။ ကိုလဘန်ဂမ်နှင့် ဂေါ်ဆိုင်းကား မအိပ်။ ကျွန်တော်တို့ကို အားနာ၍လားမသိ၊ ကချင်အရက်ကို တစ်ငုံစီ ငုံရင်း ပွဲဘက်သို့ ငေးနေကြ၏။

◈◈◈

မိုးလင်းပိုင်း တစ်နာရီကျော်သည် နှင့် အပင်ထိပ်ဖျားရှိ မြူများသည် နှင်း ဖိအားကြောင့် အောက်သို့ နိမ့်ဆင်းလာသလို၊ နှင်းပေါက်များသည်လည်း ပွဲလေးများပမာ ကျလာသဖြင့် ပွဲကနေမှုကိုပင် မမြင်ရတော့။

နံနက် ၅နာရီကျော်ကျော်တွင် တော၏ အသံဗလံများ ကြားရလေပြီ။ လေဝေ့သံ၊ တောကြက်တွန်သံ၊ ကြက်တူရွေးသံများနှင့်အတူ ချေတစ်ကောင် ပြေးထွက်လာပြီးနောက် တဖူးဖူးနှင့် အသံကြီးကြားရ၏။

"ဖူး • • • ဖူး • • • ဖူး • • •"

"ဆရာကျော် • • •ကျွန်တော်တို့ဘက် ရောက်လာပြီ"

"အေး တော သဘောကောင်းပါတယ် • • •ဟဲဟဲ"

ကျွန်တော် ရယ်ကျဲကျဲပြောနေသည့်အခိုက် ကျွန်တော်တို့နှင့် ၄၀ ၃၀ ခန့်အကွာမှ အကောင်ကြီး တိုးထွက်လာသလို၊ သူ၏ နောက်မှာ တောဝက်ကြီး လေးကောင်။ နှစ်ကောင်က အထီး၊ နှစ်ကောင်က အမတွေကြောင့် • • •

"ငါ ဆတ်ပစ်မယ်။ မင်းတို့ နှစ်ယောက် တောဝက်အထီးနှစ်ကောင်ကို ပစ်"

"ဟုတ်ကဲ့၊ အသင့်ပဲ ဆရာကျော်"

"ကဲ • • •တစ်၊ နှစ်၊ သုံး • • • ပစ်"

"ဒိုင်း • • • ဒိုင်း • • • ဒိုင်း"

"ဝူး • • • ဝူး • • • အီး • • • အီး • • • ဝုန်း • • • ဝူ • • • ဖြောင်း • • • ရှူး • • • ရှူး"

ဆတ်ကြီး ထခုန်ရင်း အောက်ဘက်သို့ လဲအကျ၊ တောဝက်ထီးကြီးနှစ်ကောင်သည် ထိမှန်မှုနှင့်အတူ မီးနိုကြွက်လျှောက် ပြေးတက်ပါသော်လည်း ကျွန်တော်တို့ရှေ့ရှိ တောင်စောင်း ကျောက်တုံးကြီးတွေနှင့် တိုက်မိပြီး လဲကျသွားကြလေပြီ။

ရွာသားသုံးယောက် လန့်နိုးပြီး ပြူးတူး ကြောင်တောင် မင်တက်မိနေကြ၏။ ဘာကောင်ပစ်မှန်း မသိသော်လည်း အောက်ဘက် ကျောက်တုံးဘေးတွင် တရှူးရှူးဖြင့် အသက်ငင်နေသော တောဝက်ကြီးတွေကို မြင်ပြီး အံ့ဩနေကြ၏။ မိုးလည်း လင်းပါပြီ။

"ကဲ - မိုးကျော်နဲ့ ရွာသား နှစ်ယောက်၊ ဝက်တွေ တုပ်ကြ။ ငါနဲ့ ငါးယောက်က ဆတ်သွားကောက်မယ်"

"ဟုတ်ကဲ့ ဆရာကျော်"

ကျွန်တော်တို့အားလုံး ဆတ်တစ်ကောင်၊ တောဝက် နှစ်ကောင်အား စုရပ်သို့ သယ်ယူပြီးနောက် ရွာသားတွေအား ကျွန်တော် ပြောပြလိုက်၏။

"ညက ပွဲကတာရယ်၊ မီးတုတ်နဲ့ လူတွေ၊ ခင်ဗျားတို့ပြောတဲ့ ရှမ်းကြီးတွေဆိုတာ လူမဟုတ်ဘူးဗျ။ အဲဒါ မကောင်းဆိုးဝါး ကျတ်ကောင်တွေဗျ။ ပွဲကတဲ့ နေရာဟာ ကျတ်တီးကုန်းပဲ။ ကျတ်တီးကုန်းဆိုတာ သူတို့ရဲ့ ကျေးရွာကြီးပေါ့။ လူတွေကို အမြလှည့်စားနိုင်တဲ့ အစွမ်းရှိကြတယ်။ ခု မိုးလင်းပြီ။ ညက ပွဲနေရာမှာ ဘာတွေ့လဲ၊ ဇာတ်ခုံတို့၊ လူတို့တွေ မရှိကြတော့ဘူး။ အဲဒီနေရာက မြေဆိုးပဲ။ သွားကြည့်ချင်ရင် သွားကြည့်ကြလေ။ မဝေးပါဘူး။ ခင်ဗျားတို့ ညက ပွဲကတယ်သာ ဆိုတယ်၊ ဆိုင်းသံကြားလား။ ရှမ်းပွဲဆိုရင် ရှမ်းတယောသံရော ကြားလား။ ဆိုသံ ငိုသံကြားလား။ မှတ်ထားကြပါ။ ဒါ့ကြောင့် ကိုလဘန်ဂမ်ရဲ့ အတားက ပြောတာပေါ့။ ဒီတောဟာ နတ်ဆိုးတော ဆိုတာလေ။ ကဲ - စိတ်အေးလက်အေး သားကောင်ထမ်းပြီး ပြန်ကြစို့။ အင်း • • ကျတ်တီးကုန်းဆိုတာ နတ်ဆိုးတောလို့ပဲ မှတ်သားလိုက်ကြပါတော့"

ကျွန်တော့်စကားအဆုံးမှာတော့ သားကောင်တွေ ထမ်းပြီး လာလမ်းအတိုင်း မဒန်ယန်ရွာဘက်သို့ ပြန်တက်ခဲ့ကြပါတော့သတည်း ■

* * *

မင်းခဲကျော်


www.burmeseclassic.com

www.burmeseclassic.com



# နေထီးဆောင်းနိမိတ်နှင့် မင်းလောင်းပေါ်မည့် မြန်မာပြည်

ဦးဇေယျာကို (နက္ခတ်သိပ္ပံ)

နက္ခတ်သိပ္ပံပညာရပ်နယ်ပယ်အတွင်း ဂြိုဟ်နက္ခတ်ဖြစ်စဉ်များဖြင့် ဟောကိန်းထုတ်ကြရာ၌ ကောင်းကင်၌ ဖြစ်ပေါ်လာသော ဂြိုဟ်ပူးယှဉ်စစ်ထိုးမှု၊ ဂြိုဟ်အမြင့်ရှိမှု၊ ဂြိုဟ်တို့၏ ရွေ့လျားပြောင်းလဲမှု၊ နေကြတ် လကြတ်မှုဖြစ်ခဉ်များအပြင် ကောင်းကင်နိမိတ်များဖြစ်သည့် နေထီးဆောင်းခြင်း၊ လ ခမောက်ဆောင်းခြင်း၊ ကြယ်တံခွန်မြင်တွေ့ရခြင်း၊ ဥက္ကာပျံခဲများ ကြွေကျခြင်းဖြစ်စဉ်များကိုလည်း ထည့်သွင်းစဉ်းစား တွက်ချက်ကြရပေသည်။ အထူးသဖြင့် ကောင်းကင်မှ ဖြစ်ပေါ်လာသော နိမိတ်များသည် နက္ခတ်သိပ္ပံပညာဖြင့် ကြိုတင်တွက်ချက်၍ မရနိုင်ခြင်းကြောင့် နိမိတ်ကို နက္ခတ်သိပ္ပံပညာဖြင့် ယှဉ်တွဲ၍ ကြိုတင်တွက်ဆနိုင်ရန် အထူးလိုအပ်လှပေသည်။ ကောင်းကင်နိမိတ်များစွာအနက်မှ နေထီးဆောင်းမှု နိမိတ်သည် အထူးသတိပြုရမည့် နိမိတ်လက္ခဏာဖြစ်ပြီး တနင်္ဂနွေဂြိုဟ်ခေါ် နေမင်းသည် ကောင်းကင်စကြဝဠာ၌ ပင်းကေရာ ဂြိုဟ်တစ်လုံးဖြစ်သကဲ့သို့ တိုင်းပြည်နိုင်ငံများ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးအား ဦးစီးဦးဆောင်ပြုသော နိုင်ငံ့အကြီးအကဲခေါင်းဆောင် ဂြိုဟ်တစ်လုံးလည်း ဖြစ်နေပေသည်။ သို့အတွက်ကြောင့် နေထီးဆောင်းမှုဖြစ်စဉ်များသည် ဖြစ်စဉ် ဖြစ်ပေါ်သောအချိန်ကာလနှင့် ယှဉ်တွဲပြီး မြင်တွေ့ရသောနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုရှိနိုင်၊ မရှိနိုင်ကို အခြေအနေအား တွက်ချက် သုံးသပ်နိုင်ရန် အရေးကြီးလှပေသည်။ နေထီးဆောင်းသော ဖြစ်စဉ်များ ဖြစ်ပေါ်လာပါက မြင်တွေ့ရသော နိုင်ငံများ၌ အကျိုးသက်ရောက်မှု အနည်းနှင့် အများရှိနိုင်ကြောင်း ရှေးဟောင်းကျမ်းဂန်တွေမှာ ဖော်ပြထားပါသည်။ အထူးသဖြင့် နေထီးဆောင်းတဲ့ အချိန်ဟာ မွန်းလွဲချိန်အနီးနားမှာ ဖြစ်နေပါကပိုမိုအစွမ်းပြနိုင်လိမ့်မည်ဟု စာရေးသူအနေဖြင့် ထပ်ဆင့်သုံးသပ်မိပါသည်။ အဘယ့်ကြောင့် ဆိုသော် မွန်းတည့်ချိန်မှာ နေမင်းဟာ နိုင်ငံတစ်နိုင်ငံရဲ့ မွန်းတည့်ကောင်းကင်၊ တစ်နည်းအားဖြင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး ကောင်းကင်တွင် ရောက်ရှိနေခြင်းကြောင့် နက္ခတ်သိပ္ပံပညာရပ်အရ ကြည့်ရှုပါက နေမင်းရဲ့ စွမ်းအားအကောင်းဆုံးအချိန် ဖြစ်နေပေသည်။ ဇာတာခွင်အရ သုံးသပ်ပါက ဆယ်တန့်ဘာဝ၌ တနင်္ဂနွေဂြိုဟ် နေမင်းရှိနေသော အချိန်ကာလဖြစ်သည့် အတွက် နိုင်ငံရေး၊ အုပ်ချုပ်ရေးအပြောင်းအလဲများအား ရှေ့တန်းတင် ဟောပြောရပေလိမ့်မည်။

သို့သော်လည်း ဖြစ်စဉ်တွင် မြန်မာနိုင်ငံ၏ မွန်းမတည့်မီ အချိန်ကာလဖြစ်နေသည့်အတွက် အကျိုးသက်ရောက်မှု ရာခိုင်နှုန်းမှာ ၈၀ ရာခိုင်နှုန်းခန့်သာ ရှိနိုင်ပေသည်။ အဆိုပါ အချိန်ကာလ၌ တနင်္ဂနွေဂြိုဟ် နေမင်းသည် ထိုင်းနိုင်ငံ၏ မွန်းတည့်ကောင်းကင်အား ကျော်ဖြတ်နေသော အချိန်ကာလဖြစ်သည့်အတွက် ထိုင်းနိုင်ငံအတွက် ရာနှုန်းပြည့် အကျိုးသက် ရောက်မှုရှိနိုင်သောဖြစ်စဉ် ဖြစ်ပေသည်။ ထိုင်းနိုင်ငံတွင်လည်း အဆိုပါ နေထီးဆောင်းမှုဖြစ်စဉ်အား မြင်တွေ့ခဲ့ရသည့်အတွက် အဆိုပါ နိုင်ငံ၌ ခေတ်စနစ်တစ်ခု၊ အစိုးရအဖွဲ့အစည်းတစ်ရပ်၊ တိုင်းပြည်အကြီးအကဲ ခေါင်းဆောင်သစ်တစ်ဦး ပေါ်ပေါက်လာနိုင်ပေသည်။ လက်ရှိ ထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေအဖြစ်အပျက်များဖြင့်လည်း အဆိုပါ ဖြစ်စဉ်



www.burmeseclassic.com


www.burmeseclassic.com

က်ဆိုင်ညီညွတ် ကိုက်ညီလှပေသည်။ နေထီးဆောင်းမှုကြောင့် မြင်တွေ့ရသော တိုင်းပြည်နိုင်ငံဒေသများ၌ ရာသီဥတု က်ပြန်၍ စားဝတ်နေရေးကျပ်တည်းမှုများ ရင်ဆိုင်တွေ့ကြုံရနိုင်ကြောင်းကို ကျမ်းဂန်များ၌ ဖော်ပြထားပြီး အဆိုပါ ပြည်နိုင်ငံ၌ မင်းလောင်းပေါ်ပေါက်လာလိမ့်မည်ဟုလည်း ယှဉ်တွဲ ပါရှိနေပါသည်။ အဓိမြန်မာနိုင်ငံ၌ မကြာမီအချိန်ကာလ တွင်း မင်းလောင်းပေါ်ထွန်းလာမည့် ဂြိုဟ်ရပ်တည်မှုများရှိနေသည့်အတွက် ယခုဆောင်းပါးအား ရေးသားတင်ပြရခြင်း ပါသည်။ ခွဲစိတ်မွေးဖွားမှု ခံယူမိခင်လောင်းများ တန်ဖိုးအနုတ္တထိုက်တန်သော ရင်သွေးရတနာများ ရယူပိုင်ဆိုင်ခွင့်ရှိစေရန် ည်ရွယ်ပါသည်။

၂၀၁၄၊ စက်တင်ဘာ ၅ ရက်မှ စက်တင်ဘာ ၁၅ရက်အတွင်း ဖြစ်ပေါ်လာမည့် ဂြိုဟ်ရပ်တည်မှုများသည် နှစ်ပေါင်းများစွာ မှသာ ရရှိနိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်နေပြီး တနင်္ဂနွေနှင့် အင်္ဂါ သစ်၊ ဗုဒ္ဓဟူး ကြာသပတေးနှင့် စနေဂြိုဟ်များ စက်တင်ဘာ (၁၄၊ ၁၅)ရက်နေ့များ၌ တနင်္လာဂြိုဟ် ဥစ်အဖြစ် ရပ်တည်နေမည်ဖြစ်ပေရာ ကမ္ဘာကျော်သည်ထိ င်ရှားကျော်ကြား အောင်မြင်သူ မင်းကောင်းမင်းမြတ်တို့၏ ဇာတာခွင်ပါ ဂြိုဟ်ရပ်တည်မှုများ ဖြစ်ပေသည်။ ထိုကဲ့သို့ အင်ပြည့်ဝသည့် ဂြိုဟ်များအား တန်ဖိုးရှိမည့် နေရာဌာနများတွင် ဖန်တီးပုံဖော်နိုင်ရန် အထူးအရေးကြီးလှပေသည်။ အတွက်ကြောင့် ဖော်ပြပါ နေ့ရက်များအတွင်း မွေးဖွားလာမည့် ရင်သွေးငယ်တိုင်းလည်း မင်းကေရာင်အဖြစ်သို့ မရောက်ရှိ ဘဲ မွေးဖွားချိန် အချိန်၊ နာရီ၊ မိနစ်များမှ ရင်သွေးငယ်တစ်ဦးချင်းစီ၏ ဘဝအဆင့်အတန်း အခြေအနေများအား သတ်မှတ်ပေးသွားပေလိမ့်မည်။ သို့ဖြစ်၍ မိခင်လောင်းများအနေဖြင့် ကြုံတောင့်ကြုံခဲ ရရှိလာမည့် အခွင့်အရေးအတွက် င်လောင်းများအနေဖြင့် နီးစပ်ကျွမ်းကျင်သော နက္ခတ်ပညာရှင်များထံ သွားရောက်၍ ခွဲစိတ်မွေးဖွားချိန်အတွက် အကြံများ သင့်ပေသည်။ စာရေးသူအနေဖြင့်ကား ရန်ကုန်မြို့ကို အခြေခံ၍ စက်တင်ဘာ ၅ရက်မှ စက်တင်ဘာ ၁၅ရက်အတွင်း ဖွားလာမည့် မင်းလောင်း ရတနာလေးများ၏ ပေါ်ပေါက်လာမည့် အချိန် နာရီ မိနစ်နှင့် ကံကြမ္မာပုံရိပ်အချို့အား ရေးသားတင်ပြပေးသွားပါမည်။

◈ ◈ ◈

၂၀၁၄၊ စက်တင်ဘာ ၅ရက်နေ့၊ ရန်ကုန်၏ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅၈ မိနစ်မှ နေ့လယ် ၁၂နာရီ ၁၀ စ်အတွင်း ဗြိစ္ဆာလဂ်ဖြင့် မွေးဖွားပေါ်ထွန်းလာမည့် ရင်သွေးရတနာများအနေဖြင့် မွန်းတည့် ကောင်းကင်အနီးတွင် နေ့ သောကြာဂြိုဟ်များ တည်ရှိနေမှုကြောင့် နိုင်ငံရေးနှင့် အနုပညာနယ်ပယ်၌ နိုင်ငံတော် ထင်ရှားအောင်မြင်မှုများ ပိုင်ဆိုင်နိုင်မည်။ ပညာရေးကံဇာတာ အထူးကောင်းမွန်ပြီး အဆင့်မြင့် ပါရဂူဘွဲ့များ ရရှိမည့်အပြင် နိုင်ငံတော်အဆင့် နှင့် မီဒီယာနယ်ပယ်ရပ်ဝန်း၌ ထင်ရှားအောင်မြင်မှုများ တွေ့ကြုံလာမည်။ နိုင်ငံတော်မှ ချီးမြှင့်သော အဆင့်မြင့် ဂုဏ်တူးများ ရရှိမည့်အပြင် ပညာရှင်အကြီးအကဲ ဝန်ကြီးအဆင့်အတန်းအခြေအနေထိ ရောက်ရှိကြီးပွားမည့်သူများ ပေသည်။ အသက်ငယ်ရွယ်စဉ် မိဘများနှင့် မိသားစုဘဝအဆင့်အတန်းအခြေအနေကို ထူးခြားစွာ တိုးတက်ပြောင်းလဲ စေပြီး အသက် ၄၄နှစ်နောက်ပိုင်း ဘဝအတွက် ကံဇာတာ အမြင့်မားဆုံးနှင့် အထွဋ်အထိပ်ထက်သို့ ရောက်ရှိမည်။





( စက်တင်ဘာလ ၅ရက်နေ့ ဂြိုဟ်ရပ်တည်မှု )



www.burmeseclassic.com


www.burmeseclassic.com

၂၀၁၄၊ စက်တင်ဘာ ၆ရက်နေ့ ရန်ကုန်၏ ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၅၅မိနစ်မှ နေ့လယ် ၁၁နာရီ ၅၀မိနစ်အတွင်း ဗြိစ္ဆာလဂ်ဖြင့် မွေးဖွားပေါ်ထွန်းလာမည့်ရင်သွေးရတနာများ အနေဖြင့် စက်တင်ဘာ ၅ရက်နေ့ မွေးဖွားခဲ့သော ရင်သွေးရတနာများကဲ့သို့ ကောင်းကျိုးတရားများရရှိလာမည်။ မွေးဖွားပြီးသည့်နောက် မိသားစု၌ လုပ်ငန်းပိုင်း ကြီးမားသော တိုးတက်ကြီးပွားပြောင်းလဲမှုများ ထူးခြားစွာ တွေ့ကြုံ၍ အသက် ၂၄နှစ်မှ ၄၂နှစ်အတွင်း ပညာရေးနှင့် ငွေကြေးပြည့်စုံကြွယ်ဝ ကံအထူးကောင်းမွန်ပြီး အသက် ၄၃နှစ်မှ ၅၉နှစ်အတွင်း နိုင်ငံတော်အဆင့်၌ ဝန်ကြီးအဆင့်အတန်းဖြင့် ညီမျှသော ဘဝအဆင့်အတန်းအခြေအနေထိ ရောက်ရှိကြီးပွားပြီး ဘဝ၏ ကံဇာတာအထွဋ်အထိပ်ထက်သို့ ရောက်ရှိမည်။



(စက်တင်ဘာလ ၆ရက်နေ့ ဗြိဟ်ရပ်တည်မှု)

---



(စက်တင်ဘာလ ၇ရက်နေ့ ဗြိဟ်ရပ်တည်မှု)

၂၀၁၄၊ စက်တင်ဘာ ၇ရက်နေ့ ရန်ကုန်၏ ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၅၃မိနစ်မှ နေ့လယ် ၁၁နာရီ ၄၅မိနစ်အတွင်း ဗြိစ္ဆာလဂ်ဖြင့် မွေးဖွားပေါ်ထွန်းလာမည့် ရင်သွေးရတနာများ အနေဖြင့် စက်တင်ဘာ ၅ရက်နေ့ မွေးဖွားခဲ့သော ရင်သွေးရတနာများကဲ့သို့ ကောင်းကျိုးတရားများ ရရှိလာမည်။ အသက် ၈နှစ်မှ ၂၆နှစ်အတွင်း မိဘများအတွက် ထီပေါက်သကဲ့သို့ ငွေကြေးကံ ထူးခြားစွာ ကောင်းမွန်စေပြီး အသက် ၂၇နှစ်မှ ၄၃နှစ်အတွင်း ပညာရေးနှင့် ငွေကြေးပြည့်စုံကြွယ်ဝကံ အထူးကောင်းမွန်ပြီး အသက်ငယ်ရွယ်စဉ် ဝန်ကြီးအဆင့်အထိ ရောက်ရှိ ကြီးပွားမည်။ အသက် ၄၄နှစ်နောက်ပိုင်း နိုင်ငံရပ်ခြားဒေသများတွင် နစ်ရှည်လများ အခြေချ နေထိုင်ရမည်။


---

၂၀၁၄၊ စက်တင်ဘာ ၈ရက်နေ့ ရန်ကုန်၏ ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၅၀မိနစ်မှ နေ့လယ် ၁၁နာရီ ၅၅မိနစ်အတွင်း ဗြိစ္ဆာလဂ်ဖြင့် မွေးဖွားပေါ်ထွန်းလာမည့် ရင်သွေးရတနာများ အနေဖြင့် စက်တင်ဘာ ၅ရက်နေ့မွေးဖွားခဲ့သော ရင်သွေးရတနာများကဲ့သို့ ကောင်းကျိုးတရားများ ရရှိလာမည်။ မွေးစမှ အသက် ၁၄နှစ်အတွင်း မိဘများအတွက် ထီပေါက်သကဲ့သို့ ငွေကြေးကံ ထူးခြားစွာ ကောင်းမွန်စေပြီး အသက် ၁၅နှစ်မှ ၃၁နှစ်အတွင်း ပညာရေးနှင့် ငွေကြေးပြည့်စုံကြွယ်ဝကံအထူးကောင်းမွန်ပြီး ထူးခြားစွာ ကံကောင်းကြီးပွားမည်။ အသက် ၃၂နှစ်မှ ၅၁နှစ်အတွင်း နိုင်ငံရပ်ခြားဒေသများတွင် နစ်ရှည်လများ အခြေချနေထိုင်ရပြီး နိုင်ငံရပ်ခြားနှင့် ပတ်သက်သောလုပ်ငန်းများ အကျိုးပေးမည်။ အသက် ၅၂နှစ်နောက်ပိုင်း ထူးခြားစွာပြည့်စုံကြွယ်ဝချမ်းသာပြီး ဘဝ၏ကံဇာတာ အမြင့်မားဆုံးအခြေအနေများ ရယူပိုင်ဆိုင်နိုင်မည်။



(စက်တင်ဘာလ ၈ရက်နေ့ ဗြိဟ်ရပ်တည်မှု)


---



(စက်တင်ဘာလ ၉ရက်နေ့ ဗြိဟ်ရပ်တည်မှု)

၂၀၁၄၊ စက်တင်ဘာ ၉ရက်နေ့ ရန်ကုန်၏ ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၄၅မိနစ်မှ နေ့လယ် ၁၁နာရီ ၅၅မိနစ်အတွင်း ဗြိစ္ဆာလဂ်ဖြင့် မွေးဖွားပေါ်ထွန်းလာမည့် ရင်သွေးရတနာများ အနေဖြင့် စက်တင်ဘာ ၅ရက်နေ့ မွေးဖွားခဲ့သော ရင်သွေးရတနာများကဲ့သို့ ကောင်းကျိုးတရားများ ရရှိလာမည်။ မွေးစမှ အသက် ၁၁နှစ်အတွင်း မိဘများအတွက် ထူးခြားစွာ ဘုန်းကံ အရှိန်အဝါမြင့်မားစေပြီး စီးပွားဖြစ်ထွန်းမှုကံ အထူးကောင်းမွန်လာမည်။ အသက် ၁၂နှစ်မှ ၃၁နှစ်အတွင်း နိုင်ငံရပ်ခြားဒေသများတွင် နစ်ရှည်လများ အခြေချ နေထိုင်ရပြီး နိုင်ငံရပ်ခြားနှင့် ပတ်သက်သောလုပ်ငန်းများ အကျိုးပေးမည်။ နိုင်ငံရပ်ခြားဒေသများ၌ အဆင့်မြင့် ပညာရပ်များ လေ့လာသင်ယူနိုင်မည်။ အသက် ၃၂နှစ်မှ ၄၉နှစ်အတွင်း ထူးခြားစွာ ပြည့်စုံကြွယ်ဝချမ်းသာပြီး ဘဝ၏ ကံဇာတာအမြင့်မားဆုံးအခြေအနေများ ရယူပိုင်ဆိုင်နိုင်မည်။ အသက် ၅၀နှစ်မှ ၆၅နှစ်အတွင်း နိုင်ငံတော်အဆင့်၌ ဝန်ကြီးအဆင့်အတန်းအခြေအနေထိ ရောက်ရှိ ကြီးပွားမည်။

www.burmeseclassic.com





(စက်တင်ဘာလ ၁၀ရက်နေ့ ဖြိုဟ်ရပ်တည်မှု)

၂၀၁၄၊ စက်တင်ဘာ ၁၀ရက်နေ့ ရန်ကုန်၏ ဒေသစံတော်ချိန် နေ့လယ် ၁၁နာရီ ၁၅မိနစ် နေ့လယ် ၁၁နာရီ ၅၀မိနစ်အတွင်း ဗြိစ္ဆာလဂ်ဖြင့် မွေးဖွားပေါ်ထွန်းလာမည့် ရင်သွေးရတနာများ အနေဖြင့် စက်တင်ဘာ ၅ရက်နေ့ မွေးဖွားခဲ့သော ရင်သွေးရတနာများကဲ့သို့ ကောင်းကျိုးတရား များ ရရှိလာမည်။ မွေးစမှ အသက် ၁၀နှစ်အတွင်း မိဘများအတွက်၊ အိမ်ခြံမြေယာဥ်ကိစ္စများ အတွက် ကံကောင်းအကျိုးရှိမည်။ နိုင်ငံရပ်ခြားဒေသများ ကောင်းကျိုးပြုမည်။ အသက် ၁၁နှစ် ၂၈နှစ်အတွင်း မိသားစု၌ ထူးခြားစွာပြည့်စုံကြွယ်ဝချမ်းသာပြီး ငွေကြေးအကျိုးပေးကံကောင်းမွန် မည်။ အသက် ၂၉နှစ်မှ ၃၄နှစ်အတွင်း ပညာနှင့်ပတ်သက်၍ ထင်ရှားကျော်ကြား အောင်မြင်မှု များ ရရှိလာမည်။ အသက် ၃၅နှစ်မှ ၆၁နှစ်အတွင်း ဘဝ၏ ကံဇာတာအမြင့်မားဆုံးအခြေအနေ များ ရယူပိုင်ဆိုင်နိုင်မည်။ နိုင်ငံတော်အဆင့်တွင် ဝန်ကြီးအဆင့်မှ နိုင်ငံ့ခေါင်းဆောင်အဆင့်ထိ ရောက်ရှိ ကြီးပွားမည်။





(စက်တင်ဘာလ ၁၁ရက်နေ့ ဖြိုဟ်ရပ်တည်မှု)

၂၀၁၄၊ စက်တင်ဘာ ၁၁ရက်နေ့ ရန်ကုန်၏ ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၄၅မိနစ် မှ နေ့လယ် ၁၁နာရီ ၁၀မိနစ်အတွင်း ဗြိစ္ဆာလဂ်ဖြင့် မွေးဖွားပေါ်ထွန်းလာမည့် ရင်သွေးရတနာများ အနေဖြင့် စက်တင်ဘာ ၅ရက်နေ့ မွေးဖွားခဲ့သော ရင်သွေးရတနာများကဲ့သို့ ကောင်းကျိုးတရား များ ရရှိလာမည်။ မွေးစမှ အသက် ၈နှစ်အတွင်း မိဘများအတွက် ငွေကြေးအစုလိုက်အပုံလိုက် ရရှိစေပြီး စီးပွားဖြစ်ထွန်းမှုကံ အထူးကောင်းမွန်လာမည်။ အသက် ၉နှစ်မှ ၁၆နှစ်အတွင်း ပညာရေးကံဇာတာ အထူးကောင်းမွန်စေပြီး ပညာကြောင့် ထက်ရှားကျော်ကြားမည်။ အသက် ၁၇နှစ်မှ ၃၇နှစ်အတွင်း ထူးခြားစွာ ပြည့်စုံကြွယ်ဝချမ်းသာပြီး နိုင်ငံရေးနယ်ပယ်ရပ်ဝန်း၌ ထင်ရှားကျော်ကြားလာမည်။ အသက် ၃၈နှစ်မှ ၆၁နှစ်အတွင်း ဘဝ၏ ကံဇာတာ အမြင့်မားဆုံး အခြေအနေများ ရယူပိုင်ဆိုင်နိုင်မည်။ နိုင်ငံတော်အဆင့်တွင် ဝန်ကြီးအဆင့်မှ နိုင်ငံ့အကြီးအကဲ ခေါင်းဆောင်အဆင့်ထိ ရောက်ရှိ ကြီးပွားမည်။




(စက်တင်ဘာလ ၁၂ရက်နေ့ ဖြိုဟ်ရပ်တည်မှု)

၂၀၁၄၊ စက်တင်ဘာ ၁၂ရက်နေ့၊ ရန်ကုန်၏ ဒေသစံတော်ချိန်နံနက် ၂နာရီ ၅မိနစ်မှ နံနက် ၃နာရီ ၁၅မိနစ်အတွင်း ကရကဋ်လဂ်ဖြင့် မွေးဖွားပေါ်ထွန်းလာမည့် ရင်သွေးရတနာများ အနေဖြင့် ထူးခြားစွာ ဘုန်းကံသြဇာအရှိန်အဝါမြင့်မားပြီး ပညာနှင့်ပတ်သက်၍ အဆင့်မြင့် ဘွဲ့များရရှိပြီး နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးများ ရရှိမည်။ မွေးစမှ အသက် ၅နှစ်အတွင်း မိဘများအတွက် ဘုန်းကံသြဇာအရှိန်အဝါမြင့်မားပြီး ကံကောင်းကြီးပွား ကြမည်။ အသက် ၆နှစ်မှ ၂၆နှစ်အတွင်း ပညာရေးကံဇာတာ အထူးကောင်းမွန်ပြီး နိုင်ငံ ခြားဒေသများတွင် အဆင့်မြင့် ပညာရပ်များ လေ့လာသင်ယူနိုင်မည်။ မိသားစု၌ အဆင့်မြင့် မြေယာဥ်တို့ဖြင့် တင့်တယ်ပြည့်စုံစွာ နေထိုင်ရမည်။ အသက် ၂၇နှစ်မှ ၄၃နှစ်အတွင်း တော်အဆင့် အဆင့်မြင့် စီးပွားရေးလုပ်ငန်းကြီးများနှင့် မီဒီယာလုပ်ငန်းကြီးများ ဆောင်ရွက်ခွင့် ပြည့်စုံကြွယ်ဝချမ်းသာလာမည်။ အသက် ၄၄နှစ်မှ ၆၅နှစ်အတွင်း ဘုန်းကံသြဇာအရှိန်အဝါ ထူးခြားစွာ ကြီးမြင့်ပြီး ရေးနယ်ပယ်ရပ်ဝန်း၌ ထင်ရှားကျော်ကြားလာမည်။ ဘဝ၏ ကံဇာတာအမြင့်မားဆုံးအခြေအနေများ ရယူပိုင်ဆိုင်နိုင်မည်။ တော်အဆင့်တွင် ဝန်ကြီးအဆင့်ထိရောက်ရှိ ကြီးပွားမည်။





(စက်တင်ဘာလ ၁၃ရက်နေ့ ဖြိုဟ်ရပ်တည်မှု)

၂၀၁၄၊ စက်တင်ဘာ ၁၃ရက်နေ့၊ ရန်ကုန်၏ ဒေသစံတော်ချိန် နံနက် ၂နာရီ ၁၅မိနစ် မှ နံနက် ၃နာရီ ၁၅မိနစ်အတွင်း ကရကဋ်လဂ်ဖြင့် မွေးဖွားပေါ်ထွန်းလာမည့် ရင်သွေးရတနာများ အနေဖြင့် စက်တင်ဘာ ၁၂ရက်နေ့တွင် မွေးဖွားလာမည့် ရင်သွေးရတနာများကဲ့သို့ ကောင်းကျိုး တရားများ ရယူပိုင်ဆိုင်နိုင်ပါမည်။ မွေးစမှ အသက် ၁၄နှစ်အတွင်း ငွေကြေးအကျိုးပေးကံ ကောင်းမွန်ပြီး မိဘများအား ပြည့်စုံကြွယ်ဝချမ်းသာစေပါလိမ့်မည်။ အသက် ၁၅နှစ်မှ ၃၈နှစ်အတွင်း ပညာကြောင့် ထင်ရှားကျော်ကြားမည်။ နိုင်ငံရပ်ခြားဒေသများတွင် အဆင့်မြင့် ပညာရပ်များ လေ့လာသင်ယူနိုင်မည်။ ပြည့်စုံကြွယ်ဝ ကံကောင်းမှုများ ဖန်တီးနိုင်မည်။ အသက် ၃၉နှစ်မှ ၅၄နှစ်အတွင်း နိုင်ငံတော်အဆင့်တွင် ဘုန်းကံသြဇာအရှိန်အဝါ ထူးခြားစွာကြီးမြင့်ပြီး နိုင်ငံရေး အုပ်ချုပ်ရေးပိုင်း၌ ကြီးလေးသော တာဝန်များ ထမ်းရွက်ရမည်။ အသက် ၅၅နှစ်နောက်ပိုင်း ဘဝ၏ ကံဇာတာအမြင့်မားဆုံးအခြေအနေများ ရယူပိုင်ဆိုင်နိုင်မည်။ နိုင်ငံတော်အဆင့်တွင် ဝန်ကြီးအဆင့်ထိ ရောက်ရှိမည်။



www.burmeseclassic.com

www.burmeseclassic.com




(စက်တင်ဘာလ ၁၄ရက်နေ့ ဖြိုဟ်ရပ်တည်မှု)

၂၀၁၄၊ စက်တင်ဘာ ၁၄ရက်နေ့၊ ရန်ကုန်၏ ဖွံ့ဒေသစံတော်ချိန် နေ့လယ် ၁၁နာရီတိ
နေ့လယ် ၁၁နာရီ ၃၀မိနစ်အတွင်း ဗြိစ္ဆာလဂ်ဖြင့် မွေးဖွားပေါ်ထွန်းလာမည့် ရင်သွေးရတနာ
အနေဖြင့် စက်တင်ဘာ ၅ရက်နေ့ မွေးဖွားခဲ့သော ရင်သွေးရတနာများကဲ့သို့ ကောင်းကျိုးတ
များ ရရှိလာမည်။ မွေးစမှ အသက် ၁၉နှစ်အတွင်း မိဘများအတွက် လုပ်ငန်းတွင် ကြီးမားသေ
တိုးတက်ပြောင်းလဲမှုများဖြစ်ပေါ်၍ ဘဝအဆင့်အတန်းမြင့်မားတိုးတက်မည်။ အသက် ၂၀
၃၈နှစ်အတွင်း ပညာရေးကံဇာတာ အထူးကောင်းမွန်၍ ပညာရှင်အကြီးအကဲအဖြစ် ထူးခြာ
ထင်ရှားကျော်ကြားလာမည်။ အသက် ၃၉နှစ်မှ ၅၅နှစ်အတွင်း ထူးခြားစွာ ဘုန်းကံအရှိန်အ
မြင့်မားတိုးတက်၍ နိုင်ငံတော်အဆင့်တွင် ဝန်ကြီးအဆင့်မှ နိုင်ငံခေါင်းဆောင်အဆင့်ထိရော
ကြီးပွားမည်။ ထူးခြားစွာ ပြည့်စုံကြွယ်ဝချမ်းသာပြီး ဘဝ၏ကံဇာတာအမြင့်မားဆုံးအခြေအနေများ ရယူပိုင်ဆိုင်နိုင်မည်။ အသ
၅၆နှစ်နောက်ပိုင်း နိုင်ငံရပ်ခြားဒေသများတွင် နစ်ရှည်လများ အခြေချနေထိုင်ရပြီး နိုင်ငံရပ်ခြားနှင့် ပတ်သက်သော လုပ်ငန်း
အကျိုးပေးမည်။

---

၂၀၁၄၊ စက်တင်ဘာ ၁၅ရက်နေ့၊ ရန်ကုန်၏ ဒေသစံတော်ချိန် နေ့လယ် ၁၁နာရီတိတိမှ
နေ့လယ် ၁၁နာရီ ၄၅မိနစ်အတွင်း ဗြိစ္ဆာလဂ်ဖြင့် မွေးဖွားပေါ်ထွန်းလာမည့် ရင်သွေးရတနာများ
အနေဖြင့် စက်တင်ဘာ ၅ရက်နေ့ မွေးဖွားခဲ့သော ရင်သွေးရတနာများကဲ့သို့ ကောင်းကျိုးတရား
များ ရရှိလာမည်။ မွေးစမှ အသက် ၁၁နှစ်အတွင်း မိဘများအတွက် ဘုန်းကံအရှိန်အဝါမြင့်မား
ပြီး ဘဝကံတိုးတက်ပြောင်းလဲမှုများဖြစ်ပေါ်လာမည်။ အသက် ၁၂နှစ်မှ ၃၀နှစ်အတွင်း ပညာ
ရေးကံဇာတာ အထူးကောင်းမွန်ပြီး ပညာရှင်နှင့် ပတ်သက်၍ ထူးခြားစွာ ထင်ရှားကျော်ကြား
လာမည်။ အသက် ၃၁နှစ်မှ ၄၇နှစ်အတွင်း ထူးခြားစွာ ဘုန်းကံအရှိန်အဝါမြင့်မားတိုးတက်၍
နိုင်ငံတော်အဆင့်တွင် ဝန်ကြီးအဆင့်မှ နိုင်ငံခေါင်းဆောင်အဆင့်ထိ ရောက်ရှိ ကြီးပွားမည်။
ထူးခြားစွာ ပြည့်စုံကြွယ်ဝချမ်းသာပြီး ဘဝ၏ ကံဇာတာအမြင့်မားဆုံးအခြေအနေများ ရယူပိုင်ဆိုင်
နိုင်မည်။ အသက် ၄၈နှစ်မှ ၆၇နှစ်အတွင်း နိုင်ငံရပ်ခြားဒေသများတွင် နစ်ရှည်လများ အခြေချ နေထိုင်ရပြီး နိုင်ငံရပ်ခြာ
ပတ်သက်သောလုပ်ငန်းများ အကျိုးပေးမည်။




(စက်တင်ဘာလ ၁၅ရက် ဖြိုဟ်ရပ်တည်မှု)

◈◈◈

အထက်တွင် ဖော်ပြခဲ့သော နေ့ရက်အချိန်များသည် မင်းလောင်းရတနာ ရင်သွေးငယ်များ ပေါ်ထွန်းလာနိုင်
အချိန်အခါကောင်းများဖြစ်ပြီး တိုင်းပြည်နိုင်ငံ၏ အစိုးရအဖွဲ့အစည်းအတွင်း ဝန်ကြီးအဆင့်အတန်းအခြေအနေထိ ထူ
ကြီးပွား အောင်မြင်လာနိုင်ပေသည်။ အဆိုပါ နေ့ရက်များအနက်မှ ၂၀၁၄ စက်တင်ဘာ (၁၀၊ ၁၁၊ ၁၄၊ ၁၅)ရက်
ပါ အချိန်များအတွင်း မွေးဖွားလာမည့် ရင်သွေးငယ်များသည် နိုင်ငံ၏ အမြင့်မားဆုံး အကြီးအကဲခေါင်းဆောင်မျာ
ရောက်ရှိ ကြီးပွားသွားနိုင်ပေသည်။ နေထီးဆောင်းမှုနိမိတ်ပုံရိပ်များ ထင်ဟပ်လာချိန်၌ မြန်မာပြည်တွင် မင်းလောင်း
လာနိုင်သော ဂြိုဟ်နက္ခတ်ရပ်တည်မှုများဖြင့် ထူးခြားစွာ လာရောက်တိုက်ဆိုင် ညီညွတ်လျက်ရှိနေပြီး၊ ကျန် သတိပြ
အကြောင်းကဏ္ဍများကိုလည်း တာဝန်ရှိသည့် အစိုးရအကြီးအကဲခေါင်းဆောင်များမှ ကြိုတင်ကာကွယ်ထားခြင်းဖြင့် အ
အခြေအနေများအား သက်သာလျော့ပါးသွားနိုင်ပေသည်။ နားလည်ယုံကြည်ရန် ခက်ခဲလှသော ကောင်းကင်အ
နိမိတ်ဖြစ်သော်ငြားလည်း ၂၀၁၀-နေထီးဆောင်းပြီး တစ်နှစ်အတွင်း မြန်မာပြည်၌ ဒီမိုကရေစီအစိုးရသစ် ရတ
ချက်ချင်းပေါ်ပေါက်လာသည့် ထူးခြားဖြစ်စဉ်များဖြင့် အကြောင်းတိုက်ဆိုင်ညီညွတ်ခဲ့ပေသည်။ ဘာပဲဖြစ်ဖြစ် "သတိပ
ပိုသည်မရှိ" စကားပုံဖြင့်သာ အဆုံးသတ်လိုပေသည်။

*****

ဦးဝေဇော်ကို (နက္ခတ်




www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံစေတီတော်မြတ်၏ ဆံတော်တွင်း ဌာပနာတိုက်နှင့် အံ့ဖွယ်ထူးခြားဖြစ်ရပ်များ

■ ကိုမောင်သန်းဝင်း ■



ဝိဇ္ဇာတစ်ပါး ချီးမြှင့်သော ဣဋ္ဌာသယ လိုတရ လုံတံ တန်ခိုးဖြင့် တိုင်းတစ်ပါးမှ ဘုရင်တစ်ပါး၏ သမက်ဖြစ်လာသော မောင်ကံ။

အဆိုပါ မောင်ကံသည် ဘုရင်၏ အတင်းအကျပ်စေခိုင်းမှုကြောင့် ရွှေတိဂုံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဌာပနာတိုက်သို့ ဝင်၍ ဆံတော်များကို ပင့်ဆောင်ယူရန် ကြိုးစားခဲ့ပါ၏။

ဌာပနာတိုက်အတွင်း ဆံတော်များကို မသမာသူတို့ ရန်မှ ကာကွယ်ရန် ဓားစက်၊ လှံစက်များ ရှိသည်ဟူ၏။ တ်မှတ်ခဲ့ဖူးသမျှ ဓားစက်၊ လှံစက်၊ ယန္တရားနှင့် ပတ်သက်၍ အဇာတသတ်မင်းကြီးသည် ဗုဒ္ဓမြတ်စွာ ဆံတော်များကို တစ်ပေါင်းတစ်စုတည်းပြု၍ အခိုင်အမာထားရှိပြီးသော် သိကြားမင်းသည် ဝိသကြုံနတ်သားကို ခေါ်တော်မူပြီးလျှင် "အမောင်နတ်သား····အဇာတသတ်မင်းကြီးသည် ဓာတ်တော်တို့ကို မြှုပ်၍ထားလေပြီ။ ဤဓာတ်တော်တိုက်ကို အစောင့်အရှောက်ထားလော့"ဟု စေလွှတ်လေ၏။

ဝိသကြုံနတ်သားသည် ဓာတ်တော်တိုက်အဝှင်း တစ်ခုနှင့် တစ်ခုထိစပ်သော၊ သားရဲရုပ်ရှိသော ယန္တရားများ တပ်ဆင်ထားလေ၏။ ထိုဓာတ်တော်တိုက်၌ သစ်သားရုပ်တို့ကို ဖန်အဆင်းရှိသော သန်လျက်အား ကိုင်စေလျက်၊ လေနှင့်တူသောအဟုန်ဖြင့် လှည့်လည်နေသည်သို့ တပ်ဆင်ထားလေ၏။

အဆိုပါ အဇာတသတ်မင်း၏ ဓာတ်တော်၊ မွေတော်တိုက်ကို အသောကမင်းကြီးလက်ထက်တွင် ဘုန်းတော်ကြောင့် တွေ့ရှိခဲ့ရသည်။ အသောကမင်းကြီးသည် ဓာတ်တော် မွေတော်များကို ထုတ်ယူကာ၊ စေတီများ တည်ဆောက်ပြီး သာသနာပြုလိုသည့် ဆန္ဒကြောင့် အဆင့်ဆင့် ထုတ်ယူရလေ၏။

ဤတွင် ရတနာတို့ဖြင့် အတိပြီးသော ပြာသာဒ်တံတိုင်းခုနစ်ထပ်အတွင်းဝယ် ဝင်းဝင်းညီသား၊ ဓားလှံလက်



www.burmeseclassic.com

www.burmeseclassic.com

နက်၊ သန်လျက်တို့ကို ဆွဲငင် ကိုင်ဆောင်၍ အသက်ရှင်သောသူကဲ့သို့ ပြေးလွှား သွားလာနေလျက်ရှိသော ယန္တရားစက်ရုပ်တို့ကို မင်းကြီးနှင့်တကွ လူအပေါင်းတို့ မြင်တွေ့ရသော် အံ့ဘနန်းဖြစ်ကြရသည်ဟူ၏။

အသောကမင်းကြီးမှ အရင်က စီရင်တတ်သူ မရှိဘဲ ဤစက်ယန္တရားကို မထားရှိနိုင်။ တတ်သောသူ အဆက်အနွယ်ကို ရှာအံ့ဟု အကြံဖြစ်ကာ အသပြာတစ်ထောင် ထုပ်နှင့် ရှာစေလေ၏။

ဤတွင် အဇာတသတ်မင်း၏ သရီရဓာတ်တော် မွေတော်တို့ကို ယန္တရားစီရင်ခဲ့သောနည်းကို တတ်သိသည့် ဘူတာဝါဟန ယန္တရားပညာရှင်ဆရာ၏ အဆက်အနွယ် သားမြေးမြစ်တို့ကို တွေ့ရလေ၏။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာခေါ်ယူကာ အသပြာတစ်ထောင်ပေးပြီး ယန္တရားစက်ကို ပျက်စေ၏။ ယန္တရားစက်များ ပျက်သည့်အခါ မင်းကြီးလည်း ဓာတ်တော် မွေတော်များကို ရယူတော်မူကာ သာသနာပြုလေတော့၏။

ဤသို့ဆိုလျှင် ရွှေတိဂုံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဌာပနာတိုက်အတွင်း မွေတော်၊ ဓာတ်တော်၊ ဆံတော်မြတ်တို့အား အကာအကွယ်ပြုရန် အဆိုပါ ပညာရှင်များက ဓားစက်၊ လှံစက်များနှင့် ယန္တရားများ ထားရှိထားသည်မှာ ယုံမှားဖွယ်မရှိရာ။

ဤဆောင်းပါး၏ အစတွင် ဆိုခဲ့ပြီးသော မောင်ကံသည် ရွှေတိဂုံစေတီတော် ဌာပနာတိုက်အတွင်း ဝင်၍ ဆံတော်များကို ပင့်ရန်(ခိုးယူရန်) ကြံစည်ခဲ့သည်။ မောင်ကံသည် ဌာပနာတိုက်အတွင်း ရှိနေသည့် ဓားစက်၊ လှံစက်စသည့် ယန္တရားတို့နှင့် ထိ၍ ကုန်းတော်ပေါ်သို့ လွင့်စဉ်ကျသွားပြီး ခြေထောက်များမှ စတင်လျက် တစ်ကိုယ်လုံး တဖြည်းဖြည်း ကျောက်သားအတိဖြစ်သွားခဲ့လေတော့၏။

မောင်ကံ၏ ပုံတူ ကျောက်ရုပ်မှာ ရာဟုထောင့် အုတ်စေတီတော်အနီးတွင် ရှိသည်ဟူ၍ လည်းကောင်း၊ ရာဟုထောင့် အောင်မြေအနီးတွင် ရှိသည်ဟူ၍ လည်းကောင်း ဆိုကြလေ၏။ မောင်ကံသည် ဆံတော်တွင်းသို့ လုံတံဖြင့် ခုန်ပျံဝင်ရောက်ခဲ့ပြီး ဆံတော်တွင်းမှ တစ်ဖန် လွင့်စဉ်ထွက်၍ ယခု "စေတီယင်္ဂဏ"တန်ဆောင်းနေရာ၌ ကျောက်ရုပ်ဖြစ်သွားခဲ့သည်။

ဌာပနာတိုက်အတွင်းလမ်းတွင် မောင်ကံ ကျောက်ရုပ်ကဲ့သို့ ကျောက်ရုပ်သုံးလေးရုပ်ရှိသည်။ ၎င်းတို့မှာ ဌာပနာတိုက်အတွင်းရှိ ပစ္စည်းများကို ပြစ်မှားမိကြသဖြင့် ကံကြီးထိုက်သော ပုဂ္ဂိုလ်ထူးတို့၏ ကျောက်ရုပ်များဖြစ်ကြသ[illegible] ဟူ၏။

[သွေးဆေးကန်ဘုရား (ကမ္ဘာအေးလေးဘုရား) ရ[illegible] တော်ပေါ်တွင် ဣန္ဒာသယ လိုတရ လုံတန်ခိုးရှင် မောင်[illegible] ဇနီးနှင့် သားရုပ်တုများ ရှိနေပါသေးသည်။]

ရွှေတိဂုံ ဆံတော်ရှင် စေတီတော်မြတ်ကြီး၏ အော[illegible] ပေ ၆၀ ခန့်တွင် ဌာပနာတိုက်ရှိသည်။ ဗုဒ္ဓဘုရားရှင်[illegible] မြတ်၏ ဆံတော်မြတ်များသည် ကရဝိက် ရွှေလှေပေ[illegible] ကိန်းဝပ်စံပယ်လျက်ရှိသည်။

ဆံတော်မြတ် ကိန်းဝပ် စံပယ်ရာ ဌာပနာတိုက်[illegible] အံ့မခန်း ပိသုကာလက်ရာများဖြင့် ဆန်းကြယ်လှသည်[illegible] အာမေနီးယားလူမျိုး မစ္စတာ "ဒီအက်(စ်)အပရမေ" [illegible] ပြောသည်။ သူသည် ၁၉၀၄ ခုနှစ်က ဆံတော်ကိန်းဝ[illegible] ဌာပနာတိုက်အတွင်းသို့ ဆင်းကြည့်ခဲ့ဖူးကြောင်း၊ သူ့အသ[illegible] ၇၃ နှစ်တွင် ကြေးမုံသတင်းစာမှ တာဝန်ရှိသူတို့ကို [illegible] တင်ပြပြောဆိုခဲ့ပါ၏။

ရွှေတိဂုံစေတီ ဌာပနာတိုက် တည်ဆောက်ထား[illegible] ပုံစံဆွဲ၍ ရွှေတိဂုံ ဂေါပကအဖွဲ့သို့ တင်ပြထားရာ ဂေါ[illegible] အဖွဲ့ဝင်များကလည်း မစ္စတာ အပရမေကို တွေ့ဆုံ၍ [illegible] မြန်းပြီး ထိုနေရာကို လိုက်လံပြသစေခဲ့သည်။


ဌာပနာတိုက် လိုဏ်ဂူမှာ ရွှေတိဂုံရင်ပြင်တော် [illegible] နွေထောင့်ရှိ ဆုတောင်းပြည့်ဘုရားနှင့် 'ဆုတောင်း[illegible] တန်ဆောင်းနေရာတွင် ရှိသည်ဆိုသော်ငြား၊ နောက်တိုး [illegible] ဆောင်းနှင့် ဘုရားများ ထပ်မံ ပြင်ဆင်ထားမှုကြောင့် [illegible] အကျပြနိုင်ခြင်း မရှိပေ။ ဆုတောင်းပြည့်ဘုရား [illegible] အောက်တွင် ရှိမည်ဟုသာ ခန့်မှန်း ညွှန်ပြခဲ့ပေသည်။

◈◈◈

၁၉၀၄ ခုနှစ်က အပရမေသည် ၉နှစ်သားအရွယ်[illegible] သူငယ်ချင်းများဖြစ်ကြသော ဘမွှေး၊ ဘနစ်၊ ဘ[illegible] မောင်ချစ်ဆိုသူတို့နှင့်အတူ အရှေ့မြောက်ထောင့်ရှိ ဌာ[illegible] တိုက်အဝသို့ ရောက်သွားသောအခါ ရသေ့ကြီးတစ်[illegible] တွေ့၍ ချဉ်းကပ် တောင်းပန်ပြီး ဌာပနာတိုက်ထဲသို့ ဆ[illegible] သည်။

လိုဏ်တစ်လျှောက်လုံးတွင် ယောဂီဝတ်နှင့် နို[illegible] ပုဂ္ဂိုလ် ၇ဦးကို ရှစ်ပေ ကိုးပေခြား တစ်ယောက်စီ [illegible] သည်။ ဌာပနာတိုက် အောက်ပိုင်းတွင် လှေကားထ[illegible] ထပ်မံတွေ့ရသည်။ ပတ်ပတ်လည်၌ အခန်း ၃[illegible] အလယ်တိုင်မရှိဘဲ ခန့်ညားစွာ အခိုင်အမာတည်[illegible]

www.burmeseclassic.com



ထားသည်။

အခန်း ၃၆ခန်း၏ အလယ်ဗဟိုတွင် ၁၀ ပေပတ်လည် ခန့်ရှိ ရေတွင်းတစ်တွင်းရှိနေသည်။ ထိုရေတွင်းသည် င်လယ်ရေအတက်အကျအလိုက် ရေအနိမ့်အမြင့်ထားရှိ ကြောင်း သိရသည်။ ထိုရေတွင်းထဲ၌ အလျား ၆ပေခွဲခန့်ရှိ ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားသော ကရဝိက် ဆောင် လှေတစ်စင်းကိုလည်း တွေ့ရသည်။

ထိုလှေသည် ဒီရေအတက်အကျအလိုက် ရေတွင်းထဲ ၌ လှုပ်ရှား၍နေသည်။ ထို ကရဝိက်လှေပေါ်တွင် ဆံတော် များဟု ယူဆရသော ဌာပနာများ ကိန်းဝပ် စံပယ်လျက် ရှိ နေသည်ကို တွေ့ရသည်။ သို့သော် ပဝါလွှားထားသဖြင့် အတိအကျ မပြောပြနိုင်ပါ။

ထို ဌာပနာတိုက်၏ ထူးခြားချက်မှာ တစ်ခန်းလုံး ထိန်နေခြင်းဖြစ်သည်။ ထိုးထားသော မီးမောင်းဆလိုက် များ မရှိပါ။ နေရောင်ဝင်ပေါက်လည်း မရှိပါ။ သို့သော် အလင်းရောင်တန်းများသည် ကရဝိက်လှေပေါ်ရှိ ဆံတော် ဌာပနာဆီသို့ တန်းတန်းမတ်မတ် ကျရောက်နေပါသည်။

ဤရွှေ ဤမျှ ထုထည်ကြီးမားသော စေတီအဆောက် အအုံကြီးကို ပင်မအလယ်တိုင် မပါ၊ သံယက်မ မရှိဘဲလျက် ကျောက်တုံး ကျောက်ခဲများဖြင့်သာ တည်ဆောက်ပြီး လယ်ရေ ဝင်ပေါက်၊ ထွက်ပေါက်နှင့် အလင်းရောင် ထားပုံမှာ ရှေးဗိသုကာကြီးများ၏ ပြောင်မြောက်သော လက်ရာများ ဖြစ်ပါသည်။

ထိုမျှ ခမ်းနား ဆန်းကြယ်သော ဌာပနာတိုက်ကို မိမိကိုယ်တိုင်တွေ့မြင်ခဲ့ရခြင်းဖြစ်ကြောင်းနှင့် နောင်းလူများ သုတေသနပြုနိုင်စေရန် မသေမီ ဖော်ထုတ်ပြောကြားလို သောဆန္ဒ ဖြစ်ပေါ်ကြောင်း၊ ထို့ကြောင့် ဂေါပကအဖွဲ့သို့ တင်ပြခြင်းဖြစ်သည်ဟု မစ္စတာ အပရမေက ဖွင့်ဆိုပြောပြ ခဲ့သည်။

◈◈◈

စေတီတော်ကြီး၏ ဌာပနာတိုက်အတွင်းသို့ ဆင်းနိုင် သည့် ဝင်ပေါက်များကို ဂေါပကအဖွဲ့မှ လေ့လာခဲ့ကြသည်။ ထိုသို့ လေ့လာရာ၌ အဂ္ဂိထောင့်တည့်တည့် အောက်ပစ္စယံ တွင် ဝင်ပေါက်တစ်ခု၊ အနောက်ဘက်မုခ်ရှိ ဗုဒ္ဓဂယာ တန်ဆောင်းအနောက်ဘက် အောက်တည့်တည့်တွင် ဂူပေါက်တစ်ခု၊ မြောက်ဘက် အလယ်ပစ္စယံ ဒဂုန် ခင်ခင် လေး တန်ဆောင်းရှေ့ရှိ ဆံတော်တွင်းနှင့် အလယ်ပစ္စယံ သောကြာထောင့်နှင့် တနင်္ဂနွေထောင့်အကြား ဒဂုန် ခင်ခင် လေး တန်ဆောင်းနောက်ဘက်ရှိ ဆုတောင်းပြည့်စေတီ၏ အောက်၌ ဆံတော်တွင်း စသည်ဖြင့် ဝင်ပေါက် ၅ပေါက်ကို တွေ့ကြရသည်။

၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလထဲတွင် ရွှေတိဂုံ ဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ဆံတော်များ ကိန်းဝပ် စံပယ်ရာ ဌာပနာတိုက်အတွင်းသို့ ဆင်း၍ သုတေသနပြုရန် ဂေါပက အဖွဲ့မှ စီစဉ်ထားရှိသည်။ ဌာပနာတိုက်အတွင်းသို့ ဆင်းနိုင် သည့် ဝင်ပေါက် ၅ပေါက်အနက် တနင်္ဂနွေထောင့်တည့်တည့်

www.burmeseclassic.com

အောက်ပစ္စယံ၊ အင်္ဂါထောင့်တည့်တည့် အောက်ပစ္စယံ၊ အနောက်မုခ် ဗုဒ္ဓဇယန္တိ ခမ္ပာရုံအနောက်ဘက်ရှိ ဝင်ပေါက်ဂူများမှ စိတ်ဝင်စားသူ ရဟန်းရှင်လူများက လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်မီးတို့ဖြင့် တစ်နေကုန် ဝင်ရောက် ကြည့်ရှုလေ့လာကြသည်။

ထိုသို့ ဝင်ကြည့်ရာတွင် မြေအောက်သို့ သွားသော လမ်းသုံးလမ်းကို တွေ့ကြရပြီး၊ ထိုလမ်းအတိုင်း ပေ ၂၀၊ ပေ ၃၀ ခန့် သွားမိလျှင် ရှေ့ဆက်မသွားနိုင်ဘဲ အုတ်ထရံကြီးများ ပိတ်နေသည်ကို တွေ့ကြရသည်ဟူ၏။

ထိုဝင်ပေါက်အနီးမှ တရားအားထုတ် သီတင်းသီလဆောက်တည်ကြသော သက်ကြီးရွယ်အို ရဟန်းရှင်လူများကို တွေ့ဆုံမေးမြန်းကြလေရာ ဂူပေါက်များသည် ဌာပနာတိုက်အတွင်းဝင်သော ဂူပေါက်များ မဖြစ်နိုင်။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ အုပ်စိုးစဉ်က စေတီတော်ကြီးပတ်ပတ်လည်တွင် အမြောက်ပစ်ရန် နေရာများ၊ သေနတ်ကိရိယာများသိုလှောင်ရန်အတွက် လုပ်ထားခြင်းများ ဖြစ်မည်။ ထို့နောက် အင်္ဂလိပ်တို့ ရွှေတိဂုံစေတီ၌ တပ်စွဲထားရှိချိန် စနေထောင့်ဗောဓိပင်နောက်နားမှ နေ၍ လိုဏ်ဂူတူးပြီး ဌာပနာတိုက်သို့ ဝင်ကြသည်ဟု ကြားဖူးကြောင်း ထင်ကြေးပေး ပြောကြသည်။

၁၉၃၈ ခုနှစ်၊ မြန်မာ့အလင်းသတင်းစာ၊ ၁၉၇၀-၇၁ ခုနှစ်ထုတ် ကြေးမုံသတင်းစာ၊ ကိုယ်တွေ့မှတ်တမ်းများအရ ရွှေတိဂုံစေတီတော်ကြီး၏ ဌာပနာတိုက်အတွင်းသို့ အမှန်တကယ်ရောက်ရှိခဲ့သူမှာ မစ္စတာ ဒီအက်(စ်)အပရမေတစ်ဦးသာဖြစ်သည်ဟု ဆိုသည်။

မစ္စတာ ဒီအက်(စ်)အပရမေသည် လွစ္စလမ်း၊ အမှတ် (၂၅)တွင် ၁၉၈၅ ခုနှစ်က ဖွားမြင်ခဲ့သည်။ မိဘများမှာ မစ္စတာ အက်(စ်)ဝီအပရမေနှင့် မစ္စက် ရိုက်လူကပ်(စ်)တို့ ဖြစ်သည်။ အပရမေသည် မက်သဒစ်ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၁၃ ခုနှစ်တွင် ဘာလ်သာဇာကုမ္ပဏီသို့ ဝင်ရောက် အလုပ်လုပ်ကိုင်ခဲ့သည်။ မြန်မာအမျိုးသမီး ဒေါ်သိန်းရွှေဆိုသူနှင့် အိမ်ထောင်ကျပြီး သားသမီး ၅ယောက်ထွန်းကားခဲ့သည်။ ယခုအခါ သားသမီးမြေးများနှင့်အတူ နတ်စင်ဘော်ထော်၊ (ဇ)ရပ်ကွက်၊ အမှတ် (၁၆၈၊ ဃ)တွင် နေထိုင်လျက်ရှိသည်။ အားလပ်ချိန်တွင် ရွှေတိဂုံဘုရား ဌာပနာတိုက်အနေအထားပုံကို ပန်းချီဆွဲလျက်ရှိသည်ဟု သိရ၏ဟူ၍ ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည်။

ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်တွင် ထူးခြားသောနေရာများရှိသည့်အနက် ဆံတော်တွင်းနေရာ၊ ဆံတော်တွင်း တန်ဆောင်းကိုလည်း ထူးခြားသော နေရာတစ်ခုဟု ဆိုကြသည်။

ဆံတော်တွင်း တန်ဆောင်းသည် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်သို့သွားရာ ပတ်လမ်းဘေးတွင် ရှိပြီး မြောက်ဘက် အာရုံခံ တန်ဆောင်းနှင့် မျက်နှာချင်းဆိုင်နေရာတွင် ရှိသည်။ ဆံတော်များကို ဌာပနာခြင်းမပြုမီ ဆေးကြောခဲ့သည့် နေရာဟု သမိုင်းတွင်သည်။ ဆံတော်တွင်းကို အုတ်ပြာသာဒ်ဖြင့် ပြုလုပ်ထားသည်။ ယင်းကို ငုံ၍ ၁၈၇၉ ခုနှစ်က ဦးစံချိန်မှ တန်ဆောင်းဆောက်လုပ် လှူဒါန်းခဲ့သည်။

တစ်ချိန်တစ်ခါက ဆံတော်တွင်းထဲသို့ ဘုရားဖူးများက ငွေအကြွေစေ့များကို ပစ်ချ လှူဒါန်းကြလေ့ရှိသည်။ တချို့ ဘုရားဖူးများက လက်စွပ်၊ လက်ကောက်များကိုပင် တွင်းထဲသို့ ပစ်ချ လှူဒါန်းကြသည်ဟူ၏။ တချို့ကလည်း ဆံစုများ၊ ပဝါများ ပစ်ချ လှူဒါန်းကြသည်။

ထိုသို့ ဆံတော်တွင်းထဲ ပစ်ချ လှူဒါန်းခဲ့သော ပစ္စည်းများကို ဂေါပကများက ဘုရားဝန်ထမ်းများကို နှစ်လ တစ်ခါ၊ သုံးလ တစ်ခါ ဆံတော်တွင်းထဲသို့ ဆင်း၍ ကောက်ယူစေသည်။ ပစ္စည်းများ ကောက်ယူသော ဝန်ထမ်းများက အောက်မှာ ရှိသော ရေမှာ မနက်လှဘဲ မိမိတို့ ဒူးခေါင်းမြုပ်ရုံလောက်သာ ရှိသည်ဟု ပြောကြသည်။ လွန်ခဲ့သော အနှစ် ၆၀ ကျော်ခန့်က အခြေအနေဖြစ်သည်ဟု ဆိုသည်။

ယခုအခါ ဆံတော်တွင်းအပေါက်ကို ခြံငုံ၍ ဘုရားစေတီတည်ထားလေ၏။ အနားကပ် နားထောင်လျှင် ရေသံကြားရသေး ဟူ၏။

ဆံတော်တွင်း တန်ဆောင်းတွင် အဓိဋ္ဌာန်ပြုသူ၊ ပုတီးစိပ် တရားထိုင်သူတို့ မပြတ်ရှိနေသည်။ ထူးခြားမှုရှိသည်ဟု ဆိုကြသည့်အတွက် ဂမ္ဘီရ နေရာမြတ်ဖြစ်ပါသည်။ ■

* * *

ကိုးမောင်သန်းခင်



www.burmeseclassic.com

www.burmeseclassic.com

# နေစေး စာပေမှ

## သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် ...ထိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ...ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား ...စေး စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် ...သည်။

...သစ်ဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ ...၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ ...စာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ ...နေပါသည်။

## ဆက်သွယ်ရန်လိပ်စာ

...ဦး – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

...(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၀၃၃၀၄၊ ၀၉ ၅၃၇၀၅၅၄

...(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

...(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ မိုးလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၀၆၄

www.burmeseclassic.com

www.burmeseclassic.com



# သွေးနှင့် သစ္စာ

မိုးသိင်္ဂါ

"ဟော့ကောင်…လာ၊ လက်ပိုက်။ မင်းမှာ အပြစ်ရှိလား၊ မရှိဘူးလား"

"မရှိပါဘူး"

"ပြန်ဖြေ၊ အပြစ်ရှိလား၊ မရှိဘူး လား"

"ကျွန်တော် ဘာလုပ်မိလို့တုန်း"

"လျှာမရှည်နဲ့၊ မင်းလုပ်တာ မင်း သိရမှာပေါ့။ အပြစ်ရှိလား၊ မရှိဘူးလား၊ အဲဒါပဲ ပြော"

"မရှိပါဘူး"

"အေး၊ လိမ်ချင်တဲ့ ကောင်၊ လိမ်ဦး၊ အမယ်ကြီးအိုအတွက် ချက်ပေး ထားတဲ့ဟင်းကို ခိုးစားတဲ့ကောင်၊ သေ ပြီသာမှတ်"

"မ…မ…မဟုတ်…ဟုတ်"

မြင့်ရွှေတစ်ကိုယ်လုံး တုန်နေပြီ။ ဦးသစ်မောင်၏ ရိုက်ချက်ပြင်းပြင်းကို ခံခဲ့ရဖူးပေါင်း များပြီမဟုတ်ပါလော။ စကားကို ဆုံးအောင် မပြောနိုင်သလို၊ ဦးသစ်မောင်ကလည်း ဆက်ပြီး နား

www.burmeseclassic.com

www.burmeseclassic.com



...ည်မဟုတ်ပါ။

"မင်းက တုတ်မှ ကြောက်တဲ့ ...ပဲ"

ဦးသစ်မောင်သည် အနီးအနား၌ ...ရာ တစ်တောင်ထွာကျော်ကျော် ...ရှိ ထန်းလျက်သားအား အသင့် ...တွေ့သည်။

"ကဲ - လိမ်ချင်တဲ့ကောင်၊ လိမ် ..."

မြင့်ရွှေ၏ တင်ပါး၊ ပေါင်သားတို့ ...ကြိမ်စကြာရိုက်သလို ဦးသစ်မောင် ...နှံလွှဲ၍ ရိုက်နေတော့သည်။

"ကြောက်ပါပြီဗျ။ နောက် မလိမ် ...ပါဘူး"

ဦးသစ်မောင်၏ ကြိမ်းမောင်းသံ၊ ...၏ ငယ်သံပါအောင် အော်နေ ... အသံများကား ပတ်ဝန်းကျင်ကို ...သွားလေသည်။

"တော်ပါတော့ ကိုသစ်ရယ်၊ ကလေးပဲ ဘာသိတာမှတ်လို့"

မြင့်ရွှေကား မြေပြင်မှာ မှောက်လျက်အနေအထား။ အသံပင် မထွက်နိုင်တော့။

"တော်တော်ကြိုပ်မွှေတဲ့ဟာတွေ"

ဦးသစ်မောင်သည် လက်ထဲက ကြေမွနေသော ထန်းလျက်တုတ်ကို လွှင့်ပစ်လိုက်ပြီး ထွက်ခွာသွားလေသည်။ ဦးသစ်မောင်၏ ဇနီး ဒေါ်အေးသည် မြင့်ရွှေကို ပွေ့ချီပြီး အိမ်အောက်တန်းလျားပေါ် သယ်ယူလာခဲ့သည်။ အထင်းသားပေါ်နေသော အစင်းရာများကို နန္ဒင်းလူးပေးသည်။ ကြပ်ထုပ်ထိုးပေးသည်။ ဦးသစ်မောင်သည် သားအရင်း မြင့်ရွှေကို ကြည့်မရ။ ဒါကို ဒေါ်အေး သိသည်။

မြင့်ရွှေမှာ ၁၀နှစ်အရွယ် ကလေးသူငယ်မျှသာ ဖြစ်ပါလျက် ဘာကြောင့် ကြည့်မရဖြစ်နေရပါသနည်း။ ယခုမှ မဟုတ်ပါ။ မွေးကတည်းကဟု ဆိုရမည်။ မြင့်ရွှေ မမွေးခင် နေ့တစ်နေ့မှာ ဖြစ်သည်။

◈◈◈

"မအေးရေ...မအေး"

"ရှင်...လာပြီ ကိုသစ်ရေ"

ကိုသစ်မောင် ရွာအရှေ့ပိုင်း ရှေ့တွင်းမှ ရေချိုးပြီး ပြန်လာသည်။ ရေထမ်းကလည်း ပါလာသည်။ ကြီးတန်းလန်းနှင့် လွတ်နေသည့် နွားကြီးကို ဖမ်းချည်ရန် ခေါ်ခြင်းဖြစ်သည်။ မအေး

www.burmeseclassic.com

မှာလည်း တောင်ဘက်ပိုင်း ရေတွင်းသို့ အဝတ်လျှော်၊ ရေချိုးရန် ထမီရင်လျား နှင့် ဆင်းလာသည်။

"နွားကြီးလွတ်နေတယ်"

"နေနေ၊ ထွန်ဖြုတ်ပြီး ထားခဲ့တာ"

"ဒေါ်အေးက နွားနောက်လိုက်ရန် ပြင်နေစဉ် စံမင်းက အိမ်ပေါ်မှ အပြေးအလွှားဆင်းလာပြီး ပြောလိုက်သည်။

"မိသင်းရော"

"ရေသွားခပ်နေတယ်"

မိသင်းဆိုသည်မှာ ဦးသစ်မောင်၊ ဒေါ်အေးတို့၏ သမီးဖြစ်သည်။ စံမင်းမှာ မိသင်း၏ ခင်ပွန်း။ သျှောင်နောက် ဆံထုံးမပါဘဲ ဆံထုံးနောက် သျှောင်ပါနေခြင်းဖြစ်သည်။ သမီးမျက်နှာကြောင့် သမက်ကို လက်ခံထားရသော်လည်း ဦးသစ်မောင် မနှစ်သက်။ ယခုလည်း အိမ်ပေါ်တွင် နှစ်ယောက်တည်း ရှိနေသည်ကို သံသယအမျိုးမျိုးဝင်နေသည်။ ဒေါ်အေးက ရိပ်မိသော်လည်း မသိဟန်ဆောင်နေသည်။ ပွင့်ပွင့်လင်းလင်းမေးလျှင်တော့ ရှင်းပြရန်သာ ရှိသည်။ မမေးဘဲ ပြောမိလျှင် အိုးမလုံ အုံ့ပွင့်ဆိုသကဲ့သို့ အထင်လွဲခံရမည်ကို စိုးရိမ်သည်။

"ကိုသစ် . . . ထမင်းစားတော့မလား"

"မစားသေးဘူး"

"ဒါဆို ရေသွားချိုးလိုက်ဦးမယ်"

လျှော်ဖွပ်မည့် အဝတ်အစားများကို ပွေ့ပိုက်ကာ တောင်ရေတွင်းဘက်ထွက်ခဲ့သည်။ စံမင်းက နွားကြီးကောက်ပြီး ရေတိုက်နေသည်။ မိသင်း ရေပုံးရွက်လာသည်ကို တွေ့ရသည်။

အဲဒီနောက် ကိုသစ်မောင်၏ သံသယစိတ်တွေ တဖြည်းဖြည်းတိုးတိုးလာသည်။ ပြောစကား ဆိုစကားတွေ



က အထင်အငေါ့မျိုးတွေ ဆိုလာသ... အသံတိတ်ပေမယ့် စိတ်စိတ်ချင်း ... သည်ပင်။ ကိုသစ်မောင် အထင်အ... လွဲနေသည်ကို စံမင်းရော မိသင်... ရိပ်မိလာသည်။ အိမ်မှာ မိသင်း မရှိ... မဖြစ်ဘူးလေ။ စံမင်းကလည်း အိ... တစ်ဆောင် မီးတစ်ပြောင်ထားနိုင်သ... မှ မဟုတ်ဘဲ။ သည်တော့ စံမင်း အိ... ပေါ်က ဆင်းသွားသည်။ ကြံရာကျ... အလုပ်လုပ်သည်။ ကြီးဒေါ်... တစ်ယောက်အိမ်မှာ နေသည်။ မိသ... က မိဘများအိမ်မှာပင် ဝိုင်းလုပ် ... စားနေရင်း စုတန်သလောက် စုသ... စံမင်းဆင်းသွားတော့ မိသင်းမှာ ကို... ဝန်ကျန်ခဲ့သည်။ သမီးလေး မွေးဖွာ... ခြောက်လလောက်အကြာမှာ... ဒေါ်အေးက မြင့်ရွှေလေးကို မွေးဖွာ... သည်။

"ကိုသစ်ရေ . . . ကလေးငိုနေ... ပုခက်လွှဲလိုက်ပါဦး"

"ကလေးပဲ ငိုမှာပေါ့၊ ငိုပါစေ"

ဦးသစ်မောင်သည် မြင့်ရွှေ... ကို လုံးဝ မချစ်ခင်။ မချစ်ရုံသာမဟ... ကြည့်၍ပင် မရ။ မြင့်ရွှေလေး သုံ... သားအရွယ်မှာ ဒေါ်အေး နောက်ထ... ယောက်ျားလေးတစ်ယောက် ဖွာ... သည်။ အငယ်ဆုံး၊ အထွေးဆုံး သ... လေးကိုတော့ ချစ်လိုက်တာ မပြေ... တော့၊ သားချင်းအတူတူ တစ်ယော... ကို မုန်း၊ တစ်ယောက်ကို အချစ်လွ... ဖြစ်နေတော့ အမုန်းခံရတဲ့ သား... အတွက် ဒေါ်အေး စိတ်မချမ်းမြေ... သည်လိုနဲ့ မြင့်ရွှေ ၁၀နှစ်သားအရွ... ရောက်လာသည်။

◈◈◈

"အမေ . . . ကလေး ... တုန်း"

"ညည်းအလေလေ၊ အမေကြီး..."

www.burmeseclassic.com

ာင်းကို ခိုးစားတယ်ဆိုပြီး ရိုက်

"ကလေးပဲ၊ ဘာသိတာမှတ်လို့။ ာက်ကြီး အရိုးထပ်အောင် ရိုက်ရ ည်လို့"

"မပြောချင်တော့ပါဘူး သမီး

ဒေါ်အေးတို့သားအမိ အချီအချ နေခြင်းဖြစ်သည်။ ဆေးလိမ်းခံနေ ာပင် မြင့်ရွှေ တကျွတ်ကျွတ်နဲ့ လေးတနေတော့သည်။

"သားခိုးစားတာ မဟုတ်ပါဘူး။ ကြီးက ကျွေးလို့ စားမိတာပါ"

အမေကြီးဆိုသည်မှာ ဦးသစ် ၏ မိခင်ဖြစ်ပါသည်။ မျက်နှာချင်း ခြံတစ်ဝိုင်းတည်းမှာ နေသည်။ ကောင်းရှိလျှင် ပို့နေကျ။ ယနေ့ သားဟင်းချက်သဖြင့် ပို့ထားခြင်း ည်။

◈◈◈

မြင့်ရွှေလေး 'ဒဏ်ရာတွေ က်တော့ ဒေါ်အေးသည် သမီး င်နှင့် တိုင်ပင်ပြီး ရွာဦး ဘုန်းတော် ကျောင်းတွင် ကျောင်းအိပ် င်းစားအပ်နှံရန် စီစဉ်လိုက်သည်။ တော်ကြီးကတော့ ဘာမျှမသိ ပါ။ အတိတ်ကံအကြောင်းတရား င် မမြင်နိုင်တော့ သတ္တဝါတစ်ခု၊ စ်ခုဟု သဘောထားရန် မိန့်ကြား ည်။

မြင့်ရွှေလေးကို ထားခဲ့ပြီး ဆရာ ်ကို နှုတ်ဆက်ကာ ပြန်လာခဲ့ မြင့်ရွှေလေးက ဘာစကားမှ နိုင်ဘဲ မျက်နှာငယ်လေးနှင့် ကျန် ည်။ ဒေါ်အေးသည်လည်း သား င့် ညအိပ်ညနေခဲ့ရတော့မည်ဆို အသိကြောင့် ရင်တွင်းမှ လှိုက် မျက်ရည်များပင် စို့လာသည်။

အိပ်နေတာနဲ့ ကျောင်းနေတာပဲ ကွာ တာ။ တစ်ရွာတည်း အမြဲတွေ့လို့ ရနေ တော့ တော်သေးသည်ဟု ဖြေတွေး တွေးကာ နှစ်သိမ့်လိုက်ရသည်။

စာသင်ကျောင်းမှာ ဘုန်းကြီး ကျောင်းနှင့် တွဲလျက်ရှိသောကြောင့် မြင့်ရွှေလေး ကျောင်းတက်ရတာ အဆင်ပြေသည်။ ဘုန်းကြီးကျောင်း ဝေယျာဝစ္စ ရေခပ်ခြင်း၊ ဆွမ်းခံခြင်း၊ ကျောင်းသန့်ရှင်းရေးလုပ်ခြင်းတို့မှာ ကျောင်းချိန်ပြင်ပတွင် လုပ်ရသည်။ နွေရာသီ ကျောင်းပိတ်ရက်မှာတော့ ဘုရားရှိခိုးအမျိုးမျိုး၊ ပန်းကပ်၊ ဆွမ်း ကပ်၊ ရေချမ်းကပ်များ ကျက်မှတ်ရ သည်။

သည်လိုနှင့် လေးတန်းအောင် သွားသည်။ ရွာမှာက အလယ်တန်းမရှိ၊ အလယ်တန်းပညာကို သင်ယူဖို့ ကျောင်းထိုင်ဘုန်းကြီးကလည်း မတတ် နိုင်။ စာမသင်ဘဲ ကျောင်းအိပ် ကျောင်း စားလုပ်နေလို့လည်း ရေရှည် အဆင် မပြေနိုင်သဖြင့် ဒေါ်အေးနှင့် ပြောဆို ညှိနှိုင်းပြီး သာမဏေဝတ်ပေးလိုက် သည်။ မြင့်ရွှေမှ ကိုရင် "ပညာသာမိ" ဖြစ်သွားတော့သည်။

ကိုရင် ပညာသာမိသည် ဉာဏ် ကောင်းသည်၊ လူချစ်အောင် ခင်အောင် ပြောဆိုတတ်သည်။ ပရိတ်ကြီး၊ ရတနာ ရွှေချိုင့်၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာ ရဋ္ဌသာရတို့၏ ဆုံးမစာများ၊ အတွင်း အောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ တို့ကို ရွာဦးကျောင်းဆရာတော်ထံမှ သင်ယူပြီး အာဂုံဆောင်နိုင်နေပြီ၊ ကိုရင် ပညာသာမိ အနာဂတ် တိုးတက်ရာ တိုးတက်ကြောင်းအတွက် စာသင်တိုက် ပို့သင့်ကြောင်း ဒေါ်အေးကို အကြံ ဉာဏ်ပေးသည်။ သားနှင့် မခွဲချင်သော် လည်း ပညာရေးမို့ ရွာဦးဆရာတော်

အား သင့်ရာ ပို့ရန် လျှောက်ထားရ တော့သည်။ ဤသို့ဖြင့် ကိုရင် ပညာ သာမိသည် ချောက်မြို့ စာသင်တိုက် တစ်ခုဖြစ်သော စလင်း ပဋိယတ္တိစာ သင်တိုက်သို့ ရောက်ရှိသွားလေတော့ သည်။

◈◈◈

စေတီစောင်းတန်းမှ တက်လျှင် စေတီဘုရားအလွန်၌ ရှိပြီး ဘောလုံး ကွင်းဘက်မှ တက်လျှင် ဘုရားဘေးမှ တက်ရသည်။

"ဘုရားတပည့်တော်သည် ခမည်းတော်အပေါ်၌ တစ်စုံတစ်ရာ ငြိုငြင်သော စိတ်မရှိပါ ဘုရား။ ဤမှန် သော သစ္စာစကားကြောင့် ယခုဘဝမှာ ပင် ချစ်ခင်သော သားအဖအဖြစ် နေရ ပါလို၏ အရှင်ဘုရား"

ကိုရင် ပညာသာမိသည် စေတီ ဘုရားတွင် ရှိခိုး ဦးခိုက်ပြီးတိုင်း မေတ္တာ ပို့ ဆုတောင်းအကြိမ်ကြိမ်ပြုမိပေသည်။ စာသင်တိုက်သို့ ပထမရောက်သည့်နှစ် တွင် အခြေခံ သဂြိုဟ်၊ သဒ္ဒါသင်ယူရ သည်။ နောက်နှစ်မှ စကာ ပထမငယ် တန်း၊ ပထမလတ်တန်း၊ အကြီးတန်း တို့ကို ဝင်ရောက်ဖြေဆိုရာ တစ်နှစ် တစ်တန်း အောင်မြင်သည်၊ ကိုရင်ဘဝ မှာပင် အကြီးတန်း စာမေးပွဲအောင်မြင် ပြီးဖြစ်နေသည်။ ဓမ္မာစရိယ စာချတန်း တက်မည်ဆိုလျှင် ပခုက္ကူ၊ မန္တလေးကဲ့ သို့ မြို့ကြီးများကို သွားရောက် သင်ယူ ရပေမည်။

"ကိုရင် ပညာသာမိ··· ကိုယ် တော်က ဒီရောက်နေတာကိုး။ ဆွမ်း စားကျောင်းမှာ ကိုယ်တော့်ဒကာမကြီး ရောက်နေတယ်"

"ဟေ··· ဟုတ်လား"

သိတင်းသုံးဖော် ကိုရင်တစ်ပါးမှ အသိပေး အကြောင်းကြား၍ ဘုရားရင်

www.burmeseclassic.com

ပြင်မှ ဆွမ်းစားကျောင်းသို့ သုတ်ခြေတင်ခဲ့သည်။ ကျောင်းပေါ်တွင် မယ်တော်ကြီးနှင့် အစ်မတော်ကိုပါ တွေ့ရသည်။

"ဘာကိစ္စရှိလို့လဲ ဒကာမကြီးတို့"

"ဒီလို ကိုရင်ရေ . . ."

ဟု အစချီကာ လျှောက်ထားကြသည်။

ဒကာ ဦးသစ်မောင် ထယ်ထိုးရာမှ လက်ကိုင်လွှတ်ပြီး ခြေသလုံး ထယ်ထိုးမိသွားသည်။ တိုက်နယ်ဆေးရုံက ပတ်တီးစည်းပေးလိုက်ပြီး ခရိုင်ဆေးရုံကို အမြန်ပို့ပါဆိုပြီး စာပါ ရေးပေးလိုက်သည့်အကြောင်း၊ ခရိုင်ဆေးရုံ ဆရာဝန်ကြီးက သွေးထွက်လွန်နေ၍ သွေးသွင်းရန် သွေးစစ်နေရလျှင် ကြာမည်ဖြစ်၍ သားသမီးရှိလျှင် သားသမီး သွေးသွင်းစေလိုကြောင်း ရှင်းလင်းပြောကြားချက်အရ ရောက်လာကြောင်း အတိုချုံး ရှင်းပြလိုက်ကြသည်။

"ဒါဆို ချက်ချင်းသွားမှပေါ့ လာ . . . . လာ"

◈◈◈

လူနာ ဦးသစ်မောင်မှာ သတိရတစ်ချက် မရတစ်ချက်၊ သွေးအချိန်မီ မသွင်းနိုင်လျှင် အသက်အန္တရာယ် အတွက် စိုးရိမ်ရသည့်အခြေအနေပင်။

"ဒါ ဒီဒကာကြီးသား ကိုရင်ပါ"

အချိန်ဆွဲမနေတော့ဘဲ ကိုရင် လက်မောင်းမှ သွေးကို ဦးသစ်မောင်သို့ တိုက်ရိုက်ဆက်သွယ် သွင်းပေးလိုက်သည်။ လူနာမှာ အိပ်မောကျနေသည်။

"ကိုရင်လည်း သွေးလှူထားလို့ ငြိမ်ငြိမ်လေး မှေးနေပါ"

"ဟုတ်ကဲ့ ဒကာကြီး"

"အိပ်ရာက နိုးလာရင် လူနာ သတိကောင်းကောင်းရမှာပါ"

"ကျေးဇူးပါပဲ ဆရာကြီး"

ဆရာကြီး ရုံးခန်းဘက် ထွက်သွားသည်။ နာရီဝက်လောက်ကြာတော့ ကိုရင် ပညာသာမိလည်း နောက်နေ့မှ လာမည်ဟု ပြောဆို နှုတ်ဆက်ကာ ကျောင်းသို့ ပြန်ကြွခဲ့လေသည်။

◈◈◈

ဦးသစ်မောင် အိပ်ရာက နိုးတော့ လူကောင်းပကတိဖြစ်နေသည်။ ဒဏ်ရာက ချုပ်ရိုးကြောင့် ကိုက်တာ ခဲတာပဲ ရှိသည်။ လမ်းတော့ မလျှောက်နိုင်သေး။ အရိုးမထိတော့ ဒဏ်ရာကျက်လျှင် လမ်းလျှောက်နိုင်မည်ဟု ဆရာဝန်ကြီးက ပြောပြထားသည်။

"ဒကာကြီးအခြေအနေ သက်သာရဲ့လား"

"ကောင်းပါတယ် ကိုရင်။ ဒီမှာ ကိုသစ် . . ကိုသစ်ရဲ့ အသက်သခင်ဟာ ဒီကိုရင်လေးပဲ။ ဒီကိုရင်လေးဆီက သွေးသာ အချိန်မီ မရခဲ့ရင် ကိုသစ်အတွက် တကယ့်ကို အန္တရာယ်ပဲ"

"တကယ်ကို ကျေးဇူးတင်ပါတယ် ကိုရင်လေး"

ဟု ဆိုကာ ကန်တော့နေလေသည်။ ကိုရင်လေးကိုလည်း အသေအချာကြည့်နေသည်။ သို့သော် မမှတ်မိပါ။

"အဲဒါ မြင့်ရွှေလေ"

"ဟေ . . . ဒါဆို မြင့်ရွှေက . . ."

"ဟုတ်တယ် ကိုသစ်၊ ရှင့်ရင် သွေးမို့ သွေးအမျိုးအစားတူလို့ သွင်းရတာပေါ့"

ဦးသစ်မောင် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းများကို တစ်ပြိုင်တည်း နက်နက်နဲနဲ ခံစားလိုက်ရပေသည်။

"တပည့်တော် . . . ကိုရင့်မယ်တော်ကြီးအပေါ် အထင်အမြင်လွဲပြီး သံသယဝင်မိရာက ကိုရင့်အပေါ် အမျိုး

အတေးထားပြီး အမျိုးမျိုးနှိပ်စက်ခဲ့တာ[illegible] အရွယ်နဲ့ မလိုက်အောင် ပြုမူခဲ့တာ[illegible] အပေါ် ဘယ်လိုပဲ စိတ်ချ တောင်း[illegible] တောင်းပန် ကျေနိုင်စရာမရှိပါ[illegible] ဘုရား"

ဦးသစ်မောင် ပါးပြင်ပေါ်သို့ မျ[illegible] ရည်များ စီးကျလာသည်။

"ကိုရင် ဒကာကြီးအပေါ် အ[illegible] လို့ မမြင်ခဲ့ပါဘူး။ ဒီဘဝမှာပဲ ချ[illegible] တဲ့ သားအဖအဖြစ် နေရပါလို[illegible] ဘုရားမှာ ဆုတောင်းပါတယ်"

"သား"

"အဖေ"

ဒကာ ဦးသစ်မောင်၊ ကို[illegible] ပညာသာမိတို့ သားအဖနှစ်ဦး ရင်[illegible] အပ်ကာ ဖက်လျက် ဝမ်းသာလွန်း[illegible] ကြောင့် နှစ်ဦးသား မျက်ရည်ဖြို[illegible] ကျနေပေတော့သည်။

ဆေးရုံမှာ တစ်ပတ်လောက်[illegible] ပြီး ဆင်းခွင့်ပြုလိုက်လေသည်။

"ကိုရင်ပါ ရွာလိုက်ခဲ့ဦးလေ"

မိသားစု ပျော်ပျော်ပါး[illegible] သို့ ပြန်ခဲ့ကြသည်။ တစ်ဆက်တည်[illegible] ပင် ကိုရင် ပညာသာမိကို ရှင်[illegible] ဘောင်သို့ သွတ်သွင်းမည့် ရဟ[illegible] အလှူပြုလုပ်မည့်အကြောင်း လျှော[illegible] ထားခဲ့ကြသည်။

"ရွာလယ်က အလှူပွဲ ××× [illegible] ငြိမ့်သဲလို့ စည်ကားလှတာ ××× [illegible] စည်သံတွေ သာ ××× ဒိုးပတ်သံ[illegible] သာ ××× ပျော်စရာ ရွှင်စရာ [illegible] အလှူပွဲ ငြိမ့်ငြိမ့်သဲ×××လို့သာ[illegible]"

ဦးသစ်မောင်၊ ဒေါ်အေး[illegible] သား မောင်မြင့်ရွှေရဲ့ ရဟန်းခံ အ[illegible] မှ အသံချဲ့စက်သံသည် တစ်[illegible] လွှမ်းမိုးနေလေတော့သည်။ ■

* * *

မိုး[illegible]

www.burmeseclassic.com

www.burmeseclassic.com


အခါတစ်ပါး၌ မြတ်စွာဘုရားရှင်အား ညီတော် အာနန္ဒာထေရ်က ကလျာဏမိတ္တတည်းဟူသော မိတ်ဆွေကောင်းနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်သော အကျိုးတရားကို မေးလျှောက်လေသည်။

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား··· လောက၌ ကလျာဏမိတ္တဟု ခေါ်ဆိုသော မိတ်ဆွေကောင်းတို့အား အကြောင်းပြု၍ ဖြစ်ပေါ်လာရသော အကျိုးတရားသည် ထက်ဝက်မျှသော အကျိုးကိုသာ ရရှိနိုင်သည်ဟု တပည့်တော် ယူဆပါသည် ဘုရား"

"အာနန္ဒာ···ငါဘုရား၌ ခစားလိမ့်မှာ အာနန္ဒာ၊ ဝေ-ဉ်သို့ ထက်ဝက်လောက်သော ကျေးဇူးများပါ၏ဟူသော စကားကို၊ မာအဝစ- တစ်ဖန်နှောက်ဖြင့် မလျှောက်လေနှင့်၊

# မိတ်ဆွေကောင်း

နန္ဒာမင်းဇံ (ပခုက္ကူ)



www.burmeseclassic.com

www.burmeseclassic.com

ချစ်သား အာနန္ဒာ…ယဒိဒံ ယသော ကလျာဏမိတ္တတာ- အကြောင်းလမ်းမှန်ညွှန်ပြ ကလျာဏမိတ္တခေါ်တဲ့ မိတ်ဆွေကောင်းရှိသော အဖြစ်မျိုးသည်၊ အတ္တိ - အမှန်အားဖြင့် ထင်ရှားမသွေ ရှိပါပေ၏။ ဣဒံ - ဤသို့ မိတ်ဆွေကောင်းရှိသော အဖြစ်မျိုးသည်၊ ပြဟ္မစရိယဿ - မြတ်သောအကျင့်ကို အသင့်မယွင်း ကောင်းစွာကျင့်ခြင်းအားဖြင့်၊ သကလံ- တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံ ကျေးဇူးများလုပေးသတည်း။

**ပိယဝါစံ ဘာသေယျ။**
**ပိယာဟိ ယဿဝဗနာ။**
**ယဿတု ယဿဝဗန္တေ၊**
**ဝဗန္တိ ဘောဂသဥ္ဆယေ။**

ပိယဝါစံ - ချိုမြိန်သော စကားမျိုးကိုသာလျှင်၊ ဘာသေယျ-အေးကြည်သာယာ ပြောဆိုရာ၏။ ဟိ-ကျေးဇူးအကျိုး မျှော်ကိုးဖွယ်သော်ကား၊ ပိယာ-အပြစ်မဖက် နှစ်သက်စွာ မြွက်ကြားသော ပိယဝါစာဆိုတဲ့စကားကြောင့်၊ ယဿဝဗနာ - ချစ်ခင်သူများ၍ အခြွေအရံတိုးပွားရာ၏။ ယဿ- မည်သူမဆို အကြင်ပုဂ္ဂိုလ်အား၊ တု-စင်စစ်၊ ယဿဝဗန္တေ- ချစ်ခင်သူပေါ်များ၊ အခြွေအရံတိုးပွားသောအခါမျိုး၊ တဿ- ထိုသူအား၊ ဘောဂသဥ္ဆယာ-ဥစ္စာစီးပွားအပေါင်းတို့သည်၊ ဝဗန္တိ- တစ်နေ့တခြား ဒီရေအလားသို့ တိုးပွားဖြစ်ထွန်း၍ လာကြရလေကုန်သတည်း"

◈◈◈

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီး၌ ဗြဟ္မဒတ္တမင်း စိုးစံတော်မူလေ၏။ ဂေါတမမြတ်စွာဘုရား အလောင်းတော်သည်ကား သန်းပေါင်းများစွာ ကြွယ်ဝသော သူဌေးသားဖြစ်လေ၏။

"တို့သူဌေးလေးကတော့ ရုပ်ရည်ကလည်း ခန့်ညား၊ သဘောကလည်း ကောင်း၊ အပြောအဆိုကလည်း ရည်မွန်၊ အတိုင်းတိုင်းအပြည်ပြည်က သူဌေးသမီးတွေက လိုချင် လိုက်ကြတာအေ"

"ဟုတ်ကယ်အေ့၊ တို့သူဌေးလေးရမယ့် မိန်းကလေး ကတော့ ကံကောင်းမှာတော့…"

သူဌေးလေး၏ အိမ်ဖော်နှစ်ဦးတို့သည် သူဌေးလေး၏ အရည်အချင်းကို အိမ်မှုကိစ္စလုပ်ကိုင်ရင်း ပြောဆိုနေကြလေကုန်၏။

"ဥစ္စာပေါ ရုပ်ချော၊ သဘောကောင်း၊ အပြောကောင်းဆိုတာ သူဌေးလေးကို ပြောတာဗျ"

ဟု မြို့သူ မြို့သားများကလည်း ချီးကျူးစကား… ၏။

သူဌေးလေး၏ ဂုဏ်သတင်း ထုံသင်း ပျံ့နှံ့… မြို့တစ်ခွင်သာမက၊ အတိုင်းတိုင်းအပြည်ပြည်ထိ ထ… ကျော်စောနေလေသည်။

သူဌေးလေး၏ အပေါင်းအသင်း မိတ်ဆွေများသ… တစ်မြို့လုံးရှိ လူအပေါင်းတို့သည် အရေးတယူ အလေး… ပြောဆို ဆက်ဆံကြသည်။ လူမှုရေး နာရေးသာရေးကိ… တွင်လည်း သူဌေးလေးကိုပင် ဦးစီးခေါင်းဆောင်အကြီး… ထားကြကုန်၏။ လူငယ်သော်ငြား ပညာက ကြွယ်၊ လိ… ခြားကလည်း ပြိုင်ဘက်မရှိသဖြင့် အများသူများက ချီး… လေးစားကြလော၏။

◈◈◈

"သူဌေးလေး ကိုစိတ္တရေ…ကျုပ်တို့တစ်တွေ… သုတရှာတဲ့အနေနဲ့ မြို့ပြင်ထွက်ပြီး လှူနေမှုဘဝ ဒေ… ကြရအောင်ဗျာ"

"ကောင်းတာပေါ့ ကိုသုခရယ်။ ကောင်းတာပေ…"

"အမယ်…ကိုစိတ္တတို့၊ ကိုသုခတို့က တ… အတိုင်အဖောက်ညီလှပါလား။ ခင်ဗျားတို့သွားရင် ကျ… လည်း လိုက်မှာပေါ့ဗျာ။ စာအုပ်တစ်အုပ်ထက် … တစ်သောင်းသွားရတာ တန်ဖိုးလည်း ရှိ၊ အကျိုးလ… သတဲ့ဗျ။ ကိုမာဃလည်း လိုက်မှာလားဗျ"

"စားအတူ၊ သွားအတူ သူငယ်ချင်းတွေဆို… လိုက်မှာပေါ့ဗျာ"

သူဌေးလေး ကိုစိတ္တနှင့် အပေါင်းအဖော် သ… သည် စိတ်တူကိုယ်တူ မြို့ပြင်သို့ အလည်အပတ်… ကြသည်။ လူငယ်လူရွယ်ဖြစ်သည်အထိ သူဌေးစည်… မြို့၏ အရသာကို ခံစားနေကြရသော အလောင်… သူဌေးသားနှင့် သူငယ်ချင်းများသည် တောတောင်… သဘာဝကို ကြည်နူးခံစား ပီတိဖြစ်နေကြလေသည်…

"ကြည့်စမ်း…မိတ်ဆွေတို့၊ လယ်သမာ… ကောက်စိုက်နေတာ တယ်ကြည့်မဝပါလားဗျာ။ ကျ… နေ့စဉ် စားသုံးနေတဲ့ ဆန်တစ်စေ့ဖြစ်ဖို့ မလွယ်ပါလ… နဖူးက ချွေး၊ ခြေမ ကျအောင် လုပ်ရတာကလား"

"ဟုတ်တယ်ဗျ။ ဟိုမှာလည်း ကြည့်၊ သစ်ခုတ်… တစ်ယောက် အသက်ဘေးမကြောက် သစ်ပင်ခုတ်… ဗျာ၊ အံ့ဖွယ်သံရဲရှိလှတယ် ကိုစိတ္တရေ"

သူဌေးသား လေးဦးတို့သည် တောသူတော…



www.burmeseclassic.com

www.burmeseclassic.com



[..]က်လုပ်လက်စားဘဝများကို တွေ့မြင်ခံစား အသနားပွား[..]ကြရသည်။ လောကကြီးထဲတွင် လှုပ်ရှားရုန်းကန်နေကြရ[..] ဘဝများကိုလည်း စာနာ နားလည်မိကြ၏။

"ကဲ - သူငယ်ချင်းတို့ရေ၊ ဟောဒီ အရိပ်ကောင်းတဲ့ [..]ညောင်ပင်ကြီးမှာ ခေတ္တနားကြရအောင်"

"ကောင်းတယ်ဗျို့"

သူဌေးသားတစ်စုသည် ညောင်ပင်ကြီးအောက် အပန်း[..]ဖြေ၍ လောက သဘာဝမြင်ကွင်းကို ငေးမောကြည့်ရှု[..]ကြလေသည်။

"ဟဲ့…ဟဲ့…သည်နွား၊ ပေကပ်ကပ်နိုင်လှချေလား။ [..]…ငါရိုက်လိုက်ရ၊ နာတော့မယ်"

အသံကြီးဖြင့် လှည်းမောင်းလာသော မုဆိုးတစ်ဦး[..]မြင်တွေ့လိုက်မိကြသည်။ လှည်းပေါ်တွင်လည်း အမဲသား[..] အပြည့်အသိပ်ပါလာ၏။

"အို…မိတ်ဆွေတို့၊ ဟိုက လာတာ မုဆိုးကြီးရဲ့ [..]တင် လှည်းကြီးပဲ။ ကျုပ်တို့တစ်တွေ ငွေအသပြာ[..]လာတော့ ဟင်းစားတောင်းရရင် ကောင်းမယ်ထင်တယ်"

သူဌေးသား ကိုမာဃ၏ ပြောစကားကို ကျန်သူများက [..]ညီ ထောက်ခံ သဘောတူကြ၏။

"ကဲ - ခင်ဗျားကိုယ်တိုင် သွားတောင်းပေတော့"

ဟု ပြောဆိုကြရာ အမဲသားဟင်းလျာ တောင်းရန် [..]ထားပေါ်သော ကိုမာဃသည် မုဆိုးကြီးထံ သွားရောက်[..]သည်။

"ဟေ့…မုဆိုးကြီး၊ ငါတို့စားဖို့ အမဲသားပေးခဲ့စမ်းပါဦး"

ဟု မာမာထန်ထန် ပြောဆိုလေသည်။

မုဆိုးကြီးလည်း ဘာမဆိုင်ညာမဆိုင် ခပ်မာမာပြောဆို၍ အမဲသားတောင်းလာသော သူဌေးသားအား မကျေမနပ်နှင့် ကြည့်လိုက်သည်။ ခံပြင်းသလိုလည်းဖြစ်သွားသည်။

"နေပါဦး၊ မောင်ရင်က သူများပစ္စည်းတောင်းတာ သည်လောက် ခက်ထန်ရသလား"

ဟု ဒေါသသံနှင့် ပြန်ပြောလေသည်။

"မောင်ရင်ပြောပုံဆိုပုံက မိကောင်းဖခင်သားသမီး မဟုတ်သလိုပဲ။ ချိုချိုသာသာနဲ့ သူများ နားဝင်အောင် ပြောမှပေါ့။ အင်းလေ…မောင်ရင် လိုချင်သပဆိုရင်တော့ ပေးရတာပေါ့။ ဒါပေမယ့် အမောင်ကြိုက်မယ့်၊ စားကောင်းမယ့် အသားတော့ မရဘူး။ စကားကြမ်းတော့ အသားကြမ်းတဲ့။ အရွတ်အဖျင်းလေးတွေ ပေးရတာပေါ့လေ…ဟဲဟဲ…"

မုဆိုးကြီးသည် စကားနှင့်အညီ သုံးမရ၊ စားမရသော အသားဖျင်းများကို ခုတ်ထစ်ပေးလိုက်လေသည်။ အမဲသားတောင်းသော သူဌေးသား ကိုမာဃမှာ ကိုယ့်စကားနှင့်ကိုယ် မျက်စိမျက်နှာမကောင်းဘဲ အပေါင်းအဖော်များထံ ပြန်လာခဲ့ရ၏။

"အို…မိတ်ဆွေ၊ မျက်နှာလည်း မကောင်းပါလား။ ဘယ်လိုဖြစ်လာတာလဲ"

"ငါကကွာ…ဟေ့ - မုဆိုးကြီးဆိုပြီး ရင့်ရင့်သီးသီး ခေါ်လို့တဲ့။ စားမရတဲ့ အသားတွေ ခုတ်ထစ်ပေးလိုက်တာ၊ ရှက်လိုက်တာကွာ"

"ဒါဆို ငါသွားတောင်းကြည့်ဦးမယ်။ စကားကောင်းကောင်းပြောရင် အသားကောင်းတွေ ပေးမှာကွ"

ဟု ကိုသုခသည် ပြောပြောဆိုဆို မုဆိုးကြီးထံ အမဲသား သွားတောင်းလေသည်။

ကိုသုခသည် မျက်နှာချိုချိုဖြင့် မုဆိုးကြီးထံ ရောက်သွားသောအခါ "အင်း…တစ်ယောက်တော့ လာပြန်ပြီ"ဟု သောစိတ်နှင့် မုဆိုးကြီးသည် ကိုသုခကို အကဲခတ်လေသည်။

"အစ်ကိုကြီးရေ…ကျွန်တော့်ကို ညီလို သဘောထားပြီး အမဲဟင်းလျာလေး ပေးခဲ့ပါလားခင်ဗျာ"

သည်တစ်ယောက် စကားကတော့ ပြေပြစ်ပေမယ့် နှုတ်က မချိုလှပါကလား။

"ကဲ - မောင်ရင်၊ မောင်ရင့်အတွက် ကိုယ်ခန္ဓာသားလေး ပေးလိုက်ပါရဲ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com

သူဌေးသား ကိုသုခသည်လည်း မုဆိုးကြီးပေးလိုက်သော ကိုယ်ခန္ဓာသားအား ဆွဲယူ၍ ပြန်လာခဲ့ရလေသည်။

"ကိုယ်ခန္ဓာသားဆိုတော့ ပေါင်သားလောက် မကောင်းပေမယ့် ထောင်းထုပြီး မဆလာနဲ့ ချက်ရင် စားလို့ ခံတွင်းမြိန်နိုင်ပါတယ် မိတ်ဆွေ"

ကိုမိတ္တက နှစ်သိမ့်ပြောဆို၏။

"ဒီလိုဆို ကျုပ်ကလည်း နှုတ်ချိုချိုနဲ့ အစ်ကိုဆိုတာ ရှိုးလို့၊ တစ်မျိုးပြောင်းပြီး သွားတောင်းပါ့မယ်ဗျာ"

ဟု ကိုမိတ္တက ပြောဆိုလျက် မုဆိုးကြီးနား ရောက်သည့်အခါ...

"အို...ဖခင်၊ အမဲဟင်းလျာ စားချင်လှပါ၍ တစ်ဟင်းစားပေးပါခင်ဗျာ"

တတိယ သူဌေးသား ကိုမိတ္တ၏ "ဖခင်"လို့ ခေါ်လိုက်တယ်ဆိုရင်ပဲ ဒီတစ်ယောက်က ပုံစံတစ်မျိုးနဲ့ လာသကိုးဆိုပြီး တဟားဟားနဲ့ ဟက်ဟက်ပက်ပက် မုဆိုးကြီး ရယ်မောလေသည်။ ဟက်ဟက်ပက်ပက် ရယ်မောရာမှ...

"အို...သူဌေးသား၊ ဖခင်ဆိုတဲ့ စကားဟာ များစွာလေးနက်လှပါ၏။ သို့ပါသော်လည်း သားဖြစ်သူက ဖခင်ဖြစ်သူကို မွေးသဖခင် ကျေးဇူးရှင်လို့များ ခေါ်လိုက်ရင် နှလုံးသားပီတိ ဂွမ်းဆီထိရပါသကောကွယ်။ ဒါကြောင့် မောင်ရင့်ကို နှလုံးသားအမဲလေး ပေးလိုက်ရမှာပေါ့"

တတိယ သူဌေးသားအား အမဲအသည်းနှလုံးများကို လှီးဖြတ်၍ ပေးလိုက်လေသည်။ အမဲနှလုံးရသော သူဌေးသား ကိုမိတ္တသည် ရယ်ရယ်ပြုံးပြုံးနှင့် သူငယ်ချင်းများရှိရာသို့ ပြန်ခဲ့၏။

"တယ်ဟုတ်ပါလား။ အမဲနှလုံးသားတွေနဲ့ စားကောင်းမှာတော့ သေချာနေပြီ။ မုဆိုးကြီးကို ဘယ်လိုခေါ်ပြီး အမဲကောင်းတွေ ရလာရသလဲဗျ ကိုမိတ္တ"

ကိုမိတ္တလည်း သူ မည်ကဲ့သို့ ခေါ်ပုံ၊ အမဲအသည်းနှလုံးသားကို ရရှိပုံကို ဝမ်းသာအားရ ပြောပြလေသည်။

အလောင်းတော်ဖြစ်သော ကိုစိတ္တကလည်း...

"ကဲ-ကဲ...မိတ်ဆွေတို့အလှည့်ပြီးသွားပြီဆိုတော့ ကျုပ်အလှည့်ပေါ့။ အသားကောင်းရဖို့ သွားတောင်းကြည့်ရမှာပေါ့ဗျာ"

ဘုရားလောင်း သူဌေးသား ကိုစိတ္တလည်း မုဆိုးကြီးထံ အမဲသားတောင်းရန် ထွက်သွားလေသည်။ ကျန် သူဌေးသား သုံးဦးသည်လည်း ကိုစိတ္တ မည်ကဲ့သို့ အမဲသားတောင်းမည်ကို စိတ်ဝင်တစား စောင့်ကြည့် အကဲခတ်ကြလေ၏။

မုဆိုးကြီး၏ အမဲလှည်း အနီးရောက်သည့်အခါ...

"အို...မိတ်ဆွေကြီး၊ အသီးသီးသော အခြားသူဌေး[illegible] ကတော့ အမဲသားတွေ ရကြပါပြီ။ မိတ်ဆွေကြီး သ[illegible] အလျောက် ကျွန်ုပ်တစ်ယောက်အတွက်လည်း တစ်ခါ[illegible] လောက် မ စပါဦး"

မုဆိုးကြီးမှာ မိတ်ဆွေကြီးဆိုသော စကား၊ ညင်သ[illegible] သိမ်မွေ့သော စကားများကို ကြားလိုက်ရသောအခါ နားဝ[illegible] ငြိမ့်ငြိမ့် ပီတိစိမ့်ကာ စိတ်နှလုံး ညွတ်ရုံ ထိခိုက်သွားေ[illegible] သည်။

မုဆိုးကြီးသည် မိတ်ဆွေဟူသော စကား၏ အတ[illegible] အနက်တန်ဖိုးကို သိသူဖြစ်ရကား...

"သူဌေးသား... အကြင်မြို့ရွာ၌ နေထိုင်သူသ[illegible] မိတ်ဆွေကောင်း မရှိသူအဖို့ တောကြီးမျက်မည်းကြား [illegible] ထိုင်သူနှင့် တူ၏။ မိတ်ဆွေကောင်းဆိုတာ အလုံးစုံသေ[illegible] အကျိုးကို ပြီးစေနိုင်တာမို့ မိတ်ဆွေကြီးဟူသော စကား[illegible] သုံးနှုန်းသည့် အသင့်အား ကျွန်ုပ်ပါသမျှ အမဲသားတစ်လ[illegible] လုံးအား ပေးပါတယ်"

မုဆိုးကြီး၏ ဝမ်းသာအားရ ကျေနပ်စွာဖြင့် ပြောလိ[illegible] သော စကားကြောင့် ဘုရားလောင်း သူဌေးသားနှင့်တ[illegible] ကျန် သူဌေးသားများအားလုံး အံ့အားတသင့် ဖြစ်ကုန်[illegible] လေ၏။

"အို...သူဌေးသား၊ ရှေ့က သွားလော့။ ကျွန်ုပ်လည်[illegible] ပေါ်မှ အမဲသားများအား သင့်အိမ်သို့ ကျွန်ုပ်ပို့ပါအံ့"

သူဌေးသား မိတ်ဆွေတို့သည် မုဆိုးကြီး၏ အမဲလှ[illegible] ကို ဦးဆောင်ကာ ပျော်ရွှင်စွာဖြင့် မြို့တွင်းသို့ ပြန်ခဲ့ကြေ[illegible] သည်။

◈◈◈

သူဌေးသား ကိုစိတ္တ အိမ်ရောက်လေလျှင် လှည်း[illegible] ပါ အမဲသားများကို ဝိုင်းကူ၍ ချကြလေသည်။

"မိတ်ဆွေ မုဆိုးကြီး... ရောက်တုန်းရောက်[illegible] အနားယူပါဦး။ စားကောင်း သောက်ဖွယ်ရာများနှင့် ဧည့်ခံ[illegible] စေဦး။ နမတို့ရေ...ဒီက ကျုပ်မိတ်ဆွေကြီးအတွက် [illegible] ကောင်း သောက်ဖွယ်ရာများ ယူခဲ့ပါကွယ်"

သူဌေးသား ကိုစိတ္တသည် မိတ်ဆွေကောင်းတို့ဝ[illegible] အတိုင်း မုဆိုးကြီးအား လိုလေသေးမရှိ ဧည့်ခံ ကျွေး[illegible]

မိတ်ဆွေတည်းဟူသော စကား၏ တန်ဖိုးကိုသိသူ[illegible] ဖြစ်ကြသဖြင့် နှစ်ဦးနှစ်ဖက် ဆွေမျိုးသားချင်းသဖွယ် ခ[illegible] ဝိုင်းဝန်းကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com

"မုဆိုးကြီး…ယနေ့မှစ၍ သင်နှင့် ကျွန်ုပ် တစ်ဦးနဲ့ [illegible]ဦး မိုခိုအားထားရာဖြစ်ကြပေပြီ။ သင်၏ လုပ်ငန်းကား [illegible]ကုသိုလ်ဖြင့် ရင်း၍ အသက်မွေးရသော လုပ်ငန်းဖြစ်၍ [illegible]ဆွေကောင်းတို့ဝတ္တရားပီပီ သင့်အား ကူညီပါအံ့။ ကျွန်ုပ် [illegible] ညီးစိမ်ဥစ္စာများကို ယူ၍ သမ္မာအာဇီဝကျသော လုပ်ငန်း [illegible] ဘဝကို ရပ်တည်ပါလော့။ ဒုစရိုက်မှ သုစရိုက်ကို [illegible]ောင်းလဲပါလော့။ သမ္မာအာဇီဝလုပ်ငန်းဖြင့် ရသော ငွေ [illegible]ပြာတို့ဖြင့် မိသားစုကို လုပ်ကျွေးပါလော့။ တချို့တစ်ဝက် [illegible] ကုသိုလ်ကောင်းမှုပြုပါလော့"

"ကျေးဇူးကြီးလှပါသည် သူဌေးသား"

သူဌေးသားသည် မုဆိုးကြီး၏ ဇနီးမယားကိုပါ ခေါ် [illegible]ောင်စေ၍ ဥစ္စာရတနာများ၊ အဝတ်အထည်များ ပေးကမ်း [illegible]ညီလေသည်။ မုဆိုးကြီး ဇနီးမောင်နှံတို့သည် မိတ်ဆွေ [illegible]ောင်းတည်းဟူသော အကျိုးထူးတရားကို ကေန်မုချ ခံစား [illegible]ည့်အတွက် များစွာ ဝမ်းမြောက်မိကြလေ၏။

"ယခုအချိန်မှစ၍ သူတစ်ပါးအသက်ကို သတ်ဖြတ် [illegible] အသက်မွေးမှု မုဆိုးအလုပ်ကို အပြီးတိုင် စွန့်လွှတ်ပါ။ [illegible]ျွန်ုပ်တို့နှင့်လည်း မကွဲမကွာ ပျော်ရွှင်စွာ နေထိုင်ကြပါလို့ တိုက်တွန်းအပ်ပါတယ် မုဆိုးကြီး"

"စိတ်ချပါ သူဌေးသား။ သင်သည် မိတ်ဆွေကောင်း နယ် အမိုက်မှောင်ကျနေသော ကျွန်ုပ်ဘဝကို အလင်းရောင် ထွန်းညှိပေးသူ ဖြစ်ပေ၏။ များစွာ ကျေးဇူးတင်ပါသည် သူဌေးသား။

မုဆိုးကြီးနှင့် ဇနီးတို့သည် ဝမ်းသာကြည်နူး မျက်ရည် များဖြင့် ပီတိဖြစ်ကာ မကောင်းမှုနှင့် အသက်မွေးမှု မပြုရန် ကတိကဝတ်ပြုလေသည်။

မုဆိုးကြီး မိသားစုသည် မိတ်ဆွေကောင်း၏ စောင့် ရှောက်မှုကို ခံယူရရှိ၍ ဒုက္ခဆင်းရဲအမှောင်ဘေးမှ ကင်းကွာ ကာ၊ ငြိမ်းအေး ချမ်းသာစွာဖြင့် ကောင်းကျိုးသုခလုပ်ငန်းများ ဖြင့် သက်မွေးဝမ်းကျောင်းပြုလျက် အလှူဒါန သီလ ဘာဝနာ များဖြင့် အသက်ထက်ဆုံး နေထိုင်သွားလေတော့သည် တကား ■

* * *

နန္ဒာမင်းခံ(ပစ္စူ[illegible])

မိုငြမ်း ■ ■ သဗ္ဗမံသလာဘာ။


သင့်ဘဝကို မြန်နှုန်းမြင့် အောင်မြင်ချင်တယ်ဆိုရင်

**ခေတ္တာရာဆရာကျော်**

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

နှင့် ဆွေးနွေးတိုင်ပင်ဖို့ မမေ့ပါနှင့်…..

သင့်ဘဝတိုးတက်ပြောင်းလဲစေမည့် အချိန်ကောင်း။

အခါကောင်းကို ဆရာက တိတိကျကျသိနေသည်။

သင့်ဘဝတက်လမ်းတံခါးကို ဆရာကူညီ၍ ဖွင့်ပေးမည်။

ဟောစာတမ်း၊ ဒွာမည်ပေး ပို့ပေးသည်။

Open Daily

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၇၄၆၄၂၊ ၀၉-၇၃၁၀၆၁၅၄၊ ၀၉-၂၅၀၂၇၃၆၇၇

www.burmeseclassic.com




# ဩကာသကန်တော့ချိုး

၄

ဆန်းဝင်း

(အောင်မြေ)

www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်···

မဂ်တရား၊ ဖိုလ်တရားအကြောင်း ဆွေးနွေးပြီးတော့ နိဗ္ဗာန်အကြောင်း ဆွေးနွေးရအောင် မောင်သောင်းရေ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် စိတ်ဝင်တစား နားထောင်နေပါတယ်"

"နိဗ္ဗာန်ကတော့ တို့ဗုဒ္ဓဘာသာဝင်တွေရဲ့ အန္တိမ ရည်မှန်းချက်ဖြစ်တာမို့ လေ့လာထားသလောက် နားလည်သလို ရှင်းပြပါမယ်"

"ဟုတ်ကဲ့ပါ ဆရာဆန်းရေ"

"ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ ဆိုတဲ့ ဝစနတ္ထအရ ဝါနသော-တဏှာမှ၊ နိက္ခန္တံ-ထွက်မြောက်ရသော တရားတည်း။ နိဗ္ဗာနံ-တဏှာမှ ထွက်မြောက်သော တရားဟူ၍ အဓိပ္ပာယ်ရပါတယ်။ လောကီတရားလို တဏှာရဲ့ အာရုံပြုကို မခံတော့ဘဲ တဏှာရဲ့ စက်ကွင်းမှ လွတ်ကင်းမှုကို တဏှာမှ ထွက်မြောက်ခြင်းလို့ ဆိုပါတယ်။

ဒီနေရာမှာ တဏှာအကြောင်း အနည်းငယ် ရှင်းပြပါမယ်။ ဝါနကို တဏှာလို့ခေါ်ပါတယ်။ ဝါနဆိုတာ ဆက်သွယ်ပေးသော တရားလို့ ဆိုပါတယ်။ အဓိပ္ပာယ်ရတယ်။ အပ်ချုပ်သမားတစ်ယောက်ဟာ အထည်စတစ်စကို ဆက်သွယ်ချုပ်ပေးသလို၊ တဏှာကလည်း ယခု ပစ္စုပ္ပန်ဘဝနဲ့ အနာဂတ်ဘဝကို ဆက်သွယ်ပေးပါတယ်။ ဒါကြောင့် တဏှာမကုန်သေးသမျှ ဘဝသံသရာမှ မလွတ်မြောက်နိုင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် စာရေးသူတို့ဟာ တဏှာမှ လွတ်မြောက်ပြီး နိဗ္ဗာန်ကို ရရှိအောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။

## နိဗ္ဗာန်နှစ်မျိုး

နိဗ္ဗာန်သည် သဥပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်ဟူ၍ နှစ်မျိုးရှိပါတယ်။ သဥပါဒိသေသနိဗ္ဗာန်ဟူသည်မှာ မဂ်ဖြင့် ကိလေသာတွေကို ပယ်ပြီးတဲ့အခါမှာ ခန္ဓာအစဉ်တွင် ကိလေသာတွေ ကုန်သွားပေမယ့် ဖြစ်မြဲတိုင်းသာ ဝိပါက် နာမ်ခန္ဓာနှင့် ကမ္မဇရုပ် ကြွင်းကျန်နေပါသေးတယ်။ ထိုကိလေသာတို့မှ ကြွင်းကျန်ရစ်တဲ့ ထိုဝိပါက်ကမ္မဇရုပ်နှင့် ယှဉ်တွဲအပ်တဲ့ နိဗ္ဗာန်ကို သဥပါဒိသေသနိဗ္ဗာန်ဟု ခေါ်ပါတယ်။ ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ် မချုပ်သေးခင် (ပရိနိဗ္ဗာန်မစံခင်) အာရုံပြုအပ်တဲ့ နိဗ္ဗာန်ကို ဆိုလိုပါတယ်။ အနုပါဒိသေသနိဗ္ဗာန်ဆိုသည်မှာ ကိလေသာတို့မှ ကြွင်းကျန်ရစ်သော ဝိပါက်ကမ္မဇရုပ်များမရှိသော နိဗ္ဗာန်ကို ခေါ်ဆိုပါတယ်။ ဝိပါက်နာမ်ခန္ဓာကမ္မဇရုပ်ချုပ်ပြီးနောက် (ပရိနိဗ္ဗာန်စံသည့်အခါ) ရအပ်သော နိဗ္ဗာန်ကို ဆိုလိုပါတယ်။

## တစ်နည်းနိဗ္ဗာန်သုံးမျိုး

သုညတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်နှင့် အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍ နိဗ္ဗာန်သုံးမျိုးရှိပါတယ်။ သုညတနိဗ္ဗာန် ဆိုသည်မှာ သုည၏ သဘောမှာ သုဉ်းခြင်း၊ ကင်းခြင်း၊ မရှိခြင်းဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်။ နိဗ္ဗာန်မှာလည်း ရာဂ၊ ဒေါသ၊ မောဟနဲ့ တကွ ရုပ်နာမ်အားလုံး သုဉ်းနေပုံ၊ ကင်းဆိတ်နေပုံအခြင်းအရာ အာကာရကို စွဲမှတ်၍ သုညတနိဗ္ဗာန်ဟု ခေါ်ဆိုရခြင်းဖြစ်ပါတယ်။

အနိမိတ္တနိဗ္ဗာန်- နိမိတ္တသဒ္ဒါသည် အရှည်၊ အတို၊ အလုံးအခဲ စတဲ့ ပုံသဏ္ဌာန်အနက်ကို ဟောပါတယ်။ ရုပ်ခန္ဓာသည် ရုပ်ကလာပ်နှင့် ပေါင်းစုထွေးခဲလျက် ပုံသဏ္ဌာန်အမျိုးမျိုးပေါ်ထွက်နေပါတယ်။ နာမ်ခန္ဓာသည်လည်း သာမန်ဉာဏ်ဖြင့် မသိမြင်စေကာမူ၊ ဘုရားရှင်တို့ရဲ့ ဉာဏ်မျိုးမှာ ပုံသဏ္ဌာန်မဟုတ်ပေမယ့် ပုံသဏ္ဌာန်လိုပင် ထင်ရှားစရာရှိ၏။ နိဗ္ဗာန်တွင်ကား ထိုကဲ့သို့ ပုံသဏ္ဌာန်မျိုးမရှိချေ။ ဒီလို ပုံသဏ္ဌာန်မရှိပုံအခြင်းအရာ အာကာရကို စွဲ၍ အနိမိတ္တနိဗ္ဗာန်လို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်။

အပ္ပဏိဟိတနိဗ္ဗာန်- ပဏိဟိတသဒ္ဒါသည် တောင့်တခြင်းအနက်ကို ဟောပါတယ်။ နိဗ္ဗာန်ကို တဏှာသဘောဖြင့် မတောင့်တအပ်။ နိဗ္ဗာန်တွင် တောင့်တအပ်သော တဏှာလည်း မရှိ။ ဒီလို ပူပူဆာဆာ တဏှာဖြင့် မတောင့်တအပ်၊ ပူပူဆာဆာ တောင့်တအပ်သော တဏှာလည်း မရှိဟု အခြင်းအရာ အာကာရကို စွဲ၍ "အပ္ပဏိဟိတ" နိဗ္ဗာန်ဟု ခေါ်ဆိုပါတယ်။

ဒီနေရာမှာ နိဗ္ဗာန်တရားကို အမျိုးမျိုးရေးနေကြပါတယ်။ နိဗ္ဗာန်တရားဟာ ရုပ်ဝိသေသ၊ နာမ်ဝိသေသဟူ၍ လည်းကောင်း၊ ခန္ဓာကိုယ်အတွင်း၌ အနှစ် အမတေအလားခိုင်မြဲသော နိစ္စတရားရှိပါတယ်။ ရုပ်နာမ်တရားများ ချုပ်ပျောက်သွားတဲ့အခါ ထိုအနှစ်အမတေသာ အဖတ်တင်ရစ်ခဲ့ပါတယ်။ ထိုအနှစ်အမတေအဖြစ်ဖြင့် တည်ရှိနေခြင်းသည်ပင် နိဗ္ဗာန်ဟူ၍ လည်းကောင်း၊ နိဗ္ဗာန်၌ ရုပ်နာမ်မရှိတော့၍ ခံစားခွင့် မရှိတော့လျှင် အဘယ်မှာ ချမ်းသာဟူ၍ ဆိုနိုင်ပါအံ့နည်းဟူ၍ လည်းကောင်း၊ ရေးသားကြ, ပြောဆိုကြသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ကို အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ဒီလို ရေးသားချက်တွေဟာ ထင်ရာမြင်ရာရေးနေကြခြင်းသာ ဖြစ်တယ်။ အမှန်တွေ မဟုတ်ဘူးလို့ အမိန့်ရှိပါတယ်။ တစ်စုံတစ်ခုသော အာရုံရဲ့ အကြောင်းကို ထိုအာရုံရရှိဖူးသူသာလျှင် ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်ရိုးရှိသလို၊ နိဗ္ဗာန်ရဲ့ အကြောင်းကိုလည်း နိဗ္ဗာန်ရပြီးသော အရိယာတို့သာ ပိုင်နိုင်စွာ သိမြင်နိုင်မှာဖြစ်ပါတယ်။ ပုထုဇဉ်တွေရဲ့ အတွေးမျှနဲ့ လေးနက်သော နိဗ္ဗာန်ကို အမှန်မသိနိုင်ပါဘူး။ ဒါကြောင့် ကျမ်းဂန်လာသာကေယုတ္တိကို ချိန်ဆ၍ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက သင်္ဂြိုဟ်ဘာသာ ဋီကာတွင် အောက်ပါအတိုင်း ရှင်းပြထားပါတယ်။

နိဗ္ဗာန်သည် ရုပ်ဝိသေသ မဟုတ်ပါ။ နိဗ္ဗာန်ဟူသည် စိတ်၊ စေတသိက်၊ ရုပ် ပရမတ်တို့မှ သီးခြားဖြစ်တဲ့ ပရမတ်တရားဖြစ်ပါတယ်။ ဒါကြောင့် ရုပ်နာမ်သင်္ခါရနဲ့ လုံးဝဆက်သွယ်ခြင်းမရှိတဲ့အတွက် ရုပ်ဝိသေသ၊ နာမ်ဝိသေသ မဟုတ်နိုင်ပါ။ အဇ္ဈတ္တဗဟိဒ္ဓ နှစ်မျိုးတွင် ဗဟိဒ္ဓာမျှောဟူသော မာတိကာပုဒ်အရတွင် ပါဝင်သော ဗဟိဒ္ဓတရားဖြစ်တဲ့အတွက် ခန္ဓာကိုယ်အတွင်း၌ အနှစ်အမတေအဖြစ် တည်ရှိတဲ့ ဓာတ်တစ်မျိုးလည်း မဟုတ်နိုင်ပါ။ နိဗ္ဗာန်သည် ပုဂ္ဂိုလ်သတ္တဝါကဲ့သို့ ခံစားတတ်သော တရားလည်း မဟုတ်။ ရူပါရုံ၊ သဒ္ဒါရုံ စတဲ့ အာရုံ ကာမဂုဏ်ကဲ့သို့ ခံစားအပ်တဲ့ တရားလည်း မဟုတ်တဲ့အတွက်ကြောင့် နိဗ္ဗာန်၌ ဝေဒယိတသုခ(ခံစားတဲ့သုခ)ထက် အဆပေါင်းများစွာ သာလွန်တဲ့ သန္တိသုခဆိုတဲ့ အေးမြ ငြိမ်းချမ်းတဲ့ သဘောတော့ ကေန်ရှိပါတယ်။

စိတ်သည် အာရမ္မဏဝိဇာနလက္ခဏာတစ်မျိုးတည်းသာ။ ဖဿသည် ဖုသနလက္ခဏာတစ်မျိုးကသာ ရှိသလို နိဗ္ဗာန်ဟူသော သဘောတရားမှာလည်း နာမ်ရုပ်ခပ်သိမ်း ချုပ်ငြိမ်း အေးမြခြင်းဆိုတဲ့ သန္တိလက္ခဏာတစ်မျိုးတည်းသာ ရှိပါတယ်။ ချမ်းသာသုခဟူသည် သန္တိသုခနဲ့ ဝေဒယိတသုခဟူ၍ နှစ်မျိုးရှိပါတယ်။ သန္တိသုခမှာ ဝေဒယိတသုခကဲ့သို့ ခံစားရသော သုခမျိုးမဟုတ်။ တစ်စုံတစ်ခုကိုမျှ မခံစားရဘဲနဲ့ ငြိမ်သက် အေးမြသော သုခဖြစ်ပါတယ်။

ထပ်၍ ဖြေရှင်းပြရလျှင် ဝေဒယိတသုခဆိုတာ ခံစား၊ စံစားခြင်းကို ဆိုလိုပါတယ်။ ထိုခံစား၊ စံစားခြင်းမျိုးဟာ ကုန်သွားတတ်တဲ့အတွက် အသစ်အသစ်ရအောင် ထူထောင်ရပါတယ်။ ထိုသို့ ထူထောင်ရတဲ့ ဒုက္ခကား ခံစား၊ စံစားရတဲ့ သုခနဲ့ အဆမတန်ချေ။ ထိုဒုက္ခနှင့် ထူထောင်ပြီးနောက် ပေါ်ပေါက်ရရှိတဲ့ သုခလေးနဲ့ မတင်းတိမ်နိုင်ကြတဲ့အတွ[က်] အပိုအပိုအကြွေးယူကာ မတရားခံစားမှုအတွက် အပါ[ယ်] သွား၍ သုခကြွေးကို အတိုးနှင့်တကွ ဒုက္ခဖြင့် ဆပ်ကြရ[င်း] ဝမ်းနည်းစရာကြီးပင် ဖြစ်ပါတယ်။

ဒီလို ခံစား၊ စံစားမှုနဲ့ မရောတဲ့ သန္တိသုခသဘော[...] ရုပ်နာမ်သင်္ခါရတို့ ချုပ်ငြိမ်းသဖြင့် အေးမြငြိမ်းချမ်းခြင်းသဘော[...] ပင် ဖြစ်ပါတယ်။

ဥပမာအနေနဲ့ တင်ပြရပါလျှင် လောကီအာရုံ ကာ[မ] ဂုဏ်တွေနဲ့ ပြည့်စုံနေတဲ့ သူဌေးတစ်ယောက် အားရပါး[...] အိပ်ပျော်နေစဉ်မှာ သူဌေးသုံးဆောင်ဖို့ လောကီအာရုံကို ပြ[...] ဆင်၍ အစေခံတို့က ထိုသူဌေးကို နှိုးလျှင် သူ အိပ်ပျော်နေ[...] တာကို အိပ်ရေးပျက်အောင် အအိပ်ဖျက်ရသလားဟု ဆို[...] ကြိမ်းမောင်းမာန်မဲကြလိမ့်မည်ဖြစ်ပါတယ်။ သူဌေးအိပ်ပျော်[...] နေစဉ် ခံစားမှုအထင်အရှားမရှိပါဘဲလျက်၊ ငြိမ်းအေးစွာ အိ[ပ်] နေရမှုကိုပင် ခံစားမှုသုခတွေထက် နှစ်သက်ပေသေးတယ်[...] ထိုခံစားမှုမပါတဲ့ အိပ်ပျော်မှုကိုပင် "အိပ်လို့ ကောင်းလိုက်[...] တာ"ဟု အမွှမ်းတင်ကြပါတယ်။ ရုပ်နာမ်ကင်း၍ ငြိမ်းချမ်းခြ[င်း] သန္တိသုခ[...] မည်မျှလောက် မွန်မြတ်လိမ့်မည်ဆိုတာ မှန်း[...] ၍ ကြည့်နိုင်ပါတယ်။ ဤသည်မှာ နိဗ္ဗာန်ချမ်းသာ၏ သန္တိသ[ုခ] သဘောကို ထင်ရှားအောင် တင်ပြခြင်းဖြစ်ပါတယ်။

သန္တိသုခနိဗ္ဗာန်ဓာတ်သည် ဘာမှမရှိသော အဘာ[...] ပညတ်မဟုတ်ပါ။ အများဆိုင် ဘုံတရားကဲ့သို့ တစ်ပါးတည်း[...] လည်း မဟုတ်ပါ။ ကိုယ့်နိဗ္ဗာန်ကိုယ် အသီးသီးရှိကြပါတယ်[...] ဒါကြောင့် အရိယာအရှင်သူမြတ်တို့သည် ခန္ဓာကိုယ်ကြီး[...] ထင်ရှားရှိနေစဉ်မှာပင် မိမိတို့နိဗ္ဗာန်ကို အာရုံပြုလျက် ဖ[လ] သမာပတ်ဝင်စားတော်မူကြပါတယ်။ ထိုဖလသမာပတ်ဝင်[...] ခိုက်တွင် နိဗ္ဗာန်ကို အာရုံမှန်းလျက် စိတ်[...]၍နေခြင်းသ[...] ပင် အင်မတန် ချမ်းသာကြသောဟူ၏။ ထို့ကြောင့် ထေ[...] ထေရီအလီလီတို့သည် ရွှေပြည်နိဗ္ဗာန်ဝင်စံခါနီးဝယ် ဥဒါ[န်း] ဂါထာများကို ကျူးကာဖြင့် ရုပ်နာမ်ခန္ဓာကို အားရပါးရစွန့်[...] ခဲ့ကြတာ ဖြစ်ပါတယ်။ ရဟန္တာအရှင်မြတ်တို့ ရုပ်နာမ်ခ[န္ဓာ] စွန့်ကြပုံကို ကြည့်ရင်း ရုပ်နာမ်ကို အဆမတန် ခင်တွယ်[...] တဲ့ စာရေးသူတို့လို ပုထုဇဉ်များအတွက် ရှက်ဖွယ်ကြီး[...] ဖြစ်ပါတယ်။

ဒီနေရာမှာ နိဗ္ဗာန်ချမ်းသာကို ဘယ်လိုသိနိုင်သလဲ[...] တာ မိလိန္ဒမင်းကြီးနဲ့ ရှင်နာဂသေနမထေရ်မြတ်တို့ရဲ့ အော[က်] ပါ အမေးအဖြေကို ကြည့်၍ သိနိုင်ပါတယ်။

**မိလိန္ဒမင်းကြီး။** နိဗ္ဗာန်မရသေးတဲ့ ပုထုဇဉ် တ[...]



www.burmeseclassic.com

www.burmeseclassic.com

ထောက်အနေနဲ့ နိဗ္ဗာန်ဟာ ချမ်းသာတယ်ဆိုတာ သိနိုင်ပါသလား အရှင်ဘုရား။

**နာဂသေန။** နိဗ္ဗာန်မရသေးတဲ့ ပုထုဇဉ်တစ်ယောက်အနေနဲ့ နိဗ္ဗာန်ဟာ ချမ်းသာပါတယ်လို့ သိနိုင်ပါတယ် အရှင်မင်းကြီး။

**မိလိန္ဒမင်းကြီး။** ဘယ်လိုလုပ်၍ သိနိုင်ပါသလဲ အရှင်ဘုရား။

**နာဂသေန။** မင်းကြီးကို တစ်ခုမေးမယ်။ လက်ပြတ်၊ ခြေပြတ်ခြင်းဟာ ဆင်းရဲပါတယ်လို့ လက်ခြေပြတ်မနေသူတွေ သိနိုင်ပါသလား။

**မိလိန္ဒမင်းကြီး။** သိနိုင်ပါတယ် အရှင်ဘုရား။

**နာဂသေန။** ဘယ်လိုလုပ်သိနိုင်ပါသလဲ မင်းကြီး။

**မိလိန္ဒမင်းကြီး။** လက်ခြေပြတ်နေသူတွေရဲ့ ငိုကြွေးသံကို ကြားပြီးတော့ လက်ခြေပြတ်ခြင်းဟာ ဆင်းရဲပါတယ်လို့ သိနိုင်ပါတယ် ဘုရား။

**နာဂသေန။** အဲဒီဥပမာအတိုင်းပါပဲ မင်းကြီး။ နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် တွေ့မြင်ကြပြီးတဲ့ အရိယာသူတော်ကောင်းကြီးတွေရဲ့ ပြောဆိုသံကို ကြားပြီးတော့ နိဗ္ဗာန်ဟာ ချမ်းသာတယ်လို့ သိနိုင်ကြပါတယ် မင်းကြီး။

အထက်ဖော်ပြခဲ့တဲ့ အမေးအဖြေကို ထောက်ရှုပြီး နိဗ္ဗာန်ချမ်းသာကို သိနိုင်ပါတယ်ဆိုတာ ထင်ရှားနေပါတယ်။ ဆရာတော် အရှင်ဆန္ဒာဓိက,ကတော့ "လောကမှာ ရှိသမျှ ချမ်းသာအားလုံးထဲမှာ နိဗ္ဗာန်ချမ်းသာဟာ အနိုင်းမဲ့ ချမ်းသာ ထက်ပိုပြီး သတ္တဝါတွေကို ဆင်းရဲငြိမ်းစေပါတယ်၊ ချမ်းသာစေပါတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ အခြားချမ်းသာမရှိတော့လို့ပါပဲ။ နိဗ္ဗာန်ချမ်းသာဟာ အနိုင်းမဲ့ ချမ်းသာဖြစ်ရပါတယ်"လို့ အမိန့်ရှိပါတယ်။

## နိဗ္ဗာန်၏ သဘော

နိဗ္ဗာန်ဟာ အထင်အရှားရှိတဲ့ ပရမတ္ထတစ်ပါးဖြစ်ပါတယ်။ မိမိသန္တာန်တွင် ဖြစ်နေသောစိတ်ကိုပင် မိမိကိုယ်တိုင် (ဥဿုံစားလေ့ မရှိလျှင်) မသိနိုင်ရကား၊ မိမိရဲ့ ခန္ဓာအတွင်း မပါဝင်သော နိဗ္ဗာန်ကို ပုထုဇဉ်ဉာဏ်ဖြင့် မမြင်နိုင်ပါ။ ပုထုဇဉ်ဉာဏ်ဖြင့် မမြင်နိုင်ပေမယ့်လည်း ထူးသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့်မူ (မဂ်ဖိုလ်ရသည်နှင့် တစ်ပြိုင်နက်) လှမ်း၍ မြင်နိုင်လောက်အောင် ထင်ရှားပါတယ်။

ဒီလို ထင်ရှားပေမယ့်လည်း ပကတိ စက္ခုဖြင့်ကား ဘယ်လိုနည်းနှင့်မျှ မမြင်နိုင်ပါ။ တစ်နည်းဆိုရလျှင် ရုပ်နာမ် ခပ်သိမ်း ချုပ်ငြိမ်းအေးမြ၍ မွန်မြတ်လှသော နိဗ္ဗာန်ဟာ ဘယ်လိုချမ်းသာပုံ၊ အေးမြပုံ၊ မွန်မြတ်ပုံနဲ့ဖြင့် တူတယ်လို့ ထပ်တူပြု၍ပြရန် ဥပမာလည်း မရှိပါ။

ယခု လောကတွင် တွေ့နေရတဲ့ နာမ်ရုပ်တရားတို့ဟာ ရုပ်ဖြစ်အောင် နာမ်က ကျေးဇူးပြု၊ နာမ်တည်နိုင်အောင် ရုပ်က ကျေးဇူးပြု၊ ရုပ်အချင်းချင်း နာမ်အချင်းချင်းလည်း ကျေးဇူးပြုကြတဲ့အတွက် ဖြစ်ပြီးရင် ပျက်၊ ပျက်ပြီးရင် ထပ်ဖြစ်တည်နိုင်ကြပါတယ်။

နိဗ္ဗာန်တရားတော်မြတ်ကြီးကား ရုပ်ဖြစ်အောင်လည်း ကျေးဇူးမပြု၊ နာမ်ဖြစ်အောင်လည်း ကျေးဇူးမပြုတဲ့အတွက် ဤနိဗ္ဗာန်တရားတွင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ အရင်းခံ ဓာတ်ကြီးတွေလည်း မထောက်မမိ မဖြစ်တည်နိုင်တော့ပါ။ စတဲ့ သဘောတွေ နိဗ္ဗာန်မှာ ရှိပါတယ်။

ဒီလိုဖော်ပြခဲ့တဲ့အတိုင်း နိဗ္ဗာန်ရဲ့ သဘော သဘာဝကို နားလည်ပြီး နိဗ္ဗာန်ချမ်းသာကို ခံစား၊ စံစားနိုင်ရန် ဝိပဿနာ ဘာဝနာကို ကြိုးပမ်းအားထုတ်ပြီး ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ အန္တိမ ပန်းတိုင်ကို အရောက်လှမ်းနိုင်ကြပါစေဟု စေတနာရှေ့ထား၍ ရေးသားရပါတော့သတည်း ■

(ဤတွင် ပြီး၏။)

* * *

ဆန်းဝင်း(တောင်ခြေ)

ကျမ်းကိုး

- ဘာသာဋီကာ (မဟာဂန္ဓာရုံဆရာတော်)။
- သီလတော်မြတ်အကျိုး (သာသနာ့ဗဇ မော်စရိယ၊ ဝိဇ္ဇာဘွဲ့၊ (HGP, RL)ဘွဲ့များရ စာရေးဆရာကြီး စိန်တိုင်ထွန်း)။



www.burmeseclassic.com

www.burmeseclassic.com

လှစွမ်းမြင့် (နတ်မောက်)



# ခရီးသွားလာ ရွတ်ဆိုပွားပါ

လူတိုင်း လူတိုင်း ခရီးသွားလာမှုနှင့် မကင်းနိုင်ပါ။ ပညာရေးအတွက်၊ လူမှုရေးအတွက်၊ ကျန်းမာရေးအတွက်၊ သာရေးနာရေး၊ စီးပွားရေးအတွက် ရောင်းဝယ်ဖောက်ကား သွားလာလှုပ်ရှားနေကြရပါသည်။

ကား၊ ရထား၊ လှေ၊ သင်္ဘော၊ လေယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး စသည်ဖြင့် ယာဉ်အမျိုးမျိုးစီးနင်း၍ လည်းကောင်း၊ နွားလှည်း၊ မြင်းလှည်း စသည်ဖြင့် တိရစ္ဆာန်ဆွဲ ယာဉ်အမျိုးမျိုးတို့နှင့် လည်းကောင်း နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ခရီးသွားလာခြင်းအမျိုးမျိုးပြုနေကြရပါသည်။

မိမိတို့ သွားလာခရီးလမ်းတိုင်း သွားလမ်းသာ၍ လာလမ်းဖြောင့်၊ ခလုတ်မထိ ဆူးမငြိ၊ ရန်ဘေးကင်းကွာမှသာ စိတ်အေးချမ်းသာယာမည်မဟုတ်ပါလား။

သို့အတွက် ရှေးလူကြီးသူမတို့က ခရီးသွားလာတော့မည်ဆိုလျှင် အောက်ပါ ဂါထာကို ရွတ်ဆိုပွားများသွားရန် လမ်းညွှန်ထားခဲ့ပါသည်။ ထိုဂါထာမှာ မခက်ခဲပါ။ တိုတိုလွယ်လွယ်လေးသာ ဖြစ်ပါသည်။ ငါးခေါက်မျှ ကြည့်ရှု လျှင် အလွတ်ရလွယ်ပါသည်။

***စိရံ ပါလေတု မံ ဗုဒ္ဓေါ၊***
***ဓမ္မော ရမတု မာနသေ၊***
***သံဃောဒါတု သုခံ သဗ္ဗေ၊***
***ဒေဝါ မာနေန္တု မံ သဒါ။***

အထက်ပါ ဂါထာကို မိမိအိမ်မှ မထွက်မီ ဇခေါက် မိမိသွားမည့် မြို့ဒေသအဝင်တွင် ဇခေါက် ရွတ်ပွားပါ။ ဒါ ဆောင်ရွက်ရမည့် အလုပ်ကိစ္စ အဆင်ပြေပြီး သွားလာလာလမ်း ဘေးမသန်းဘဲ အေးချမ်းအောင်မြင်စေမည်ဖြစ်ပါသည်။ ■

* * *

လှစွမ်းမြင့်(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

## EX-ဓာဓေပဗိမာန်

## အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

## သင်တန်းနည်းပြ


စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-

ph. 290046

09-51-38742

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

သူ့ရင်ဝဆီသို့ မကြုံစဖူး ဆို့နင့်ဖို့လှိုက်စွာ တက်လာသည့် နာကျင်ကြေကွဲမှု ရလဒ်များနှင့်အတူ ပါးပြင်ပေါ်သို့ အလိုလိုစီးကျလာသည့် မျက်ရည်စများကို သူ မသိမ်းငင်နိုင်တော့။ တန့်ဆည်၍ မရနိုင်သည့် အပူမီးက သူ့နှလုံးသားကို တစ်စစီ ဖဲ့ခြွေနေသည့်နယ်။

သက်ငြိမ်ခန္ဓာကိုယ်ဖြစ်သော်လည်း သူ့ကို နောက်ဆုံး အားကိုးတကြီးဖြင့် စူးစူးရဲရဲကြည့်နေသည့် ဝိုင်းစက်သည့် မျက်လုံးအစုံ။ သူ ကြည့်ရင်း တင်းကျပ်နေသည့် ဝေဒနာပြင်းရှကို အံကြိတ်ပြီး ခံမိသည်။ သို့တိုင် သူ့ရင်တစ်ခုလုံး ဗလောင်ဆူဝေဆဲဖြစ်သည်။ နာကျင်မှု၊ ကြေကွဲမှု၊ ပူလောင်မှု သောကများက ရပ်တန့်သွားခြင်း မရှိခဲ့။ တိုး၍သာ လာနေချေပြီကော။

သူ့တစ်သက် တစ်ခါဖူးမျှ ခံစားမှု အလျဉ်းမရှိခဲ့သည့် ဝေဒနာအပူမီး။ သည်ဝေဒနာကို ရုတ်ခြည်း ခံစားလိုက်မိ၍ သူ မည်သို့ တွန်းလှန်ရမှန်းမသိတော့။ သူ့နှလုံးသားတွင် တည်ရှိနေသည့် အသိတရားက ဖြစ်နိုင်လျှင် သူ့သားနှင့် နေရာချင်းလဲလိုက်ချင်ပါဘိ။ သို့တိုင် သူ မရနိုင်မှန်းသိလျက်နှင့် သူ့ခံစားချက် တွန်းပို့မှုကြောင့် မဖြေသိမ့်နိုင်ဘဲ သူ အားကုန် အော်ဟစ်လိုက်မိသည်။

"မောင်ဒိုး••ကိုယ့်စိတ်ကိုလည်း ထိန်းစမ်းပါဦးကွယ်။ ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲကွယ်။ မင်းက ဖခင်ကောင်းတစ်ယောက်ပီသပါတယ်။ မင်းရဲ့ ဖခင်မေတ္တာကို မြေးလေး ဘယ်ဘဝရောက်ရောက် သိနေမှာပါကွယ်"

သူ့နံဘေးဆီမှ သူ ခံစားနေရသည့် ဝေဒနာကို မရှုရက်နိုင်ဘဲ ဖွဖွညင်ညင် စကားသံဖြင့် အားပေးရင်း နှစ်သိမ့်နေရှာသည့် ဘကြီးချို။

"ကျုပ်•••ကျုပ်•••သားလေးကို မခွဲနိုင်ဘူး ဘကြီးချို။ သားလေးက ကျုပ်ရဲ့ ကမ္ဘာလေးတစ်ခုပါ။ အိုဗျာ••• သားလေး မရှိရင် ကျုပ် မနေတတ်ဘူး။ ခု ကျုပ်ကို ထားပြီး သား•••သားလေးက ဟိုးအဝေးကြီးကို ထွက်သွားပြီဗျ၊ ထွက်သွားပြီ"

သူ့ပါးပြင်ပေါ်သို့ မရပ်မနားကျဆင်းလာပြန်သည့် မျက်ရည်စများ။ သူ့မျက်စိထဲတွင် ဝိုးတဝါးမြင်နေရဆဲဖြစ်သည့် သားလေး၏ သက်ငြိမ် ခန္ဓာ။ သူ ကမန်းကတန်း သားလေးကို ပွေ့ပြီး အခါခါလှုပ်ရမ်းရင်း ခေါ်နေမိသည်။ သူ့ခေါ်သံနှင့်အတူ မျက်စိထဲတွင် ပြန်ပေါ်လာသည့် မြင်ကွင်း။ သူ့ရင်ထဲတွင် ထပ်ဆင့်တိုးလာသည့် ဝေဒနာ။ သူ မတွေးချင်၊ မမြင်ချင်တော့ဟု တမင်စိမ်းပြတ်ခဲ့သော်လည်း သားလေး မျက်နှာကို ယခုလို တွေ့ရတော့ တမြည့်မြည့် နာကြည်းသွားမိပြန်သည်။

"တောက်•••စိမ်းရက်လိုက်တာဗျာ"

သူ့ရင်ထဲတွင် ဆက်ပြီး မျိုသိပ်နိုင်စွမ်းမရှိတော့၊ ဒေါသသံစဉ်နှင့် ပေါက်ကွဲ ထွက်ပေါ်သွားခဲ့သည်။

"ဖြစ်ခဲ့ပြီးတဲ့ အကြောင်းတရားတွေကို ပြန်တွေးမနေပါနဲ့ မောင်ဒိုးရယ်။ မင်းတွေးမိရင် မင်းပဲ ဝေဒနာခံစားရမှာ မဟုတ်လား"

"ဝေဒနာ ခံစားရမှာ"

"ဝေဒနာ ခံစားရမှာ"

အဘချို၏ စကားသံက သူ့နားစည်ထဲမှတစ်ဆင့် သူ့နှလုံးသားထဲသို့ နက်နက်ရှိုင်းရှိုင်း တိုးဝင်လာပြန်သည်။ တကယ်ဆို သူ့အပေါ် မငဲ့ညှာ၊ မထောက်ထားလျှင် နေပါစေ၊ သားလေး... ကိုတော့ ငဲ့ညှာသင့်သည်။ စာနာသ... သည် မဟုတ်ပါလား။ ခုတော့ သတ်... ကျိုး ချိုးခဲ့သည့်အဖြစ်က သူ့ရင်ထဲ... အကျိတ်အဖုဖြစ်နေသည့် ဝေဒနာ...

"ကျုပ်စိတ်ကို ကျုပ်ဖြေပါတ... ဘကြီးချိုရယ်။ ဒါပေမယ့် ဖြေလို့ မ... တာ အမှန်ပါ။ ကျုပ်ဘဝက ဆိုး... တယ် ဘကြီးချို။ ဘယ်ဘဝက ... ကြွေးတွေရှိခဲ့လို့ ခုလို ဆပ်နေရတ... မသိပါဘူး"

သူ မတွေးနိုင် မအန်နိုင်ဘဲ ... တင်ကဲ ထွက်ပေါ်သွားမိသည်။

"ကဲ•••ကဲ•••သွားဖို့ အချိန်... ပြီ"

ရုတ်တရက် ထွက်ပေါ်လာသ... ဘကြီးချို စကားသံ။ သူ့နှလုံးသာ... လုံသွားဖြင့် စူးစူးနစ်နစ်ထိုးလိုက်သ... ခံစားမိပြန်သည်။ သူ သားလေးမျက်... ကို ကြည့်လိုက်မိသည်။ သားလေ... ဝိုင်းစက်ပြည့်တင်းသည့် မျက်နှာဖြင့် ... ကို အမြဲတမ်း ပြုံးပြီး•••

"သား•••အဖေနဲ့ မခွဲချင်... အကြာကြီး အဖေနဲ့ နေမယ်... အဖေ"

သားလေး ဝေဒနာခံစာ... နောက်ဆုံး ထွက်ပေါ်လာသည့် စ... သံနှင့်အတူ သူ့ရင်ခွင်ထဲတွင် လ... အရွယ်လေးကတည်းက အိပ်စ... သည့် သားလေး။ အဖေဆိုလည်း ... အမေဆိုလည်း သူ။ ခုတော့ မမျှော်... ဘဲ ခွဲခွာသွားခဲ့သည့် သားလေး။ ... သားလေးမျက်နှာကို မျက်ရည်ဝိုး... ကြားမှ ကြည့်လိုက်မိသည်။ သူ သ... လေးကို တစ်ဝကြီးကြည့်နေစဉ် ... တရက် သူ မျက်စိမြင်ကွင်းထဲမှ ... ခြည်း ပျောက်ကွယ်သွားသည်။

"ကျုပ်သားလေးကို မခေါ်...



www.burmeseclassic.com

www.burmeseclassic.com

ဗျာ၊ မခေါ်ကြပါနဲ့"

သူ ဘယ်အတိုင်းအတာအထိ အသိတရားကင်းလွတ်ပြီး သားလေးကို ဆွဲငင်ထားမိသည် မသိ။ သူ သတိရ သာပြီး ကြည့်လိုက်တော့ သူ့သားလေး က ဟိုးအဝေးကြီးကို ရောက်နှင့်နေပြီ။ သူ အားကုန်အော်ဟစ်ရင်း အပြေး အလွှားလိုက်မိပြန်သည်။

"မောင်ဒိုး···မင်း သိပ်ပင်ပန်းနေ ပြီ နားပါဦးကွယ်။ ကြာရင် မင်းရှုးသွား ထိမ့်မယ်"

"ဗျာ···ကျုပ်···ရှုးသွားမယ်"

သူ တအံ့တသြကြီးဖြစ်သွားမိ သည်။ သူ့ကို ကရုဏာပြည့်လျှမ်းသည့် အကြည့်နှင့် နှစ်ထိမ့်နေရှာသည့် ဘကြီး ချို သူ့နားထဲသို့ တိုးဝင်လာသည့် ကြေးစည်သံလွင်လွင်လေး။ သူ သတိရ သွားမိသည်။ သူ ငယ်စဉ်ကတည်းက ကြားခဲ့ဖူးသည့် ရွာဦး ဘုန်းတော်ကြီး ၏ ဓမ္မတရားသံ။

"သတ္တဝါတိုင်း အိုနာသေရေး ကွေ့ဘေးက ဘယ်လိုမှ ပြေးမလွတ်ပါ ဘူး။ ဒီတော့ မသေခင်မှာ ဒါန၊ သီလ၊ ဘာဝနာ ဆိုတဲ့ ကောင်းမှုကုသိုလ်တွေ ပြုလုပ်နိုင်မှ ရှေ့ဆက်ရမယ့် သံသရာ ခရီးမှာ ပါသွားမှာ"

"ဘုရား···ဘုရား···ဘုရား"

သူ့နားထဲတွင် ကြားနေရဆဲဖြစ် သည့် ကြေးစည်သံနှင့်အတူ ရင်ထဲတွင် ပေါ်လာသည့် ဝေဒနာခံစားမှု။ သူ ကြည့်လိုက်မိသည်။ သားလေး နောက် ခိုနားသည့်နေရာ။ သူ သားလေး ကို သတိရသွားမိပြန်သည်။ ဖြေမပြေ နိုင်သည့် ခံစားမှုနှင့်အတူ ရောယှက်ပါ လာပြန်သည့် မျက်ရည်စ။

"အိမ်ပြန်ပါတော့ မောင်ဒိုးရယ်။ မင်းသားလေးကို မင်းအသက်လောက် ချစ်တယ်ဆိုတာ အဘချို သိပါတယ်"



[redacted]

ဘကြီးချိုစကားကြောင့် သူ စိတ် ကို ဖြေပြီး သားလေးကို ကျောခိုင်း လိုက်သည်။ သို့တိုင် သူ တင်းထား သည့်ကြားက ဆို့နင့် တင်းကျပ်မှု ဝေဒနာနှင့်အတူ ရစ်ဝဲကျလာမိသည့် မျက်ရည်များ။ သူ အားရပါးရ ငိုရှိုက် လိုက်မိသည်။

"ငိုလိုက်တော့ မောင်ဒိုး။ ဒါမှ မင်းရင်ထဲက ဝေဒနာတွေ လျော့ပါးသွား မှာ"

ဘကြီးချို စကားသံနှင့်အတူ သူ မည်မျှ အတားအဆီးမဲ့စွာ ရှိုက်ငိုနေမိ သည် မသိ။ သူ့မျက်စိထဲတွင် တရေး ရေးမြင်ယောင်နေမိသည်က သားလေး မျက်နှာ။ သားလေး စကားသံ။

"သားလေးရေ···သား···သား"

သူ သားလေးကို အားကုန်ခေါ် လိုက်သံနှင့်အတူ သူ ခေါင်းထဲတွင် ရုတ်တရက် မှောင်အတိကျသွားသည် ကို သူ နောက်ဆုံး သိလိုက်မိသည်။

◈◈◈

"တုံ···တုံ···တုံ···"

သူ့နားထဲသို့ ရုတ်တရက် တိုးဝင် လာသည့် တုံးမောင်းခေါက်သံ။

သူ အိပ်ရာမှ အမြန်ဆုံး လူးလဲ ထပြီး ကိုယ်လက်သန့်စင်ကာ ဆွမ်းစား ကျောင်းအိုလေးပေါ်သို့ ဖြည်းညင်းစွာ တက်လိုက်မိသည်။ တိတ်ဆိတ် ငြိမ် သက်နေသည့် ဆွမ်းစားကျောင်းအို လေး။

ဆွမ်းစားကျောင်းအိုလေးအတွင်း ရှိ ဘုရားခန်းတွင် သုံးလောက ထွတ် ထား မြတ်စွာဘုရားအား သူ ဝပ်တွား ဦးချပြီး ဖူးမြော်လိုက်မိသည်။

သံသရာခရီးလမ်းနှင့်အတူ နိဗ္ဗာန် တာခရီးလမ်းသို့ သတ္တဝါများကို သနား ကရုဏာဖြင့် လမ်းပြခဲ့သည့် ဓမ္မတရား။

သူ မြတ်စွာဘုရားကို ဖူးမြော် ကြည်ညိုရင်း သူ့နှလုံးသားထဲတွင် ခံစားခဲ့ရသည့် သောက ဝေဒနာအပူမီး များကို မြတ်ဘုရား၏ ဓမ္မတရားတော် များနှင့် တဖြည်းဖြည်းငြိမ်းသတ်နေဆဲ ဖြစ်သည်။

ယခင်က သူ့အဖို့ လေတိုက် တိုင်း ကြွေပြုတ်မတတ် ယိမ်းခါခဲ့သည့် သစ်ရွက်လိုဖြစ်ခဲ့သည့် သူ့နှလုံးသား။ သည်နှလုံးသားအပူမီးကို တရားရေ အေးဖြင့် အခါခါဖွပ်လျှော် ဆေးကြော ခဲ့၍ ရရှိလာသည့် ငြိမ်းချမ်းခြင်း ခံစားမှု ပီတိရသများ။

"ကပ္ပိယကြီး···ရတနာသုံးပါးကို မမေ့မလျော့အောင် နှလုံးသားမှာ သွင်း ထားကွဲ့။ သတ္တဝါတိုင်းဟာ ကွေ့ဘေး



www.burmeseclassic.com

www.burmeseclassic.com

လက် မဆန့်မီ ဆန့်သောလက် မကွေးမီ သခ်ိါရတရားကို တွေ့ရ၊ ကြုံရမှာ မလွဲဘူးကွဲ့"

ဘုန်းတော်ကြီး၏ ဆုံးမ သွန်သင်ခဲ့သည့် မြတ်တရားက သူ့နှလုံးသားတွင် မယိမ်းမယိုင် စိုက်ထူထားသည့် ကျောက်တိုင်အလားပင်။

သူ့ဒုက္ခဝေဒနာကို မကြည့်ရက်နိုင်စွာ ဘုန်းတော်ကြီးက သူ့နှလုံးသားကို တရားဓမ္မဖြင့် လမ်းပြခဲ့သည်။ ဆုံးမခဲ့သည်။ သွန်သင်ခဲ့သည်။ ခုတော့ သူ ဘုန်းတော်ကြီး၏ ဆုံးမ သွန်သင်မှုဖြင့် ကပ္ပိယအဖြစ် ကုသိုလ်ယူခဲ့သည်။ ပြီး သူ့နှလုံးသားတွင် အမြစ်တွယ်နေသည့် သောကဝေဒနာကို ဆေးကြောသန့်စင်ခဲ့သည်က အခါခါ။

သူ ဆွမ်းစားကျောင်းလေးပေါ်တွင် ဘုန်းတော်ကြီးနှင့် ရဟန်းရှင်သာမဏေများအတွက် အရုဏ်ဆွမ်းကပ်လှူရန် ချက်ပြုတ်နေမိသည်။ သူ အရုဏ်ဆွမ်းချက်ပြုတ်ရင်း ရင်ထဲတွင် အတိုင်းအဆမရှိ ပီတိဖြစ်ပေါ်နေမိသည်။ သူ တတ်စွမ်းသမျှ ကုသိုလ်ပြုခွင့်ရနေသည့် ကပ္ပိယကြီးဘဝ။

တကယ်တော့ သူ့ဘဝ၊ သူ့အနေအထားက ဘဝကံအကျိုးပေးမကောင်းခဲ့။ သည်အဖြစ်အပျက်ကို ပြန်တွေးမိရင်း ယခင်က ခံစားခဲ့မိသည့် သောက ပရိဒေဝအပူများ။ သူ ဘယ်သူ့ကိုမှ အပြစ်မဆိုရက်တော့ပါ။ အတိတ်ဘဝက မိမိပြုလုပ်ခဲ့သည့် အမှားဝဋ်ကြွေးများကို သူ အသက်ရှင်နေသမျှ ကောင်းမှုကုသိုလ်တရားများနှင့် ချေဖျက်ရမည်မဟုတ်ပါလား။

သူ အရုဏ်ဆွမ်းဟင်းချက်အပြီး ဆွမ်းစားကျောင်းအိုလေးပေါ်ရှိ ကြေးစည်ကို ထုလိုက်မိသည်။ တိတ်ဆိတ်နေသည့် ကျောင်းဝိဟာရအတွင်း ကြေးစည်သံက လွင်လွင်လေး ပေါ်လာသည်။ သည်ကြေးစည်သံနှင့်အတူ မကြာမြင့်မီ ကျောင်းအတွင်းရှိ ရဟန်းသာမဏေများ ဆွမ်းဘုဉ်းပေးရန် ကြွလာတော့မည်။

သူ ကပ္ပိယကြီးဘဝနှင့် နိစ္စဒူ ပြုလုပ်နေကျ ကုသိုလ်ဒါန နှိုးဆော်နေကျ ကြေးစည်သံ။ သည်ကြေးစည်သံက သူ့ဘဝ၏ ခါးသီးမှု၊ နာကြည်း သောကအပူမီးများကို ခစါချပြီး သူ ရှေ့ဆက်လှမ်းရမည့် သံသရာခရီး သည်သံသရာခရီးအတွက် လမ်းပြနေသည့် ဓမ္မလက်ဆောင်မွန်ပင် မဟုတ်ပါလား ■

* * *

ဇလွန်ကျော်ဦး






www.burmeseclassic.com

www.burmeseclassic.com

စိမ်းညို့မည်းမှောင်နေသော သစ်တောကြီးများ၊ တောင်တန်းကြီးများအကြား ဖြတ်သန်းစီးဆင်းနေသော မြစ်ချောင်းအသွယ်သွယ်တို့ဖြင့် လည်းကောင်း၊ လွင်ပြင်မြေပြန့်နေရာ အေသအနံ့ အစိမ်းအဝါအထပ်ထပ်နှင့် လှချင်တိုင်း လှနေသော စိုက်ခင်း၊ လယ်ကွင်းများ၊ တောင်ကုန်းမို့မို့အထွဋ်တွင် ထုံးဖြူဖြူစေတီငယ်လေးများ၊ မိုးသို့ ထိုးဖောက် ဘဝင်တိုင်အောင် ရောက်သည့် ရွှေရောင်တောက်ပ စေတီပုထိုးကြီးများ၊ ကြေးညို၊ ဆည်းလည်း၊ ခေါင်းလောင်းသံတို့ဖြင့် ညံညံစီနေတော့သည်။

ဗုဒ္ဓဘာသာဝင်တို့သည် ကံနှင့် ကံအကျိုးပေးကို ယုံကြည်သော မဇ္ဈိမ ပဋိပဒါ အလယ်အလတ်လမ်း ဓမ္မဒိဋ္ဌိ အယူဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ပြီး တရားတော်များ၌ လိုက်နာကျင့်ပွား၍ သာသနာတော်ကြီး အစွန်ရှည် တည်တံ့စေခြင်းငှာ သံဃာ စသော အရိယာသူတော်စင်များကို ကြည်ညိုထောက်ပံ့ ပူဇော်ကြသည်ကား အလွန်မြတ်သော၊ ရည်မွန်သော ဓလေ့ထုံးတမ်းများပင် ဖြစ်



# လူချမ်းသာ၊ နတ်ချမ်းသာနှင့် နိဗ္ဗာန်ချမ်းသာကို ရက်တိုတိုနှင့် ရောက်ရ၊ မျက်မှောက်ပြုရပါလို၏

မောင်မျိုးကြည် (ခတ္တိယ)



www.burmeseclassic.com

www.burmeseclassic.com

လေသည်။ အထူးဆိုချင်သည်ကား မြန်မာတို့သည် ဗုဒ္ဓဘုရားရှင်အမှူးထား၍ တရားတော်၊ သံဃာတော် အရှင်သူမြတ်များနှင့် သာသနာတော်အတွက် ရည်မှန်း၍ နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်ကောင်းမှုများဖြင့် မွေ့ပျော်ကြသူများ ဖြစ်ကြလေသည်။

ရှေးပုဂံခေတ်၊ မင်းကြီး နော်ရထာလက်ထက်တော်မှစ၍ မွန် ကိုဉာနေ ရာမညတိုင်း၊ သထုံပြည်မှ အရှင်ဓမ္မဒဿီခေါ် ရှင်အရဟံ ပင့်ဆောင်ယူတော်မူလာသော ဗုဒ္ဓသာသနာတော်မြတ်သည် တကောင်းခေတ်၊ ပင်းယ စစ်ကိုင်းခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်တိုင် အစဉ်ဆက်ဆက် ကိုးကွယ်လာခဲ့သော ဘာသာတရားဖြစ်ပေသည်။ ရှေးရိုးစဉ်လာနတ်ပြဟ္မာ ကိုးကွယ်ယုံကြည်မှုမှသည် ပိဋကတ်တော်များ၊ ဓာတ်တော် မွေတော်များကို ပင့်ဆောင်ပြီး၍ လည်းကောင်း၊ ကျမ်းတတ် သံဃာ အရိယာများနှင့် တကွဖြစ်သော ပညာရှိပုဏ္ဏားအမတ်မင်း စသူတို့၏ ကျေးဇူးတော်အားဖြင့် လည်းကောင်း၊ ကိုးကွယ်ယုံကြည်မှုအစစ်အမှန် ပေါ်ပေါက်လာခဲ့ပေသည်။

ဗုဒ္ဓဘာသာကို ကြည်ညိုလွန်းလှသော မင်းတုန်းမင်းတရားကြီးလက်ထက်တော်၌ ပဉ္စမ သင်္ဂါယနာတင်တော်မူပြီး ပိဋကတ်တော်များကို ကျောက်ထက် အက္ခရာတင်တော်မူသည်။ ကျောက်စာတစ်ချပ်လျှင် စေတီတစ်ဆူအားဖြင့် တည်ထား လှူဒါန်းသော ကုသိုလ်တော်ဘုရားနှင့် အခြားသော စေတီပုထိုးများက သက်သေတည်လျက်ရှိသည်။ လွတ်လပ်ရေးရပြီးစ၌ ဦးနုအစိုးရလက်ထက်တွင် ဆဋ္ဌမ သင်္ဂါယနာတင်ပွဲကြီးကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး ပြုလုပ်ကျင်းပခဲ့ပြီး အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ကမ္ဘာအေးစေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။ ဗုဒ္ဓသာသနာ သန့်ရှင်း တည်တံ့စေခြင်းဟု အရပ်ရပ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ စသည်တို့ကို ဘုရားဟောအတိုင်း မပြုမပြင် မဆင်မယင်ဘဲ၊ အမှန်အရှိအတိုင်း ပြဋ္ဌာန်းသော ထေရဝါဒကို လက်ခံကျင့်ဆောင်ကြပြီးလျှင် ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံး ပန်းတိုင်ဖြစ်သော မြတ်နိဗ္ဗာန်သို့ ဆောင်စေခြင်းဟု ဒါန၊ သီလ၊ သမထ၊ ဘာဝနာမည်သော လုပ်ငန်းစဉ်များအတိုင်း လိုက်နာကျင့်ကြံ အားထုတ်၍ လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာကို ရရှိကြသည်သာဖြစ်ပေသည်။

ဗမာဟူသော ဝေါဟာရအသုံးအနှုန်းသည် ရှေးခေတ်ကာလ ဟိမဝန္တာတောင်ခြေဒေသ ကျွန်းနှင့် စန္ဒကူးပင်များ ပေါက်ရောက်ရာတွင် နေထိုင်ကြသော သကျနွယ်ဝင် သာကီမင်းတို့က ဗြဟ္မာတို့မှ ဆင်းသက်လာကြသည်။ ထို့ကြောင့် ဗြဟ္မာဟူ၍ လည်းကောင်း၊ ကာလရွှေ့လျောလာသော် ဗမာဟူ၍ ဖြစ်လာသည်။ ဗမာတို့သည် အကျင့်သီလအားဖြင့် ပြီးပြည့်စုံကြသူများဖြစ်ကြသည်။ ဂေါတမ မြတ်ဗုဒ္ဓ၏ လမ်းညွှန်ဆုံးမတော်မူသည့် တရားတော်လာအတိုင်း ကျင့်ပွား၍ အလိုရှိအပ်၊ တောင့်တအပ်သောပန်းတိုင် နိဗ္ဗာန်ချမ်းသာကို ရယူခြင်းအလို့ငှာ တိတိကျကျလိုက်နာ အားထုတ်ကြရမည်ဖြစ်၏။ ရင်အငွေ့တွမှ ဖြစ်ပေါ်လာသော ကြည်ညိုမှု၊ ယုံကြည်မှု၊ ကိုးကွယ်ဆည်းကပ်မှုသည် တုသောအကျိုးကိုပေးသည်။ မြတ်ဗုဒ္ဓ၏ လမ်းစဉ်သည်ပင်လျှင် ကံနှင့် ကံ၏အကျိုးပေးဖြစ်၍ အနတ္တဝါဒဖြစ်သည်၊ လောကကြီးသည် ဖြစ်တည်မှုအစထား၍ ပျက်စီးခြင်းအဆုံး ရှိချေတကား။ ဆိုလိုသည်မှာ နိစ္စ- ရှိခြင်း၊ တည်ခြင်း၊ မြဲခြင်းမဟုတ်။ အနိစ္စ- မတည်မမြဲခြင်းသာဖြစ်၏။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားအားလုံးသည် သုခချမ်းသာမဟုတ်။ ဇာတိဇရာ၊ ဗျာဓိ မရဏမည်သော ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းနှင့် ကြုံဆုံရခြင်း၊ ကွေကွင်းရခြင်း၊ ဖြစ်တည်ခြင်း၊ ပြုလုပ်ခြင်း ရရှိခြင်း စသည်ပင်လျှင် ဒုက္ခဆင်းရဲများသာကည်း။

ငါ၊ ကိုယ်၊ သတ္တဝါ ဟူသမျှသည် အတ္တကောင်ဟု အထင်ရှိမှုလည်း ငါသည် ငါမဟုတ်။ ရုပ်နာမ်အစုသာဖြစ်ချေသည်။ ရုပ်နာမ်တို့၏ သဘောသည် ဖြစ်ပျက်သာ ရှိချေသော်၊ ဖြစ်ပျက်သံသရာသည် မဆုံးသောခရီးဖြစ်၏။ ထို့ကြောင့်မူ ငါ(သို့မဟုတ်)သတ္တဝါကောင်သည် အတ္တသဘောမိမိအလိုရှိသည့်အတိုင်းမဟုတ်။ သူ့သဘော သူဆောင်နေသောကြောင့် အနတ္တသဘောဖြစ်သည်။ မမြဲသော အနိစ္စချမ်းသာမဟုတ် ဆင်းရဲခြင်းဒုက္ခ စိုးပိုင်ချုပ်ကိုင်၍ မရမှုသောအနတ္တသဘောဖြစ်သည်။ ဤလောကဘဝကြီးတွင် ကျင်လည်မှုဆိုသော သံသရာစက်ဝန်းထဲ၌ တဝဲလည်လည်ဖြစ်၍ နေမည်သာဟု သိသော ဥဒယဗ္ဗယဉာဏ်ဖြစ်စေ၍ ရုပ်နာမ်တို့၏ ချုပ်ရာ နိဗ္ဗာန်ချမ်းသာကို ရစေခြင်းအလိုအတိုင်း ဝိပဿနာကျင့်ပွားပြီး မဂ္ဂင်တရားနှင့်အညီ နေထိုင်ကြိုးကုတ်အားထုတ်ခြင်းသည်ပင်လျှင် ချမ်းသာအစစ်၏ အထောက်အပံ့များဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင် ယောဂီများသည် အမှန်နှင့် အမှားဓမ္မနှင့် အဓမ္မ၊ တရားနှင့် မတရား၊ ကောင်းမှုနှင့် မကောင်းမှု၊ သုစရိုက်နှင့် ဒုစရိုက်၊ ကုသိုလ်နှင့် အကုသိုလ်၊ အကြောင်းအကျိုး အကောင်းအဆိုး စသည်များကို ခွဲခြမ်းသုံးသပ် ရွေးချယ်၍ ကောင်းခြင်းစေတနာ၏ အထွင့်အထိပ်ဖြစ်သော

www.burmeseclassic.com

က်ဖိုလ်ချမ်းသာအစစ် ဝိမုတ္တိတရား မြတ်နိဗ္ဗာန်ကို ရယူနိုင်ကြစေသတည်း။ မိမိပြုသော ဤစေတနာကံကို အနာဂတ်ကာလ- မိမိလိုရာအထိ ဆုထူးပန်ရှယ် တောင်းယူကြွယ်ကြပြီးလျှင် ယခု ပစ္စုပ္ပန်ဘဝ၌ပင်လျှင် ဘေးဒုက္ခဆင်းရဲဝေးကွာ၊ ချမ်းသာကြွယ်ဝကြ၍၊ ရှေးအဖိုဘဝများတွင်လည်း ချမ်းချမ်းသာသာ ရွှေရောင်တဝင်းဝင်းနှင့် နတ်တို့ဘဝ၊ နတ်သမီး၊ နတ်သား၊ နတ်မင်းကြီးဖြစ်၍ ဗိမာန်ကြီးကြီး၊ ရောင်ဝါထိန်ထိန် အခြံအရံများများနှင့် နန္ဒဝန်ဥယျာဉ်ကြီးအတွင်း ကခုန်မြူးတူး ကျေနပ်ပီတိ ဂွမ်းဆီထိသို့ ရောက်သောဘဝ။ ထိုမှ လွန်လျှင် နိဗ္ဗာန်ချမ်းသာ စသည် စသည်ဖြင့် အစဉ်အတိုင်း ဖြစ်ချင်၊ လိုချင်၊ ရချင်ကြသည်။

ယောဂီသည် မိမိပတ်ဝန်းကျင်နှင့်တကွ မိသားစုဆွေမျိုး၊ အခြံအရံအသိုင်းအဝိုင်း၊ ဂုဏ်ဒြပ်သိက္ခာ အဆင့်အတန်း၊ ငွေကြေးဥစ္စာ၊ ပစ္စည်းခြံကား၊ အိမ်မြေ ရွှေငွေရတနာ၊ သားနှင့် သမီး၊ ချွေးမ သမက်၊ မြေးမြစ်၊ ညီအစ်ကိုမောင်နှမ၊ ဦးလေး အဒေါ်၊ ဘကြီး ဒွေးလေး၊ အဘိုးအဘွားအစ မပစ်မယယ် သံယောဇဉ်တွယ်နေသမျှ ကာလပတ်လုံး အဘယ်ဒီပသသနာဖြစ်မည်နည်း။ သာမန်ပုဂ္ဂိုလ်ဖြစ်၍ ကိလေသာနွံအတွင်း ကျွံဆင်း၍ သံသရာ ဝဲဩဃမှ ရုန်းထွက်မရဘဲ၊ အဆီအအိမ့် အနှုးအနပ်များနှင့် မပြီးမပြတ်သော ဘဝကိုဖြည့်ဆည်းရင်း သံသရာလည်မည်ကို သတိချပ်သင့်သည်။ တရားရဖို့ကား ခဲယဉ်းလှပေ၏။

တရား၏ သဘောသည်ပင်လျှင် လူတို့ပြုကြ အနှစ်သာရဟု ထင်ရသောအရာတို့သည် အမှန်မဟုတ်။ ပညတ်ဖြစ်၍ ပရမတ်သဘောဖြစ်သည်။ ဓာတ်သဘာဝ ရုပ်နာမ်ဖြစ်ပျက် မမြဲသခိရ စသည့် အမြင်ရှိရပေမည်။ လောဘ၊ ဒေါသ၊ မောဟ စသော တဏှာ၊ ရာဂ ကိလေသာအညစ်အကြေးများသည်ပင် အဝိဇ္ဇာ-မသိမှု၏ အရင်းခံဖြစ်လေသည်။ လောဘ၊ ဒေါသ၊ မောဟတရားဆိုးများသည် အပိတ်အဖုံးအတားအဆီးများဖြစ်ကြသည်။ အမှန်ကို မမြင်နိုင်ဘဲ မှုန်ရီဝေဝါး၍ တွေဝေ ငေးမောရသည်ဖြစ်၏။ အတွယ်အတာသံယောဇဉ်ချည်နှောင်မှုသည် လွတ်မြောက်မှု၏ အဟန့်အတားများဖြစ်ပေသည်။ ထိုနှောင်ဖွဲ့မှုသံယောဇဉ်ကို သိနိုင်ရန် အလွန်လိုအပ်လှပေသည်။

ပဋိစ္စသမုပ္ပါဒ် စက်ဝန်း၌ပင် ဖော်ပြထားသည်ကား အဝိဇ္ဇာ-မသိမှုကြောင့် သင်္ခါရ-ပြုပြင်စီရင်မှုဖြစ်သည်။ သင်္ခါရကြောင့် ဝိညာဉ်အသစ်ဖြစ်သည်။ ထိုဝိညာဉ်ကြောင့် နာမရူပနာမ်ရုပ်တို့ဖြစ်သည်။ နာမ်ရုပ်သည် သဠာယတနအင်္ဂါအစုံအလင်ဖြစ်သည်။ ထိုသဠာယတနသည် ဖဿအထိအတွေ့ကိုဖြစ်သည်။ ဖဿကြောင့် သိမှုဝေဒနာဖြစ်သည်။ ဝေဒနာခံစားမှုကြောင့် တဏှာဖြစ်သည်။ လိုချင်မှုတဏှာသည် စွဲလမ်းမှုဥပါဒါန်ဖြစ်သည်။ ဥပါဒါန်ကြောင့် ဘဝရသည်။ ဘဝရလျှင် ဇာတိအစ-ပဋိသန္ဓေနေရခြင်း၊ ဇရာ-အိုမင်းခြင်း၊ မရဏ-သေခြင်းဖြစ်၍ သောကပူဆွေးခြင်း၊ ပရိဒေဝ-အလွန်ဝမ်းနည်းငိုကြွေးခြင်း၊ ဒုက္ခ-ကိုယ်စိတ်ဆင်းရဲခြင်း၊ ဒေါမနဿ- စိတ်နှလုံး မသာယာခြင်း၊ ဥပါယာသ - ပြင်းစွာပင်ပန်းခြင်းအကျိုးဆက်တရားတို့ ထင်ရှားဖြစ်လာကုန်သည်။

ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည်ဟု ဆိုရာ၌ သာမန်သဘော မဟုတ်ဘဲ၊ မိရိုးဖလာအစဉ်အလာအတိုင်း မဟုတ်ဘဲ၊ မိမိစိတ်သန္တာန်၌ အမှန်ဖြစ်ပေါ် ကိန်းအောင်းလာသောအခါ စိတ်ဖြင့် ချဉ်းကပ်၍ ရိုသေလေးမြတ်စွာဖြင့် တည်တည်ကြည်ကြည် မှန်မှန်မြတ်မြတ် ဆည်းကပ်ကိုးကွယ်ယုံကြည်မှုကို ဆိုလိုပါသည်။

ရတနာသုံးပါး၏ ဂုဏ်တော်နှင့် ကျေးဇူးတော်ကို သိရှိအောင် အားထုတ်ရမည်။ ဘုရားရှင်၏ ဂုဏ်တော်၊ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်၊ တန်ခိုးတော်၊ မေတ္တာတော်၊ ကရုဏာတော်အနန္တကို ကြည်ညိုဖွယ်ဖြစ်အောင်၊ သိအောင် ပြုလုပ်ရမည်။ ဘုရားရှင်၏ ဗုဒ္ဓဝင်၊ ဒေသနာတော်၊ ဓမ္မကြွန္တာ ရုစ်သောင်းလေးထောင်အထိ သိရှိနားလည်ပါမှ ဘုရားရှင်ကို ကြည်ညိုပြီးရင်း ကြည်ညိုလာမည်ဖြစ်သည်။ တရားတော်ကိုလည်း သိနားလည်အောင် အခွင့်သင့်လျှင် ကြားနာရမည်။ နားနှင့် ကြားရရုံ၊ နားလည်ရုံမဟုတ်စေဘဲ တရားတော်၏ အနှစ်သာရကို ရင်တွင်းအချုပ်တွင်မှ စွဲမြဲသိရှိ လက်ခံလာအောင် သေချာကျန ထဲထဲဝင်ဝင် နာယူမှတ်သားရမည်။ အသံတော်တို့ကို လည်းကောင်း၊ စာရေးမှုကို လည်းကောင်း၊ သေချာကျနစွဲမှတ်ပါမှ အလွတ်ကျက်မှတ်ရပြီးသည်အထိ ရှိရမည်။ သို့မှသာ တရားတော်အတိုင်း ကျင့်ကြံအားထုတ် ပြုလုပ်နိုင်မည်ဖြစ်ပေသည်။ သံဃာတော်အရှင်သူမြတ်များကို ဆည်းကပ်ရာတွင်လည်း ဗုဒ္ဓဘုရားရှင်ကိုယ်စား သားတော်များဟု သဒ္ဓါစိတ်ပြ၍ မြင့်မြတ်သော အရိယာအကျင့်ကောင်းကို ကျင့်သူဟု ရိုရိုသေသေ လေးလေးစားစား ဆည်းကပ်ရမည်။

ရတနာမြတ်သုံးပါးကို အထွတ်အမြတ်ထား၍ ပန်းမာလာ၊ ရေချမ်း၊ ဆီမီးနံ့သာ၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသည့် လှူဖွယ်များကို မှန်မှန်မြတ်မြတ် သန့်ရှင်းစင်ကြယ်စွာ ဦးဦးဖျားဖျား ကပ်လှူပူဇော် ကန်တော့ ရှိခိုးရမည်။ ပေါ့ပေါ့တန်တန်သဘောမျိုးမဟုတ်မှုဘဲ အလေးမြတ်ဆုံး ထားရမည်။



www.burmeseclassic.com

www.burmeseclassic.com

အသက်ထက်ဆုံး ယုံကြည်မှုသဒ္ဓါကို တိုးသည်ထက်တိုး၍ ဓမ္မတော်အလိုအတိုင်း နေထိုင်ကျင့်ကြံကြရမည်။ မဂ်လသုတ်တော်လာအတိုင်း သုံးဆယ့်ရှစ်ဖြာသော တရားကို ကိုယ်တိုင်ကျင့်ကြံရမည်။ မဂ္ဂင်ရှစ်ပါးမှ မသွေမဖည်စေဘဲ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးကို စောင့်စည်းကာ စင်ကြယ်သောစိတ်ကို ဖြစ်စေရမည်။

လောကဓံတရားရှစ်ပါးသည် လူသတ္တဝါအားလုံး အမြဲ ရင်ဆိုင်ကြုံတွေ့နေရသော တရားဖြစ်သည်။ လာဘ်လာဘ ပေါများခြင်း၊ အခြံအရံရရှိခြင်း၊ ချီးမွမ်းခံရခြင်း၊ ချမ်းသာပြည့်စုံနေရခြင်း စသည့် ကောင်းသော လောကဓံလေးပါးကို ကြုံရပါသော်လည်း ကျေနပ်ပီတိ အပျော်ကြီးခြင်း မဖြစ်သင့်။ ကံအကြောင်းကြောင့် ရလာ၊ ရှိလာ၊ ဖြစ်လာသည်ဟု ဆင်ခြင်သိနေရမည်။ ထို့အတူပင် လာဘ်မရခြင်း၊ အခြွေအရံမရှိခြင်း၊ ကဲ့ရဲ့ရှုတ်ချခံရခြင်း၊ စိတ်, ကိုယ် ဆင်းရဲခြင်း စသည့် မကောင်းသော လောကဓံနှင့် ကြုံတွေ့ရသောအခါတွင်လည်း တုန်လှုပ်ခြင်း၊ စိတ်ပျက် ဝမ်းနည်းပူပူ ဆွေးခြင်း၊ မြည်တမ်းခြင်း မဖြစ်စေဘဲ ရှေးက ကံအကြောင်းကြောင့် ဤသို့ဖြစ်ရသည်ဟု သဘောပိုက်၍ ရှေ့အဖို့ ကံကောင်းစေရန် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကို ကုသိုလ်စိတ်တို့ဖြင့် မွမ်းထုံ၍ ကောင်းခြင်းကို ဆောင်ရမည်။

လာဘ်လာဘရခြင်း, မရခြင်း၊ အခြံအရံရှိခြင်း, မရှိခြင်း၊ ချီးမွမ်းကဲ့ရဲ့ခံရခြင်း၊ ချမ်းသာ ဆင်းရဲခြင်း စသော လောကဓံတရားတို့သည် အမြဲဆက်ဆံနေရမည့်အရာဖြစ်ပြီး သဘောအားလုံးသည် ဖြစ်ပျက်အဆုံးရှိချေသည်။ ဘယ်အရာမဆို နောက်ဆုံး ဘာမှမဟုတ်မှန်း သိအောင် ဆင်ခြင်ရမည်။ ဆင်းရဲသော် ဘာဖြစ်ပါသနည်း။ ချမ်းသာလျှင် ဘာဖြစ်သနည်း။ အဆုံး ဘာမှမဟုတ်ပါ။ သံသရာအဆက်ဆက် လည်ပတ်နေသည့် သဘောမျှသာဖြစ်သည်။ စိတ်သာလျှင် အဓိကဖြစ်သည်ဟု မြတ်ဗုဒ္ဓက ဟောတော်မူသည်။

"ဧကော ဓမ္မော"ဟူသော စိတ်ကိုသာလျှင် အဓိကထားရမည်။ ကဲ့ပြန့်နေသော စိတ်တို့ကို စုစည်းရမည်။ စုစည်းနိုင်ရမည်။ ညင်ညင်သာသာပြုရမည်။ တည်တည်ငြိမ်ငြိမ်ရှိရမည်။ ဘုရားချစ် ပုဂ္ဂိုလ်ဖြစ်မှ တကယ့်ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်လာမည်။ ပညတ် ပရမတ်ကို အစဉ်ခွဲခြားသိရမည်။ ရုပ်နာမ်ဖြစ်ပျက်ကို နားလည်သဘောပေါက်ရမည်။ ဘဝတစ်ခု၏ ဘဝ ပထမစိတ်(ပဋိသန္ဓေစိတ်)သည် အတိတ်ဘဝက စုတိစိတ်မှ အကျိုးပေးလာသည်။ ထို့ကြောင့် ဘဝကူးကောင်းပြီး ကျေနပ် နှစ်သိမ့်နိုင်သော ဘဝကောင်းကို ရောက်ရှိနိုင်ပါမည်။

ပေါ့ပေါ့တန်တန်နှင့် ဘဝကို မဖြတ်သန်းဘဲ လေးလေးနက်နက် တန်ဖိုးထားပြီး လက်ရှိ ပစ္စုပ္ပန်ဘဝကို အကျိုးရှိအောင် ရှက်ဆောင်နိုင်ရပါမည်။ ဆင်းရဲချမ်းသာသည် ရှေးက ကံအကျိုးပေးဖြစ်သည်။ ယခု ပြုမူဆောင်ရွက်မှုကံသည်လည်း အနာဂတ်အဖို့ အကျိုးပေးမည်ကို သတိချပ်သင့်သည်။ ဘယ်သူမပြု မိမိမှုဟု ကိစ္စကြီးငယ်မှန်သမျှအားလုံး ကံအကြောင်းချည်းဖြစ်သည်ဟု ဆင်ခြင် သတိရှိရမည်။ ကျန်းမာချမ်းသာ လိုရာပြည့်ပါစေဟု ဆုတောင်းသည် မိမိတို့၏ ဆန္ဒသာ ဖြစ်သည်။ ကံကသာလျှင် သူ့သဘောအတိုင်းဖြစ်စေ၏။ လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို လိုချင်မှ ဗုဒ္ဓ၏ အလိုတော်ကျ အသိနှင့် သတိကို အမြဲယှဉ်၍ ဘဝကို ကြောင်းလမ်းပြုပြင် စီရင်နိုင်ကြပါစေ။

တစ်ဘဝစာလုပ်လျှင် တစ်ခဏသာ ရမည်။ ကံငါးပါးကို မလုံခြုံလျှင် အပါယ်သို့ ကျတတ်သည်လည်း သတိချပ်သင့်လှသည်။ ယောဂီတို့သည် နိဗ္ဗာန်ကို ရောက်လိုသည်။ သို့သော် ရရှိသည့်ဘဝကို မပယ်မစွန့်နိုင်ဘဲ၊ ကိစ္စကြီးငယ် အမျှင်မပြတ်နိုင်ဘဲ အနှောင်အဖွဲ့ ကိလေသာကျန်နေသရွေ့ ဉာဏ်ရှေ့သွား မဂ်အလုပ်ကို မဖြစ်နိုင်။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးဖြင့် ဆုံးမ နာခံလွယ်ပါမှ၊ သူတစ်ပါးထက်ပို၍ ကြိုးစားပါမှ အောင်မြင်မှုလမ်းစ ပေါ်မည်။

တရားစစ်၊ တရားမှန် ဝိပဿနာအလုပ်ဖြင့် သစ္စာလေးတန်ကို ကိုယ်တိုင်သိမြင်၍ အရိယာ သူတော်စင်များဖြစ်ကြပါစေ။

ရတနာမြတ်သုံးပါးကို ရှိရှိသေသေ ဆည်းကပ်ခြင်းသည်ပင် နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်ပါစေ။

အလိုအပ်ဆုံး၊ အတောင့်တဆုံးဖြစ်သော လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ရက်တိုတိုနှင့် ရောက်ရ၊ မျက်မှောက်ပြုရပြီး အေးချမ်းသော ရေစင်နိမိတ်ဖြစ်စေဟု ဆန္ဒပြု ရေးသားလိုက်ရပေသည် ■

* * *

မောင်ပျိုးကြည်(ခတ္တီယ)



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့အံ့ဖွယ် ဘုန်းတော်ကြီးကျောင်းများ


■ မောင်သာ (ရွှေဟောင်း သုတေသန)

ဘုန်းတော်ကြီးကျောင်းများ တည်ထောင်ထားရှိခြင်းသည် ဗုဒ္ဓဘာသာထူထောင်မှုနည်းများအနက် အခြေခံအကျဆုံး စနစ်တစ်ရပ်ပင် ဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းများတွင် သံဃာတော်များက ဗုဒ္ဓ၏ တရားတော်များကို ထိန်းသိမ်းပြန့်ပွားရန် တာဝန်ယူကြရပြီး သီလရှင်ကျောင်းများတွင် သီလရှင်များက တာဝန်ယူကြသည်။ ထို့အတူပင် ဘုန်းတော်ကြီးကျောင်းများသည် ဗုဒ္ဓစာပေများကို သင်ကြားပေးပြီး ဗုဒ္ဓဘာသာဝင်များအား လမ်းညွှန်မှုပေးရာ နေရာများလည်း ဖြစ်ကြပေသည်။ တောင်အာရှဒေသ၏ မိုးရာသီကာလများတွင် ဗုဒ္ဓဘာသာရဟန်း သံဃာနှင့် သီလရှင်များ ဝါဆိုရန် နေရာထိုင်ခင်းစီစဉ်ရာမှ အစပြုရာမှ ဘုန်းတော်ကြီးကျောင်းများ ပေါ်ထွန်းလာရခြင်းဖြစ်သည်။ ဤသို့ဖြင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများသည်ပင် ဗုဒ္ဓဒေသနာတော်များ ဖွံ့ဖြိုးပြန့်ပွား၊ ဆွေးနွေး၊ ဟောပြောရာ နေရာများအဖြစ်သို့ တိုးတက်ရောက်ရှိလာခဲ့ရပေသည်။

ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဗုဒ္ဓဘာသာကိုးကွယ်သည့်နိုင်ငံများနှင့် မကိုးကွယ်သော နိုင်ငံအချို့တွင်ပါ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများကို တွေ့မြင်နိုင်ကြပါသည်။ ယင်းတို့အနက်မှ ထင်ရှားသော ကမ္ဘာ့အံ့ဖွယ် ဘုန်းတော်ကြီးကျောင်း (၁၀)ကျောင်းကို တင်ပြလိုပါသည်။

### (၁) လေထဲမှ ဘုန်းကြီးကျောင်း (Hanging Monastery)

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တည်ရှိသောမြေပြင်မှ ၇၅မီတာ(၂၄၆ ပေ)အမြင့်ရှိ ကျောက်ကမ်းပါးနံရံတွင် လေထဲသို့ တစ်ဝက်ထွက်ကာ တည်ဆောက်ထားသော ဘုန်းတော်ကြီးကျောင်းသည် ကမ္ဘာပေါ်တွင် အထင်ရှားဆုံးဖြစ်ပြီး တရုတ်နိုင်ငံ၏ ထူးခြားသော အမှတ်အသားတစ်ခုလည်း ဖြစ်ပေသည်။ ပြုတ်ကျလုဆဲဆဲ စင်္ကြံလမ်းများပေါ်တွင် ဆရာတော်များက တရားဟောကြရသည်။ ဤလေထဲမှ ကျောင်းတွင် အခန်းတွဲပေါင်း ၄၀ ခန့် ပါရှိပြီး တစ်ခန်းနှင့်တစ်ခန်းကို လေထဲတွင် တွဲလွဲဖြစ်နေသော စင်္ကြံများ၊ လျှောက်လမ်းများဖြင့် ဆက်သွယ်ထားရာ မတ်စောက်နေသော ချောက်ကမ်းပါးတွင် ကော်နှင့် ကပ်ထားသည်သို့ပင် ထင်မှတ်ရပေသည်။ အဆိုပါ ဘုန်းကြီးကျောင်းကို ကျောက်



သားနံရံတွင် ထွင်းထုပြုလုပ်ထားခြင်း မဟုတ်ဘဲ၊ ကုလားမခြေထောက်ကဲ့သို့သော ဒေါက်တိုင်များဖြင့် တည်ဆောက်ထားသဖြင့် လေထဲတွင် တွဲလွဲဖြစ်နေသောကျောင်း 'Hanging Monastery' ဟု အမည်တွင် ထင်ရှားလျက်ရှိနေပေသည်။

'Hanging Monastery' ကို အေဒီ ၅ရာစုက တည်ဆောက်ခဲ့ပြီး လေထဲတွင် တွဲလွဲဖြစ်နေသည်မှာ နှစ်ပေါင်း ၁၅၀၀ ကျော်ခဲ့ပြီဖြစ်ပါသည်။ နှစ်ပေါင်း ၁၅၀၀ အတွင်း ယခုအနေအထားရောက်ရှိအောင် ကျောင်းအား ပြင်ဆင်တိုးချဲ့မှုများကို များစွာပြုလုပ်ခဲ့ရသည်။

### (၂) ဘူတန်သင်္ကေတ ဘုန်းကြီးကျောင်း (Taktsang Monastery)

ဘူတန်နိုင်ငံမှ တက်ဆန်ဘုန်းကြီးကျောင်း 'Taktsang Monastery သည် မီတာ ၉၀၀ (ပေ ၃၀၀၀)အမြင့်ရှိ ချောက်ကမ်းပါးအစွန်းတစ်ခု၏ ထိပ်ဝယ် တည်ရှိသည်။ ကျားသားရဲတွင်းဟုလည်း ခေါ်ကြပြီး ဘူတန်နိုင်ငံ၏ သင်္ကေတတစ်ခုအဖြစ် ပြောစမှတ်ရှိကြသည်။ Taktsang ဘုန်းကြီးကျောင်းသို့ ရောက်ရှိရန် တောင်ခြေ ကားရပ်နားစခန်းမှ နှစ်နာရီကျော် သုံးနာရီမျှ တောင်ပေါ်သို့ တက်ကြရသည်။ ဘုန်းတော်ကြီးကျောင်း ဒဏ္ဍာရီများအလိုအရ ဂုရု ရင်ပိုချေ (Rinpoche) သည် တိဘက်မှ ဘူတန်ရှိ လက်ရှိ ဘုန်းတော်ကြီးကျောင်းနေရာသို့ ကျားမတစ်ကောင်ကို စီးကာ ပျံသန်းရောက်ရှိခဲ့ပြီး တက်ဆန်တွင် အဆိုပါ မိစ္ဆာ ကျားမ



www.burmeseclassic.com

www.burmeseclassic.com




ယဉ်ပါးအောင် သွန်သင်ပေးခဲ့သည်ဟု ဆိုပါသည်။

မူလက ကျောင်းမရှိဘဲ ၁၆၉၂ ခုနှစ်တွင် ပထမဆုံးသော ဘုန်းတော်ကြီးကျောင်းကို တည်ဆောက်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် မူလကျောင်းတော်ကြီး အဆောက်အအုံအများအပြား မီးလောင်ကျွမ်းခံခဲ့ရသော်လည်း နောက်ပိုင်းတွင် ဘူတန်တို့၏ မူလ ဂုဏ်ကျက်သရေအတိုင်း တက်ဆန်ဘုန်းကြီးကျောင်းကို ဆက်လက်ထိန်းသိမ်းထားရှိနိုင်ခဲ့သည်။

## (၃) ပုပ္ပါးတောင်ကလပ်

ကမ္ဘာပေါ်တွင် အထင်ရှားဆုံးသော ဘုန်းတော်ကြီးကျောင်းများအနက် မြန်မာနိုင်ငံ၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဒေသတွင်ရှိသော ပုပ္ပါးတောင်ကလပ်သည်လည်း တစ်ခုပါအဝင်ဖြစ်သည်။

ပုပ္ပါးမီးတောင်ဟောင်း၏ ထိပ်တွင် တည်ထားသော တောင်ကလပ် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းသည် မြန်မာနိုင်ငံ၏ ရင်သပ်ရှုမောဖွယ် နေရာတစ်ခုပင် ဖြစ်ပါသည်။ တောင်ထိပ်ရှိ ဘုန်းကြီးကျောင်းသို့ ရောက်ရှိရန် လှေကားထစ်ပေါင်း (၇၇၇) ထစ်ကို လမ်းလျှောက်ကာ တက်ရောက်




နိုင်ကြပါသည်။ တောင်တက်ရာ လမ်းတစ်လျှောက်တွင် အစာတောင်းနေကြသည့် မျောက်များကို အများအပြားတွေ့မြင်နိုင်ပါသည်။ တောင်ကလပ်ထိပ်မှ မြင်ကွင်းကျယ် ရှုမျှော်ခင်းကို ကြည့်ရှုနိုင်သည့်အပြင် ရှေးဟောင်း ပုဂံမြို့ကိုလည်း လှမ်းမြင်နိုင်ပါသေးသည်။

ကန်တော့ပုံသဏ္ဌာန် ထီးထီးမားမား ရပ်တည်နေသော ပုပ္ပါးတောင် မြေသားထုသည် မီးတောင်ပေါက်ကွဲခဲ့ရာမှ ထွက်ပေါ်လာခဲ့သော ချော်ခဲများကြောင့် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပေသည်။

## (၄) ပုနခ ဘုန်းကြီးကျောင်း (Punakha Dzong)

ဘူတန်နိုင်ငံမှ ဖိုချူနှင့် မိုချူ မြစ်နှစ်စင်းတို့ ဆုံစည်းရာ နေရာ ကျွန်းပေါ်တွင် ထူးခြားစွာ တည်ရှိနေသော Punakha Dzong ဘုန်းတော်ကြီးကျောင်းသည် အလွန်လှပသော ဓာတ်ပုံများကို ရိုက်ကူးနိုင်သော အံ့ဖွယ် ရှေးဟောင်း ဘုန်းတော်ကြီးကျောင်းတစ်ခုဖြစ်သည်။ ဘူတန်ဝေါဟာရ Dzong သည် ဘုန်းတော်ကြီးကျောင်းနှင့် ခံတပ်ကို ရောပြွမ်းဆောက်ထားသော အဆောက်အအုံဟု အဓိပ္ပာယ်ရပါသည်။ ဘူတန်နိုင်ငံ၏ ခရိုင်တိုင်းတွင် ဤသို့သော ခံတပ်တစ်ပိုင်း ဘုန်းကြီးကျောင်းများကို တွေ့မြင်နိုင်သည်။



Punakha Dzong ကို အခြားသော ဘူတန်နိုင်ငံမှ ဘုန်းတော်ကြီးကျောင်းများကဲ့သို့ပင် ဒေသကို ကာကွယ်စောင့်ရှောက်ရန်၊ ဒေသအာဏာပိုင်တို့ အုပ်ချုပ်ရေးရာ လုပ်ငန်းများ စီမံနိုင်ရန်၊ ဆောင်းရာသီတွင် နိုင်ငံနိုင်ရန် စသော ရည်ရွယ်ချက်များစွာဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ပင်မကျွန်းသို့ သစ်သားခုံးတံတားတစ်စင်းဖြင့် ဆက်သွယ်ထားပြီး သမိုင်းခေတ်အဆက်ဆက် ယင်းမြစ်ဝှမ်းဒေသကို အုပ်ချုပ်ခဲ့ကြသော ဘုရင်တို့ လှူဒါန်းခဲ့သည့် မွေတော် ဓာတ်တော်များစွာလည်းရှိသည့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလည်း ဖြစ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

## (၅) သိက်စဲဘုန်းကြီးကျောင်း(Thikse Monastery)

လာဆာဒေသမှ ပိုတလာ နန်းတော်နှင့် ဆင်တူပြီး တိဘက်နိုင်ငံမှ အဝါရောင်ဦးဆောင်း ဗုဒ္ဓဘာသာဂိုဏ်း၏ ကျောင်းတော်တစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံ၊ အိန္ဒူမြစ်ဝှမ်းဒေသ တွင် တည်ရှိသည်။ မီတာ ၃၆၀၀ (ပေ ၁၁၈၀၀)အထက်



တွင် တည်ဆောက်ထားသည်။ အထပ်ပေါင်း ၁၂ထပ်မြင့်ပြီး ဗုဒ္ဓဘာသာဆိုင်ရာ စေတီပုထိုးများ၊ ဆင်းတုတော်များ၊ နံရံ ပန်းချီကားများဖြင့် မွမ်းမံဆောက်လုပ်ထားသည်။ သိက်စဲ ကျောင်းတော်မှ ဆွဲဆောင်မှုအရှိဆုံး အဆောက်အအုံများ အနက် တစ်ခုမှာ ၁၉၇၀ ခုနှစ်ခန့်က ၁၄ ဆက်မြောက် "ဒလိုင်းလားမား"လာရောက်လည်ပတ်သည့် အထိမ်းအမှတ် အဖြစ် တည်ထားသော "အရိမေတ္တေယျ ပုထိုးတော်ကြီး" ပင် ဖြစ်ပါသည်။

## (၆) လားမားကျောင်းတော်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တော်၏ အရှေ့ မြောက်ဘက်တွင် တည်ရှိသော လားမားကျောင်းတော်သည် ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးနန်းတော်တစ်ခုဖြစ်ပြီး "ယွန်ဟော ကျောင်း"ဟု အမည်တွင်သည်။ ကမ္ဘာပေါ်တွင် အကြီးဆုံး သော တိဘက် ဗုဒ္ဓဘာသာဘုန်းတော်ကြီးတစ်ကျောင်းလည်း ဖြစ်ပေသည်။ လားမားဘုန်းတော်ကြီးကျောင်းကို တရုတ်ဘုရင် များက တည်ဆောက်ခဲ့ခြင်းဖြစ်ကာ၊ တိဘက်နှင့် မွန်ဂိုလီး ယားသံဃာများ နေထိုင် သီတင်းသုံးကြပြီး နှစ်ပေါင်းများစွာ




တိုင် ဗုဒ္ဓစာပေများ သင်ကြားပို့ချခဲ့ကြသည်။ ယနေ့ထက် တိုင်အောင်လည်း ထိုကျောင်းတော်တွင် သံဃာများ သီတင်း သုံးလျက် ရှိနေကြပေသည်။

လားမားကျောင်းတော်အတွင်းတွင် တစ်ဖြောင့်တည်း သော သစ်မွှေးတုံးကြီးတစ်တုံးကို ထုလုပ်ထားသည့် ဉာဏ် တော် ၂၆မီတာ (၈၅ ပေ)ရှိသည့် အရိမေတ္တေယျ မြတ်စွာ ဘုရားလောင်း ရုပ်ပွားတော်မြတ်ကိုလည်း ဖူးတွေ့နိုင်ကြပေ သည်။

## (၇) ကီးဂမ်ပကျောင်း

အိန္ဒိယနိုင်ငံ၊ စပီတိမြစ်ဝှမ်းဒေသမှ ၄၁၆၆ မီတာ (၁၃၆၆၈ ပေ) အမြင့်ရှိသော တောင်ကုန်းပေါ်တွင် ကီးဂမ်… ခေါ် ကီးဘုန်းကြီးကျောင်းကို လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ က တည်ဆောက်ထားခဲ့သည်။ ကျောင်း၏ အောက်ဘက် တွင် တည်ရှိသော ကီဘားရွာကို အိန္ဒိယနိုင်ငံ၏ အမြင့်ဆုံး



သော ကျေးရွာဟု ဆိုကြသည်။ ရှည်လျားသော သမိုင်း တစ်လျှောက်တွင် ကီးဘုန်းတော်ကြီးကျောင်းသည် မွန်ဂိုများ နှင့် အခြားသော စစ်တပ်များ၏ အကြိမ်ကြိမ်တိုက်ခိုက်ခြင်း ကို ခံခဲ့ရပြီး မီးဘေး၊ လေဘေးတို့ကြောင့်လည်း ပျက်စီး ရသည်။ ပျက်စီးလိုက်၊ ပြန်လည် တည်ဆောက်လိုက်ဖြင့် ကာလကြာရှည်သည့်အချိန်တွင် ဘုန်းတော်ကြီးကျောင်းက သေတ္တာတစ်လုံးနှင့် ပြုလုပ်ထားသကဲ့သို့ ဖြစ်နေတော့သည်။ တစ်ကျောင်းပေါ် တစ်ကျောင်း ဆင့်ကာဆင့်ကာ တည် ဆောက်ထားမှုကြောင့် ခံတပ်တစ်ခုနှင့်လည်း အသွင်တူနေ တော့ပေသည်။

## (၈) ဂန်ဒန်ကျောင်း

ဂန်ဒန်ကျောင်းသည် တိဘက်ဒေသရှိ သံဃာ့မဟာ တက္ကသိုလ်ကြီးသုံးခုအနက်မှာ တစ်ခုဖြစ်သည်။ စေရ(sera) ဒရေပန်(drepan) နှင့် ဂန်ဒန်(gamden)ဟူသော သံဃာ…

www.burmeseclassic.com


www.burmeseclassic.com



တက္ကသိုလ်ကြီး သုံးကျောင်းအနက် ဂန်ဒန်ကျောင်းတော်ကို ဒန်ဘာတောင်တန်း၊ အမြင့် ၄၃၀၀ မီတာ (၁၄၁၀၇ ပေ) အမြင့်တွင် တည်ဆောက်ထားသည်။ တက္ကသိုလ်သုံးခု အနက် ဂန်ဒန်သည် တိဘက်နိုင်ငံ၏ မြို့တော် လာဆာမှ အဝေးဆုံးကျောင်းဖြစ်ပြီး ၂၀ရာစုစောစောပိုင်းတွင် သံဃာ ၆၀၀၀ ကျော်မျှ သီတင်းသုံး နေထိုင်ခဲ့ကြသည်။ ၁၉၅၉ခုနှစ် တွင် တရုတ်တပ်နီများက ကျောင်းတော်ကြီးအား ဖျက်ဆီး ခဲ့ကြပြီး ဂန်ဒန်တက္ကသိုလ်ကြီးကို မူလ တည်ထောင်ခဲ့သူ Tsongkhapa ၏ ဆေးစိမ်ထားသော ရုပ်အလောင်းကိုပါ မီးရှို့ ဖျောက်ဖျက်ခဲ့ကြသည်။ ၁၉၈၀ နှောင်းပိုင်းမှ စတင်ကာ ကျောင်းတော်ကြီးကို ဖြည်းဖြည်းချင်း ပြန်လည်ပြုပြင် တည် ဆောက်ခဲ့ရပါသည်။

## (၉) Erdene Zuu ဘုန်းတော်ကြီးကျောင်း


မွန်ဂိုလီးယားဒေသ၏ ရှေးအကျဆုံး ဘုန်းကြီးကျောင်း တစ်ကျောင်းဖြစ်သည့် Erdene Zuu ဘုန်းတော်ကြီးကျောင်း ကို ၁၅၈၅ ခုနှစ်တွင် တိဘက်ဒေသမှ မွန်ဂိုလီးယားသို့



ဗုဒ္ဓဘာသာကို အစပျိုးပေးသည့် အထိမ်းအမှတ်အဖြစ် Abtai Sain Khan က တည်ဆောက်ခဲ့သည်။ Karakorum ကျောင်းပျက်မှ ကျောက်တုံးများကို အသုံးပြုခဲ့ပြီး စေတီအဆူ ၁၀၀ ပါသည့် တံတိုင်းတစ်ခုဖြင့် ပတ်ရံထားသည်။ ကွန်မြူနစ် တို့ ကြီးစိုးစဉ်ကာလက Erdene Zuu ဘုန်းတော်ကြီး ကျောင်းကို ပြတိုက်တစ်ခုအဖြစ်သာ ဖွင့်ခွင့်ပြုခဲ့သော်လည်း ၁၉၉၀ ခုနှစ်တွင် မွန်ဂိုလီးယားတွင် ကွန်မြူနစ်ဝါဒကျဆုံးပြီး နောက်ပိုင်းဝယ် လားမားဘုန်းတော်ကြီးများအား လွှဲပြောင်း ပေးပြီးသည့်နောက်တွင် Erdene Zuu ဘုန်းတော်ကြီး ကျောင်းသည် အများပြည်သူတို့ ဝတ်ပြုရာ နေရာတစ်ခုဖြစ် လာခဲ့သည်။

## (၁၀) Yumbulagang ကျောင်း

ရှေး ဒဏ္ဍာရီတစ်ခုအလိုအရ Yumbulagang သည် တိဘက်ဒေသမှ ပထမဆုံးအဆောက်အအုံဖြစ်ပြီး ပထမဆုံး သော တိဘက်ဘုရင် Nyatri tsenpo ၏ နန်းတော်ဖြစ်ခဲ့ သည်ဟု အဆိုရှိပါသည်။ Yumbulagang ဟူသော စကား လုံးသည် တိဘက်မှ "အမေနှင့်သား နန်းတော်"ဟု အဓိပ္ပာယ်



ရပြီး ပဉ္စမမြောက် ဒလိုင်းလားမားလက်ထက်တွင် တိဘက် ဘုရင်နန်းတော်အဖြစ်မှ Gelugpa ဘုန်းတော်ကြီး စာသင် ကျောင်းတစ်ကျောင်းအဖြစ် ပြောင်းလဲခဲ့သည်။ တရုတ်နိုင်ငံ ၏ ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း အကြီးအကျယ် ဖျက်ဆီးခြင်းခံခဲ့ရကာ၊ ၁၉၈၃ ခုနှစ်တွင် ပြန်လည်တည် ဆောက်ခဲ့သည်။

ယခုအခါတွင် အဆိုပါ ဘုန်းကြီးကျောင်း (၁၀)ကျောင်း တို့သည် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစားသွားရောက် လည်ပတ်ရာ နေရာများဖြစ်နေကြပြီး နိုင်ငံတကာမှ ဘာသာ ပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့အား သွားရောက်လည်ပတ်ရန် ဆွဲဆောင်မှုအရှိဆုံး နေရာများပင် ဖြစ်ပါတော့သည် ■

* * *

မောင်သာ (ရှေးဟောင်းသုတေသန)

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းပျောက်သူအား အိပ်မက်လာပေးသော

# အနောက်မယ်တော်

■ ညိုသစ်ဦး ■

လွန်ခဲ့သော ၄နှစ်ခန့်လောက်က စာရေးသူထံသို့
ဒေါ်မရွှေဆိုသော အသက် ၄၆နှစ်အရွယ် အမျိုးသမီးတစ်ဦး
ရောက်ရှိလာခဲ့ပါသည်။ အဆိုပါ ဒေါ်မရွှေဆိုသူ အမျိုးသမီး
မှာ စာရေးသူနှင့် တစ်ရွာတည်း နေထိုင်လာခဲ့သော အသိ
မိတ်ဆွေတစ်ဦးလည်း ဖြစ်ပါသည်။ လွန်ခဲ့သော ၁၀နှစ်ကျော်
အချိန်ခန့်က ဒေါ်မရွှေသည် မိမိ၏ ဇာတိရွာမှ မန္တလေးမြို့
ကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ ဒေါ်မရွှေမှာ အိမ်ထောင်
မရှိသူ အပျိုကြီးတစ်ဦးဖြစ်ပြီး စီးပွားရေးသမားတစ်ဦးလည်း
ဖြစ်ပါသည်။ စာရေးသူလည်း ဒေါ်မရွှေနှင့် မဆုံဖြစ်သည်မှာ
နှစ်အတော်ကြာပြီဖြစ်၍ နှစ်ဦးသား ရှေးဟောင်းနှောင်းဖြစ်
စကားများ ပြောဆိုနေလေသည်။ ယင်းနောက် ဒေါ်မရွှေမှ
သူမ၏ ထူးခြားဆန်းကြယ်သော အိပ်မက်တစ်ခုအကြောင်း
ကို စာရေးသူအား အောက်ပါအတိုင်း ပြောပြလေတော့သည်။

လွန်ခဲ့သော ၆နှစ်ခန့်လောက်က ဒေါ်မရွှေသည်
မန္တလေးမှ မိမိ၏ မွေးရပ်မြေဖြစ်သော မာန်အောင်ကျွန်းသို့
အလည်တစ်ခေါက် သွားရောက်ခဲ့ပါသည်။ ရွာသို့ ရောက်ရှိ
ပြီး ၁၅ရက်ခန့် နေထိုင်ပြီးနောက် မန္တလေးသို့ ပြန်လာခဲ့ပါ
သည်။ မန္တလေးမှ မိမိနေထိုင်ရာအိမ်သို့ ပြန်လည်ရောက်ရှိ
ပြီး နောက်တစ်နေ့နံနက်တွင် မိမိ၏ ပစ္စည်းများကို ပြန်လည်
စစ်ဆေးရှာဖွေကြည့်ရာ သူမ၏ နိုင်ငံသား စိစစ်ရေးကတ်ပြား
(မှတ်ပုံတင်)မှာ ထူးထူးခြားခြား ပျောက်ဆုံးနေသည်ကို တွေ့
ရှိရသဖြင့် စိုးရိမ်ပူပန်မှုများဖြစ်လာပြီး နေရာအနှံ့အထပ်ထပ်
ရှာဖွေကြည့်ရာ ဘယ်လိုမှ ရှာဖွေလို့ မတွေ့နိုင်အောင် ဖြစ်
နေ၏။ သို့ဖြင့် နောက်တစ်နေ့ နေ့လယ်ပိုင်းအချိန်တွင် အုန်းပွဲ
ငှက်ပျောပွဲ၊ အလင်းတိုင်၊ အမွှေးနံ့သာတိုင်များဖြင့် တင်
မြှောက်၍ မာန်အောင်ကျွန်းကို စောင့်ရှောက်နေသော
အနောက် မယ်တော်ကြီးအား ပူဇော် ပသလိုက်ပြီး စိတ်ထဲ
မှလည်း မိမိ၏ ပစ္စည်းအား ပြန်လည်ရရှိစေရန်အတွက်
အာရုံပြု၍ ဆုတောင်းလိုက်၏။ ထို့နောက် ဒေါ်မရွှေ
တစ်ယောက် မောမောဖြင့် အိပ်စက် အနားယူလိုက်ရာ
ချက်ချင်းပင် အိပ်ပျော်သွားလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ
မက်တစ်ခုကို မြင်မက်လေသည်။ အိပ်မက်ထဲတွင် နန်း
နန်းစားများကို ဝတ်ဆင်ထားသည့် အသက် ၆၀ အရွယ်
ရှိမည့်ထင်ရသော အမျိုးသမီးတစ်ဦး နက်မှောင်သော ဆံ
များကို ဒူးကောက်ကွေးအထိ နောက်ဘက်သို့ လှန်ချထား
ဒေါ်မရွှေအား ထိုသို့ပြောဆိုလေသည်။

"ငါ့သမီးက မှတ်ပုံတင်ပျောက်လို့ စိုးရိမ်ပူပန်မှုတွေ
ပြီး အမေ့ကို အုန်းပွဲ၊ ငှက်ပျောပွဲတွေနဲ့ တင်မြှောက်နေ
ကို အမေတွေ့မြင်ရလို့ သမီးဆီကို အမေ ချက်ချင်းရော
အောင် လာခဲ့ရတယ် သမီးရေ။ ဘာမှစိတ်မပူနေနဲ့ ထ
ရှာကြည့်ပါဦး။ သမီးရဲ့ ပစ္စည်းကို ပြန်တွေ့ပါလိမ့်မယ်။
အမေလည်း အချိန်သိပ်မရဘူး သမီးရေ ပြန်လိုက်ပါဦးမ

ထိုသို့ ပြောဆိုပြီး ရုတ်တရက် ပျောက်ကွယ်သွား
သည်။ ဒေါ်မရွှေလည်း အိပ်ပျော်နေရာမှ လန့်နိုးလာ
အနောက်မယ်တော်ကြီးကို တွေ့လို့ကွေ့ ဖြား ဟိုဟို
လိုက်ရှာကြည့်ရာ အနောက်မယ်တော်ကြီး၏ အရိပ်အယေ
ကိုမျှ မတွေ့ရတော့ချေ။ ဒေါ်မရွှေတစ်ယောက် ချက်ချ
သတိဝင်လာပြီး အိပ်မက်ထဲက အနောက်မယ်တော်ကြီး
ပြောပြခဲ့သည့်အတိုင်း ထပ်မံ ရှာဖွေကြည့်ရာ မိမိ၏ ပစ္စည်း
(မှတ်ပုံတင်)အား အလွယ်တကူပင် တွေ့ရှိရလေသည်
မာန်အောင်ကျွန်းကို စောင့်ရှောက်ပေးနေသော အနော
မယ်တော်သည်ကား ကျွန်းသူကျွန်းသားများအပေါ်၌ မိ
ရင်ဝယ်သားကဲ့သို့ ကြီးမားသော မေတ္တာ စေတနာ
မည်သည့်အရပ်၊ မည်သည့်ဒေသများသို့ ရောက်ရှိနေစေ
မူ အစဉ်အရာရာ ကူညီစောင်မ၍ အစဉ်ထာဝရ စောင့်ရှော
ပေးလျက် ရှိနေပါသည်။■

* * *

ညိုသစ်ဦး(မာန်အောင်
(ဒေါ်မရွှေ၏ ခွင့်ပြုချက်အရ ရေးဖွဲ့ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး) တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ(တိုး) ၁၀၂၄




# ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည့် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော် စာရေးဆရာများ ဆုံကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့လိုက်ရသည်။ ကိုမင်းဆွေက・・・

"လာ・・・ထိုင်၊ ကိုဇော်ရဲနိုင်။ မတွေ့ရတာ ကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ။ ခင်ဗျားက တိုင်းရင်းဆေးတွေအကြံရှိသူဆိုတော့ ကျွန်တော်တို့သုံးယောက် ခံစားနေရတဲ့ ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ"

"ဘဝတူ ရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့ အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ၊ ကျွန်တော်တို့သုံးယောက် ဆီးနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရတယ်။ ဒါပေမဲ့ ဖြစ်စဉ်တူသလိုလိုနဲ့ မတူညီနည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော့်ဆီးရောဂါနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်။ ဘယ်သူက ဘယ်လိုလက္ခဏာတွေ ရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်။ နေပူမိုးရွာမရှောင်သွားတဲ့သူတွေ အပူအစပ်အချဉ် ချိုစာတွေ လွန်ကဲစွာ စားတဲ့သူတွေ၊ မေထုန်မှု လွန်ကဲသူတွေ၊ အညောင်းထိုင်မှု များတဲ့သူတွေဟာ ဆီးပူညောင်းကျရောဂါဖြစ်တတ်တယ်။ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများ သွားနေသလို ရွစိရွစိဖြစ်ပြီး ယားတတ်တယ်။ တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လို ကျလာတတ်တယ်။ ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီး မကြာခဏ သွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွား အားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်း ယားယံခြင်း လက္ခဏာတွေ ခံစားရတတ်တယ်။ ဆီးအောင့် ဆီးချုပ်ရောဂါကို အခြေခံပြီး သည်းခြေ၊ လေ ဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်က စပြီး ဆီးအိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ။ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ နာခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်။ ကဲ-ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့ တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာနဲ့ တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့ တူကြောင်း ပြောပြကြပြီး ・・・

"ကဲ - ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခုလောလောဆယ်တော့ **ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား**ကို နီးစပ်ရာ မြန်မာဆေးမျိုးစုံဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ။ **ကိန္နရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြား**ဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးကျဉ် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် ကျောက်ကပ်စိမ့်နာ ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ်ဗျ။ ကျွန်တော့်မိတ်ဆွေ ဆရာ ဦးလှိုင်မြင့်က **ကြက်လည်ဆံ ဆီးဆေး**ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသနေတာဆိုတော့ အဲဒီ ဆရာ **ဦးလှိုင်မြင့်ရှိတဲ့ ကန္နရဝတီဆေးတိုက်**ကို သွားပြီး ဆရာနဲ့တိုင်ပင်၊ ဆေးစား ဆေးကုသရင် ခင်ဗျားတို့ ခံစားနေရတဲ့ ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ။ **ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေး**ရဲ့ တံဆိပ်ပုံလည်း မှတ်ထားဦးဗျို့၊ ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေရမည့် ・・・ ကိန္နရီ ・・・တဲ့ဗျ။

**ပင်ရင်းဌာန- ကန္တရဝတီဆေးတိုက်**

အမှတ် (၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁-၅၄၇၇၄

www.burmeseclassic.com

www.burmeseclassic.com



# ကျွံခဲ့သည့်

ကျွပ်နာမည် ဦးလှိုင်။
အသက်က (၇၀)။
ပင်စင်စား(အငြိမ်းစား) ဝန်ထမ်း
တစ်ဦး။

www.burmeseclassic.com

ဧနီးရှိတယ်။ သားတစ်ယောက်ရှိ တယ်။

ရွှေပေါက်ကံမြို့သစ်မှာ(၁၀ ပေ× ၆၀) မြေတစ်ကွက်နဲ့ သွပ်မိုး ထရံ ကာ အိမ်လေးတစ်လုံးကို ပိုင်တယ်။ ပြီးတော့ ကျုပ်က နှလုံးရောဂါသည်။ တစ်နေ့ တစ်နေ ပင့်သက်အမောတွေ နဲ့ အသက်ရှင်နေရသူ။ မျှော်လင့်ချက် ဆိုတာ ကျုပ်အတွက် ဘာမှမရှိတော့ တဲ့ သုံ့ညလို ဘဝ။ တွေးကြည့်ရင်း လွှပျက်စရာ။ အဲဒီဘဝကို ကျုပ်သိခဲ့ တာ အသက် (၆၀)ကျော်မှဆိုပါတော့။ သိလိုက်ရတဲ့အချိန်မှာ ကျုပ်ဘဝတစ်ခု လုံး အဖတ်ဆယ်မရအောင် စုတ်ပြတ် သတ်နေပြီ။ အမြင့်ကနေ ကျောက် သလင်းပေါ် ပြုတ်ကျသွားတဲ့ ကြွေပန်း ကန်တစ်ချပ်လိုပဲ။ တစ်စစီ တစ်စစီ ဖွင့်စဉ် ကြေမွသွားခဲ့ပါပြီလေ။

အဲဒီတော့ ကျုပ် ဘာလုပ်ရမလဲ တွေးကြည့်တယ်။ အဖြေက မရှိဘူး။ နောက်ဆုံးတော့ ကိုယ့်အမှားဒဏ် ကိုယ်သာ ခံပေါ့။ သေချင်တယ်။ ဒါပေ မယ့် သေလို့ မရဘူး။ မနေချင်တဲ့ ဘဝ ထဲ ဘင်ပါရဲ့။ မိုက်သက်ဆိုးက ရှည်ပြန် သေး။ ခုတော့ နောင်တတွေရယ်၊ သောကတွေရယ်၊ ဒုက္ခတွေရယ် ရင် ဆယ်ပိုက်လို့ လူမိုက်ကြီး ကျုပ်၊ ကိုယ့် အတ်ထုပ်နဲ့ ကိုယ် မိုးလင်းအောင်တော့ ထ.ရပေဦးမပေါ့ဗျာ။

ကျုပ် ဒီဘဝရောက်ရတာ လွန်စွာညံ့ဖျင်းခဲ့လို့ ဆိုတာ ဝန်ခံပါ တယ်။ ကျုပ်အသက် ၃၀ လောက်က စပြီး အသက် ၆၀ကျော်အထိ ဘဝဆို တာ ဘာလဲလို့ သေသေချာချာ ရေရေ ရာရာ မသိခဲ့ဘူး။ သိနိုင်အောင်လည်း ကျုပ် မကြိုးစားခဲ့ဘူး။ ရေလိုက် ငါး လိုက် သက်သက်သာသာလေး မေ့ပြီး တစ်နေ့ တစ်နေ့ အရက်နဲ့သာ အချိန် ကုန်ခဲ့တယ်။ အဲဒီ အရက်နွံမှာ ကျုပ် ကျွံခဲ့တာ နှစ်ပေါင်း ၃၀။ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေးတွေအားလုံး ဆုံးရှုံးနေတာ မသိခဲ့ဘူး။ ဒါကြောင့် လည်း ကျုပ်စိတ်နဲ့ပဲ အမေသေခဲ့ရ တယ်။ တစ်ဦးတည်းသောသားမို့ ချစ် လိုက်ရတာ တုန်လို့။ အလိုလိုက်ခဲ့တာ လည်း လိုတာထက် ပိုခဲ့ပါတယ်။ အဲဒီ တော့ ကျုပ်ဆိုးသမျှဒဏ် အမေခံပေါ့။

ပြောရရင် ကျုပ် အရက် စ,သောက်ခဲ့တာ အသက်က ငယ်ငယ်၊ အသိမကြွယ်သေးတဲ့ အရွယ်။ ကောင်း ကျိုး ဆိုးကျိုးတွေ မသိခဲ့တာ အမှန်။ သောက်မယ်၊ စားမယ်၊ မူးမယ်၊ မူးရင် မေ့တယ်ဆိုတဲ့ ခံစားမှုကိုပဲ ကျုပ်လိုချင် ခဲ့တာ။ တပ်မက်ခဲ့တာ။ အမှန်ဝန်ခံရရင် ကျုပ် တစ်လောကလုံးကို မေ့ပြီးနေချင် တယ်။ မေ့ချင်တာမှ တစ်ဘဝ ထာဝရ ကို မေ့နေချင်တာ။ ဒါပေမယ့် မေ့မရခဲ့ ဘူး။ ကျုပ် အမူးပြေသွားရင် ဦးစွာပထမ သတိရ တမ်းတမိတာက သူ။ သူဆို တာ ကျုပ် အသက်တမျှ မြတ်နိုးချစ်ရ တဲ့သူ။ သူ့နာမည်က ဖြူဖြူ။

◈◈◈

"ကိုကိုရေ··· ဒီည ၁၁နာရီ လောက် တွေ့နေကျ နေရာလေးက စောင့်နေပါ။ ဖြူ ထွက်လာခဲ့မယ်။ မေမေတို့က အတင်းစီစဉ်နေကြပြီ။ ဖြူ ကြောက်တယ် ကိုကို။ မချစ်မနှစ်သက် တဲ့သူနဲ့ ဖြူ တစ်ဘဝ မနေပါရစေနဲ့။ ဆက်ဆက်လာခဲ့နော်"

လို့ သူ့စာလေးကို ဖတ်ရတော့ တုန်လှုပ်ချောက်ချားသွားလိုက်တာ ရင် တွေ တဒိန်းဒိန်းခုန်နေတဲ့အထိ။ ဘာ လုပ်ရမှန်းမသိ ဖြစ်နေခဲ့တယ်။

"ကိုလှိုင်···ဘာလဲ၊ မင်းကြောက် နေတာလား။ ဘာမှ တွေဝေမနေနဲ့ ကိုလှိုင်။ တွေဝေနေရင် မင်းပဲ ခံစားရ လိမ့်မယ်။ သတ္တိရှိစမ်းပါကွာ။ လာ၊ သွား စို့"

ဆိုတဲ့ သူငယ်ချင်းတွေရဲ့ အား ပေးမှုနဲ့အတူ ကျုပ် သူ့ကို အဲဒီညမှာ ပဲ ခိုးယူခဲ့တယ်။ ပျော်လိုက်တာဗျာ။ အဲဒီ အပျော်တွေကို ပြောပြပါဆိုရင် ကျုပ် မပြောပြတတ်တာ အမှန်။ တစ်သက်မှာ တစ်ခါသာ ပျော်ခဲ့ဖူးတဲ့၊ ဘယ်အရာနဲ့မှ မလဲနိုင်တဲ့ အပျော်လေး တွေလို့ပဲ ဆိုပါရစေ။

ဒါပေမယ့် အဲဒီ အပျော်လေးတွေ ဟာ ကျုပ်အတွက်တော့ ၁၀ရက်သာ ခံစား ကြာမြင့်ခဲ့ပါတယ်။ မယုံတစ်ဝက်၊ ယုံတစ်ဝက်နဲ့ လျှပ်တစ်ပြက် မက်တဲ့ အိပ်မက်တစ်ခုလိုပဲ၊ ဝဋ်ကြွေးမှာကံအငြိုး က ဆိုးရက်လိုက်တာဗျာ။

"ဖြစ်ပြီးမှတော့ ကျွန်မတို့ဘက် က ဘာမှ ပြောစရာမရှိတော့ပါဘူး။ လူ ကြီးတွေ စီစဉ်တဲ့အတိုင်း ကျွန်မတို့ လိုက်နာပါ့မယ်။ ကျွန်မတို့က သမီးရှင် ပါ။ ခုတော့ သမီးလေးကို ပြန်ခေါ်သွားပါ ရစေ။ မင်္ဂလာရက်ကျမှ ပြန်ပို့ပေးပါ့ မယ်"

ဆိုတဲ့ ကတိတွေနဲ့ အလိမ္မာ စကားတွေ သုံးပြီး အချိုသတ်သွားတဲ့ ဖြူ့မေမေဟာ ပြန်ခေါ်သွားဟဲ့နေ့မှာပဲ ဖြူ့ကို ကျုပ်နဲ့ ဝေးရာ အဝေးဆုံး တစ် နေရာကို သူတို့ သဘောတူထားတဲ့သူ နဲ့ ထည့်ပေးလိုက်ပါတယ်။ ရက်စက် လိုက်ကြတာနော်။ လူကို အရှင်လတ် လတ် ရင်ခွဲပြီး အသည်းကို ဆားနဲ့ ပက်လိုက်သလိုပါပဲ။ တဆတ်ဆတ် တုန်အောင် အသည်းနာခဲ့ရပါတယ်။ ယောကျ်ားတန်မဲ့ ကျုပ်ငိုခဲ့ရတယ်။ အချိန်နဲ့အမျှ သူ့ကို သတိရနေတဲ့ စိတ်တွေဟာ ဘယ်လိုပဲဖြေဖြေ အဖြေ မရှိခဲ့ဘူး။ အဲဒီတော့လည်း ကျုပ် အရက်နဲ့ အဖော်ပြုမိတယ်။ မူးပြီး မေ့



www.burmeseclassic.com

www.burmeseclassic.com

သွားတဲ့အချိန်တွေသာ ကျုပ်အတွက် ဖြေဆေးတစ်လက်ဖြစ်ခဲ့တယ်။ အဲဒီတော့လည်း မေ့ချင်လို့ သောက်၊ လွမ်းလို့ သောက်၊ စိတ်ညစ်လည်း သောက်၊ စိတ်နာသောက်နဲ့ သောက်သောက်လဲကို ဖြစ်ကုန်ရော။ ဩော်···အချိန်နဲ့အမျှ သတိတရ လွမ်းလိုက်ရတာ ဖြူဖြူရယ်လို့သာ တမ်းတလိုက်မောမိပါရဲ့။

◈◈◈

ကြာလာတော့ မဖြစ်တော့ဘူးဆိုပြီး ကျုပ်ကို မကြည့်ရက်တဲ့ အဖေနဲ့ အမေတို့ဟာ ဖြူနဲ့ ဝေးခဲ့တဲ့ နှစ်လတာအတောအတွင်းမှာပဲ ကျုပ်ကို အမြန်ဆုံး အိမ်ထောင်ချပေးခဲ့ပါတယ်။ (တစ်ဖက်ရဲ့ စိန်ခေါ်မှုတွေကို တုံ့ပြန်တဲ့သဘောလည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။) ဒီလိုနဲ့ ကျုပ် အိမ်ထောင်ကျခဲ့တယ်။ မိန်းကလေးက ကျုပ်ထက် အသက်ငယ်တယ်။ ရိုးသားတဲ့ ကျေးတောသူလေးတစ်ယောက်ပါ။ ကျုပ် ဘာလုပ်လုပ် သူ ဘာမှမပြောရက်ရှာဘူး။ ကိုလိုင်···ကိုလိုင်နဲ့သာ အပြုံးတွေနဲ့ အဆုံးသတ်တတ်သူပါ။ အဲဒီတော့ ပိုဆိုးပေါ့ဗျာ။

ဒီနေရာမှာ ပုံပြင်လေးတစ်ပုဒ်လောက် ပြောပြချင်တယ်။

အမြီးရှည် ရှိပြီး တငြိမ့်ငြိမ့်တဆတ်ဆတ်လှုပ်ခါတတ်တဲ့ "ရေညှောင့်ငှက်" ဆိုတာ ရှိတယ်။ တစ်နေ့ အဲဒီငှက်ကို ဖမ်းမိတဲ့ ငှက်မုဆိုးဟာ ငှက်ကလေးကို ကြည့်ပြီး တငြိမ့်ငြိမ့်တဆတ်ဆတ် လှုပ်ခါနေရတာ အမြီးကြောင့်လို့ တွေးထင်ပြီး ငှက်ကလေးရဲ့ အမြီးကို ဖြတ်လိုက်ပါသတဲ့။ ဖြတ်လည်းပြီးရော ငှက်ကလေးကို လွှတ်လိုက်တဲ့အခါ ငှက်ကလေးဟာ အမြီးရှိစဉ်ကထက်ပိုပြီး ပေါ့ပါးစွာ၊ အဆများ



စွာ တငြိမ့်ငြိမ့် တဆတ်ဆတ်လှုပ်ခါနေလိုက်တာ တရိုရိုကို ဖြစ်နေရောတဲ့။ အဲဒီအခါကျမှ ငှက်မုဆိုးလည်း ဩော်···သူ့အတိုင်းနေ အကောင်းသား၊ ငါဖြတ်မိမှားပြီထင်ရဲ့လို့ နောင်တကြီးစွာ ရသွားပါသတဲ့။

အဲဒီ ပုံပြင်လေးလိုပဲ ကျုပ်ဘဝကလည်း အိမ်ထောင်ကျသွားရင် ခံစားမှုတွေ လျော့နည်းသွားပြီး ငြိမ်သက်သွားလေမလားလို့ တွေးထင်ခဲ့တဲ့ အဖေ၊ အမေတို့ရဲ့ စေတနာတွေဟာ အိမ်ထောင်ချပေးလိုက်မှ ပိုဆိုးသွားတဲ့ ကျုပ်ကို ကြည့်ပြီး မှားသွားပြီဆိုတဲ့ အသိနဲ့ ရင်ထုမနာဖြစ်ကြပါရော။

ကျုပ်ကလည်း ကျုပ်ပဲလေ။ အိမ်ထောင်ကျခါမှ သူ့ကို ပိုပြီး သတိရ၊ ပိုပြီး တမ်းတနေမိတယ်။ မချစ်မနှစ်သက်တဲ့ တစ်ပါးသူရဲ့ ရင်ခွင်ထဲမှာ သူ့ဘဝ ဘယ်လိုရှိနေမလဲလို့ ကိုယ်ချင်းစာစိတ်နဲ့ တွေးမိရင် ကျုပ်ရင်နာတယ်။ တစ်နေ့ တစ်နေ့ လွမ်းမောစိတ်တွေနဲ့ ဘယ်နေရာကို ကြည့်ကြည့် သူရှိနေ

တယ်။ သူ့စကားသံလေးတွေကလည်
ကျုပ်နားထဲမှာ တဝဲလည်လည်နဲ့ ကြ
ယောင်နေပြန်ရော။ ကျုပ် ဘာလု
မလဲဟင်။ ကျုပ် ရူးချင်ကယ်။ ဖြစ်
ရင် သွက်သွက်ခါအောင် ရူးသွား
တယ်။ ဒါပေမယ့် မရူးခဲ့ဘူးလေ။ အ
တော့လည်း မူးနေအောင်ပဲ သော
ပြန်တယ်။ တစ်ခဏတာ မူးမေ့သွား
အချိန်လေးတွေသာ ကျုပ်အတွ
ခံစားမှဲ့ ဝေဒနာရပ်ဝန်းတစ်ခုဖြစ်ခဲ့တ

ဒီလိုနဲ့ ကျုပ်နဲ့ အရက်၊ အရ
ကျုပ် မိတ်ဆွေဖွဲ့ ပြီး နေလိုက်တ
အတိုချုံးပြီးပြောရရင် ကျုပ်သား
တောင် လူလားမြောက်ခဲ့ပေါ့။ ကျ
အသက်လည်း ၆၀ ပြည့်လို့ အငြိမ်း
ပင်စင်ယူခဲ့ပြီ။ ဒါပေမယ့် ကျုပ်က
မူးမေ့နေတုန်းပဲ။

သို့သော် သခါရသဘောအ
ဘယ်အရာမှ ထာဝရ မတည်မြဲနိုင်
လေတော့ ကျုပ် အရက်သမားကြီး
ဟာလည်း ထာဝရ တည်မြဲနိုင်ခြင်း
ခဲ့ပါဘူး။ ကံကြမ္မာရဲ့ အလှည့်အပြော
အချိုးအကွေ့ အဆုံးအဖြတ်လို့ပင်
ရလေမလားမသိ၊ တစ်နေ့ ကျုပ် မူး
အိပ်ပျော်နေတုန်း ရုတ်တရက်
ဖြတ်ချင်သလိုဖြစ်ပြီး လုံးဝ သတိ
သွားတယ်၊ အဲဒီ မေ့သွားတဲ့ အကြော
ရင်းကပဲ ကျုပ် အရက်သမားကြီး
က လွတ်ရန် အကြောင်းဖန်ခဲ့ပါတ
ဖြစ်ပုံလေးက အဆန်းသားဗျ။ အ
စရာလည်း ကောင်းလှတယ်။ ကျ
သတိမေ့ပြီး ရောက်သွားတာက
ငရဲဘုံဆိုပေမယ့် ကျုပ်တို့
မြင်ထားတဲ့ ပန်းချီကားတွေထဲက
ကြောက်စရာကောင်းလှတဲ့ ငရဲ
ကြီးတွေနဲ့ ကြောက်စရာကောင်းလ
လက်နက်တွေ၊ မီးတော မီးလျှံ
နဲ့ ပွက်ပွက်ဆူအောင် တည်ထား

www.burmeseclassic.com

www.burmeseclassic.com

ဆီအိုးကြီးတွေ။ သွေးသံတရဲရဲနဲ့ သွားအော်ဟစ်နေတဲ့ ငရဲကျ လူတွေ၊ ပြီးတော့ အနက်ရောင်ရှိတဲ့ ကျီးကြီးတွေ။ အဲဒီလို အရာတွေတဲ့ ငရဲဘုံတော့ မဟုတ်ဘူး။ ဒါပေမဲ့ အဲဒီမှာ အုပ်ချုပ်နေတဲ့ ဗလကောင်းကောင်း၊ အသားမည်းမည်း၊ ဆိုးဆိုး၊ အသံသြသြကြီးနဲ့ လူကြီးယောက်ပြောတာကတော့ မင်းကျက်နေတာ ငရဲဘုံတဲ့။

◈◈◈

အဲဒီ ငရဲဘုံကို ကျုပ်မှတ်မိသမျှရင် မျက်စိတစ်ဆုံး လှမ်းမြင်နေက ကျယ်ပြောလှတဲ့ လယ်ကွင်းကြီး။ အိမ်မရှိ ယာမရှိ၊ သစ်ပင်မရှိတောင်မရှိတဲ့ လွင်တီးခေါင်ခေါင်။ ရောင်ရှိပေမယ့် နေ မတွေ့ရတဲ့ နေရာ။ ပူလိုက်တာလည်း လွန်ပါ မြေပြင်ကနေ လွင့်ပျံတက်လာ တံလျှပ်တွေက တရိန်ရိန်နဲ့ အခိုးငွေ့တွေထွက်လို့။ ကျုပ်လည်း အဲဒီကွင်းတွေကို ဝေးကြည့်ရင်း တဖြည်းလျှောက်လှမ်းလာလိုက်တာကြာတော့ ခပ်လှမ်းလှမ်းမှာ မြန်း တွေ့လိုက်ရတာက သစ်ရွက်တွေ မရှိတဲ့ ရိုးတံပြိုင်းပြိုင်း မြင့်မားလှ သက်ပံပင်ကြီးတစ်ပင်၊ ချွန်မြနေတဲ့ တွေနဲ့ ပြည့်နှက်နေပြီး အဲဒီ တစ်ပင် ဆူးတွေမှာ သွေးသံတို့က တရဲရဲ၊ ထီးထီးမှာ တစ်ပင်တည်း ပေါက်လေရဲ့။

အဲဒီအပင်ရဲ့ ရှေ့တည့်တည့်မှာ လူတွေက ယောက်ျား၊ မိန်းမ မျှ အဝတ်ဗလာနဲ့ တန်းစီနေကြ အများကြီးပဲ။ ပြီးတော့ တစ်က်ပြီး တစ်ယောက် အဲဒီအပင်ပေါ်ကို တက်နေကြရပါတယ်။ နေတဲ့ လူတွေကို ကြည့်လိုက်တော့ ချွန်မြနေတဲ့ ဆူးတွေရဲ့ ဒဏ်ကြောင့် သွေးအလိမ်းလိမ်းနဲ့။ နူတ်ကလည်း "ကြောက်ပါပြီဗျ၊ သေပါပြီဗျ။ နာလှချည်ရဲ့ ကျင်လှချည်ရဲ့ ကယ်ပါ၊ ယူပါ တစာစာအော်ဟစ်ရင်း နောက်ဆုံး မတတ်နိုင်တဲ့အဆုံး တဘုန်းဘုန်း ပြုတ်ကျကုန်ပါရော။ အဲဒီလို ပြုတ်ကျသူတွေဟာ အောက်လည်းရောက်ရော ဆန့်ငင်ဆန့်ငင်နဲ့ မချိမဆန့် ဝေဒနာခံစားရင်း သေဆုံး ငြိမ်သက်သွားကြတယ်။ ဒါပေမယ့် ကြည့်နေရင်း တစ်ခဏအတွင်းမှာပဲ ပြန်ထလာကြပြီး ဘာမှမဖြစ်သလို ပြန်ပြီး တန်းစီကြပြန်ရော။ ကျုပ်လည်း သူတို့ကို ကြည့်ရင်း ဘာရယ်လို့ မသိဘူး၊ သူတို့နဲ့ အတူဝင်ပြီး တန်းစီလိုက်ပါတယ်။

ဒီအချိန်မှာ ဗလကောင်းကောင်း၊ အသားမည်းမည်း၊ ရုပ်ဆိုးဆိုး၊ အသံသြသြနဲ့ လူကြီးတစ်ယောက်ရောက်လာပြီး···

"ဟေ့ကောင်···ထွက်ခဲ့"

လို့ ခေါ်လိုက်ပါတယ်။

"မင်း ဘာလုပ်တာလဲ"

လို့ မေးလိုက်တော့ ကျုပ် ဘာပြန်ပြောရမှန်း မသိဘူး။

"ဒါ မင်းသွားရမယ့် နေရာမဟုတ်ဘူး။ အချိန်မတန်သေးဘူး။ မင်းပြန်တော့၊ ငါ နောက်ဆုံးမှာလိုက်မယ်။ ဒီနေရာကို မင်းမရောက်အောင် ကြိုးစား။ ဒါ မင်းအတွက် နောက်ဆုံး အချိန်ပေးခြင်းပဲ။ အခု မင်းရောက်နေတာ ငရဲဘုံကွ၊ မှတ်ထား"

လို့ ပြောပြီး ကျုပ်လက်ကို ဆတ်ခနဲ ဆွဲကိုင်လိုက်ပါတယ်။ ပြီးတော့ "ကဲ - မင်းသွားတော့"လို့ ခပ်ပြတ်ပြတ်ပြောပြီး လှည့်ထွက်သွားမယ်လုပ်တော့ ကျုပ် သတိရလာပြီး···

"ဒါဆို ကျွန်တော် ဘယ်များသွားရမလဲခင်ဗျာ"

လို့ မရဲတရဲ ကမန်းကတန်းလှမ်းမေးလိုက်ပါတယ်။

"တယ်ခက်တဲ့ ကောင်။ မင်း အဲဒီအရှေ့ဘက်တည့်တည့်ကို သွား။ မင်းအဖေအိမ်ကို ရောက်လိမ့်မယ်။ မြန်မြန်သွားတော့"

လို့ ကျုပ်ကို လမ်းပြပြီး နှင်ထုတ်လိုက်ပါတယ်။

အဲဒီလိုနဲ့ အဖေတို့အိမ်ကို ကျုပ်ရောက်ခဲ့ပါတယ်။ ကျုပ်ရောက်သွားတော့ အဖေဟာ ပက်လက်ကုလားထိုင်တစ်လုံးနဲ့ အိမ်အပေါ်ထပ် ဝရန်တာမှာ ပုတီးစိပ်နေတာ တွေ့ရတယ်။ ကျုပ် အားရဝမ်းသာနဲ့ အဖေလို့ ခေါ်လိုက်မိတယ်။ ဒါပေမယ့် အဖေဟာ ကျုပ်ခေါ်သံကို မကြားသလိုပဲ။ ပုတီးစိပ်မပျက် ရှိနေတယ်။ ကျုပ် မကျေနပ်ဘူး။ ကျုပ်ကို သိပ်ချစ်တဲ့ အဖေ၊ ကျုပ်ခေါ်သံကို ဥပေက္ခာပြုရက်လေခြင်းလို့ တွေးမိပြီး ဝမ်းနည်းစိတ်နဲ့ နောက်တစ်ကြိမ် အသံကုန်ဟစ်လို့ "အဖေ" လို့ ကျုပ်ထပ်ခေါ်လိုက်တော့ အဖေ ဖျတ်ခနဲ မျက်လုံးပွင့်လာပြီး ဟိုဟိုသည်သည် လိုက်ကြည့်နေတာ တွေ့ရတယ်။ ဒါပေမယ့် ကျုပ်ကို မတွေ့မမြင်သလိုမျိုးဖြစ်နေတယ်၊ ကျုပ်ရင်ထဲမှာ မကောင်းတော့ဘူး။ ဒါနဲ့ ကျုပ်လည်း စိတ်ကောက်ပြီး ပြန်မယ်လုပ်တော့ ဖျတ်ခနဲ သတိရတာက ကျုပ်အဖေ့အိမ်ကို ရောက်တိုင်း ဘုရားစင်ကို သန့်ရှင်းပေးနေကျ။ ခုလည်း ဘုရားစင်ကို သန့်ရှင်းပေးဖို့အသွား အဖေ့ကို လှမ်းကြည့်လိုက်တော့ ဝရန်တာကနေ အိမ်ရှေ့ဆီထွက်ပြီး ဇဝေဇဝါနဲ့ တောင်ကြည့် မြောက်ကြည့် ကြည့်နေပြီး ခေါင်းကုတ် စဉ်းစားနေတာ တွေ့ရတယ်။ ကျုပ် စိတ်ဆိုးသွားတယ်။ ဒါနဲ့ ပြန်မယ် အဖေ

www.burmeseclassic.com

လို့ ပြောရင်း လှည့်ထွက်လိုက်တော့ ခလုတ်တိုက်ပြီး ကျုပ် ရုတ်တရက် ဝုန်း・・・ဒိုင်းဆိုတဲ့ အသံတွေနဲ့အတူ အပေါ်ထပ် လှေကားပေါ်က ပြုတ်ကျသွားပါတော့တယ်။

ဒီအချိန်မှာ "သား"လို့ ခေါ်လိုက်တဲ့ အဖေ့အသံကို ကျုပ်ကြားလိုက်သလိုပဲ။ ကျုပ်လည်း လိမ့်ကျရင်း "အဖေ・・・အဖေ"လို့ ကြောက်လန့်တကြားနဲ့ အကြိမ်ကြိမ်ပြန်ခေါ်နေမိပါတယ်။

◈◈◈

"ဟော・・・ဟော・・・ကိုလှိုင် သတိရလာပြီ၊ သတိရလာပြီ။ ကိုလှိုင်・・・ကိုလှိုင်"

လို့ တဝင်ဝင်ခေါ်နေတဲ့ ကျုပ်မိန်းမအသံကို မကြားတစ်ချက် ကြားတစ်ချက်နဲ့ ကျုပ်ပြန်ပြီး သတိရလာတယ်။ ရင်ထဲမှာ ပူလောင်နေလိုက်တာဗျာ။ လည်ချောင်းတွေ ခြောက်ကပ်ပြီး ရေဆာလိုက်တာ။ "ရေပေးပါ၊ ရေပေးပါ"လို့ ရေတောင်းသောက်လိုက်တော့မှ နေသာထိုင်သာရှိသွားတယ်။

"ငါ့ကို ထူပေးပါ၊ ငါထိုင်ချင်တယ်"လို့ ပြောလိုက်တော့ မိန်းမက ထူပေးတယ်။ သက်ပြင်းရှည်ကြီးချပြီး "ဩော်・・・ငါမသေသေးပါလား"လို့ တွေးမိရင်း ကျုပ်ကြုံတွေ့ခဲ့တဲ့ အကြောင်းအရာတွေကို ပြန်ပြောပြမိတယ်။ ကျုပ်မိန်းမရယ်၊ ကျုပ်သားရယ်၊ အိမ်နီးနားချင်းတချို့ရယ် တအံ့တသြနဲ့ နားထောင်နေရင်း ကျုပ်ကို ငေးကြည့်နေတယ်။ ကျုပ်စကားဆုံးတော့ တချို့က ကျုပ်ကို ကြောင်သွားပြီလို့ ယူဆကြသလို၊ တချို့ကျတော့ ဦးနှောက်ထိသွားတာလို့ ပြောသူတွေက ပြောကြတယ်။ ပြောကြပါစေဗျာ၊ ကျုပ်အကြောင်းနဲ့ ကျုပ်မို့ အံ့ရေးလုပ်ပြီး မဖြေရှင်းတော့ပါဘူး။ ကျုပ်ကိုယ်ကျုပ်ပဲ သိပါတယ်။ ကျုပ်ရောက်ခဲ့တာ ငရဲဘုံမှ ငရဲဘုံ။ ဒါပေမယ့် ဘယ်ငရဲဘုံလဲတော့ ကျုပ်လည်း မသိဘူး။

နောက်တစ်နေ့ညနေရောက်တော့ ရွာကနေ အဖေ စိုးရိမ်တကြီးနဲ့ ကျုပ်ဆီ အမောတကော ရောက်လာတယ်။ သူ့စိတ်ထဲမှာ ကျုပ် တစ်ခုခုဖြစ်နေပြီဆိုတာ သိနေသလိုပဲတဲ့။ ပြီးတော့ ကျုပ်ခေါ်သံကို သဲ့သဲ့ကလေးကြားလိုက်တယ်ဆိုပဲ။ အံ့သြစရာနော်။ ပြီးတော့ ပြောသေးတယ်။ ကျုပ်ကို ရိုးတိုးရိပ်တိတ် မြင်လိုက်ရလို့ စိတ်တွေ လေးပြီး အဖေရောက်လာတာလို့ ပြောလိုက်တော့・・・

"ဟုတ်ပါတယ် အဖေ။ သား အဖေ့ဆီကို ရောက်ခဲ့ပါတယ်။ သားရောက်တော့ အဖေ အပေါ်ထပ် ဝရန်တာမှာ ထိုင်ပြီး ပုတီးစိပ်နေတယ်လေ။ သားက အားရဝမ်းသာနဲ့ အဖေလို့ ခေါ်လိုက်ပေမယ့် အဖေက မသိသလိုဖြစ်နေတော့ သား စိတ်ကောက်သွားတယ်။ ဒါနဲ့ ပြန်မယ်ဆိုပြီး လှည့်အထွက် ဘယ်လိုဖြစ်တယ် မသိဘူး၊ အဖေတို့အိမ်အပေါ်ထပ် လှေကားကနေ လိမ့်ကျသွားတယ်။ သားလည်း ကြောက်ကြောက်လန့်လန့်နဲ့ အဖေ့ကို တအားကျုံးပြီး "အဖေ・・・အဖေ"လို့ ခေါ်နေရင်း ခုလို ပြန်သတိရလာတာပဲ အဖေ။ အဖေကျေးဇူးကြီးလှပါတယ်။ ပြီးတော့ သား ငရဲဘုံကိုလည်း ရောက်ခဲ့သေးတယ် အဖေ"

လို့ အစချီပြီး ကျုပ်ကြုံတွေ့ခဲ့ရတာတွေအားလုံး ပြောပြမိပါတယ်။ ကျုပ်စကားသံလည်း ဆုံးရော၊ အဖေဟာ ဘာမပြော ညာမပြောနဲ့ ကျုပ်ကို တအားဖက်ပြီး ငိုပါလေရော။ ကျုပ်လည်း ဝမ်းနည်းစိတ်နဲ့ အဖေ့ကို ပြန်

ဖက်ပြီး ငိုနေမိတယ်။ အတန်ကြာ
အဖေက ဖက်ထားရာမှ ခွာလိုက်
ကျုပ်ကို သေသေချာချာစိုက်ကြည့်
တယ်။ ပြီးတော့မှ ဝမ်းနည်းကြေကွဲ
ကြီးနဲ့ "သား"လို့ ခေါ်လိုက်ပြီး・・・

"အဖေ အသက်ကြီးပါပြီ သား
ရယ်။ နေရ ခဏပေါ့။ သားတော
အသက် ၆၀ စွန်းခဲ့ပြီလေ။ အ
မသေခင် သားအမေဖြစ်စေချင်
ဆန္ဒတွေနဲ့ အဖေ့ရဲ့ မျှော်လင့်ချက်
ကို သားဖြည့်ဆည်းပေးပါ။ အဖေ
သားကို ဒီဘဝနဲ့ မမြင်မတွေ့ချင်
ပါဘူး။ လိမ္မာပါ သားရယ်။ လိမ္မာ
အချိန်တန်ပြီ ထင်ပါရဲ့၊ အဖေ့ကို
ပေးပါနော်"

လို့ မျက်ရည်တွေကျပြီး
စွာ ပြောနေလိုက်တာ။ ကျုပ်ရင်
ဆယ်ပေါင်တူနဲ့ အချက်ပေါင်းများ
ထုနက်လိုက်သလိုပဲ ခံစားရပါတ
ပြီးတော့ ကျုပ်စိတ်ထဲမှာ အဖေ
စကားသံတွေဟာ ကျုပ်ကို ဆုံးမ
တွေ ဆိုနေတာနဲ့ မတူဘဲ၊ ကျုပ်
အသနားခံနေသလိုလို၊ တောင်း
တိုးလျှိုနေသလိုလို ထင်မှတ်လိုက်
တော့ ကျုပ်လေ တစ်သက်မှာ တ
သာ ဖြစ်ပေါ်ခဲ့တဲ့ အဖေ့ကို သန
စိတ်တွေဟာ ကျုပ်တစ်ကိုယ်လုံး
လွှမ်းခြုံသွားလေရဲ့။

"သားသိပါပြီ အဖေ။ သာ
သွားပါပြီ၊ သားလိမ္မာပါတော့မယ်။ အ
မျက်ရည်မကျပါနဲ့၊ အဖေမျက်ရည်
ရင် သား ငရဲရပါလိမ့်မယ်၊ အဲဒါကြော
အဖေ့မျက်ရည် သားသိမ်းပေးပါ့မ
သား ကတိပေးပါတယ် အဖေ။ က
ပေးပါတယ်။ သား ရေလျှော
အရက်ကို မသောက်တော့ပါ
အဖေကျေနပ်ပါတော့နော်"

လို့ တုန်ယင် လိုက်မော



www.burmeseclassic.com

www.burmeseclassic.com

ဘတိပေးရင်း ကျုပ် အဖေ့ကို အားပါး ဘရ ရှိခိုးနေမိတယ်။ အဲဒီအချိန်မှာ ကျေနပ်စွာ ပီတိတွေနဲ့ ကြည်လင် ဝင်းပ ရွှင်ပျသွားတဲ့ အဖေ့ရဲ့ မျက်နှာ ငိုပ်လေးဟာ ကျုပ်အတွက်တော့ တစ်သက်တာ ထာဝရ အမှတ်ရစရာ အဖြစ်မျိုးနဲ့ ကျုပ်ရဲ့ အသည်းနှလုံး တစ်စုံမှာ စွဲကျန်ရစ်ခဲ့ပြီဆိုတာ အဖေ သိပေမယ့် သားရင်ထဲမှာ ရှိနေခဲ့ပြီ အဖေ။

◈◈◈

ဒီလိုနဲ့ ကျုပ် အရက်ပြတ်ခဲ့ပါ တယ်။ ခုတော့ ကျုပ်ရင်ထဲမှာ ဘာမှ ရှိတော့ပါဘူး။ အားလုံးဟာ ပြီးဆုံးသွား ပြီဆိုတဲ့ အသိနဲ့ အရာရာကို ကျုပ် ဥပေက္ခာပြုခဲ့ပါပြီ။ တစ်ချိန်က အဖေ ပြောခဲ့တဲ့ စကားလေးတစ်ခွန်းလိုပဲ ကျုပ်နေရ ခဏာပေါ့။ ခုပဲ အသက် ၇၀ စွန်းခဲ့ပြီလေ။ အဆိုးထဲက အကောင်းတစ်ခုကို ထုတ်ပြရရင် အဖေ့စကားနားထောင်ပြီး အရက်ဖြတ် ခဲ့တဲ့ ကျုပ်ကို အဖေဟာ စိတ်အေးချမ်း သာစွာနဲ့ ယုံကြည်ရင်း ဘဝတစ်ပါးသို့ ကူးသွားပါပြီ။ ဒါကို ကျုပ်ကျေနပ်တယ်။ အမှန်ဝန်ခံရရင် ကျုပ်ဘဝမှာ မိဘ အတွက် ကောင်းခဲ့တာ အဲဒီတစ်ကွက် ပဲ ရှိပါတယ်။


ဝဋ်ဆိုတာ လည်တတ်တယ်တဲ့။ ကျုပ်တွေးကြည့်တယ်။ ကျုပ်ဘဝမှာ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တို့သည် သံသရာဝဋ်ကြွေးတစ်ခုဟု ဆိုပါလျှင် အဲဒီ ဝဋ်ကြွေးတို့သည် ကျုပ်တင်ခဲ့ သည့် ဝဋ်ကြွေးတွေလား။ ဒါမှမဟုတ် အဖေတို့၊ အမေတို့ တင်ခဲ့လေသည့် ဝဋ်ကြွေးတွေလား။ သို့မဟုတ် ကျုပ် ချစ်ခဲ့ရတဲ့ "မဖြူဖြူ"ရဲ့ ဝဋ်ကြွေးတွေ လားဆိုတာ ဘုရား၊ ရဟန္တာက လွဲပြီး ဘယ်သူမှ မသိနိုင်ကြသလို၊ ဘယ်သူ မှလည်း ပြောနိုင်စွမ်းအား မရှိကြလေ တော့။ နောက်ဆုံး မည်သူ့ကြောင့်ပင် ဖြစ်ပါစေ၊ သည်ဝဋ် ဒီမျှ သည်ဘဝနဲ့ ကြေမွပျက်သုဉ်း အဆုံးသတ်ပါစေလို့ ဆုတောင်းရင်း ခုတော့ အချိန်ဆိုတာ တန်ဖိုးရှိမှန်း သိခဲ့ပြီ ■

* * *

ဒေါင်ငြိမ်းလှိုင်(ဥက္ကလာ)



www.burmeseclassic.com




# ခေါင်းလောင်း
# တစ်လုံး၏
# ဝေဒနာ

ပန်းတနော် နောင်လတ်

www.burmeseclassic.com

www.burmeseclassic.com

ဖုန်းတွေ မှိုလိုပေါက်နေတဲ့ ...ရောက်မှ ခေါင်းလောင်းတစ်လုံး ...သတိရနေမိပါတယ်။

အဲဒီ ခေါင်းလောင်းက စေတီ ...တွေမှာ ရှိတဲ့ ခေါင်းလောင်း၊ စာ ...ကျောင်းတွေမှာရှိတဲ့ ခေါင်းလောင်း၊ ... အလုပ်ရုံတွေမှာ ရှိတဲ့ ခေါင်း...င်း မဟုတ်ပါဘူး။ ဝေဒနာပေးတဲ့ ...လောင်းငယ်လေးတစ်လုံးပါ။

◈◈◈

ရွာမဟုတ်တဲ့ မြို့ မြို့ငယ်လေ...တဲ့ မြို့ ခရိုင်မြို့။ အဲဒီမြို့ရဲ့ မြို့...မှာ အိမ်ကြီးနှစ်အိမ်ရှိခဲ့ဖူးတယ်။

အိမ်ကြီးနှစ်လုံးက ပူးပြီး ခြံချင်... ဆောက်ထားတာ မဟုတ်ဘူး။ ...အိမ်နဲ့ တစ်အိမ် ဘေးချင်းယှဉ် ...အထားအရ ပေ ၂၀ ကျော် ...က် ဝေးတယ်။ ဝေးတာက အိမ် ...စ်လုံးကို လူသွားလမ်းတစ်လမ်း ...ခြားထားလို့ "ဘယ်သွားမလဲဟေ့" ...ရင် အမေးခံရတဲ့ လူက "အိမ် ...ကို သွားမလို့"ဆိုပြီး ဖြေလိုက်တာ ...အဲဒီအိမ်ကြီးနှစ်အိမ်ထဲက တစ်အိမ် ...ဆိုတာ အဲဒီကာလက လူတိုင်းသိ ... သိတာက အဲဒီတုန်းက အဲဒီ ...မြို့မှာ အဲဒီအိမ်ကြီးနှစ်အိမ်က ...ဆုံးဖြစ်လို့။

အကြီးဆုံး အိမ်ကြီးနှစ်လုံးမှာ ...ကြတာက မိသားစုကြီးတစ်စု။ ...က် ၈၀ နီးပါး ဖခင်ကြီး၊ အသက် ...ကျော်တော့မယ့် မိခင်ကြီးနဲ့ သား ... သမီးတွေ။ အသက်အကြီးဆုံး ...ကြီးက ၆၀ နားနီးပြီ။ အသက် ...ယ်ဆုံး သမီးက ၁၈နှစ်။ သမီးတွေ ...ပဲ ၈ယောက်။ တစ်ယောက်မှ အိမ်ထောင်မကျသေးဘူး။ ယောကျ်ား လေးသုံးယောက်က ကျောင်းသားတွေ။ အကြီးကောင်က ၁၅နှစ်၊ အလတ်ကောင်က ၁၃နှစ်၊ အငယ်ကောင်လေးက ၁၀ နှစ်။

အိမ်ကြီးနှစ်အိမ်ဆောက်ပြီး စီးပွားရေးလုပ်နေခဲ့ကြတာ။ နှစ်အိမ်မှာ လူခွဲနေကြတာ။ ညရေးညတာအတွက်ကတော့ သူတို့က ဥာဏ်လွှာသုံးခဲ့ကြတာ။

◈◈◈

အိမ်ကြီးနှစ်အိမ်ရဲ့ ခြံနှစ်ခြံမှာ စိုက်ထားတာက ပိတောက်ပင်ကြီးတွေ၊ ဘုမာပင်ကြီးတွေ၊ သနပ်ခါးပင်ကြီးတွေ၊ သရက်ပင်ကြီးတွေ၊ ပြီးတော့ စကျွပန်းရုံကြီးတွေ၊ အဲဒီအပင်တွေရဲ့ အကိုင်း၊ အခက်၊ အရွက်တွေကို အကာအကွယ်ပြုပြီး အိမ်ကြီးနှစ်အိမ်ကို ကြိုးသွယ်တန်းထားတာ။ ကြိုးစနှစ်စကို အိမ်ကြီးနှစ်လုံးစီ ရောက်အောင်ချ၊ ခေါင်းလောင်းတစ်လုံးစီမှာ ချည်၊ တစ်ဖက်အိမ်က ဆွဲရင် တစ်ဖက်အိမ်က ခေါင်းလောင်းက မြည်။

ဒီလို ကြိုးစကို ဆွဲတာနဲ့ ခေါင်းလောင်းမြည်အောင် အဲဒီ မိသားစုက ဉာဏ်ကြီးရှင် စိတ်ကူးနဲ့ ဆောင်ရွက်ထားတာ။

အိမ်ကြီးတစ်အိမ်မှာ နေတဲ့ သမီးတွေရဲ့ နာမည်က မမကြီး၊ မမလေး၊ မမလှ။ သားသုံးယောက်က မောင်မောင်အေး၊ မောင်မောင်လေးနဲ့ မောင်မောင်ထွေး။ ပြီးတော့ မိအိုဖအို နှစ်ဦး။

တစ်ဖက်က အိမ်ကြီးမှာ နေတာက သမီး ၅ယောက်။ မမလတ်၊ မမမြတ်၊ မအိုပု၊ မအိုနုနဲ့ မအိုစု။

မမကြီးက စိတ်ကူးကောင်းတယ်။

"ခေါင်းလောင်းတစ်ချက်ပဲ မြည်ရင် မမလတ်ပဲ လာ။ ခေါင်းလောင်းနှစ်ချက်မြည်ရင် မမလတ်နဲ့ မမမြတ်လာ၊ သုံးချက်မြည်ရင် မအိုပုပါ လာ၊ လေးချက်မြည်ရင် မအိုနုပါ လာ၊ ငါးချက်ဆိုရင် မအိုစုပါ လာ။ အားလုံးလာရင် အိမ်တံခါးတွေ လုံအောင် ပိတ်ပြီး သော့ကို သေသေချာချာခတ်ပြီးလာ။

နင်တို့အိမ်ဘက်က ကြိုးဆွဲလို့ ငါတို့အိမ်က ခေါင်းလောင်း တစ်ခါပဲ မြည်ရင် ငါပဲ လာမယ်။ နှစ်ခါမြည်ရင် ငါနဲ့ မမလေး လာမယ်။ သုံးခါဆိုရင် မမလှပါ လာမယ်။ လေးခါဆိုတော့ မောင်ကြီး မောင်မောင်အေးပါ ခေါ်လာမယ်။ ငါးကြိမ်မြည်တာနဲ့ မောင်လေး မောင်မောင်လေးပါ ခေါ်ခဲ့မယ်။ ခြောက်ခါဆိုရင် အငယ်လေး မောင်မောင်ထွေးပါ ခေါ်လာမယ်"

မမကြီးရဲ့ စကားကို အားလုံးက သဘောတူ လက်ခံ ဆောင်ရွက်ခဲ့တာကြာပြီ။

◈◈◈

ဒီလိုနဲ့ တစ်နေ့။

အဲဒီနေ့ . . . အဲ . . . ပြောရရင် အဲဒီည ၉နာရီထိုးခါနီးမှာ . . .

"ဂလောင် . . . ဂလောင် . . . ဂလောင် . . . ဂလောင်"

ခေါင်းလောင်းသံက ငါးချက်။ ခေါင်းလောင်းသံ ငါးချက်မြည်လို့ မမလတ်တို့ ငါးယောက်လုံး အိမ်တံခါး ပိတ် သော့ခတ်ပြီး မမကြီးတို့အိမ်ကို လာကြတာ။

ခေါင်းလောင်းသံတွေ မြည်ပြီးနောက် ရောက်လာကြတဲ့ ညီမငါးယောက်ကို မြင်တော့ မမကြီးက-

"ဟဲ့ . . . နင်တို့ ဘာလာလုပ်ကြတာလဲ။ ငါတို့က ခေါင်းလောင်းကြိုးကို မဆွဲဘဲ ဘာလို့ လာကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

လို့ ကသောကမျော မေးတော့ မမလတ်က…

"မမကြီးတို့အိမ်က ခေါင်းလောင်းငါးခါမြည်အောင် ကြိုးဆွဲလို့ ကျွန်မတို့လာတာ။ မမကြီးတို့ ကြိုးဆွဲတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဒါဆို ကျွန်မတို့ ပြန်မယ်"

"ပြန်ပြန်၊ မြန်မြန်ပြန်"

မမလတ်တို့ အိမ်ပြန်ရောက်တော့ အိမ်တံခါးသော့ကြီးပွင့်လို့။ အိမ်နောက်ဖေး တံခါးကြီးလည်း ပွင့်လို့။ ပြီးတော့ အိပ်ခန်းထဲက ဗီရိုကြီးကလည်း ပွင့်လို့။ သေတ္တာသော့ခလောက်တွေလည်း ပွင့်လို့။ နောက်ပြီး ငွေတွေလည်း ပျောက်လို့။ ရွှေတွေလည်း ပျောက်လို့။

ကိုရွှေသူခိုးတွေက အိမ်ကြီးရှင်တွေရဲ့ အခြေအနေကို အကဲခတ်လေ့လာနေတာ။ သေသေချာချာလေ့လာပြီးမှ အဖွဲ့လိုက် ခိုးတာထင်တယ်။

သစ်ပင်ပေါ်တက်တဲ့လူက တက်ပြီး မမလတ်တို့အိမ်က ခေါင်းလောင်းမြည်အောင် ကြိုးဆွဲပေး၊ အိမ်တံခါးဝက သော့ခလောက်ကို သော့တံအတုနဲ့ ဖွင့်တဲ့လူက ဖွင့်၊ အိမ်ထဲဝင်ပြီး မြန်မြန်ဆန်ဆန် မွှေနှောက်ရှာဖွေ… လူက ရှာဖွေ၊ နောက်ဖေးတံခါးကို … ပြီး ဆင်း၊ ပြီးမှ တစ်နေရာရာမှာ … ဝေစုခွဲတာ ဖြစ်ရမယ်။

◈◈◈

ဉာဏ်ကြီးရှင် မမကြီးတို့ … ကြီးနှစ်လုံးထဲက မမလေးတို့အိမ်… အခိုးခံရတုန်းက ဒီနေ့လို ဖုန်း… မရှိသေးတာ။

ကြာပြီ ကြာတာမှ နှစ်ပေါင်း … ကျော်ပြီ။ ဒါပေမယ့် ကျွန်တော် … သေးပါဘူး■

* * *

မန်းဘခနော်နောင်…

" အာစရိယဂုဏံ အဟံ ဝန္ဒာမိ "

# ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

## ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွား… အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထား… ဆန်းကျမ်း + သင်္ချာ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂ… နဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းဓာတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်… အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါ… (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်… ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

**လမ်းညွှန်**

၃၅၊ ၆၅၊ ၃၂၊ ရွှေစည်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈… ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်း… ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။


www.burmeseclassic.com
မိခဲမြို့တည် သမိုင်းဝင် ရှတောင်းပြည်
ရှင်ပင်ချမ်းသာ
ရှမ် ရှင် တော် ပြတ်
ရှင်ပင်ချမ်းသာ ဇော်ဂျီသာ
www.burmeseclassic.com

www.burmeseclassic.com

အိမ်မဲမြို့တည်

# သမိုင်းဝင် ဆုတောင်းပြည့် ရှင်ပင်ချမ်းသာ ရုပ်ရှင်တော်မြတ်ကြီး

ဂျာဂသမိုင်း (ဟသာ်ဂတ)



www.burmeseclassic.com

ဟံသာဝတီ ပဲခူး၌ ဗညားဦးမင်း ထီးနန်းစိုးစံချိန်တွင် တော်သူ ဒလစား ဦးထော်ဇံမှာ ဗညားဦး၏ သမက် နှမဂူးနှင့် မသင့်မတင့်ဖြစ်ရာမှ အရေးနိမ့်သဖြင့် ဇနီး ပွားသိန်ကို ခေါ်၍ လှေတစ်စင်းဖြင့် ကိုယ်လွတ်ရုန်း ပြေးခဲ့ကြရာ "ကျုံပဒီနယ်"ဟု ပေါ်ပေါက်လာမည့် နေရာ ခု အိမ်မဲမြို့အပိုင် ထိန်ငူကျေးရွာအုပ်စုရှိ ကျုံပဒီကျေးရွာ၊ မဲမြို့၏ အရှေ့တောင်ဘက် ၃မိုင်ခန့်ဝေးပါသည်။) သို့ ကိရှိ ခိုလှုံပြီး စိုက်ပျိုး စားသောက်နေထိုင်ကြလေသည်။

သူတို့နေထိုင်သည့် ကုန်းမြေသဏ္ဍာန်မှာ ကြည့်လင် အေးမြ သော ရိုးကလေးက ပတ်ဝိုင်းနေပြီး ညီညာသော မြေမျက်နှာ ပြင်ရှိသည့်အပြင်၊ ကျွန်းထိပ်ဦးမှာလည်း စီးဆင်းနေသည့် စမ်းချောင်းသဖွယ် ချောင်းရိုးကလေး တည်နေပုံကို ကြည့်ပြီး မှန်ဘာသာဖြင့် ထိုနေရာကို ကြည့်လင် အေးမြသော ချောင်း ရိုးကလေး ပတ်ဝိုင်းနေသည့် မြစ်အငူစွန်းဟု အဓိပ္ပာယ်ရသည့် "ကျုံပဒီနယ်"ဟု အမည်ပေးခဲ့လေတော့၏။ စိုက်ပျိုးရေး လုပ်ငန်းများကို တစ်စတစ်စ တိုးချဲ့လုပ်ကိုင်ခဲ့ရာ ဦးထော်ဇံ တို့ မိသားစု နေထိုင်စားသောက်မှု အဆင်ပြေလာသည်ကို တွေ့မြင်ကြရသဖြင့် နယ်ပတ်ဝန်းကျင်အရပ်ရပ်မှ အိမ်



ာလအတန်ကြာသည့်အခါ ဦးထော်ဇံ၏ ညီ ဦးထော်နောမှ ဆင့်ဆင့် သတင်းစုံစမ်းရှာဖွေခဲ့ရာ ညီအစ်ကိုနှစ်ဦး ပြန် ည်ဆုံတွေ့ပြီး အစ်ကိုဖြစ်သူ၏ သမီးကြီး နန်းထော်နှင့် ားနှစ်ယောက်ဖြစ်သည့် ကြာကလော၊ ထော်ကလော ောင်နမသုံးဦးအား မိဘများထံ အရောက်ခေါ်ခဲ့သဖြင့် သားစု ပြန်လည်ဆုံဆည်းခွင့်ရကြတော့သည်။

ထိုအရပ်ဒေသ၌ပင် မိသားစု အခြေချပြီး ချုံနွယ်ပိတ် ပေါင်း၊ ကျူတော၊ ကိုင်းတောများကို ရှင်းလင်း၍ စပါး၊ း စသည်တို့ကို ကြဲပက် စိုက်ပျိုးကြပြီး နေထိုင်ကြ၏။

ထောင်စုများလည်း ထိုအရပ်သို့ ပြောင်းရွှေ့လာကြရာ တစ်စ တစ်စ စည်ကား ဝပြောသော နယ်တစ်နယ်ဖြစ်လာတော့ သည်။ ညီဖြစ်သူ ဦးထော်နော၏ လျှောက်ထား သတင်းပေး ချက်အရ ဗညားဦးမှ ဦးထော်ဇံအား ကျုံပဒီနယ်စားအဖြစ် ခန့်အပ်ပြီး အပိုင်စားပေးတော်မူလိုက်လေ၏။


## ကျုံပဒီနယ်ကို ထူထောင်ခြင်း

နယ်စား ဦးထော်ဇံမှာ ကျုံပဒီကို မြို့အင်္ဂါရပ်နှင့်အညီ ပြုပြင်ပြီး မြို့ရိုး၊ ကျုံးများဖြင့် စနစ်တကျ စည်ပင် ဝပြော



www.burmeseclassic.com

www.burmeseclassic.com




သော နယ်ကြီးတစ်နယ်အဖြစ် တည်ဆောက်ပြီး မင်းမှုထမ်းနှင့် စစ်သည်များအတွက် အဆောင်များ ဆောက်လုပ်ပေးသည်။ ဦးထော်ဇံ မြို့နန်းတည် နေထိုင်သောနေရာမှာ သူတို့နမ်းကြဲလုပ်ကိုင်နေသော မြေညီညာသည့် နမ်းကြဲကုန်းဖြစ်သည်။

ဦးထော်ဇံမှာ ဗုဒ္ဓဘာသာဝင်ဖြစ်သည့်အလျောက် ကောင်းမှုကုသိုလ်များ စတင် ဆောင်ရွက်ရာတွင် ကျုံပဒီနယ်ထိပ်အငူစွန်းတွင် တန်ဆောင်းကြီးတစ်ဆောင်ဆောက်လုပ်ပြီး ဦးကြီးတော် ဗညာဦးမင်းထံမှ ရှေးမွန်မင်းအဆက်ဆက်ကိုးကွယ်ခဲ့သည့် ဆင်းတုတော်ကြီးနှစ်ဆူကို ပင့်ဆောင် ကိုးကွယ်ခဲ့သည်။ တန်ဆောင်းကြီး၏ တောင်ဘက်ဘေးတွင် စေတီငယ်တစ်ဆူတည်သည်။ ယင်းစေတီကို "ကျိုက်ဒိဂုန်းစေတီ" ဟု သမုတ်ပြီး စေတီဘေးမှ ကွေ့ဝိုက် စီးဆင်းနေသော ချောင်းကလေးကို "ကျုံကျိုက်ချောင်း" ဟု ခေါ်သည်။ ထို့ပြင် ဦးထော်ဇံတို့ နေထိုင်ရာအရပ်မှ အနောက်စူးစူးတွင် "သပ္ပာယ်စေတီ"တစ်ဆူတည်ပြီး အမှုထမ်းများ၊ နယ်သူနယ်သားများကလည်း စေတီများ အသီးသီးတည်ထား ကိုးကွယ်ကြလေ၏။

## ကျုံပဒီနယ် ပျက်သုဉ်းခြင်း

ကျုံပဒီနယ် စည်ကား ဝ,ပြောနေချိန်တွင် မြောင်းမြစား "လောက်ဖျား"သည် ၎င်းအား သစ္စာခံရန် အကြိမ်ကြိမ် ရာဇသံပေးသည့်အပြင်၊ ကျုံပဒီနယ်၏ အနောက်ဘက် တ... ကြောရှိ ၎င်း၏ နယ်စားတစ်ဦးဖြစ်သော စောထော်မူး ဆီ... မှ အလစ်ဝင်၍ ဦးထော်ဇံအား အကြပ်ကိုင် သတ်မည်... သဖြင့် သမီး နန်းထော်နှင့် ပေးစားခဲ့ရသည်။ ဦးထော်ဇံ... ကွယ်လွန်သောအခါ စောထော်မူးအား လုပ်ကြံနိုင်သဖြ... နန်းထော်မှ ကျုံပဒီနယ်စားဖြစ်ခဲ့ပြန်တော့သည်။ နန်းထော်တွင် စောထော်မူးနှင့် သမီး နန်းဦး၊ သား စောကြောထော် ဗညားထော်တို့ကို ဖွားမြင်ခဲ့ပြီး နန်းဦးကို မွေးသောနှစ်တွင် "နန်းဦးစေတီတော်" တည်ထားခဲ့သည်။ ကျုံပဒီနယ်စား နန်းထော် ကွယ်လွန်သည့်နောက် သမီးဖြစ်သူ နန်းဦး... ကျုံပဒီနယ်စားအဖြစ် ဆက်လက်အုပ်စိုးခဲ့ပြန်သည်။


မြောင်းမြစား လောက်ဖျားသည် အလုံးအရင်းဖြင့် ကျုံပဒီနယ်ကို တိုက်ခိုက်အနိုင်ယူပြီး မီးရှို့ ဖျက်ဆီး၍ နယ်စား နန်းဦးနှင့် မောင်နှစ်ဦးကို သပ္ပာယ်စေတီရင်ပြင်တော်ပေါ် ကွပ်မျက်လိုက်သည့်အတွက် နယ်သူနယ်သားများလည်း ထွက်ပြေး တိမ်းရှောင်သွားကြရသဖြင့် ကျုံပဒီနယ်ကြီး ပျက်သုဉ်းခဲ့လေတော့၏။





www.burmeseclassic.com

www.burmeseclassic.com



ဦးထော်ဇလက်ထက်မှ ပင့်ဆောင် ကိုးကွယ်ခဲ့သော ဘုရားတော်ကြီးနှစ်ဆူမှာလည်း ချုံနွယ်ပိတ်ပေါင်းများအတွင်း ကိန်းဝပ် စံပယ်နေကြရသဖြင့် သိုက်နန်းရှင် မနန်းဒေါင်မှ ကိုးကွယ်ခဲ့ပြန်သည်။ ထိုမှတစ်ဆင့် ရသေ့ညီနောင်နှစ်ပါး ရောက်လာပြီး ကိုးကွယ်ကြပြန်ရာ ညီတော် ရသေ့မှ ဘုရားတော်တစ်ဆူအား အခြားအရပ်သို့ ပင့်ဆောင်သွား၏။ ကျန်တစ်ဆူအား နောင်တော် ရသေ့မှ ဆက်လက်ကိုးကွယ်သော၏။

### ဘုရားရှင်မှ အိပ်မက်ကြီး ပေးတော်မူခြင်း

သက္ကရာဇ် ၁၁၄၀ ပြည့်နှစ်တွင် အထက်ကာရီ ကွန်းဖြူမှစ၍ စာချွန်ခံရွာမ၊ မြောက်ပိုင်း လယ်ပေါ်စုရွာ ရွာသူရွာသား လူအများတို့အား မိုးသားတိမ်တိုက်တို့၏ ကြားမှ လှုပဆန်းကြယ် ကောင်းကင်လယ်တွင် ခြောက် သွယ်သော ရောင်ခြည်တော်တို့သည် အဖြာဖြာကွန့်မြူး လျက် "အို… ချစ်သား၊ ချစ်သမီးတို့… ငါ၏ ဘွဲ့တော် ကား ရှင်ပင်ချမ်းသာ ဟု ခေါ်သည်။ ငါ၏ ဉာဏ်တော် ကား သုံးထောင့်တစ်ထွာ၊ လေးသစ်ရှိသည်။ ကျုံပဒီရွာ ဘက်စူးစူးတွင် ရေကန်ကြီးတစ်ကန်ရှိသည်။ ထိုရေ ကန်ကြီး၏ အနောက်ဘက်တွင် စေတီငယ်တစ်ဆူရှိသည်။ ဘက်၌ စေတီကြီးတစ်ဆူ ရှိသည်။ ထိုရေကန်၏ အရှေ့မြောက်တောင်ထောင့်အရပ်တွင် အုပ်အုပ်ဆိုင်းဆိုင်း ညို့ လျက်ရှိသော ညောင်ဗုဒ္ဓဟောခေါ် ညောင်ပင်ကြီးတစ်ပင် ရှိသည်။ ထိုညောင်ဗုဒ္ဓဟောပင်၏ အနောက်တောင်ထောင့် တောင် ၃၀ အကွာတွင် ငါဘုရား ရှင်ပင်ချမ်းသာသည် စံပယ် သီတင်းသုံးလျက်ရှိသည်။

ငါဘုရား၏ ဘွဲ့တော် ရှင်ပင်ချမ်းသာဟု ခေါ်ခြင်းမှာ ကပ်သုံးသော လူသတ္တဝါအပေါင်းတို့တွင် သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် အစရှိသော ကပ်ကြီးသုံးပါး ဆိုက်ရောက်လာသောအခါသော် လည်းကောင်း၊ ကပ်ကြီးသုံးပါးဆိုက်ရောက်အံ့ဆဲဆဲသော် လည်းကောင်း၊ နယ်သူနယ်သား ရဟန်းရှင်လူအပေါင်းတို့သည် ငါဘုရားရှင်အား ဆုတောင်း အဓိဋ္ဌာန်ပြုပါက ကပ်သုံးပါးမှ လွတ်မြောက်ချမ်းသာသည့်အပြင် စီးပွားဥစ္စာရတနာတို့ကိုလည်း တိုးတက်ချမ်းသာစေနိုင်သဖြင့် ရှင်ပင်ချမ်းသာဟု ခေါ်သည်။

ချစ်သား၊ ချစ်သမီးတို့…လိုရာ ဆုတောင်းခြင်းကို ပြီးစီးစေနိုင်သော၊ ကြံစည်သမျှ လွယ်ကူစွာ အောင်မြင်ပြီးမြောက်စေနိုင်သော၊ ကပ်ကြီးသုံးပါးမှ လွတ်မြောက်စေနိုင်သော၊ ရဟန်းရှင်လူတို့အား ချမ်းသာအတိကို ပေးနိုင်သော၊ သက်တော် တစ်ထောင်ကျော်ပြီဖြစ်သော ငါဘုရားရှင်ကို လာရောက် ပင့်ဆောင်၍ ကိုးကွယ်ဆည်းကပ် ပူဇော်ကြလေ"

ဟု အိပ်မက်ကြီးကို ပေးတော်မူခဲ့ပေ၏။'

ထိုအိပ်မက်ကြီးအား အိမ်တိုင်း အိမ်တိုင်း တစ်ယောက်မကျန် တစ်ပြိုင်နက် အညီအညွတ်မက်စေသဖြင့် "အိပ်မက်ကြီး"ဟု ခေါ်သည်။ ရွာလုံးကျွတ် တစ်ပြိုင်နက် အိပ်မက်ကြီး ပေးတော်မူသော်လည်း ရွာသားတို့က အမှတ်တမဲ့သာ နေကြသဖြင့် ခုနစ်ရက်တိုင်တိုင် ဆက်၍ အိပ်မက်ပေးတော်မူပြန်၏။ ထိုအခါမှ အထူးအံ့သြကြလျက် လှူစု၍ သွားရောက်ရှာဖွေကြရာ အိပ်မက်အတိုင်း တိကျမှန်ကန်စွာ ရှင်ပင်ချမ်းသာ ဘုရားရှင်အား ဖူးတွေ့ကြရလေသည်။

ခုနစ်ရက်တိုင်တိုင် အိပ်မက်ကြီးပေးသဖြင့် ထိုရွာကို အိပ်မက်ကြီးပိုင်း၊ ထိုမှ အိပ်မက်ကြီးရွာဟု ခေါ်ကြ၏။ ထိုမှ ကာလကြာလာသည့်အခါ အိမ်မဲကြီးပိုင်း၊ အိမ်မဲကြီးရွာမြို့ အဖြစ် သတ်မှတ် တည်ထောင်သည့်အခါ အိမ်မဲမြို့ဟု ခေါ်စမှတ်ပြုကြတော့သည်။ ဖူးတွေ့ရသော ဘုရားရှင်အား ပင့်ဆောင်ရန် လယ်ပေါ်စု၊ စာချွန်ခံရွာမ၊ ကညင်ပင်စုနှင့် ကျုံစိန် စသော ကျေးရွာများမှ ရွာသူရွာသားများ စုပေါင်း၍ အတီးအမှုတ် အကအခုန်တို့ဖြင့် မူလ ဂန္ဓကုဋီတိုက်မှ (အိမ်မဲချောင်းအတွင်း) ကရဝိက် ရေဖောင်ပေါ်သို့ ပင့်ဆောင်ပြီး ဘုရားရှင် ကိန်းဝပ်တော်မူလိုရာအရပ်သို့ ကြွတော်မူပါရန် အညီအညွတ် အဓိဋ္ဌာန်ပြုကြရာ၊ ကရဝိက် ရေဖောင်မှာ ချောင်းအတွင်း ရေဆန်၍ မြောက်အရပ်သို့ တဖြည်းဖြည်း ကြွချီတော်မူလေသည်။ ဘုရားရှင် ယခု စံပယ်တော်မူရာ တည့်တည့် ရေကျော်စ ကညင်ပင်စုတွင် ရပ်တန့်တော်မူသဖြင့် ကုန်းပေါ်သို့ ပင့်ဆောင်တော်မူပြီး တန်ဆောင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com

လုပ် ကိုးကွယ်ပူဇော်ကြသည်။ ပထမ ဆောက်လုပ်ကိုးကွယ်သော တန်ဆောင်း ဟောင်းနွမ်းပျက်စီး၍ ဒုတိယအကြိမ် တန်ဆောင်း ထပ်မံဆောက်လုပ်ခဲ့ပြန်သည်။ ကာလကြာရှည်သော ထိုတန်ဆောင်းမှာ ဆွေးမြည့် ပျက်စီးခဲ့ပြန်သဖြင့် အရပ်ရပ် စုဝေးတိုင်ပင်ပြီး အုတ်ဖြင့် တစ်ဝဂ္ဂဆောက်လုပ် ကိုးကွယ်ကြပြန်သည်။


ထိုမှတစ်ဖန် ၁၉၀၅ ခုနှစ်၊ အိမ်မဲမြို့ စတင် သတ်မှတ်သည့်အခါ ပထမဆုံးမြို့ပိုင် ဦးမြိုင်မှ ဦးစီး၍ အုတ်ဖြင့် တန်ဆောင်းကြီးတစ်ဆောင်ဆောက်လုပ်ပြီး ရှင်ပင်ချမ်းသာဘုရားရှင်အား တန်ဆောင်းအတွင်းသို့ ပင့်ဆောင် ကိုးကွယ်ခဲ့သည်။ ကိုလိုနီခေတ်နှောင်းပိုင်း အဓိကရုဏ်းများကြောင့် ၁၃၀၄ ခုနှစ်၊ ကဆုန်လဆုတ် ၈ရက်နေ့တွင် တန်ဆောင်းတော်ကြီး မီးခ ပျက်စီးရာ ဉာဏ်တော် ၄ပေခန့်ရှိ စကျင်ကျောက် ဆင်းတုတစ်ဆူမှာ မျက်နှာတော် ထက်ခြမ်းကွဲအက်သော်လည်း ရှင်ပင်ချမ်းသာဘုရားရှင်မှာ ထူးခြားစွာကွဲအက်ပျက်စီးမှု မရှိခဲ့ပေ။

ထို့နောက် ဂေါပကအဖွဲ့မှ ဝါးပိုးတိုင်၊ ဓနိမိုးဖြင့် တန်ဆောင်းဆောက်လုပ်ခဲ့ပြန်ပါသည်။ ၁၄နှစ်ခန့် ဝါးတန်ဆောင်းအတွင်း သီတင်းသုံးတော်မူခဲ့ရာမှ ၁၃၁၈ ခုနှစ်၊ တပို့တွဲလတွင် ယခု အသောကာရုံကျောင်း ဆရာတော် ဘဒ္ဒန္တသီရိသုမနာဘိဝံသ (နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်)မှ အမှူးပြု၍ အလှူရှင်များ စုပေါင်းပြီး သွပ်မိုး၊ အုတ်စီ တန်ဆောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့အဆက်ဆက်ဖြင့် ပြုပြင်ထိန်းသိမ်းခဲ့ကြပြန်သည်။

## မျက်မှောက်ကာလ ဖူးတွေ့ရခြင်း

ရှင်ပင်ချမ်းသာဘုရားရှင်မှာ ထည်ဝါသော ဂန္ဓကုဋီတိုက်အတွင်း၌ တစ်လှည့်၊ ချုံနွယ်ပိတ်ပေါင်း တောတောင်အတွင်း၌ တစ်ဖုံ၊ မီးသင့်ခံရသော ဝင့်ဒုက္ခဖြင့် ဝါးပိုးတိုင်၊ ဓနိမိုး တန်ဆောင်းဖြင့် တစ်သွယ်၊ မိုးလေမလုံ ပြိုကျလုနီးတန်ဆောင်းအတွင်း၌ တစ်မျိုး၊ အပြောင်းအလဲများဖြင့် သီတင်းသုံးနေတော်မူခဲ့ရပေ၏။

၁၃၆၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၄ရက်နေ့တွင် ဆွမ်းတော်ကြီးကပ်လှူပွဲသို့ ဦးမြင့်ဝင်းနှင့် မိသားစု ဘုရားဖူးရောက်ရှိပြီး ဘုရားသမိုင်းနှင့် တန်ဆောင်းတော်ကြီး အခြေအနေများကို ဂေါပကအဖွဲ့အား မေးမြန်း၍ တန်ဆောင်းတော်ကြီးအား အသစ်တည်ဆောက်လိုကြောင်း၊ ဂေါပကအဖွဲ့၏ ဆန္ဒကို မေးမြန်းရာ ဂေါပကအဖွဲ့မှ ဝမ်းသာစွာ လက်ခံ၍



တစ်ဖန် နယ်လှည့် သာသနာပြု တကောဆရာတော်[...] ဆက်လက်လျှောက်ထားပြန်ရာ ဆရာတော်မှ တာ[...] သဖြင့် ဘုရားကြီး၏ ဩဝါဒစရိယ ဆရာတော်ကြီး[...] ဩဝါဒကို ခံယူ၍ စုပေါင်းလှူဒါန်းငွေကို မ,တည်ပြီး သာ[...] ပြု တကောဆရာတော်ကိုယ်တိုင် နေ့ညမဟူ ပင်ပန်း[...] အစိဋ္ဌာန်ဝင်ပြီး နယ်ပယ်အသီးသီးမှ အလှူရှင်များ [...] လှူဒါန်းမှုဖြင့် ၁၃၆၁ ခုနှစ်၊ ကဆုန်လဆုတ် ၁၄[...] (၁၃-၅-၁၉၉၉)တွင် စတင်တည်ဆောက်ခဲ့ရာ ၁၃၆၄ [...] တန်ခူးလဆန်း ၄ရက်(၁၇-၄-၂၀၀၂)တွင် ပြီးစီးခဲ့[...] ကျက်သရေဆောင် ရွှေကျောင်းတော်ကြီးအတွင်းရှိ [...] လှပသော ဂန္ဓကုဋီတိုက်အတွင်း၌ အိမ်မဲမြို့တည် သ[...] ဆုတောင်းပြည့် ရှင်ပင်ချမ်းသာကြီးဘုရား ဘွဲ့တော်[...] သီတင်းသုံး စံပယ်လျက်ရှိရာ တစ်နေ့တခြား တန်ခိုးတော်[...] ပွင့်လင်းပြီး အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ သံဃာ[...] ပြည်သူများ နေ့စဉ် လာရောက် ဖူးမြော်ကြည်ညို[...] နေပြီဖြစ်ပါ၏။

## ဆရာတော် ဦးကဝိန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း


ကျုံ့ပဒီနယ် စတင်တည်ထောင်သည်မှ ရှင်ပင်[...] ဘုရားရှင်အား တဝဂ္ဂတည်ဆောက် ကိုးကွယ်ခဲ့[...] သမိုင်းအကြောင်းအရာများမှာ ဆရာတော် ဦးကဝိန္ဒ [...] ပြုစုသော ပေစာများမှ အဆင့်ဆင့်ကူးယူပြုစုသော [...] ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဇာတိကို မသိရသော[...] အိမ်မဲရွာကျောင်း ဒါယကာ ဦးစိမ့် ဆောက်လုပ်လှူဒါန်း[...] ကျောင်းအား အလှူခံ သီတင်းသုံးတော်မူပါရန် လျှောက်[...] သဖြင့် သက္ကရာဇ် ၁၂၃၉ ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင် [...] ကြွရောက် သီတင်းသုံးခဲ့ပါသည်။ ကျောင်းအမည်ကို "[...] မန္တာကျောင်း" ဟု အမည်ပေးခဲ့သည်။

ထိုသို့ သီတင်းသုံးနေစဉ်အတွင်း ဆရာတော်[...]



www.burmeseclassic.com

www.burmeseclassic.com



သည့် ဒကာ၊ ဒကာမအပေါင်းအား တရားရေအေး တိုက်ကျွေးပြီး သာသနာတော် ပြန့်ပွားအောင် ကြိုးစားတော်မူစဉ် ၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်း ၈ရက်နေ့တွင် မန္တလေးမြို့ ရာပုံနေပြည်တော် မဟာအတုလ ဝိဇယသမုတိ သာသနာပိုင် ပုခန်းကြီးမှ သက်တော် ၅၂၊ သိက္ခာတော် ရှိ ဆရာတော် ကဝိန္ဒအား ပုသိမ် (၃၂)မြို့ ဂိုဏ်းထောက် အပ်တော်မူပါသည်။

ထိုမှတစ်ဖန် သံဃနာယက သာသနာပြုဖြစ်သော ထွေးဆရာတော်ကြီး၊ ကမ္မာကမ္မဝိနိစ္ဆက ဆရာတော်ကြီး ဖြစ်သော မကွေးရာဆရာတော်ကြီးနှင့် ခင့်မကန်ဆရာတော် သည့် တံဆိပ်တော်ရ ဆရာတော်ကြီးများ၏ ထောက်ခံ ထောက်ထားချက်အရ သာသနာပိုင် ပုခန်းကြီးဆရာတော် ကြီးမှ ဆရာတော် ဦးကဝိန္ဒအား "ကဝိန္ဒာဘိသီရိပရမ သာသနာလင်္ကာရ မဟာဂဏပါမောက္ခ" ဟူသော ဘွဲ့ ညီတံဆိပ်နှင့်တကွ ပုသိမ် (၃၂)ဂိုဏ်းအုပ်ကြီး ဌာနန္တရ သအရာကို ၁၂၅၉ ခုနှစ်၊ တပေါင်းလဆန်း ၂ရက်နေ့ အတည်ပြု ခန့်အပ်တော်မူခဲ့ပါသည်။ ပုသိမ် (၃၂)မြို့ အုပ်ကြီးမှ ကဝိန္ဒာဘိပဝရဓဇ သာသနာရက္ခိတ သဒ္ဓမ္မဂုရု သော ဘွဲ့တံဆိပ်၊ ကဝိန္ဒာဘိ ပဝရမဇသဒ္ဓမ္မဝံသပါလ ဏသာမိ ဟူသော ဘွဲ့တံဆိပ်တော်များကို ထပ်မံ တော်မူခဲ့သည်။

ဆရာတော်သည် သာသနာတော်၏ အနှစ်သာရကျမ်းများအပြင် ဆေးကျမ်း၊ ဓာတ်ကျမ်းများနှင့် ဆုံးမစာ လင်္ကာများ၊ အိမ်မဲ ရှင်ပင်ချမ်းသာဘုရားသမိုင်း၊ ရှင်ပင်ချမ်းသာဘုရားရှိခိုး ကျံုးပဒီသမိုင်း၊ အထွေထွေမှတ်စုများကို ပေများဖြင့် ရေးသား မှတ်တမ်းတင်ခဲ့သည်မှာ ချီးကျူးအံ့သြရပေသည်။ ရှင်ပင်ချမ်းသာဘုရားရှစ်တဝဂ္ဂဖြင့် သီတင်းသုံး စံပယ်တော်မူချိန်၌ ဆရာတော်သည် အိမ်မဲ ရေကျော်ဝရှိ ရှင်ပင်ချမ်းသာဘုရားရှင်အား နေ့စဉ် တောလမ်းခရီးဖြင့် ကြွရောက်ဖူးမြော်ပြီး ဆွမ်း၊ ပန်း၊ ရေချမ်းတို့ကို ကပ်လှူကြောင်း၊ အိမ်မဲ ရေကျော်ဝတွင် ကိန်းဝပ်သော ရှင်ပင်ချမ်းသာဘုရားသည် တန်ခိုးတော်ကြီးမား၍ နောင်လာ နောက်သားများ သိရှိစေရန် သမိုင်းအင်္ဂါပြုစုခဲ့ကြောင်း ပေစာများတွင် ရေးသားထားသည်ကို တွေ့ရှိရပါသည်။

အိမ်မဲမြို့ ကံလှကျောင်းရှိ ပျက်စီး ယိုယွင်းလျက်ရှိသော ပေစာများနှင့် အကောင်းပကတိ ပေစာများကို ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ကျွမ်းကျင်သူ ပညာရှင်များကိုယ်တိုင် လာရောက်စိစစ်ပေးသဖြင့် ပေစာကျမ်းပေါင်း ၅၈ ကျမ်းကို ယင်းဌာနသို့ လှူဒါန်းခဲ့ပါသည်။

## နယ်လှည့် သာသနာပြု တကောဆရာတော် ဘဒ္ဒန္တလာသ၏ ထေရုပ္ပတ္တိအကျဉ်း

၁၃၂၄ ခုနှစ်တွင် ပန်းတနော်မြို့နယ်၊ အင်းမကျေးရွာ၌ ခမည်းတော် ဦးကျင်လှိုင်၊ မယ်တော် ဒေါ်ရင်ကျင်တို့မှ ဖွားမြင်ပါသည်။ အင်းမကျေးရွာ အလယ်တန်းကျောင်းတွင် အလယ်တန်းပညာသင်ကြားပြီး ၁၃၃၇ ခုနှစ်တွင် ကျောင်းကုန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာ၊ ညောင်ဝိုင်းကျောင်းတိုက်တွင် ရှင်သာမဏေပြုခဲ့ပါသည်။

၁၃၄၄ ခုနှစ်တွင် အင်းမကျေးရွာ၊ ကုံကော်ကျောင်းတိုက်ဆရာတော် ဦးသုမဏ(ရွှေကျင်)ထံတွင် ဉပသမ္ပဒါယ်ပြု၍ ရဟန်းခံပါသည်။ စာပေများ လေ့လာသင်ယူပြီး ၁၃၄၈ ခုနှစ်တွင် အိမ်မဲမြို့ ရွှေဟင်္သာကျောင်းတိုက်နှင့် ၁၃၄၉ ခုနှစ်တွင် ရိုးကြီး ဝိသုဒ္ဓာရုံကျောင်းတိုက်တို့တွင် သီတင်းသုံး စာပေ



www.burmeseclassic.com

www.burmeseclassic.com




သင်ယူ၍ သာသနာရေးဝန်ကြီးဌာန ကျင်းပပြုလုပ်သော အစိုးရ မူလတန်းနှင့် အလယ်တန်း စာမေးပွဲများ ဖြေဆို အောင်မြင်ခဲ့ပါသည်။ ကျန်းမာရေးမကောင်းသဖြင့် စာဝါ ဆက်မလိုက်နိုင်တော့၍ တရားကျင့်ကြံ အားထုတ်ခဲ့သည်။ ၁၃၅၃ ခုနှစ်တွင် အိမ်မဲမြို့နယ်၊ တကောကျေးရွာ သီရိ မင်္ဂလာကျောင်းတိုက်ကို စတင်တည်ထောင်၍ သီတင်းသုံး လျက်ရှိပါသည်။

၁၃၅၅ ခုနှစ်မှစ၍ ဆရာတော်သည် (ဗုဒ္ဓပရိတ်စွမ်း အားဖြင့်) နယ်လှည့်၍ သာသနာပြုရာ၌ စေတီပေါင်း ၁၀၀ခန့် ဇရပ်၊ ဓမ္မာရုံ၊ ရေတွင်းအများအပြားကို ရေဝတီတိုင်း၊ မွန် ပြည်နယ်တို့တွင် ကြွရောက် တည်ထား ဆောက်လုပ်တော် ခဲ့ပြီးဖြစ်ပါသည်။ ရှင်ပင်ချမ်းသာဘုရားရှင် ကိန်းဝပ်စံပယ်ရာ မြို့ကျက်သရေဆောင် ရွှေကျောင်းတော်ကြီးကို သစ္စာအဓိဋ္ဌာန် ပြု၍ နေ့ညမပြတ် အပင်ပန်းခံ တာဝန်ယူ တည်ဆောက်ခဲ့ရာ အချိန်တိုကာလ ၃နှစ်အတွင်း ပြီးစီးခဲ့၍ အံ့မခန်းဖြစ်ကြရပါ သည်။

ယခုအခါတွင် အိမ်မဲမြို့ ရေသိုးညောင်ပိုင်းအုပ်စု၊ အနောက်ကုန်းကျေးရွာတွင် ရွှေအိမ်ရတနာ ဘိုးဘွားရိပ်သာကို သိန်းပေါင်းများစွာ အကုန်အကျခံ၍ ဦးစီးတည်ဆောက် ရှိပါသည်။

**ရှင်ပင်ချမ်းသာရုပ်ရှင်တော်မြတ်ကြီးနှင့် အခြားသိအပ်ဖွယ်ရာ အချက်များ**

ရှင်ပင်ချမ်းသာရုပ်ရှင်တော်မြတ်ကြီးအား ဖူး တွင် -

(၁) ဦးခေါင်း မကိုဋ်တော်တွင် (ဆံကျစ်ထုံး ဆံတော်ရှည် ကြာဖူးသဏ္ဌာန်ရှိခြင်း။
(၂) မျက်နှာတော်မှာ ဝိုင်း၍ ပြားခြင်း။
(၃) နာခေါင်းတော်မှာ ပေါ်လွင်လျက်ရှိခြင်း။
(၄) နားရွက်တော်မှာ အကွေးအတွန့်မပါဘဲ ပ ကို ထိနေခြင်း။
(၅) လည်တိုင်တော် တိုခြင်း။
(၆) သင်္ကန်းတော်မှာ (မူလ ပါးလျား၍ အတွ နောင်းလူတို့ ပြင်ဆင်ထားသည်။
(၇) တင်ပျဉ်ခွေထိုင်နေသော ခြေဖဝါးတော်တ ဖော်သည့် ပုံတော်ဖြစ်ခြင်း။
(၈) မြေကြီးကို သက်သေညွှန်းနေသော ဘု မုဒြာပုံတော်ဖြစ်ခြင်း။
(၉) ကျောက်ပွမြင့် ထုလုပ်ထားခြင်း စသည့်တို့ မွန်မင်းများ ကိုးကွယ်ခဲ့သော ရှေးဟောင်း ဟု သတ်မှတ်ရပါသည် ■

* * *

ရာဇသမိုင်း(မ

ကျမ်းကိုး


- အိမ်မဲမြို့တည် သမိုင်းဝင် ဆုတောင်းပြည့် ရှင်ပင်ချ ရုပ်ရှင်တော်မြတ်ကြီးသမိုင်းအကျဉ်း (ဂေါပကအဖွဲ့)


www.burmeseclassic.com

www.burmeseclassic.com

# ဝဝတ်း

သက်နှင်းဆွေ၊ပုပ္ပါး၊





ဆရာ-ဘိုးမင်းခေါင် (ဆွမ်းတား)

(၁)

"ဘိုးမင်းခေါင် ပုတီးစိပ်နည်းကို သိပါသလား"

"ဘိုးမင်းခေါင်ကျင့်စဉ်ကို သိပါသလား"

ဟု မကြာခဏ အမေးခံရဖူးပါသည်။

"မသိပါဘူး"

ဟုသာ ရိုးသားစွာ ကျွန်တော်ပြန်ဖြေဖြစ်ခဲ့ပါသည်။ အမှန်တကယ်လည်း မသိခဲ့ပါ။

(၂)

"လောကီက ရှုပ်တယ်ကွယ်။ လောကုတ္တရာက ရှင်းတယ်။ လောကုတ္တရာဆိုတာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး အတိအကျဟောဖော် ညွှန်ပြထားတဲ့ သစ္စာလေးပါး

www.burmeseclassic.com

တရားကို သိနားလည်ပြီး သံဝေဂဉာဏ်နဲ့ ဆင်ခြင်နှလုံးသွင်းသွားရတာ။ မဂ္ဂင်ရှစ်သွယ်လမ်းအတိုင်း ကျင့်လှမ်းသွားရတာ။ ရုပ်တရား၊ နာမ်တရားတွေရဲ့ မမြဲတဲ့ သဘောတရားကို ကြပ်ကြပ်မတ်မတ် နှလုံးသွင်းပြီး ဖြစ်ပျက်ရှုသွားရတာ။ ရှင်းတယ်။ ဒါပေမယ့် မက်ဆိုဒ် ဖိုလ်ပေါက်လို့ ဆိုတဲ့ လောကုတ္တရာစမ္မဖြစ်တဲ့ ဝိပဿနာကျင့်စဉ်က အလွန်ရှင်းလင်းပြတ်သားနေတဲ့ တစ်ကြောင်းတည်းသောလမ်း၊ တစ်ခုတည်းသော အကျင့်ဖြစ်နေပေမယ့် ခက်တယ်ကွယ်။ မြတယ်နိုင်တယ်လို့ တစ်သံသရာလုံး စွဲမှတ်လာတဲ့ ဥပါဒါန်အသိကြီးကို မမြဲဘူး၊ ဘယ်အရာမှ မမြဲဘူးလို့ ခိုင်ခိုင်မာမာ နှလုံးသွင်းပြီး ကျင့်ကြံအားထုတ်ရတာ။ အင်မတန် ခက်ခဲတယ်။

လောကီကျတော့ ရှုပ်တာကွယ့်။ အတုရော၊ အစစ်ရော၊ အမှားရော၊ အမှန်ရော၊ အကောင်းရော၊ အဆိုးရော အားလုံးရောထွေးနေတာ။ အစစ်တစ်ခု၊ အတုတစ်ထောင်၊ အယောင်ဆောင်တစ်သိန်း၊ **အပလိန်းအနန္တ** တဲ့။

အဲဒီလို ရောထွေးနေတဲ့၊ ရှုပ်ထွေးနေတဲ့ ကျင့်စဉ်တွေ၊ ပညာတွေထဲက စစ်မှန်တာ တစ်ခုကို ဆွဲယူကျင့်သုံးမိလိုက်တာနဲ့ လိုရာပြီးမြောက် ခရီးရောက်သွားတော့တာပါပဲ"

ဟိုတုန်းက ကျွန်တော့်အား ဆရာကြီးတစ်ဦးက အဆုံးအမပြုခဲ့ဖူးသည့် စကားတွေဖြစ်သည်။

(၃)

ကျွန်တော်က ဘာသာရေးသမားတစ်ယောက်မဟုတ်ပါ။ ဂမ္ဘီရသမားတစ်ယောက်လည်း မဟုတ်ပါ။ သို့သော်လည်း ဘဝတွင် ဂမ္ဘီရကိစ္စတွေနှင့် ဆက်နွယ် ပတ်သက်မှုတွေတော့ အတော်များများရှိနေခဲ့သည်။ ဂမ္ဘီရလမ်းတွင် ကျွန်တော့်အတွေ့အကြုံအရ တချို့ကိစ္စတွေက ထင်ယောင်ထင်မှားကိစ္စတွေဖြစ်ပြီး တချို့ကိစ္စတွေကမူ တိကျရေရာသည့် အရာတွေအဖြစ် ကျွန်တော် လက်ခံ ယုံကြည်ပါသည်။ သူတစ်ပါးပြောတိုင်း လက်ခံ ယုံကြည်တာမျိုးတော့ လုံးဝ မရှိပါ။

"အဘဘိုးမင်းခေါင်ကို အရိမေတ္တယျဘုရားအလောင်းလို့ စာအုပ်တစ်အုပ်ထဲမှာ အတိအကျရေးထားတယ် ဆရာ။ အဲဒါကို ဆရာ ဘယ်လိုယူဆလဲ"

သည်ရက်ထဲမှာပဲ ကျွန်တော့်တပည့်လေး စိုင်းငွေလင်းဦးက မေးလာသော စကားဖြစ်သည်။

"အဲဒီစာအုပ်ကို ဆရာလည်း ဖတ်ပြီးပါပြီကွာ"

ထိုစာအုပ်မှာ ယခု ၂၀၁၃၊ နိုဝင်ဘာလလောက်က ထွက်သည့်,စာအုပ်ဖြစ်သည်။

"ဆရာ့အနေနဲ့ ဘယ်လိုယူဆသလဲဆိုတာ ပြောပြစရာမလိုပါဘူး။ အရိမေတ္တယျဘုရားလောင်းနတ်သားက နတ်ပြည်မှာ ရှိနေတယ်ဆိုတာ ပိဋကတ်တော်မှာ အတိ ရှိနေတယ်။ ဆရာတော်ကြီးတွေကလည်း အတိအကျ ဟောနေတယ်။ အဘ ဘိုးမင်းခေါင်ဆိုတာက ထွက် ပေါက်၊ သူတော်စင် ပုဂ္ဂိုလ်မြတ်ကြီးဆိုတာ လူတိုင်း သိပါတယ်။ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်က သတ်သတ်၊ အလောင်းတော် နတ်သားက သတ်သတ်ပါ။ ဘာမှမဆိုင် ကိစ္စပါကွာ။ နတ်တစ်ရာ စာတစ်လုံးတဲ့။ အဲဒီစာအုပ် ပုဂ္ဂိုလ်က ဘယ်လိုအကြောင်းနဲ့ ရေးလိုက်တယ် မသိ ဆရာကတော့ လုံးဝ လက်မခံပါဘူး။ ဘယ်ဆရာတော် တွေကမှလည်း လက်ခံမှာ မဟုတ်ပါဘူး"

ထိုကိစ္စကို ကျွန်တော့်တပည့် စိုင်းငွေလင်းဦးနှ မဲက၊ ကျွန်တော့်မိတ်ဆွေသူငယ်ချင်းတွေဖြစ်သည့် ကိုစစ၊ ဆရာ နွယ်ဦးလှိုင်၊ ဆရာ မောင်ညို့အေး(ပန်း တို့နှင့်လည်း တခုတ်တရပြောဖြစ်ကြသည်။

ဂမ္ဘီရလမ်းတွင် လိုရာဆွဲယူပြီး ရေးသားကြ၊ ပြော ကြတာတွေ များစွာတွေ့ခဲ့ရဖူးသည်။ ဘိုးမင်းခေါင်စာတ် တာပါဆိုပြီး ကျွန်တော့်ရှေ့ကို ရောက်လာသည့် အမျိုး တွေကိုလည်း များစွာကြုံခဲ့ရဖူးသည်။ ကျွန်တော်သာ မ ကျွန်တော့်ဆရာကြီးတွေလည်း ထိုကဲ့သို့စွမျိုးတွေ များ ခဲ့ရဖူးကြောင်း မကြာခဏ ပြောပြခဲ့ဖူးပါသည်။

(၄)

"ကျွန်တော် မအောင်မြင်ခင်တုန်းက တော်တော် ရောက်နေတဲ့အချိန်မှာ အဘဘိုးမင်းခေါင် ပုတီးစိပ်ကို တယ်ဗျ"

ကျွန်တော့်တွင် ငယ်သူငယ်ချင်းတွေလို ရင်းနှီး ဝင်စွာ ချစ်ခင်ရသူတွေ ရှိသည်။ ထိုအထဲတွင် ကျွန်တော် လုံးဝခြားနားလွန်းသည့် မိတ်ဆွေတစ်ယောက်ရှိသည် က အချစ်ဝတ္ထုတွေ ရေးရာမှာ အောင်မြင်ခဲ့သူဖြစ် ကျွန်တော်က ဂမ္ဘီရနွယ်သည့်*ဘာသာရေးနွယ်သည့် ကို များများရေးဖြစ်ခဲ့သူဖြစ်သည်။ ဂမ္ဘီရကိစ္စတွေကို အတော်များများ ပတ်သက်ခဲ့သူဖြစ်သည်။ ထိုလို ဘာသာ နှင့် ဂမ္ဘီရနွယ်သည့် စာတွေရေးနေရင်းနှင့် အချစ်ကဗျာ အချစ်ဝတ္ထုတွေကို ကျွန်တော် ကြိုးစားရေးနေဖြစ်ခြ သည်။

ထိုမိတ်ဆွေက ယနေ့အထိ အချစ်ဝတ္ထု အချစ် တွေကိုသာ တစိုက်မတ်မတ်ရေးနေသူဖြစ်သည်။ ကျွန်တော် သူငယ်ချင်းတွေလို ရင်းနှီးချစ်ခင်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မကြာခဏဆုံပြီး စကားပြောဖြစ်ခဲ့ကြသည်။ အုပ်စုလိုက် ဆုံဖြစ်တာတွေ ရှိသလို၊ နှစ်ယောက်တည်း ဆုံဖြစ်တာတွေလည်း ရှိသည်။ ဆုံမိကြတိုင်း သူက ဘာသာ စကားတွေ၊ ဂမ္ဘီရနှင့် ဆိုင်သည့်ကိစ္စတွေကို အားပါးတရ ပြောတတ်သည်။ သူနှင့် ကျွန်တော် ရွှေတိဂုံဘုရားမှာ ဆုံပြီး အုပ်တစ်ဆောင်ထဲမှာ ညနက်သည်အထိ စကားထိုင်ပြော ဖြစ်ခဲ့ဖူးသည်။

အချစ်ဝတ္ထုတွေ၊ အချစ်ကဗျာတွေကို နုနုရွရွရေး နေသည့်သူက ဂန္ဓာရီလိုင်းမှ ဘိုးတော်တစ်ယောက်လို ဝတ် ထားသည်။ ပုဆိုးက ဖိုသီဖတ်သီနှင့်။ ကော်လာမပါသည့် အင်္ကျီပွပွနှင့်။ ချည်လွယ်အိတ်တစ်လုံးကို စလွယ်သိုင်းပြီး လွယ်ထားသည်။ သူ့ပုံစံက တကယ့် ဂမ္ဘီရသမားကြီးပုံစံဖြစ် နေသည်။

"အဘဘိုးမင်းခေါင်နဲ့ ပတ်သက်တာတွေ ကျွန်တော် အများကြီး ကြုံခဲ့ဖူးတယ် ကိုသက်နှင်းဆွေ။ တော်တော်လေး ကို ထူးခြားတဲ့ ဖြစ်စဉ်တွေ ကြုံခဲ့ဖူးတယ်။ ဥပမာဆိုပါတော့ ဗျာ ဒီလိုနေ၊ ဒီလိုထိုင်၊ ဒီလိုကျင့်ဆိုတာမျိုးတွေကို တိုက် ရိုက်လာပြီးပြောဆိုတာတွေအထိ ကြုံခဲ့ဖူးတယ်။ ပြောရရင် ကျွန်တော့်နားရင်းကို လက်ဝါးနဲ့ ဖြန်းခနဲရိုက်ပြီး ဆုံးမတာ မျိုးတွေလည်း ကြုံခဲ့ဖူးတယ်ဗျာ။ အိပ်မက်မဟုတ်ဘူးဗျ။ တကယ့်လက်တွေ့ ကြုံခဲ့တာတွေ"

သူနှင့် တွေ့တိုင်း သူက အပြောသမားဖြစ်ပြီး ကျွန် တော်က နားထောင်သမားဖြစ်ခဲ့သည်။ သူ့စရဏအားတွေကို အကြောင်းပြုပြီး မနောဖြင့် အာရုံပြုကာ သူ့မိတ်ဆွေတွေကို အကြံပြုတာမျိုးတွေလည်း သူလုပ်ခဲ့ဖူးသည်။ ယခုနောက်ပိုင်း နှစ်တွေမှာတော့ သူ လိုင်းပြောင်းသွားသည်။ ဝိပဿနာ ဓမ္မစစ်စစ်လမ်းကြောင်းကိုသာ သူလျှောက်လှမ်းနေသည်တဲ့။

"ကျွန်တော့်အိမ်မှာ အမေ့ရိုးရာနတ်တွေလည်း မထား တော့ဘူး။ အဘ ဘိုးမင်းခေါင်ရုပ်တုကိုလည်း အမိုက်ပုံမှာ စွန့်ပစ်လိုက်ပြီ။ အဘတို့ကိုလည်း နားလည်အောင် တောင်း ပန်ထားတယ်"

သူ့အတွေ့အကြုံတွေ၊ သူ့ဖြစ်စဉ်တွေကို ကျွန်တော် စိတ်ဝင်စားပါသည်။

"အမှန်တကယ်ပြောရရင်တော့ ကျွန်တော်ထိနေတာ ဗျ။ အဘတို့ကို စွန့်တဲ့အချိန်က စပြီး ကျွမ်းထိုးမှောက်ခုံ ဖြစ်နေတာပဲ။ ဒါပေမယ့် ကျွန်တော် သစ္စာလေးပါးတရား၊ ဝိပဿနာဓမ္မလမ်းကိုပဲ လျှောက်မယ်။ လုံးဝ မတုန်လှုပ်ဘူး"

သူနှင့် ကျွန်တော် ခင်မင်ကျွမ်းဝင်ခဲ့သည့် ခုနစ်နှစ် လောက်ကာလအတွင်းမှာပင် သူ့လမ်းကြောင်းတွေ များစွာ ပြောင်းလဲသွားသည်။ သူက လောကီမှ လောကုတ္တရာဘက် သို့ ပြတ်သားစွာ ပြောင်းလဲကျင့်လှမ်းနေလေပြီ။

ထို ခုနစ်နှစ်လောက်ကာလအတွင်းမှာပင် ကျွန်တော် ကလည်း စရဏလမ်းကြောင်းတွေ သိသိသာသာလျှော့ချခဲ့ သည်။ လောကီမှုအလုပ်တွေကို နည်းနိုင်သမျှ နည်းအောင် ဖယ်ထုတ်ခဲ့သည်။ သို့သော် ကျွန်တော်က ဝိပဿနာမှ ဝိပဿနာဆိုတာမျိုး လုံးဝ မရှိ။ ကျွန်တော်က လွပ်လပ် ပေါ့ပါးစွာ ရှင်သန်ခြင်းလမ်းမပေါ်မှာ ကျွန်တော့်ခြေလှမ်းတွေ ကို နိုင်နိုင်မာမာ လျှောက်လှမ်းလာဖြစ်ခြင်းဖြစ်သည်။ သမုတိ သစ္စာတွေကို မပယ်ပါ။ ပရမတ္ထသစ္စာနှင့် ဆိုင်သည့် ယုံကြည် ချက်တွေကိုတော့ ပိုပြီးခိုင်ကျည်အောင် ကြိုးစားခဲ့သည်။ ထိုအသိကို အခြေခံကာ ဘဝကို လွတ်လပ်ပေါ့ပါးစွာ ရှင်သန် သည်။

ဘာပဲဖြစ်ဖြစ်၊ ကျွန်တော့်သူငယ်ချင်းကို ကျွန်တော် လေးစားသည်။ ယခင်ကထက်လည်း ပိုပြီးခင်မင်ဖြစ်ပါသည်။ ကျွန်တော်တို့သူငယ်ချင်းအုပ်စုလေးက ကြီးမှ ခင်ကြတာ ဖြစ်ပေမယ့် ငယ်ပေါင်းကြီးဖော်တွေလို သံယောဇဉ်ကြီးကြ သည့် ရင်ဘတ်တူ သူငယ်ချင်းတွေဖြစ်သည်။

(၅)

"နေပါဦးဗျာ··· ဟိုတုန်းက ခင်ဗျားစိပ်ခဲ့ဖူးတဲ့ အဘ



www.burmeseclassic.com

www.burmeseclassic.com

ဘိုးမင်းခေါင် ပုတီးစိပ်နည်းဆိုတာ တကယ်ရော စစ်မှန်ရဲ့လား။ တကယ်ရော ထူးခြားရဲ့လား"

ယခု ၂၀၁၃ ခုနှစ်ထဲမှာပင် သူနှင့် ဆုံခိုက်၊ သူက လည်း ဝိပဿနာတရားတွေ ဟောနေခိုက် ကျွန်တော်က ဘိုးမင်းခေါင် ပုတီးစိပ်နည်းအကြောင်း တခုတ်တရမေးမြန်းမိပြန်သည်။

"ထူးတာပေါ့ ကိုသက်နှင်းဆွေရာ။ ကျွန်တော် အဲဒီ တုန်းက တကယ်ကို ဒုက္ခရောက်နေခဲ့ချိန်ပေါ့။ အဲဒီ ပုတီးစိပ်နည်းကို ကိုးရက်တိတိပဲ စိပ်ခဲ့တယ်။ တစ်ခုတော့ ရှိတယ်။ ကျွန်တော်က မလုပ်ရင်သာ လုံးဝမလုပ်ဘဲ နေမယ်။ လုပ်ပြီဆိုရင်တော့ တကယ်ကို ကျကျနနနဲ့ ထိထိမိမိလုပ်တဲ့ အကျင့်ရှိတယ်။ အဲဒီ ပုတီးစိပ်နည်းက တစ်နေ့မှ ပုတီးတစ်ပတ်ပဲ စိပ်ရတာဗျ။ ကိုးရက်တည်းနဲ့ ထူးခြားသွားခဲ့တယ်"

သူက ပုတီးစိပ်နည်းဂါထာတော်ကိုလည်း ရွတ်ပြသည်။ ထိုစဉ်က သူမှာ ထူးထူးခြားခြား ကောင်းကျိုးဖြစ်သွားပုံတွေကိုလည်း အသေးစိတ်ပြောပြခဲ့သည်။

"ဩော်⋯ပြောပြရဦးမယ်။ ပြီးခဲ့တဲ့ ၂၀၁၂ ထဲတုန်းက ကျွန်တော့်အသိ ကောင်လေးတစ်ယောက်ရဲ့ အဖြစ်အပျက်ကလည်း တကယ်ထူးခြားတာဗျ။ ကောင်လေး ဆိုပေမယ့် ဒီကောင်လေး အသက်သုံးဆယ်လောက်ရှိပြီ"

သူက ထိုအဖြစ်အပျက်ကို ဝတ္ထုတိုတစ်ပုဒ်လို အသေးစိတ် ပြောပြခဲ့သည်။

"ဆိုပါတော့ဗျာ။ အဲဒီ အလွဲသုံးစားမှုတစ်ခုနဲ့ ဒီကောင် ရန်ကုန်က ပြေးသွားရတယ်။ ပြေးတာကလည်း ဝေးဝေးတော့ မဟုတ်ဘူး။ ပြည်ကို ရောက်သွားတာ။ ပြည်မှာ ချောင်ခိုနေရင်း တစ်ရက်မှာတော့ မင်းကြီးတောင်ပေါ် တက်ပြီး ဟိုငေးသည်ငေးနဲ့ ထိုင်နေတယ်။ စိတ်ဓာတ်ကလည်း ကျနေတာပေါ့ဗျာ။ ဒီကောင့်ပြဿနာက ထောင်ကျသွားနိုင်တာကိုး။ အဲဒီလို ထိုင်ပြီးငိုင်နေတုန်း အဘိုးကြီးတစ်ယောက်ရောက်လာတယ်တဲ့ဗျ"

ထိုနေ့က ကျွန်တော်နှင့် သူ နှစ်ယောက်တည်း မဟုတ်။ ကျွန်တော်တို့ သူငယ်ချင်းလေးယောက်လုံး ဆုံဖြစ်ချိန်မှာ ပြောပြနေခြင်းဖြစ်သည်။ ကျွန်တော်တို့ သူငယ်ချင်းအားလုံး သူ့စကားမှာ စိတ်ဝင်တစား နားထောင်နေကြခြင်းဖြစ်သည်။

"အဲဒီအဘိုးကြီးက "ဟဲ့ကောင်လေး၊ မင့်ပြဿနာတွေအတွက် ပူမနေနဲ့၊ ဘာမှမဖြစ်ဘူး။ ရန်ကုန်ကို ပြန်တော့"လို့ စပြောတာတဲ့။ ဒီကောင်ကလည်း စိတ်ညစ်ညစ်နဲ့ဆိုတော့ "ဘာတွေ လာအကြောင်းရိုက်တာလဲ"ဆိုပြီး အဘိုးကြီးကို ပြန်ပြီး ဘုတောတာပေါ့ဗျာ။ ဒီတော့မှ အဘိုးကြီးက ဒီကောင် ကြုံနေတဲ့ ပြဿနာတွေကို အတတ်ပြောပြလိုက်တယ်။ ဒီကောင် တော်တော်လန့်သွားတာပေါ့ဗျာ။ အဘိုးကြီးရှေ့မှာ ဒူးလေးထောက်ပြီး လက်အုပ်လေး ချီလိုက်တယ်တဲ့။ အဘ ရယ် ကယ်ပါဦးပေါ့။ ဒီတော့ အဘိုးကြီးက သူ့ခေါင်းကို ခေါက်ခနဲ ခေါက်လိုက်တယ်တဲ့။ ပြီးတော့ အခုနက ပုတီးစိပ်နည်းကို ပေးတယ်။ သုံးရက်ပြည့်ရင် ရန်ကုန်ကို ပြန်တော့လို့ ပြောတယ်တဲ့။ ကိုးရက်ပြည့်အောင် ဆက်စိပ်လို့ ပြောပြီး ထွက်သွားတယ်တဲ့။ ဒီတော့မှ ဒီကောင်က "အဘရယ်⋯ အဘက ဘယ်သူပါလဲဗျာ"လို့ လှမ်းမေးလိုက်မိတာ"တဲ့။ ငါ ဘိုးမင်းခေါင်ပဲလို့ အဘိုးကြီးက ပြန်လှည့်ပြောသတဲ့။ အဲဒါပဲ"

ထိုလူငယ် ရန်ကုန်ပြန်ရောက်လာချိန်တွင် ပြဿနာအားလုံး ပြေလည်နေပြီဖြစ်ကြောင်း ကျွန်တော့်သူငယ်ချင်းက အသေးစိတ် ပြန်ပြောပြပါသည်။

(၆)

ကျွန်တော့်သူငယ်ချင်းပြောပြသည့် ဘိုးမင်းခေါင် ပုတီးစိပ်နည်းကို ကျွန်တော် အမှတ်မထားခဲ့ပါ။ စိတ်ထဲမှာလည်း ဘာသိဘာသာပါပဲ။ သို့သော် ဘဝတစ်ခုလုံး ပြောင်းလဲစေနိုင်အောင် စွမ်းအားကြီးတဲ့ ပုတီးစိပ်နည်းပါလားဟုတော့ တွေးဖြစ်ခဲ့သည်။ အမှန်ကို ဝန်ခံရလျှင် အိပ်မက်တွေ၊ နိမိတ်တွေ၊ အာရုံတွေနှင့် ကျင့်စဉ်ပေးတာတွေ၊ အဓိဋ္ဌာန်ဝင်နိုင်းတာမျိုးတွေကို ကျွန်တော်စိတ်မဝင်စားခဲ့ပါ။ ဘယ်ပုဂ္ဂိုလ်က ဘယ်လိုဆိုသည့် ထင်ယောင်ထင်မှားကိစ္စတွေကိုလည်း လက်မခံပါ။ အဘဘိုးမင်းခေါင်ကို သူတော်စင် ပုဂ္ဂိုလ်မြတ်ကြီးအဖြစ် ကျွန်တော်ကြည်ညိုသည်။ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးအဖြစ်လည်း ကျွန်တော် အလေးအမြတ်ထားသည်။ ကျွန်တော်နှင့် ရေစက်အထုံ ကြီးမားစွာ နီးစပ်ခဲ့သည်ဟုလည်း လက်ခံသည်။ နတ်စောင်းတော်သံ ဆိုသည့် ဆောင်းပါးတစ်ပုဒ်တွင် အဘဘိုးမင်းခေါင်နှင့် ပတ်သက်သည့် အဆုံးအမကို ကျွန်တော် သိသာထင်ရှားစွာ ခံယူခဲ့ရကြောင်း ရေးသားခဲ့ဖူးသည်။ သို့သော် အဘဘိုးမင်းခေါင် ဓာတ်စီးတာတွေ၊ နာမ်ကိန်းတာတွေ၊ ညွှန်ပြသည် ဆိုတာတွေကို သူများပြောတိုင်း ကျွန်တော် မယုံပါ။ လက်မခံနိုင်ပါ။ ကျွန်တော့်သူငယ်ချင်းပြောပြတာကိုတော့ ကျွန်တော် ယုံကြည်ပါသည်။ သို့သော် သူလည်း သူ့အကြောင်းနှင့်သူသာဟု သဘောထားပါသည်။

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် ဝိပဿနာတရားတစ်ခုတည်းကို ကျင့်သုံးသည့်အတွက် ကိုယ်တိုင် ယုံကြည်စွာ ဆည်းကပ်ထားခဲ့သည့် ဘိုးမင်းခေါင်ရုပ်တုတွေကို အမှိုက်ပုံမှာ စွန့်လိုက်တာမျိုးကိုလည်း ကျွန်တော် လက်မခံပါ။ လူ့ဘဝမှာ ဘာတွေကို ဘယ်လိုစွန့်ထားထား အမှန်တကယ် စစ်မှန်သော သမ္မာသိဋ္ဌိအမြင်မရှိလျှင် ဘာမှမထိရောက်နိုင်ပါ။ နတ်စင်အနားမှာပဲနေနေ၊ ဘိုးတော်၊ မယ်တော်ရုပ်တုတွေကိုပဲ ခေါင်းအုံးအိပ်ထား/ထား၊ မိမိ၏ အသိဉာဏ်နလုံးအိမ်တွင် စစ်မှန်သော အသိအမြင်၊ အယူအစွဲရှိနေလျှင် ဓမ္မလမ်းကြောင်းက ပြောင်းလဲစရာမရှိဟု ကျွန်တော် အကြွင်းမဲ့ ယုံကြည်ထားပါသည်။

သမုတိသစ္စာအရ ပုဂ္ဂိုလ်မြတ်တွေကို ဂါရဝ ထားခြင်းသည် ဓမ္မလမ်းကြောင်းနှင့် သွေဖည်စရာမရှိ။ မိမိထက် အသက်ဂုဏ်ရှိန်ကြီးမြင့်သူ၊ သီလသိက္ခာကြီးမြင့်သူတိုင်းကို ဂါရဝထားခြင်းသည် မှားယွင်းသောကိစ္စမဟုတ်ဟု ကျွန်တော် ယုံကြည်ပါသည်။

ကျွန်တော့်သူငယ်ချင်းကို ကျွန်တော် ဘာမှအထွေအထူးမပြောဖြစ်ခဲ့ပါ။ သူနှင့် ကျွန်တော် ယခုနောက်ပိုင်း သိပ်မဆုံဖြစ်ပါ။ သူကတော့ ဝိပဿနာဓမ္မလမ်းကြောင်းကို ရဲရဲရင့်ရင့် ဆက်ပြီးလျှောက်လှမ်းနေမည်ဟု ကျွန်တော် ယုံကြည်ပါသည်။

ကျွန်တော်ကလည်း ကိုယ့်ဘဝပေးအခြေအနေလေးအပဲ တင်းတိမ်ရောင့်ရဲစွာဖြင့် အေးအေးလူလူ ရှင်သန်ရင်း သမထတည်းဟူသော စရဏကုသိုလ်လေးတွေကို တနိုင်တပိုင်အနေအထားလောက် ကြိုးစား ဖြည့်ဆည်းနေဖြစ်ပါသည်။

(၇)

ထိုနေ့ညနေက ကန်တော်ကြီးအနီးမှ ကော်ဖီဆိုင်ကြီးတစ်ခုမှာ ကျွန်တော်တစ်ယောက်တည်း အေးအေးဆေးဆေး ထိုင်ပြီး ကော်ဖီသောက်ရင်း စာရေးနေခဲ့သည်။ ကော်ဖီခန်းကြီးက အဆောက်အအုံကြီးတစ်ခု၏ အမြင့်ပိုင်းမှာ ရှိပြီး ကျယ်ဝန်း သန့်ပြန့်သည်။ လူရှင်းသည်။ ဆိတ်ငြိမ်သည်။ ကော်ဖီဈေးနှုန်းက အဆမတန်များလှပေမယ့် ကျွန်တော့်အတွက် အေးအေးလူလူ စာရေးနိုင်သည့် ဂျက်ကာကောင်းတစ်ခုဖြစ်သည်။

ညရောက်မှ ကော်ဖီဘားမှ ဆင်းလာပြီး ကန်တော်ကြီးပတ်လမ်းအတိုင်း လမ်းလျှောက်နေမိပြန်သည်။ ကားမစီးဖြစ်သော ဆောင်းညက စောစောပင် မှောင်စပြုပြီ။ ကျွန်တော့်စိတ်ထဲမှာ တစ်ခုခုထူးခြားနေသည်။ ကျွန်တော့်အာရုံလိုင်းတွေ ယခင်နေ့ကထက် နိုးကြားနေသည်။ စိတ်က အထူးကြည်လင်အေးချမ်းနေသည်။ ကျွန်တော်သည် ကားမစီးတော့ဘဲ ရွှေတိဂုံဘုရား ကုန်းတော်ပေါ်အရောက် လမ်းလျှောက်တက်ခဲ့ပါသည်။ ဘုရားပေါ်ရောက်တော့လည်း ပုတီးစိပ်ချင်စိတ် မရှိသေးပါ။ ရွှေတောင်ကြီးအလား ရွှန်းလက်တောက်ပနေသည့် စေတီတော်ကြီးကို အားပါးတရမော်ဖူးကာ ကြည်ညိုနေမိသည်။ ကျွန်တော့်စိတ်တွေ ကြည်နူးနေသည်၊ အေးချမ်းနေသည်။ ကြည်လင်နေသည်။ ကျွန်တော်သည် ဘာရယ်မဟုတ်ပါဘဲ မြောက်ဘက်မုခ်စောင်းတန်းဆီသို့ လျှောက်ခဲ့မိပြန်သည်။ ပန်းဝယ်ဖို့လည်း ရည်စူးသည်။ ရေဝယ်ဖို့လည်း ရည်စူးသည်။ ပန်းဆိုင်ရှေ့ရောက်တော့ ပန်းမဝယ်သေးဘဲ စောင်းတန်းအလယ်လောက်ရှိ စာအုပ်ဆိုင်တွေဘက် ဆင်းလျှောက်ခဲ့မိပြန်သည်။ ကျွန်တော့်စိတ်ကို တစ်စုံတစ်ရာက စေ့ဆော်နေသည်။ စာအုပ်ဆိုင်တွင် စာအုပ်တွေ စုံသည်။ ကျွန်တော်သည် တစ်ခါတစ်ခါ စာအုပ်ဝယ်လျှင် ကိုးထောင်၊ တစ်သောင်းဖိုးလောက် ဝယ်ဖြစ်တာတွေရှိသည်။ ကြိုက်တာတွေအားလုံး ကောက်ဝယ်ပြီး သယ်လာဖြစ်တတ်သည်။ ယနေ့တော့ တစ်အုပ်မှ ဝယ်ဖို့ စိတ်ကူးမရှိ။

ဆိုင်ရှင်တွေက ကျွန်တော့်ကို သိနေခင်နေကြသည်။ စကားပြောကြသည်။ ကျွန်တော် ဘာမှအထွေအထူး ပြန်မပြောဖြစ်ပါ။ ဘာရယ်မဟုတ်၊ ဘာမှအထွေအထူး စိတ်ကူးမရှိဘဲ စာအုပ်တွေကို အချိန်အတော်ကြာအောင် ငေးကြည့်နေမိသည်။

ထိုစာအုပ်တွေထဲမှ တစ်အုပ်တည်းသော ချောင်ထဲမှာ ညှပ်တိတ်နေသည့် စာအုပ်သေးသေးလေးကို တွေ့တော့ ဆွဲယူလိုက်သည်။ ဘုရားရှိခိုးနည်းစာအုပ်။ ဆိုင်ရှင်က "အဲဒါ သိပ်မကောင်းဘူးဗျ။ ဒီစာအုပ်တွေ ပိုပြည့်စုံတယ်"ဟုပြောပြီး စာအုပ်အသစ်တွေကို ယူပြသည်။ ကျွန်တော် မယူပါ။ တစ်အုပ်တည်းရှိသည့် ခပ်ညှိုးညှိုး စာအုပ်ဟောင်းလေးကို ဝယ်ပြီး ပြန်တက်ခဲ့သည်။ ဝယ်နေကျ ပန်းဆိုင်မှ ပန်းနှင့် ရေဘူးတွေ ဝယ်သည်။ ရာဟုထောင့်သို့ တက်ခဲ့ပြီး ဆီမီးလှူ၊ ပန်းလှူ၊ ရေလှူသည်။ ပုတီးစိပ်ချင်စိတ် မရှိသေးပါ။ ထို့ကြောင့် ရာဟုထောင့်ရင်ပြင်မှ နေရာကျယ်ကျယ်တစ်ခုသို့ လျှောက်လာပြီး တစ်ယောက်တည်း စိတ်အေးလက်အေး ထိုင်ကာ ရွှေစေတီကြီးကို ကြည်နူးစွာ ဖူးမြော်နေမိပြန်သည်။

လူတွေက ပျားပန်းခတ်မျှ သွားလာဖူးမြော်နေကြသည်။ ကျွန်တော်သည် အိတ်ထဲမှ စာအုပ်ငယ်လေးကို ဘာရယ်မဟုတ် လှန်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘိုးမင်းခေါင်ပုတီးစိပ်နည်း"

ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီး မွေးညင်းတွေ ထသွားသည်။

စာအုပ်ပါးပါးလေး၏ တစ်ဝက်ကျော်ကျော်လောက်မှ ထိုစာမျက်နှာကို တန်းခနဲ လှန်မိလိုက်ခြင်းဖြစ်သည်။ ကျွန်တော်သည် ထိုပုတီးစိပ်နည်းဂါထာကို စိတ်ပါလက်ပါ ဖတ်လိုက်မိလေပြီ။

(၈)

"ဘိုးမင်းခေါင် ပုတီးစိပ်နည်း"

(၁) ဩဘာသနမောဗုဒ္ဓါယ သောဘာဂဝါကိတ္တိပိ အရဟံ (ပုတီးတစ်လုံးချ)။

(၂) ဩဘာသနမောဗုဒ္ဓါယ သောဘာဂဝါကိတ္တိပိ သမ္မာသမ္ဗုဒ္ဓေါ (ပုတီးတစ်လုံးချ)။

(၃) ဩဘာသနမောဗုဒ္ဓါယ သောဘာဂဝါကိတ္တိပိ ဝိဇ္ဇာစရဏ သမ္ပန္နော (ပုတီးတစ်လုံးချ)။

(၄) ဩဘာသနမော ဗုဒ္ဓါယ သောဘာဂဝါကိတ္တိပိ သုဂတော (ပုတီးတစ်လုံးချ)။

(၅) ဩဘာသနမောဗုဒ္ဓါယ သောဘာဂဝါကိတ္တိပိ လောကဝိဒူ (ပုတီးတစ်လုံးချ)။

(၆) ဩဘာသနမောဗုဒ္ဓါယ သောဘာဂဝါကိတ္တိပိ အနုတ္တရော ပုရိသဓမ္မသာရထိ (ပုတီးတစ်လုံးချ)။

(၇) ဩဘာသနမောဗုဒ္ဓါယ သောဘာဂဝါကိတ္တိပိ သတ္ထာဒေဝ မနုဿာနံ (ပုတီးတစ်လုံးချ)။

(၈) ဩဘာသနမောဗုဒ္ဓါယ သောဘာဂဝါကိတ္တိပိ ဗုဒ္ဓေါ (ပုတီးတစ်လုံးချ)။

(၉) ဩဘာသနမောဗုဒ္ဓါယ သောဘာဂဝါကိတ္တိပိ ဘဂဝါ (ပုတီးတစ်လုံးချ)။

"အဓိဋ္ဌာန်ဝင်နည်း"

ပထမအဆင့်။ ဂဏ်တော်တစ်ပါး ပုတီးတစ်လုံးစီချပြီး (၁၀၈)လုံး ပုတီးဖြင့် တစ်နေ့ ပုတီးတစ်ပတ်စိပ်ပါ။ ၉ရက်စိပ်ပါ။ ပထမအဆင့် အောင်မြင်ပြီ။

ဒုတိယအဆင့်။ ဂုဏ်တော်တစ်ပါး ပုတီးတစ်လုံးစီချပြီး (၁၀၈)လုံး ပုတီးဖြင့် တစ်နေ့ ပုတီး ၃ပတ်စိပ်ပါ။ ၉ရက်စိပ်ပါ။ ဒုတိယအဆင့် အောင်မြင်ပြီ။

တတိယအဆင့်။ ဂုဏ်တော်တစ်ပါး ပုတီးတစ်လုံးစီချပြီး (၁၀၈)လုံး ပုတီးဖြင့် တစ်နေ့ ပုတီး ၅ပတ်စိပ်ပါ။ ၉ရက်စိပ်ပါ။ တတိယအဆင့် အောင်မြင်ပြီ။

စတုတ္ထအဆင့်။ ဂုဏ်တော်တစ်ပါး ပုတီးတစ်လုံးစီချပြီး (၁၀၈)လုံး ပုတီးဖြင့် တစ်နေ့ ပုတီး ၇ပတ်စိပ်ပါ။ ၉ရက်စိပ်ပါ။ စတုတ္ထအဆင့် အောင်မြင်ပြီ။

ငါးဆင့်မြောက်မှာ ဂုဏ်တော်တစ်ပါး ပုတီးတစ်လုံးစီချပြီး (၁၀၈)လုံး ပုတီးဖြင့် တစ်နေ့ ပုတီး ၉ပတ်စိပ်ပါ။ ၉ရက်စိပ်ပါ။ ငါးဆင့် အောင်မြင်ပြီဖြစ်သည်။

ပထမဆင့်တစ်ခုတည်းကိုပဲ လွယ်ကူပေါ့ပါးစွာ ပုတီးစိပ်သွားနိုင်ပါသည်။ ကောင်းကျိုးထူးပါလိမ့်မည်။

(၉)

ကျွန်တော်သည် ရာဟုထောင့်တွင် ထိုင်ကာ အဘ ဘိုးမင်းခေါင် ပုတီးစိပ်နည်းဖြင့် စိတ်ရှိလက်ရှိ ဂုဏ်တော်များ နေခဲ့မိ၏။ ဆောင်းညက တိတ်ဆိတ် အေးချမ်းနေသည်။ ဘုရားဖူးတွေကလည်း စည်ကားနေသည်။ ဆောင်းလေအေး တွင် ဆည်းလည်းသံတွေက တချွင်ချွင်။ ရွှေစေတီတော်ကြီး က ဆီမီးရောင်၊ လျှပ်စစ်မီးရောင်တွေနှင့် ရွှေတောင်ကြီးလို ဝင်းပ လင်းလက်နေသည်။ ဘုရားဖူးသူတွေ တဖြည်းဖြည်း ပါးလျသွားသည်။ ည ၁၀ နာရီထိုးတော့မည်။ ဘုရားဆောင် တန်းတွေ ပိတ်တော့မည်။ ကျွန်တော်သည် ရွှေစေတီကြီး အားပါးတရ ဖူးမြော်ကြည်ညိုကာ ဘုရားပေါ်မှ ဆင်းခဲ့ပါသည်။ ကျွန်တော့်ရင်ထဲတွင် အေးချမ်းကြည်လင်နေပါသည်။ အပြန် လမ်းတွင် အဘဘိုးမင်းခေါင်နှင့် ပတ်သက်သည့် စကား ကိုလည်း သတိရနေမိပြန်သည်။ **ဝဝစား၊ ဖေးဖေးနေ မရှုပ်နှင့်** ဆိုသည့် စကားလေးပဲဖြစ်သည်။ ပိဋကစကား က အနက်အဓိပ္ပာယ်များစွာ ကျယ်ပြန့်တတ်လေသည်။

ထိုနေ့မှ စကာ အဘဘိုးမင်းခေါင် ပုတီးစိပ်နည်း ဗုဒ္ဓါနုဿတိ ဘာဝနာပွားထုံဖြစ်ခဲ့ပါသည်။ ပထမ ကိုးရက်ပြည့်ချိန်မှာပင် ထူးခြားသည်ဟု သိသိသာသာ ခံစား နိုင်ခဲ့ပါသည်။ အတုမရှိသော ဘုရားရှင်၏ ဂုဏ်တော် ပွားထုံခြင်းပဲ မဟုတ်ပါလား။ မည်သည့် သံသယမှ ဖြစ် မရှိပါ။ ဘုရားရှင်၏ အတုမရှိသော ဂုဏ်တော်ကို အဘ ဘိုးမင်းခေါင်လို ပုဂ္ဂိုလ်ထူး သူတော်စင်ကြီးတွေက လော အတွက်ရော လောကုတ္တရာအတွက်ပါ ကောင်းကျိုး မည့် စနစ်ဖြင့် ပူဇော်နိုင်ရန်၊ အဓိဋ္ဌာန်ဝင်နိုင်ရန် စနစ်တ စီစဉ်ညွှန်ပြထားသည်ဟု ယုံကြည်ပါသည်။

ထိုနေ့မှ စကာ ဘိုးမင်းခေါင် ပုတီးစိပ်နည်း ပြောပြပါဟု တောင်းဆိုလာသူများကို ဤပုတီးစိပ်နည်း ယုံယုံကြည်ကြည် ဝေမျှနေမိပါသတည်း ■

အားလုံးသတ္တဝါ...

* * *

...က်နှင်းခွေ...



www.burmeseclassic.com

www.burmeseclassic.com

ဆေးစွမ်းကောင်းများ

နားသန့်ဆေးကြီး
နားရောဂါပျောက်ဆေးကြီး
မျက်စိကြည်ဆေးကြီး
မျက်စိရောဂါပျောက်ဆေးကြီး
သွားရောဂါပျောက်ဆေးကြီး
နှာခေါင်းရောဂါပျောက်ဆေးကြီး



အစလ မှတ်ပုံတင်အမှတ် အစ ၁၂(၁၀၀၉၆)
လင မှတ်ပုံတင်အမှတ် ၄/၁၉၂၉

အမြို့မြို့ဆိုင်တိုင်းမှ

www.burmeseclassic.com

www.burmeseclassic.com



# သည်နေရာရောက်ရင် ကျော်ကြီးကို သတိရပါ

ကျွန်းတောမြို့သို့ သွားရချေဦးမည်။ ကျွန်တော်သည် ရောဝတီတိုင်း ပင်လယ်ကမ်းခြေအနီးရှိ ကျွန်းတောမြို့ဇာတိဖြစ်သည်။ ဟိုယခင်က ကျွန်းတောမြို့ကလေးသည် အလွန်ခေါင်၍ ခရီးလမ်း ခက်ခဲကြမ်းတမ်းသောကြောင့် သွားရန် မလွယ်ကူသဖြင့် လူသိနည်းသော မြို့ကလေးတစ်မြို့ ဖြစ်သည်။ ကျွန်းတောမြို့သို့ သွားလိုပါက ရေကြောင်းတစ်ခုတည်းကိုသာ အားကိုးရသဖြင့် သွားချင်လာချင်သူ နည်းပါးခဲ့ရသည်။ ယခုအခါ မော်တော်ကားလမ်းများ ပေါက်နေပြီဖြစ်၍ ရန်ကုန်မှ ကျွန်းတောသို့ ၈ နာရီခန့်နှင့် ရောက်နိုင်နေပါပြီ။ အခြားမြို့များ၊ ရွာများသို့လည်း သွားလာရန် ကားလမ်းများ အသီးသီးပေါ်ပေါက်လာပြီဖြစ်၍ လမ်းပန်းဆက်သွယ်ရေး ကောင်းလာပြီဟု ပြောနိုင်ပါသည်။ ယခင်က မော်တော်ကားကို မမြင်ဘူးခဲ့သော မြို့ကလေးတွင် ယခုအခါ ကိုယ်ပိုင်ကားကားများ၊ ဒ ေသးေ[illegible]ကားများ [illegible] တင်ကားများဖြင့် စည်[illegible]ကားလ[illegible] သည်။ ကျွန်းတောမြို့ ကားဖြ[illegible] မည်ဆိုပါက ကျွန်းတောသို့ တို[illegible] မရောက်ဘဲ မ[illegible]တော[illegible]တွင် လ[illegible] မြစ်လက်တက်တစ်ခု ကို ဖြ[illegible] သည်။ မြစ်မှာ ကျဉ်းမြောင်းပြီး [illegible] အဆင့်သာ ရှိပါသည်။ [illegible] သွားမည်ဆိုပါက မ[illegible]တာမှ [illegible] သွားရသဖြင့် မ[illegible]တ[illegible]တွင် [illegible]

www.burmeseclassic.com

စခန်းများနှင့် စည်ကားနေပါသည်။

ကျွန်းတောရှိ ကျွန်တော်တို့အိမ် ည် ကမ်းနားတွင် ရှိသဖြင့် မင်းဘော ကားဆိုက်ပါက ကားဇက်ကူးသည် မစောင့်တော့ဘဲ ကြံရာ ကူးတို့လှေ ဆောင်တို့ဖြင့် ကူးပါက အချိန်တို တွင်း အိမ်သို့ ရောက်သဖြင့် မြစ်ထဲ ဖြတ်၍ ကူးလေ့ရှိပါသည်။ ကျွန်တော် ည် ကျွန်းတောတွင် ဆယ်တန်း အောင်သည်အထိသာ နေခဲ့ပြီး၊ ဆယ် န်းအောင်သည်နှင့် ရန်ကုန်ရောက်ခဲ့ ည်။ တက္ကသိုလ်တက်ပြီး ဘွဲ့ရသည် ရန်ကုန်ရုံးတစ်ရုံးတွင် မန်နေဂျာ ဖြစ် အလုပ်ဝင်ခဲ့သည်။ မင်းဘောရှိ များထံသို့ တစ်နှစ်လျှင် တစ်ခေါက် ာ ရောက်ဖြစ်ပါတော့သည်။ ကျွန်တော်ထက်အကြီး အစ်ကိုကြီးမှာ ည်း ရန်ကုန်တွင် အခြေချနေခဲ့သည်။ ကျွန်တော်သည် ဇနီးမယား သမီးသား ဖြစ်လာသောအခါ ကျွန်းတောသို့ ားရန် ပိုမိုအလှမ်းဝေးခဲ့ပါသည်။ စ်နေ့ အစ်ကိုကြီးက ကျွန်းတောရှိ များကို သွားရောက် ကန်တော့ရန် ရောက်တိုင်ပင်သဖြင့် ကျွန်တော် သွားရန် စီစဉ်လိုက်ကြသည်။

"မဟာ"အဝေးပြေးကားကြီးဖြင့် က်ပါခဲ့ကြသည်။ ခေတ်မီ ကားကြီး ဖြစ်၍ ကားတွင် လေအေးစက်နှင့် ယိုပြစက်ပါသည်။ ၁ဝိနာရီ ကား က်သည်နှင့် ဗီဒီယို စတင်ပြသပါ ည်။ ကျွန်တော် ဗီဒီယိုကြည့်ရင်း တ်လမ်းကို စိတ်ဝင်စားမိပါသည်။ ယ်သူငယ်ချင်းသုံးယောက်၏ ပျော်ရွှင် ာဘဝကို ကလေးအရွယ်မှ စတင် တ်လမ်းဆင်ခဲ့ပါသည်။ ကြည့်ရင်း ယိုကို အာရုံမရောက်ဘဲ ကျွန်းတော င် နေခဲ့စဉ်က ငယ်ဘဝကို ပြန်လည် တိရခဲ့ပါသည်။ အာရုံတွင် ဗီဒီယို ဇာတ်လမ်းကဲ့သို့ တစ်ခန်းပြီး တစ်ခန်း ပြက်ပြက်ထင်ထင် မြင်ယောင်လာခဲ့ပါ သည်။

◈◈◈

ကျွန်းတောအထက်တန်းကျောင်း ငါးတန်းတက်စ ကပင် ကျွန်တော် မောင်သော်၊ ကျော်ဝင်းနှင့် ဇော်မင်းတို့ အမြဲမခွဲ တတွဲတွဲပေါင်းသင်းခဲ့ကြသည်။ အလွန်ရင်းနှီးသဖြင့် တစ်ဦးကို တစ်ဦး သော်ကြီး၊ ကျော်ကြီး၊ ဇော်ကြီးဟု ခေါ် ခဲ့ကြရာမှ ပတ်ဝန်းကျင်ပါက ထို အတိုင်းခေါ်ခဲ့ကြသည်။ ကြီးသုံးကြီးမှာ နာမည်နှင့် လိုက်အောင် နာမည်ကြီးပါ သည်။

ကျွန်တော်နှင့် ဇော်ကြီးမှာ ကျောင်းစာတွင် ထူးချွန်၍ နာမည်ကြီး သလို၊ ကျော်ကြီးမှာ အားကစား ထူး ချွန်၍ နာမည်ကြီးပါသည်။ ထိုသို့ ကောင်းသည့်ဘက်တွင် နာမည်ကျော် သကဲ့သို့၊ ဆိုးသည့်ဘက်တွင်လည်း နာမည်ကျော်ခဲ့ပြန်သည်။ ကျွန်တော်တို့ ကြီးသုံးကြီးမှာ အခြားကျောင်းသားများ နှင့် မကြာခဏ ရန်ဖြစ်ခြင်းဖြစ်သည်။ အနည်းဆုံး တစ်ပတ်လျှင် နှစ်ကြိမ်ခန့် ဆရာကြီးရုံးခန်းသို့ ရောက်ရသည်။ ဆရာကြီးကလည်း ကျွန်တော်တို့ သုံး ယောက်ကို တော်ကွက်၊ ကောင်းကွက် များကို ထောက်ထား၍ အပြစ်ဒဏ် ကြီးကြီးမားမားမပေးခဲ့ပါ။ ကျွန်တော်နှင့် ဇော်ကြီးမှာ နဂိုက လူအေးများဖြစ်သော် လည်း ကျော်ကြီးအတွက် ရန်ဖြစ်ခဲ့ကြ ရခြင်း ဖြစ်ပါသည်။ ကျော်ကြီးမှာ မဟုတ်မခံ ရန်လိုသူဖြစ်၍ မကျေနပ် က ချက်ချင်းထ ထိုးတတ်သည်။ ကျော် ကြီးတစ်ယောက်ကို နှစ်ယောက် သုံး ယောက် ဝိုင်းထိုးသောအခါ ကျွန် တော်တို့နှစ်ဦးမှာ ဝင်ပါရခြင်းဖြစ်၍ ရန်ပွဲများ မကြာခဏဖြစ်ခဲ့ရသည်။ ကျောင်းတွင် ရန်ဖြစ်လေတိုင်း ကြီးသုံး ကြီးသာဖြစ်၍ ကျောင်းတွင် ပွေကြီး များဖြစ်ခဲ့ရသည်။ ကျော်ကြီးသည် အား ကစားတွင် ဘောလုံးနှင့် ပြေးခုန်ပစ် တွင် အလွန်ထူးချွန်သည်။ ကျောင်း ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် နှစ်စဉ် အောင်ပွဲရလေ့ရှိသည်။ မြို့နယ်ပွဲ၊ ခရိုင် ပွဲ၊ တိုင်းပွဲများတွင် ကျော်ကြီးက လက် ရွေးစင်အဖြစ် ပါရသည်။ ကျောင်းတွင် ကျော်ကြီးကြောင့် ရခဲ့သော ဖလားများ၊ တံခွန်စိုက် ဒိုင်းများ များစွာရှိပါသည်။

ကျောင်းပိတ်ရက်များတွင် ကြီး သုံးကြီးတို့သည် မြို့အနောက်ဘက်ရှိ တောသို့ သွား၍ တောပစ်ထွက်ကြ သည်။ တောပစ်ထွက်ရာတွင် ကျောင်း သား လူငယ်များဖြစ်၍ လေးဂွလောက် သာ ကိုင်ရသဖြင့် တောကောင်ကြီးကြီး မားမားမရဘဲ တောကြောင်၊ တော ကြက်၊ ယုန်နှင့် ငှက်များကိုသာ ရပါ သည်။ ရသမျှ ကြက်၊ ငှက်များကို ကျော်ကြီးတို့အိမ်တွင် ကြော်လှော် ချက်ပြုတ်စားကြသည်မှာ ပျော်စရာ ကောင်းလှပါသည်။ ဗိုက်ကားအောင် စားသောက်ကြပြီး ကျွန်တော်က ဘင် ဂျိုတီးကာ၊ ဇော်ကြီးက သီချင်းဆိုလေ့ ရှိပါသည်။ ကျော်ကြီးမှာ အဆိုအတီး မရသဖြင့် ကျွန်တော်တို့ ဆို၊ တီးမှုကို ဆေးပြင်းလိပ်ခဲ၍ နားသောတဆင်ရင်း ငြိမ်ကျနေတတ်သည်။ ကျော်ကြီးမှာ မုန့် မစားရလျှင် နေနိုင်သော်လည်း၊ ထမင်း စားပြီး ဆေးပြင်းလိပ်မသောက်ဘဲတော့ မနေနိုင်ပါ။ အသက်ငယ်ငယ်နှင့် ဆေး ပြင်းလိပ်စွဲနေသူဖြစ်ပါသည်။

ကျွန်တော်တို့ ဆယ်တန်းစာမေး ပွဲဖြေမည့်ဆဲဆဲတွင် မမျှော်လင့်ဘဲ ကျော်ကြီး မင်းဘောရွာသူနှင့် အိမ် ထောင်ကျခဲ့သည်။ ကျော်ကြီး၏ မင်္ဂလာ ဆောင်သို့ ဇော်ကြီးနှင့် အတူသွားခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

ာသည်။

"မင်းတို့က စာတော်တဲ့ လူတွေဆိုတော့ စာမေးပွဲအောင်အောင် ကြိုးစားကြပါကွာ။ ငါကတော့ စာမေးပွဲ မအောင်မှန်းသိလို့ စာစေ မိန်းမယူလိုက်တယ်။ ငါ့ယောက္ခမက စက်လှေပိုင်ရှင်ဆိုတော့ ငါလည်း စက်လှေလိုက်ရမှာပေါ့"

ဇော်ကြီးက ဝင်၍ ပြောပါသည်။

"မြို့ကိုလည်း လာလည်ပါကွာ။ တို့နဲ့ မင်းက မဝေးပါဘူး။ မြစ်တစ်ခုသာ ခြားတာပါ။ လာရင် ချက်ချင်းရောက်တာပဲ"

"မလာမှာတော့ မပူနဲ့။ ငါ့မှာ အခြားသွားစရာမရှိဘူး။ မင်းတို့ဆီကိုပဲ ခဏခဏလာမှာ။ အေး၊ ငါပြောချင်တာက မင်းတို့ အခြားမြို့ရွာဒေသတွေကို ခရီးသွားရင် ငါနေတဲ့ မင်းဘောကို ဖြတ်ရမှာပဲ။ မင်းဘောရောက်ရင် ကူးဆိပ်တည့်တည့်မှာ ငါ့အိမ်ရှိတာပဲ။ သည်နေရာရောက်တိုင်း အိမ်ကို ဝင်ခဲ့ကြပါကွာ။ မင်းတို့ ဒီဘက်ကမ်းကို ရောက်လို့မှ ငါ့အိမ်မဝင်ဘူး ကြားရင် မင်းတို့ကို ငါ အဆက်ဖြတ်မှာနော်"

"စိတ်ချပါ ကျော်ကြီးရာ။ ငါတို့ကလည်း မင်းနဲ့ အဆက်မဖြတ်ချင်ပါဘူး။ ဒီမြို့မှာ ဒီသူငယ်ချင်းသုံးယောက်ပဲ ရှိတာ။ သည်နေရာရောက်ရင် ကျော်ကြီးကို သွားတွေ့ရမယ်လို့ ငါတို့ကလည်း ဆုံးဖြတ်ထားပါတယ်"

ကျွန်တော်က ဝင်ပြောလိုက်မှ ကျော်ကြီး ကျေနပ်သွားပါသည်။ ထိုသို့ဖြင့် သူငယ်ချင်းသုံးယောက်အတွဲမှ ကျော်ကြီး ထွက်သွားပါသည်။ ကျောင်းတွင် ကျော်ကြီး မရှိတော့သည့်နောက် ကျွန်တော်နှင့် ဇော်ကြီးမှာ စာကိုသာ ဖိ၍ ကြိုးစားခဲ့ကြသည်။ ကျော်ကြီးမရှိသဖြင့် ရန်ဖြစ်စရာမရှိတော့၍ ကျောင်းသားအားလုံးနှင့် ချစ်ချစ်ခင်ခင် ပြန်ဖြစ်လာခဲ့သည်။ ကျွန်တော်တို့နှစ်ယောက်မှာ စာမေးပွဲကိုလည်း ကောင်းစွာ ဖြေဆိုနိုင်ခဲ့ကြပါသည်။ ကျော်ကြီး၏အိမ်သို့လည်း မကြာခဏရောက်ပါသည်။ ကျော်ကြီး၏ အိမ်ရှေ့ စည်းရိုး၌ သွပ်ပြားပေါ်တွင် သင်္ဘော်ဆေးဖြင့် စာတစ်ကြောင်းရေး၍ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

***"သည်နေရာရောက်ရင် ကျော်ကြီးကို သတိရပါ"***

ကျော်ကြီး၏ လက်ရာပင် ဖြစ်ပါသည်။ ထိုစာတန်းကို ကြည့်၍ ကျော်ကြီး၏အိမ်မှန်း သိသာပါသည်။ ထိုအိမ်သို့ ဝင်လိုက်ရာ ကျော်ကြီးနှင့် တိုက်ရိုက်တွေ့လိုက်ရပါသည်။

"ဘယ့်နယ့်လဲကွ၊ ငါ့အိမ်ကို ရှာဖို့ ခက်သလား။ မင်းတို့ ငါ့ကို သတိရအောင်၊ ငါ ဒီမှာရှိမှန်းသိရအောင် စာရေးထားရတာ။ ဒီဘက်ကမ်းကို ရောက်ရင် ငါ့အိမ်ရှေ့ကို မဖြတ်ဘဲ မရသလို၊ ငါ့ကို မတွေ့ဘဲ ခရီးမဆက်စေဖို့ သတိပေးထားတာပါ"

ကျော်ကြီးမှာ ယခင်အတိုင်း ပျော်ပျော်နေတတ်သဖြင့် အားလုံး ဝမ်းသာကြရသည်။ ကျော်ကြီး၏ ဇနီး မယဉ်မှာလည်း ဖော်ရွေသည့်အပြင် ဟင်းချက်ကောင်းပါသည်။ သူတို့ကျွေးသည့်ထမင်းကို အဝစား၍ ညနေမှ ပြန်ခဲ့ကြသည်။

"စားလို့ သောက်လို့ ကောင်းတယ်ကွာ။ တို့မှာ လက်ဆောင်မပါလာလို့ ထမင်းစားရတာ အားနာနေတယ်။ နောက်တစ်ခေါက်လာမှ လက်ဆောင်ပစ္စည်းတစ်ခုခုပါအောင် ယူခဲ့ပါ့မယ်"

"တန်ဖိုးကြီးတဲ့ လက်ဆောင် မလိုပါဘူးကွာ။ တစ်ခါလာရင် ဆေးပြင်းလိပ်တစ်လိပ်ပါလာရင် ကျေနပ်ပါတယ်။ ငါ့ကို မတွေ့ရင်လည်း ဆေး
လိပ်တစ်လိပ်ထားခဲ့ပေါ့"

အချိန်အားရတိုင်း ဇော်ကြီး
ချိန်း၍ မင်းဘောသို့ သွားခဲ့ကြသ
မင်းဘောသည် ကျွန်းတောလို
အဆင့်မဟုတ်သော်လည်း လမ်းဆ
၍ ခရီးသည်များ မပြတ်ရှိသည်။
ဂိတ်ရှိ၍ ကားများ အဝင်အထွ
သည်။ ကူးတို့ဆိပ်ရှိ၍ တစ်နေ့လုံး
သန်းသွားလာနေကြ၍ စည်ကား
သည်။ မင်းဘောသို့ ဖြတ်၍ ကား
သဖြင့် ခရီးသည်တိုင်း မင်းဘော
ဖြတ်ရသည်။ မင်းဘောသို့ ရောက်
ကျော်ကြီး၏ အိမ်သို့ ဝင်ဖြစ်သ
ကျော်ကြီးနှင့် တွေ့သည့်အခါ ရှိသ
မတွေ့သည့်အခါလည်း ရှိတတ်သ
ကျော်ကြီးနှင့် မတွေ့ရပါက အိမ်
တစ်ဦးဦးကို ဆေးပြင်းလိပ်ပေးခဲ့ရ

တစ်နေ့ သာယာကုန်းရွာအ
သို့ သွားရန် ဇော်ကြီးနှင့်အတူ စ
ကိုယ်စီနှင့် ထွက်ခဲ့ကြသည်။ စ
များကို လှေပေါ် တင်၍ မင်းဘော
ကမ်းသို့ ကူးခဲ့သည်။ မင်းဘော
သည်နှင့် ကျော်ကြီးအိမ်သို့ ဝင်
ကျော်ကြီး၏ အိမ်ရှေ့ရောက်မှ
ပြင်းလိပ် မေ့ကျန်ခဲ့ကြောင်း သ
သည်။

"ဇော်ကြီးရေ . . . ကျော်
အတွက် ဆေးပြင်းလိပ် ဝယ်ထား
အိမ်မှာ မေ့ကျန်ခဲ့ပြီ ဘယ်လိုလ
မလဲ"

"ကားဂိတ်မှာ သွားဝယ်ကြ
ပေါ့"

ကားဂိတ်ရှိ ကွမ်းယာဆိုင်
မှာ လိုက်မေးဝယ်သော်လည်း
ပြင်းလိပ် မရပါ။

"ဒါဆို စီးကရက်ဝယ်သွား
ကွာ"



www.burmeseclassic.com

www.burmeseclassic.com

ဇော်ကြီးက အကြံပေးပါသည်။

"ဒါဆိုလည်း အပြန်ကျမှ ဝင်ပေး မယ်။ အလျှူမှာ ဆေးပြင်းလိပ်ရချင် ပေါ့"

ကျွန်တော်တို့နှစ်ယောက် ယာကုန်းရွာအလှူသို့ စက်ဘီးနှင့် ကြသည်။ အလှူတွင်လည်း ဆေး လိပ် မရခဲ့ပါ။ ညနေ အလှူမှ ပြန်တွင် ကျော်ကြီးအိမ်သို့ ဝင်ခဲ့ကြ ည်။ သို့သော် ကျော်ကြီးဇနီးကိုသာ ခဲ့ရသည်။

"ကိုကျော် အိမ်မှာ မရှိဘူး။ လေ့နဲ့ ပါသွားပါတယ်"

"ကျွန်တော်တို့မှာလည်း အထူး မရှိပါဘူး။ သာယာကုန်းရွာအလှူက လာကြတာပါ။ ကျော်ကြီးအတွက် ပြင်းလိပ်က ဝယ်ပြီးမှ မေ့ကျန်ခဲ့ စီးကရက်ဘူး ဝယ်လာတယ်။ အဲဒါ ခဲ့ချင်လို့ ဖြစ်ပါ့မလား"

"ရပါတယ်ရှင်။ ကိုကျော်က ပြင်းလိပ်မရရင် စီးကရက်ပဲ ာက်ပါတယ်"

"တော်သေးတာပေါ့ဗျာ။ ဒီမှာ ကရက်ဘူး ထားခဲ့ပါရစေ"

"ကျေးဇူးတင်ပါတယ်၊ ကိုကျော် လာရင် ပြောပြပါ့မယ်။ အခု ပြန် ာ့မလို့လား။ ညစာစားသွားဦးလေ"

"အလှူက စားလာလို့ မစားနိုင် ာ့ပါဘူးဗျာ။ နောက်တစ်ခေါက်လာ ထမင်းစားပါ့မယ်"

ကျွန်တော်တို့ ပြန်ခဲ့ကြသည်။

◈◈◈

ဇော်ကြီးမပါလည်း ကျွန်တော် စ်ယောက်တည်း မင်းဘောကို က်တိုင်း ကျော်ကြီး၏ အိမ်သို့ ဝင် ရှိပါသည်။ ရောက်တိုင်း ဆေးပြင်း ပါအောင် သတိထား၍ ယူသွားရ ည်။ ငယ်စဉ်က အလွန်ချစ်သော သူငယ်ချင်းသုံးယောက်မှာ ယခုအခါ တစ်နယ်စီ ဝေးခဲ့ကြရပြီ။ ဆယ်တန်း အောင်ပြီး ဇော်ကြီးနှင့် ကျွန်တော် ရန်ကုန် တက္ကသိုလ်တက်ကြသည်။ ကျောင်းပိတ်ရက် ပြန်လာတိုင်း ကျော်ကြီး၏ အိမ်သို့ ရောက်ဖြစ်ကြသည်။ ကျွန်တော်နှင့် ဇော်ကြီးမှာ ဘွဲ့ရသည်နှင့် ကျွန်တော်က ရန်ကုန်ရုံးကြီးတစ်ရုံးတွင် အရာရှိဖြစ်သလို၊ ဇော်ကြီးက ပုသိမ်တွင် အထက်တန်းပြ ဆရာဖြစ်နေသည်။ ကျော်ကြီးမှာတော့ စက်လှေလုပ်ငန်းဖြင့်သာ မင်းဘောတွင် အခြေချနေထိုင်ပါသည်။

မကြာမီရက်က ကျွန်းတောမြို့မှ မိတ်ဆွေတစ်ဦးနှင့် တွေ့၍ ကျော်ကြီး ကွယ်လွန်ကြောင်း ကြားသိရသည်။ ဇော်ကြီးထံမှလည်း ကျော်ကြီး ကွယ်လွန်ကြောင်း စာရေးအကြောင်းကြား၍ သိရပြန်သည်။ ငယ်သူချင်းတစ်ဦး ဆုံးရှုံးရ၍ စိတ်မကောင်းဖြစ်ရပါသည်။

◈◈◈

ငယ်စဉ်က အကြောင်းများကို တွေးတော စဉ်းစားရင်း အိပ်ပျော်သွားပါသည်။ အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ၊ အစ်ကိုကြီးက ပုတ်၍ နှိုးမှ နိုးလာပါသည်။

"မောင်သော် . . . မင်းဘော ရောက်ပြီ"

ရုတ်တရက် အိပ်ရာက နိုးပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ အပြင်လောကတွင် အမှောင်လွှမ်းနေကြောင်း တွေ့ရသည်။ တစ်ဖက်ကမ်း ကျွန်းတောမြို့က မီးရောင်များကို လှမ်းမြင်နေရသည်။ ပစ္စည်းများကို သယ်ကာ အစ်ကိုကြီးနောက်က လိုက်ရင်း ကားပေါ်က ဆင်းခဲ့သည်။ ကားအောက်ရောက်သည်နှင့် ဦးလေးထွန်း လာရောက်ကြိုနေသည်ကို တွေ့လိုက်ရသည်။

"မောင်သော်···ဒီဘက်ကို လာဟေ့၊ ဦးလေးထွန်းမှာ ပဲ့ထောင်ပါတယ်။

ဦးလေးထွန်း လာကြိုနေသဖြင့် အဆင်ပြေပါသည်။ ပါလာသည့် ပစ္စည်းများကို ဦးလေးထွန်း၏ ပဲ့ထောင်ပေါ်သို့ တင်ပြီး ပဲ့ထောင်ထွက်ခဲ့သည်။

ကျော်ကြီးကို သတိရမိပါသည်။ ကျော်ကြီး မရှိတော့သည့်နောက် ကျော်ကြီးတို့ မိသားစုလည်း ထိုအိမ်တွင် မနေကြတော့ကြောင်း သိရ၍ ကျော်ကြီးကို နှုတ်ဆက်ရန် မလိုတော့ဘဲ ကျော်ကြီးတို့အိမ်ကို ကျော်ဖြတ်နေစဉ် ရုတ်တရက် ပဲ့ထောင် စက်ရပ်သွားပါသည်။ ပဲ့ထောင်မောင်းသူသည် သူ့ပဲ့ထောင်ကို ပြန်လည်စစ်ဆေးနေပါသည်။

"စက်လည်း ကောင်းပါတယ်။ ဘာချို့ယွင်းချက်မှ မရှိဘူး။ ဒါပေမယ့် ဘယ်လိုမှ စက်နှိုးမရတာ စဉ်းစားမရဖြစ်နေတယ်"

ပဲ့ထောင်သမားများ စိတ်ပျက်စွာ ညည်းတွားနေပါသည်။ ဦးလေးထွန်းကလည်း စက်အကြောင်း ကောင်းကောင်းနားလည်သူဖြစ်၍ သူကိုယ်တိုင် စက်ကို နှိုးကြည့်သည်။ ဘယ်လိုမှ စက်နှိုးမရမှ ဦးလေးထွန်း လက်လျှော့လိုက်သည်။

"နောက် ပဲ့ထောင်တစ်စီး ထပ်ခေါ်ရတော့မယ်"

ဦးလေးထွန်းက ပဲ့ထောင်ပေါ်မှ ဆင်းပြီး နောက်ထပ် ပဲ့ထောင်ခေါ်ရန် ပြင်ဆင်နေပါသည်။ ဦးလေးထွန်းလို စက်ကျွမ်းကျင်သူက စက်ချို့ယွင်းမှုကို မသိသော်လည်း ကျွန်တော်က သိလိုက်ပါသည်။ ကျွန်တော်ကိုယ်တိုင်ရှင်းမှ ရတော့မည်။

"ဦးလေးထွန်း···ခဏနေပါဦး။

www.burmeseclassic.com

ပွဲထောင်ကို ကျွန်တော်ကိုယ်တိုင် ပြင်ပေးပါ့မယ်"

"မင်းက စက်အကြောင်း ဘာနားလည်လို့လဲ"

ကျွန်တော်သည် ဦးလေးထွန်းကို ဆက်မပြောတော့ဘဲ အစ်ကိုကြီးဘက် လှည့်ပြောလိုက်သည်။

"အစ်ကိုကြီး . . . စီးကရက်ဘူး ကျွန်တော့်ကို ပေးပါ"

"ဘာလုပ်မလို့လဲ၊ မင်းမှ ဆေးလိပ်မသောက်တာ"

"ကျော်ကြီးအတွက်ပါ"

ဦးလေးထွန်းက နားမလည်နိုင်သဖြင့် ဝင်ပြောလိုက်ပါသည်။

"ကျော်ကြီးမှ မရှိတော့တာ။ သူ့မိသားစုလည်း ဒီမှာ မနေကြတော့ဘူး"

ကျွန်တော်က ဦးလေးထွန်းကို ပြန်ပြောမနေတော့ဘဲ စီးကရက်ဘူးကို ယူကာ ကျော်ကြီးအိမ်သို့ သွားခဲ့သည်။ လူမနေသည်မှာ ကြာပြီဖြစ်၍ အိမ်အဝင်လမ်းပေါ်တွင် မြက်ပင်များ ပေါက်နေကြသည်။ သော့ခတ်ထားသော အိမ်ရှေ့တွင် ရပ်ပြီး နှုတ်က အသံထွက်၍ ပြောလိုက်သည်။

"သည်နေရာရောက်တိုင်း မင်းကို သတိရပါတယ် ကျော်ကြီးရယ်။ မင်းအတွက် စီးကရက်ဘူး ထားခဲ့တယ်။ တို့ မြို့ကို မြန်မြန်ရောက်အောင် ကူညီပါ သူငယ်ချင်းရယ်"

ကျွန်တော်က ကျော်ကြီးကို နှုတ်ဆက်ပြီး အိမ်ရှေ့တွင် စီးကရက်ဘူး ထားခဲ့ကာ ပွဲထောင်ဆီသို့ ပြန်ခဲ့သည်။

ကျွန်တော် ရေစပ်မရောက်မီ ပွဲထော[...]
၏ စက်နှိုးသံကို ကြားလိုက်ရသ[...]
ကျော်ကြီးသည် အသက်ထင်ရှာ[...]
တော့သော်လည်း သူ၏ ဝိညာဉ်[...]
ထိုနေရာတွင် ရှိနေသေးကြောင်း [...]
သည်။ ကျော်ကြီး၏ ကူညီမှုဖြင့် [...]
ချောမောစွာ ရောက်ခဲ့ရပါတော့သ[...]

ကျော်ကြီး ဝိညာဉ်ဘဝမှ [...]
မြောက်ပြီး ကောင်းမွန်သော ဘုံ[...]
သို့ ရောက်ရန် သူ့အတွက် ဒါ[...]
ကုသိုလ်ကောင်းမှု လုပ်ပေးရ[...]
တော့မည် ■

* * *

ကောင်းဒေ[...]


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟော[...]**



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်ဖခမဲ့ရွေးပေးခြင်း[...]
နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်[...]
စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအ[...]
များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာ[...]
ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမ[...]
စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ[...]
သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူး[...]
ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားပည့်ရက်ကောင်း[...]
နာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယတြာများ()(;ဆရာဝန်နှင့်တိုင်[...]
ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ဂိုင်းခြားယားသော[...]
များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်[...]
အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကော[...]
နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူ[...]
စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေး[...]
မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်[...]
သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အော[...]
ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာ[...]
ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အော[...]
မည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟော[...]
များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့ VPL ဖြင့်လည်းကောင်းဘ[...]
လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍[...]
သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေး[...]
မည်ဖုန်းသာဆက်လိုက်ပါတိုက်(၃၅)မြေညီထပ်(၈၇)လမ်းမင်္ဂလာတော[...]

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01- 394727, 399426, 09-73009994, 09-73078260, 09-515[...]




www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

ရှေ့ရှေ့နောက်နောက် ဆင်ခြင်တွေးခေါ်နိုင်စွမ်းအား မြင့်မားနေမည့်ကာလ။ အောင်မြင်မှု ထင်ထင်ရှားရှား ကြုံမည်။ ကံတရားက သင့်ဘက်မှာ ရပ်တည်နေပေလိမ့်မည်။ ပြိုင်ဘက်တို့ အားကျလောက်သော အဆင်ပြေမှုမျိုးကြုံရတတ်သည်။ ရင့်သန်ထက်မြက်သော စတိုင်ဖြင့် လှုပ်ရှားဆောင်ရွက်နေပေလိမ့်မည်။ ခရီးသွားပြီး ကြီးပွားမည်။ ကျန်းမာရေးအနေဖြင့် အနည်းငယ် ဂရုစိုက်ရန်လို၏။ ဝမ်း၊ လေ ဖောက်ပြန်မှုမျိုးနှင့် ကြုံရတတ်၏။ အချစ်ရေးမှာ ရင်ခုန်သံတိုင်း အချစ်မဟုတ်ကြောင်းကို နားလည်ခွင့်ကြုံမည်။

ထီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၂)အဆုံး၊ (၆)အစ (၃)အဆုံး။
ယတြာ - သီလရှင်များကို ဆန်၊ ဆီ၊ ဆေးနှင့် ငွေ လှူဒါန်းကုသိုလ်ပြုပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

မနေမနားလုပ်ဆောင်တတ်သော ဇွဲစိတ်ရှိနေမည့် ကာလ။ ဘာသာတရားကို ယုံကြည်မှုသဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် လုပ်ဆောင်ခြင်းကြောင့် အောင်မြင်မှုကြီးကြီးမားမားကြုံရပေလိမ့်မည်၊ ရတနာ၊ စိန်၊ ရွှေ၊ ငွေ ပိုင်ဆိုင်ခွင့် ကြုံရပေလိမ့်မည်။ ပါးနပ်လိမ္မာစွာ လုပ်ဆောင်တတ်ခြင်းကြောင့် အရောင်းအဝယ်ကိစ္စတို့ အိုကေမည်။ နာမည်ဂုဏ်သတင်းကြီးမြင့်မှု ကြုံရပေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် စားချင်တိုင်း မစား၊ သွားချင်တိုင်း မသွားသောကြောင့် ကျန်းမာနေမည်။ အချစ်ရေးမှာ ချစ်သူလေးက ငြင်းပယ်မှာ စိုးရိမ်နေမိမည်။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၄)အစ (၂)အဆုံး၊ (၃)အစ (၆)အဆုံး။
ယတြာ - မွေးနံထောင့်မှာ သီလခံယူပြီး တံခွန်၊ ကုက္ကားများ လှူဒါန်းပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

အတိုင်းထက်အလွန် ကံကောင်းမှုကြုံရမည့်ကာလ။ လုပ်ငန်းနယ်သစ်ကို ခြေချခွင့်ကြုံမည်၊ ဈေးကွက်သစ်ကြုံရပေလိမ့်မည်၊ လူမှုရေးနယ်ပယ် ကျယ်ပြန့်နေပေလိမ့်မည်၊ အိမ်၊ ခြံ၊ မြေ တိုက်တာကိစ္စကြောင့် အကျိုးများ တိုးပွားပေလိမ့်မည်။ ယာဉ်၊ စက်၊ ပစ္စည်းကြောင့် အမြတ်များများရမည်။ လှပသော သီရိဂေဟာမိသားစုဘဝကို တည်ဆောက်ခွင့် ကြုံရမည်။ အတွေ့အကြုံနှင့် ဗဟုသုတများစွာရရှိစေမည့် ခရီးတစ်ခုထွက်ရမည်။ ကျန်းမာရေးအတွက် ဣရိယာပုတ်လေးပါး မျှမျှတတနေထိုင်သင့်၏။ အချစ်ရေးမှာ တဒိတ်ဒိတ် ရင်ခုန်မှုများ ပေါက်ဖွားစေမည့် ချစ်ရသူနှင့် ကြုံမည်။

ထီထိုးသင့်သောနေ့ - ကြာသပတေး၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၈)အစ (၂)အဆုံး၊ (၉)အစ (၆)အဆုံး။
ယတြာ - နေ့စဉ်နေ့တိုင်း သမ္ဗုဒ္ဓေဂါထာကို နံနက်၊ နေ့လယ်၊ ည သုံးခေါက်ဆီ ရွတ်ဆိုပါ။



www.burmeseclassic.com

www.burmeseclassic.com

**ကရကင့်ရာသီ**



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

စွန့်စားလိုသော စိတ်ဓာတ်ထူးရှိနေမည့် ကာလ။ ကြွယ်ဝ ချမ်းသာလိုမှုကို ဦးတည်လျက် တရား လမ်းတကျ လုပ်ဆောင်နေလိမ့်မည်။ အခြေအနေနှင့် အချိန်အခါကို ကြည့်ပြီး လှုပ်ရှားနေလိမ့် အငြင်းအခုန်အချို့တော့ ကြုံရတတ်၏။ နိုင်ငံရပ်ခြား ဘာသာစကားတို့ကို လေ့လာသင်ယူခွင့် လိမ့်မည်။ ဘဝတိုးတက်စေမည့် ထူးခြားသော အပြောင်းအလဲအချို့နှင့် ကြုံမည်။ ကျန်းမာ သဘာဝ ဓာတ်စာများဖြစ်သော မုန်လာဥနီ၊ မုန်လာဥဖြူ၊ ခရမ်းချဉ်သီး စသော ဟင်းသီးဟင်းရွက် ကို စားသုံးပေးပါ။ ချစ်သူကို ဥပေက္ခာပြုကာ ဘဝတိုးတက်ရေးအတွက် ကြိုးစားနေလိမ့်မည်။

**ထီးထိုးသင့်သောနေ့** - ကြာသပတေး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၃)အဆုံး၊ (၂)အစ (၀)အဆုံး။

**ယတြာ** - စေတနာရှိသူကို မုန့်နှင့် ငွေလှူဒါန်းပါ။

**သိဟ်ရာသီ**



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

ပိတ်ဆို့နေသော မြူနှင်းတို့ကို တိုက်ဖျက်၍ တောက်ပသော နေရောင်ခြည် ဖြာဝင်းသော အ ဖြစ်ပေလိမ့်မည်။ မမျှော်လင့်ထား မမျှော်မှန်းထားသော အခွင့်ထူးတစ်ခုကြုံမည်။ ရည်မှန်းချက်အ အောင်မြင်မည်။ အကောင်းမြင် အပြုတွေးတတ်သူဖြစ်သောကြောင့် ပတ်ဝန်းကျင်နှင့် အဆင်ပြေ ခရီးသွားလာမှုကြောင့် ဂုဏ်သိက္ခာလည်း ရှိပြီး ပညာလည်း တိုးမည်။ ကျန်းမာခြင်းတည်းဟူ လာဘ်ကြီးကို ပိုင်ဆိုင်ခွင့်ကြုံရပေလိမ့်မည်။ ချစ်သူက သင့်ဘဝထဲကို တဖြည်းဖြည်းချင်း ချဉ်း ဝင်ရောက်လာပေလိမ့်မည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၃)အဆုံး၊ (၅)အစ (၈)အဆုံး။

**ယတြာ** - အိမ်ရှိ ဘုရားမှာ ယို (၉)မျိုးလှူဒါန်းပါ။

**ကန်ရာသီ**



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

လှုပ်ရှားပျော်ရွှင် အောင်ပွဲဝင်ရမည့် ကာလ။ ရင်ထဲမှ အပျော်လေးများ ဝိုင်းဖွဲ့ ကခုန်နေလိမ့် အတွေးအခေါ်ရင့်သန် ကောင်းမွန်နေပေလိမ့်မည်။ အင်တာဗျူးဖြေဆိုမှု ကိစ္စရပ်တို့မှာ အဆင် ထူးထူးခြားခြားကြုံမည်။ လတ်တလောမှာ အနှစ်နှစ်အလလက တောင့်တနေသော ဆန္ဒထူး ပေလိမ့်မည်။ စိတ်ဓာတ်ကြံ့ခိုင်မှု အားကောင်းနေပေလိမ့်မည်။ ယုံကြည်ချက် မာနအပြ ဘဝကို လျှောက်လှမ်းနေပေလိမ့်မည်။ ကွဲကွာနေသော မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန် ဆုံဆည်းရတတ်သည်။ ကျန်းမာစေရန် ရှာခြောက်ပါးကို သင့်တင့်မျှတစွာ စားသုံးသင့်၏။ အချစ်ရေးမှာ တော မျှော်လင့်နေသော ဆန္ဒပြည့်ဝ ပျော်ရွှင်ရပေလိမ့်မည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၄)အစ (၇)အဆုံး၊ (၉)အစ (၆)အဆုံး။

**ယတြာ** - ကျောင်းသားများကို စာအုပ်နှင့် စာရေးကိရိယာ လှူဒါန်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## တူရာသီ



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

အဖြေရှာရန်ခက်သော ဘဝပုစ္ဆာများကို အဖြေညှိရမည့် ကာလ။ လက်လွှန်ထားသော ငွေကြေးများကြောင့် ခေါင်းခဲရတတ်သည်။ ပြဿနာကိစ္စရပ်တို့က လွယ်မယောင်နှင့် ခက်နေ၏။ တွေဝေစရာ၊ စိတ်ရှုပ်စရာ၊ ခေါင်းစားစရာတို့နှင့် ကြုံရတတ်သည်။ ကိစ္စအဝဝတို့တွင် အတွေ့အကြုံနှင့် အကြံဉာဏ်ရှိသူတို့နှင့် တိုင်ပင်ဆောင်ရွက်သင့်၏။ မြော်မြင်ချင့်ချိန်မှု အားကောင်းလျှင် ကောင်းသလောက်အဆင်ပြေမှု ကြုံရပေလိမ့်မည်။ ကျန်းမာစေရန် အသက်ကို ဉာဏ်စောင့်သောကြောင့် မိမိကိုယ်ဂရုစိုက်သင့်၏။ အချစ်ရေးမှာ ဂုဏ်သိက္ခာနှင့် အချစ်ကို လဲလှယ်ရပေလိမ့်မည်။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၃)အဆုံး၊ (၅)အစ (၈)အဆုံး။
ယတြာ - အိမ်ရှိ ဘုရားမှာ ယို(၉)မျိုး လှူဒါန်းပါ။

## ဗြိစ္ဆာရာသီ



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

"ဝ"ရှိပြီး "ဗိ"လုပ်ခွင့်ကြုံရမည့် ကာလ။ အတွေ့အကြုံရင့်သန်နေပေလိမ့်မည်။ စိတ်ကူးကောင်း၊ အကြံဉာဏ်ကောင်းတစ်ခုကြောင့် ကောင်းသော ပြောင်းလဲတိုးတက်မှု ကြုံရပေလိမ့်မည်။ လုပ်ငန်းသစ်၊ နယ်ပယ်သစ် ချဲ့ထွင်မှုကိစ္စမှာ မျှော်မှန်းထားသည်ထက် ပိုမိုအဆင်ပြေပေလိမ့်မည်။ ယာယီခရီးသွားလာရတတ်သည်။ ယာဉ်၊ စက်ပစ္စည်းအတွက် ညှိနှိုင်းပြောဆိုမှုအချို့ ပြုရလိမ့်မည်။ ကျန်းမာစေရန် ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကို သင့်တင့်ရုံ စားသုံးပေးသင့်၏။ အချစ်ရေးမှာ စိတ်ဓာတ်ခွန်အားများပေးမည့် ချစ်သူနှင့် ကြုံမည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၂)အဆုံး၊ (၄)အစ (၁)အဆုံး။
ယတြာ - လူကြီးမိဘ၊ အကြီးအကဲတို့၏ ဝေယျာဝစ္စပြုလုပ် ကုသိုလ်ယူပါ။

## ဓနုရာသီ



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

ကံဇာတာစန်းလာဘ် တက်နေမည့် ကာလ။ ကာယသုခ၊ စိတ္တသုခ ပြည့်စုံနေမည်။ မည်သည့်ကိစ္စကိုမဆို အသေးစိတ်ကျကျ လုပ်ကိုင်တတ်သည်။ ၄ပ်လျှိုနေသော ဝီရိယထူးနှင့် သတ္တိစွမ်းရည်တို့ကို ပေါင်းစပ်ကာ ကြိုးစားနေမည်။ သမားရိုးကျမှ ခွဲထွက်ပြီး ဆန်းသစ် တီထွင်မှုတို့နှင့် အဆင်ပြေမည်။ မိတ္တဗလနှင့် ပြည့်စုံနေမည်။ မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်များ ရှိနေလိမ့်မည်။ လူချစ်လူခင်ပေါ်များနေလိမ့်မည်။ မိမိကိုယ်မိမိ ဂရုတစိုက်စောင့်ရှောက်တတ်ခြင်းကြောင့် ကျန်းမာနေမည်။ အချစ်ရေးမှာ ချစ်သူက သင့်အတွက် မင်္ဂလာရှိသော သတင်းများ သယ်ဆောင်လာပေးလိမ့်မည်။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၈)အစ (၀)အဆုံး၊ (၂)အစ (၅)အဆုံး။
ယတြာ - သားကြီးငါးကြီးရှောင်ပါ။ မေတ္တာနှင့် ယှဉ်သောစိတ်ကို မွေးမြူပါ။



www.burmeseclassic.com

www.burmeseclassic.com

**မကာရရာသီ**



CAPRICORN

( ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

ဉာဏ်အလင်းရောင် တောင်ပနေမည့် ကာလ။ သင့်အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတ ကြောင့် ဘဝတင့်တင့် ဝင့်ထည်နေမည်။ ဘဝတက်လမ်း တိုးတက်ခွင့်များ ကြုံမည်။ ကံထ ဉာဏ်ကို အားကိုးနေပေလိမ့်မည်။ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်မှု အိုကေ စိုပြည်မည်။ ငွေကြေး အပြုံလိုက် ရရှိကိန်းရှိ၏။ ကျန်းမာရေးအနေဖြင့် ဝမ်းမှန်အောင် ကြိုးစားပါ။ နေ့စဉ် မန်ကျည်း ရည်တစ်ခွက်သောက်သုံးပေးသင့်၏။ အချစ်ရေးအနေဖြင့် နှလုံးသားကို ဂယက်ထသွားစေ တစ်စုံတစ်ရာ အဖြစ်အပျက်အချို့နှင့် ကြုံမည်။

**ထီထိုးသင့်သောနေ့** - ကြာသပတေး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၆)အဆုံး၊ (၆)အစ (၆)အဆုံး။

**ယတြာ** - မွေးနံ့ထောင့်မှာ ရေသပ္ပာယ်ပြီး နှင်းဆီပန်းနှင့် အောင်သပြေလှူဒါန်းပါ။

**ကုမ်ရာသီ**



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

ကံတရားအလှည့်အပြောင်း နွဲ့နှောင်းနေမည့် ကာလ။ သင့်အတွေးအခေါ် အမြော်အမြင် စဉ်း များက သင့်ဘဝတက်လမ်းကို ပို့ဆောင်ပေးပါလိမ့်မည်။ စွမ်းအားသတ္တိအပြည့်အဝရှိနေလိမ့် ဘဝအထွဋ်အထိပ်ကို ရောက်စေမည့် အထူးအခွင့်အရေးအချို့နှင့် ကြုံရလိမ့်မည်။ တာဝ တာဝန်ကျေပွန်နေလိမ့်မည်။ စေတနာကောင်းပြီး ကံကောင်းလိမ့်မည်။ ဂုဏ်ရှိဆန်သော ကိစ္စရပ် ကို စိတ်ဝင်စားနေပေလိမ့်မည်။ ကျန်းမာရေး ဒေါင်ဒေါင်မြည်ကောင်းနေပေလိမ့်မည်။ ချစ်သူ ရေရှည် လက်တွဲခွင့်ကြုံမည်။

**ထီထိုးသင့်သောနေ့** - ကြာသပတေး၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၁)အဆုံး၊ (၄)အစ (၀)အဆုံး။

**ယတြာ** - မိတ်ဆွေများကို မိမိနှစ်သက်ရာ စားဖွယ်ရာဖြင့် အာဟာရ ဒါနပြုပါ။

**မိန်ရာသီ**



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

အခွင့်အလမ်းကို အမိအရဖမ်းဆုပ်နိုင်မည့် ကာလ။ ရာထူး တိုးတက်ကြီးပွား အောင်မြင်မှု ကြ လိမ့်မည်။ ရာထူးတက်မည်။ ဝင်ငွေတိုးမည်။ ဂုဏ်သိက္ခာတက်မည်။ အကင်းပါးစွာ အတုနိုး သောကြောင့် အရောင်းအဝယ်ကိစ္စတို့ အဆင်ပြေမည်။ အားကြိုးမာန်တက် ကြိုးစားနေ လတ်တလောကိစ္စ မုချ အောင်မြင်လိမ့်မည်။ အားရကျေနပ်ဖွယ်ရာ ဘဝအနေအထားကို ရ မည်။ ကျန်းမာစေရန် မိုးမိမခံသင့်ပေ။ ခြေထောက် အအေးမခံသင့်ပေ။ မိမိကိုယ်မိမိ နွေးနွေး ထွေးနေထိုင်သင့်၏။ အချစ်ရေးမှာ အကြည့်ချင်းဆုံသည့် တဒင်္ဂလေးမှာ အချစ်စစ်စစ်တို့ ပေါက်ဖွား လာပေလိမ့်မည်

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၇)အဆုံး၊ (၈)အစ (၅)အဆုံး။

**ယတြာ** - အိမ်ရှိ ဘုရားမှာ သီလခံယူပြီး မိမိနှစ်သက်ရာ ဂါထာကို ရွတ်ဖတ် ပူဇော်ပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

# ပျားရည်၏ ဆေးဖက်ဝင်အာနိသင်များ

ညွန့်ဝင်း(နတ္တာလင်း)



အိမ်အိုလျှင်ကျားကန်၊ လူအိုလျှင် ပန်းပန်ဆိုသော ...ားရှိသည်။ အိမ်အိုလာလျှင် ကျားကန်ပေးမှ မယိမ်းမယိုင် ...ကြာရှည်ခံမည်။ လူအိုလာလျှင် ပန်းပန်ပေးမှ (အထူး...ဖြင့် အမျိုးသမီးများ) လှပတင့်တယ်သည်ဟု ဆိုလိုသည်။ ...တွင် စာရေးသူအနေဖြင့် "ပန်းပန်ပါ" ဆိုသည့်စကားကို ...န်းမာရေးရှုထောင့်မှ တွေးကြည့်လျှင် "ပျားရည်သုံးစွဲပါ" ...လိုချင်သည်။ ပျားရည်ဆိုသည်မှာ ပျားတို့စုပ်ယူစုဆောင်း...သော ပန်းဝတ်ရည်ချိုများပင်ဖြစ်သည်။

ပျားရည်တွင် ဆေးဖက်ဝင်အာနိသင်ထူးများ များစွာပါရှိ...ည်။ ရသာရနံ့ ချိုမွှေးပြီး ရင်ချောင်စေသည်။ ကျန်းမာရေး...တွက် အချိုရှောင်ကြသူများပင် သုံးစွဲနိုင်သည်။ ပျားရည်တွင် ...သ်လိုရီနှင့် ဗီတာမင်ဓာတ်များစွာပါရှိပြီး အခြားမဖော်ထုတ်...သေးသော အင်ဇိုင်းဓာတ်များလည်း ရှိနေသေးကြောင်း ...ပါသည်။

ပျားရည်ကို ပုံမှန်မှီဝဲခြင်းဖြင့် ပိန်သူကို ဝစေပြီး၊ ဝသူကို ...စေကာ အသားအရေကျစ်လျစ်စေသည်။ အစာအိမ်ရော...ဒနာရှင်များသည် ဒိန်ချဉ်ကို ရေခဲမထည့်တဲ့ ပျားရည်ရော...သောက်သုံးပေးပါက သက်သာပျောက်ကင်းစေ၏။ အိပ်ရာ...တွင် ဆီးပေါက်တတ်သော ကလေးကို ပျားရည်တိုက်ပေး...ဖြင့် ဆီးထိန်းနိုင်စေ၏။ ပျားရည်ကို ကြက်သွန်ဖြူ၊ သံပရာရည်တို့နှင့် ရောစပ်မှီဝဲလျှင် ဆီးဝမ်းသွေးလေမှန်၍ အသားအရေကျစ်လျစ်လှပလာမည်။

ပျားရည်ကို အနာကျက်ဆေးအဖြစ်သုံးနိုင်၏။ ကျက်ခဲသော အနာကို ပျားရည်အနည်းငယ်ထည့်ပေးလျှင် မြန်မြန်ပျောက်ကင်းလွယ်သည်။ အမျိုးသမီးများ သားအိမ်လည်တိုင်နာဖြစ်၍ အဖြူဆင်းသော် ပျားရည်စစ်စစ်ကို ဝါဂွမ်းသန့်သန့်ဖြင့်ဆွတ်လျက် ယောနိအတွင်း ထည့်ပေးနိုင်သည်။

အလုပ်ကြမ်းသမားများ သက်ကြီးရွယ်အိုများ၊ အားကစားသမားများနှင့် ကလေးသူငယ်များသည် ပျားရည်ပုံမှန်မှီဝဲခြင်းဖြင့် ခွန်အားပြည့်ဖြိုး ကျန်းမာမည်ဖြစ်သည်။ အသားအရေလှပလိုသူများ ဂရစ်ဆလင်အသားလိမ်းဆီနှင့် ရောလိမ်းပေးနိုင်သည်။ ကလေးများမှတ်ဉာဏ်စွမ်းရည်ကောင်းမွန်စေရန် မြင်းခွာရွက် သတ္တုရည်နှင့် ရောစပ်တိုက်ပေးနိုင်၏။ မည်သူမဆို ပျားရည်မှန်မှန်သုံးစွဲပေးပါက အမောလုံ၍ စားဝင်အိပ်ပျော်ကာ ကျန်းမာသုခနှင့် ပြည့်စုံမည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

* * *

ညွန့်ဝင်း(နတ္တာလင်း)



www.burmeseclassic.com

www.burmeseclassic.com

# လူတိုင်း သတိပြုသင့်သော အဆိုးအညံ့ နှစ်-ပြဲတွဲနှင့် ပြေပျောက်စေသော ယတြာ

အောင်ကောင်းချမ်း (သာကေတ)

စာရေးသူသည် လွန်ခဲ့သော ၁၇နှစ် (၁၉၉၇ခုနှစ်) မှစ၍ လောကီပညာရပ်တွင် ပါဝင်သော မြန်မာ့ရိုးရာဗေဒင်ပညာရပ်ဖြစ်သည့် မဟာဘုတ်၊ ဆန်းကျမ်းနှင့် သုံးတန်ပေါ်နိစ်၊ အင်္ဂဝိဇ္ဇာပညာများကို စိတ်ဝင်တစား လေ့လာသင်ယူ သုတေသနပြုခဲ့ပါသည်။ ဆန်းကျမ်းပညာနှင့် သုံးတန်ပေါ်နိစ်ပညာတွင် အကောင်းနှင့် အဆိုး ဒွန်တွဲလျက်ရှိသည်။

တစ်နှစ်တာကာလ သက်ရောက်တိုင်တွင် ဂြိုဟ်(၇) လုံး ဖော်ပြ(တိုင်ထူ)ထားသည်။ အပေါ်တန်းတွင် ဂြိုဟ်သုံးလုံး၊ အောက်တန်းတွင် ဂြိုဟ်လေးလုံးရှိသည်။ ထိုဂြိုဟ်များ ရပ်တည်ရာ နေရာဌာနကို ကြည့်၍ အဆိုး၊ အကောင်း ယှဉ်တွဲ တွေးခေါ်ယူဆ ဆုံးဖြတ်ချက်ချ ဟောရပေသည်။

ဂြိုဟ်ရစ်ခွင်သက္ခတ်ဗေဒင်တွင် အကောင်း လေးခွင်နှင့် အဆိုး လေးခွင် ယှဉ်တွဲနေသည်။ တစ်နည်းအားဖြင့် အကောင်းလောကဓံ လေးပါး၊ အဆိုးလောကဓံ လေးပါး တစ်လှည့်စီ ဖြစ်ပေါ်နေသည်။ ကောင်းသော ဂြိုဟ်ခွင်တွင် ရာနှုန်းပြည့် ကောင်းမည်၊ ဆိုးသော ဂြိုဟ်ခွင်တွင် ရာနှုန်းပြည့် ဆိုးမည်ဟု ပျှမ်းမျှသဘော ဟောဆိုနိုင်သော်လည်း ဆန်းကျမ်း သုံးတန်ပေါ်နိစ်တွင် တိုင်တစ်ခု၊ တစ်နှစ်တာကာလတွင် အဆိုးအကောင်း ခွဲခြားဟောဆိုမှု ပြုနိုင်ပါသည်။

စာရေးသူအနေဖြင့် ဆန်းကျမ်း၊ သုံးတန်ပေါ်နိစ်ပညာကို စာတွေ့၊ လက်တွေ့ လေ့လာခဲ့ပါသည်။ နှစ်ပေါင်း ၂၀ နီးပါး လေ့လာခဲ့သည်။ ဂြိုဟ်သက်ရောက်တိုင်တွင် အားချိန်၍ အားအဆိုးဆုံး၊ အလတ်၊ အနည်းဆုံးတို့ကို အပေါင်း အနုတ်ဖြင့် ချိန်ဆ ဟောပြောရာ ရာခိုင်နှုန်းအတော်များများ မှန်သည်။ သို့သော် ထိုနည်းမှာ အခြေခံတွက်နည်းမှ စ၍ ရေးသားဖော်ပြမှ (သို့မဟုတ်) အခြေခံရှိပြီးသားသူသာ [illegible] ၍ နားလည်နိုင်မည်။

ယခု စာရေးသူ ဖော်ပြမည့်နည်းမှာ သုံးတန်ပေ[illegible] ဆန်းကျမ်းတွင် အများဆုံး ရှောင်ခိုင်းသော နှစ်+ပြဲ တွဲ[illegible] သည်။ ဆိုးကျိုးပေးသော နှစ်နံတွဲဖြစ်သည်။ လက်[illegible] စမ်းသပ်ကြည့်နိုင်သည်။ အထူးသဖြင့် မိမိအမည် နှ[illegible] ဆုံနေလျှင် ပို၍ဆိုးနိုင်သည်။ စာဖတ်ပရိသတ်များ သ[illegible] ပေါက်အောင် ဥပမာတစ်ခု တွက်ပြပါမည်။

**အမည် - ဦးအေးမြင့်**
**အသက် - ၆၅နှစ်**
**နေ့နံ - တနင်္ဂနွေသား**
**၆၅ ÷ ၈ = ၁ ကြွင်း**

(၁)ကြွင်းသောကြောင့် တနင်္ဂနွေသက်ရော[illegible] ဖြစ်သည်။

| | | |
|---|---|---|
| * ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၇ |

( ဂြိုဟ်ရစ်ခွင် )

တနင်္ဂနွေသား၊ တနင်္ဂနွေသက်ရောက်ဖြစ်၍ သ[illegible] မျှော် တစ်ခွင်ဆုတ်ပါက (၄)တန်းစီးဖြစ်သည်။ ခ[illegible] သားသမီး မည်သူမဆို တနင်္ဂနွေသက်ရောက်ပါက [illegible] ဖြစ်သည်။

ထိုနိစ်ကို ဆန်းကျမ်းပညာ၊ သုံးတန်ပေါ်နိစ်ပညာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

၆

(၅) ပြ (မြင့်)

၄

―――

၃

၂

(၁) နိစ်ကြီး (အေး)

၇

( တနင်္ဂနွေသက်ရောက်တိုင် )

...နွန် (၆)ဟု ခေါ်သည်။ နိစ် (၄)ကို မန္ဒနိစ်ဟု ခေါ်သည်။ ... နိစ်+ပြတွဲမိနေသော ဦးအေးမြင့်သည် ဦးနှောက် သွေးခဲ ... အထူးကုဆေးရုံရောက်သွားသည်။ အာရုံကြော ထိခိုက်၍ ...ကြောတွေ ဆိုင်းပြီး လေဖြတ်သလိုဖြစ်သွားသည်။ ဆေးရုံ ...ဆင်းလာပြီး သောက်ဆေး၊ စားဆေးဖြင့် ကုသမှု ခံနေရ ...သည်။

ထိုနိစ်+ပြတွဲ မြို့၊ ရွာ၊ ဒေသ၊ အမည်၊ နေ့ရက်၊ လူ၊ ...ည်း အစားအစာ စတာတွေကို ရှောင်ရမည်။ ခရီးသွား၊ ...င်းလျှော်တာကအစ ရှောင်ရသည်။

နောက်ဥပမာတစ်ခု ထပ်ဖော်ပြပေးပါမည်။

တနင်္လာသက်ရောက်သော ဝင်းအောင်ဆိုသူ ၄ဟူး ... အသက် ၄၇နှစ်။

၂

၁ ← အောင်

၇

―――

၆

၅

၄ ⌋ ဝင်း

၃

ဗုဒ္ဓဟူးသား အသက် ၄၇နှစ်သည် တနင်္လာသက် ...က်ဖြစ်သည်။ ဘုမ္မိ (၄)လည်း မိနေသည်။ မွေးနံ ၄ဟူး ...ကြီးနေရာရောက်နေသည်။ အမည် ဝင်းအောင်(၄+၁) ...တွဲမိနေသည်။ အလုပ်ပြုတ်သွားသည်။ အကယ်၍ ...နေ့သားဆိုပါက ကျန်းမာရေး ဂရုစိုက်ရမည်။ ထို တနင်္ဂ ...င် ဗုဒ္ဓဟူးအတွဲ နေ့ရက်၊ လူ၊ ပစ္စည်း၊ အစားအစာတို့ ...ရှောင်ပါ။

အင်္ဂါ၊ ဗုဒ္ဓဟူးသက်ရောက်သူတိုင်း (၂+၆) (၆+၂) ... အမိကထား ရှောင်ရပါမည်။ တနင်္လာ+သောကြာ၊ သောကြာ + တနင်္လာ အမည်တွဲများ ပို၍ ဂရုစိုက်ရပါမည်။

၇

(၆) ပြ

၅

―――

၄

၃

(၂) နိစ်

၁

( အင်္ဂါ + ဗုဒ္ဓဟူးသက်ရောက် )

အင်္ဂါ + ဗုဒ္ဓဟူးသက်ရောက် နိစ်+ပြအမည်ပိုင်ရှင် ဖြစ်စေ၊ နိစ်+ပြအတွဲဖြစ်စေ ကြိုတင် သတိထား ရှောင်ရမည်။ ထိုသက်ရောက်တွင် သူခိုးခိုးခံရခြင်း(၆+၂)၊ ခါးပိုက်နှိုက်၊ ငွေချေးဟားခြင်းကိစ္စ၊ အကြွေးကိစ္စ၊ ခရီးသွားအန္တရာယ် စသည်တို့ ကြုံတွေ့နိုင်သည်။

စာရေးသူ အင်္ဂါ + ဗုဒ္ဓဟူးကြိုဟ်ဖြတ်စဉ် သွေးချွန်သူ ဆိုသူနှင့် ပြဿနာတက်ရသည်။ အင်္ဂါသမီး မိခင် ကျန်းမာရေးညံ့ပြီး ဆုံးပါးသွားရသည်။ အင်္ဂါဂြိုဟ် (နိစ်ကလေး)မိနေသည်။ ဤသက်ရောက်တွင် သခွားသီး၊ သကြား၊ ကြက်သား၊ ငါး၊ ကြက်သွန်များ မစားသင့်ပေ။ နေ့စဉ်မပျက် စွဲစားကြည့်ပါက ကျန်းမာရေးညံ့လာသည်။ တနင်္လာ၊ သောကြာနေ့ ခရီးသွားခြင်း၊ ခေါင်းလျှော်ခြင်း၊ အကြံအစည်ပြုခြင်း ရှောင်ပါ။ သစ်ခွ ပန်း ဘုရား မလှူရ။

စနေသက်ရောက်သူတိုင်း (၃+၇)၊ (၇+၃) နိစ်ပြတွဲမိနေသည်။ စနေသက်ရောက်သော ခုနစ်နေ့သားသမီးများအားလုံး မိမိအမည်သည် အင်္ဂါ+စနေနံတွဲဖြစ်နေပါက အမှုပြဿနာပေါ်တတ်သည်။ ဆေးထိုးမှား၊ ကျန်းမာရေးအညံ့ကြုံရတတ်သည်။ အသက်အန္တရာယ်ထိ ကြုံတွေ့နိုင်သည်။

ကြာသပတေးသက်ရောက်တွင် (၂+၅)၊ (၅+၂)၊ တနင်္လာ+ကြာသပတေးအမည်တွဲများ၊ မွေးနံရှင်များ သတိထားပါ။

ရာဟုသက်ရောက်သူ ခုနစ်နေ့သားသမီးများ (၃+၆)၊ (၆+၃) သောကြာနှင့် အင်္ဂါ၊ အင်္ဂါနှင့် သောကြာအတွဲများ၊ အမည်များ အဆိုးအညံ့ကြုံရမည်။ တစ်ခုမဟုတ် တစ်ခု ကျိန်းသေကြုံတွေ့ရမည်။ ထိုနေ့နံတွဲ အစားအစာများကိုလည်း ရှောင်ရမည်။ ထိုနှစ်ရက် ခေါင်းလျှော်၊ ခရီးဝေးသွားခြင်း၊ ဆေးကုသခြင်းတို့ ရှောင်ရပါမည်။

သောကြာသက်ရောက်သော ခုနစ်နေ့သားသမီးတိုင်း



www.burmeseclassic.com

www.burmeseclassic.com

စနေ+ဗုဒ္ဓဟူး(၇+၄)၊ ဗုဒ္ဓဟူး+စနေ(၄+၇)တွဲတွေ ညှံ့နေပါသည်။ အထူးသတိထားပါ။ ကြိုတင် ကာကွယ်မှု ပြုလုပ်ပါ။ ထိုနှစ်နံ့တွဲ အစားအသောက်များကို ရှောင်ပါ။ နာရီအသစ်၊ အဟောင်း ထွက်သွားလျှင်လည်း ကောင်းသည်။ ဝင်လျှင် မကောင်းပါ။ အဆိုးအကောင်း ဒွန်တွဲနေသည်။ နှစ်+ပြုအညှံ့ ဂြိုဟ်များကို ပြေပျောက်စေရန် ယတြာချေရမည်။

*** တနင်္ဂနွေသက်ရောက်**တွင် နှစ်ပြုတွဲမှာ (၁+၅)(၅+၁)ဖြစ်သည်။ ထို့ကြောင့် မအူသား လက်တစ်တောင် (ကျား- ညာလက်တစ်တောင်) (မ-ဘယ်လက်တစ်တောင်)ခန့် ဖြတ်၍ မိမိမွေးနေ့၌ ညအိပ်ရာဝင်ချိန်တွင် ခြေရင်း၌ ကန့်လန့်ဖြတ်ထားပြီး အိပ်ပါ။ နောက်နေ့ မွန်းလွဲပြီးနောက်ပိုင်းတွင် ထိုကိုင်းကို ယူ၍ အလယ်မှ ဓားဖြင့် နှစ်ပိုင်းပိုင်းပါ။ ပိုင်းသောအခါ "ငါ့ဒဏ် နင်ခံ"ဟု ပြောပါ။ ပစ်သောအခါ အရှေ့မြောက် တစ်ခု၊ အနောက်အရပ် တစ်ခု ပစ်ပါ။ ရေမြောင်း၊ အမှိုက်ပုံ နှစ်နေရာခွဲ၍ပစ်လည်း ရပါသည်။ အဆိုးအညှံ့တွေ ပျောက်စေ"ဟု ပြော၍ ပစ်ပါ။ ကိုယ်စားဆိုပါက (--------)နေ့သား (အမည်)ပြော၍ ပစ်ပေးလိုက်ပါ။ မအူသားမရပါက အုန်းဖူးကိုင်းနှင့် ပြုလုပ်ပါ။ အုန်းဖူးမရပါက ဘဲဥစိမ်းတစ်လုံး ခြေရင်း၌ ထားအိပ်၍ အမှိုက်ပုံ၊ ရေမြောင်းသို့ ခွဲပစ်လိုက်ပါ။

- **တနင်္လာသက်ရောက်** - ကေရာင်ကိုင်း၊ ဝင်အူကိုင်း၊ အာလူး။
- **အင်္ဂါသက်ရောက်** - ကသစ်ကိုင်း၊ သော်ကကိုင်း၊ ကြက်သွန်၊ သခွားသီး။
- **ဗုဒ္ဓဟူးသက်ရောက်** - ကသစ်ကိုင်း၊ သော်ကကိုင်း၊ ကြက်သွန်၊ သခွားသီး။
- **ကြာသပတေးသက်ရောက်** - မန်ကျည်းကိုင်း၊ ချဉ်ပေါင်ကိုင်း၊ ငှက်ပျောရိုး၊ ကင်ပွန်းကိုင်း။
- **သောကြာသက်ရောက်** - ဒန့်သလွန်ကိုင်း၊ ဒူးရင်းကိုင်း။
- **စနေသက်ရောက်** - တညင်းကိုင်း၊ စွယ်တော်ကိုင်း။
- **ရာဟုသက်ရောက်** - သစ်ဆိမ့်ပင်ကိုင်း၊ သစ္စာပန်းအရိုး။

ထို နှစ်ပြုအတွဲ ယတြာကို သုံးပတ်၊ သုံးကြိမ် ပြုလုပ်ပေးပါ။ ဘုမ္မိအရပ်၊ ရေမြောင်း၊ ရေစီး၊ အမှိုက်ပုံ တစ်နေရာရာမှာ ပစ်နိုင်သည်။ မိမိအိမ်အတွင်းသို့ မပစ်ရ။

နှစ်ပြုအတွဲ အစားအစာကိုလည်း တိရစ္ဆာန်ကျွေး၍ ယတြာချေရသည်။ ဥပမာ - ရာဟုသက်ရောက်တွင် ဆိ… သားဟင်းနှင့် ထမင်းနယ်၍ ခွေးအား ကျွေးလိုက်ပါက အ… အညှံ့ပြေစေသည်။ ထို့အပြင် နဝင်းစီးယတြာ သုံးကြိမ်… ပေးပါ။ ကံအညှံ့လည်း ပြေပျောက်စေပါသည်။

နှစ်ပြုအစားအစာကိုလည်း သတိထား ရှောင်ရ… နှစ်ပြုအတွဲ အမည်ပိုင်ရှင်များ အထူးနဝင်းပွဲ ယတြာပြု… သင့်သည်။ နှစ်ပြုယတြာအဖြစ် ငါး၊ စာကလေး၊ ဂ… စသည့် သတ္တဝါတွေ လွှတ်၍၊ အရေအတွက် အနည်း… လွှတ်ပေးရပါမည်။

အင်္ဂါ+ဗုဒ္ဓဟူးသက်ရောက်ဆိုပါက (၂+၆)(၆+၂… ၍ ငါးရှစ်ကောင် အနည်းဆုံး လွှတ်ပါ။ ထို့ထက်ပို၍ သ… စေ၊ ၂၆ကောင်၊ ၆၂ကောင် လွှတ်၍ရသည်။ ဤသို့ လွှတ်… တွင် "သင်တို့သည် ဘေးအန္တရာယ်မှ လွတ်ကင်းချမ်းသာ… ရသလို ငါလည်း လွတ်ရပါလို၏"ဆိုပြီး တနင်္လာ၊ သော… နေ့ တစ်ရက်ရက်တွင် မွန်းလွဲပြီးနောက်ပိုင်း ဘေးအန္တ… ကင်းသော နေရာတွင် လွှတ်ပေးပါ။ နှစ်ပြုအဆိုးအညှံ့… ပြေပျောက်၍ ကောင်းကျိုးသုခများ ခံစားရပါလိမ့်မည်။

* * *

အောင်ကောင်းမြ(သာ…



www.burmeseclassic.com

www.burmeseclassic.com

# ဆတ်ကလိတ် တောရဲ့ ပုံပြင်တစ်ပုဒ်

မြင့်မိုရ်ဆွေ (ရာမည)



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ နံနက်စောစော ကွင်း၏ သန့်ရှင်း လတ်ဆတ်သော လေနုအေးကို တစ်ဝကြီး ရှူရှိုက်ရင်း ရွာလမ်းအတိုင်းပြန်လာပြီး ထုံးစံအတိုင်း "စိတ်ကြိုက်"ကဖီးဆိုင်ထဲဝင်၍ အီကြာကွေးနှင့် လက်ဖက်ရည်မှာသောက်နေစဉ် မရှေးမနှောင်းမှာ မောင်မှတ် ရောက်လာ၏။

"ဒီအချိန် ဆရာပြန်လာလောက်ပြီထင်လို့ မှန်းလာခဲ့တာ၊ အတော်ပဲ"

"လာ…မောင်မှတ်၊ ဘာသောက်မလဲ၊ မှာလိုက်လေကွာ"

မောင်မှတ်က စာရေးသူအနီးရှိ ထိုင်ခုံတွင် ဝင်ထိုင်ရင်း ပေါ့ဆိမ့် တစ်ခွက်မှာလိုက်၏။

"ဆရာရေ… ကျွတ်ဆိုတာ တကယ်ရှိသလား။ ဘယ်လိုဟာလဲ ဆရာ"

ထုံးစံအတိုင်း မောင်မှတ်ကတော့ စပြီ၊ စာရေးသူ ဉက္ကဋ္ဌ(ရ၀တ)တာဝန်ယူစဉ်၊ မောင်မှတ်က စာရေးလေး။ မျက်နှာတွင် မွေးရာပါ အမှတ်ကြီးပါလာသောကြောင့် "မောင်မှတ်" ဟု ချစ်စနိုးခေါ်ကြ၏။ အလွန်စပ်စု၏။ အကြောင်းအရာတစ်ခုကို စာအုပ်နှင့် မှတ်တတ်သောကြောင့်လည်း တချို့က "စာအုပ် မောင်မှတ်"ဟုလည်း ခေါ်ကြ၏။

"အေး၊ မင်းမေးတော့လည်း ပြောရမှာပေါ့။ ဒီလိုကွ။ ကျွတ်ဆိုတာ တစ်နည်းတော့ "ဝေမာနိက" ပြိတ္တာ တစ်မျိုးပေါ့။ သူတို့မှာ ကမ္မစိတ္တရှိတယ်။ ဖန်ဆင်းလို့ ရတယ်။ တချို့တော့လည်း နေ့စံ ညခံ၊ ညစံ နေ့ခံဆိုပြီး ရှိတယ်။ လူသားတွေနဲ့လည်း တစ်ဆက်တည်းမှာရှိတယ်။ စာထဲမှာတော့ အသူရကာယ်ဘုံသားတွေလို့ ခေါ်ကြတယ်။ သူတို့ပြုခဲ့တဲ့ အကုသိုလ်တရားတွေအတွက် နေ့ဘက်ခံစားရရင် ညဘက်မှာ လူတွေလိုပဲ ပျော်ပျော်ရွှင်ရွှင်နဲ့ ပျော်ပွဲရွှင်ပွဲတွေကအစ ခံစားကြရတယ်။

ဟိုခေတ်တုန်းက တောကြီးဆိုတဲ့ ရွာမှာ "စပါယ်မြိုင်"ဆိုတဲ့ အငြိမ့်အဖွဲ့ရှိတယ်။ တစ်နေ့ အငြိမ့်ပွဲကလို့ သွားရောက် က.ပြကြတာပေါ့။ ပွဲကြည့် ပရိသတ်ကလည်း လူကြီးလူငယ်၊ လူရွယ်လူလတ်၊ ကလေးတွေပါမကျန် ပွဲကြည့်သူတွေနဲ့ စည်ကားနေတာပေါ့။ ပွဲဈေးတန်းကလည်း တစ်တန်းကြီးပဲ။ မိုးလင်းခါနီးတော့ တစ်ယောက်ပျောက်၊ နှစ်ယောက်ပျောက်နဲ့ မိုးလည်း လင်းရော တစ်ယောက်မှ မရှိတော့ဘဲ ပွဲကနေကြတဲ့ လူတွေနဲ့ ဆိုင်းသမားတွေပဲ ရှိတော့တယ်။ ဒီတော့မှ ကြောက်လန့်ပြီး အနားရွာက လူတွေကို ပြေးအကူညီတောင်းပြီး ပြန်ခဲ့ရတာတွေလည်း ရှိတယ်ကွ"

"ဟာ…ဒါဆို ကြောက်စရာပဲ။ ကျွန်တော်ဆို ကြောက်သေးပါ ထွက်လိမ့်မယ်"

"ဒါတင် ဘယ်ဟုတ်မလဲ။ ငွဲကလာရွာက ကျွတ်ကုန်းအကြောင်း ပြောပြမယ်။ ဒီလိုကွဲ့"

◈◈◈

ငွဲကလာရွာကလေးသည် အိမ်ခြေ (၁၀၀)ကျော်ရှိ၏။ အရှေ့ဘက်တွင် ရွှေရောင်ပြ တောင်တန်းကြီးရှိပြီး အနောက်ဘက်တွင် ပင်လယ်ကမ်းခြေရှိ၏။ ရွာတည်ထားပုံက ရွာဝိုင်းကြီးဖြစ်၏။ ရာသီအလိုက် စိုက်ပျိုးပင်များဖြစ်သည့် ဘူး၊ ဖရုံ၊ သခွားအပြင် မေမြို့ပန်း၊ စကြာပန်း၊ ဟော်လန်ပန်း၊ ဂန္ဓမာ

ရောင်စုံပန်းများလည်း စိုက်ပျိုးကြ…
တောင်စွန်းဈေးမှာ ရောင်းကြ၏။ အ…
သီးပင်များလည်း ရှိ၏။ သရက်၊ …
တည်း၊ မင်းဂွတ်၊ ကျွဲကော စသည်…
လည်း ဒေသထွက် အသီးအနှံ…
အနေဖြင့် နာမည်ရ၏။

ရွာဦးထိပ်တွင် ပြည်တော်…
စေတီတစ်ဆူတည်ထား ကိုးကွယ်…
ရေးကျသော ကျွန်းတိုင်များ…
ဆောက်ထားသည့် ဘုန်းတော်…
ကျောင်းတွင် ဆရာတော် ဦးဝိ…
ကျောင်းထိုင်၏။ ဆရာတော်မှာ က…
ကြီးပေါက် စာပေကျမ်းဂန်များ တ…
မြောက်ပြီး ရွာသားတွေအပေါ် ဩ…
ညောင်း၏။

ရွာ၏ တောင်ဘက်တွင် ဆ…
ကလိတ်တောရှိ၏။ ကျေးရွာနေ လူ…
ကလည်း ရိုးသားဖြူစင်ပြီး တားမ …
လုပ်ကိုင်စားသောက်သော လယ်သ…
များရှိကြ၏။ ကောက်သစ်ပေ…
ရောင်းချပြီး ရှင်ပြု၊ နားသ၊ အ…
မင်္ဂလာပြုလေ့ရှိသောသူများထဲတွင် …
အရှေ့ပိုင်းမှ ကိုဘဖေ + မမြင့်အေး…
ဇနီးမောင်နှံလည်း ပါ၏။

ရွာဦးကျောင်းဆရာတော်…
ရှင်လောင်းမလှည့်ရဟု အမိန့်…
လိုက်၏။ အဘယ်ကြောင့်ဆို…
ယခင်နှစ်က စုပေါင်း ရှင်ပြုပွဲ…
ရှင်လောင်းလှည့်ပြီး ရှင်လောင်းဝတ်…
၏။ စပါးပုတ်ကြီးထဲ ထည့်ပြီး အ…
က ဖျာကြမ်းအုပ်ထားကာ ဝှက်ထား…
အသုံးမပြုတာ ကြာသောကြောင့် …
ဟောက်တစ်ကောင်ဝင်ပြီး ခွေ…
မမျှော်လင့်ဘဲ လူကို တွေ့လိုက်ရ…
တရှီးရှီးနှင့် ပါးပျဉ်းထောင်၍ မှုတ်…
ရာ မောင်ရင်လောင်းလည်း "…
မယ်လေး…လုပ်ကြပါဦး မြွေကြီး…
မြွေကြီး"ဟု တစ်ချက်သာ အော်…





www.burmeseclassic.com

www.burmeseclassic.com

သွားတော့သည်။ မြွေပာ အသံကြား ကာလသားများ ပြာလောင်ခတ်သွား အုပ်ထားသော ဖျာကြမ်းကို ကမန်းတန်းဖွင့်ပြီး မောင်ရှင်လောင်းကို ဆွဲတ်ကာ၊ မြွေကြီးကို တုတ်များဖြင့် ရိုက်သတ်လိုက်တော့သည်။ ကံကောင်းထောက်မလို့ ဒုက္ခမရောက်။ နို့မဟုတ်ရင် မတွေးဝံ့စရာပင်။ ကြောင့် ရှင်လောင်းမလှည့်ရဟု ချိန်းထုတ်ခြင်းဖြစ်၏။

သို့သော်လည်း ရှင်ဒကာများက လောင်းလှည့်ခွင့်ပြုရန် မေတ္တာရပ်ခံ လျှောက်ထားသဖြင့်…

“အေး၊ ဟုတ်တော့လည်း ဟုတ်ပဲလေ။ ရှင်လောင်းလှည့်တယ်ဆို ဟိုးရှေးလက်ထက်က အစဉ်လာဆိုတော့ ခွင့်ပြုလိုက်မယ်။ ဒါပေမယ့် ရှင်လောင်း မဝက်ရဘူး၊ ကြား”

“မှန်ပါ့ ဘုရား။ အခုလို ရှင်လောင်းလှည့်ခွင့်ပေးတဲ့အတွက် ဝမ်းမြောက်လှပါတယ် ဘုရား”

ဆရာတော်ကို တစ်ရွာလုံးက ကြောက်ရသဖြင့် ဆရာတော်၏ စကား မလွန်ဆန်ဝံ့ပါ။

ရွာမှာ ရိုးရာဖော်ပေးသည့် နတ်ကတော် ဒေါ်ဘုမက ငှက်ပျောသီး၊ အုန်းသီးများနှင့် ခမဲပွဲပြင်ပေးပြီး ရှင်လောင်းများကို နတ်ပြနေ၏။ အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိကာ-

“သက်ဆိုင်ရာ အမိရိုးရာ၊ အဖရိုးရာများကို ပူဇော် ပ,သပါ၏။ ခမဲပွဲကိုလည်း ထုံးစံရှိသည့်အတိုင်း ပေးပါ၏။ သားတော်၊ သမီးတော်တို့ဘက်က လျော့ပြီး အစဉ်အလာပျက်ခဲ့ပါက ခွင့်လွှတ်ပေးသနားတော်မူပြီး ဘေးရန်အင်းကွာ စောင့်ရှောက်တော်မူပါ ရိုးရာခင်များ ဘုရား”

လက်ထဲတွင် ကိုင်ထားသော သပြေခက်နှင့် နံ့သာရည်ထည့်ထားသည့် ခွက်ထဲ ဆွတ်ပြီး ငှက်ပျောပွဲ၊ အုန်းပွဲများအပေါ်သို့ ပက်ဖျန်းပေးကာ နှုတ်မှလည်း ဆုတောင်း မေတ္တာပို့သလိုက်တော့၏။

“ဒီကနေ့က စပြီး ခလုတ်မထိ၊ ဆူးမငြိဘဲ ရှင်သာမဏေအဖြစ် သွတ်သွင်းနိုင်ပါစေသတည်း”

“ကဲ…ကဲ…မောင်ရှင်လောင်းတွေ ကန်တော့ကြ”

မောင်ရှင်လောင်းနှင့်အတူ မိဘများလည်း ကန်တော့ကာ ပူဇော် ပ,သလိုက်ကြ၏။ ထိုအချိန်တွင် နတ်ကတော် ဒေါ်ဘုမ၏ မြေးမလေး စိန်မြရောက်လာ၏။

“အဘွား… မနက်ဖြန် ရှင်လောင်းလှည့်တော့မယ်၊ ပစ္စည်းငှားပေးမယ်ဆို ငှားပေးလေ”

ခြေကလေးဆောင့်ပြီး စူအောင့်အောင့် မျက်နှာထားဖြင့် ပြောလိုက်၏။

“ငှားပေးပါ့မယ်အေ၊ တကတည်း ဝတ်ရ ပြီးရောမဟုတ်လား။ ပြန်တော့”

ဒေါ်ဘုမလည်း စိတ်မရှည်ဟန်ဖြင့် ဆောင့်ကြီးအောင့်ကြီးနဲ့ ပြောလိုက်တော့မှ မြေးမလေး မြစိန် ဇက်ပုပြီး ထွက်ပြေးသွားတော့၏။

ညနေ နေဝင်ရီတရောအချိန်၌ ဒေါ်ဘုမတစ်ယောက် လက်တွင် ဖယောင်းတိုင်၊ အမွှေးတိုင်များ ကိုင်ကာ ဆတ်ကလိတ်တောရှိ ကျောက်ဖျာဆီသို့ ထွက်ခဲ့တော့သည်။ ရွာမှာ အလှူအတန်းလုပ်လိုပါက လိုအပ်သော အိုးခွက်ပန်းကန်၊ ရွှေငွေပစ္စည်းက အစ ငှားရမ်းလို့ ရ၏။ မိမိငှားလိုသော ပစ္စည်းစာရင်းရေးထားပြီး ကျောက်ဖျာတွင် တင်ထားခဲ့ပြီး နံနက်စောစော ကျီးမနိုးခင် သွားယူရသည်။ ငှားတဲ့ ပစ္စည်း။ ပျောက်ရှ၊ ကွဲအက်၊ ပျက်စီးပါက အစားပေးရ၏။ အလျော်မပေးပါက ညဘက် သန်းခေါင် အိမ်အထိ လိုက်လာပြီး တောင်းတတ်၊ ကြိမ်းမောင်းတတ်ပါသည်။

မိမိကတိအတိုင်း မြေးမလေးအတွက် ပစ္စည်းငှားရန် စဉ်းစားရင်း…

“အင်း… လက်ကောက်က တစ်ရံ၊ ဆွဲကြိုးက တစ်ကုံး၊ ဒါဆို တော်လောက်ပြီ၊ မတော်တဆ ပျောက်ရှသွားရင် ခက်လိမ့်မယ်။ တော်ကြာ စားစရာမရှိ၊ လျော်စရာမရှိ ဖြစ်နေဦးမယ်။ ဟင်း…သားသမီးဇော တအားကြီးမောပါလားနော်”

ဟု စိတ်ထဲတွေးပြီး ပစ္စည်းအရေအတွက်ရေးပြီး တင်ထားခဲ့၏။ အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ မြေးမလေးက ဆီးမေးလိုက်၏။

“အဘွား…ငှားခဲ့ပြီးပြီလားဟင် အဘွား”

နားပူနားဆာ တွတ်ထိုးတော့သည်။

“အေးပါဟယ်၊ အေးပါ။ မနက်ဖြန် ဝတ်ရပြီးရောမဟုတ်လား။ သေသေချာချာလုပ်နော်။ မပျောက်စေနဲ့ ကြားလား။ ပျောက်လို့ကတော့ ငါလည်း မလျော်နိုင်ဘူး”

မြေးမလေး မြစိန်ကတော့ ကလေးပီပီ လုဖို့ ဝတ်ဖို့ပဲ သိ၏။ မိမိလိုချင်တာ ရမည်ဖြစ်လို့ ပီတိဝေဖြာကာ မျက်နှာကလေး ဝင်းထိန်သွားတော့၏။

နောက်တစ်နေ့ ရှင်လောင်းလှည့်ပွဲ ရွာတစ်ပတ် ပတ်ပြီး ဘုန်းကြီးကျောင်းပြန်ရောက်။ ဆံချပြီး သင်္ကန်းစည်းရန် အလုပ်ရှုပ်နေကြစဉ် နတ်ကတော် ဒေါ်ဘုမမြေး မြစိန်တစ်ယောက် ငိုမဲ့မဲ့ မျက်နှာလေးနဲ့ ရောက်လာပြီး


www.burmeseclassic.com

www.burmeseclassic.com

"အဘွား...အဘွား...အဟင့်၊ သမီးဆွဲကြိုး ကျပျောက်သွားပြီ... အဟင့်။ အဲဒါ ဘယ်လိုလုပ်မလဲ အဘွား...ဟင်၊ အဟီး..."

ပြောပြီး ငိုနေသဖြင့် လူကြားထဲမှ ခေါ်ထုတ်လာပြီး...

"ဟဲ့...မြစိန် ပြောစမ်း...ပြောစမ်း။ ဘယ်မှာ ပျောက်တာလဲ။ သေသေချာချာလည်း ကြည့်ပါဦးဟယ်"

မြေးမလေးကို ချော့မော့မေးနေ၏။

"လှည့်လည်ပွဲသွားတုန်းက ရှိသေးတယ်၊ ကျောင်းပြန်ရောက်တော့မှ မတွေ့တော့တာ အဘွားရဲ့"

"အထားများ မှားသလားမှ မသိတာ။ စဉ်းစားကြည့်ပါဦးအေ"

ပါးစပ်က ပြောသာ ပြောသော်လည်း စိတ်ထဲကတော့ မအေးတော့ပြီ။ တကယ်လို့များ ပျောက်သွားခဲ့ရင် စိုက်လျှော်စရာလည်း မရှိ၊ အစားပြန်ပေးစရာလည်း မရှိသဖြင့် မျက်စိကတော့ ကျီးကန်းတောင်းမှောက် ရှာနေ၏။

"ရှာကြည့်ပြီးပြီ အဘွားရဲ့။ မတွေ့ဘူး။ အဟင့်...ဟင့်"

"အင်း... နင်ကလည်း လုချင်၊ ကိုယ့်ဆီမှာ မရှိပေမယ့် သနားပြီး ငှားပေးတာ။ အခုတော့ ညည်းက စည်းကမ်းမရှိ ပရမ်းပတာလုပ်ချလိုက်တော့ အခု ကိုယ်ကျိုးနည်းပြီပေါ့။ ဖြစ်သမျှ အကြောင်း အကောင်းချည်းလို့ မှတ်ရတော့မှာပဲ။ လာ၊ ပြန်မယ်"

ဒေါ်ဘုမလည်း မြေးမလေးကို အတင်းလက်ဆွဲပြီး ပြန်ခဲ့တော့၏။

အချိန်တို့က အကုန်မြန်သည်ဟု ထင်နေသည်က ဒေါ်ဘုမ။ မိုးမချုပ်ခင် ပစ္စည်းပြန်ပို့ရမည်။ ပျောက်သွားတဲ့ ဆွဲကြိုးအတွက် ဘယ်လိုလုပ်ရပါ့။ မတတ်နိုင်ဘူးလေ။ တောင်းပန်ကြည့်ရမှာပေါ့။ မရတော့လည်း မတတ်နိုင်ဘူးပေါ့။ ဒေါ်ဘုမတစ်ယောက် တောင်တွေးမြောက်တွေးနဲ့ အားတင်းပြီး ဆတ်ကလိတ်တောဘက် ထွက်ခဲ့တော့သည်။

ဆတ်ကလိတ်တောရှိ ကျောက်ဖျာပေါ် ပစ္စည်းတင်ပြီး တောင်းပန်လိုက်၏။

"ပစ္စည်းပြန်ပို့ပါတယ်။ ဒါပေမယ့် ဆွဲကြိုးတစ်ကုံး မြေးမလေးကြောင့် ပျောက်သွားပါတယ်။ အဲဒီအတွက် အစားပြန်ပေးနိုင်အောင် ကြိုးစားပါ့မယ်။ ခွင့်လွှတ်ပေးပါ"

ဟု ပြောပြီး ဒေါ်ဘုမ တစ်ယောက် ရွာထဲသို့ သုတ်ခြေတင်ခဲ့တော့သည်။

ဒီညသည် ဒေါ်ဘုမအတွက် ပိုပြီးမှောင်မိုက်သည်ဟု ထင်ရ၏။ ဆေးပေါ့လိပ်ကို အားရပါးရ ဖွာရှိုက်လိုက်ရင်း သက်ပြင်းကို အခါခါချနေမိသည်။ ငှားခဲ့သော ပစ္စည်းတစ်မျိုးပျောက်သွားသဖြင့် တောင်းပန်ပြီး ထားခဲ့ရ၏။ သို့သော် မကျေနပ်ပါက ဒီည လာတောင်းလိမ့်မည်ကို သိထားသော ဒေါ်ဘုမ အတွက် ရတက်မအေးနိုင်ဖြစ်နေ၏။

နှစ်နှစ်ခြိုက်ခြိုက်အိပ်နေသော မြေးကလေးကို လှမ်းကြည့်ရင်း စိတ်မကောင်းဖြစ်မိသည်။ ၅နှစ်သမီးအရွယ်လောက်ကတည်းက မိဘနှစ်ပါး ပစ်ထားခဲ့ရာ မပြည့်မစုံနှင့် ကျွေးမွေးစောင့်ရှောက်ခဲ့ရပြီး အခုဆို အပျိုဖော်ဝင်စ အရွယ်တောင် ရောက်ခဲ့ပေမယ့် အများနည်းတူ မထားနိုင်သည်ကို စိတ်မချမ်းမသာဖြစ်နေမိ၏။ အတွေးများတွင် မည်မျှကြာကြာ နစ်မြောနေသည်မသိ၊ အိမ်ရှေ့က တံခါးခေါက်သံကြားသဖြင့် ကြက်သီးဖြန်းဖြန်းထသွားတော့သည်။ ဆက်တိုက် ခေါက်နေသောကြောင့် အသံပေးလိုက်ရ၏။

"ဘယ်သူလဲ၊ ညကြီးအချိန်မတော်"

ခွေးများကလည်း စားတော့ ... တော့မလို တအားထိုးဟောင်နေ...

"ငါ့ပစ္စည်း ပြန်ပေးပါ၊ ပြန်ပေး..."

အမျိုးသမီးကြီးတစ်ဦး၏ အသံ... ဖြစ်သည်။ ထိုအချိန်တွင် ရွာပြင်ဘက်... မှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေး... များကလည်း ကြားရသူအတွက် ကျော... ချမ်းစရာ။

"မြေးမလေး ပျောက်လိုက်... နောက်မှ အစားပြန်ပေးပါ့မယ်... တောင်းပန်ခဲ့တယ်လေ။ သည်းခံပေး... တောင်းပန်ပါတယ်နော်"

ဒေါ်ဘုမတစ်ယောက် န... ကတော်လုပ်စားနေပေမယ့် နတ်... သည်ကွေ့ဟာ အငွေ့သာစားပြီး လ... မွေးရှိန်းယုံသာ စီးတတ်ကြ၏။ ယ... ကိုယ်ထိလက်ရောက် ပုတ်ခတ်... အသံကြားရတော့ ကြောက်စိတ်ဝင်... ပြီး အသားများပင် တဆတ်ဆတ်... ကာ နေမထိ ထိုင်မသာ ဖြစ်နေ... ၏။ ဇောချွေးများလည်း ပြန်စပြ... ကာ အသံများပင် တုန်လာတော့သည်...

"ကျွန်...ကျွန်မ တောင်းပန်... တယ်။ ကြောက်လည်း ကြောက်... တယ်။ နောက်တစ်ခါ မလာပါနဲ့တော့... အစားပြန်ပေးနိုင်အောင် ကြိုးစားပါ့မယ်... ရှင်"

တုန်တုန်ယင်ယင်နှင့် တောင်း... နေ၏။

"နင်တို့ လူသားတွေ က... မတည်၊ သစ္စာမရှိကြဘူး။ ဒါကြောင့်... နောက်ကို ဘယ်သူ့ကိုမှ မငှားတော့... ဟိုဘက်ပိုင်းမှာလည်း ပန်း... ယောက်တွေငှားပြီး ကွဲ့ရှင် အစားမပေး... ဘူး။ အလျော်လည်း မပေးဘူး။ ဒါ...



www.burmeseclassic.com

www.burmeseclassic.com

ရွာမဲ့တာက ပိုဆိုးတယ်။ ပစ္စည်း
ကောင်းတွေ ယူထားပြီး အကွဲတွေ၊
အက်တွေ ပြန်ထည့်ပေးလို့ ပေး။
တန် ပစ္စည်းတွေနဲ့ အညံ့စားတွေ
လဲလို့ လဲ။ ဒါကြောင့် မငှားတော့
စိတ်ရှိတိုင်း လုပ်လိုက်ရ၊ ကပ်
က်သွားတော့မယ်၊ ဟင်း. . .''

စိတ်ဆိုးမာန်ဆိုးပြောကာ ခြေသံ
ပြင်းနင်းပြီး ထွက်သွားသံ ကြားရ
ဒီတော့မှ ဒေါ်ဘုမတစ်ယောက်
သက်မှန်မှန်ရှူနိုင်တော့သည်။ သို့လို
နဲ့ ထရံပေါက်မှ ထွက်သွားသည့်
က်ကို ချောင်းကြည့်ရာ. . .

''လားလား . . . နည်းတဲ့
ကောင်ကြီး မဟုတ်ဘူး''

အရှေ့က အမျိုးသမီးကြီးတစ်ဦး
နောက်က အကောင်ကြီး လိုက်
တာ မြင်လိုက်ရတော့ ငုတ်တုတ်
သွားတော့သည်။

◈◈◈

''ဒါဆို ဆရာ၊ နောက် ငှားလို့
မရတော့ဘူးပေါ့ ဟုတ်လား''

''မှန်တာပေါ့။ ဟိုတုန်းကဆို
အလှူလုပ်ရင် လက်ဝတ်လက်စား၊
အိုးခွက်ပန်းကန်ကအစ အတော်များ
များ ငှားလို့ ရတယ်ဆိုပဲ။ နောက်တော့
လူတွေက သစ္စာပျက်လာတော့ ဘယ်
ငှားလို့ ရတော့မလဲကွ''

''အင်း. . .လူတွေကလည်းနော်၊
ကတိမတည်၊ သစ္စာမရှိလိုက်ကြတာ''

''ဂျပန်ခေတ်အလွန် ကျောက်
ရောဂါဖြစ်ပွားလို့ ရွာလုံးကျွတ် ထွက်
ပြေးကြရတယ်။ ရွာများလည်း ပျက်ခဲ့
ဖူးတယ်။ ရွာထဲကို မကောင်းဆိုးဝါးတွေ
ဝင်လို့ သံပုံးတီးပြီး ခြောက်လှန့် တော
ထုတ်ကြရတယ်''

''တောထုတ်တယ်ဆိုတာ ဘယ်
လိုဟာလဲ ဆရာ''

''အေး၊ တောထုတ်တယ်ဆိုတာ
ရွာပတ်ပတ်လည် နွားရိုင်းသွင်းချိန်မှာ
သံပုံးတို့၊ လင်ဗန်းတို့ တီးပြီး မီးတုတ်
တွေကိုင်ပြီးတော့ အော်ဟစ် မောင်း
ထုတ်တာကို တောထုတ်တယ်လို့ ခေါ်
တယ်ကွ''

''အင်း. . . ဆရာပြောပြရုံနဲ့တင်
ကျွန်တော်တော့ ကျောချမ်းတယ်''

''စကားကောင်းနေလိုက်တာ၊
ဘယ်အချိန်ပြီလဲ''

ပြောပြောဆိုဆို တိုင်ကပ်နာရီကို
လှမ်းကြည့်ပြီး. . .

''ရှစ်နာရီတောင် ထိုးပြီပဲ။
ကျွန်တော့်ကို ခွင့်ပြုပါဦး ဆရာ''

နှုတ်ဆက်ပြီး ဆိုင်တွင်းမှ ထွက်
သွားသော မောင်မှတ်ကျောပြင်ကို
ကြည့်ရင်း. . .

''လောကကြီးမှာ မင်း မသိတာ
တွေ အများကြီး. . .အများကြီး'' ■

* * *

မြင့်မိုရ်ဆွေ(ရာမည)


## အိမ်တွင်းရေးအဆင်မပြေ စိတ်ဆင်းရဲနေသူများအတွက်

▶ မိမိတို့အိမ်တွင်းရေး အဆင်မပြေဖြစ်အောင် နည်းအမျိုးမျိုးနဲ့ အနှောင့်အယှက်ပေးနေကြသူတွေရဲ့ရန်က အမြန်ဆုံး ကင်းရှင်းစေချင်လား ▶ ပြောဆိုဆုံးမလို့မရအောင် ထင်ရာစိုင်းနေတဲ့ အတူနေသားသမီး(သို့)မိသားစုဝင်တစ်ဦးဦးကို အမြန်ဆုံးလိမ္မာကျိုးနွံယဉ်ကျေး၊ ပြောစကားနားထောင်သူဖြစ်လာစေချင်လား ▶ အိမ်ကထွက်သွားသူ၊ အိမ်ကိုအမြန်ဆုံး ပြန်လာစေလိုသလား ▶ အိမ်က မိသားစုတွေ ကျန်းမာရေးကောင်းမွန်၊ ဘေးဥပဒ်ကင်းရှင်း၊ ငွေဝင်လာဘ်ရွှင်စီးပွား တိုးတက်၊ စိတ်ချမ်းသာပျော်ရွှင်စေချင်လား။

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)(လက္ခဏာဗေဒင်ပညာသုတေသီ)

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၁-၅၈၆၇၀၄၊ - ၀၉ ၇၃၀ ၀၅၉၂၄၊ ၀၉ ၅၀ ၆၂၈၄၃၊ ၀၉ ၅၁၇၇၆၂၂၊ ၀၉ ၃၀၁၇၈၀၇၅


ရာခိုင်နှုန်းပြည့်နီးပါး မှန်ကန်ကြောင်း အာမခံနိုင်သော ကံကြမ္မာအဟောလက်ဆောင်ထည့်ဟောပေးသည်

www.burmeseclassic.com



# ရှုဖို့ဆန်းတွေလော ဤကမ္ဘာမှာ

မောင်လင်းအောင်



**အာဖရိကကို လှမ်းမျှော်ကြည့်ခြင်း**

ဥရောပတိုက်၏ အစွန်းတစ်နေရာမှ အာဖရိကတိ ကို လှမ်း၍ တွေ့မြင်ရပုံဖြစ်သည်။ မီးပြတိုက်ရှိသည့် သည် ဥရောပတိုက်၏ အစွန်ဆုံးအပိုင်းတစ်ခုဖြစ်ပြီး မှို လှမ်းမြင်နေရသည့် တောင်တန်းများသည် အာဖရိကတိ ဖြစ်သည်။



**တောင်ခြသေ့်**

ချစ်စဖွယ် တောင်ခြသေ့်ပေါက်လေး နှစ်ကော ရှားပါးစွာ မြင်တွေ့ရပုံဖြစ်ပါသည်။






**ကြီးလိုက်တဲ့ ကြာရွက်**

အမေဇုန်မြစ်အတွင်း ပေါက်ရောက်သော ကြ ကြီးမျိုးသည် အချင်း ၅ပေအထိ ကြီးမားနိုင်ပြီး အလေ ပေါင် ၁၀၀ ခန့်အထိ ရှိသည်။




www.burmeseclassic.com

www.burmeseclassic.com




## သဲကန္တာရကြောင်

သဲကန္တာရကြောင် ဟုခေါ်သော ကြောင်မျိုးစိတ်ဝင် တစ်မျိုးသည် သဲကန္တာရထဲတွင် ရှင်သန်ကြီးပြင်းနိုင်ပြီး ၎င်းတို့၏ ခြေဖဝါး၊ လက်ဖဝါးလေးများသည် သဲအပူဒဏ်မှ ကာကွယ်နိုင်ရန် အမွေးထူများဖြင့် ဖုံးအုပ်ထားသည်။



## မိုးပျံပူဖောင်းပွဲတော်

Cleverland မိုးပျံပူဖောင်းပွဲတော်ကြီးကို ၁၉၈၆ ခုနှစ် င် ကျင်းပခဲ့ပြီး မိုးပျံပူဖောင်းအလုံးပေါင်း (၁·၅)သန်းကို ပြိုင်နက် လွှတ်တင်ခဲ့ကြသည်။



## စိန်ပွင့်များဖြင့် စီခြယ်ထားသော

ဆော်ဒီ အိမ်ရှေ့မင်းသား Alwaleed ပိုင်ဆိုင်သော မာစီဒီးအမျိုးအစားကားသည် စိန်ပွင့်အစစ်များဖြင့် စီခြယ်ထားကာ၊ တန်ဖိုးငွေဒေါ်လာ (၄၈)သန်း ထိုက်တန်သည်။ ဆော်ဒီမင်းသားက ၎င်း၏ကားကို ကိုယ်တိုင်ကိုယ်ကျကိုင်တွယ်ထိတွေ့၍ လေ့လာကြည့်ရှုရုံမျှနှင့် ဒေါ်လာတစ်ထောင်ကောက်ခံမည်ဖြစ်ကြောင်းလည်း တန်ဖိုးသတ်မှတ်ထားပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရေဘောလုံး မပေါက်မီ

ရေအပြည့်ထည့်ထားသော ပူဖောင်းတစ်ငေ ပင်အပ်ဖြင့် ထိုးဖောက်လိုက်သည့်အခါ ရေများ ကွဲင မသွားခင် ပုံရိပ်များကို အလွန်လျင်မြန်စွာ ရိုက်ကူးနိုင် ကင်မရာဖြင့် အမိအရရိုက်ကူးထားနိုင်ပုံဖြစ်သည်။

STILL BELIEVE ANIMALS HAVE NO EMOTIO



Humans aren't the only ones who feel.


## ခံစားတတ်သော . တိရစ္ဆာန်များ

ကမ္ဘာပေါ်တွင် လူသားမျိုးနွယ်တစ်ခုတည်းသာ ခံစားမှု အသိဉာဏ်ရှိသည်ဟု မထင်လိုက်ပါနှင့်။ အ တိရစ္ဆာန်များတွင်လည်း စိတ်ခံစားချက်များ ရှိသည်။ ပျော်ရွှင်တတ်သည်။ စိတ်ဆိုးနိုင်သည်။ ဆာလောင်တတ် ဒေါသလည်း ထွက်နိုင်သည်။ သူတို့အားလုံးတွင် စိတ် ချက် ကိုယ်စီရှိကြသည်။ ပုံတွင် ကုလားအုတ်သား သေဆုံးမှုကြောင့် ဝမ်းနည်းပူဆွေးနေရသော ကုလ အမေကြီး၏ ပရိဒေဝကို စိတ်မကောင်းဖွယ်ရာ မြ သည်။

## မြင်းအမြွှာ

မြင်းများသည် တစ်ကောင်တည်းသာ သားကျလေ့ရှိ တတ်ကြသည်။ သို့သော် ယခုပုံတွင် မြင်းအမြွှာလေး နှစ်ကောင်မွေးဖွားလာသည်ကို ကြုံတောင့်ကြုံခဲ တွေ့မြင်ရ ခြင်းဖြစ်သည်။





## ၁၆ ရာစု၏ ခမ်းနားထည်ဝါမှုများ


ဘော့စနီးယားနိုင်ငံ Mostar အရပ်ဒေသရှိ ၁၆ရာစုနှစ်လက်ရာ အဆောက်အအုံများနှင့် ဘဲ ရေးခေတ်ပေါင်းကို အောက်မေ့ဖွယ် မြင်တွေ့ရနိုင်သည်။

www.burmeseclassic.com



## နေတတ်လျှင် ကျေနပ်စရာ

လောကကြီးတွင် စိတ်အပျော်ရွှင်ဆုံးဟု ဆိုရမည့် ပုဂ္ဂိုလ်များတွင် ငွေကြေးဥစ္စာစနပိုင်ဆိုင်မှု များစွာမရှိပေ။ ၎င်းတို့ထံတွင် စိတ်ပျော်ရွှင်ကျေနပ်မှုတစ်ခုသာ ပိုင်ဆိုင်ပေသည်။ အရာရာကို ရှိတာလေးနှင့် တင်းတိမ်ရောင့်ရဲနိုင်လျှင် စိတ်သာယာချမ်းမြေ့မှု ရပေမည်။ လောဘနောက် လိုက်၍ ပစ္စည်းဥစ္စာများကို များစွာပိုင်ဆိုင်လိုသူများသည် ရလေရလေ အိုတစ္ဆေဖြစ်၍ အတောမသတ်နိုင်တော့ဘဲ ဘယ်သောအခါမှ စိတ်ချမ်းသာမှုကို ရရှိမည်မဟုတ်ပေ။ လောကကြီးသည် နေတတ်လျှင် ကျေနပ်စရာချည်းသာဖြစ်၍ ရှိတာလေးနှင့် နေတတ်လျှင် သာယာပျော်ရွှင်မည်မှာ မလွဲပေ။



## ဟမ်ဘာဂါခေါင်းအုံး

ဟမ်ဘာဂါခေါင်းအုံး (ham burger pillow) ဟု ညည်ရသော ပုံစံဆန်းသစ်သော ခေါင်းအုံးလေးဖြစ်သည်။ ခေါင်းအုံးနှင့် အိပ်စက်ရလျှင် အိပ်မက်လှလှလေးများ မက်လေမလားဟု မပြောနိုင်သော်လည်း၊ ကြောင်ငယ် ကတော့ ဇိမ်ကျနေလေပြီ။



## ကမ္ဘာ့အကြီးဆုံး လိုဏ်ဂူကြီး


ကမ္ဘာ့အကြီးဆုံးသော သဘာဝ လိုဏ်ဂူကြီးသည် ဗီယက်နမ်နိုင်ငံတွင် တည်ရှိသည်။ လိုဏ်ဂူအတွင်း၌ သစ်တောငယ်လေးတစ်ခုရှိပြီး တိမ်များလည်း ဖြတ်သန်းသွားလာနိုင်သည်အထိ ကြီးမားပေသည်။ လိုဏ်ဂူ၏ အရွယ်အစားကို လူတစ်ဦးရပ်နေပုံနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

www.burmeseclassic.com

### ချစ်ခြင်းကို မခွဲပါနှင့်

ကြောင်များကို ပြုစုစောင့်ရှောက်ပေးထားသော ဂေဟာတစ်ခုတွင်ဖြစ်သည်။ ထိုနှစ်ကောင်သည် ထိုကဲ့သို့ နေ့စဉ်ပြုလုပ်နေတတ်ကြောင်း ဂေဟာ တာဝန်ရှိသူများက ပြောကြသည်။ ဒီနှစ်ကောင်ကိုတော့ တူတူတွဲထားရန် လိုနေပြီဖြစ်သည်။







### ဆန်းသစ်သော တီထွင်မှု

စပုတ်တံ(spoke) မပါသော စက်ဘီးကို မြင် လျှင် အံ့သြကြမည်ပင်။ ထိုစက်ဘီးသည် ၎င်းအရွယ် ၏ သုံးပုံတစ်ပုံခန့်မျှအထိ ကျုံ့သွားအောင် ခေါက်သိမ် နိုင်သည်ဆိုပါက ပို၍ပင် အံ့သြသွားမည်ပင်။ တီထွ ရလဒ်များပင်တည်း။




### နို့ဘူး ကိုယ်စီရှိကြသည်

ချစ်စဖွယ် ပန်ဒါဝက်ဝံငယ်လေးများ နို့ဘူး ကိုယ်စီကိုင်၍ နို့စို့နေကြပုံလေးကို ချမ်းမြေ့ဖွယ်ရာ မြင်တွေ့ရသည်။




www.burmeseclassic.com

www.burmeseclassic.com



## ရှုပ်ယှက်ခတ်နေသော လမ်းများ

အမေရိကန်ပြည်ထောင်စု လော့အိန်ဂျလိစ်မြို့ရှိ ရှုပ်ယှက်ခတ်နေသော လမ်းမကြီးများ၏ပုံကို မြင်တွေ့ရခြင်းဖြစ်သည်။ ဤမျှလောက် ရှုပ်ထွေးနေသော လမ်းများကို မှတ်သား၍ ကိုယ်လိုရာ ခရီးကို တည့်မတ်စွာ သွားနိုင်ရန် အတော်ပင် ကြိုးစားယူရမည်။



## မောင်တို့ ချယ်ရီမြေ

ဂျာမနီနိုင်ငံ၊ ဘွန်းမြို့တွင် ချယ်ရီပန်းများ ဝေဆာစွာ ပွင့်နေကြသည်ကို လှပစွာ မြင်တွေ့ရပုံဖြစ်သည်။ သဘာဝ အလှတရားကြီးသည် အံ့ချီး၍ မကုန်နိုင်ပေ။



An anonymous man in Saudi Arabia installed a giant refrigerator in front of his house. He and his neighbours leave food in it daily, providing free meals for the poor and homeless children in his town. He wants to spare them the "shame" of begging, and provide them with proper meals instead.


## အံ့ဖွယ်အလှူရှင်


ဆော်ဒီအာရေဗျနိုင်ငံတွင် အမည်မဖော်လိုသူ စေတနာရှင်တစ်ဦးသည် အိမ်ရှေ့တွင် ရေခဲသေတ္တာတစ်လုံးချထားပေး၍ စားစရာအပြည့်ထည့်ပေးထားသည်။ ထိုစေတနာရှင်နှင့်အတူ သူ၏ အိမ်နီးချင်းကလည်း နေ့စဉ် စားစရာများကို ရေခဲသေတ္တာအတွင်း နေ့စဉ်ထည့်ပေးထားကာ ဆင်းရဲနွမ်းပါးသော အိမ်ခြေရာခြေမဲ့ ကလေးငယ်လေးများအတွက် အာဟာရဒါနပြုပေးထားသည်။ ထိုခြေသလုံးအိမ်တိုင် ကလေးငယ်လေးများ ခိုဝှက်စားသောက်ခြင်း၊ ရာဇဝတ်မှုများ ကျူးလွန်ခြင်းတို့မှ တားဆီးနိုင်ရန် ရည်ရွယ်၍ အစာအာဟာရ ပေးလှူခြင်းဖြစ်သည်။ မွန်မြတ်သော စေတနာဟု ခေါ်ဆိုထိုက်ပေသည်။

www.burmeseclassic.com

### မဟာတံတိုင်းကြီး၏ အဆုံးသတ်

တရုတ်ပြည်ရှိ မဟာတံတိုင်းကြီး (great wall) အကြောင်းကို လူတိုင်းသိကြမည်ဟု ထင်ပါသည်။ ကြီးမားထည်ဝါပြီး မိုင်ပေါင်းများစွာ ရှည်လျားလှသော ထိုမဟာတံတိုင်းကြီး၏ အဆုံးနေရာကိုတော့ လူတိုင်း သိချင်မှ သိကြပေမည်။ ပင်လယ်ထဲတွင် အဆုံးသတ်သွားသော မဟာတံတိုင်းကြီး၏ပုံကို ထူးဆန်းဖွယ် မြင်တွေ့နိုင်သည်။






### ဘုရားကျောင်းအိုကြီး

နော်ဝေနိုင်ငံရှိ နှစ်ပေါင်း ၉၀၀ သက်တမ်းရှိပြီ သော ဘုရားကျောင်းကြီးတစ်ခုကို ရှားပါးစွာ မြင်တွေ့ ဖြစ်သည်။

### ချာလီချက်ပလင်

ကမ္ဘာကျော် ဟာသ သရုပ်ဆောင် လူရွှင်တော်ကြီး ချာလီချက်ပလင်သည် တစ်ရံရောအခါ၌ ချာလီချက်ပလင် လူတူပြိုင်ပွဲ၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ယှဉ်ပြိုင်ခဲ့ရာတွင် ဆုမရရှိဘဲ ရှုံးနိမ့်ခဲ့ရလေသည်။




Charlie Chaplin once entered a Cha
Chaplin look alike contest and lost.




www.burmeseclassic.com

www.burmeseclassic.com



**ကျောက်တုံးများဖြင့် အလှဆင်ခြင်း**

ကျောက်တုံးများဖြင့် နေချင့်စဖွယ် အိမ်အလှဆင်ရာဝယ် လှပသော မီးလင်းဖိုလေးနှင့် နံရံ တံတိုင်းကြီးပုံကို ဆန်းသစ်စွာ ပြုလုပ်ထားသည်ကို မြင်တွေ့ရသည်။




**သစ်ပင်စာကြည့်တိုက်**

ဂျာမနီနိုင်ငံတွင် မုန်တိုင်းကြောင့် လဲကျသွားခဲ့ရသော သစ်ပင်တစ်ပင်၏ ပင်စည်ကို ဖြတ်တောက်၍ စာကြည့်တိုက် အသေးစားလေးတစ်ခုကို အကျိုးရှိစွာ ပြုလုပ်ပေးထားသည် ■

* * *

မောင်လင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် တိုင်းရင်းဆေးလောကထဲသို့ ရောက်ရှိလာခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်လာခဲ့ပေပြီ။ တစ်ခါတစ်ခါ လိုအပ်သော ဆေးပစ္စည်းများကို ကျိုက်ကော်တွင် အများဆုံး ဝယ်ယူသည်။ ကျွန်တော်တို့ ဘီးလင်းနှင့် ကျိုက်ကော်သည် ၁၂မိုင်လောက်သာ ဝေးသည်။ ဘီးလင်းမှ ကားနှင့် သွားလျှင် ကျိုက်ကော်မရောက်ခင် သိမ်ဆိပ်ကို အရင်ရောက်သည်။ သိမ်ဆိပ်နှင့် ကျိုက်ကော်သည် ပေ ၃၀ ခန့် ရှည်သော ကွန်ကရစ်တံတားတစ်ခုသာခြားပြီး မြောက်ဘက်က သိမ်ဆိပ်ဖြစ်၍၊ တောင်ဘက်ခြမ်းက ကျိုက်ကော်ဖြစ်သည်။ နှစ်ရွာတစ်ရွာလို ဖြစ်နေ၍ "သိမ်ဆိပ်ကျိုက်ကော်"ဟုသာ တွဲခေါ်ကြသည်။

ကျွန်တော်တို့ ဘီးလင်းမြို့ လေသာစာသင်တိုက်ကြီးမှ ရဟန်းတော်လေး ဦးဝိသုတသည် အမြို့မြို့အနယ်နယ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများတွင် စာပေကျမ်းဂန်များ သင်ကြားပြီးနောက် ဓမ္မာစရိယတန်းဖြေဆိုပြီး သုံးနှစ်ခန့်အကြာတွင် သိမ်ဆိပ်ကျေးရွာ အောင်မင်္ဂလာကျောင်း၌ ကျောင်းထိုင်ဆရာတော်ဖြစ်လာသည်။ ရဟန်းတော် ဦးဝိသုတသည် အဟောအပြောကောင်းသဖြင့် ဒကာ၊ ဒကာမများ ကြည်ညိုမှု များလာသည်။ ကျွန်တော်သည် သိမ်ဆိပ်ကျိုက်ကော်သို့သွားရင်း အချိန်ရလျှင် ဆရာတော်ကျောင်းသို့

# တစ်ခါတစ်ရံ သွေးအားနည်းချိန်၌ နားလေထွက်တတ်သည်



မောင်ကျော် (ဘီးလင်း)



www.burmeseclassic.com

www.burmeseclassic.com

...လေ့ရှိသည်။

ကျွန်တော်ရောက်သွားတိုင်းလိုလို ဆရာတော်နှင့် ပါဠိ ...ပေအကြောင်း၊ တိုင်းရင်းဆေးပညာအကြောင်းတို့ကို ပြော ...ကြသည်။ ဆရာတော် သီတင်းသုံးသော ကျောင်းဝင်းထဲ ... ပဒိုင်းပင်တွေ စိုက်ပျိုးထားသဖြင့်···

"ကျောင်းသားလေးတွေနဲ့ ကိုရင်ငယ်လေးတွေ ...တွက် အန္တရာယ်မဖြစ်နိုင်ဘူးလား ဘုရား"

ဟု မေးလျှောက်ကြည့်သည်။ ဆရာတော်မှ···

"ဘုန်းကြီးကျောင်းသားလေးတွေနဲ့ ကိုရင်ငယ်လေး ...ကို ဒီပဒိုင်းပင်က အသီးဟာ ဆုပ်လျှင် စူး၊ စားရင် ... နမ်းရင် မူးလို့ ပြောထားတယ်။ လုံးဝ စားလို့ မရဘူး။ ...ခြား ဦးဇင်းကြီးတွေကိုလည်း ကျောင်းသားလေးတွေနဲ့ ...ရင်ငယ်လေးတွေကို မကြာခဏ သတိပေးပါလို့ မှာကြား ...တယ်"

ဟု ပြောပြသည်။

နောက်တစ်ခေါက် ကျွန်တော် အောင်မင်္ဂလာကျောင်း ... ရောက်သောအခါ ပဒိုင်းသီးတစ်လုံးကို ခူးယူလာခဲ့ပြီး ...လှန်းထားလိုက်သည်။ နှစ်လလောက်ကြာသောအခါ ...စေ့များကို ရေချိုးသော နေရာနှင့် မလှမ်းကမ်းတွင် ...ထားလိုက်သည်။ သုံးပတ်လောက်အတွင်းမှာ အပင်ငယ် ...များ ပေါက်လာသည်။ မိုးဦးကျသောအခါ ထိုပဒိုင်းပင် ...က်လေးများကို ဆွဲနုတ်၍ အိမ်ရှေ့ ခြံစည်းရိုးနားတွင် ...ပေခန့်စီ ခွာ၍ စိုက်ပျိုးထားလိုက်သည်။ ကျွန်တော်စိုက် ...ထားပြီး ခုနစ်လခန့်အကြာတွင် အပွင့်လေးများ စ.ပွင့်လာ ... အသီးတင်လာသည်။ ကျွန်တော့်အိမ်အနီးဝန်းကျင်မှ ...တချို့က ပဒိုင်းသီးများကို ကြည့်၍ ကလေးငယ်များကို ...မခူးကြနှင့်၊ ရူးတတ်သည်ဟု ပြောကြသည်။

တချို့ကလည်း···

"ကိုမောင်ကျော်ရယ် ဒီအပင်ကို မစိုက်ပါနဲ့ဗျာ၊ ပဒိုင်း ...အစား အခြားအပင်စိုက်ပျိုးပါလား"

ဟု ဆိုကြသည်။ ကျွန်တော်မှ···

"အိုဗျာ··· သုံးတတ်လျှင် ဆေး၊ မသုံးတတ်လျှင် ...ဆိုတဲ့ စကားတောင် ရှိသေးတာပဲ"

ဟု ပြောပြီး နှစ်သိမ့်စကားပြောလိုက်ရသည်။

ကျွန်တော့်ခြံထဲတွင် ပဒိုင်းပင်များ ပေါက်နေသည်မှာ ...ယ်ငါးပင်ခန့် ရှိနေပေပြီ။

ယခုနှစ် နတ်တော်လဆန်းလောက်က ကျွန်တော်တို့ ...၏ ခေါင်းရင်းဘက် ငါးအိမ်ကျော်လောက်မှာ နေထိုင်သော ဦးလေး ဦးတင်မောင် ဖျားနေသည်မှာ နှစ်ပတ်ကျော်ခန့် ရှိနေပြီဖြစ်သည်။ ဦးလေး၏ အသက်က ၆၃ နှစ်ရှိပြီး အခု လေးငါးရက်အတွင်းမှာ နားထဲ တစီစီနှင့် လေထွက်နေသည်ဟု ဆိုသည်။ ကျွန်တော်ရောက်သွားသောအခါ ဦးလေးမှ···

"မောင်ကျော် ရောက်လာတာနဲ့ အတော်ပဲ။ ကျုပ် အဖျားပျောက်သွားပြီးတော့ ဒီရက်ထဲမှာ အားနည်းနေလို့လား မသိဘူး။ နားတစ်ဖက်က တစီစီနှင့် နားလေထွက်နေတယ်။ တစ်ခါတစ်ခါတော့လည်း နားထဲ အူနေသလိုဖြစ်ပြီး ရက်တရက် ဘေးလူတစ်ဦးဦးက ခေါ်ရင် လွယ်လွယ်နဲ့ မကြားရတာပါ"

ဟု ပြောလိုက်သည်။ ကျွန်တော် တအောင့်စဉ်းစားပြီး ခြံစည်းရိုးနားမှ ပဒိုင်းသီးအရင့်တစ်လုံးကို မျက်စိထဲ မြင်လာသည်။ ဒါနဲ့ ဦးလေးကို ဆေးမြီးတိုတစ်လက်ပြောပြပေးလိုက်သည်။ ဦးလေးမှ ပဒိုင်းသီးကို···

"လွယ်လွယ်ရနိုင်ပါ့မလား"

ဟု မေးသည်။ ကျွန်တော်မှ···

ဦးလေးအား ကျွန်တော့်ခြံထဲမှာ ပဒိုင်းပင်တွေ စိုက်ပျိုးထားတယ်၊ အသီးတွေတောင် ရင့်နေပါပြီ၊ ဦးလေးအတွက် သုံးလုံးခူးပေးလိုက်မယ်။ ကျွန်တော်ပဲ လာပို့ပေးမယ်"

ဟု ပြောပြီး ညနေဘက်တွင် သွားပို့ပေးလိုက်သည်။

အသုံးပြုပုံကတော့···

"ပဒိုင်းသီးရင့်ရင့်တစ်လုံးကို အညှာဘက်မှ အနည်းငယ် လှီးဖြတ်၍ အတွင်းဘက်မှ အစေ့များကို ကော်ထုတ်ပစ်ရမည်။ အစေ့များ ကုန်သွားလျှင် အတွင်းသို့ နှမ်းဆီအနည်းငယ်ထည့်ပြီး မီးကျီးခဲ ရဲရဲပေါ်မှာ တင်ထားရမည်။ အတွင်းဘက်မှ နှမ်းဆီ အနည်းငယ် အခိုးထလာလျှင် အောက်သို့ ဖယ်ထုတ်ပစ်ရမည်။ ပြီးလျှင် အအေးခံ၍ နံနက် တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ်၊ ညနေ တစ်ကြိမ် နားကျပ်တောင်နှင့် တဖြည်းဖြည်း နားကျပ်ပေးရမည်။ အဲဒီလို ပုံမှန် နားကျပ်ပေးလျှင် တစ်ခါတစ်ရံ သွေးအားနည်းချိန်၌ နားလေထွက်နေလျှင် ရက်တိုတိုနှင့် သက်သာပျောက်ကင်းသွားမည်"

ဦးလေးသည် ကျွန်တော်ပြောပြပေးလိုက်သော နည်းအတိုင်း လုပ်ကြည့်ရာ သက်သာပျောက်ကင်းသွားသည်ဟု အားရဝမ်းသာစွာ ပြောပြသည်■

* * *

မောင်ကျော်(ဘီးလင်း)



www.burmeseclassic.com

www.burmeseclassic.com

မိုးရေစက်တို့က အိအိ၏ မျက်နှာ၊ ခန္ဓာကိုယ်နှင့် ဆံပင်များထက်ဆီသို့ အငြိုးတကြီး ခုန်ဆင်းလျက်ရှိရာ အိအိတစ်ကိုယ်လုံး ရွဲနစ်စိုနေလေပြီ။ မိုးက မတိတ်နိုင်သေး။ အိအိကဖြင့် ရေနစ်သော ကြွက်စုတ်ကလေးနှင့် တူကာ၊ အသက်ထွက်မတတ် ခိုက်ခိုက်တုန်နေ၍ မကြာမီတွင် ဖျားနာတော့မည်ထင်သည်။ မိုးကလည်း တော်ရုံရွာခြင်းမဟုတ်။ ကောင်းကင်ယံမှ ရေကာတာ ပြိုကျလာလေသလား မှတ်ရလောက်အောင် အလုံးအရင်းနှင့် ရွာချခြင်းဖြစ်ရာ ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်မည်းနေပြီး မိုးရွာသံ တဝေါဝေါကလည်း ညနေခင်း၏ သဘာဝကို အုပ်စိုးထား၏။ ကြီးမားလှသော မိုးစက်မိုးပေါက်များကြားတွင် ပွင့်သစ်စ ပန်းကလေးများ ရေတိမ်နစ်သွားရပြီး အသီးအပွင့် အကင်းလေးများ ...

သည်။ ရွာရက်လေသော မိုး...

"ကျွတ် ... ဒုက္ခပါပဲ။ ...

တွေ့ရောက်နေတာလဲ မသိ...

အိအိ တစ်ကိုယ်တည်...

ရင်း ပတ်ဝန်းကျင်သို့ ...

တော့ မှောင်မည်း အုံ့ဆိုင်...

သာ အားမလို အားမရဖွယ် ...

# ပစ်ချလိုက်ရမလား

ဂါဦးနွန်းကို




www.burmeseclassic.com

www.burmeseclassic.com

သို့ အရာအားလုံး မိုးရေစက်
တွင် ကွယ်ပျောက်မေးမှိတ်
သွားရာလမ်းကို အိအိ တစ်
သိနိုင်တော့ချေ။ မိမိ ဘယ်
က်နေပြီလဲ။ မိမိ ဘယ်ကို
မလဲကို အိအိ အဖြေရှာမရ
မ်းပျောက်လေပြီ။
အိအိသွားလိုသည့် နေရာက
နေထိုင်ရာ ရွာနှင့် အလှမ်း

ကွာဝေးလှသည့် တစ်ဖက်ရွာ "ရွှေပျောက်ကျွန်း"သို့ ဖြစ်သည်။ အိအိတို့နေထိုင်ရာ "ရွှေပြည့်စုံရွာ"ကလေးသည် နာမည်နှင့် မလိုက်ဖက်အောင် ရွှေငွေဟူသောအသံ တစိုးတစိမျှ မကြားရသော ရွာကလေးဖြစ်ပြီး ဗီဒီယို ရုံဆိုတာ ဘာလဲဟု မေးရလောက်အောင် တောခေါင်သည့် ရွာကလေး။

သို့သော် အိအိတို့ရွာနှင့် သုံးမိုင်ခန့်ဝေးပြီး မြို့နှင့် နီးသည့် ရွှေပျောက်ကျွန်းရွာတွင်ကား ဗီဒီယိုရုံသာမက၊ ယခုဆိုလျှင် အင်တာနက် ဂိမ်းဆိုင်ပင် ရှိနေလေပြီဖြစ်ရာ၊ အိအိကဲ့သို့ ဆယ်ကျော်သက် ရွာသူကလေးအဖို့ အားလပ်သည့် အချိန်ခဏတွင် တစ်ဖက်ရွာသို့ သွားကာ ဗီဒီယိုကြည့်သော အလုပ်သည် ရွာသူအများစု၏ နိစ္စဓူဝ အလုပ်တစ်ခုပင်။ ထို့ကြောင့် ယနေ့လည်း မိုးအုံ့နေပြီကို သိပေမယ့် ဆောင်းနှောင်းကာလ၌ ဤမျှလောက် မိုးရွာလိမ့်မည်မထင်သဖြင့် ထုံးစံအတိုင်း အမေခိုင်းသမျှကို သေချာလုပ်ကိုင်ခဲ့ပြီးနောက် တစ်ဖက်ရွာသို့ တက်သုတ်ရိုက် ထွက်လာရာ လမ်းတွင် မိုးနှင့် တိုးရခြင်းဖြစ်သည်။ မိုးကလည်း တော်ရုံ မရွာ၊ သည်းထန်စွာ ရွာနေ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ရွာသို့ သွားနေကျဖြစ်သော်လည်း ဤကဲ့သို့ မိုးရွာကာ မှောင်မည်းနေချိန်တွင် ဘယ်လမ်းက ဘယ်လိုသွားရမလဲဆိုတာကို အိအိတစ်ယောက် စဉ်းစားမရ။ ခန့်မှန်းမရတော့။ နောက်ကြောင်းပြန်လှည့်ရအောင်ကလည်း ခရီးက အတော်ရောက်ခဲ့ပြီမို့ ရှေ့ဆက်သာ သွားလို၍ စိတ်မှန်းဖြင့် ရမ်းလာခဲ့ရာ ရုတ်တရက် မီးရောင်ပြိုပြိုကို လှမ်းမြင်လိုက်ရသဖြင့် အားတက်သွားသည်။

"ဟာ…ဟိုမှာ မီးရောင်၊ ဒါဆို ငါ ရွာနားကို ရောက်နေပြီပဲ"

အားတက်သရောဖြင့် ရှေ့ဆက်တိုးကာ မီးရောင်ဆီသို့ မှန်းဆကာ လျှောက်လာခဲ့စဉ် နောက်ကျောဆီမှ ခြေသံသဲ့သဲ့ကို ကြားလိုက်ရတာကြောင့် အိအိ ထိတ်လန့်သွားရသည်။ နောက်ဘက်သို့ အထိတ်တလန့် လှည့်ကြည့်လိုက်သည့်အခါ တဝေါဝေါရွာချနေသော မိုးစက် မိုးပေါက်များကိုသာ ဦးစွာပထမ မြင်လိုက်ရပြီး အသေအချာ စူးစိုက်ကြည့်လိုက်ကာမှ ဒယီးဒယိုင်နှင့် လမ်းလျှောက်လာသူတစ်ဦးကို တွေ့လိုက်ရ၏။

"ဟင်…အမှုသမားကြီးပါလား၊ ဘုရား…ဘုရား"

အိအိ မတရား ကြောက်လန့်သွားရပြီပေါ့။ ကြောက်သင့်ပေသည်။ ဤမျှလောက် ခေါ်မကြား၊ အော်မကြားလောက်အောင် မိုးရွာနေသည့်အခိုက် အမှုသမားတစ်ဦးနှင့် ပက်ပင်းတွေ့ဆုံမိပါက ဒုက္ခဆိုသောအရာကို ကိုယ့်ဘာသာကိုယ် ဖိတ်ခေါ် ပင့်ယူသကဲ့သို့ ရှိပေလိမ့်မည်မို့ အိအိခမျာ မှန်းဆမနေတော့ဘဲ ရှေ့သို့ တစ်ဟုန်းထိုးပြေးသွားမိသည်။ အမှုသမားက နောက်တွင် ကဗျာလေး ရွတ်ရင်း ပါလာလေပြီ။

*ပြော်…ခံစားချက်*
*ခက်လိုက်တဲ့ ပုစ္ဆာ*
*အဖြေကို ငါ ရှာမရ*
*"ဟိုတစ်နေ့က*
*ရန်ကုန်မြို့ထဲ*
*အလွမ်းတွေ ပြန့်ကြဲ"*
*စိုင်းစိုင်းရဲ့ သီချင်း*
*ညည်းရင်းနဲ့ပေါ့။*
*တုံးလိုက်တဲ့ ဦးနှောက်*
*နှိုက်ထုတ်ပြီး ရောင်းစားရင်တောင်*
*ငွေ "ငါးထောင်" ရကောင်းပါရဲ့။*
*ကဗျာဆိုတာ ဘာတဲ့*
*ခံစားချက်တွေ သီကုံး*
*သီချင်းဆိုတာ ဘာလဲ*
*အလွမ်းတွေ သီကုံး*
*အကယ်လို့သာ…*
*ငါ့ခံစားချက်တွေကို*
*ကဗျာအနေ စာတစ်ပေနဲ့*
*သီကုံးရေးဖွဲ့ရမယ်ဆိုရင်*
*ကဗျာစာအုပ်တွေ တောင်လို*
*တောင်လို ပုံလို့…အော့…။*

အလဲ့…အမှုသမားကလည်း မူးတာတောင် စာသံပေသံနှင့်၊ မည်သို့ပင် ဖြစ်ပါစေ၊ အိအိ မယုံရဲ။ အမှုးသမားဟာ အမှုသမားပဲ မဟုတ်လား။

အိအိသည် ဆယ်ကျော်သက်အရွယ်ဖြစ်သော်လည်း ခန္ဓာကိုယ်အချိုးအစားကျနကာ လုံးကြီးပေါက်လှမိန်းမငယ်လေးတစ်ဦးဖြစ်သောကြောင့် မဖြစ်သင့်တာတွေ ဖြစ်သွားခဲ့သော် မိမိတစ်ဘဝလုံး လူညွှန့်တုံးရပေတော့မည်ဟု တွေးကာ သွေးပျက် ချောက်ချားနေမိသည်။ ကြောက်စိတ်ကြောင့် ခြေလှမ်းတို့က မသွက်နိုင်ဘဲ တုံ့နှေးနေ၍ တုန်လှုပ်နေသည့်စိတ်ကို ထိန်းကာ ရှေ့သို့ ဇွတ်တိုးပြေးသွားလိုက်ရာ မီးရောင်နှင့် အနီးဆုံးသို့ ရောက်ရှိသွားခဲ့သည်။

"ဟာ…"

ဟောင်းနွမ်း ဆွေးမြည့်နေသော
အိမ်အိုကြီးတစ်လုံး။ မီးရောင်လဲ့လဲ့
ထိုအိမ်ကြီး၏ အပေါ်ထပ်မှ ထွက်
လာခြင်းဖြစ်သည်။ ထိုသို့ဆိုလျှင် ဤ
လောက် ယိုယွင်းပျက်စီးနေသည့်
ကြီး၌ လူနေသည်ဟူသော အဓိပ္ပာ
ပါလား။

"မဖြစ်နိုင်ဘူး"

တံခါးရွက်မကြီး ပြုတ်ကျ
ပြတင်းတံခါးရွက်တို့ ပြိုပျက်လျ
သော ဤအိမ်စုတ်ကြီးတွင် လူနေ
သည်ဆိုတာ ဖြစ်နိုင်မည် မ
အကယ်၍ လူနေသည်ဆိုလျှင်
ထိုသူသည် လူကောင်းတစ်ယော
တော့ မဟုတ်နိုင်။ အိအိ ဘာလု
မလဲ။

"အ…ကဗျာဆိုတာ ဘာ
ခံစားချက်တွေ သီကုံး
သီချင်းဆိုတာ ဘာလဲ…
အလွမ်းတွေ သီကုံး …"

နောက်ကျောဆီမှ နီးသ
နီးလာသော အမှုသမား၏ က
ကြောင့် အိအိ တစ်စုံတစ်ခုကို
ဆုံးဖြတ်ကာ အိမ်အိုကြီးထဲသို့
သွားလိုက်မိ၏။ အိမ်အိုကြီးထဲ
တစ်စုံတစ်ယောက်ရှိနေဦးတော့
တိုးတိုးတိတ်တိတ်နေလျှင် မသိ
တွေးမိသောကြောင့် အိမ်ထဲတွင်
တာ ဝင်ရောက် ပုန်းအောင်း
ဆုံးဖြတ်လိုက်သည်။ ရှေ့ဆက်
ပုန်းခိုစရာနေရာ မရှိလျှင် ပိုဆိုး
မည်မို့ မိုးတိတ်သည့်အခါ၊ သို့
ထိုအရက်သမား အခြားတစ်နေ
ထွက်သွားသည့်အခါကျ အိအိ
တိတ်ကလေး ပြန်ထွက်သွား
သည်မှာ အကောင်းဆုံး၊ အမှန်
ဆုံးဖြတ်ချက်ပင် ဖြစ်ပေလိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် အိအိ အိမ်ထဲသို့ တိုးတိတ်စွာ ချိုးနင်းဝင်ရောက်သွားလိုက်၏။

"ပစ်ချလိုက်ရမလား၊ ပစ်ချလိုက်ရမလား"

အိမ်အိုကြီးအတွင်းသို့ အိအိဝင်ရိုသေး၊ အိမ်ကြီးထဲက ကျယ်လောင်ကျက်ရှိုင်းသည့် အော်သံနက်ကြီးတစ်သံကို ကြားလိုက်ရ၍ အိအိ ထိတ်လန့်ကာ ထ,အော်မိမလိုဖြစ်သွားသည်။ သို့သော် ရွာတွင် သားသတ်၊ ငါးသတ်နေကျ မုဆိုးကြီး၏ သမီးဖြစ်သူ အိအိသည် တော်တန့်ရုံဖြင့် သွေးကြောင်တတ်သူ မဟုတ်၍ အသံလာရာကို ရှာဖွေကြည့်သောအခါ အသံက အိမ်အပေါ်ထပ်မှ လာနေခြင်းဖြစ်ကြောင်း သိလိုက်ရ၏။ ဘာပါလိမ့်။ သူခိုးဓားပြသာဆိုလျှင် ထိုသို့အော်စရာအကြောင်းမရှိ။ ဒါဆို ဘယ်သူလဲ၊ ဘာအဓိပ္ပာယ်နဲ့ အော်နေတာလဲ။ အိအိ စဉ်းစားရကျပ်သွားပြီ။ ထိုစဉ်···

"ဟိုတစ်နေ့က···
ရန်ကုန်မြို့ထဲ
အလွမ်းတွေ ပြန့်ကြဲ···
စိုင်းစိုင်းရဲ့ သီချင်း
ညည်းရင်းနဲ့ပေါ့···အော့···"

သည်မှာ အဖြေရှာရခက်နေသည့်ကြားထဲ အမူးသမား၏ ကဗျာသံက အိမ်ကြီးနားသို့ ရောက်ရှိလာသည်ကြောင့် အိအိလည်း ဟိုဟိုသည်သည် စပ်စုမနေတော့ဘဲ စားပွဲခုံတစ်လုံးအောက်တွင် ပုန်းအောင်းကာ နေလိုက်၏။ အိမ်ကြီးကို အမူးသမားကျော်သွားတော့မှ စောစောက အသံနှင့် ပတ်သက်ပြီး စပ်စုရမည်ဟု အိအိတွေးထားလိုက်သည်။ အိအိ မသိသည်က ဤအိမ်ကြီး၏ ရာဇဝင်အကြောင်း။

"ဟာ···သေရော၊ ဒုက္ခပါပဲ"

အိအိ၏ ရင်တွင်း၌ ခပ်တိုးတိုး



ရေရွတ်ညည်းတွားလိုက်မိသည့် စကား။

ညည်းရမှာပေါ့။ အိအိ မျှော်လင့်ထားသကဲ့သို့ အမူးသမားက အိမ်ကြီးကို ကျော်လွန်မသွားဘဲ အိမ်ထဲသို့ တည့်တည့်ဝင်ရောက်လာသည်မဟုတ်ပါလား။ အိအိလည်း ပုန်းနေလက်စဖြင့် မထူးတော့ဟု တွေးကာ စားပွဲခုံအောက်တွင် တိတ်တဆိတ် ဝပ်နေလိုက်သည်။ မိုးမြန်မြန်တိတ်ပါစေဟူ၍သာ ဆုတောင်းနေရင်း မိုးတိတ်လျှင် အိမ်သို့ အမြန်ပြန်ကာ ဘယ်တော့မှ ရွာလည်မသွားတော့ဟု အိအိ ဆုံးဖြတ်လိုက်မိသည်။

"ပစ်ချလိုက်ရမလား၊ ပစ်ချလိုက်ရမလား"

ဟော··· အိမ်အပေါ်ထပ်က အော်ပြန်ပြီ။ အသံကား စောစောက မိန်းမသံဖြစ်ပေမယ့် ယခုတစ်ခါတွင် ယောက်ျားသံဖြစ်နေ၍ ဤအိမ်ကြီးထဲတွင် အိအိနှင့် အမူးသမားအပြင်၊ နောက်ထပ် လင်မယား (သို့မဟုတ်) မောင်နှမနှစ်ဦးရှိလိမ့်မည်ဟု အိအိတွေးမိသည်။

ဘာပဲပြောပြော မိမိအပြင် အခြားမိန်းမတစ်ဦးရှိနေ၍ တော်သေးသည်။ အရက်မူးသမား မိမိကို တွေ့ရှိသွားပြီး မတော်တရော်ကြံစည်ပါက အကူအညီပေးကောင်း ပေးလိမ့်မည်ဟု မျှော်လင့်မိ၏။ ယခုချိန်ထိ ထိုအသံပိုင်ရှင်များသည် တစ္ဆေ သရဲများဖြစ်ကြသည်ကို အိအိ မရိပ်မိ။ ဩော်···အိအိမှ အိမ်ကြီး၏ ရာဇဝင်ကို မသိဘဲကိုး။

အိမ်ကြီးသည် ယခင်က ဗိုလ်တဲကြီးတစ်လုံးဖြစ်ပြီး ချမ်းသာ ကြွယ်ဝသော လင်မယားနှစ်ဦး နေထိုင်ခဲ့သည်။ အချိန်က ဂျပန်ခေတ်ဖြစ်ရာ ချမ်းသာသူများသည် နေ့နေ့ညည စိတ်မအေးနိုင်ဖြစ်နေရ၍ ထိုလင်မယားသည် ပိုင်ဆိုင်သော ပစ္စည်းဥစ္စာ ရတနာများကို တစ်နေရာတွင် သိုဝှက်သိမ်းဆည်းထားခဲ့ကြသည်။ သို့မှသာ သူခိုးဓားပြလာလျှင် ပိုင်ဆိုင်သမျှ အကုန်လုံးကို ပုံအောပေးလိုက်ရခြင်းရန်မှ ကင်းဝေးနိုင်မည် မဟုတ်ပါလား။ သို့သော် ကံတရားသည် ဆန်းကြယ်လွန်းလှ၏ ဆိုသည့်အတိုင်း သူဌေးလင်မယားနှစ်ယောက်သည် သူခိုးသူဝှက်တို့ ရန်ကို ကြောက်သဖြင့် ပစ္စည်းဥစ္စာတို့ကို ဝှက်ကာ နေထိုင်လျက်ရှိစဉ် တစ်ညဉ့်လင်မယားနှစ်ယောက်လုံး အိပ်ပျော်နေသည့်အခိုက် ရန်ကြွေးရှိသူတစ်ဦးက လာရောက် သတ်ဖြတ်သွားခဲ့သည်။ သူတို့နှစ်ဦးလုံးကို သတ်ဖြတ်ပြီးနောက် ပစ္စည်းဥစ္စာတို့ကို သယ်ယူရန် ဖွေရှာသည့်အခါ မည်သို့မျှ ရှာမတွေ့ပေ။ ထိုအချိန်မှစ၍ သေဆုံးသူ လင်မယားနှစ်ဦးနှင့်အတူ များပြားလှသော ရွှေငွေ



www.burmeseclassic.com

www.burmeseclassic.com

ရတနာတို့သည် ပျောက်သွားခဲ့ရ၏။

ထိုလင်မယားနှစ်ဦး သေလွန်ပြီး အချိန်ကြာမြင့်သည့်အခါ ထိုအိမ်ကို မိသားစုတစ်စုမှ ဝယ်ယူနေထိုင်ခဲ့သည်။ သို့သော်လည်း တစ်ညပင် ပြည့်မြောက်အောင် မနေလိုက်ရ။

"ပစ်ချလိုက်ရမလား။ ပစ်ချလိုက်ရမလား"

ဟူသော အိမ်အပေါ်ထပ်မှ အော်နေသည့် အသံနက်ကြီးကြောင့် တစ်အိမ်သားလုံး ညတွင်းချင်းပင် ပြောင်းပြေးသွားကြရာ ထိုအချိန်မှစ၍ ထိုအိမ်ကြီးသည် လူသူမရှိသော အိမ်အိုကြီးအဖြစ် တည်ရှိခဲ့ခြင်းဖြစ်၏။

အိမ်ကြီးဆီသို့ ရွာထဲမှ ရွာသူရွာသားများကလည်း ဝင်ရောက် အရိပ်ခိုရန်ပင် စိတ်မကူးဝံ့ကြ။ တစ်ရွာလုံးက တစ္ဆေသရဲအိမ်ကြီးအဖြစ် သတ်မှတ်ကာ ဝေးဝေးရှောင်ကြဉ်သွားခဲ့ကြ၍ အိမ်ကြီးသည် လူသူတို့နှင့် ကင်းလွတ်နေခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီ။ ယခုတော့ ထိုအိမ်ပျက်ကြီးဆီသို့ လူနှစ်ဦး ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့၏။

"ပစ်ချလိုက်ဟေ့…ပစ်ချလိုက်…ဝေါ့…"

အမှုသမားက ကြားလိုက်ရသည့်အသံကြောင့် အပေါ်ထပ်သို့ အကြောင်းကြောင်းဖြင့် မော့ကြည့်ကာ စိတ်တိုတိုဖြင့် အော်လိုက်သည်။ သူ့ကို ကြည့်ရသည်မှာ ထိုအသံကြောင့် ထိတ်လန့်ခြင်း မရှိ။ အိအိတုန်းကဆို ဘယ်က လာသည့်အသံမှန်း မသိဘဲ ရုတ်တရက်ကြီး ကြားလိုက်ရတော့ ရင်ထဲကို ထိတ်ခနဲပဲ။ အင်းပေါ့လေ၊ မှုနေလေတော့လည်း ကြောက်တတ်ပါတော့မလာ စသဖြင့် အိအိလျှောက်တွေးနေမိစဉ်…



"တကယ်ပစ်ချလိုက်ရမလား၊ ပစ်ချလိုက်ရမလား"

ဟူသော ပို၍ကျယ်လောင် နက်ရှိုင်းသည့် ရင်ခေါင်းသံကြီးကို ကြားလိုက်ရသည့်အခါ တိုက်ရိုက်အပြောခံရသူ အမှုသမား မဆိုနှင့်၊ အိအိပင် ရင်တုန်ပန်းတုန်ဖြစ်သွားသည်။ သို့သော်လည်း ကိုအမှုသမားက သတ္တိမခေ။ လက်ထဲမှ အရက်ပုလင်းကို မော့ကာ စိတ်တိုတို အမူအရာဖြင့် အိမ်အပေါ်ထပ်သို့ လှမ်းအော်၏။

"ပစ်ချလိုက်စမ်းပါ။ ဘာကောင်ပဲဖြစ်ဖြစ်…အေ့… သတ္တိရှိရင် ပစ်ချလိုက်၊ မကြောက်ဘူးကွ"

အမှုသမားသည် မကြောက်ဘူးဟု ဆိုသော်လည်း အသံတို့ အနည်းငယ် တုန်ယင်နေ၍ ကြောက်စိတ်ဝင်နေပုံရရာ အိအိကိုယ်တိုင်လည်း အမှုသမားကို ကြောက်၍သာ ပုန်းအောင်းနေရသည်။ အပေါ်ထပ်မှ ရုတ်တရက် ပေါ်ထွက်လာသော အော်သံနက်ကြီး

ကြောင့် သွေးပျက် ထိတ်လန့်လု
သို့ပေမယ့် ဘာမှန်းမသိသော အ
ထက် အမှုသမားက ပို၍ကြောက်
ကောင်းသည်ကြောင့် အိအိလည်
ကြောက်စိတ်ကို မျိုသိပ်ထားလိုက်
အပေါ်ထပ်မှ ဘာများ ပစ်ချလိုက်မ
ဆိုတာကို စိတ်ဝင်စားစွာ စောင့်ကြ
နေမိသည်။

"ဝုန်း…"

"အမလေး…သရဲ…သရဲ"

အပေါ်ထပ်မှ ပစ္စည်းတစ်ခု
အမှန်ပင် ပစ်ချလိုက်ပြီ။ ဝုန်းခနဲ
သောအသံကြီးဖြင့် အထုပ်ကြီးတစ်
ပြုတ်ကျလာသည့်အခါ အမှုသ
လည်း သွေးမရဲရှာတော့ဘဲ ပဆိုး
ဘာမနိုင်ဖြင့် နေရာမှ အော်ဟစ် ထွ
ပြေးသွားလေ၏။ အိမ်ကြီးထဲတွင် အိ
နှင့် အပေါ်ထပ်မှ ပြုတ်ကျလာသော
အထုပ်ကြီးတို့သာ ရှိတော့သည်။

"ဘာထုပ်ကြီးပါလိမ့်"

တစ်အိမ်လုံး အသံတို့ တိ
ဆိတ်သွားသည်။ တဖြည်းဖြည်းနှ
ကလည်း တစ်စတစ်စ ရပ်သွားသ
ထိုအချိန်ထိ အိအိလည်း ခုံအော
ထွက်မလာသေးသလို၊ အထုပ်
သည်လည်း ပြုတ်ကျနေသော နေ
မှ နည်းနည်းမျှ မရွေ့။ အိအိ သိချ
ပြီ။ အထုပ်ကြီးထဲတွင် ဘာတွေ ရှိ
မလဲ။ နောက်ဆုံး၌ မိန်းမသားပီပီ
လိုသည့်စိတ်က ပြင်းပြလာ
ကြောက်စိတ်ကို အနိုင်ယူသွား
ကြောင့် ပုန်းအောင်းနေရာမှ အ
ထွက်လာခဲ့သည်။

"အို…အပေါ်ထပ်က လင်မ
ဆင်းလာရင် ထွက်ပြေးရုံပေါ့၊ မိ
တိတ်သွားပြီပဲ။ ဒီအတိုင်းဆို
သွားတတ်ပါပြီ။ ကြောက်ရောမ
ပါဘူး"

www.burmeseclassic.com

စသဖြင့် ကိုယ့်ကိုယ်ကို အားပေးကာ အပြင်သို့ ထွက်လာပြီး အထုပ်ကြီး၏အနီးသို့ တိတ်တဆိတ် ချဉ်းကပ်သွားလိုက်သည်။ အိမ်အပေါ်ထပ်မှ တစ်စုံတစ်ရာ အသံမကြားရ။ အထုပ်ကာ အိပ်ရာခင်းနှင့် လိပ်ထားသော အထုပ်ကြီးဖြစ်ရာ အိအိလည်း ဖြစ်ချင်ရာ ဖြစ်တော့ဟူသောအတွေးဖြင့် စိတ်ကို ထိန်းမနေတော့ဘဲ အထဲတွင် ဘာတွေ ရှိမလဲကို သိချင်လှ၍ အထုပ်ကြီးကို ဖြေလိုက်မိသည်။

"အမလေး…"

မြင်လိုက်ရသည့် မြင်ကွင်းက အိအိ၏ ရင်ကို ဆို့နစ်သွားစေသည်။ အိအိတစ်ယောက် အသက်ရှူသံတို့ ပင်ကာ စိတ်ဖောက်ပြားသွားမည်စိုး၍ ကိုယ့်ကိုယ်ကို သတိပေးရသည်။

"ဟဲ့… မိအိ၊ စိတ်ထိန်းစမ်း၊ စိတ်ထိန်းစမ်း"

မျက်စိနှစ်လုံးကို မှိတ်ကာ ကိုယ့်ကိုယ်ကို သတိပေးနေရပြီး ၁၅မိနစ်ခန့် ကြာပြီးနောက် ကိုယ့်ကိုယ်ကို အတော်ထိန်းသိမ်းနိုင်သွား၍ စောစောက မြင်တွေ့ရသည့် အရာများကို တစ်ကျော့ပြန် စိုက်ကြည့်မိသည်။ မိမိများ အမြင်မှားသလားဟု အခါခါပြန်မေးနေမိ၏။ အိပ်ရာခင်းလိပ်ထဲတွင် တွေ့မြင်လိုက်ရသည့်အရာတွေက များပြားလှသည့် ရွှေထည်ရတနာများ။

အစွဲအလမ်းစိတ်သည် သေလွန်သူတို့၏ ဝိညာဉ်ကို ကျွတ်လွတ်ခြင်းမရှိအောင် ချုပ်နှောင်ထားနိုင်သော အစွမ်းရှိသည် မဟုတ်ပါလား။ သေဆုံးသူ လင်မယားသည်လည်း မြှုပ်နှံ သိမ်းဆည်းထားသော ပစ္စည်းဥစ္စာများအပေါ်တွင် တွယ်မက်ကာ မကျွတ်လွတ်နိုင်ဘဲ ထိုဗိုလ်တဲကြီးထဲတွင် တဝဲလည်လည်ဖြစ်နေလေရာ အချိန်ကြာမြင့်လာသည့်အခါ ထိုပစ္စည်းဥစ္စာတို့ကို ပေးပစ်လိုက်လိုသည့်အတွက် အိမ်ကြီးပေါ်သို့ တစ်စုံတစ်ယောက်ရောက်ရှိလာသည်နှင့် "ပစ်ချလိုက်ရမလား၊ ပစ်ချလိုက်ရမလား" ဟု အသံပြုခြင်းဖြစ်လေသည်။

အမှန်မှာ သူတို့နှစ်ဦး၏ ပစ္စည်းများကို ပေးကမ်းလို၍ မေးမြန်းနေခြင်းသာဖြစ်သည်။ သို့သော်လည်း လူတို့၏ သဘာဝအရ တစ္ဆေ သရဲဆိုလျှင် မိမိအား အန္တရာယ်ပေးမည်ဟု မြင်ကာ၊ ချောက်ချား ကြောက်လန့်နေခဲ့ကြ၍ ဟိုက ပေးနေသော်လည်း မရခဲ့ကြ။ မယူခဲ့ကြ။ ထွက်ပြေးလာသူများ၏ ပြောစကားကြောင့် တစ်ဆင့်စကား တစ်ဆင့်ကြားကာ အိမ်ကြီးအနားသို့ မကပ်ဝံ့ကြသည့်အခါ တစ္ဆေလင်မယားခမျာ ဥစ္စာပစ္စည်းတို့ကို လူတစ်ဦးတစ်ယောက်ထံ ပေးအပ်ပြီး အမျှဝေနိုင်းလိုပေမယ့် အခွင့်မသာခဲ့ပေ။

အိအိသည် ရွှေငွေရတနာထုပ်ကို ပိုက်လိုက်စဉ် အပေါ်ထပ်မှ အသံသဲ့သဲ့ကို ကြားလိုက်ရ၏။

"ငါတို့လင်မယားကို ရည်စူးပြီး အမျှဝေပေးပါ ကလေးရယ်"

ဟူ၍ ဖြစ်သည်။

◈◈◈

နောက် တစ်လခွဲခန့်အကြာတွင် အိအိမောင်တစ်ယောက် မြို့၌ သိန်းဆုကြီးပေါက်သည်ဟူသော သတင်းသည် ရွှေပြည့်စုံရွာကလေး၌ ထူးဆန်းအံ့ဖွယ်ရာ သတင်းအဖြစ် ပျံ့နှံ့သွားသည်။ တစ်ရွာလုံးက အိအိမောင်တစ်ယောက် ကံကောင်းလှသည်ဟု တွေးကာ ဝမ်းသာပေးကြသည်။ တစ်ကြိမ်ပဲ ထိုးပြီး တစ်ခါတည်းပေါက်သော ထိုထီမျိုး တစ်ရွာလုံးလည်း ထိုးချင်နေကြမည်မှာ မလွဲ။ အိအိမောင်လည်း မြို့မှ ထီပေါက်သော ငွေတို့ကို သွားယူလာပြီး သူမ၏ အိမ်ကို အုတ်ခံ ပျဉ်ထောင် သွပ်မိုး အိမ်ကြီးအဖြစ် ပြောင်းလဲလိုက်သလို၊ တစ်ရွာလုံးကိုလည်း တတ်စွမ်းသမျှ လှူဒါန်း၏။

အိအိမောင် သိန်းထီပေါက်ပြီးနောက် တစ်ရွာလုံးတွင် ဗီဒီယိုရုံနှင့် အင်တာနက် ဂိမ်းဆိုင်များ တိုးပွားလာခဲ့သည်။ အားလုံးက အိအိမောင်တစ်ယောက် သိန်းထီပေါက်သည်ဟူ၍သာ သိထားကြပြီး၊ အမှန်မှာ အိအိမောင်တစ်ယောက် အမူသမားထိုသည့် ထီကို အချောင်ပေါက်ခဲ့ရခြင်းဖြစ်ကြောင်းကိုမူ မည်သူမျှ မသိရှိကြပါချေ။

ရွှေပြည့်စုံရွာကလေးတွင် အိအိမောင်၏ သတင်း ပျံ့နှံ့လျက်ရှိစဉ်၊ ရွှေပျောက်ကျွန်းရွာ၌လည်း ဦးသာဝ တစ်ယောက် အရက်မူးရင်း အိမ်ပျက်ကြီးထဲ ဝင်နေမိရာမှ "ပစ်ချလိုက်ရမလား" ဟူသော တစ္ဆေနှင့် တွေ့ခဲ့ရကြောင်း၊ ဦးသာဝလည်း မူးမူးဖြင့် "ပစ်ချလိုက်" ဟု အော်လိုက်ရာ အထုပ်ကြီးတစ်ထုပ် ပြုတ်ကျလာ၍ ပြေးခဲ့ရကြောင်း စသော ဦးသာဝနှင့် အိမ်အိုကြီး၏ အကြောင်းသည် တစ်ရွာလုံးသို့ ပျံ့နှံ့ကာ အိပ်ရာဝင် ပုံပြင်တစ်ပုဒ်ကဲ့သို့ ပြောဆိုနေလေတော့၏ ■

စေတနာရှေ့ထားလျက်…

* * *

ဂါဦးနွန်းကို



www.burmeseclassic.com

www.burmeseclassic.com




# ၂၀၁၄၊ ဩဂုတ်လ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၄၊ ဩဂုတ်လ၏ ကောင်းကင်ထက်၌ ကရကဋ်ရာသီရောက် တနင်္ဂနွေဂြိုဟ် ဩဂုတ်လ ၁၈ရက်နေ့တွင် ကရကဋ်ရာသီသို့ ပြောင်းရွှေ့ဝင်ရောက်မည်ဖြစ်ပြီး အင်္ဂါဂြိုဟ် တူရာသီတွင် တည်ရှိနေပါမည်။ကရကဋ်ရာသီမှ ဗုဒ္ဓဟူးဂြိုဟ် ဩဂုတ် ၁၃ရက်နေ့၌ သိဟ်ရာသီသို့ ပြောင်းရွှေ့ရပ်တည်ပါမည်။ ကြာသပတေးဂြိုဟ် ကရကဋ်ရာသီ၌ တည်ရှိနေပြီး ပြိဿရာသီမှ သောကြာဂြိုဟ် ဩဂုတ် ၈ရက်နေ့၌ ကရကဋ်ရာသီသို့ ပြောင်းရွှေ့ရပ်တည်ပါလိမ့်မည်။ စနေဂြိုဟ် တူရာသီ ရပ်တည်နေပြီး ရာဟုနှင့် ကိတ်ဂြိုဟ်များ ကန်နှင့် မိန်ရာသီများအတွင်း တည်ရှိနေပါလိမ့်မည်။ ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ နက်ပကျွန်းဂြိုဟ် ကုမ်ရာသီနှင့် ပလူတိုဂြိုဟ် မကာရာသီအတွင်း ဖောက်ပြန်တည်ရှိနေပါလိမ့်မည်။


ဩဂုတ် ၂ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၁၁နာရီ ၇မိနစ်၌ ကြာသပတေးနှင့် ဗုဒ္ဓဟူးဂြိုဟ်များ ကရကဋ်ရာသီခွင်၌ နီးကပ်စွာ ပူးယှဉ်စစ်ထိုးသော ဖြစ်စဉ်ဖြစ်ပေါ်လာပါမည်။ ဖြစ်စဉ်အား မြန်မာနိုင်ငံမှ မမြင်တွေ့နိုင်သော်လည်း မြန်မာပြည် လွတ်လပ်ရေးဇာတာခွင်၏ ကောင်းသော နေရာဌာနတွင် ဖြစ်ပေါ်မှုကြောင့် တိုင်းပြည်နိုင်ငံအတွက် ကောင်းသော တိုးတက် ပြောင်းလဲမှုများ ဖြစ်ပေါ်လာပါမည်။ ကြာသပတေးဂြိုဟ်မှ စစ်အောင်နိုင်သည့်အတွက် တိုင်းပြည်၌ တရားဥပဒေစိုးမိုးမှုများ တိုးတက်လာမည်။ တိုင်းပြည်အတွက် အကျိုးပြုမည့် ဥပဒေသစ်များ၊ အမိန့်ကြေညာချက်များ ထုတ်ပြန်ကြေညာလိမ့်မည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အစိုးရအဖွဲ့အစည်းများမှ အင်တိုက်အားတိုက် ကြိုးစားလာနိုင်ပေသည်။

ဩဂုတ် ၄ရက်နေ့ ညနေ ၅နာရီ၌ အလင်းအား ၅၃ ရာခိုင်နှုန်းခန့်ရှိသော လနှင့် စနေဂြိုဟ်များ မြန်မာ့မိုးကောင်းကင် အနီး၌ နီးကပ်စွာ ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ အရှေ့လောင်ဂျီတွဒ် ၁၁၄ ဒီဂရီ ၂၇မိနစ်နှင့် တောင်လတ္တီတွဒ် ၁ ဒီဂရီ ၄၈ မိနစ်၊ ဩစတြေးလျတိုက်မြောက်ပိုင်း အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်စဉ်ဖြစ်ပေါ်ပါမည်။ မြန်မာနိုင်ငံမှ လထွက်သည်နှင့် လနှင့် စနေ နီးကပ်စွာ ပူးယှဉ်မှုအား မြင်တွေ့လေ့လာနိုင်မည်။ ဖြစ်စဉ်ကြောင့် ထိုင်းနှင့် မြန်မာနိုင်ငံများ၌ လူမျိုးရေးပဋိပက္ခ ပြဿနာများ၊ နယ်စပ်အရေးကိစ္စပြဿနာများ ဖြစ်ပေါ်လာတတ်သည်။ ၂၀၁၄၊ ဩဂုတ်လ ၁၀ရက်၊ ဝါခေါင်လပြည့်နေ့ မြန်မာစံတော်ချိန် ည ၁၁နာရီ ၅၅မိနစ်၌ လပြည့် လမင်းသည် ကမ္ဘာနှင့် အနီးဆုံး ဆုံမှတ်သို့ ရောက်ရှိမည်။

www.burmeseclassic.com

ယင်းအချိန်တွင် မြန်မာနိုင်ငံ၏ မွန်းတည့် မိုးကောင်းကင်မှ လမင်းဖြတ်သန်းနေချိန်ဖြစ်သည့်အတွက် နှစ်ပေါင်းများစွာကြာ ကိုက်ဆိုင်ညီညွတ်နိုင်သော ထူးခြားဖြစ်စဉ်ဖြစ်ပါသည်။ လနှင့် ကမ္ဘာအကွာအဝေး မိုင်ပေါင်း (၂၂၁၀၁၄) ဝေးကွာနေပြီး ပြည့် လမင်းကြီးအား တစ်နှစ်တာကာလအတွင်း အရွယ်အစားအကြီးမားဆုံး တွေ့မြင်လေ့လာခွင့် ရရှိပါမည်။ ဖြစ်စဉ် ပေါ်မည့်နေရာမှာ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၁၅မိနစ်နှင့် တောင်လတ္တီတွဒ် ၁၁ ဒီဂရီ ၁၄မိနစ်၊ အိန္ဒိယသမုဒ္ဒရာအတွင်း စဉ်ဖြစ်ပေါ်ပါလိမ့်မည်။ ဩဂုတ် ၁၀ရက် မှ ၂၅ရက်အတွင်း မြန်မာ၊ တရုတ်၊ အိန္ဒိယနှင့် အရှေ့တောင်အာရှနိုင်ငံများ၌ ာမီပါသော အင်အားပြင်း ငလျင်ဖြစ်စဉ်များ ဖြစ်ပေါ်လာတတ်သည်။

ဩဂုတ်လ ၁၈ရက်၊ နံနက် ၁၀နာရီ ၃၇မိနစ်၌ ကြာသပတေးနှင့် သောကြာဂြိုဟ်များ မြန်မာနိုင်ငံ၏ မွန်းတည့် ာင်းကင်၌ နီးကပ်စွာ ပူးယှဉ်စစ်ထိုးပါလိမ့်မည်။ သောကြာမှ မြောက်အရပ်တွင် ရှိနေသော်လည်း ကြာသပတေးအလင်း း ၉၉ ရာနှုန်းနှင့် သောကြာမှ အလင်းအား ၄၈ ရာနှုန်းဖြစ်သည့်အတွက် ကြာသပတေးဂြိုဟ် စစ်နိုင်ပေလိမ့်မည်။ ရှေ့လောင်ဂျီတွဒ် ၁၀၁ ဒီဂရီ ၃၃ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၅၂ မိနစ်၊ ထိုင်းနိုင်ငံအတွင်း၌ ဖြစ်စဉ်ဖြစ်ပေါ် မြန်မာနိုင်ငံ ရွှေကျင်မြို့ပေါ်မှ ဖြတ်သန်းသွားပေလိမ့်မည်။ ရွှေကျင်ဒေသ၌ ရွှေထွက်အား ကောင်းမွန်ပြီး ရွှေတွင်းအသစ် း ထူးခြားစွာ ရှာဖွေတွေ့ရှိနိုင်ပေသည်။ အဆိုပါ ဂြိုဟ်နှစ်လုံး မြန်မာ့မိုးကောင်းကင်အနီး စစ်ထိုးမှုဖြစ်စဉ်မျိုးသည် ပေါင်းများစွာကြာမြင့်မှသာ ဖြစ်ပေါ်တတ်ပြီး နက္ခတ်သိပ္ပံထူးခြားဖြစ်စဉ်ဖြစ်ပေသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် မြန်မာ င်တို့အတွက် အေးချမ်းသာယာ ကြီးပွားချမ်းသာမည့် အတိတ်ကောင်း၊ နိမိတ်ကောင်းဖြစ်စဉ် ဖြစ်ပေသည်။ ဝါခေါင်လ ယ်တွင် ရွှေနှင့် ဒေါ်လာဈေးနှုန်းများ ထူးခြားစွာ ကျဆင်းတတ်ပြီး မတ်ပဲဈေးနှုန်းများ ကျဆင်းနေရာမှ ရုတ်တရက် င်းလဲ မြင့်တက်လာတတ်ပါသည်။ နိုင်ငံရေးအုပ်ချုပ်ရေးနယ်ပယ်၌ သောကြာနေ့ သားသမီးများ ကံဇာတာမေးမှိန်တတ်ပြီး သပတေးများ ဘုန်းကံဩဇာအရှိန်အဝါ မြင့်မားတိုးတက်လာတတ်သည်။



အင်္ဂါနှင့် စနေဂြိုဟ်များ ပူးယှဉ် စစ်ထိုးနေပုံ

ဩဂုတ် ၂၇ရက်၊ မြန်မာ့စံတော်ချိန် ည ၇နာရီ ၄၄မိနစ်တွင် အင်္ဂါနှင့် စနေဂြိုဟ်များ တူရာသီ၌ စစ်ထိုးရာ အင်္ဂါမှ င်းအား ၈၇ ရာနှုန်း၊ စနေမှ အလင်းအား ၉၉ ရာနှုန်းရှိနေပြီး စနေမှ မြောက်ဘက်အရပ်တွင် ရှိနေသည့်အတွက် ဂြိုဟ် စစ်အောင်မြင်ပါသည်။ မြန်မာ့လွှတ်လပ်ရေးဇာတာခွင်၌ မကောင်းသော နေရာဌာနဖြစ်သည့်အတွက် အစိုးရပိုင်း ရာ ဝန်ကြီးအဆင့် အကြီးအကဲများ တာဝန်မှ နုတ်ထွက်မှုများ ဖြစ်ပေါ်လာလိမ့်မည်။ အင်္ဂါနေ့သားသမီးများ ဂုဏ်သိက္ခာ ဆင်းမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ အမှုပြဿနာဖြစ်ပွားမှုများ သတိပြုသင့်သည်။ တိုင်းပြည်နိုင်ငံ၌ ဘာသာရေး သားရေးကိစ္စများအတွက် ပြင်းထန်စွာ ဝေဖန်တိုက်ခိုက်မှုများ ပေါ်ပေါက်လာလိမ့်မည်။ ကြီးမားသော သဘာဝ အန္တရာယ်နှင့် မီးဘေးအန္တရာယ်၊ ပေါက်ကွဲပျက်စီးမှုဖြစ်စဉ်များ သတိပြုသင့်သည်။ အရှေ့လောင်ဂျီတွဒ် ၅၁ ဒီဂရီ စ်နှင့် တောင်လတ္တီတွဒ် ၁၅ဒီဂရီ ဝ၆မိနစ်၊ မာဒါဂတ်စကားကျွန်းအနီး၌ ဂြိုဟ်စစ်ထိုးမှုဖြစ်စဉ် ဖြစ်ပေါ်မည်ဖြစ်သည့် က် အီရန်အပါအဝင် အရှေ့အလယ်ပိုင်း အရေးကိစ္စများ၌ ကြီးမားသော အကြမ်းဖက်မှုဖြစ်စဉ်၊ လူအများအပြား က်ပျက်စီးသော ဖြစ်စဉ်၊ ကြီးမားသော ငလျင်ဖြစ်စဉ်များ ဖြစ်ပေါ်လာလိမ့်မည်။ ရွှေဈေးနှုန်းများ အမြင့်ဘက်တွင် ရှိနေပြီး မတ်ပဲဈေးနှုန်းကျဆင်းနေမည်။ ဒေါ်လာဈေးနှုန်းများ ထူးခြားစွာ ကျဆင်းတတ်ပြီး ဆန်စပါးနှင့် ပဲစဉ်းငုံ န်းများ ထူးခြားစွာ မြင့်တက်လာတတ်သည်။ စက်သုံးဆီဈေးနှုန်းများ ကြီးမားစွာအပြောင်းအလဲဖြစ်ပေါ်စေနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄၊ ဩဂုတ်လ (၁၂)ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ

ARIES



မိဿလက်

ပါးနပ်လိမ္မာသော အကျိုးကြောင့် မိမိကြိုးပမ်းကြိုးစည်မှုများ ပြည့်ဝ အောင်မြင်မည်။ လူမှုရေးကိစ္စပြဿ များအား မိမိမောင်နှမသားချင်းများကြောင့် ရင်ဆိုင်ဖြေရှင်းရမည်။ ရုတ်တရက် မထင်မှတ်သည့် အခွင့်အ ကောင်း၊ အခြေအနေကောင်းများ ပေါ်ပေါက်လာပြီး မိမိ၏ဂုဏ်သတင်း ထင်ပေါ် ကျော်စောမည် ပေါက်တတ်သည့်ကာလဖြစ်ပြီး ငွေကြေးအမြောက်အများ အကျိုးရှိနိုင်သော ကာလဖြစ်သည်။ ဝန်ထ တာဝန်ထမ်းရွက်သူများ သင်တန်းကိစ္စများ ပေါ်ပေါက်တွေ့ကြုံတတ်ပြီး လုပ်ငန်းကံ၊ ရာထူးကံ တိုး ကောင်းမွန်မည်။ လျှပ်တစ်ပြက် ပေါ်ပေါက်လာတတ်သည့် အကြံဉာဏ်ကောင်းများကြောင့် ငွေကြေး အထူးကောင်းမည့်အခွင့်အရေးများ ပေါ်ပေါက်လာမည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် ကောင်း အထောက်အပံ့အကူအညီများ ရရှိ၍ တိုးတက်အောင်မြင်မည်။ ပညာသင်ကြားနေသူများကံ အထူးတိုးတက်မြင့်မားသော ကာလဖြစ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအညှိကြုံတတ် ချစ်သူများ လှပသော အချစ်နေ့ရက်များ ဖန်တီးတည်ဆောက်နိုင်မည်။

TAURUS



ပြိဿလက်

အခက်အခဲ အတိုက်အခံများပြားသော ကာလဖြစ်ပြီး ဒေါသတရား ထိန်းချုပ်နိုင်ရန် အထူးသတိပြုဆင် ပါ။ အတိုက်အခံ ဆန့်ကျင်ဘက် တစ်ယူသန် အယူအဆအတွေးများ မိမိအပေါ် ဒုက္ခပေး အနိုင်ယူ တတ်သည်။ ကြီးမားပြင်းထန်သော ထိခိုက်မှုအန္တရာယ်များနှင့် ယာဉ်အန္တရာယ်များ တွေ့ကြုံတတ်သ မိမိလုပ်ငန်းကိစ္စများတွင် မသမာသူများ၏ ခိုးယူဖျက်ဆီး နှောင့်ယှက်မှုများကြောင့် ဆုံးရှုံးနစ်နာတတ် လူလိမ်လူကောက်များ မိမိအနီးဝန်းကျင်၌ ရှိနေတတ်သည်။ မာန်မာနတရားနှင့် ဒေါသ၊ မောဟ၊ လော များကို ခဝါချ၍ ဘာသာရေးအသီဖြင့် တည်ငြိမ်အေးချမ်းမှုကို ဖန်တီးတည်ဆောက်ပါ။အစစအ အတွက် အခြေအနေတစ်ရပ်ကို အလျင်စလို ဆုံးဖြတ်ပြုမူခြင်းများ မိမိဘဝ နစ်နာသွားတတ်သ လုပ်ငန်းရှင်များ ဥပဒေနှင့် ငြိစွန်းသော အမှုပြဿနာများ ရင်ဆိုင်ဖြေရှင်းရမည်။ ပညာသင်ကြားနေသူ အတိုက်အခံများသော ကာလဖြစ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်၏ အမြင်မကြည်လင်မှု စိတ်ညစ်နေရတတ်ပြီး ချစ်သူများ ပဋိပက္ခများဖြင့် ထိပ်တိုက်ရင်ဆိုင်ရမည်။

GEMINI



မေထုန်လက်

ပင်ပန်းမှုများ ယှဉ်တွဲလျက် ကံဇာတာ တိုးတက်မြင့်မားချိန်ဖြစ်သည်။ မိမိ၏ ဆောင်ရွက်မှု အကူအညီပေးမည့်သူများ ပေါ်ပေါက်၍ အောင်မြင်သော လမ်းမထက် ရပ်တည်ရှင်သန်နိုင်မည်။အ လုပ်ငန်းကိစ္စများ ဆက်သွယ်ဆောင်ရွက်လုပ်ကိုင်ရာ၌ မိမိအတွက် ငွေကြေးအကျိုးရှိ ကံကောင် လုပ်ငန်းတွင် နှောင့်နှေးကြန့်ကြာမှုများ တွဲဖက်နေသည့် ကာလဖြစ်ပြီး စိတ်ရှည် သည်းခံရန် လိုအ နိုင်ငံခြားဆက်သွယ်မှုနှင့် ပတ်သက်၍ အတိုက်အခံကြုံတတ်သည်။မိသားစုစီးပွားရေးပိုင်း တိုး မြင့်မားသောကာလဖြစ်ပြီး ရွှေရတနာနှင့် အသုံးအဆောင်ပစ္စည်းကောင်းများ လက်ဆောင်ရရှိတတ် ဝန်ထမ်းတာဝန် ထမ်းရွက်သူများ ပင်ပန်းသလောက် အကျိုးရှိမည်။ လုပ်ငန်းရှင်များ စီးပွားကံတိုး မြင့်မားသည့် ကာလဖြစ်သော်လည်း အတိုက်အခံပြဿနာများ ရင်ဆိုင်ရမည်။ ပညာသင်ကြားနေသူ ပင်ပန်းမှုများယှဉ်၍ လိုရာပန်းတိုင်ဆီ ရောက်ရှိမည်။ အိမ်ထောင်ရှင်များ ငွေကြေးကိစ္စများ ပဋိပက္ခကြုံမည်။ ချစ်သူကို အလိုလိုက် အကြိုက်ဆောင်၍ ပေးဆပ်သောအချစ်ဖြင့် မြတ်နိုးနေ

CANCER



ကရကဋ်လက်

နိုင်ငံရပ်ခြားကံ အထူးတိုးတက်မြင့်မားသော ကာလဖြစ်ပြီး အိမ်ခြံမြေယာဉ်တို့နှင့် ပတ်သက်၍ ကံ အကျိုးရှိမည့်ကာလဖြစ်သည်။ လုပ်ငန်းကိစ္စများအတွက် နိုင်ငံရပ်ခြား ခရီးဝေးများသွားလာရပြီး အ အရေးကောင်းများ ပေါ်ပေါက်တွေ့ကြုံလာမည်။ အဆင့်မြင့်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လုပ် အခွင့်အရေးများ ပေါ်ပေါက်လာမည်။ အောင်မြင်ထင်ရှားမှုများ စိတ်တိုင်းကျ ဖန်တီးပုံဖော် ဆွေမျိုးမိတ်ဆွေများနှင့်ပတ်သက်၍ မိမိတွင် အကျိုးရှိမည်။မိမိကံဇာတာ အထူးထွန်းတောက် မြင့် ဖြစ်ပြီး ထီပေါက်သကဲ့သို့ ငွေကြေးအများအပြားရရှိမည်။ မိသားစုကိစ္စအဝဝအတွက် ငွေကုန်ကြေးကျ မည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ ကောင်းသော နေရာဌာနအပြောင်းအရွှေ့ဖြစ်စဉ်များ ပေါ် မည်။ လုပ်ငန်းရှင်များ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိစ္စများ ထူးခြားစွာ အကျိုးရှိမည်။ ပညာသင်ကြားနေသူ နိုင်ငံခြားပညာသင်ယူမှုအခွင့်အရေးများ ရရှိတတ်သည်။ အိမ်ထောင်ရှင်နှင့် ချစ်သူများ လှပ အနာဂတ်၏ နေ့ရက်များထက် ပျော်ရွှင်မှုအမျိုးမျိုး တည်ဆောက် ပုံဖော်နိုင်မည်။

www.burmeseclassic.com

www.burmeseclassic.com

## LEO



## သိဟ်လဂ်

ပြဿနာသောကအမြောက်အမြား မိမိထံသို့ မရပ်မနား ဝင်ရောက်လာတတ်သည်။ ကြံစည်ကြိုးပမ်းသမျှ မျှော်လင့်ချက်များ ကွယ်ပျောက်နေတတ်သည်။ ပြဿနာဖန်တီးပုံဖော်လိုသော သံမဏိစိတ်ဓာတ်များ အတွက် အမှားအယွင်းများ တွေ့ကြုံလာတတ်သည်။ အခက်အခဲအသွယ်သွယ်ကြားမှ မိမိ၏ ဘဝ၏ တိုးတက်မှုများအား စိတ်ရှည်စွာဖြင့် စောင့်ကြည့် သုံးသပ်ရမည့် ကာလဖြစ်သည်။ ကျန်းမာရေးအညှဉ့်နှင့် အပူနှင့် ပတ်သက်သည့် ရောဂါများ အထူးဂရုစိုက်ပါ။ လုပ်ငန်းခွင်၌ ကြီးမားသော အမှုပြဿနာရပ်များ အတွက် အထူးသတိပြု ဆင်ခြင်ပါ။ ဝန်ထမ်းများ မိမိလုပ်ငန်းပိုင်း ထိခိုက်နစ်နာနိုင်သည့် ပြဿနာများ တွေ့ကြုံပေါ်ပေါက်လာတတ်သည်။ လုပ်ငန်းရှင်များ ကံဇာတာအထူးနိမ့်ပါးချိန်ဖြစ်ပြီး ရုံးရောက် ဂါတ်ရောက် ပြဿနာများ ရင်ဆိုင်ဖြေရှင်းရမည်။ ပညာသင်ကြားသူများ စိတ်သောကများပြီး အရာရာ၌ လွဲချော်နေမည်။ အိမ်ထောင်ရှင်နှင့် ချစ်သူများ ပဋိပက္ခပြဿနာများကြား ဗျာများ ပင်ပန်းနေမည့်ကာလ ဖြစ်သည်။

## VIRGO



## ကန်လဂ်

ကံဇာတာအထူးကောင်းမွန်သော ကာလဖြစ်ပြီး မှန်ကန်သော ဆုံးဖြတ်ချက်များဖြင့် ဘဝ၏ တိုးတက်မှုများ ရှာဖွေခွင့်ရရှိမည်။ အမျိုးမျိုးသော အခွင့်အရေးများစွာအနက်မှ မိမိဘဝမြင့်မားတိုးတက်မည့် အခွင့်အရေး ကောင်းများ ရွေးချယ်နိုင်မည့် အချိန်ကာလဖြစ်သည်။ ဘာသာရေးကိစ္စများ ထူးခြားစွာ ဆောင်ရွက်လုပ်ကိုင်ရပြီး စာပေပညာရပ်ပိုင်းဆိုင်ရာကိစ္စများအတွက် အကျိုးရှိမည်။ ငွေကြေးကံ ကောင်းမွန်၍ ထီကံဝင်းသင့်သည့် ကာလဖြစ်သည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ လုပ်ငန်းတွင် အခြားသော အလုပ်ကိစ္စများ ပူးတွဲလုပ်ကိုင် ဆောင်ရွက်ရပြီး အကျိုးရှိမည်။ ခေါင်းစားသော လုပ်ငန်းကိစ္စများမှ ထူးထူးခြားခြား ငွေကြေးအမြတ်အစွန်းများ ရရှိတတ်သည်။ လုပ်ငန်းရှင်များ ကြီးပွားအောင်မြင်မည့် အကြံဉာဏ်ကောင်းများ အတွက် လက်တွေ့ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးမည်။ ပညာသင်ကြားသူများ အခြားသူတို့ မရရှိနိုင်သော ကံကောင်းမှုများ တွေ့ကြုံတတ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးကိစ္စများ အတိုက်အခံ ရှိသော်လည်း ပြန်လည်သင့်မြတ်မည်။ ချစ်သူများ အနာဂတ် အချစ်ရက်များအား လှပစွာတည်ဆောက် ပုံဖော်နိုင်မည်။

## LIBRA



## တူလဂ်

များများတွေးခေါ်ပြီး များများအလုပ်လုပ်လိုသည့် ဆန္ဒများ ကိန်းဝပ်နေတတ်သည်။ မိသားစုအတွင်း စီးပွားကံတိုးတက်ပြောင်းလဲမှုများ ကြုံ၍ ဘဝအဆင့်အတန်းအခြေအနေတိုးတက်မြင့်မားမည်။ ရွှေရတနာ ပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးပိုင်းအကျိုးရှိမည်။ လုပ်ဖော်ကိုင်ဖက်များနှင့် ပတ်သက်၍ စကား အတိုက်အခံများရတတ်သည်။ လုပ်ငန်းပိုင်းတွင် ပြဿနာအသေးအဖွဲများ တွဲဖက်၍ အဆုံးသတ်၌ အကျိုးရှိ အောင်မြင်မည်။ ဝန်ထမ်းတာဝန်ထမ်းရွက်သူများ လုပ်ဖော်ကိုင်ဖက်တို့၏ အတိုက်အခံပြုမှုကြောင့် အထက်အကြီးအကဲများ၏ အထင်လွဲမှားမှုများ တွေ့ကြုံတတ်သည်။ လုပ်ငန်းရှင်များ စိတ်ကူးသစ်၊ အယူအဆသစ်များဖြင့် ဆောင်ရွက်ပုံဖော်သော လုပ်ငန်းကိစ္စများအတွက် အောင်မြင်မှုများ ရရှိမည်။ ပညာသင်ကြားနေသူများ ပညာရေးကံဇာတာ မြင့်မားတိုးတက်၍ အောင်မြင်မှုများ ရယူခွင့်ရှိမည်။ အိမ်ထောင်ရှင်များ မောင်နှမသားချင်းများနှင့် ပတ်သက်၍ မိသားစု ပဋိပက္ခကြုံတတ်သည်။ ချစ်သူများ ကံကောင်းသော အချစ်အားအင်များဖြင့် အနာဂတ်ကို ဖြတ်ကျော်နိုင်မည်။

## SCORPIO



## ဗြိစ္ဆာလဂ်

ငွေကြေးကံကောင်းခြင်းနှင့် ထီဆုကြီးများပေါက်သည့် အခွင့်အရေးအခြေအနေကောင်းများ တွေ့ကြုံပေါ်ပေါက်လာမည်။ ကံဇာတာ အထူးတိုးတက်မြင့်မား၍ ကြံစည် ကြိုးပမ်းဆောင်ရွက်မှုများ လွယ်ကူစွာ ပြည့်ဝ အောင်မြင်မည်။ အကောင်းဆုံး အခွင့်အရေးများ ဖန်တီးတည်ဆောက်နိုင်၍ ရာထူးဘုန်းကံအရှိန်အဝါ တိုးတက်မြင့်မားမည်။ ဝန်ထမ်းများအတွက် လုပ်ငန်းတွင် ထူးခြားသော ပြောင်းလဲတိုးတက်မှုများပေါ်ပေါက် တွေ့ကြုံလာမည်။ ငွေကြေးကံ၊ စီးပွားကံ တိုးတက်မြင့်မား၍ မိမိနှင့် မိသားစု၌ အိမ်ခြံမြေယာဉ်တို့နှင့် ပတ်သက်၍ ကံကောင်းအကျိုးရှိမည်။ လုပ်ငန်းရှင်များ ကံအကောင်းဆုံး အခွင့်အရေးသစ်များ လက်ဝယ် ရောက်ရှိလာမည့် ကာလဖြစ်သည်။ ပညာသင်ကြားသူများ အတိုက်အခံများကြားမှ တိုးတက်အောင်မြင် မည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးသာယာ အဆင်ပြေသည့်ကာလဖြစ်သည်။ ချစ်သူများ အတိုက်အခံ ပဋိပက္ခများအတွက် ပြန်လည် အဖြေရှာညှိနှိုင်းရန် အခက်ကြုံနေသော ကာလဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## SAGITTARIUS



## ဓနုလဂ်

ကံဇာတာအထူးအညံ့ရှိသည့် ကာလဖြစ်ပြီး မိမိကြိုးပမ်းသမျှ အရာမထင်ဘဲ ဆုံးရှုံးမှုနှင့် ကြုံ
သည်။ ကျန်းမာရေးအညံ့နှင့် ပြင်းထန်သော ထိခိုက်မှုအန္တရာယ်များ အထူးသတိပြုပါ။ ခရီး
လာမှုများ ရှောင်ကြဉ်သင့်ပြီး နိုင်ငံရပ်ခြား၊ လူမျိုးခြားများနှင့် ပတ်သက်သော လုပ်ငန်းကိစ္စ
ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံနိုင်သည်။ ဝန်ထမ်းတာဝန်ထမ်းရွက်သူများ လုပ်ငန်းအတွက် ကြီး
နစ်နာထိခိုက်သော အမှုပြဿနာများဖြင့် ထိပ်တိုက်ရင်ဆိုင်ရတတ်သည်။ ဘာသာရေး
အလေးအနက်ထား ဆောင်ရွက်သင့်ပြီး ဒေါသတရားပေါက်ကွဲမှုများအား ထိန်းချုပ်ပါ။ လုပ်ငန်
ကံဇာတာအထူးနိမ့်ပါးသည့်ကာလဖြစ်ပြီး ဘာပဲလုပ်လုပ် အဆင်မပြေဖြစ်ရတတ်သည်။ ပညာသ
နေသူများ ပညာရေးကဏ္ဍများ၌ ကြီးမားသောအခက်အခဲများ ရင်ဆိုင်ရမည်။ အိမ်ထောင်
ပြဿနာအသေးအဖွဲမှ ပြိုကွဲပျက်စီးသွားတတ်သည်။ ချစ်သူများ ကံမကောင်းမှုများ ဝန်းရံ

## CAPRICORN



## မကာရလဂ်

အကောင်းဆုံး ရလဒ်ကောင်းများကြား အောင်မြင်တိုးတက်မှုများ ပွင့်ပိုက်၍ ခရီးဆက်နိုင်
တိုးတက်မြင့်မားလာသော ကံဇာတာအောက် မိမိဖြစ်လိုသော အခြေအနေအကြောင်းအ
အလွယ်တကူ ဝင်ရောက် ခိုလှုံလာလိမ့်မည်။ လုပ်ငန်းသစ်များ ဆောင်ရွက်လုပ်ကိုင်ရပြီး ကြီး
လမ်းကြောင်းထက် ရောက်ရှိမည်။ အသုံးအဆောင်ပစ္စည်းကောင်းများ စိတ်တိုင်းကျ ရ
သုံးစွဲရမည်။ လုပ်ငန်းတွင် ကြီးလေးသော ရာထူးတာဝန်များ ထမ်းရွက်ခွင့်ရရှိပြီး ငွေ
စီးပွားကံ တိုးတက်ပြောင်းလဲမည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ ရာထူးဘုန်းကံအ
တိုးတက်မြင့်မားသော ကာလဖြစ်သည်။ လုပ်ငန်းရှင်များ ကံဇာတာအထွဋ်အထိပ်သို့ ရောက်
သည်။ အိမ်ထောင်ရှင်များ စိတ်တိုင်းကျ အိမ်ထောင်မှုဘဝ တည်ဆောက်ခွင့်ရရှိမည်။ ခိုင်
ခိုင်မြဲသော မေတ္တာရိပ်အောက် စိတ်ဆန္ဒရင်ခုန်သံ သဘောထားများ ထပ်တူကျရော
ကာလအပိုင်းအခြားဖြစ်သည်။

## AQUARIUS



## ကုမ်လဂ်

လုပ်ငန်းအတွက် စိတ်ပင်ပန်းမှုများနှင့် အနှောင့်အယှက်များ မကြာခဏ ရင်ဆိုင်တွေ့ကြ
လုပ်ငန်းတွင် ပင်ပန်းသလောက် အကျိုးမခံစားရတတ်ပါ။ ဆွေမျိုးသားချင်းများဖြင့် အတ
ပြဿနာများ ပေါ်ပေါက်တတ်သည်။ မတော်တဆ ထိခိုက်မှုများ၊ ကျန်းမာရေး၌ အပူ-အ
ပတ်သက်သော ရောဂါများ သတိပြုပါ။ မိမိဆောင်ရွက်သော လုပ်ငန်းကိစ္စများ၌ ယူဆ သုံးသပ်
လွဲချော်နေပြီး မကြာခဏ အဆင်မပြေဖြစ်ရတတ်သည်။ မိမိကံဇာတာအညံ့ရှိသည့် ကာလ
အခြားဖြစ်ပြီး လုပ်ငန်းနှင့် ပတ်သက်၍ ငွေကြေးအကျိုးခံစားမှု နည်းပါးသော ကာလဖြ
လုပ်ငန်းရှင်များ ငွေကြေးအမြတ်အစွန်းနည်းပါးပြီး လုပ်ငန်းလည်ပတ်မှု နှောင့်နှေးကြန့်ကြ
ပညာသင်ယူသူများ အောင်မြင်မှုများအတွက် အတိုက်အခံများ ရင်ဆိုင်ဖြတ်ကျော်ရမည်။ အိ
ရှင်များ စီးပွားရေးပိုင်းအခြေအနေများကြောင့် အိမ်တွင်းရေး မတည်ငြိမ်မှုများ ပေါ်ပေါက်
သည်။ ချစ်သူ၏ အလျှော့ပေး အလိုလိုက်မှုများကြား ခိုင်မြဲသော ချစ်သူ့ဘဝအချိန်ကာလ
ရင်ဆိုင် ဖြတ်ကျော်ရမည်။

## PISCES



## မိန်လဂ်

လူမှုရေးကိစ္စ၊ အဖွဲ့အစည်းကိစ္စ အများအပြားဆောင်ရွက်လုပ်ကိုင်ရပြီး မိမိကံ အကောင်
ဒွန်တွဲနေမည့် ကာလဖြစ်သည်။ မျက်နှာပွင့်လန်းပြီး လူမှုရေးပြဿနာအနှောင့်အယှက်မျာ
အနီးဝန်းကျင်၌ တည်ရှိနေသည်။ တရားမဝင် ငွေကြေးရရှိမှုကံ ကောင်းမွန်ပြီး စီးပွားရေ
အတွက် အကျိုးရှိ အဆင်ပြေမည်။ ကောင်းသော အခြေအနေသစ်များ ဖန်တီးခွင့်ရရှိသေ
လူမှုရေးအနှောင့်အယှက်များကြောင့် ကြန့်ကြာ နှောင့်နှေးမည်။ ဝန်ထမ်းတာဝန် ထမ်းရွ
အောက်လက်ကြောင့် လုပ်ငန်းပိုင်းအခက်အခဲများ ဖြေရှင်းရမည်။ ဝမ်းဗိုက်ပိုင်းဆိုင်ရာနှ
အဖျားနှင့်ပတ်သက်သည့် ကျန်းမာရေးပိုင်းအညံ့များ တွေ့ကြုံတတ်သည်။ လုပ်ငန်းရှင်များ ငွေ
ကောင်းမွန်ပြီး စပ်တူစပ်ဖက် လုပ်ငန်းသစ်များ အကောင်အထည်ဖော်ရမည်။ ပညာသင်ကြား
အခက်အခဲများကြားမှ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်။ အိမ်ထောင်ရှင်များ လူမှု
ကြောင့် အိမ်ထောင်ဖက်၏ ငြိုငြင်မှုများ ခံယူရမည်။ ချစ်သူများ ပြင်းထန်သော ကံကြမ္မာ
ကြောင့် ဇာတ်လမ်းတစ်ပုဒ်ပြီးဆုံးသွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄၊ ဩဂုတ်လ၊ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လက် (၁၂)လက်ဖြင့် လူတန်းစား (၁၂)ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် (၁၂)လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ နေသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်ခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး၊ မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် နှစ်နာရီကို လက်တစ်လက်အဖြစ် သတ်မှတ်၍ လက် (၁၂)လက်အတွက် နက္ခတ် (၁၂)လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် (၁၂)လုံးသည် လက်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ (Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့မွေးဖွားချိန်လက် အလွယ်တကူရှာဖွေနိုင်ရန်အတွက် လက်ရှာဖွေနည်း ဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက်အသိုက် ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လက်တစ်လက်နှုန်းဖြင့် လက် (၁၂)လက်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ - ဧပြီ ၁၃ မှ မေ ၁၃ အတွင်း နံနက် ၅း၄၅ မှ ၇း၄၅ နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလက်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် ၉း၄၅ မှ ၁၁း၄၅ နာရီအတွင်း မွေးဖွားပါက မေထုန်လက်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လက်သတ်မှတ်ရာတွင် ၁၂ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လက်များအား လက်ကောက်ယူမှု ဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ် မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ပေါ်လာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လက်အသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းကည့်ချိန်နှင့် စန်း(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့် ရက်များသည် လတစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီပံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

*ဦးဇေယျာကို (B.Sc)(D.S.A)*

နက္ခတ်သိပ္ပံအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ပြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကကင့် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၅မှ ၇:၂၅ | ပြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကင့် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကင့် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ပြိဿ |

| ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀မှ ၇:၃၀ | ကရကင့် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ပြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ပြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကင့် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကင့် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကင့် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ပြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကင့် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ပြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကင့် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကင့် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ပြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကင့် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

| မတ်၁၄ရက်မှ ဧ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှ ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကင့် |
| ၁၆:၁၀မှ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၁၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| | မိဿလဂ် | | ပြိဿလဂ် | | မေထုန်လဂ် | | ကရကဋ်လဂ် | | သိဟ်လဂ် | | ကန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၀၀ : ၂၈ | ၀၀ : ၅၉ | ၀၂ : ၀၅ | ၀၂ : ၃၅ | ၀၄ : ၂၆ | ၀၄ : ၅၆ | ၀၆ : ၁၄ | ၀၆ : ၄၆ | ၀၇ : ၀၂ | ၀၇ : ၃၅ | ၁၀ : ၅၀ | ၁၁ : ၂၄ |
| ၂ | ၀၀ : ၂၄ | ၀၀ : ၅၅ | ၀၂ : ၀၁ | ၀၂ : ၃၁ | ၀၄ : ၂၂ | ၀၄ : ၅၂ | ၀၆ : ၁၀ | ၀၆ : ၄၃ | ၀၆ : ၅၈ | ၀၇ : ၃၁ | ၁၀ : ၄၆ | ၁၁ : ၂၀ |
| ၃ | ၀၀ : ၂၀ | ၀၀ : ၅၀ | ၀၁ : ၅၇ | ၀၂ : ၂၇ | ၀၄ : ၁၈ | ၀၄ : ၄၈ | ၀၆ : ၀၆ | ၀၆ : ၃၉ | ၀၆ : ၅၄ | ၀၇ : ၂၇ | ၁၀ : ၄၂ | ၁၁ : ၁၆ |
| ၄ | ၀၀ : ၁၆ | ၀၀ : ၄၇ | ၀၁ : ၅၃ | ၀၂ : ၂၃ | ၀၄ : ၁၄ | ၀၄ : ၄၄ | ၀၆ : ၀၃ | ၀၆ : ၃၅ | ၀၆ : ၅၀ | ၀၇ : ၂၃ | ၁၀ : ၃၈ | ၁၁ : ၁၂ |
| ၅ | ၀၀ : ၁၂ | ၀၀ : ၄၄ | ၀၁ : ၄၉ | ၀၂ : ၁၉ | ၀၄ : ၁၀ | ၀၄ : ၄၀ | ၀၅ : ၅၉ | ၀၆ : ၃၁ | ၀၆ : ၄၆ | ၀၇ : ၂၀ | ၁၀ : ၃၄ | ၁၁ : ၀၈ |
| ၆ | ၀၀ : ၀၈ | ၀၀ : ၄၀ | ၀၁ : ၄၅ | ၀၂ : ၁၅ | ၀၄ : ၀၇ | ၀၄ : ၃၆ | ၀၅ : ၅၅ | ၀၆ : ၂၇ | ၀၆ : ၄၂ | ၀၇ : ၁၆ | ၁၀ : ၃၀ | ၁၁ : ၀၄ |
| ၇ | ၀၀ : ၀၀ | ၀၀ : ၃၆ | ၀၁ : ၄၂ | ၀၂ : ၁၁ | ၀၄ : ၀၃ | ၀၄ : ၃၂ | ၀၅ : ၅၁ | ၀၆ : ၂၃ | ၀၆ : ၃၈ | ၀၇ : ၁၂ | ၁၀ : ၂၆ | ၁၁ : ၀၀ |
| ၈ | ၂၃ : ၅၆ | ၀၀ : ၃၂ | ၀၁ : ၃၈ | ၀၂ : ၀၇ | ၀၃ : ၅၉ | ၀၄ : ၂၈ | ၀၅ : ၄၇ | ၀၆ : ၁၉ | ၀၆ : ၃၄ | ၀၇ : ၀၈ | ၁၀ : ၂၂ | ၁၀ : ၅၆ |
| ၉ | ၂၃ : ၅၂ | ၀၀ : ၂၈ | ၀၁ : ၃၄ | ၀၂ : ၀၃ | ၀၃ : ၅၅ | ၀၄ : ၂၅ | ၀၅ : ၄၃ | ၀၆ : ၁၅ | ၀၆ : ၃၀ | ၀၇ : ၀၄ | ၁၀ : ၁၈ | ၁၀ : ၅၂ |
| ၁၀ | ၂၃ : ၄၈ | ၀၀ : ၂၄ | ၀၁ : ၃၀ | ၀၁ : ၅၉ | ၀၃ : ၅၁ | ၀၄ : ၂၀ | ၀၅ : ၃၉ | ၀၆ : ၁၁ | ၀၆ : ၂၇ | ၀၇ : ၀၀ | ၁၀ : ၁၅ | ၁၀ : ၄၈ |
| ၁၁ | ၂၃ : ၄၄ | ၀၀ : ၂၀ | ၀၁ : ၂၆ | ၀၁ : ၅၆ | ၀၃ : ၄၇ | ၀၄ : ၁၇ | ၀၅ : ၃၅ | ၀၆ : ၀၇ | ၀၆ : ၂၃ | ၀၆ : ၅၆ | ၁၀ : ၁၁ | ၁၀ : ၄၄ |
| ၁၂ | ၂၃ : ၄၀ | ၀၀ : ၁၆ | ၀၁ : ၂၂ | ၀၁ : ၅၂ | ၀၃ : ၄၃ | ၀၄ : ၁၃ | ၀၅ : ၃၁ | ၀၆ : ၀၃ | ၀၆ : ၁၉ | ၀၆ : ၅၂ | ၁၀ : ၀၇ | ၁၀ : ၄၀ |
| ၁၃ | ၂၃ : ၃၇ | ၀၀ : ၁၂ | ၀၁ : ၁၈ | ၀၁ : ၄၈ | ၀၃ : ၃၉ | ၀၄ : ၀၉ | ၀၅ : ၂၇ | ၀၅ : ၅၉ | ၀၆ : ၁၅ | ၀၆ : ၄၈ | ၁၀ : ၀၃ | ၁၀ : ၃၇ |
| ၁၄ | ၂၃ : ၃၃ | ၀၀ : ၀၈ | ၀၁ : ၁၄ | ၀၁ : ၄၄ | ၀၃ : ၃၅ | ၀၄ : ၀၅ | ၀၅ : ၂၃ | ၀၅ : ၅၅ | ၀၆ : ၁၁ | ၀၆ : ၄၄ | ၀၉ : ၅၉ | ၁၀ : ၃၃ |
| ၁၅ | ၂၃ : ၂၉ | ၀၀ : ၀၀ | ၀၁ : ၁၀ | ၀၁ : ၄၀ | ၀၃ : ၃၁ | ၀၄ : ၀၀ | ၀၅ : ၁၉ | ၀၅ : ၅၀ | ၀၆ : ၀၇ | ၀၆ : ၄၀ | ၀၉ : ၅၅ | ၁၀ : ၂၉ |
| ၁၆ | ၂၃ : ၂၅ | ၂၃ : ၅၆ | ၀၁ : ၀၆ | ၀၁ : ၃၆ | ၀၃ : ၂၇ | ၀၃ : ၅၇ | ၀၅ : ၁၅ | ၀၅ : ၄၇ | ၀၆ : ၀၃ | ၀၆ : ၃၆ | ၀၉ : ၅၀ | ၁၀ : ၂၅ |
| ၁၇ | ၂၃ : ၂၀ | ၂၃ : ၅၂ | ၀၁ : ၀၂ | ၀၁ : ၃၂ | ၀၃ : ၂၃ | ၀၃ : ၅၃ | ၀၅ : ၁၁ | ၀၅ : ၄၄ | ၀၅ : ၅၉ | ၀၆ : ၃၂ | ၀၉ : ၄၇ | ၁၀ : ၂၀ |
| ၁၈ | ၂၃ : ၁၇ | ၂၃ : ၄၈ | ၀၀ : ၅၈ | ၀၁ : ၂၈ | ၀၃ : ၁၉ | ၀၃ : ၄၉ | ၀၅ : ၀၈ | ၀၅ : ၄၀ | ၀၅ : ၅၅ | ၀၆ : ၂၈ | ၀၉ : ၄၃ | ၁၀ : ၁၇ |
| ၁၉ | ၂၃ : ၁၃ | ၂၃ : ၄၅ | ၀၀ : ၅၄ | ၀၁ : ၂၄ | ၀၃ : ၁၅ | ၀၃ : ၄၅ | ၀၅ : ၀၄ | ၀၅ : ၃၆ | ၀၅ : ၅၀ | ၀၆ : ၂၄ | ၀၉ : ၃၉ | ၁၀ : ၁၃ |
| ၂၀ | ၂၃ : ၀၉ | ၂၃ : ၄၁ | ၀၀ : ၅၀ | ၀၁ : ၂၀ | ၀၃ : ၁၁ | ၀၃ : ၄၁ | ၀၅ : ၀၀ | ၀၅ : ၃၂ | ၀၅ : ၄၇ | ၀၆ : ၂၀ | ၀၉ : ၃၅ | ၁၀ : ၀၉ |
| ၂၁ | ၂၃ : ၀၅ | ၂၃ : ၃၇ | ၀၀ : ၄၆ | ၀၁ : ၁၆ | ၀၃ : ၀၈ | ၀၃ : ၃၇ | ၀၄ : ၅၆ | ၀၅ : ၂၈ | ၀၅ : ၄၃ | ၀၆ : ၁၇ | ၀၉ : ၃၁ | ၁၀ : ၀၅ |
| ၂၂ | ၂၃ : ၀၁ | ၂၃ : ၃၃ | ၀၀ : ၄၃ | ၀၁ : ၁၂ | ၀၃ : ၀၄ | ၀၃ : ၃၃ | ၀၄ : ၅၂ | ၀၅ : ၂၄ | ၀၅ : ၃၉ | ၀၆ : ၁၃ | ၀၉ : ၂၇ | ၁၀ : ၀၁ |
| ၂၃ | ၂၂ : ၅၇ | ၂၃ : ၂၉ | ၀၀ : ၃၉ | ၀၁ : ၀၈ | ၀၃ : ၀၀ | ၀၃ : ၃၀ | ၀၄ : ၄၈ | ၀၅ : ၂၀ | ၀၅ : ၃၅ | ၀၆ : ၀၉ | ၀၉ : ၂၃ | ၀၉ : ၅၇ |
| ၂၄ | ၂၂ : ၅၃ | ၂၃ : ၂၅ | ၀၀ : ၃၅ | ၀၁ : ၀၄ | ၀၂ : ၅၆ | ၀၃ : ၂၆ | ၀၄ : ၄၄ | ၀၅ : ၁၆ | ၀၅ : ၃၁ | ၀၆ : ၀၅ | ၀၉ : ၁၉ | ၀၉ : ၅၃ |
| ၂၅ | ၂၂ : ၄၉ | ၂၃ : ၂၀ | ၀၀ : ၃၁ | ၀၁ : ၀၁ | ၀၂ : ၅၂ | ၀၃ : ၂၂ | ၀၄ : ၄၀ | ၀၅ : ၁၂ | ၀၅ : ၂၈ | ၀၆ : ၀၁ | ၀၉ : ၁၆ | ၀၉ : ၄၉ |
| ၂၆ | ၂၂ : ၄၅ | ၂၃ : ၁၇ | ၀၀ : ၂၇ | ၀၀ : ၅၇ | ၀၂ : ၄၈ | ၀၃ : ၁၈ | ၀၄ : ၃၆ | ၀၅ : ၀၈ | ၀၅ : ၂၄ | ၀၅ : ၅၇ | ၀၉ : ၁၂ | ၀၉ : ၄၅ |
| ၂၇ | ၂၂ : ၄၁ | ၂၃ : ၁၃ | ၀၀ : ၂၃ | ၀၀ : ၅၃ | ၀၂ : ၄၄ | ၀၃ : ၁၄ | ၀၄ : ၃၂ | ၀၅ : ၀၄ | ၀၅ : ၂၀ | ၀၅ : ၅၃ | ၀၉ : ၀၈ | ၀၉ : ၄၁ |
| ၂၈ | ၂၂ : ၃၈ | ၂၃ : ၀၉ | ၀၀ : ၁၉ | ၀၀ : ၄၉ | ၀၂ : ၄၀ | ၀၃ : ၁၀ | ၀၄ : ၂၈ | ၀၅ : ၀၀ | ၀၅ : ၁၆ | ၀၅ : ၄၉ | ၀၉ : ၀၄ | ၀၉ : ၃၈ |
| ၂၉ | ၂၂ : ၃၄ | ၂၃ : ၀၅ | ၀၀ : ၁၅ | ၀၀ : ၄၅ | ၀၂ : ၃၆ | ၀၃ : ၀၆ | ၀၄ : ၂၄ | ၀၄ : ၅၆ | ၀၅ : ၁၂ | ၀၂ : ၄၅ | ၀၉ : ၀၀ | ၀၉ : ၃၄ |
| ၃၀ | ၂၂ : ၃၀ | ၂၃ : ၀၁ | ၀၀ : ၁၁ | ၀၀ : ၄၁ | ၀၂ : ၃၂ | ၀၃ : ၀၂ | ၀၄ : ၂၀ | ၀၄ : ၅၂ | ၀၅ : ၀၈ | ၀၅ : ၄၁ | ၀၈ : ၅၆ | ၀၉ : ၃၀ |
| ၃၁ | ၂၂ : ၂၆ | ၂၂ : ၅၇ | ၀၀ : ၀၇ | ၀၀ : ၃၇ | ၀၂ : ၂၈ | ၀၂ : ၅၈ | ၀၄ : ၁၆ | ၀၄ : ၄၉ | ၀၅ : ၀၄ | ၀၅ : ၃၇ | ၀၈ : ၅၂ | ၀၉ : ၂၆ |



www.burmeseclassic.com

www.burmeseclassic.com

| | တူလဂ် | | ဗြိစ္ဆာလဂ် | | ဓနုလဂ် | | မကာရလဂ် | | ကုမ်လဂ် | | မိန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက် |
| ၁ | ၁၂ : ၁၀ | ၁၂ : ၄၂ | ၁၃ : ၁၉ | ၁၃ : ၄၉ | ၁၆ : ၁၉ | ၁၇ : ၀၉ | ၁၆ : ၄၀ | ၁၇ : ၁၀ | ၁၉ : ၁၁ | ၁၉ : ၄၄ | ၁၉ : ၁၁ | ၁၉ : [illegible] |
| ၂ | ၁၂ : ၀၆ | ၁၂ : ၃၈ | ၁၃ : ၁၅ | ၁၃ : ၄၅ | ၁၆ : ၁၅ | ၁၇ : ၀၅ | ၁၆ : ၃၆ | ၁၇ : ၀၇ | ၁၉ : ၀၇ | ၁၉ : ၄၀ | ၁၉ : ၀၇ | ၁၉ : [illegible] |
| ၃ | ၁၂ : ၀၂ | ၁၂ : ၃၄ | ၁၃ : ၁၁ | ၁၃ : ၄၁ | ၁၆ : ၃၀ | ၁၇ : ၀၁ | ၁၆ : ၃၃ | ၁၇ : ၀၃ | ၁၉ : ၀၃ | ၁၉ : ၃၆ | ၁၉ : ၀၃ | ၁၉ : [illegible] |
| ၄ | ၁၁ : ၅၈ | ၁၂ : ၃၀ | ၁၃ : ၀၇ | ၁၃ : ၃၇ | ၁၆ : ၂၇ | ၁၆ : ၅၇ | ၁၆ : ၂၉ | ၁၆ : ၅၉ | ၁၈ : ၅၉ | ၁၉ : ၃၂ | ၁၈ : ၅၉ | ၁၉ : [illegible] |
| ၅ | ၁၁ : ၅၄ | ၁၂ : ၂၆ | ၁၃ : ၀၃ | ၁၃ : ၃၃ | ၁၆ : ၂၃ | ၁၆ : ၅၃ | ၁၆ : ၂၅ | ၁၆ : ၅၅ | ၁၈ : ၅၅ | ၁၉ : ၂၈ | ၁၈ : ၅၅ | ၁၉ : [illegible] |
| ၆ | ၁၁ : ၅၀ | ၁၂ : ၂၂ | ၁၂ : ၅၉ | ၁၃ : ၂၉ | ၁၆ : ၁၉ | ၁၆ : ၄၉ | ၁၆ : ၂၁ | ၁၆ : ၅၁ | ၁၈ : ၅၁ | ၁၉ : ၂၄ | ၁၈ : ၅၁ | ၁၉ : [illegible] |
| ၇ | ၁၁ : ၄၆ | ၁၂ : ၁၈ | ၁၂ : ၅၅ | ၁၃ : ၂၅ | ၁၆ : ၁၅ | ၁၆ : ၄၅ | ၁၆ : ၁၇ | ၁၆ : ၄၇ | ၁၈ : ၄၇ | ၁၉ : ၂၀ | ၁၈ : ၄၇ | ၁၉ : [illegible] |
| ၈ | ၁၁ : ၄၂ | ၁၂ : ၁၄ | ၁၂ : ၅၁ | ၁၃ : ၂၂ | ၁၆ : ၁၁ | ၁၆ : ၄၁ | ၁၆ : ၁၃ | ၁၆ : ၄၃ | ၁၈ : ၄၃ | ၁၉ : ၁၇ | ၁၈ : ၄၃ | ၁၉ : [illegible] |
| ၉ | ၁၁ : ၃၈ | ၁၂ : ၁၀ | ၁၂ : ၄၇ | ၁၃ : ၁၈ | ၁၆ : ၀၇ | ၁၆ : ၃၈ | ၁၆ : ၀၉ | ၁၆ : ၃၉ | ၁၈ : ၃၉ | ၁၉ : ၁၃ | ၁၈ : ၃၉ | ၁၉ : [illegible] |
| ၁၀ | ၁၁ : ၃၄ | ၁၂ : ၀၆ | ၁၂ : ၄၃ | ၁၃ : ၁၄ | ၁၆ : ၀၄ | ၁၆ : ၃၄ | ၁၆ : ၀၅ | ၁၆ : ၃၅ | ၁၈ : ၃၅ | ၁၉ : ၀၉ | ၁၈ : ၃၅ | ၁၉ : [illegible] |
| ၁၁ | ၁၁ : ၃၀ | ၁၂ : ၀၂ | ၁၂ : ၃၉ | ၁၃ : ၁၀ | ၁၆ : ၀၀ | ၁၆ : ၃၀ | ၁၆ : ၀၁ | ၁၆ : ၃၁ | ၁၈ : ၃၁ | ၁၉ : ၀၅ | ၁၈ : ၃၁ | ၁၉ : [illegible] |
| ၁၂ | ၁၁ : ၂၆ | ၁၁ : ၅၈ | ၁၂ : ၃၅ | ၁၃ : ၀၆ | ၁၅ : ၅၆ | ၁၆ : ၂၆ | ၁၅ : ၅၇ | ၁၆ : ၂၇ | ၁၈ : ၂၇ | ၁၉ : ၀၁ | ၁၈ : ၂၇ | ၁၉ : [illegible] |
| ၁၃ | ၁၁ : ၂၂ | ၁၁ : ၅၄ | ၁၂ : ၃၁ | ၁၃ : ၀၂ | ၁၅ : ၅၂ | ၁၆ : ၂၂ | ၁၅ : ၅၃ | ၁၆ : ၂၃ | ၁၈ : ၂၃ | ၁၈ : ၅၇ | ၁၈ : ၂၃ | ၁၈ : [illegible] |
| ၁၄ | ၁၁ : ၁၈ | ၁၁ : ၅၀ | ၁၂ : ၂၇ | ၁၂ : ၅၈ | ၁၅ : ၄၈ | ၁၆ : ၁၈ | ၁၅ : ၄၉ | ၁၆ : ၁၉ | ၁၈ : ၁၉ | ၁၈ : ၅၃ | ၁၈ : ၁၉ | ၁၈ : [illegible] |
| ၁၅ | ၁၁ : ၁၄ | ၁၁ : ၄၇ | ၁၂ : ၂၄ | ၁၂ : ၅၄ | ၁၅ : ၄၄ | ၁၆ : ၁၄ | ၁၅ : ၄၅ | ၁၆ : ၁၅ | ၁၈ : ၁၆ | ၁၈ : ၄၉ | ၁၈ : ၁၆ | ၁၈ : [illegible] |
| ၁၆ | ၁၁ : ၁၁ | ၁၁ : ၄၃ | ၁၂ : ၂၀ | ၁၂ : ၅၀ | ၁၅ : ၄၀ | ၁၆ : ၁၀ | ၁၅ : ၄၁ | ၁၆ : ၁၁ | ၁၈ : ၁၂ | ၁၈ : ၄၅ | ၁၈ : ၁၂ | ၁၈ : [illegible] |
| ၁၇ | ၁၁ : ၀၇ | ၁၁ : ၃၉ | ၁၂ : ၁၆ | ၁၂ : ၄၆ | ၁၅ : ၃၆ | ၁၆ : ၀၆ | ၁၅ : ၃၇ | ၁၆ : ၀၈ | ၁၈ : ၀၈ | ၁၈ : ၄၁ | ၁၈ : ၀၈ | ၁၈ : [illegible] |
| ၁၈ | ၁၁ : ၀၃ | ၁၁ : ၃၅ | ၁၂ : ၁၂ | ၁၂ : ၄၂ | ၁၅ : ၃၂ | ၁၆ : ၀၂ | ၁၅ : ၃၄ | ၁၆ : ၀၄ | ၁၈ : ၀၄ | ၁၈ : ၃၇ | ၁၈ : ၀၄ | ၁၈ : [illegible] |
| ၁၉ | ၁၀ : ၅၉ | ၁၁ : ၃၁ | ၁၂ : ၀၈ | ၁၂ : ၃၈ | ၁၅ : ၂၈ | ၁၅ : ၅၈ | ၁၅ : ၃၀ | ၁၆ : ၀၀ | ၁၈ : ၀၀ | ၁၈ : ၃၃ | ၁၈ : ၀၀ | ၁၈ : [illegible] |
| ၂၀ | ၁၀ : ၅၅ | ၁၁ : ၂၇ | ၁၂ : ၀၄ | ၁၂ : ၃၄ | ၁၅ : ၂၄ | ၁၅ : ၅၄ | ၁၅ : ၂၆ | ၁၅ : ၅၆ | ၁၇ : ၅၆ | ၁၈ : ၂၉ | ၁၇ : ၅၆ | ၁၈ : [illegible] |
| ၂၁ | ၁၀ : ၅၁ | ၁၁ : ၂၃ | ၁၂ : ၀၀ | ၁၂ : ၃၀ | ၁၅ : ၂၀ | ၁၅ : ၅၀ | ၁၅ : ၂၂ | ၁၅ : ၅၂ | ၁၇ : ၅၂ | ၁၈ : ၂၅ | ၁၇ : ၅၂ | ၁၈ : [illegible] |
| ၂၂ | ၁၀ : ၄၇ | ၁၁ : ၁၉ | ၁၁ : ၅၆ | ၁၂ : ၂၆ | ၁၅ : ၁၆ | ၁၅ : ၄၆ | ၁၅ : ၁၈ | ၁၅ : ၄၈ | ၁၇ : ၄၈ | ၁၈ : ၂၂ | ၁၇ : ၄၈ | ၁၈ : [illegible] |
| ၂၃ | ၁၀ : ၄၃ | ၁၁ : ၁၅ | ၁၁ : ၅၂ | ၁၂ : ၂၃ | ၁၅ : ၁၂ | ၁၅ : ၄၃ | ၁၅ : ၁၄ | ၁၅ : ၄၄ | ၁၇ : ၄၄ | ၁၈ : ၁၈ | ၁၇ : ၄၄ | ၁၈ : [illegible] |
| ၂၄ | ၁၀ : ၃၉ | ၁၁ : ၁၁ | ၁၁ : ၄၈ | ၁၂ : ၁၉ | ၁၅ : ၀၉ | ၁၅ : ၃၉ | ၁၅ : ၁၀ | ၁၅ : ၄၀ | ၁၇ : ၄၀ | ၁၈ : ၁၄ | ၁၇ : ၄၀ | ၁၈ : [illegible] |
| ၂၅ | ၁၀ : ၃၅ | ၁၁ : ၀၇ | ၁၁ : ၄၄ | ၁၂ : ၁၅ | ၁၅ : ၀၅ | ၁၅ : ၃၅ | ၁၅ : ၀၆ | ၁၅ : ၃၆ | ၁၇ : ၃၆ | ၁၈ : ၁၀ | ၁၇ : ၃၆ | ၁၈ : [illegible] |
| ၂၆ | ၁၀ : ၃၁ | ၁၁ : ၀၃ | ၁၁ : ၄၀ | ၁၂ : ၁၁ | ၁၅ : ၀၁ | ၁၅ : ၃၁ | ၁၅ : ၀၂ | ၁၅ : ၃၂ | ၁၇ : ၃၂ | ၁၈ : ၀၆ | ၁၇ : ၃၂ | ၁၈ : [illegible] |
| ၂၇ | ၁၀ : ၂၇ | ၁၀ : ၅၉ | ၁၁ : ၃၆ | ၁၂ : ၀၇ | ၁၄ : ၅၇ | ၁၅ : ၂၇ | ၁၄ : ၅၈ | ၁၅ : ၂၈ | ၁၇ : ၂၈ | ၁၈ : ၀၂ | ၁၇ : ၂၈ | ၁၈ : [illegible] |
| ၂၈ | ၁၀ : ၂၃ | ၁၀ : ၅၅ | ၁၁ : ၃၂ | ၁၂ : ၀၃ | ၁၄ : ၅၃ | ၁၅ : ၂၃ | ၁၄ : ၅၄ | ၁၅ : ၂၄ | ၁၇ : ၂၄ | ၁၇ : ၅၈ | ၁၇ : ၂၄ | ၁၇ : [illegible] |
| ၂၉ | ၁၀ : ၁၉ | ၁၀ : ၅၁ | ၁၁ : ၂၈ | ၁၁ : ၅၉ | ၁၄ : ၄၉ | ၁၅ : ၁၉ | ၁၄ : ၅၀ | ၁၅ : ၂၀ | ၁၇ : ၂၀ | ၁၇ : ၅၄ | ၁၇ : ၂၀ | ၁၇ : [illegible] |
| ၃၀ | ၁၀ : ၁၆ | ၁၀ : ၄၈ | ၁၁ : ၂၅ | ၁၁ : ၅၅ | ၁၄ : ၄၅ | ၁၅ : ၁၅ | ၁၄ : ၄၆ | ၁၅ : ၁၆ | ၁၇ : ၁၇ | ၁၇ : ၅၀ | ၁၇ : ၁၇ | ၁၇ : [illegible] |
| ၃၁ | ၁၀ : ၁၂ | ၁၀ : ၄၄ | ၁၁ : ၂၀ | ၁၁ : ၅၁ | ၁၄ : ၄၀ | ၁၅ : ၁၁ | ၁၄ : ၄၂ | ၁၅ : ၁၃ | ၁၇ : ၁၃ | ၁၇ : ၄၆ | ၁၇ : ၁၃ | ၁၇ : [illegible] |



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ဟော့…ကိုမောင်ရီ"

"ဟာ…မောင်မောင်…"

ကိုမောင်ရီ မောင်မောင်ကို ပြေးဖက်လိုက်ရင်း…

"မင်းကွာ၊ လာမယ်ဆိုရင် ငါ့ကို ကြိုပြောတာမဟုတ်ဘူး။ ငါလာကြိုမှာပေါ့"

"ကျွန်တော် ခင်ဗျားတို့ အံ့ဩသွားအောင်ဆိုပြီး အကြောင်းမကြားဘဲ လာခဲ့တာ"

ကိုမောင်ရီက မောင်မောင် လွယ်ထားသော ခရီးဆောင်အိတ်ကို လှမ်းယူရင်း အိမ်ဘက်သို့ လှည့်ကာ

"မိငယ်ရေ…ဟော့…မိငယ်၊ ဒီမှာ ဘယ်သူလာသလဲလို့ ထွက်ကြည့်စမ်းပါဦးဟ"

မမိငယ်က အိမ်ရှေ့တံခါးပေါက်မှ ခြံထဲသို့ ကိုမောင်ရီနှင့် အတူဝင်လာသော ဂျင်းဘောင်းဘီ၊ တီရှပ်၊ နေကာမျက်မှန်တပ်ထားသော လူစိမ်းကို သေသေချာချာလှမ်းကြည့်ရင်း…

"ဟယ်…မောင်မောင်"

ဟု ဆိုကာ အိမ်ပေါ်မှ ပြေးဆင်းလာပြီး မောင်မောင်ဆီသို့ ပြေးလာကာ ရှေ့တွင် ရပ်လိုက်ပြီး…

"မောင်မောင်ရယ် ဝမ်းသာလိုက်တာဟာ၊ နင် လာမယ်ဆိုရင် ကြိုပြီး ဖုန်းဆက်တာ မဟုတ်ဘူး။ ငါတို့ လာကြိုမှာပေါ့"

"ကျွန်တော် ကြိုပြီး ဖုန်းဆက်ဦးမလို့ပဲ။ အစ်မတို့ အံ့ဩအောင်ဆိုပြီး မဆက်ဖြစ်တော့တာ"

"ကဲ…လာ…လာ၊ အိမ်ပေါ်တက်"

မောင်မောင်ဧည့်ခန်းရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး နံရံတွင် ချိတ်ဆွဲထားသော သမင်းခေါင်း ချိုကား၊ ဆတ်ခေါင်းနှင့် တိရစ္ဆာန်သားရေများနှင့် နှစ်လုံးပြူးသေနတ်တစ်လက်၊ ရိုင်ဖယ်တစ်လက်နှင့် ဒူးလေးတို့ကို ကြည့်လိုက်ပြီး…

"ကိုမောင်ရီ… ခင်ဗျားက တကယ့်မုဆိုးစစ်စစ်ကြီးပဲဗျ"

"ဟဲဟဲ… မင်းက နံရံမှာ ချိတ်ထားတာတွေကို ကြည့်ပြီး ငါ့ကို အထင်ကြီးနေပြန်ပြီ။ ဒါတွေက မဖြစ်စလောက်ပါကွာ။ ငါ့အဘ(အဖေ)အိမ်ရောက်ရင် မင်း ပိုအံ့ဩသွားမယ်"

"ကဲ-မောင်မောင် မင်းအစ်ကိုနဲ့ စကားပြောနှင့်ဦး၊ အစ်မ ရေနွေးကြမ်းသွားယူလိုက်ဦးမယ်"

ဟု ဆိုကာ အိမ်နောက်ဘက်သို့ ဝင်သွား၏။ ထိုစဉ် အသက်နှစ်ဆယ်ခန့် ကောင်မလေးတယောက် အိမ်ပေါ်သို့ တက်လာသည်။

"မောင်မောင်… ဒါ ငါ့သမီးလေကွာ။ ငါတို့ မလေးရှားသွားတုန်းက သမီးက ၅တန်းပဲ ရှိသေးတယ်။ ငါတို့ အခု မြန်မာပြည်ပြန်ရောက်တော့ တက္ကသိုလ်တောင် တက်နေပြီ။ သမီး…ဒါ အဘရဲ့ သူငယ်ချင်းဆိုလည်း ဟုတ်၊ ညီဆိုရင်လည်း ဟုတ်တယ်။ နာမည်က မောင်မောင်တဲ့။ အဘတို့ မလေးရှားမှာ အလုပ်လုပ်တုန်းက အရမ်းကို ခင်မင်တဲ့ မိတ်ဆွေတွေပေါ့"

"ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ်…ဦး"

"ဦးလည်း တွေ့ရတာ ဝမ်းသာပါတယ်ကွယ်"

"သမီး…နင့်အမေ နောက်ဖေးမှာ ဘာတွေလုပ်နေလဲ မသိဘူး။ သွားကူလိုက်ဦး"

"ဟုတ်"

ခဏကြာ မမိငယ်တို့သားအမိ ရေနွေးကြမ်း၊ ဆတ်သားခြောက်… တို့နှင့် ရောက်လာ၏။ ရေနွေး… သောက်လိုက်၊ ဆတ်သားခြောက် … လိုက်နှင့် ရှေးဟောင်း နှောင်းဖြ… ပြောမကုန်အောင်ရှိ၏။ ထိုအချိန်… အသက် ၆၀ ခန့်ရှိ အင်္ကျီချွတ်ထား… ခေါင်းပေါင်း ပေါင်းထားသော လူ… တစ်ယောက် အိမ်ပေါ်သို့ တက်… သည်။ ကိုမောင်ရီက…

"မောင်မောင်…ဒါ ငါ့အဖေ… ကွာ။ အဘ…ဒါ ကျွန်တော့်သူ… ချင်း။ မလေးရှားမှာတုန်းက ခင်… ခဲ့တာ။ ရန်ကုန်သားတစ်ယောက်… နံရံပေါ်က သမင်းချို၊ ဆတ်ချိုတွေ… ကြည့်ပြီး သဘောကျနေလို့ ငါ့… အိမ်ရောက်ရင် မင်း ပိုအံ့ဩသွား… မယ်လို့ ကျွန်တော်ပြောနေသေးတ…"

ကိုမောင်ရီ့အဘက ဆေး… ပါးဆောင်တွင် ခဲရင်း ပြုံးပြုံးကြီး… ကာ မောင်မောင်ကို ကြည့်ပြီး…

"ဘာလဲ…မင်းက စိတ်ဝင်… လို့လား"

"ဟုတ်ကဲ့၊ စိတ်ဝင်စား… အဘ။ ကျွန်တော်လည်း အမဲပစ်… ဝါသနာပါတယ်။ ဒါပေမယ့် တ… မပစ်ဖူးဘူး"

"မောင်မောင်… မနက်… အဘနဲ့ ငါ အမဲပစ်ထွက်မလို့ … လိုက်မလား"

"လိုက်မယ်လေဗျာ"

ထိုညတွင် ကိုမောင်ရီ့ … မုဆိုးကြီး ဦးဖိုးလုံးက မုဆိုးအ… အကြံများ၊ မုဆိုးတို့ သိသင့်သိထိ… တာများကို ပြောပြပြီး နှစ်လုံး… သေနတ်ပစ်ခြင်းကိုလည်း ကော… သင်ကြားပေး၏။

◈◈◈

နောက်တစ်ရက် နံနက်စော…



www.burmeseclassic.com

www.burmeseclassic.com

မှထွက်ခဲ့ကြရာ တောစပ်သို့ ရောက်ာ နံနက် ၇ နာရီထိုးနေပြီ။ အဘ လုံးက ပိုင်ရာဆိုင်ရာများကို ပူဇော် ပြီးသည်နှင့် တောထဲသို့ ဝင်လာခဲ့ ၏။ အဘ ဦးဖိုးလုံးက ဒူးလေးကို ရင်း ရှေ့ဆုံးမှဖြစ်ပြီး မောင်မောင် အလယ်မှ နှစ်လုံးပြူးကို ကိုင်ကာ၊ မောင်ရီက နောက်ဆုံးမှ ရိုင်ဖယ်ကို ထား၏။ မောင်မောင်မှာ သေနက် ခါမှ မပစ်ဘူးပေ။ ကိုမောင်ရီက ခတ်ပုံကို အသေအချာသင်ပေး သဖြင့် လက်ယားနေသည်။

အတန်ကြာသောအခါ တောင် ကြောလေးပေါ်သို့ ရောက်လာ၏။ ထို ခါ ဦးဖိုးလုံးက...

"မောင်ရီ... မင်းတို့နှစ်ယောက် တောင်ကြောအတိုင်း တက်သွားကြ။ ယောဟိုလျှိုဘက်က လှည့်သွားမယ်။ ညင်ပင်စခန်းကုန်းမှာ ပြန်ဆုံမယ်"

ဟု ဆိုကာ လျှိုထဲသို့ ချုံနွယ်များ တိုး၍ဆင်းသွားသည်။ ကိုမောင်ရီ တောင်ကြောလေးအတိုင်း ရှေ့မှ က်သွားသဖြင့် မောင်မောင်က က်မှ လိုက်ခဲ့သည်။ တောမှာ သစ် ကြီး/ငယ်တို့ဖြင့် အုံ့ဆိုင်းလွန်းလှ ဖြင့် နေပျောက်ပင်မထိုး။ ကျေးငှက် လေးများ တကျီကျီနှင့် အော်မြည် တို့က တောသဘာဝကို ပီ၍ပီပြင် ၏။

အတော်အတန် ခရီးပေါက်လာ သော်လည်း ဘာသားကောင်မှ တွေ့ရသေးသဖြင့် ကိုမောင်ရီက ောင်ကြောလေးပေါ်မှ အောက်သို့ င်းလာခဲ့၏။ ချုံနွယ်များကို တိုးရင်း ယောက်သား ခြေသံလုံလုံ၊ မျက်စိ ရှင်နှင့် လာခဲ့ကြသည်။ အတန်ငယ် ာတိုးလာခဲ့သောအခါ ရှေ့ခပ်လှမ်း း သစ်ဆိမ့်ပင်ပေါ်တွင် အသံသဲ့သဲ့ ကြားသဖြင့် ကြည့်လိုက်တော့ မျောက် တစ်အုပ်။ ကိုမောင်ရီက ခြေလှမ်း နေရာမှ ရပ်လိုက်ပြီး မောင်မောင်အား လေသံဖြင့်...

"မင်း သေနတ်အဆင်သင့်လုပ်ထား။ ငါ အချက်ပေးလိုက်တာနဲ့ နှစ်ယောက် တစ်ပြိုင်တည်း ပစ်မယ်"

ဟု ဆိုကာ သစ်ဆိမ့်ပင်ကြီးနား ချုတ်နင်း၍ တဖြည်းဖြည်းတိုးကပ်သွား၏။ နှစ်ယောက်သား ပစ်မှတ်ကို သေချာချိန်ရွယ်လိုက်ကြပြီး ကိုမောင်ရီက လေသံတိုးတိုးဖြင့် ...

"ပစ်"

ဟု အချက်ပေးရင်း နှစ်ယောက် ပြိုင်တူပစ်လိုက်ကြသည်။

"ဒိန်း...ဒိန်း..."

သေနတ်သံများ တောတွင်း ပဲ့တင်ထပ်သွား၏။ တောသဘာဝ ပျော်မြူးနေကြသော ကျေးငှက်လေးတွေမှာ လန့်ဖျပ်ကာ အဝေးသို့ ပျံသွားကြလေသည်။

"ဟော...ကိုမောင်ရီ ထိသွားပြီဗျို့"

နှစ်ယောက်သား သစ်ဆိမ့်ပင်ခြေသို့ အပြေးလေး ချဉ်းကပ်သွားကြ၏။ မျောက်နှစ်ကောင်မှာ မြေပြင်ပေါ်တွင် ကားကားလေး။ နှစ်ကောင်အနက် တစ်ကောင်က မသေသေးဘဲ ဝေဒနာကို ခံစားရင်းမှ ထပြေးဖို့အလုပ်မှာ ကိုမောင်ရီက နောက်တစ်ချက်ပစ်၍ ဇီဝိန်ချုပ်ပေးလိုက်၏။ ကိုမောင်ရီက...

"ဒီနေ့ ဈေးဦးပေါက် ကောင်းတယ်ဟေ့။ မောင်မောင်... မင်းက ဘယ်ဆိုလို့လဲ။ လက်မှန်းတည့်လှချည်လား"

"ဟဲ...ဟဲ..."

မောင်မောင်မှာ စ,စချင်း မျောက်တစ်ကောင်ကို ပစ်ခတ်လိုက်နိုင်သဖြင့် အတော်အူမြူးသွားလေသည်။ မျောက်တွေကို တစ်ယောက် တစ်ကောင် ထမ်းပြီး လျှောက်ခဲ့တာ အတော်ပင်နက်သော တောနက်ပိုင်းသို့ ရောက်လာခဲ့သည်။ ကျေးငှက်သာရကာတို့၏ တကျီကျီနှင့် တေးသံသာတို့ကြောင့် တော၏ သဘာဝကို ပို၍အသက်ဝင်စေသည်။ လေပြည်အဝှေ့မှာ တောပန်းရနံ့လေးက မွှေးပျံ့လို့နေသည်။

နှစ်ယောက်သား လျှောက်ရင်း တောင်ကြောလေးအခြေရှိ ဝါးရုံစပ်သို့ အရောက် ရှေ့မှ ကိုမောင်ရီမှာ ရပ်လိုက်ကာ မြေပြင်သို့ ငုံ့ကြည့်ပြီး...

"တောဝက်ခြေရာ လတ်လတ်ဆတ်ဆတ်တွေ့တယ်ကွ။ ဖြတ်သွားတာ သိပ်ကြာသေးပုံမရဘူး။ ခြေရာခံလိုက်ကြည့်ရအောင်"

နှစ်ယောက်သား ခြေသံလုံလုံဖြင့် တောဝက်ခြေရာ နောက်သို့ ခြေရာခံလိုက်ခဲ့ကြသည်။ အတန်ကြာ လျှောက်လာခဲ့ရင်း ရှေ့နားလောက်ဆီမှ "အစ်...အစ်"နှင့် မြည်ရင်း တစ်ခုခု ကိုက်ဝါးနေသံ တိုးတိုးသဲ့သဲ့ကြားရသဖြင့် ချုံနွယ်များကို အကာအကွယ်ယူပြီး ထိုင်လျက် အသံကြားရာဆီသို့ ချဉ်းကပ်လာခဲ့ကြ၏။ ရှေ့ကိုက်တစ်ရာခန့်တွင် တောဝက်တစ်ကောင် မြေကြီးကို နှုတ်သီးဖြင့် တူး၍ အေးအေးလူလူ အစာစားနေသည်ကို တွေ့လိုက်ရသည် ပစ်ကွင်းက မကောင်း။ တောဝက်ကောင်က သူတို့ကို ဖင်ပေးထားသဖြင့် ပစ်ဖို့ ခက်နေ၏။

ကိုမောင်ရီက ဝါးရုံပင်များကြား တိုးဝင်သွားပြီး ဝါးပင်များကြားမှ သေနတ်ပြောင်းကို တောဝက်၏ လက်ပြင်နောက်နားသို့ အသေအချာချိန်ပြီး ပစ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒိန်း…"

တောဝက်ကောင်မှာ နေရာတင် ပင် တုံးခနဲ တဆတ်ဆတ်တုန်ကာ လဲကျသေသွားတော့သည်။ ကျွန်တော်နှင့် ကိုမောင်ရီတို့ ကညင်ပင်စခန်းကုန်းသို့ ရောက်တော့ အဘ ဦးဖိုးလုံးက ရောက်နှင့်နေသည်။ မျောက်မြီးရှည် တစ်ကောင် ပစ်ခတ်ရရှိထားသည်။ တဲစခန်းရှေ့ ဝါးကွပ်ပျစ်ပေါ်တွင် အေးအေးလူလူပင် ဆေးတံခဲနေသည်။ တောင်ပေါ် တဲလေးမှာ နွေမိုးဆောင်း ရာသီ ဥတုဒဏ်ခံနိုင်အောင် ကောင်းကောင်းမွန်မွန် ဆောက်လုပ်ထားလေသည်။ တောဝက်နှင့် မျောက်သေကောင်များကို အသားဖျက်ပြီး တောဝက်သားနှင့် မျောက်သားများကို ချက်ပြုတ်ကာ၊ ပိုနေသော အသားများကို ဆားနယ်၍ အိုးနှင့် သိပ်ထား၏။

မောင်မောင်မှာ တစ်မနက်လုံး တောတိုးလာခဲ့ရသဖြင့် တဲလေး၏ ဝါးခြမ်းခင်းပေါ်တွင် လဲလျောင်းနေစဉ်-

"မောင်မောင်…လာကွာ၊ မနက်စာ မစားခင် နည်းနည်းပတ်ရအောင်"

ဟု ခေါ်သဖြင့် နှစ်ယောက်သား တဲရှေ့ ဝါးကွပ်ပျစ်ပေါ်တွင် ဝိုင်းဖွဲ့လိုက်ကြသည်။ မျောက်ချေးသားဟင်းနှင့် အရက်မှာ အလွန်ပင် လိုက်ဖက်လှ၏။ သောက်လိုက် စားလိုက်နှင့် နှစ်ယောက်သား အတော်ပင် အရှိန်ရနေပေပြီ၊ အဘ ဦးဖိုးလုံးက နံနက်စာစားပြီးလို့ တဲပေါ်တွင် ဆေးတံခဲကာ မှိန်းလို့နေသည်။ မောင်မောင်က အရက်ရှိန်ထွေထွေနှင့် နှစ်လုံးပြူးကို ဟိုချိန်လိုက် ဒီချိန်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေ၏။ ကိုမောင်ရီက အရက်ခွက်ကို ကောက်မော့လိုက်ကာ မျောက်သားဟင်း တစ်ဖတ်ကို ကောက်ဝါးလိုက်ပြီး နှုတ်ခမ်းတွင် ပေသွားသော အဆီများကို လက်ခုံနှင့် သုတ်ကာ နှစ်လုံးပြူး သေနတ်ဖြင့် ဂနာမငြိမ်ဖြစ်နေသော မောင်မောင်ကို ကြည့်ရင်း …

"ဟရောင်…သောက်လေကွာ၊ မင်းကတော့ မျောက်လက် သေနတ် အပ်ဆိုတာလို တစ်ချက်မှ ဂနာမငြိမ်ဘူး"

"အဟဲ…ကိုမောင်ရီကလဲဗျာ"

ရယ်ကျဲကျဲလုပ်ရင်း ရှေ့က အရက်ခွက်ကို ကောက်မော့လိုက်ကာ အမြည်းတစ်ဖတ်ဝါးရင်း …

"ကိုမောင်ရီ ကျွန်တော် မျောက်တစ်ကောင်ပစ်ပြီးကတည်းက လက်ကို ယားနေတာပဲ။ ကျွန်တော် ဟိုနား ဒီနား လမ်းလျှောက်လိုက်ဦးမယ်ဗျာ"

ဟု ဆိုကာ ကွပ်ပျစ်ပေါ်မှ ဆင်းလိုက်သဖြင့်…

"ဟေ့ကောင်… အဝေးကြီး မသွားနဲ့နော်၊ ဟိုနား ဒီနားလျှောက်ပြီး ပြန်လာခဲ့"

"ဟုတ်၊ ဒီနားလေးပဲ။ ခဏနေ ပြန်လာခဲ့မယ်"

ဟု ဆိုကာ တောထဲ တိုးဝင်လာခဲ့၏။ ဆင်လမ်းအတိုင်း လျှောက်လာခဲ့ရင်းမှ တောင်ကြောလေးပေါ်သို့ လှမ်းတက်လိုက်ပြီး တောင်ကြောအတိုင်း လျှောက်လာခဲ့၏။ ဟိုကြည့် ဒီကြည့်နှင့် တောင်ကြောလေးတစ်ဖက်ရှိ ငှက်ပျောတောမှ တောတိုးသံတစ်ချက် ကြားလိုက်ရပြီး ငှက်ပျောရွက်များ လှုပ်သွားသဖြင့် တောင်ကြောလေးမှ ဆင်းကာ ခြေသံလုံလုံဖြင့် ငှက်ပျောတောထဲသို့ တိုးဝင်လာခဲ့သည်။ ထို့နောက် ငှက်ပျောရွက်များကြား ခေါင်းလျှိုပြီး အသာချောင်းကြည့်လိုက်လေသည်။ ဂျီ (ချေ) တစ်ကောင် ငှက်ပျောရွက်နုလေးများကို အေးအေးလူလူ စားနေသည်ကို တွေ့လိုက်ရ၏။ နှစ်လုံးပြူးသေနတ်ကို အသာချိန်လိုက်စဉ် ငှက်ပျောရွက် လှုပ် သွားသဖြင့် ချေကောင်မှာ ခေါင်းထော ကာ နားရွက် နောက်သို့ ကပ်သွား "ဝုန်း"ခနဲ တောတိုးပြေးလေတော့ သည်။ မောင်မောင်က ထိုအခွင့်အရေး ကို လက်လွှတ်မခံ။ သေနတ်ကို ချိန်ပြီး ပစ်လိုက်၏။

"ဒိန်း…"

ချေကောင်မှာ ယိုင်သွား ထ,ပြေးပြီး မြင်ကွင်းမှ ပျောက်သွားလေ သည်။ သွေးများ ထိုနေရာတွင် အိုင် သွား၏။ မောင်မောင် ချေကောင်ပြေး သွားရာနောက် တောတိုး၍ ပြေးလိုက် သွားသည်။ ငှက်ပျောတောလွန်တော့ ချေကောင်၏ ခြေရာပျောက်သွား၏။

"တောက်…၊ ချက်ကောင်း မထိတာ နာတယ်ကွာ"

တစ်ယောက်တည်း ရေရွတ်ရင်း သစ်ပင်ကြီးခြေရင်းတွင် ထိုင်လိုက်ကာ ကျောပိုးအိတ်ထဲမှ ရေသန့်ဘူးဖြင့် ထည့်ထားသော တောချက် အရက်ဘူး ကို ထုတ်ယူ၍ တစ်ကျိုက်မော့လိုက် ၏။ ပြီးလျှင် ဆေးရွက်ကြီးကို ပါးပါးလှီး ၍ သတင်းစာစက္ကူနှင့် လုပ်ထားသော ပွတ်ချွန်ဆေးလိပ်ကို မီးညှိဖွာရှိုက်ကာ မီးခိုးငွေ့များကို မှုင်မှုင်လေး မှုတ်ထုတ် လိုက်ရင်း ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်၏။ မလှမ်းမကမ်း ဝါးရုံပင်ခြေတွင် ချေကောင်မှာ လဲကျ နေသည်ကို တွေ့လိုက်ရသဖြင့် ထိုင်ရာ မှ ထလိုက်ပြီး ချေသေကောင်နား လျှောက်သွားကာ…

"ငါက လွှတ်သွားပြီ ထင် တာ။ မင်းက ဒီမှာ လာသေနေတာ ကွ"

ဟု ဆိုရင်း ချေသေကောင် ထမ်းကာ လာလမ်းအတိုင်း ပြန်လာ လာ၏။ တဲစခန်းသို့ မှန်းဆကာ အထ

www.burmeseclassic.com

www.burmeseclassic.com

ကြာကြာလျှောက်လာခဲ့လေသည်။

တဲစခန်းသို့ မရောက်ဘဲ လမ်းစ ပျောက်နေ၏။ ဘယ်ရောက်လို့ ဘယ် ပေါက်နေမှန်းမသိတော့။ နေမင်းကြီးက အနောက်ဘက် မိုးကုတ်စက်ဝိုင်းသို့ ည်လျှို၍ သွားချေပြီ။ အလင်းရောင် သဲ့သဲ့က ကမ္ဘာမြေပေါ်သို့ ဖြန့်ကျက် ထားဆဲ၊ ကျေးငှက်ကလေးတွေက ကျိုကျို အသံပေးကာ အိပ်တန်းပြန် နက်ကြလေပြီ။ မကြာခင်မှာပင် အမှောင်ထုက ဖုံးလွှမ်းလာလေတော့ ည်။ ဒီတော့မှ မောင်မောင် စိုးရိမ်စိတ် င်လာတော့သည်။ တဲစခန်းသို့ မှန်းဆ ာ လျှောက်ရင်းလျှောက်ရင်း တစ်စစ န့် အမှောင်ထု ဖုံးလွှမ်း၍ လာလေ တော့သည်။ တောမှာ တိတ်ဆိတ်လို့ နေသည်။ တစ်ချက်တစ်ချက် ညပိုး ကောင်လေးတွေရဲ့ အသံက ပုံမှန် ထွက်ပေါ်လို့နေလေသည်။ အမှောင်ထု ကြီးစိုးလာသဖြင့် အရာအားလုံး ဘယ် နေရာပဲ ကြည့်ကြည့်၊ မှောင်မည်းလို့ နေလေသည်။ မောင်မောင်မှာ မည်သို့ လုပ်ရမည်မသိတော့။ တောကြီးမျက် ည်းအတွင်း တစ်ယောက်တည်း ယောင်ချာချာနှင့်။ တောထဲ တစ်ခါမှ င်ဘူး၊ အတွေ့အကြုံ မရှိသဖြင့် ကြောက်ရွံ့ အားငယ်စိတ်က ကြီးစိုး လာလေတော့သည်။ ထိုစဉ် တောခွေး အသံများက ထွက်ပေါ်လာလေတော့ သည်။

"အူ…အူ…အူ…အူ…"

ခွေးအူသံက မှောင်မည်းနေ သော တောကြီးမျက်မည်းထဲတွင် ပို၍ င် ချောက်ချားစရာကောင်းလှ၏။ ကြောက်ရွံ့စိတ်၊ 'အားငယ်စိတ်တို့ဖြင့် ာ တုန်လှုပ်ချောက်ချားနေ၏။ ထိုအချိန် ပင် အနီးရှိ ချုံနွယ်ပိတ်ပေါင်းများ ကြားမှ တောကောင်တစ်ကောင် တော ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ ၏။ ညမှာ တိတ်ဆိတ်လွန်းလှသဖြင့် အသံမှာ ပို၍ပင် ကျယ်လွန်းလှသည်။

"ဝရော…ဝရော…ဝရော…"

"အား…"

မောင်မောင်မှာ ကြောက်လန့် တကြား အော်လိုက်ရင်း အသားများ၊ နားများ တဆတ်ဆတ်တုန်လို့ နေသည်။ လိပ်ပြာလွင့်မတတ် လန့်ဖျပ်သွား၏။ လူမှာ ဆောက်တည်ရာမရတော့။ ထို အခါ ထမ်းထားသော ချေကောင် အသေမှာ လက်မှလွတ်ပြီး ခြေသလုံး နှင့် ဖနောင့်ကို ထိကာ မြေပေါ်သို့ ပြုတ်ကျသွား၏။

"ဘုတ်"

"အောင်မလေး…"

ကြောက်စိတ်က ကြီးစိုးလွန်းနေ သဖြင့် အလွန်ပင် ထိတ်လန့်ပြီး ရင် တစ်ခုံမှာ ပွင့်ထွက်မတတ် တဒိတ်ဒိတ် ခုန်နေကာ၊ သည်းခြေပျက်မတတ်ဖြစ် နေ၏။ မှောင်မှောင်မည်းမည်းထဲတွင် ကြောက်လန့်တကြား ခြေဦးတည့်ရာ ပြေးလေရာ ခလုတ်တိုက် လဲပြီး သေနတ်မောင်း ဆွဲညှစ်မိသွား၏။

"ဒိုန်း…"

ကျယ်လောင်လှသော သေနတ် သံကြောင့် တိရစ္ဆာန်များ ကြောက်လန့် တကြား တောတိုးကာ ထွက်ပြေးကြ လေသည်။

"ဝရော…"

မောင်မောင် လဲကျရာမှ အားယူ ထလိုက်စဉ် ရေ့လှမ်းလှမ်းမှ မီးရောင် လဲ့လဲ့ကို မြင်လိုက်ရသဖြင့် အားတက် သွားသည်။ မီးရောင်မှာ သူ့ရှိရာသို့ တဖြည်းဖြည်းနဲ့ နီးကပ်လာပြီး သူ့နား သို့ ရောက်ရှိလာသည်။ မောင်မောင်မှာ နားနာသွားသဖြင့် အားယူ ထ,ရပ်လိုက် ရင်း မှန်အိမ်ကိုင်ထားသောသူအား ကြည့်လိုက်ရာ သူထင်သလို ကိုမောင်ရီ တို့ သားအဖမဟုတ်ဘဲ သူ တစ်ခါမှ မမြင်ဘူးသော အဘကြီးတစ်ယောက် ဖြစ်နေသည်။ မောင်မောင်က …

"အဘ…ကျွန်တော် တောထဲ မှာ မျက်စိလည်ပြီး စခန်းကုန်း မပြန် တတ်တော့လို့ ကူညီပါဦး အဘရယ်"

"လာ…အဘနဲ့ လိုက်ခဲ့၊ အဘ တဲမှာ ဒီညအိပ်၊ နောက်နေ့မနက်မှ မင်းအဖော်တွေရှိရာ အဘလိုက်ပို့ပေး မယ်"

မောင်မောင် အဘတဲတွင် တစ် ညအိပ်လိုက်ပြီး နောက်တစ်နေ့မနက် ဝေလီဝေလင်းအချိန်တွင် အဘက‥

"ဒီလမ်းတည့်တည့်သွား၊ မင်းတို့ စခန်းကို ပြန်ရောက်လိမ့်မယ်"

"ဟုတ်ကဲ့…အဘ"

အဘကို ထိုင်ကန်တော့သော် လည်း လက်မခံသဖြင့် အဘကို နှုတ် ဆက်ပြီး ထွက်လာခဲ့၏။ တဲစခန်း ရောက်တော့ ကိုမောင်ရီနှင့် အဘ ဦးဖိုး လုံးတို့က စိတ်ပူနေကြသည်။

မောင်မောင်က ညက ကြုံတွေ့ ခဲ့ရသောအဖြစ်ကို ပြောပြတော့ အဘ ဦးဖိုးလုံးက ဒီအနီးအနားတွင် မည် သည့် တဲစခန်းမှ မရှိကြောင်း ပြောပြီး၊ မောင်မောင် ညအိပ်ခဲ့သော တဲစခန်း အား ပြန်ရှာကြသောအခါ မနေ့ညနေ က ပစ်ခတ်ရရှိခဲ့သော ချေကောင် အသေကို ပြန်ရှာတွေ့ရှိခဲ့သော်လည်း ညက တည်းခိုအိပ်စက်ခဲ့သော ကျေးဇူး ရှင် အဘ၏ တဲစခန်းကို လုံးဝ ရှာ မတွေ့တော့ပေ။

မောင်မောင်က မိမိကို ကူညီ ကယ်တင်ပေးခဲ့သော အဘမှာ မည်သို့ သော ပုဂ္ဂိုလ်မျိုးဖြစ်သည်ကို တွေး တောနေမိတော့သတည်း ■

စာရှုသူအပေါင်း ရွှင်လန်းချမ်းမြေ့ ကြပါစေ…

* * *

ဇော်မင်း(ဒဂုံ/မြောက်)



www.burmeseclassic.com

www.burmeseclassic.com

# တာဝန်တွေကို ပခုံးပေါ် တင်ပေးတဲ့ စလွယ်တော်

ထိုအေးမြင့် (မောာဝိဇ္ဇာ၊ ရှေး-သု)







နိုင်ငံတကာသမ္မတကြီးများရဲ့စလွယ်တော်







"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်"လို့ အမည်တပ်ပြီးတဲ့နောက် သမ္မတကြီးကို ရွှေစလွယ်ကြီးနဲ့ မြင်တွေ့လာရပါတယ်။ မြင်နေကျမဟုတ်လို့ အချို့က စိမ်းနေတော့ "စလွယ်"ဆိုတာကို သိချင်

လာကြတယ်။ အဲဒီမှာ လွန်ခဲ့တဲ့ ... အနည်းငယ်က ဆရာဦးမောင်မောင် ... (ဆော်လဗွန်း တက္ကသိုလ်ပြင်သစ် ... ထားတဲ့ စလွယ်အကြောင်း မှတ် ...



www.burmeseclassic.com

www.burmeseclassic.com




အနောက်နိုင်ငံ
ဘွဲ့ယူကျောင်းသားများရဲ့စလွယ်

ထိရပြီး ပြန်ရာကြည့်တော့ နာဂစ်နဲ့ အတူပါသွားခဲ့ ပေါ့။ ရာက နိုင်ငံရပ်ခြားက ဥရောပပြတိုက်ကြီးတွေမှာ ရှိနေတဲ့ မှာ့ရှေးရိုးနန်းစဉ် စလွယ်တွေကို ဓာတ်ပုံရိုက် ယူခဲ့၊ လာခဲ့တာပါ။ အဲဒါနဲ့ ကိုယ်လည်း စိတ်ဝင်စားလို့ က်လုမ်းမီရာ ပြန်လည် ခြေရာကောက်ပြီး စလွယ်တွေ ကြောင်း လေ့လာမိတယ်။

## စလွယ်ဆိုသည်မှာ

"စလွယ်"လို့ မြန်မာလိုခေါ်ကြတဲ့ ရင်သိုင်းအဆောင် ယောင်ကို အင်္ဂလိပ်လိုတော့ sash လို့ ခေါ်ကြပါတယ်။ worn as insignia of honour. rank or office) ပါ။ အနောက်တိုင်းကတော့ စလွယ်ဆိုတာကို (sash n.A band or ribbon worn about the waist as rt of one's clothing or over the shoulder as symbol of rank.tr.v. sashed, sashing. shes.To put a band or ribbon about (the aist) လို့ အနက်ဖွင့်ကြပါတယ်။ တစ်စုံတစ်ယောက်ရဲ့ ကိုယ်မှာ ဝတ်ဆင်တဲ့ အဝတ်အစား တစ်ခုဖြစ်ပြီး ခါးမှာ ပတ်တဲ့ အပတ်၊ ခါးမှာ ပတ်တဲ့ ဖဲကြိုးပြား တွေ၊ ဒါမှမဟုတ် ပခုံးပေါ် ချိတ်တင်ပြီး ဝတ်ဆင်ရတဲ့ ရာထူးအဆင့်အတန်းရဲ့ သင်္ကေတ အဝတ်စ အရှည်ပါ။ အနောက်တိုင်းက Captain Kidd ရဲ့ ပန်းချီကားဟောင်း တစ်ချပ်မှာ ကပ္ပတိန်ကို အနီရောင် စလွယ် ခါးမှာ ပတ်ပြီး တွေ့ရတယ်။

ဒါပေမယ့် မူလကတော့ sash ဟာ အာရပ်တွေ၊ မွတ်စလင်တွေ၊ ဟီဘရူးတွေ၊ အီဂျစ်တွေ ဝတ်ဆင်တဲ့ ခပ်ဆင်ဆင်တူကြတဲ့၊ အီဂျစ်နိုင်ငံကလာတဲ့ လီနင်သား အကောင်းစားတစ်မျိုး [Arabic, muslin: akin to Hebrew, byssus, fine linen, both probably from Egyptians. linen.] လည်းဖြစ်ရဲ့၊ အာရပ်တွေက သူတို့ရဲ့ ဖိုးရိုးဖားရားအဝတ်တွေ ကိုယ်မှာ သပ်ရပ်သွားအောင် အဲဒါနဲ့ ခါးမှာ ပတ်ထားကြတယ်။ အာရဗီတွေရဲ့ အဲဒီအခေါ်အဝေါ် ဟာ ၁၅၉၀ ခုနှစ်မှာ အင်္ဂလိပ်ဘာသာထဲကို ရောက်ရှိသွားပါတော့တယ်။ တစ်ခါ (sash. n [Ar shash muslin]: a band worn about the waist or over one

## ပင်လယ်ဓားပြတွေရဲ့ ခါးစည်းကြိုး




www.burmeseclassic.com

www.burmeseclassic.com

shoulder and used as a dress accessory or the emblem of an honorary or military order - sashed \ adj) လို့ တွေ့ရပြန်တော့ မှတ်စလင်အယူက လာတဲ့ ဝတ်စားဆင်ယင်မှုရဲ့ အကူပစ္စည်း ခါးမှာ ပတ်တဲ့၊ ပခုံးမှာ ဆင်ယင်တဲ့ အပြားရှည်ဖြစ်တယ်၊ ဂုဏ်ပြုအမှတ်အသားဖြစ်တယ်၊ စစ်ရေးအရ ချီးမြှင့်တဲ့ ဆုဖြစ်တယ်လို့ သိရပြန်တယ်။ တိုင်းရင်းသားလူမျိုးစုတစ်ခုရဲ့ အဆင်တန်ဆာ အပြားရှည်ရှည် (a Quapaw sash) ကိုတော့ ပုတီးစေ့ရောင်စုံတွေနဲ့ ထိုးရက်ထားလို့ အရောင်အသွေးစုံတဲ့ အဆင်အကွက်ဆန်းတွေနဲ့ အလွန်လှပါတယ်။ ဂျပန်တွေ ကီမိုနိဝတ်စုံဝတ်တဲ့အခါမှာလည်း sash နဲ့ အလားတူဖြစ်တဲ့ အိုဘီ(obi)လို့ ခေါ်တဲ့ ပြက်ကျယ်ကျယ် အဝတ်စ အပြားကြီးနဲ့ ခါးမှာ ထိန်းပြီးပတ်၊ အဲဒီပေါ်မှာမှ ခါးစည်းကြိုး ချည်

ဗိလျှံမင်းသားရဲ့ ယူနီဖောင်းက စလွယ်





ဂုဏ်ပြုခံ အမျိုးသမီးကြီးရဲ့စလွယ်

နှောင်ကြပါတယ်။ တစ်ခါ ပြတင်းပေါက်တွေရဲ့ အဆင်အ
တစ်မျိုး (sash 2 (ssh) n.A frame in which
panes of a window or door are set )ကို
ဒီလိုပဲ ခေါ်ကြပြန်တယ်။ ဒါကြောင့် အနောက်တိုင်း
တွေအရ ပခုံးမှာ သိုင်းတာ၊ လည်ပင်းမှာ ဆွဲတာ၊ ပခုံးစွန်း
တင်တာ၊ ခါးမှာ ပတ်တာ၊ ပြတင်းပေါက်မှာ ဆင်ယင်တာ
sash ကို သုံးစွဲကြလေရဲ့။

တာဝန်ထမ်းဆောင်မှုအရ ဂုဏ်ပြုပေးအပ်တဲ့
တွေဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အရောင်အသွေးမျိုးစုံ
မျိုးစုံ၊ ပူးတွဲချိတ်ဆွဲရတဲ့ တံဆိပ်မျိုးစုံနဲ့ ရှိနေပါရဲ့။
တိုက်က တော်ဝင်မိသားစုတွေဟာ စလွယ်တွေကို
မြောက်တန်ဆာငါးပါးလို ဆင်ကြသလို၊ စစ်ရေးအရ
ယူရတဲ့ အဆင့်အရလည်း ဝတ်ဆင်ကြတယ်။ ပြင်သ
အီတလီမှာတော့ စလွယ်ကို အမျိုးသားအလံမှာ ပါတဲ့
ရောင်ခြယ်စပ်ပြီး ဖန်တီးပါတယ်။ အီတာလျံ စစ်တပ်အ
ရှိတွေကတော့ အပြာနုရောင် စလွယ်ကို အခမ်းအနား
မှာ လက်ျာပခုံးချိတ်ပြီး လွယ်ကြတယ်။ ယနေ့ခေတ်
ကြည်းတပ်၊ ခြေလျင်တပ်တွေမှာတော့ ကြက်သွေး
ပန်းဆီရောင် စလွယ်တွေ ဆင်ကြရဲ့။ ဗြိတိသျှ တော်

www.burmeseclassic.com

သား ဝီလှုံကိုလည်း စလွယ်နဲ့ တွေ့နိုင်ပါတယ်။ အိုင်ယာ အထူးသဖြင့် မြောက်အိုင်ယာလန်မှာတော့ စစ်သည် ဟာ လိမ္မော်ရောင် ဂုဏ်ပြု စလွယ်ကို ဆင်မြန်းကြ ယ်။

ထိုင်းနိုင်ငံ၊ မလေးရှားနဲ့ အင်ဒိုနီးရှားတွေမှာလည်း ယ်တွေကို အရောင်အသွေးမျိုးစုံနဲ့ သုံးကြပါရဲ့။

ဒါပေမယ့် ခု ပြောချင်တာကတော့ ပခုံးမှာ ချိတ်ပြီး ကို တစောင်းဖြတ်လို့ စလွယ်သိုင်းချတဲ့ စလွယ်ကိုပါ။ လို (ပခုံးချိတ်-ရင်ဖြတ် စလွယ်သိုင်းတဲ့) စလွယ်တွေမှာ ည်း ပိုး-ဖဲ-လီနင်သားတွေနဲ့ လုပ်တဲ့ စလွယ်တွေရယ်၊ ကြိုး ငွေကြိုးတွေ၊ ဆုတံဆိပ်တွေတပ်တဲ့ စလွယ်တွေ ယ်လို့ ရှိပြန်ပါတယ်။

ခုခါများတော့ တစ်ကမ္ဘာလုံးမှာ စလွယ်တွေကို အဆင် ဆင်တစ်ခုအနေနဲ့ ဝတ်ဆင်လာကြတယ်။ ဖက်ရှင်တစ်ခု နဲ့လည်း ဒီခေတ် ဒီအခါမှာ စလွယ်ကို ဖဲကြိုး ဖဲပြားကြီး နဲ့ လုပ်ပြီး ဝတ်ဆင်ကြတယ်။ မယ်ရွေးပွဲ၊ မောင်ရွေးပွဲ၊ ရှင်မယ်ရွေးပွဲတွေမှာလည်း စလွယ်ကို Title ဆုအဖြစ် ကြတယ်။ မယ်စကြဝဠာဘွဲ့မှာလည်း သရဖူ၊ ငွေကြယ် နဲ့ စလွယ်ပါတယ်လေ။ ဘင်ခရာတီးဝိုင်း၊ ကင်းထောက် ပွဲတွေ၊ လမ်းပေါ်က စီတန်းလှည့်လည်ကြတဲ့ အလုပြ အဖွဲ့တွေမှာလည်း စလွယ်နဲ့ပါ။ ဒေါက်တာ ဘမော် င် စလွယ်နဲ့ တွေ့ရသေး။ ဆရာ(ဦး)စိန်လွင်လေး ရှိစဉ် က ပေါ်တယ် မင်္ဂလာဆောင်ကြီးတွေမှာ စလွယ်နဲ့၊ ပေါင်းနဲ့၊ ပိုးတောင်ရှည်နဲ့ အခန့်အညား ပွဲဆင်းပြီး သိက်သွန်းခဲ့တာပေါ့။ ခုခေတ် ကိုရန်ပိုင်စိုးတို့၊ ကိုသိန်းလှ တို့လည်း ဘိသိက်သွန်းရင် စလွယ်နဲ့ပါပဲ။

မြန်မာစကားမှာ "စလွယ်သိုင်းတယ်" (v.wear ss one shoulder) ဆိုတဲ့ လုပ်ဆောင်ချက်တစ်ခု ည်း ရှိရဲ့။ ပခုံးတစ်ဖက်ပေါ်မှာ တင်ပြီး ရင်အုပ်ကို စောင်းဖြတ် ဝတ်ဆင်ပုံတစ်မျိုးပါ။ လွယ်အိတ်ကြိုးကို ယ်သိုင်းထားတယ်ပေါ့။ အင်းဝခေတ်မှာ ပြည်တွင်းဖြစ် သာမကဘဲ၊ ပြည်ပနိုင်ငံတွေက အထည်အလိပ်တွေ ည်း အင်းဝကို ရောက်လာခဲ့ကြတယ်။ "သဘော်ပါဟူ လုပ်လုပ်၊ သနဘပ်ရောင်ကီ၊ မည်သရီနှင့်၊ ရည်နည် က်လွင့်"လို့ ဘုံခန်းပျို့မှာ ရေးထည့်ထားသလိုပေါ့။ ဒါ င် ညောင်ရမ်းဆက်၊ စနေမင်း (မြန်မာသက္ကရာဇ် ၁၀၆၀- လက်ထက်မှာ အိန္ဒိယပြည်၊ မဒရပ်မြို့ ဘုရင်ခံထံမှ ည်း သံတမန် ဖလိဝုနဲ့ လက်စလီတို့ဟာ လက်ဆောင်



ပြင်သစ်စစ်သည်များ၏ ပခုံးထက်မှ ပန်းမွှား

ပဏ္ဏာတွေနဲ့အတူ အင်းဝနေပြည်တော်ကို ရောက်လာခဲ့ တယ်။ အဲဒီလက်ဆောင်တော်စာရင်းမှာ ပိုးထည်ချည်ထည် အမျိုးမျိုး၊ ရွှေစလည်သိုင်းအဝတ် ၃ခု၊ ရွှေရောင်တစ်ခု ဆိုတာတွေ ပါခဲ့ပါတယ်။ ရွှေစလည်သိုင်းအဝတ်ဆိုတာ စလွယ်တော့ မဟုတ်နိုင်ပါဘူး။ ကိုယ်မှာ သိုင်းထားနိုင်တဲ့ အဝတ်မျိုးဖြစ်မှာပါ။

ဒါ့အပြင် မြန်မာရိုးရာ အားကစားနည်းတစ်ခုဖြစ်တဲ့ ခြင်းခတ်ရာမှာလည်း "စလွတ်ခတ်"(sash-style of kicking-up the caneball)ဆိုတဲ့ ခြင်းခတ်ဟန်တစ်မျိုး ရှိသေးတယ်။ ခြင်းလုံးကို ကိုယ်တစောင်းဖြတ်ပြီး ခြေနဲ့ ခတ်တာပါ။

ဝမ်းကြာတိုက်မှာ ကိုးလလွယ်၊ ဆယ်လဖွားတဲ့ သား ရတနာများ မွေးဖွားရာမှာလည်း "အချင်းစလွယ်သိုင်း"နဲ့



www.burmeseclassic.com

www.burmeseclassic.com

မွေးလာရင် မြန်မာတွေက ထွန်းပေါက်မယ့် သားလို့ ဂုဏ်ယူဝင့်ကြွားကြရဲ့။

**သမ္မတစလွယ် (Presidential sash)**

သမ္မတ စလွယ်ကတော့ ကမ္ဘာပေါ်မှာ ရှိတဲ့ နိုင်ငံအတော်များများမှာ သမ္မတတွေ ဆင်မြန်းကြတဲ့ အဝတ်စလွယ်(a cloth sash)တစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီလို စလွယ်မျိုးကို အာဖရိက၊ အာရှ၊ ဥရောပနဲ့ (အထူးသဖြင့် ဂုဏ်ယူဝတ်ဆင်တဲ့) လက်တင် အမေရိကနိုင်ငံက သမ္မတတွေ ဆင်ယင်ကြတယ်။

ဒီစလွယ်ဟာ သမ္မတတစ်ဦးတည်းကသာ ဆင်မြန်းခွင့်ရှိလို့ သမ္မတဖြစ်နေဆဲပဲဆိုတဲ့ သမ္မတသက်တမ်းအတွက် အရေးပါတဲ့ အမှတ်သင်္ကေတပါ။ သမ္မတရုံးကနေ ထွက်ခွာရတဲ့အခါမှာလည်း သမ္မတကြီး (အမျိုးသား သို့မဟုတ် အမျိုးသမီး)ဟာ အဲဒီစလွယ်ကို သူ့ကို ဆက်ခံမယ့်သူထံ ရုံးဆန်တဲ့ အခမ်းအနားမျိုးနဲ့ စနစ်တကျကို လွှဲအပ်ပေးခဲ့ရပါမယ်။

သမ္မတ စလွယ်တွေဟာ အများအားဖြင့်တော့ အရောင်အသွေး အတော်စုံပြီး၊ အမျိုးသားအလံနဲ့ ဆင်တူတဲ့ ဒီဇိုင်းမျိုးနဲ့ပါ။ အထူးသဖြင့်တော့ လက်တင်အမေရိကနိုင်ငံ သမ္မတတွေ ဆင်ယင်တဲ့ စလွယ်တွေမှာပေါ့။ အမြဲတမ်းလိုလို

အနောက်နိုင်ငံမှ ခါးစည်းကြိုးများ



ဘဲ သူတို့ရဲ့ လက်ယာဘက် ပုခုံးမှာ တင်ပြီး လက်ဝဲဘက် တင်ပါးအထိ ဆင်းသွားအောင် ရည်ကြတယ်။ စလွယ်ပေါ် မျိုးရိုးအဆောင်အယောင်၊ တံဆိပ်အမှတ်အသားတွေကို လည်း တပ်ဆင်ထားတတ်တယ်။ နိုင်ငံတော်က ပေး ဘွဲ့ထူး၊ ဂုဏ်ထူးဆိုင်ရာ ကြယ်ပွင့်တွေ၊ ကြိုးတွေကိုလည်း စလွယ်မှာ ဆင်ယင်နိုင်ပါသေးရဲ့။ ကမ္ဘာတစ်လွှားက သမ္မတ စလွယ်တွေကို အာဂျင်တီးနား သမ္မတ (Cristi Ferna'ndez)၊ ၂၀၀၇-၂၀၁၂ ခုနှစ်များရဲ့

ပါရာဂွေး ပြည်သူ့သမ္မတနိုင်ငံ သမ္မတ(Fernand Lugo)၊ ဘရာဇီးဖက်ဒရယ် ပြည်သူ့သမ္မတနိုင်ငံသမ္မ (Dilma Rousseff)၊ ချီလီသမ္မတ(Sebastia'n Piner ၁၉၄၆-၅၀ခုနှစ်များက ကိုလံဘီယာသမ္မတ (Marian Ospina Pe'rez)၊ မက္ကစီကင် ပြည်ထောင်စုသမ္မ (Felipe Caldero'n)နဲ့ ၁၉၉၅-၂၀၀၀ ခုနှစ်များရဲ့ ဥရု သမ္မတ(Julio Mari'a Sanguinetti)တို့ ဆင်မြန်းထား စလွယ်တွေကို လေ့လာကြည့်နိုင်ပါတယ်။


**ဘာသာရေးဆိုင်ရာ စလွယ်များ**

ဟေဗရူးကျမ်းစာ (Hebrew Bible)အရလည်း ဘုန်းတော်ကြီးတွေ ဆင်မြန်းရတဲ့ စလွယ် (the priestly sash) ဒါမှမဟုတ်၊ ခါးစည်းကြိုး-ခါးပန်းကြိုး (girdle- Hebrew avnet)တွေဟာ ဂျူးတွေ၊ ရှေးရိုး အစ ဘုန်းကြီးတွေရဲ့ ဂျေရုစလင်ဘုရားကျောင်းနဲ့ သဲကန္တာရထဲ ရွှေ့ပြောင်း ရွက်ဖျင်တဲ့ဘုရားကျောင်း (the Tabernacle) တွေမှာ ဝတ်ပြုရင်း ရိုးရာဓလေ့ ဝတ်ဆင်ရတဲ့အခါ အတော် လေး အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်နေပါတယ်။ ဆရာတော်ကြီးတွေ ဆင်မြန်းတဲ့ စလွယ်နဲ့ ခါးပန်းကြိုးတွေ ဟာ နူးညံ့တဲ့ လီနင်သားမှာ အပြာရောင်၊ ခရမ်းရောင် ကြက် သွေးရောင် ချည်မျှင်တွေသုံးပြီး အနုစိပ် ချည်ပန်း ထားကြတာပါ (Exodus 28:39, 39:29)။ အဖြူရောင် နှစ်ပင်လိမ် လီနင်သား ဝတ်ဆင်ထားတဲ့ ဘုန်းတော်ကြီးတွေ က ဒါတွေကို လွယ်ကြပါတယ်။ စလွယ်ဟာ ချည်ပန်း ထားတဲ့ ခါးစည်း (belt of the ephod)နဲ့တော့ မတူပါ ကက်သလစ် ဘုန်းတော်ကြီးတွေက ပွဲတော်နေ့တွေ စလွယ်ကို လည်တိုင်တစ်ဖက်တစ်ချက်စီကနေ ချကြတ ပုပ်ရဟန်းမင်းကြီး စလွယ်ကတော့ ရွှေကြိုးတွေနဲ့ ရက် ထားရဲ့။

အခြားသော ဘုန်းတော်ကြီး ဝတ်ရုံတွေပဲ စလွယ်

www.burmeseclassic.com

www.burmeseclassic.com



တန်ဆာဆင်ထားတဲ့ ပိုးစွယ်ရဲ့
အနုလက်ရာ

ည်း ကျက်သရေရှိဖို့ အမြင့်တင်တယ်ဖို့ဆိုတဲ့ လွယ်ရ တဲ့ ရည်ရွယ်ချက်တွေ ရှိနေပါတယ် (Exodus 28:41)။ အပြစ်တွေ အာပတ်ဖြေတဲ့ နေ့မျိုးမှာတော့ ဘုန်းတော်ကြီး တွေဟာ လီနင်သားနဲ့ အထူးချုပ်လုပ်ထားတဲ့ အဝတ်အစား တွေကို ပြောင်းလဲ ဝတ်ဆင်ရသလို အကောင်းစား၊ အနုစား လီနင်နဲ့ လုပ်ပြီး ဘာချည်ပန်းမှ မထိုးထားတဲ့ စလွယ်ကို ဆင်မြန်းရပါမယ် (Leviticus 16:4)။ အဲဒီ လီနင်ထည် တွေကိုလည်း တစ်ကြိမ်သာ ဝတ်ဆင်ရပြီး နှစ်စဉ် အသစ် အသစ်သော ဝတ်ရုံတွေကိုသာ ချုပ်လုပ်ရမယ်ဆိုတဲ့ ဂျူး ဘာသာရေးအစဉ်အလာတွေလည်း ရှိကြရဲ့။

ဟံသာဝတီရောက် မင်းလက်ထက်မှာတော့ ရှင် လောင်းတွေကို စလွယ်၊ သင်းကျစ်ဆင်ပြီး သာကီဝင်မင်းမျိုး အဖြစ် သွတ်သွင်းတယ်လို့ ရှိလာတယ်။ သာသနာ့ဘောင်ကို သွတ်သွင်းပြီး ရှင်လောင်းဝတ်စေတဲ့အခါမှာ မြင့်မြတ်တယ်လို့ ယူဆပြီး စလွယ်ဆင်စေတာပါ။

## မြန်မာ့နန်းခေလေ့ အဆင်အယင်နဲ့ တံဆိပ်တော်များ

မြန်မာ့နန်းစဉ်တစ်လျှောက်မှာ မြန်မာဘုရင်တွေဟာ ယ်တုန်းကမှ ဆုတံဆိပ်တွေ၊ အဆင်တန်ဆာတွေကို ယ်အနောက်တိုင်းပုံစံနဲ့မှ အစားမထိုးခဲ့ပါဘူး။ သူတို့မှာ ရာဓလေ့အရ ဂုဏ်ပြုဆင်ယင်တဲ့ စလွယ်(salwe)ဆို ာ ရှိပြီးသားပါ။

မြန်မာမင်းတွေဟာ ဦးပေါင်းဦးရစ်၊ မကိုဋ်ပေါင်းကို ည်း ဆင်ရပါတယ်။ ဖောင်း၊ နားတောင်းတွေ ဆင်ပြီးတဲ့ ခါမတော့ စလွယ်ကို ဆင်ယင်ရပြန်တယ်။ စလွယ်မှာ ထူးဌာနန္တရအလိုက် ကြိုးအသွယ်အရေအတွက် အမျိုးမျိုး ရှိတယ်။ ဘုရင်မင်းမြတ်က မည်သူ မည်မျှ စလွယ်ဆင်ပြီး ည်သည့်အဆောင်အယောင်ကို သုံးရမယ်လို့ သတ်မှတ်ပေး ားပါတယ်။ အများအားဖြင့် စလွယ်ဆင်ရိုးမှာ မှူးကြီး တ်ကြီး သေနာပတိ (၁၂)သွယ်၊ မင်းဆွေမင်းမျိုး (၁၅)သွယ်၊ င်သား (၁၈)သွယ်၊ အိမ်ရှေ့စံ (၂၁)သွယ်၊ ဘုရင် (၂၄) သွယ်လို့ ဖြစ်ပါတယ်။ ဒါပေမယ့် ဘုရင်မင်းတွေကတော့ လိုတော်ရှိသလောက် ဆင်ယင်နိုင်ပါတယ်။

မင်းရဲ့ မိဖုရားတွေမှာတော့ စလွယ်မဟုတ်ဘဲ ခါးကြိုး ာသွယ်အမျိုးမျိုး ရှိနေပါတယ်။ ကဋိ (ကြိုး ၁သွယ်)၊ ဗတ္တတိ (ကြိုး-၇သွယ်)၊ မေခလာ (ကြိုး- ၈သွယ်)၊ ရသနာ ကြိုး-၁၆သွယ်)နဲ့ ကလာပမည်တဲ့ ခါးကြိုး(ကြိုး ၂၅သွယ်)

လို့ ရှိပါတယ်။ ဟံသာဝတီခေတ်မှာ မင်းသဘင်ကျင်းပတဲ့ အခါ မင်းခမ်းမင်းနား ၁၃ရပ်စီနဲ့ စနစ်တကျ ကျင်းပတာကို နိုင်ငံခြားသား ခရီးသွားတွေလည်း မျက်မြင်တွေ့ရှိခဲ့ကြတယ်။ နန္ဒဘုရင်လက်ထက်မှာ အင်္ဂလိပ်လူမျိုး ရေဖ်ဖိုက်ချ်က သူ တွေ့ခဲ့သမျှကို မှတ်တမ်းပြုခဲ့ပါတယ်။ မင်းနဲ့တကွ မှူးမတ်တွေ စနစ်တကျ ဝတ်ဆင်ကျင်းပတဲ့ မင်းခမ်းမင်းနား ဆင်ယင်ပုံများ က မြန်မာတို့ဟာ အစဉ်အလာကြီးမားတဲ့ ယဉ်ကျေးမှု တစ်ရပ်နဲ့ နေထိုင်သူတွေလို့ ထင်ရှားပါတယ်။

ဘိုးတော်ဘုရား ဆင်ဖြူများရှင်ဟာ ၁၇၈၄ ခုနှစ် ဌနံလ ၃ရက်နေ့မှာ မင်းမိန့်ထုတ်ပြန်ပြီး ရာထူးအဆောင်အယောင် insignia နဲ့ ဆုချီးမြှင့်ပုံတွေကို ဖော်ပြခဲ့တယ်။ အဲဒီအဆောင် အယောင်တွေထဲမှာ အမျှင်အသွယ်တွေများစွာနဲ့ ပြုလုပ်ထား တဲ့ ရွှေကြိုး(strands)တွေလည်း ပါရဲ့။ ရွှေကြိုးတွေကို လေးနေရာမှာ အပြားဝိုင်းတွေ၊ ဖောင်းကြွ ခုံးတွေနဲ့ စုတဲ့ ထားပြန်တယ်။ အဲဒီ ရွှေကြိုးစလွယ်ကို လက်ဝဲဘက် ပ



www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှာ တင်ဝတ်ပြီး၊ ရင်အုံကို ကန့်လန့်ဖြတ်ကာ လက်ျာဘက် တင်ပါးပေါ်ကို ကျစေပါတယ်။ ဒါဟာ သူကောင်းပြုဂုဏ်တင်ပေးခြင်းပါ။


အလောင်းမင်းတရားကြီးကိုယ်တိုင် ပွဲတက် ဆင်မြန်းပုံကိုလည်း မှတ်တမ်းတွေမှာ တွေ့နိုင်ခဲ့တယ်။ သက္ကရာဇ် ၁၁၁၇ခုနှစ်၊ ပြာသိုလ၊ မွန်မင်းသမီးကို သိမ်းပိုက်တဲ့ အခမ်းအနားမှာ မင်းကြီးဟာ ပန်းဆိုးပေါင်းထုပ် ဆင်တော်မူပြီး အဘိုးအနဂ္ဃထိုက်တဲ့ မြနားတောင်း၊ ပတ္တမြားလက်ကောက်နဲ့ ပတ္တမြားလက်စွပ်ကို ဝတ်ဆင်တယ်။ ရွှေရေးစက်နားဝတ်လဲတော်ကို လဲပြီး ရတနာအတိပြီးတဲ့ ရွှေချုံညောင်ရွက်နဲ့ စစ်ဝတ်ရတနာ ဒုယင်တော်ကို ဝတ်ပြီး ရွှေကြိုး နှစ်ဆယ့်လေးသွယ်ရှိတဲ့ ရတနာ စလွယ်တော်ကို ဆင်တော်မူတယ်။ ပတ္တမြားအတိစီတဲ့ လက်သုံးတော်ဓား၊ သားမြီးယပ် စွဲတော်မူပြီး "ဇေတဝန်ဆောင်တော်ကသည် သံဆယ်တောင်ရှိသော မြေနန်းပလ္လင်သို့ ကြမ်းဆင့်ကို လက်ျာခြေတော် အလျဉ်ချီလျက် ထွက်တော်မူသည်"လို့ ဖော်ပြထားတယ်။ မင်းဝတ်တဲ့ စလွယ်တော်မှာ ရွှေချည်းသာမက၊ ကျောက်မျက်ရတနာများလည်း စီခြယ်ထားတယ်လို့ သိနိုင်ပါရဲ့။

ရွှေစလွယ်မှာပါတဲ့ ရွှေကြိုးအရေအတွက်အနည်းအများဟာ ဂုဏ်ပြုခံ ပုဂ္ဂိုလ်ရဲ့ အဆင့်ကို ပြဆိုနေပါတယ်။ ရွှေကြိုးများလေ အဆင့်အတန်းပိုမြင့်လေပေါ့။ ရွှေကြိုး ၂၄ ကြိုးတပ် စလွယ်ဟာ အများဆုံးဖြစ်ပြီး ဘုရင်မင်းမြတ်တစ်ပါးတည်းသာ ဝတ်ဆင်ရပါတယ်။ ပခုံးတစ်ဖက်စီမှာ ရွှေကြိုး ၁၂ကုံးပါတဲ့ တစ်စုံစီခွဲပြီး ရွှေကြိုးနှစ်စုံနဲ့ စလွယ်ပါ။ ရွှေကြိုး ၂၁ကုံးပါတဲ့ စလွယ်ကိုတော့ မချွတ်ကေန် နန်းမွေဆက်ခံရမယ့်သူ (the Heir Apparent) သာ ဆင်ယင်ခွင့်ရပါတယ်။ ရွှေကြိုး ၁၈ကုံးတပ် စလွယ်ကိုတော့ ရှမ်းစော်ဘွားကြီးနဲ့ ဆွေတော်မျိုးတော်ထဲက ဝါရင့်အဆင့်မြင့် မင်းသ… ကြီး(senior Princes of the Blood Royal)… ဝတ်ဆင်နိုင်ကြရဲ့။ ရွှေကြိုး ၁၅ကုံး စလွယ်ဟာ ရှမ်းမြို… တွေနဲ့ ဆွေတော်မျိုးတော်စာရင်းဝင် မင်းသားငယ် (j… ior Princes of the Blood Royal)များအတွက်… နိုင်ငံတော်ရဲ့ အဆင့်မြင့် မှူးကြီးမတ်ကြီး (Ministers … State of senior rank)တွေကတော့ ရွှေကြိုး ၁၂ကုံး… စလွယ်တွေကို ဆင်မြန်းနိုင်ကြတယ်။ ရာထူးနိမ့်တဲ့ အ… ငယ် (officers of junior rank) မှူးလတ် မတ်လ… မှူးငယ်မတ်ငယ်များကိုတော့ ရွှေကြိုး ၃ကုံးကနေ ၉ကုံး… စလွယ်များ အဆင့်ဆင့်ရာထူးနေရာအလိုက် ဝတ်ဆ… စေပါတယ်။

## မြန်မာ့ရွေးရိုး စလွယ်နဲ့ အနောက်တိုင်းသားတို့အမြင်


အနောက်တိုင်းက စာရေးဆရာများ၊ အထူးသ… ဥရောပတိုက်သားများဟာ ၁၉ရာစုအတွင်းမှာ မြန်မာ… အကြောင်း ရေးသားကြတဲ့အခါ စလွယ်ကို သူတို့အနော… နိုင်ငံတွေမှာလို ချီးမြှင့်တဲ့ ရာထူး၊ ဂုဏ်ထူး၊ ဘွဲ့ထူးတံ… အနေနဲ့ ဖော်ကျူးကြပါတယ်။ အဲဒါကိုပဲ ခေတ်သစ် စာ… ဆရာအချို့ကလည်း သံယောင်လိုက်ပြီး ရေးကြရဲ့၊ ဒီခေ… ဒင်္ဂါးပြား၊ ဆုတံဆိပ်ပြား လေ့လာစုဆောင်းသူတွေကလ… ထို့အတူပဲ ထင်နေကြတယ်။ အဲဒီ ယူဆချက်ဟာ … မမှန်ကန်ပါဘူး။ တကယ်တော့ စလွယ်ကို ရိုးရာဓ… အတိုင်း ဗုဒ္ဓဘာသာဝင်အုပ်ချုပ်သူများ၊ မင်းညီမင်းသား… ရာထူးဂုဏ်ရှိန်အဆင့်မြင့်သူများရဲ့ ရေးထုံးမပျက် ကြီးက… မြင့်မြတ်စွာ ဆင်ယင်မှုတစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်ပါတ…

ဒေသခံတိုင်းရင်းသားရိုးရာ ပုတီးစေ့များ စီခြယ်ထားသည့် စလွယ်ဒီဇိုင်း



www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘုရင်များရဲ့
ရွှေကြိုး ၂၄ ကုံးပါ စလွယ်တော်

ိုမျိုး ဆင်ယင်မှုကို မြန်မာတစ်ပြည်တည်းမှာသာ မဟုတ် အရှေ့တောင်အာရှနိုင်ငံတစ်လွှား၊ အထူးသဖြင့် ထိုင်းနိုင်ငံ သာအိန္ဒိယနိုင်ငံတွေမှာပါ မြင်ကြရတယ်။ မကြာခဏဆိုသလို မြတ်တဲ့ လူတွေမှာသာမက၊ ဗုဒ္ဓဘုရားရှင်ရဲ့ ဆင်းတု ုတွေမှာတောင် ရွှေစလွယ်တွေ ဆင်မြန်းထားတာလည်း မန္တလေးက မဟာမြတ်မုနိဘုရားကြီး သက်သေပေါ့။ ရားကြီးက စလွယ်ဟာ ရှင်ဘုရင်မင်းများလို ပခုံးနှစ်ဖက် ပေါ်ကနေ ဆင်းပါတယ်။

## ဗြိတိသျှဘားမားခေတ်က
## ရွှေကြိုး (၁၂)ကုံးပါ စလွယ်

ဒါပေမယ့် မြန်မာပြည်မှာပဲ စလွယ်ကို ရာထူး ဂုဏ်ထူး ခြ် ချီးမြှင့်ပြီး ဆင်ယင်စေတာမျိုးလည်း မြန်မာ့နန်းဆက် သွားပြီးတဲ့နောက်ပိုင်း၊ နယ်ချဲ့ လက်အောက်ကို ဖြတ် ရောက်ရှိခဲ့တဲ့ ခေတ်တွေမှာ ရှိလာပါတော့တယ်။ ဗြိတိ ကိုလိုနီအုပ်ချုပ်သူတွေက ပေးတဲ့ ကျက်သရေဆောင် စလွယ်ရမင်း၊ သူရဲကောင်း ငွေဓားရမင်း၊ အမှုထမ်းကောင်း ဆိပ်ရမင်း၊ တိုင်းကျိုးပြည်ကျိုးဆောင် စတဲ့ ဘွဲ့ထူးဂုဏ်ထူး မှာ ငွေဓားတွေ၊ ဆုတံဆိပ်တွေပါသလို စလွယ်လည်း ပါတယ်။ ကျက်သရေဆောင် ရွှေစလွယ်ရ မင်းဆိုတာ ရွှေကြိုးစလွယ်ကို ဂုဏ်ပုဒ်တစ်ခုလို ရတဲ့သူပါ။ ၁၈၅၅ ခုနှစ်၊ ဇွန်လ၊ ၆ရက်နေ့မှာ အိန္ဒိယဘုရင်ခံကတစ်ဆင့် ရခဲ့တာပေါ့။ ကိုလိုနီခေတ် ဗြိတိသျှဘားမားအတွက် ထူးထူးခြားခြား တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဂုဏ်သရေရှိ မြန်မာအမျိုးသား ကြီးများကို ပေးတာပါ။ ဆုအမျိုးအစားက တစ်မျိုးတစ်စား တည်းပဲ ရှိပါတယ်။ ရွှေကြိုးမျှင်တွေ များစွာပါတဲ့ အဲဒီ စလွယ်ကို လေးနေရာမှာ ချုပ်ပြီး အပြားတွေ၊ အဖုအဖောင်း တွေနဲ့ ထိန်းထားရဲ့။ လက်ဝဲ ပခုံးထက်မှာ ဝတ်ဆင်ရပြီး၊ ရင်အုပ်ကို ဖြတ်ဆင်းလာတဲ့ စလွယ်ဟာ လက်ျာဘက် တင်ပေါ်မှာ ဖောင်းကြွပြားနဲ့ အဆုံးသတ်ပါတယ်။

ရွှေစလွယ်ရ မင်းဟာ KSM ဆိုတဲ့ ဘွဲ့ကိုလည်း သူ့နာမည်နဲ့ တွဲပြီးသုံးနိုင်တယ်။ ကျက်သရေဆောင် ရွှေ စလွယ်ရမင်း (Kyet thaye zaung shwe Salwe ya Min) ဆိုတဲ့ ဘွဲ့ရဲ့ အတိုကောက်ပေါ့။ ဒီလို စလွယ်မျိုး ချီးမြှင့်ခံရ သူ (၂၂၁)ယောက် ရှိခဲ့ပြီး၊ လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ်မှာ ဘွဲ့စလွယ် ချီးမြှင့်ခြင်း ရပ်ဆိုင်းသွားပါတော့တယ်။

## လွတ်လပ်ရေးခေတ်က စလွယ်များ

လွတ်လပ်ရေးရပြီးတဲ့ ၁၉၄၈ ခုနှစ်နောက်ပိုင်းမှာလည်း ရွှေစလွယ်ဆုတွေ ပေးတာ ရှိပါသေးတယ်။ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ ၂ရက်နေ့မှာ စ,ပေးခဲ့တဲ့ သီရိသုဓမ္မသင်္ဂဟ ဘွဲ့ကို စစ်ဘက်၊ နယ်ဘက် နှစ်ရပ်လုံးမှာ ပေးပြီး အဆင့်သုံး ဆင့်ရှိပါတယ်။

အဂ္ဂမဟာသီရိသုဓမ္မ၊ သတိုးသီရိသုဓမ္မနဲ့ မဟာသီရိ သုဓမ္မဘွဲ့တို့ ဖြစ်ကြရဲ့။ ပထမအဆင့်ဘွဲ့မှာ ရွှေဖွတ်ပြီးကြိုး တွေပါပြီး လက်ဝဲ ပခုံးပေါ်မှာ ဝတ်ဆင်ရပါတယ်။ ရင်အုပ်ကို ဖြတ်ပြီး ဆင်းသွားတဲ့ ရွှေစလွယ်ဟာ လက်ျာဘက် တင်ပါး ပေါ်မှာ ကြီးမားတဲ့ အဖုအဖောင်းပြားကြီးနဲ့ အဆုံးသတ်ပါ တယ်။ အဲဒါနဲ့အတူ ဆုတံဆိပ်နှစ်ခုကိုလည်း လက်ဝဲဘက် ရင်အုံမှာ ချိတ်ဆွဲခွင့်ရတယ်။ ပြီးတော့ ရွှေရည်သုတ် ရင်ထိုး ကြယ်တစ်ခုလည်း ပါရဲ့။ ဒုတိယအဆင့် ဘွဲ့မှာတော့ ပထမ အဆင့်မှာ ပေးတဲ့ ရင်ထိုးကြယ်အသေးစားမျိုးသာ ချိတ်ဆွဲရပါ တယ်။ တတိယဆင့်ဘွဲ့မှာ လည်ပင်းမှာ ဖဲကြိုးနဲ့ ဆွဲရတဲ့ တံဆိပ်တစ်ခုသာ ပါပါတော့တယ်။

၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ ၂ရက်မှာ ပေးတဲ့ ပြည်ထောင်စု စည်သူ့သင်္ဂဟဘွဲ့ကိုလည်း စစ်ဘက်၊ နယ် ဘက်တွေမှာ ချီးမြှင့်ခဲ့ပြီး အဆင့်ငါးဆင့် ပါပါတယ်။ အဂ္ဂမဟာ သရေစည်သူ၊ သတိုးမဟာသရေစည်သူ၊ မဟာသရေစည်သူ၊



www.burmeseclassic.com

www.burmeseclassic.com

သရေစည်သူနဲ့ စည်သူဘွဲ့တို့ပါ။ ပထမဆင့်မှာသာ ရွှေဖွတ်မြီးကြိုး စလွယ်၊ လက်ဝဲရင်အုံမှာ ချိတ်ဖို့ တံဆိပ်နှစ်ခုနဲ့ ကြယ်လေးငါးပွင့် ခြံရံထားတဲ့ ရွှေရည်စိမ် ကြယ်ကြီး ပါပါတယ်။

## နန်းခေလေ့ စလွယ်နဲ့ စလွယ်တင် ကျင့်ဝတ်တရား

မြန်မာ့နန်းခေလေ့အရ စလွယ်ဝတ်ဆင်ကြတဲ့အခါ ကျင့်ကြံ စောင့်ထိန်းရတဲ့ ကျင့်ဝတ်တွေရှိတယ် ဆိုတာကို ယဉ်ကျေးမှုဝန်ကြီးဌာနက ၂၀၀၇ ခုနှစ်မှာ ထုတ်ဝေပေးတဲ့ "ပုဂံဝန်ထောက်မင်း ဦးတင်"ရဲ့ "မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ်သော အမိန့်တော် တမ်းကြီး၊ ပထမပိုင်း"မှာတော့ ခုလိုဖော်ပြထားပါရဲ့။

အရှင်စိုးမင်းတို့မှစ၍ စလွယ်တင် မှူးမတ် ပုဏ္ဏားတို့ ကျင့်ဝတ်ကား ဆယ်ပါးအပြားရှိ၏။


ဆယ်ပါးဟူသော်ကား -

(၁) ကိုယ်နှုတ် ငြိမ်သက်ခြင်း၊
(၂) ကိုယ်နှုတ်ကို ဆုံးမခြင်း၊
(၃) ကိလေသာကို ခေါင်းပါးအောင် ငြိမ်းခြံခြင်း၊
(၄) စင်ကြယ်ခြင်း၊
(၅) ရောင့်ရဲခြင်း၊
(၆) သည်းခံခြင်း၊
(၇) သဘောဖြောင့်ခြင်း၊
(၈) ရတနာသုံးပါး၌ ဆည်းကပ်ခြင်း၊
(၉) သူတစ်ပါးကို သနားလေ့ရှိခြင်း၊
(၁၀) အမှန်အကန် ပြောဆိုလေ့ရှိခြင်း။

ဤသို့လျှင် ဆယ်ပါးဖြစ်သတည်း။ ဤဆယ်ပါးကိုလည်း လောကီ သင်္ကရိုင်ကျမ်းများမှာပင် ဆိုသည်။

## စလွယ်အကြောင်း အမိန့်တော်

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဆင်ဖြူသခင်အရှင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ငါအရှင် ကေရာဇ်မင်းမြတ်တို့ဝယ်၊ မင်းမြောက်တန်ဆာငါးပါးနှင့် စလွယ် အစရှိသော တန်ဆာ ရတနာမျိုးတို့ကို စုပုံခင်းကျင်း၍ ရွှေဘုံလောင်းတော်၊ ဘိုးလောင်းတော်တို့လက်ထက် ထုံးစံနှင့် အဘိသိက်ခံတော်မူခြင်းသည် ပစ္စုပ္ပန် အစီးအပွားများစေခြင်းငှာသော် ခံတော်မူသည်မဟုတ်။ မင်းမျိုး ပုဏ္ဏားမျိုး၊ သူဌေး၊ ဆင်းရဲသား စသော သတ္တဝါအပေါင်းတို့ ချမ်းသာ၍၊ မဂ်ဖိုလ် နိဗ္ဗာန်ရောက်စေခြင်းငှာ၊ မင်းကျင့်



ရွှေကြိုး ၁၂ ကုံးတပ် မြန်မာ့ဂုဏ်ထူးဆော[...]
စလွယ်တော်

တရားကို ကျင့်ဆောင်တော်မူသည်၊ အဘိသိက်ခံတော်[...] ဖြစ်သည်။


မောင် အိမ်ရှေ့မင်းမှစ၍ မင်းညီမင်းသား၊ မှူး[...] မတ်တော်တို့ စလွယ် အသနားတော်ခံကြရသည့် လ[...] လည်း လုပယဉ်ကျေး၊ တင့်တယ်စေခြင်းငှာ သနား[...] သည့် တန်ဆာဖြစ်သည်ဟု ယူကြရမည် မဟုတ်၊ [...] ငါးပါး စသော မင်းညီမင်းသား၊ မှူးမတ်တို့ စလွ[...] ကျင့်ဝတ်တရားနှင့်အညီ၊ သတ္တဝါအပေါင်းတို့ကို ချ[...] ငြိမ်ဝပ်အောင် ထိန်းသိမ်း၍ အုပ်ချုပ် စီရင်စိမ့်မည် [...] တော်ခံစေခြင်းဖြစ်သည်။

ခပ်သိမ်းသော ဆင်းရဲသား ကျွန်တော်အပေါင်း[...] ချမ်းသာ ငြိမ်ဝပ်အောင် အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်[...] စလွယ် သနားတော်မူခြင်းဖြစ်ပေသည်။ အမြဲ နှလုံး[...] မင်းညီမင်းသား မှူးမတ်တို့⋯ စလွယ်တင် ကျင့်ဝတ်[...] ကို မလစ်မဟင်း မယွင်းမယိုစေရအောင် ကျင့် သန[...] သည့် စလွယ်ကိုလည်း မောင်အိမ်ရှေ့မင်းနှင့် တွင်[...] ကိုင်စီရင်သူ လူကြီးတို့မှာ နေ့တိုင်းအမြဲ [...] ဝင်ထွက်သည့်ကာလ ဆောင်ရွက်ကြစေ။

၁၁၄၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ရက်နေ့ [...]

www.burmeseclassic.com

## အမှုထမ်းကောင်းဝုဏ်ထူးဆောင်
## စလွယ်တော်တစ်ခု



တွင် နာခံ သီရိနန္ဒစည်သူတွင် ပြန်သည်။

◈◈◈

မြန်မာ့ပဒေသရာဇ်ခေတ် ဆင်ဖြူသခင် ဘဝရှင်မင်းတရားကြီးရဲ့ အမိန့်တော်အတိုင်းပါပဲ။ ရှေးမြန်မာမင်းမြတ်တွေဟာ စလွယ်ဆင်ယင်တဲ့အခါ လက်တွေ့အကျိုးစီးပွားများအတွက် မဟုတ်ဘဲ၊ မင်းကျင့်တရားတွေကို လိုက်နာဆောင့်ထိန်းဖို့လို့ ရည်စူးတာပါ။ အိမ်ရှေ့မင်းနဲ့ မင်းညီမင်းသားမှူးတော် မတ်တော်တွေကို စလွယ်ဆင်စေတဲ့အခါမှာလည်း အလှအပနဲ့ တင့်တယ်စေဖို့အတွက်သာ မဟုတ်၊ ငါးပါးသီလ စတဲ့ စလွယ်တင် ကျင့်ဝတ်တရားများနဲ့အညီ သတ္တဝါအပေါင်းတို့ကို အေးငြိမ်းချမ်းသာအောင် ထိန်းသိမ်းပြီး အုပ်ချုပ်စီရင်ဖို့ ဖြစ်ပါသတဲ့။ ပြည်သူလူထုကို စောင့်ရှောက်ဖို့ အစိတ္တာန်နဲ့ အသိဝင်ဖို့ စလွယ်ဆင်စေတာပါတဲ့ ■

ကိုအေးမြင့် (မဟာဝိဇ္ဇာ ရှေး–သု)

**စာကိုး။**

- ပုဂံဝန်ထောက်မင်း ဦးတင်၊ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး ပထမပိုင်း(ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၂၀၀၇ ခုနှစ်၊ ရန်ကုန်။)
- **Wikipedia, the free encyclopedia**
- **(BURMA - ORDERS AND DECORATIONS): Christopher Buyers.**

* * *




www.burmeseclassic.com

www.burmeseclassic.com


လွန်ခဲ့သော နှစ် ၂၀ခန့်က ပတက်ကုန်းရွာ။

ရွာက အိမ်ခြေတစ်ရာကျော်ရှိ ရွာကြီးဖြစ်သည်။ ဝါးခယ်မ-အိမ်မည်း ကားလမ်း၏ လမ်းသွယ်တစ်ခုတွင် တည်ရှိပြီး၊ ထိုရွာလမ်းအတိုင်း ဆက်သွားလျှင် အင်းရဲကြီး၊ တံခွန်တိုင်၊ တစ်တီတူးရွာများသို့တိုင် ရောက်သည်။ ရွာသားအများစုက ဘာသာရေးတွင် အလေးထားသူများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးရုပ်ကို
ထွင်းထုတ်သည့်အခါမှ.....

ထိုနှစ် တန်ခူးလလောက်တွင် ရွာသားများ စုပေါင်း၍ ရွာဦး ဘုန်းတော်ကြီးကျောင်းကို အသစ်ဆောက်လုပ်လှူဒါန်းကြသည်။ ရွာသားတွေကလည်း သဒ္ဓါထက်သန်ကြသဖြင့် ကျောင်းဟောင်းကို ဖျက်၍ သစ်ကျောင်းကြီးကို ဆောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။ ရပ်ရေးရွာရေး၊ ဘာသာရေးကိစ္စတို့တွင် ရွာလူကြီး ဦးဘရီကိုယ်တိုင် ဦးဆောင်လေ့ရှိသည်။

"ဦးလေး ဦးဘရီ··ဆရာတော်အခေါ်ခိုင်းလိုက်လို့"

"ဘာဖြစ်လို့လဲ စိန်သန်း"

"လက်သမား အောင်ကြီးနဲ့ မြငွေ အလုပ်မဆင်းတာ သုံးရက်လောက်ရှိပြီတဲ့။ အဲဒါ···"

"ဒီကောင်တွေကွာ၊ ဘုန်းကြီးကျောင်းဆောက်တဲ့ လက်သမားခကိုတော့ အကုန်တောင်းသုံးထားတယ်။ အလုပ်ကျတော့ မှန်မှန်မဆင်းချင်ဘူး။ မိုးကျလို့မှ ဘုန်းကြီးကျောင်းမပြီးရင် ဆရာတော့်မှာ အခက်တွေ့ဦးမယ်။ ဒါမျိုးတော့ ငါ ခွင့်မလွှတ်ဘူး။ ဟေ့···ထွန်းခင်···ထွန်းခင်···"

"ဟုတ်ကဲ့၊ လာပါပြီ ဘကြီး"

"သွားစမ်း၊ အောင်ကြီးနဲ့ မြငွေ ကို မတွေ့တွေ့အောင်ရှာပြီး ဆရာတော့်ကျောင်းကို ခေါ်လာခဲ့"

ထိုနှစ် မိုးကျလုခါနီးမှာပင် ဘုန်းကြီးကျောင်းသစ်ကြီး ဆောက်လုပ်ပြီးစီးသွားလေသည်။ လက်သမားဆရာ အောင်ကြီးနှင့် မြငွေတို့ပင် ပြီးစီးသည်အထိ ဆောက်လုပ်ခဲ့ကြသည်။ ကျောင်းကြီးက ခြေတံရှည် သစ်ကျောင်းကြီးဖြစ်သည်။ ကြီးမားကျယ်ဝန်းလှသည်။ ရွာဦးရွာထိပ်တွင် ရှိသည်ဆိုသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

ရွာနှင့် တစ်သီးတခြားဖြစ်နေသည်။ ကျောင်း၌ ဆရာတော်နှင့်အတူ ကိုရင်တစ်ပါးတို့ အတူနေကြသည်။

ရွာသားများက ဝါမဝင်မီ ကျောင်းရေစက်ချပွဲကို ကြီးကျယ်ခမ်းနားစွာ လုပ်နိုင်ရန် စိုင်းပြင်းနေကြသည်။ ကျောင်းဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းကြသည့် အလှူရှင်များကလည်း ရေစက်ချပွဲမတိုင်မီ သုံးလေးရက်အလို၌ ကျောင်းထိုင်ဆရာတော်ကြီး ကောက်ကာငင်ကာ ပျံလွန်တော်မူခဲ့သည်။ ကျောင်းသစ်ကြီးပေါ် တက်ရသည်မှာ ဘာမျှ မကြာသေး။ ယခုဆရာတော်ကြီး ပျံလွန်တော်မူရသည်ကို ရွာသားတို့ တစ်ယောက်တစ်မျိုး ထင်ကြေးပေး ပြောဆိုနေကြသည်။

"ကျောင်းအသစ်၊ အိမ်အသစ်ဆိုတာ ခိုက်တတ်တယ်။ ကံနိမ့်တဲ့သူ ခံရတာပဲလေ"

"ဟဲ့ - ဒါနဲ့ ကိုရင် သာမောင်ကြီးပြောတော့ ကျောင်းဝိုင်းထဲ ညောင်လမ်းပင်ကြီးက အစောင့်က ဆရာတော်ကို အိပ်မက်ပေးတယ်တဲ့။ ကျောင်းဟောင်းကို မဖျက်ပါနဲ့။ ဖျက်ရင် ဒုက္ခတွေ့လိမ့်မယ်တဲ့။ အဲဒီလို အိပ်မက်ပေးထားပါရဲ့နဲ့ ကျောင်းဟောင်းကို ဖျက်လိုက်လို့ ဆရာတော် ပျံလွန်တော်မူရတာတဲ့"

"ဟဲ့ - ငါကြားတာတော့ ဆရာတော်ကို စုန်းတိုက်လိုက်တာလို့ ပြောတယ်"

ထိုနှစ် ဝါတွင်း ကျောင်း၌ ဝါကပ်ဝါဆိုမည့် သံဃာမရှိသဖြင့် ကျောင်းကို ပိတ်ထားလိုက်ရသည်။

◈◈◈

သီတင်းဝါလကျွတ်၍ ကထိန်ရာသီပြီးလျှင် ရွာသားများ၏ လျှောက်ထား တောင်းပန်မှုကြောင့် အသက်ကြီးကြီး ဦးပဉ္ဇင်းတစ်ပါး ထိုကျောင်း၌ ကျောင်းထိုင်ရန် ရောက်ရှိလာသည်။ ရွာသားတို့က ပစ္စည်းလေးပါးဖြင့် လိုလေသေးမရှိအောင် ထောက်ပံ့ကြသည်။

တစ်လခွဲခန့်အကြာ၊ တစ်နေ့၌ ရွာသားတစ်ဦး ဆွမ်းပို့ရောက်လာသည်တွင် ကျောင်းထိုင် ဦးပဉ္ဇင်းကြီးက···

"ဒကာ့ကို တစ်ခုလောက် မေးချင်တယ်"

"မှန်ပါ့၊ အမိန့်ရှိပါ ဘုရား"

"ဒီကျောင်းမှာ ထူးထူးခြားခြား ဘာဖြစ်ခဲ့တာ ရှိသလဲ ဒကာ"

"ဘာမှမရှိပါဘူး ဘုရား။ ပြီးခဲ့တဲ့ ဝါဝင်ခါနီးက ဆရာတော်ကြီး ရုတ်တရက် ပျံလွန်တော်မူတာပဲ ရှိပါတယ် ဘုရား"

"အဲဒီအကြောင်းက ကျုပ်သိပြီးသားပါ။ အဲဒါနဲ့ မဆိုင်တဲ့ အခြားအကြောင်း ဘာများ သိထားသေးလဲ"

"မသိပါဘူး ဘုရား။ ကြားလည်း မကြားမိပါဘူး။ ဆရာတော်က ထူးထူးထွေထွေ ဘာများတွေ့မိလို့လဲ ဘုရား"

"ထားပါတော့ ဒကာ။ ကျုပ်အနေနဲ့ သွေးလေ မညီညွတ်တာတို့၊ တိုက်ဆိုင်တာတို့လည်း ဖြစ်ကောင်းဖြစ်မှာပါ"

ထို့နောက် ဆွမ်းပို့သည့် ဒကာလည်း ဦးပဉ္ဇင်းကြီးအား ဆွမ်းကပ်ပြီး ပြန်သွားသည်။ ဦးပဉ္ဇင်းကြီးစိတ်ထဲ စနိုးစနောင့်နှင့် ကျန်ခဲ့သည်။

တစ်ပတ်ခန့်အကြာ ကြားလိုက်ရသည်က မယုံနိုင်စရာကောင်းလှသည်။ ကျောင်းထိုင် ဦးပဉ္ဇင်းကြီး ပျံလွန်တော်မူပြန်ပြီဆိုသည့် စကားက ရွာသားတို့အတွက် အတွေးပွားစရာဖြစ်လာသည်။ ပထမ ဆရာတော်ကြီး အကောင်းသားက ပျံလွန်တော်မူသည်ကို အလေး

မထားမိကြသော်လည်း၊ ယခု ကျော[...] ထိုင် ဦးပဉ္ဇင်းကြီး ကွဲလာပြီး ကျော[...] ထိုင်သည်မှာ နှစ်လပင် မပြည့်[...] သေး။ ပျံလွန်တော်မူပြန်ပြီ ဆို[...] အတွက် စဉ်းစားစရာဖြစ်လာပေ[...]

ရွာသားတို့၏ သဒ္ဓါထက်သ[...] ဖြင့် ကျောင်းကြီးကို ခန့်ညား ထ[...] စွာ ဆောက်လုပ်ထားသော်လည်း [...] ကျောင်း၌ ကျောင်းထိုင်မည့် သံဃာ[...] မရှိဖြစ်နေသည်။ ထို့အတွက် ရွာ[...] တို့မှာ ကျောင်းကြီးကို မြင်တိုင်း [...] မကောင်းနိုင်ကြပေ။

တစ်နေ့···တစ်နေ့ ကျောင်း[...] သံဃာရရှိရေးအတွက် နေ့ည[...] ဆွေးနွေးတိုင်ပင်ကြသည်။ သို့သော်[...] လည်း ကံဆိုးသည်ဟု ဆိုရမလိ[...] ဆရာတော်နှစ်ပါး ရှေ့ဆင့်နောက်[...] ပျံလွန်တော်မူခဲ့သော ကျောင်းဖြစ်[...] သံဃာများက ထိုကျောင်း၌ မနေလို[...] ပေ။

◈◈◈

တစ်နှစ်ခန့်ကြာပြီးနောက် [...] နေ့၌ ကျောင်းထိုင်မည့် ဦးပဉ္ဇင်း[...] တစ်ပါးကို ကံကောင်း ထောက်[...] ရလိုက်ကြသည်။ ဦးပဉ္ဇင်းလေး[...] ထိုဒေသက မဟုတ်။ အထက်အ[...] ဒေသမှ ဖြစ်သည်။ "တစ်တီတူး[...] ဆရာတော်ထံ အလည်အပတ်ရော[...] နေရာမှ ပတက်ကုန်းရွာသားတစ်ဦး[...] စကားစပ်မိပြီးနောက် ရွာသားမျ[...] လျှောက်ထား တောင်းပန်မှုကြော[...] ပတက်ကုန်းရွာ ဘုန်းကြီးကျော[...] ကျောင်းထိုင်ရန် ရောက်လာခဲ့ခြင်း[...] သည်။ ဦးပဉ္ဇင်းလေးက အသက် [...] ဝန်းကျင်ခန့်လောက်သာ ရှိသေး[...]

ကျောင်းထိုင်မည့် ပုဂ္ဂိုလ်ရ[...] သည့် သတင်းကြောင့်ပတက်ကု[...] သားတို့မှာ ဝမ်းသာမဆုံး ဖြစ်နေ[...]





www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျောင်းထိုင်မည့် ဦးပဥ္စင်းလေးကို တစ်တီးတူးရှာ၍ သွားရောက် ပင့်ဆောင်သည့်နေ့က ဆိုလျှင် အတီးအမှုတ် အကအခုန်တို့ဖြင့် ပင့်ဆောင်ကြသည်မှာ မြင်ရသူတို့ ကြည်နူးပီတိဖြစ်ကြရသည်။ ဦးပဥ္စင်းလေးအား ရွာသားတို့က ရေနွေးတူ ပစ္စည်းလေးပါးတို့ဖြင့် လိုလေသေးမရှိအောင် ထောက်ပံ့ခဲ့ကြသည်။ ဆွမ်း၊ ကွမ်းတို့မှာလည်း ပေါများလှသည်။ ညဘက်၌ ရွာထဲမှ ကာလသားတချို့လည်း ဦးပဥ္စင်းလေးနှင့် အဖော်ရရန် ညလာအိပ်ပေးကြသည်။

တစ်ည ညဉ့်သန်းခေါင်လောက်၌ ဦးပဥ္စင်းလေးနှင့် ရွာသားတို့ အိပ်မောကျနေတုန်း "ဒုန်း . . ." ဟူသော အသံကြီးကြောင့် အားလုံး နိုးလာကြသည်။ ဦးပဥ္စင်းလေးက နိုးသည်နှင့် သက်နိုင်ဓာတ်မီးဆွဲ၍ ခြင်ထောင်အပြင်ထွက်ကာ ကျောင်းထဲ နေရာအနှံ့ ဓာတ်မီးဖြင့် ထိုးကြည့်သည်။ ကျောင်းအလယ် ခေါင်တိုင်ရှေ့၌ ထီးထီးမားမား ရပ်နေသော ဘာမှန်းမသိသည့် သတ္တဝါကြီးကို တွေ့လိုက်ရသည်။ သတ္တဝါကြီးက ခန္ဓာကိုယ်အလွန်ကြီးပြီး အရပ်က ကျောင်းခေါင်မိုး ထိလုနီးပါးရှိနေသည်။

ဦးပဥ္စင်းလေးက ထိုသတ္တဝါကြီးကို မြင်လိုက်သည်နှင့် ကြက်သီးမွေးညင်းများ ထသွားသည်။ ကြောက်လန့်တကြား အော်မိမတတ်ဖြစ်သွားသည်။

ရွာသား သုံးဦးလည်း နိုးလာကြပြီး ထိုသတ္တဝါကြီးကို မြင်လိုက်သည်နှင့် အော်ဟစ်ကာ ကျောင်းအောက်သို့ ပြေးဆင်းကုန်ကြသည်။ ဦးပဥ္စင်းလေးလည်း ဆက်၍ မနေရဲသဖြင့် ရွာသားတို့နောက်မှ ပြေးဆင်းခဲ့ပေတော့သည်။

ထို့နောက် ဦးပဥ္စင်းလေးသည် မနေရဲတော့၍ ရွာသားများထံ ကျောင်းကို အပ်နှံပြီး နေရပ်ထံသို့ ပြန်ကြွသွားခဲ့သည်။ ရွာသားများလည်း ထိုနေ့ကစ၍ ကျောင်းရှေ့သို့ပင် ဖြတ်၍ မလျှောက်ဝံ့ကြပေ။ ထိုကျောင်း၏ ကြောက်ရွံ့ ထိတ်လန့်စရာအဖြစ်တို့ကိုလည်း ပြောစမှတ်ပြုနေကြသည်။ ထိုကျောင်းတွင် နောက်ထပ် မည်သည့် ရဟန်းသံဃာမျှ မနေဝံ့ကြသဖြင့် ကျောင်းကို တံခါးပိတ်ထားလိုက်ရသည်။

◈◈◈

နှစ်တွေ ကြာခဲ့ပြီဆိုသော်လည်း ကျောင်းကြီးနှင့် ပတ်သက်သော အကြောင်းတရားတို့သည်ကား ရွာသားတို့စိတ်ထဲတွင် ပျောက်ကွယ်သွားခြင်း မရှိ။ ကျောင်းကြီးသည်လည်း ပြုပြင်သန့်ရှင်းမည့်သူ ကင်းသဖြင့် တဖြည်းဖြည်း ကျောင်းအိုကျောင်းဟောင်းကြီးကဲ့သို့ ဖြစ်လာပြီး ပတ်ဝန်းကျင်၌လည်း ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် အလွန်အရုပ်ဆိုး အကျည်းတန်လှသည်။ ထို့အပြင် ရွာသားတချို့ ထိုကျောင်းကြီးအနီးအပါးသို့ သွားလာမိရာမှ ကြုံတွေ့ခဲ့ကြရသည့် ထိတ်လန့်စရာ အကြောင်းတို့ကလည်း ခြောက်လှန့်နေခဲ့သည်။ ရွာသားတို့၏ အတွေး၌ ကျောင်းပေါ်သို့ ထိုသတ္တဝါကြီး ဘယ်ကနေ ဘယ်လိုရောက်လာသလဲဆိုသည်ပင် ဖြစ်သည်။ ဘုန်းကြီးနှစ်ပါး ပျံလွန်တော်မူခဲ့သည်မှာ ထိုသတ္တဝါကြီးကြောင့်ဟုလည်း ယုံကြည်နေကြသည်။

တစ်နေ့သော ညနေစောင်းအချိန်လောက်တွင် နွေဦးပေါက်ရာသီ၏ သဘာဝအတိုင်း ခြောက်သွေ့သော ပတ်ဝန်းကျင်ကြောင့် သစ်ပင်တို့က ရိုးတံကျဲကျဲ မြေပြင်ပေါ်၌ ရွက်ခြောက်တို့က ပြန့်ကြဲနေသည်။ တစ်ခါတစ်ရံ ရွာလှည်းလမ်းဆီမှ တလိပ်လိပ်ထနေသော ဖုန်လုံးကြီးတို့ကိုလည်း တွေ့ရသည်။ ရွာအစပ် ကွင်းပြင်၌ ကလေးတစ်သိုက် ဆော့ကစားနေကြသည်။ တချို့ ရွာသားများက နွားအုပ်တို့ကို ရွာဘက်သို့ မောင်းသွင်းလာနေကြသည်။ နေလုံးကြီးကလည်း အနောက်ဘက်အရပ်ဆီ တရွေ့ရွေ့ ချဉ်းကပ်နေသည်။

ထိုစဉ် ကားလမ်းဘက်ဆီမှ ပတက်ကုန်းရွာဘက်သို့ ခရီးသွားအာဂန္တု ဘုန်းကြီးတစ်ပါး တရွေ့ရွေ့လာနေသည်။ အချိန်က နေဝင်လုတော့မည်။ ဆောင်းအကုန် နွေအကူး ရာသီမို့ နေဝင်သည်နှင့် အမှောင်ထုက ကြီးစိုးလာသည်။ ပတက်ကုန်းရွာဘက်ဆီ ကြည့်လိုက်လျှင် ညိုမှိုင်းနေသော တောအုပ်တို့ကို တစ်နံတစ်လျား တွေ့နေရသည်။ အာဂန္တု ဘုန်းကြီး ပတက်ကုန်းရွာအစပ်သို့ ရောက်ချိန်၌ နေလုံးကြီးက အနောက်ဘက် မိုးကုတ်စက်ဝိုင်းအောက်ဆီ ငုပ်လျှိုးသွားခဲ့ပြီ။

ရွာလမ်းပေါ်၌ လယ်တောမှ ပြန်တက်လာသော ရွာသားတချို့အား . . .

"ဒကာကြီး . . . နတ်စင်ကုန်းရွာက တော်တော်ဝေးသေးလား"

"မှန်ပါ။ ဒီကနေ ရွာလေးရွာကို ဖြတ်ရဦးမှာပါ။ နောက်ထပ် လေးနာရီလောက် လျှောက်ရဦးမှာပါ ဘုရား"

"တော်တော်ဝေးသေးတာပဲ"

"မှန်ပါ။ ဆရာတော် ခရီးဆက်ဖို့က အချိန်နှောင်းနေပါပြီ ဘုရား။ ဒီရွာမှာ ဆရာတော့်အသိအိမ်ရှိရင် တစ်ညလောက် တည်းခိုပြီး မနက်လင်းမှ ခရီးဆက်သင့်ပါတယ် ဘုရား"

"ဒကာကြီးပေးတဲ့ အကြံကောင်းပါတယ်။ ဘုန်းကြီးက ဒီဘက်နယ်က မဟုတ်ဘူးကွဲ့၊ အသိမိတ်ဆွေလည်း မရှိပါဘူး။ ဖြစ်နိုင်ရင် ဒီရွာက ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှာ ကျောင်းထိုင်ဆရာတော်ကို ခွင့်ပန်ပြီး တည်းခိုပါရစေ"

"ဟို...ဟို...တပည့်တော်တို့ ရွာမှာက ဘုန်းကြီးကျောင်းတော့ ရှိပါတယ်။ ဒါပေမယ့် ကျောင်းမှာက ဘယ် ရဟန်းသံဃာမှ မနေကြပါဘူး ဘုရား"

"အဲဒီကျောင်းမှာ တည်းခိုလို့ရော မရနိုင်ဘူးလား"

"ဟို...ဟို...မတည်းချင်ပါနဲ့ ဘုရား။ ဆရာတော့်မှာ တည်းခိုဖို့ အသိ မရှိရင်လည်း တပည့်တော်အိမ်မှာ တည်းလို့ ရပါတယ် ဘုရား"

"ဒကာကြီးတို့ ခွင့်ပြုမယ်ဆိုရင် ကျောင်းမှာပဲ တည်းပါရစေ"

အာဂန္တု ဘုန်းကြီးက ကျောင်းမှာသာ တည်းခွင့်ပြုရန် တောင်းဆိုနေသဖြင့် ရွာသားက အာဂန္တု ဘုန်းကြီးအား ရွာလူကြီး ဦးဘရီထံ ခေါ်သွား၍ အကျိုးအကြောင်းပြောပြလိုက်သည်။ ထို့နောက် ဦးဘရီက...

"ဆရာတော့်ကို ကျောင်းမှာ မတည်းစေလိုတာက ဆရာတော့် အတွက် အန္တရာယ်ဖြစ်မှာစိုးလို့ပါ ဘုရား။ အဲဒီကျောင်းပေါ်မှာ ဘုန်းကြီး နှစ်ပါး ရတ်တရက် ပျံလွန်တော်မူခဲ့ကြပါတယ် ဘုရား။ ဦးပဉ္စင်းလေးတစ်ပါးလည်း ကြောက်လန့်စရာကို တွေ့ပြီး မနေအပ်တော့လို့ သူ့ဇာတိကို ပြန်ကြွသွားပါတယ်။ အဲဒီလို အဖြစ်အပျက်တွေ ရှိခဲ့လို့ ဆရာတော့်ကို မတည်းစေလိုတာပါ။ ဆရာတော့်အနေနဲ့ ကျောင်းမှာသာ ဆန္ဒရှိတယ် ဆိုရင်တော့လည်း တပည့်တော်တို့ ခွင့်ပြုပါတယ် ဘုရား"

ရွာလူကြီးနှင့် ရွာသားတို့က အာဂန္တု ဘုန်းကြီးအား တည်းခိုခွင့်ပေးလိုက်ပြီး ဘုန်းကြီးကျောင်းသို့ လိုက်ပို့၍ နေရာထိုင်ခင်း ပြင်ဆင်ပေးခဲ့ကြသည်။



"ဒီဆရာတော်ကလည်း အန္တရာယ်ရှိပါတယ်လို့ တားနေတဲ့ကြားက မကြောက်မလန့် ကျောင်းမှာ သွားတည်းရတယ်လို့ကွာ"

"အေး ဟုတ်ပါ့ကွာ။ ဆရာတော်သာ တစ်ခုခုဖြစ်ရင်တော့ ဒုက္ခပဲ။ ရှေ့မှာလည်း ဆရာတော်နှစ်ပါး ပျံလွန်တော်မူပြီးပြီ။ အခုလည်း..."

"ဘာတတ်နိုင်မလဲကွာ။ သူ့သဘောနဲ့ သူ တည်းတာပဲ။ ဖြစ်လာတော့လည်း အကြောင်းတရားပါလာတယ်လို့ပဲ မှတ်ရမှာပေါ့"

◈◈◈

အာဂန္တု ဆရာတော်က သီလ သမာဓိနှင့် ပြည့်စုံသူဖြစ်သည်။ ပတက်ကုန်းရွာသို့ ဝင်ကတည်းက မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းနေခဲ့သည်။ ရွာထဲတွင် မတည်းခိုလိုခြင်းမှာလည်း ဝိနည်းသိက္ခာ မကျိုးပေါက်စေလို၍ဖြစ်သည်။ ရဟန်းတို့မည်သည် လူတို့အပ်စပ်သော အရာတို့နှင့် ကင်းအောင် နေကြရသည်။ သို့မှသာ အပြစ်ကင်းကြပေမည်။ ဆရာတော်သည် ကျော
ဘုရားရှိခိုး၊ ပရိတ်၊ ပဋ္ဌာန်းရွတ်ဖ
နောက် မေတ္တာ ကမ္မဋ္ဌာန်း စီး
လည်းကောင်း၊ ဝိပဿနာတရား
၍ လည်းကောင်း၊ အပ္ပမာဒေန
မလျော့သော သတိကို နှလုံးသွ
တော်မူ၏။

အချိန်က ညဥ့်သန်းခေါင်
တိုင် ရောက်လာသည်။ ဆရာတော
တရားရှုမှတ် ဆင်ခြင်တော်မူရာ
သေး။ ထိုအချိန်၌ အသံနက်ကြီး
အော်ဟစ်၍ ပြေးလွှားနေသံကို ကြ
သည်။

"ဆရာတော်ဘုရား...ဆရာ
ဘုရား...တပည့်တော်ကို က
ဘုရား။ တပည့်တော် ကြော
ဘုရား"

ထိုအသံကြောင့် ဆရာ
သည် ဝိပဿနာ ကမ္မဋ္ဌာန်းမှ
မှုပြီးလျှင်...

"ဟဲ့ - ဘယ်သူတုန်း
လာလို့လဲ"

"တပည့်တော်က ဒီကျော
ခေါင်တိုင်မှာ နေရတဲ့ ဘီလူးပါ
သူက နိုင်းလို့ နေရတာပါ ဘုရာ
ည ဆရာတော့်ကို နှောင့်
အောက်ကို ဆင်းလာရုံရှိသေး
ဆရာတော့်တပည့် ကိုရင်လေး
တပည့်တော်ကို လောက်လေး
လိုက်ပစ်လို့ ထွက်ပြေးရ
ဘုရား။ တပည့်တော်တစ်
လည်း နာကျင်နေပါပြီ။ သူ
လည်း မပစ်ဖို့ တားပေးပါဦး

"ကောင်းပြီ ဒကာ။ ဒကာ
နောက်ဆို သူတစ်ပါးကို ဒုက္ခ
ဘူးလို့ ကတိပေးရမယ်"

"ပေး...ပေးပါတယ်

◈◈◈



www.burmeseclassic.com

www.burmeseclassic.com

မနက်လင်းလျှင် ဆရာတော်က
လူကြီးနှင့် ရွာသားတို့ကို ကျောင်း
လာရောက်ကြရန် အခေါ်ခိုင်းလိုက်
သည်။ ရွာလူကြီးနှင့်အဖွဲ့ ရောက်လာ
ချင်⋯

"ဆရာတော် ဘာမှမဖြစ်ဘူးနော်။
ဒီက ရွာသားတချို့က ဆရာတော့်
ကျောင်းဘက်က အော်ဟစ် ပြေးလွှား
ဆူဆူညံညံအသံတွေ ကြားရတယ်
တပည့်တော်တို့လည်း ဆရာတော့်
အတွက် စိုးရိမ်နေကြတာပါ ဘုရား"

"ဒကာကြီးတို့ထဲက ဒီကျောင်းရဲ့
ခေါင်တိုင်ပေါ် တက်နိုင်တဲ့သူ ဘယ်သူ
ရှိ"

"ကျောင်းခေါင်တိုင်ပေါ် တက်နိုင်
သူ⋯၊ ဩော်⋯ဒီမှာ လက်သမား
ဆရာ မြင့်ဝေပါတယ် ဘုရား။ ဒီကျောင်း
ဆောက်တုန်းက မြင့်ဝေလည်း ပါ့ပါ
တယ် ဘုရား"

"ဒါဆိုရင် ဒကာ မြင့်ဝေ ဘုန်းကြီး
ပြောတဲ့ အကြောင်းရင်းကို သိမှာပါ"

"မှန်ပါ့ ဘုရား။ တပည့်တော်
လည်း သူတစ်ပါးစကား အဟုတ်ထင်
မှတ်ခဲ့ပါတယ်။ တပည့်တော်ကို
ခွင့်လွှတ်တော်မူပါ ဘုရား။ ဒီလိုလုပ်ခဲ့
တာလည်း တပည့်တော်ရဲ့ ဆန္ဒ
မဟုတ်ပါဘူး။ ကိုအောင်ကြီးက
အတင်းတိုက်တွန်းလို့ပါ ဘုရား။ တပည့်
တော်တို့နှစ်ယောက် ကျောင်းဆောက်
ခဲ့တဲ့ ကိစ္စမှာ ပျက်ကွက်လွန်းလို့
ဆရာ ဦးဘရီက အပြစ်ပေးတာကို
ခံရပါတယ်။ အဲဒါကို ကိုအောင်ကြီး
က ကျေမနပ်ဖြစ်ပြီး ကျောင်းခေါင်
တိုင်မှာ ဘီလူးရုပ်သွင်းဖို့ တပည့်တော်
ကို တိုင်ပင်ပါတယ်။ တပည့်တော်က
လည်း သူ့ကို မလွန်ဆန်ရဲတာက တစ်
ကြောင်း၊ ဒီလို အကျိုးဆက်တွေ ဖြစ်
လာမယ်လို့ မတွေးခဲ့၊ မထင်ခဲ့မိလို့
သူ့အကြံအစည်ကို လက်ခံမိခဲ့တာပါ
ဘုရား။ ကျောင်းခေါင်တိုင်မှာ ဘီလူးရုပ်
အပြင် အင်းချပ်တစ်ချပ်လည်း မြှုပ်
ထားပါတယ်။ အဲဒီလို မကောင်းစိတ်နဲ့
မကြံစည်အပ်တာကို ကြံစည်မိတဲ့
ကိုအောင်ကြီးလည်း လူ့လောကမှာ
မရှိတော့ပါဘူး။ အရွယ်မတိုင်ခင်မှာ
ဆုံးပါးသွားခဲ့ပါပြီ ဘုရား"

"ကဲ - ဒကာ မြင့်ဝေ၊ ပြီးခဲ့တာ
တွေကို သင်ခန်းစာယူပြီး နောက် ဒီလို
မမှားအောင် သတိရှိပေတော့။ အခု
လည်း ကျောင်းခေါင်တိုင်မှာ ဒကာတို့
မြှုပ်ထားတဲ့ ဘီလူးရုပ်နဲ့ အင်းချပ်ကို
ထွင်းထုတ်ပြီး ယူလာခဲ့။ မှားတာကို
မှားမှန်းသိရင် ဆင်ခြင်ပေါ့ကွယ်"

ရွာသားများလည်း မြင့်ဝေ၏
စကားကြောင့် ဒေါသထွက်ကုန်ကြ
သည်။ တချို့ကဆို လက်သီး လက်
မောင်းတန်းကုန်ကြသည်။ မြင့်ဝေလည်း
မျက်နှာငယ်ငယ်နှင့် ရွာသားများကို
တောင်းပန်စကားဆိုခဲ့ရသည်။

"ဒကာ၊ ဒကာမတို့လည်း မြင့်ဝေ
ကို အပြစ်မယူကြပါနဲ့တော့။ သူပြုခဲ့တဲ့
ကံအတွက် တစ်ချိန်ချိန်မှာ သူကိုယ်
တိုင် ပေးဆပ်ရမှာပါ။ ကံဆိုတာက သိ
လို့ပဲ ဖြစ်ဖြစ်၊ မသိလို့ပဲ ဖြစ်ဖြစ်၊ ကံ
မြောက်တယ်ကွဲ့"

ထို့နောက် မြင့်ဝေက ကျောင်း
ခေါင်တိုင်ရှိ ဘီလူးရုပ်နှင့် အင်းချပ်ကို
ထွင်းထုတ်ယူလာပြီး မီးရှို့ ဖျက်ဆီးပစ်
လိုက်သည်။ ထို့နောက် ရွာလူကြီး
ဦးဘရီက⋯

"ဆရာတော့်ကို တပည့်တော်တို့
တစ်ရွာလုံးက ကျေးဇူးတင်ပါတယ်
ဘုရား။ ဆရာတော့်အစွမ်းကြောင့်
တပည့်တော်တို့ရွာရဲ့ ခက်ခဲ
ပြဿနာကို ဖြေရှင်းနိုင်ခဲ့ပါပြီ။ သာ
သနာကွယ်သလိုဖြစ်နေတဲ့ ဒီရွာလေး
မှာ သာသနာတော် ပြန်ထွန်းကားလာ
နိုင်တော့မှာပါဘုရား။ ဖြစ်နိုင်မယ်ဆိုရင်
ဆရာတော့်ကို ဒီကျောင်းမှာ ရာသက်
ပန် သီတင်းသုံးဖို့ ပင့်ဖိတ်လျှောက်
ထားအပ်ပါတယ်ဘုရား"

"သည်းခံပါ ဒကာတို့။ ဘုန်းကြီး
လာရင်းကိစ္စတွေ ဆောင်ရွက်ဖို့က ရှိ
နေသေးတယ်။ ပြီးတော့ ဘုန်းကြီးမှာ
သာသနာပြုဖို့ ကိစ္စတွေ ဆောင်ရွက်ဖို့
ကလည်း ရှိသေးတယ်။ ဒါကြောင့်မို့
ဘုန်းကြီးကို ခွင့်ပြုကြပါဦး"

◈◈◈

ထို့နောက်ပိုင်းကာလတို့တွင်
ပတက်ကုန်းရွာလေး၌ သာသနာတော်
ထွန်းလင်း စည်ပင်လာခဲ့သည်။ ယခုဆို
လျှင် အလှူပေးသည့် ဗြောစည်သံတို့
က မစဲ။ တရားသံတို့ကိုလည်း အရပ်
ရှစ်မျက်နှာဆီမှ ကြားကြရသည်။
ပတက်ကုန်းရွာလေး၏ အတိတ်သမိုင်း
ဆိုးကြီးကိုကား အချိန်ကာလတို့က
မြှုပ်နှံခဲ့ကြပေတော့သည် ■

* * *

တင်မောင်မောင်(ပေါက်ကုန်း)



www.burmeseclassic.com

www.burmeseclassic.com

(၁)

လက လှလှပပသာနေသည်။


ရန်ကုန်မြို့ကြီးက လျှပ်စစ်မီးရောင်နှင့် လရောင်တို့၏ အောက်တွင် ထူးခြားစွာ လှပသာယာလို့နေသည်။ ညနက် နေပြီ။ သို့သော် လမ်းမပေါ်တွင် ကားတချို့သွားလာနေကြ သည်။ လူတချို့ အေးအေးချမ်းချမ်းသွားလာ လှုပ်ရှားနေ ကြသည်။ ညအချိန်ဖြစ်ပေမယ့် စိုးရိမ်ကြောင့်ကြစရာ ဘာ တစ်ခုမျှ မရှိ။ ရန်ကုန်မြို့ကြီးက အေးချမ်းသာယာနေသည်။

အမှန်တော့ ညနက်ရုံသာ မဟုတ်။ နံနက်စော အရုဏ်ဦးအချိန်ဘက်သို့ပင် ချဉ်းကပ်လာနေပြီဖြစ်သည်။ လရောင်နှင့် လျှပ်စစ်မီးရောင်တို့ဖြင့် ရွှေတိဂုံ ရွှေစေတီတော် ကြီးက ရွှေရောင်တွေ ဝင်းလက်သပ္ပာယ်နေသည်။ လေပြည် ညင်းလေး ခပ်ဖြူးဖြူးတိုက်ခတ်လိုက်တိုင်း စေတီတော်ကြီး နှင့် အရန်စေတီတို့မှ ဆည်းလည်းသံတို့က သာသာယာယာ မြူးကြွ ပျံ့လွင့်သွားကြသည်။



# ကျွန်တော်နှင့် ရန်ကုန်ဘိုးဘိုးကြီး

## | သက်နှင်းဆွေ(ပုသိမ်) |



ကျွန်တော်တို့သည် ရွှေတိဂုံစေတီတော်ကြီးကို အား... တရ ဖူးမြော်ကြည်ညိုပြီးနောက် တောင်ဘက်စောင်း... အတိုင်း ဆင်းလာကြသည်။ လက ထိန်ထိန်သာနေသ... လေပြည်ညင်းလေးက တသုန်သုန်တိုက်ခတ်နေသ... စောင်းတန်းအောက်ခြေသို့ ရောက်သောအခါ လက်ဝဲ... သို့ ချိုးကွေ့ပြီး ပလက်ဖောင်းအတိုင်း ဆက်လျှောက်... ပြန်သည်။ ဦးဝိစာရအဝိုင်းဘက်သို့ ဦးတည်ပြီး လျှော... ကြခြင်းဖြစ်သည်။ ဟိုဟိုသည်သည် စကားတွေပြော... အေးအေးလူလူ လမ်းလျှောက်နေကြခြင်းဖြစ်သည်။

ကျွန်တော်နှင့်အတူ ကျွန်တော့်မိသားစုတို့ ပါ... ကျွန်တော့်ဇနီးနှင့် သမီးငယ်တို့က ကျွန်တော့်လက်... စီ တွဲခိုဖက်ရင်း လျှောက်နေကြခြင်းဖြစ်သည်။ ကျွန်... သားကြီးက သူ့အမေ၏ လက်ကို တွဲသွားသည်။ လမ်း...

www.burmeseclassic.com



ကားတစ်စီးတလေလောက်သာ ဖြတ်သွားဖြတ်လာရှိသည်။

ကျွန်တော်တို့ မိသားစုလေးသည် ရှမ်းပြည်နယ်၊ တောင်ကြီးဒေသမှ ရန်ကုန်မြို့ကြီးသို့ အပြီးပြောင်းရွှေ့လာကြတာ ရက်ပိုင်းလောက်သာ ရှိသေးသည်။ သားလေးနှင့် သမီးလေးတို့အတွက် ရန်ကုန်မြို့ကြီးထဲတွင် လျှောက်လည်ခြင်း အရာရာသည် အသစ်အဆန်းတွေဖြစ်ကာ၊ အံ့ဩစရာတွေ ဖြစ်နေချိန်လည်းဖြစ်၏။ အထူးသဖြင့် ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ကြည်ညိုရ၍ မဝအောင်ဖြစ်နေချိန်ပင်ဖြစ်သည်။

"ရန်ကုန်ကို ပြောင်းလာရတာ ဟောဒီ ရွှေတိဂုံဘုရားကြီးကို ဖူးခွင့်ရနေတာနဲ့တင် ဘာနဲ့မှ မလဲနိုင်တော့ဘူး"

ကျွန်တော့်ဇနီးက ပြောလိုက်သော စကားဖြစ်သည်။

"သားတို့ မကြာခဏလာဖူးကြမယ်နော် အဖေ"

ကျွန်တော့်သားကြီးက သူ့အမေလက်ကို တွဲခိုရင်း ကျွန်တော့်ကို လှမ်းပြောလိုက်သည်။

"ဟုတ်တယ်။ နေ့တိုင်း လာဖူးကြမယ်"

သမီးငယ်လေးကလည်း အားကျမခံ ပြောလိုက်ပြန်သည်။ ကျွန်တော်တို့ မိသားစုလေးသည် ပြောရင်းနှင့် ကြည်နူးစွာ ရယ်မောလိုက်မိကြပြန်၏။ လေပြည်ညင်းလေး တစ်ခ်ဖြူးဖြူးလေး တိုက်ခတ် ဆော့ကစားသွားပြန်သည်။ လမ်း၏တစ်ဖက်မှ သစ်ပင်မြင့်မြင့်ကြီးတွေက တရှဲရှဲ လှုပ်ခတ်သွားကြသည်။ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထသွား၏။ ကျွန်တော့်ဇနီးရော၊ သားနှင့် သမီးတို့ပါ ဘာမှ စိုးရွံ့စိတ်မဖြစ်ကြ။ လရောင်အောက်တွင် ကြည်လင်အေးချမ်းစိတ်တို့ဖြင့် သူတို့မျက်နှာလေးတွေ ဝင်းပနေတာ တွေ့ရသည်။ ထိုသို့ လျှောက်နေကြရင်း ရှေ့ခပ်လှမ်းလှမ်းမှ အုတ်ခုံတွင် အဘိုးအိုတစ်ယောက် ထိုင်နေတာကို ဘွားခနဲ တွေ့လိုက်ရသည်။ ကျွန်တော့်တစ်ကိုယ်လုံးသို့ ကြက်သီးမွေးညင်းတွေ ဖျိုးဖျိုးဖျတ်ဖျတ် ရိုက်ခတ်စီးဆင်းသွားကြပြန်သည်။

"ဟိုမှာ ဘဘကြီးတစ်ယောက် ထိုင်နေတယ်။ သူလည်း သားတို့လို ဘုရားလာဖူးတာထင်တယ်"

သားကြီးက ပြောလိုက်ခြင်းဖြစ်သည်။

"ဟာ . . . ဟုတ်တယ်၊ ဟုတ်တယ်။ အတော်ပဲ။ သမီးတို့ အဖော်ရတာပေါ့"

သမီးလေးကပါ ကြောက်ရွံ့စိတ်ကင်းစွာဖြင့် ဝမ်းသာလှိုက်လှဲစွာ ပြောလိုက်သည့်အတွက် ကျွန်တော်ပင် အံ့ဩသွားခဲ့ရသည်။ ပုံမှန်အနေအထားဆိုလျှင် ကျွန်တော့်သားနှင့် သမီးတို့သည် လူစိမ်းတစ်ယောက်ကို တွေ့လျှင် ထိုသို့ တရင်းတနှီးပြောဝံ့တတ်ကြသည်သည် မဟုတ်။

"ဘဘကြီး . . . ဘုရားလာဖူးတာလားရှင့်"

ကျွန်တော့်သမီးလေး မခင်ချမ်းမြေ့သူက ကျွန်တော့်ကို တွဲထားသည့်လက်ကို ဖြုတ်ချကာ ရှေ့သို့ ပြေးထွက်





www.burmeseclassic.com

www.burmeseclassic.com




သွားပြီး အဘိုးအိုကို နှုတ်ဆက်လေသည်။

အသက် ၆နှစ်လောက်သာရှိသေးသည့် သမီးလေး
သည်နေ့ညမှ ယခင်ကထက် သွက်လက် ရဲရင့်နေတာ
ေးကြည့်ရင်း အံ့သြနေမိသည်။ အသက် ၁၁နှစ်အရွယ်
ပြီဖြစ်သည့် ကျွန်တော်ဟို့သားကြီး မောင်ကျော်စိုးဟန်
လည်း သူ့အမေလက်ကို ဖြုတ်ကာ သူ့ညီမလေးဆီသို့
လိုက်သွားတာ တွေ့ရသည်။

ကျွန်တော်တို့ ဇနီးမောင်နှံသည် သားနှင့် သမီး
ကြည့်ကာ ကြည်နူးနေမိကြ၏။ အကာလ ညအချိန်ကြီး
လူစိမ်း အဘိုးကြီးတစ်ယောက်ဆီ ပြေးသွားပြီး လက်
တတီး နှုတ်ဆက်ပြောဆိုနေကြသည့် သားနှင့် သမီး
ဘာတစ်ခုမျှ မဟန့်တားမိကြ။ စိတ်မှာလည်း စိုးရိမ်
ဟူ၍ မြူတစ်မှုန်စာပင် မရှိ။ မြေးငယ်နှစ်ယောက်က သူ
အဘိုးဆီ ပြေးသွားပြီး နှုတ်ဆက်နေသလိုပင် ခံစားနေ
၏။

"အေးအေး...၊ ငါ့သားတွေ၊ သမီးတွေ၊ ငါ့မြေး
တွေကို တွေ့ရတာ ဝမ်းသာသကွယ်။ လူလေးကလ
အခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ ရတနာသုံးပါးကို ရိုသေကိုင်
နေတာ အဘ အားရကျေနပ်သကွယ်။ ဟောဒီ သမီးကြီး



www.burmeseclassic.com

www.burmeseclassic.com

ည်း အမျိုးကောင်းသမီးပီသစွာ ပါရမီဖြည့်ဖက်ပေပဲကိုး"

အဘိုးအိုက ကျွန်တော့်ကို ပြောလိုက်ရင်းမှ ျွန်တော့်ဇနီး မတင်တင်စန်းကိုပါ ပြောလိုက်လေသည်။


အဘိုးအို၏ မျက်လုံးတွေက လရောင်ထဲတွင် ထူးခြား စူးရှတောက်ပလို့ နေသည်။ ကျွန်တော့်တစ်ကိုယ်လုံး က်သီးမွေးညင်းတွေ အဆက်မပြတ် လှုပ်ခတ်နေဆဲဖြစ်၏။ ားနှင့် သမီးတို့က အဘိုးအို၏ လက်တစ်ဖက်စီကိုပင် ဲခိုထားကြလေသည်။

"ကောင်းတယ်၊ ကောင်းတယ်။ အနန္တတရပစ္စည်း

၍ တိတိရိရိ ညီညီညာညာဖြစ်နေတာ တွေ့ရသည်။ ထိုခြ စည်းရိုးကို ကျော်ပြီးကြည့်လိုက်တော့ ခုံညားလှပသည့် နတ်စင် နတ်ကွန်းတစ်ခုကို တွေ့လိုက်ရပြန်သည်။

"အဲဒါ ရန်ကုန်ဘိုးဘိုးကြီးနန်းပဲကွယ်။ ရန်ကုန်မြို့ကြီး မှာ အခြေချပြီး နေထိုင်မယ်ဆိုရင် ရန်ကုန်ဘိုးဘိုးကြီးရဲ့ မေတ္တာရိပ်ကို ခိုလှုံထားသင့်တာပေါ့ကွယ်။ ကဲကဲ···သွား ကြ၊ သွားကြ၊ ဘိုးဘိုးကြီးရဲ့ မေတ္တာရိပ်ကို ခိုလှုံလိုက်ကြ"

လက လုလုပပ သာနေဆဲဖြစ်သည်။ လေပြည်ညင်း လေးက တဖြူးဖြူးတိုက်ခတ်နေသည်။



ဆောက်အပုံဖြစ်တဲ့ ဘဝများစွာက အထုံရေစက် ကြောင်းတရားတွေပေါ့ကွယ်။ အဲဒါကိုပဲ ပဋ္ဌာန်းဆက်၊ ရေစက်လို့ ခေါ်ကြတာ။ အဘက သားတို့၊ သမီးတို့၊ လေးတို့ကို ပြောပြစရာရှိလို့ တမင်စောင့်နေတာကွယ့်။ ဟိုမှာ ကြည့်လိုက်ကြ"

အဘိုးအိုက ပလက်ဖောင်းဘေး တစ်နေရာကို လက် ညွှန်ပြလိုက်သည်။ အဘိုးအို ညွှန်ပြရာနေရာမှာ ရွှေတိဂုံ တော်ကြီး၏ ခြံဝင်းဘက်သို့ ဖြစ်၏။ ဘုရားဝိုင်း ခြံစည်း နှစ်ပေလောက်အမြင့် ဗိုလ်ကတော်မျက်ခုံးခေါ် ခြံစည်း င် စိမ်းစိမ်းတွေ စိုက်ထားပြီး လှုလှပပ ဖြတ်တောက်ထား

ခြံစည်းရိုးက ပလက်ဖောင်းထက်မြင့်သော မြေအမြင့် ပေါ်တွင် ရှိ၏။ လှေကားထစ်လိုဖြစ်နေသည့် မြေလမ်းလေး အတိုင်း လှမ်းတက်ကာ သွားလိုက်ကြသည်။ နတ်စင် နတ်နန်းရှေ့ရောက်သည်နှင့် ကျွန်တော်တို့မိသားစုက နတ် ကွန်း၏ရှေ့မှာ ပြိုင်တူထိုင်လိုက်မိကြသည်။ နတ်စက်ထက် မှ ရန်ကုန်ဘိုးဘိုးကြီးကို မော့ကြည့်ရင်း လက်အုပ်ချီလိုက် မိစဉ် ကျွန်တော် လွန်စွာအံ့ဩသွားမိသည်။ အကြောင်းမှု နတ်ကွန်းပေါ်မှ နေပြီး ကျွန်တော်တို့ကို ပြုံးကြည့်နေသည့် ရန်ကုန်ဘိုးဘိုးကြီးသည် စောစောက ပလက်ဖောင်းပေါ်တွင် တွေ့ခဲ့သည့် အဘိုးကြီးနှင့် ချွတ်စွပ်တူနေသောကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် ပလက်ဖောင်းဘက်သို့ ပြန်လှည့်ကြည့်လိုက်မိ၏။ ပလက်ဖောင်းပေါ်တွင် မည်သူမျှ မရှိတော့။ ရန်ကုန်မြို့ကြီးက တိတ်ဆိတ်ငြိမ်သက်နေ၏။ တစ်လောကလုံးက- တိတ်ဆိတ်ငြိမ်သက်နေ၏။ တစ်လောကလုံး အိပ်မောကျနေသည်ထင်၏။ ကျွန်တော်တို့ မိသားစုလေးသာ သက်ဝင်လှုပ်ရှား၍နေသည် ထင်ရ၏။ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ လူးလွန့်လှုပ်ခတ်လာကြပြန်သည်။ ကျွန်တော်သည် နတ်နန်းထက်မှ ရန်ကုန်ဘိုးဘိုးကြီး၏ မျက်နှာကို အသေအချာမော့ကြည့်ရင်း လက်အုပ်ချီမိုးကာ ဂါရဝပြုလိုက်မိပါသည်။

"ဘဘကြီး…ဘဘကြီး၊ ဘဘကြီးက ပြုံးနေတယ် အဖေ"

သားနှင့် သမီးတို့က ဝမ်းသာအားရ အော်ပြောလိုက်ခြင်းဖြစ်၏။ အော်ပြီးပြောလိုက်ရုံသာမက "ဘဘကြီး…ဘဘကြီး"ဟုလည်း တရင်းတနှီး အော်ခေါ်နေကြပြန်လေသည်။ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ တဖျတ်ဖျတ်ရိုက်ခတ်နေဆဲဖြစ်၏။

(၂)

ကျွန်တော် နိုးသွားသည်အထိ ကြက်သီးမွေးညင်းတွေ ထနေဆဲဖြစ်သည်။ အိပ်ရာဘေးမှ နာရီကို ကြည့်လိုက်တော့ နံနက်စောစော ၂နာရီကျော်စ.လေးဖြစ်သည်။ ကျွန်တော့် မိသားစုက နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြသည်။



ကျွန်တော်သည် အိပ်ရာမှ ထလိုက်၏။ အိပ်မက်
ကြည်နူးမှုလေးက ယခုထိ ကပ်ပါလာနေဆဲဖြစ်သည်

မျက်နှာသစ်၊ ကိုယ်လက်သန့်စင်၊ အဝတ်လဲပြီး
နှင့် ဘုရားဝတ်ပြုသည်။ ပြုသမျှ ကုသိုလ်အားလုံးကို
ဘိုးဘိုးကြီးနှင့်တကွ အားလုံးကို အမျှပေးဝေနေလိုက်
သည်။

ထိုနေ့က မနက်မိုးလင်းတော့ ကျွန်တော်တို့မိ
ရွှေတိဂုံဘုရားကြီးဆီ ထွက်ခဲ့ကြသည်။ ထိုအခါ
ကျွန်တော်တို့သည် မြောက်ဒဂုံတွင် နေထိုင်ချိန်
ကျွန်တော်တို့ မိသားစုလေးသည် ရန်ကုန်သို့ ပြောင်း
ခဲ့သည်မှာ လပိုင်းမျှသာ ရှိသေးချိန်လည်းဖြစ်၏။ ကျွ
သည် စာရေးဆရာ၊ ကဗျာဆရာအလုပ်ကို ဘဝနှင့်
ပြီး နှစ်မြှုပ်ကာ လုပ်ကိုင်ရန် ဆုံးဖြတ်လျက် ရန်
ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်၏။ ရှမ်းပြည်နယ်တော
တောင်ကြီးဒေသ၊ ဟိုပုံးမြို့လေးတွင် အခြေတကျဖြ
သည့် မိသားစုဘဝလေးကို သူတစ်မြို့ကြီးဖြစ်သည့်
မြို့ကြီးဆီသို့ အပြီးခေါ်ယူလာခဲ့ခြင်းလည်း ဖြစ်၏။ အိ
ခြံကိုပါ အပြီးရောင်းချခဲ့ကာ ဘုရင့်နောင် ဖောင်ဖျက်
စွန့်စွန့်စားစား ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ ကျွန်တော
၏ ကျောင်းဆရာမအလုပ်ကိုပါ အပြီးထွက်စေခဲ့၏။
တွင် အသိမိတ်ဆွေပင် ဟုတ်တိပတ်တိ မရှိ။ တ
သူစိမ်းပြင်ပြင်အနေအထားဖြစ်သည်။ မြောက်ဒဂုံတွင်
လေးတစ်လုံးဝယ်ကာ နေထိုင်ပြီး သားနှင့် သမီးကို နီ
ကျောင်းတွေမှာပဲ အပ်ဖို့ ပြင်ဆင်နေချိန်ဖြစ်၏။ ကျွ
သည် လွန်စွာရူးသွပ်လှသည့် စာပေစိတ်၊ ကဗျာစိ
တွန်းအားကြောင့် ထိုသို့ မိုက်မိုက်မဲမဲ ပြတ်သားခဲ့မိ
လည်း အနာဂတ်ကို တွေးကြည့်တိုင်း မိသားစုအ
စိုးရိမ်စိတ်တို့ တွဲခိုနေတာကိုလည်း ဝန်ခံရမည်ပင်။
ပင်ဖြစ်စေ၊ ထိုနေ့က ကျွန်တော်တို့မိသားစု ရွှေတိဂုံ
တော်ကြီးကို တက်ပြီး အားပါးတရ ဖူးမြော်ကြည်ညို
ကြ၏။ သားနှင့် သမီးတို့မှာ ရွှေတိဂုံစေတီတော်ကြီး
မြင်ခွင့်ရတိုင်း အံ့သြဝမ်းသာဖြစ်နေကြ၏။

"ရွှေတိဂုံဘုရားကြီးက ခံ့ညားလိုက်တာ"

"ဟုတ်တယ်။ ဘုရားကြီးက အကြီးကြီးပဲ"

သားနှင့် သမီးတို့က ဘုရားကြီးကို မော့ဖူးပြီး
မဆုံး။

"ဘာပဲဖြစ်ဖြစ်၊ ရန်ကုန်မှာ နေတော့ ရွှေတိဂုံ
ကြီးကို မကြာခဏလာပြီး ဖူးနိုင်ပြီ။ ကျွန်မတော့ အဲ
ဝမ်းအသာဆုံးပါပဲ။ ဒီအရွယ်အထိ တစ်ကြိမ်မှ လာမ

www.burmeseclassic.com

www.burmeseclassic.com

သားဘူးလေ။ အခု ရန်ကုန်မှာ လာနေမှပဲ ဖူးခွင့်ရတာ။ ...င့်ကိုလည်း ခုလို ရန်ကုန်ကို ရောက်အောင် ပြောင်းလာ ...ေး ခေါ်လာပေးတာ ကျေးဇူးတင်တယ်"

ကျွန်တော့်ဇနီးက ကျွန်တော့်ကို လှိုက်လှိုက်လှဲလှဲ ...ပြာခဲ့သော စကားဖြစ်သည်။

ဘုရားကို အားပါးတရ ဖူးပြီးသည်နှင့် ကျွန်တော်တို့ ...သားစုလေးသည် တစ်စုံတစ်ရာရှာဖွေခြင်းအလုပ်ကို စတင် ...ပြန်တော့သည်။ အိပ်မက်ထဲမှ ရန်ကုန်ဘိုးဘိုးကြီးကို ရှာ ...ဖွေဖို့ပဲ ဖြစ်သည်။

ကျွန်တော်သည် ကျောင်းသားဘဝက ရန်ကုန်တွင် ...တစ်နှစ်လောက် နေထိုင်ခဲ့ဖူး၏။ ကျောင်းတက်ရင်း စာပေ ...သာကသို့ တိုးဝင်နေခဲ့ခြင်းဖြစ်၏။ ထို့နောက် ကျောင်းတွေ ...ိတ်လိုက်ချိန်တွင် နယ်သို့ ပြန်သွားခဲ့ရကာ၊ ရှမ်းပြည်နယ် ...ဘက်သို့ ရောက်သွားခဲ့ပြီး ရန်ကုန်နှင့် အလှမ်းဝေးသွားခဲ့ရ ...သည်။ ရှမ်းပြည်နယ်တွင် အခြေချ နေထိုင်ပြီးနောက်၊ ...ဘာသာရေးအကျင့်စရဏလမ်းကို လျှောက်လှမ်းဖြစ်သော ...အခါတွင်လည်း ရန်ကုန်သို့ တကူးတကလာကာ၊ ရွှေတိဂုံ ...တွင် အမိဋ္ဌာန်ဝင်ဖြစ်ခဲ့ဖူးသည်။ သို့သော် ရန်ကုန်ဘိုးဘိုး ...ကြီးအကြောင်းကို လုံးဝ မသိခဲ့ဘူးပါ။ ကြားဖူးနားဝလေး ...င် မရှိခဲ့ဘူးပါ။

ကျွန်တော်တို့သည် ရွှေတိဂုံဘုရား၏ တောင်ဘက် ...ောင်းတန်းမှဆင်းပြီး လက်ျာဘက်သို့ ချိုးကွေ့သည့်လမ်း ...ကို တွေ့သည်နှင့် ချိုးကွေ့ဝင်လိုက်ပါသည်။ ထိုနေရာတွင် ...သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေ၏။ ဘုန်းကြီးကျောင်းနှင့် ဓမ္မာ ...ရုံချို့ကိုလည်း တွေ့သည်။ ကျွန်တော်တို့ မိသားစုလေး ...သည် ဟိုကြည့် သည်ငေးနှင့် ဆက်လျှောက်လာကြရာ ...တစ်နေရာတွင် လမ်းညွှန် ဆိုင်းဘုတ်လေးတစ်ခုကို အုံ့ညြ ...ရာ ဝမ်းသာစရာ တွေ့လိုက်ရသည်။ "ရန်ကုန် ဘိုးဘိုးကြီး ...န်းသို့"ဟု ရေးထားသော ဆိုင်းဘုတ်လေးပင်ဖြစ်လေသည်။

"ဖေကြီးအိပ်မက်က တကယ်မှန်တယ်နော်။ ဟိုမှာ ...ကြည့်ပါလား ရန်ကုန် ဘိုးဘိုးကြီးတဲ့။ တကယ်ရှိနေတာပဲ"

သစ်ပင်ကြီးတွေက စိမ်းစိုညို့ဆိုင်းနေသည်။ လူသွား ...လမ်းလေးက လှလှပပလေးဖြစ်သည်။ ကျွန်တော်တို့ မိသား ...စု ထိုလမ်းလေးအတိုင်း ဆက်လျှောက်လာကြသည်။ ...တွင် စေတီလေးနှစ်ဆူကို တွေ့သည်။ စေတီလေးနှစ်ဆူ ...ကို ဦးတိုက်ကန်တော့ပြီး ဘေးဘီကို ဆက်ကြည့်လိုက်တော့ ...ညောင်မှတ်ဆိတ်ကြီးက အုပ်ဆိုင်းနေသည်။ ကျွန်တော်တို့ ...ရှာနေတဲ့ ရန်ကုန် ဘိုးဘိုးကြီးနန်းပါပဲ။

အုံ့ညြစရာကောင်းတာက တစ်ဖက်မှာ ခြံစည်းရိုး




ဖြစ်နေသည်။ ခြံစည်းရိုး၏ တစ်ဖက်တွင် ကားလမ်းနှင့် ပလက်ဖောင်းရှိနေသည်။ သို့သော် အိပ်မက်ထဲကလို သစ်ပင်တန်း ပုလ္လာရိက်ခြံစည်းရိုးတော့ မဟုတ်။ မြင့်မားခိုင်ခန့်သည့် ခြံစည်းရိုးတံတိုင်းကြီးဖြစ်သည်။ အိပ်မက်ထဲကလို ပလက်ဖောင်းပေါ်ကနေ ဘိုးဘိုးကြီးနန်းဆီသို့ လှမ်းဝင်လို့ မရ။ သို့သော် အိပ်မက်နှင့် အပြင်မှာ ရှိနေတာက အခြေခံ အချက်တွေအားလုံး တူညီနေလေသည်။

ကျွန်တော်တို့သည် အုပ်ဆိုင်းနေသည့် ညောင်မှတ်ဆိတ်ပင်ကြီးအောက်မှ ရန်ကုန် ဘိုးဘိုးကြီးနန်းကို ဝင်ကာ ဘိုးဘိုးကြီးကို ကန်တော့လိုက်ကြပါတော့သည်။

"အဘခင်ဗျာ… ကျွန်တော်တို့ မိသားစု ရန်ကုန်မှာ အခြေချ နေထိုင်ပြီး အဘမေတ္တာရိပ်ကို ခိုလှုံပါတယ်။ ကျွန်တော်တို့ပြုတဲ့ တတ်စွမ်းသမျှ ကုသိုလ်တွေ အဘကို အမျှပေးဝေပါတယ်။ အဘရဲ့ မေတ္တာရိပ်မှာ အခြေချ နေထိုင်ပြီး ကျွန်တော် စာတွေ၊ ကဗျာတွေ၊ ရေးပါ့မယ်။ ပါရမီအကျင့်စခန်းကိုလည်း ဆက်ပြီး ကျင့်လှမ်းပါ့မယ်။ ဓလောကီပညာရပ်တွေနဲ့ အတ္တကျိုး၊ ပရကျိုးကိုလည်း စွမ်းနိုင်သမျှ ဆောင်ရွက်ပါ့မယ်။ ကျွန်တော်နဲ့ ကျွန်တော့်မိသားစုလေးကို အဘရဲ့ မေတ္တာရင်ငွေ့နဲ့ သားသမီးမြေးမြစ်ရင်းချာတွေလို ထွေးပွေ့စောင့်ရှောက်ပေးပါခင်ဗျာ"

(၃)

ရန်ကုန်မှာ အခြေချနေထိုင်တာ ယခုဆိုလျှင် ၁၃နှစ်

www.burmeseclassic.com

တင်းတင်းပြည့်ခဲ့လေပြီ။

ကျွန်တော့်သားကြီး မောင်ကျော်စိုးဟန်က ကွန်ပျူတာ တက္ကသိုလ် ဖိုင်နယ်သို့ပင် ရောက်နေပြီ။ ကျွန်တော့်သမီး ငယ်လေး မခင်ချမ်းမြေ့သူက ယခု ဆယ်တန်းကျောင်းသူကြီး ဖြစ်နေလေပြီ။ ကျွန်တော့်သည် ကျွန်တော် ယုံကြည်ရာ ကဗျာတွေ၊ စာတွေကို ကြိုးစားပမ်းစား ရေးသားနေဖြစ်၏။ သည်ဆယ်တစ်နှစ်တာကာလအတွင်း ကဗျာလုံးချင်းနှစ်အုပ်၊ ဝတ္ထုလုံးချင်း နှစ်အုပ်၊ ဆောင်းပါးလုံးချင်း ခုနစ်အုပ်၊ စုစုပေါင်း လုံးချင်းစာအုပ် (၁၁)အုပ်တိတိ ထုတ်ဝေနိုင်ခဲ့ပြီဖြစ်၏။ တချို့ လုံးချင်းစာအုပ်တွေက နှစ်ကြိမ်ပြန်ရိုက်ထားသည်။ တချို့က သုံးကြိမ်ပြန်ရိုက်ထားရသည်။ ကျွန်တော်ရေးခဲ့သည့် ဆောင်းပါးတွေက အပုဒ်ပေါင်း (၅၀၀)ဝန်းကျင် ရှိနေလေပြီ။

မြောက်ဒဂုံအိမ်လေးမှာ ၂နှစ်နီးပါးလောက်သာ နေခဲ့ပြီး ကမ္ဘာအေးသို့ ပြောင်းဖြစ်ခဲ့သည်။ ယခုတော့ တာမွေမှာ နေဖြစ်ပြန်သည်။ ထို ၁၁နှစ်တာ ကာလအတွင်း စာရေးရင်းနှင့် အဓိဋ္ဌာန်ကျင့်စဉ်တွေကို အလျဉ်းသင့်သလို ကျွန်တော် ဝင်ဖြစ်ခဲ့သည်။ ရန်ကုန်မြို့ပေါ်မှ ဘုရားတွေသာမက၊ နယ်တွေအထိပါ ထွက်ပြီး အဓိဋ္ဌာန်ဝင်ဖြစ်တာတွေ ရှိခဲ့သည်။

ကျွန်တော့်မှာ ထုနှင့် ထည်နှင့် စုဆောင်းမိအောင် ပစ္စည်းဥစ္စာတွေ မရှိသေးပါ။ ကြီးကျယ်ခန်းနားသော အောင်မြင် ကျော်ကြားမှုလည်း မရှိသေးပါ။ သို့သော် မိသားစုကို အေးချမ်းစွာထားပြီး သားနှင့် သမီးကို ပညာသင်ပေးနေနိုင်သည်။ ကျွန်တော်ယုံကြည်ရာ စာပေကဗျာတို့ကို အေးအေးလူလူရေးသားခွင့် ရနေသည်။ စာပေနယ်မှ မိတ်ဆွေ သူငယ်ချင်း စာရေးဆရာ၊ ကဗျာဆရာတွေနှင့် နွေးထွေးသော အသိုက်အဝန်းလေးတစ်ခုလည်း ရရှိနေလေပြီ။ ကျွန်တော် ယုံကြည်သက်ဝင်ရာ သမထအကျင့်လမ်းကိုလည်း စိတ်ရှိလက်ရှိ လျှောက်လှမ်းနေနိုင်ခဲ့သည်။ ရွှေတိဂုံစေတီတော်ကြီးသို့ နေ့စဉ်တက်ပြီး ပဋ္ဌာန်းပူဇော်ခဲ့တာပဲ တစ်နှစ်ကျော်သွားလေပြီ။ ထိုသို့ ကိုယ်ယုံကြည်ရာတို့ကို အေးချမ်းစွာ၊ လွတ်လပ်ပေါ့ပါးစွာ လျှောက်လှမ်းနေနိုင်ခဲ့သည်မှာ ရတနာသုံးပါးကျေးဇူး၊ တရားတော်၏ ကျေးဇူး၊ မိဘဆရာသမားတွေ၏ ကျေးဇူး၊ ပညာ၏ ကျေးဇူးတွေသာဖြစ်ကြောင်း ကျွန်တော် ကောင်းစွာ ယုံကြည်ပါသည်။ ထို့အပြင် ရန်ကုန်ဘိုးဘိုးကြီးကဲ့သို့ မမြင်အပ်သည့် ပဋ္ဌာန်းဆက် ပုဂ္ဂိုလ်ပိုင်းဆိုင်ရာတို့၏ မေတ္တာရိပ်အထောက်အပံ့တွေလည်း များစွာရှိနေမည်ဟု ကျွန်တော်ယုံကြည် ခံစားနေမိပြန်ပါသည်။

ပြီးခဲ့သည့် တစ်ပတ်က ထုံးစံမပျက် ရွှေတိဂုံသို့ တက်ဖူးရင်း ရန်ကုန်ဘိုးဘိုးကြီးနန်းကို ဝင်ပြီး ဂါရဝပြုဖြစ်ခဲ့



ပါသေးသည်။ ကျွန်တော်ရောက်သွားချိန်မှာ ညနေပိုင်း ဖြစ်၏။ မိုးရွာပြီးစ အချိန်လေးဖြစ်၏။ ရွှေတိဂုံစေတီတော် ၏ စနေထောင့် အောက်ဘက်ပိုင်းတွင် ရန်ကုန် ဘိုးဘိုး နန်း ရှိပါသည်။ အနောက်ဘက် စောင်းတန်း၏ အ လောက်မှ တောင်ဘက်သို့ ဆင်းသွားလျှင်လည်း ရော နိုင်သည်။ တောင်ဘက်စောင်းတန်း၏ အလယ်လော အနောက်ဘက်သို့ လျှောက်သွားလျှင်လည်း ရောက် သည်။ ထိုညနေက ဘိုးဘိုးကြီးနန်းဘက်သို့ သွား လမ်းလေးက စွတ်စို လတ်ဆတ်နေ၏။ ဘေးမှ သစ်ပ တွေက စိမ်းစိုလန်းဆန်းနေသည်။ စနစ်တကျ ရိတ်ဖြတ် သည့် မြက်ခင်းစိမ်းမြကလည်း စိုပြေလှပနေသည်

ဘိုးဘိုးကြီးနန်း၏အထက်မှ ရွှေစေတီတော် နှစ်ဆူက အထူးသပ္ပာယ်နေသည်။ သစ်ရိပ်ဝါးရိပ်တို့ ထိုနေရာအဝန်းအဝိုင်းသည် အထူးဆိတ်ငြိမ်ပြီး အေး နေလေသည်။ ညောင်မုတ်ဆိတ်ပင်ကြီးအောက်မှ ဘိုး နန်းကမူ ငြိမ်ငြိမ်တိတ်ဆိတ်စွာ အသက်ဝင်နေလေသတ

**အားလုံးသတ္တဝါ ချမ်းသာ**

* * *

သက်နှင်းဒွေး

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံဝေဒ သုတေသနအဖွဲ့ ဥက္ကဋ္ဌ ဆရာ ဦးခင်အောင်ဖိုလ်နှင့် တွေ့ဆုံခြင်း

အောင်ကျော်ဇော (တွေ့ဆုံမေးမြန်းသည်)

အတိုင်းအတာတစ်ခုအထိ လွတ်လပ်လာသော မီဒီယာ လွတ်လပ်ခွင့်ရလာသောကြောင့် နက္ခတ္တဗေဒပညာရှင် အသီးသီးအသသတို့သည်လည်း နိုင်ငံရေးဖြစ်စဉ်အလားအလာများကို တတ်သည့်ပညာ မနေသာ ရှုမြင်လျက် ဟောကိန်းဆင်ကြပေသည်။ ကျွန်တော်သည် မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ "ဆရာ ဦးခင်အောင်ဖိုလ်" အား တွေ့ဆုံလျက် သိလိုသမျှကို မေးမြန်းခဲ့ပါသည်။ ထိုအထဲမှ ကောက်နုတ်၍ ဖော်ပြပေးလိုက်ရပါသည်။

◈◈◈





www.burmeseclassic.com

www.burmeseclassic.com

*** ဆရာခင်ဗျား - - - ကျွန်တော်တို့ နိုင်ငံရဲ့ အနာဂတ်အခြေအနေကို နက္ခတ္တဗေဒ ပညာရပ်နဲ့ ခန့်မှန်းပေးပါလား ဆရာ။**

"ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးဇာတာအရ ဗုဒ္ဓဟူး ထုလဒသာထဲ ရောက်နေပါတယ်။ ဒါကြောင့် ဗုဒ္ဓဟူးဂြိုဟ်ဟာ ၈တန်နဲ့ ၁၁တန်နံသခင်ဖြစ်တယ်။ ၁၁တန်နံဆိုတာ လာဘ်သခင်။ သူဟာ ဓနအိမ် ၂တန့်မှာ လာရပ်တယ်။ ဒါကြောင့် မြန်မာ နိုင်ငံအခြေအနေဟာ ရှေ့လျှောက် တဖြည်းဖြည်းနဲ့ လာဘ် လာဘတွေ ပေါ်များပြီး စည်ပင် ဝပြောလာဖို့ ရှိပါတယ်။

နောက်တစ်ချက်က ဗုဒ္ဓဟူးဟာ ၈တန်နံသခင်ဖြစ်ပြန် တယ်။ ၂တန့်မှာ ရပ်တယ်။ ဒါကြောင့် အနှောင့်အယှက် အဟန့်အတားတွေ့ ရှိနိုင်တယ်၊ ဖြစ်တတ်တယ်။ သို့သော် အဟန့်အတားတွေကို ကျော်လွှားပြီးတော့ တဖြည်းဖြည်းနဲ့ ကောင်းလာပါမယ်။

နောက်တစ်ခါ၊ ဒီကာလမှာ ဗေဒင်မှာပါတဲ့ ဓာတ်ကြီး လေးပါးအမြင်အရ အာပေါဓာတ်သက်အနေ ကောလီဓာတ် သက်ကို ဖြစ်လာတယ်။ ဖြစ်လာသော အာပေါဆိုတာ "ရေဓာတ်"သဘောဖြစ်တယ်။ မိဿဓာတ်သက်ဖြစ်တယ်။ ဒီကာလမှာ ဘာရှိမလဲဆိုရင် ပညာရှင်တွေ စုဝေးပြီး တိုင်းပြည်အတွက် ကောင်းရာကောင်းကျိုးကို လုပ်မယ့် ကာလလည်း ဖြစ်ပါမယ်။ ဒီလိုနဲ့ တဖြည်းဖြည်းချင်းတိုးတက် လာဖို့ ရှိပါတယ်။

နောက်၊ ကောလီဓာတ်သက်မှာ တိုင်းပြည်ဟာ စည်ပင် ဝပြောပြီး စီးပွားရေးတွေ တိုးပွားလာပါမယ်။ ခုကာလဟာ ဒသာကောင်းတာကြောင့် ဘာပဲပြောပြော နိုင်ငံတကာ ဆက်သွယ်မှုတွေနဲ့ ကျွန်တော်တို့နိုင်ငံ စီးပွားရေးအခြေအနေ တိုးတက်လာနိုင်ပါတယ်။

*** ကျွန်တော်တို့တိုင်းပြည်ရဲ့ (၂၀၁၄ - ၂၀၁၅) အခြေအနေကို ခန့်မှန်းပေးပါဦး ဆရာ။**

၂၀၁၄ မေလ (၁)ရက်နေ့ နောက်ပိုင်းမှာ အင်္ဂါ တနင်္လာဂြိုဟ်ဒသာ ရောက်လာမယ်။ တနင်္လာဟာ အတိတ် ကုသိုလ်ကံ ၉တန်နံအိမ်ပိုင်ရှင်ဖြစ်တယ်။ အတိတ်ကုသိုလ်ကံ ဘာသာရေးတန်နံသခင်အိမ်ဖြစ်တယ်။ ကောင်းကျိုးသုခတွေ ဆောင်ကြဉ်းနိုင်တဲ့ ဂြိုဟ်ဒသာသခင်အိမ်ပေါ့။ အဲဒီကာလမှာ ဗုဒ္ဓဟူးနဲ့ ချိတ်တဲ့အတွက် ဒီကာလမှာ အတိတ်ကုသိုလ်ကံရဲ့ ကောင်းကျိုးသုခတွေ ရလို့ ၂၀၁၄၊ မေ ၁ရက်နောက်ပိုင်းမှာ စီးပွားဥစ္စာတွေ တဖြည်းဖြည်းနဲ့ တိုးတက်ဖြစ်ထွန်းလာမယ့် သဘောရှိတယ်။ တိုင်းပြည်အတွက် ကံကောင်းတဲ့ ကာလ ပေါ့ဗျာ။

*** အခြေခံလူတန်းစားတွေရဲ့ ဘဝကံမြင့်မားလာ ဖို့ ရှိနိုင်, မရှိနိုင် နက္ခတ်ပညာအရ ဆရာ့အမြင်ပြော ပြပါဦး ဆရာ။**

လွတ်လပ်ရေးဇာတာအရ ဒသာကာလလည်းကောင်း လာတယ်။ နောက် မဟာဘုတ်ဓာတ်ကြီးအရ ပြောမယ်ဆိုရ မိဿကောလီဓာတ်သက်ပေါ့နော်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းပြည်ရဲ့ အခြေအနေဟာ တိုးတက်လာပါမယ်။ စီးပွား တိုးတက်ဖြစ်ထွန်းလာမယ်။ ထို့အတူ တိုင်းပြည်က အခြေ လူတန်းစားအားလုံးလည်း စည်ပင်သာယာ ဝပြောလာမယ်။ ချမ်းသာတဲ့ တိုင်းပြည်တစ်ပြည်အဖြစ်နဲ့ ပေါ်ထွန်းလာမှာဖြစ် တယ်။ ဒါကြောင့် အားလုံးဟာ အခြေခံလူတန်းစားက အ ဘဝကံမြင့်မားပြီး ပြည့်စုံလာဖို့ အခြေအနေရှိပါတယ်။

*** ဆရာအနေနဲ့ အခြား ဘာများပြောချင်သေ ဆရာ။**

ပြောချင်တာက ကျွန်တော်တို့တွေဟာ အင်တိုက် အားတိုက်နဲ့ ပြည်သူအားလုံးအသိနဲ့ ယှဉ်ပြီး လုပ်ကိုင်မယ် ဆိုရင် နက္ခတ်ဗေဒင်က ဆိုတဲ့အတိုင်း တကယ့်ကို စည် ဝပြောလာမှာ ဖြစ်ပါတယ်။ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံအ ပြန်လည်ရပ်တည်နိုင်ဖို့ ရှိပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ အနာဂတ်ကို ဘာမှ စိုးရိမ်ကြောင့်ကြ နေစရာ မလိုပါဘူးလို့ ပြောချင်ပါတယ်။

ဘာပြုလို့လဲဆိုတော့ ဓာတ်သဘောအရကိုက အေး အေးချမ်းချမ်းနဲ့ တိုးတက်ဖြစ်ထွန်းမှာပါ။ ရေဓာတ်၊ ပညာ ဓာတ်ပေါ့နော်။ ဒါကြောင့် ဒီကာလမှာ လွှတ်တော်တွေ ပေါ်တယ်။ ပညာရှင်တွေ ပါဝင်လာပြီးတော့မှ တိုင်းပြည် တိုးတက်ရာ တိုးတက်ကြောင်းကို တက်ညီလက်ညီ ဆောင်ရွက်လုပ်ကိုင်နေတယ်။ ဒါဆိုရင် ကျွန်တော်တို့ တိုင်းပြည်လည်း တိုးတက်လာမယ်။ ချမ်းသာလာမယ်။ အခြေခံလူတန်းစားအားလုံး ချမ်းသာလာနိုင်ပါတယ်။ ဒါ ရှေ့ရှုပြီး ပြည်သူပြည်သားတွေဟာ အသိနဲ့ ယှဉ်လို့ ကျ တာဝန်ကို အပိုတိုက်အားတိုက် ပါဝင်ဆောင်ရွက်မ ဆိုရင် မျှော်မှန်းထားတဲ့အတိုင်း လူ့ဘောင်သစ်ကြီး ရောက်မှာပါ။ ■

* * *

အောင်

www.burmeseclassic.com

# ဆေးဖက်ဝင်တဲ့ ပိတောက်ပင်

ရောမြေ ထွန်းထွန်း



မြန်မာအမည် - ပိတောက်

သက္ကတအမည် - အသန၊ ဗီဇက၊ ဝိတသာလ

ဟိန္ဒူအမည် - အဆင်(န်)၊ ဝိဂျယဆာ(ရ်)ကာဂိုဒ်

ရုက္ခဗေဒအမည် - Pterocarpus macrocarpus, kutz

ပိတောက်ပင်သည် မြန်မာလူမျိုးတို့၏ တန်ဖိုးထား အမြတ်နိုးဆုံး၊ တစ်နှစ်မှာ တစ်ကြိမ်သာ ပွင့်သော ရွှေဝါရောင် ပန်းပွင့်ဖြစ်သည်။ အတာကြူးတဲ့ လတန်ခူးလတွင် မြန်မာတို့ ၏ ယဉ်ကျေးမှု နှစ်သစ်ကို ကြိုဆို၍ နှစ်ဟောင်းမှ အညစ် အကြေးဟောင်းများကို ဆေးကြောသန့်စင်သောအနေဖြင့် ငွေဖလားလေးနှင့် ရေကစားကြစဉ် ပျိုမေတို့ ဆံကေသာ ပေါ်တွင် ရွှေဝါရောင်ပန်းပိတောက်တို့ နေရာယူလျက် ရှိပါ တယ်။

ဒီလို အညစ်အကြေးဟောင်း၊ အတွေးဟောင်းတွေ ကို စွန့်ပစ်ပြီး အတွေးသစ်၊ အမြင်သစ်ဖြင့် သစ္စာရှိတဲ့ တန်ခူးမှာ ပွင့်တဲ့ ပန်းဟာ ပိတောက်ပန်းပါလို့ဆိုလျှင် မှားပေ။ ၎င်းပိတောက်ပင်၏ ဆေးအသုံးဝင်ပုံကို စာရေးသူ အနေဖြင့် တင်ပြရလျှင်···

◈◈◈

ပိတောက်ပင်၏ အသားမှာ အဝါရောင်ရှိသည်။ ၎င်းမှ သောအစေးတစ်မျိုးထွက်၏။ ထိုအစေးကို ဆေးအဖြစ် ရ၏။ အစေးသည် ပူ၏။ စပ်၏။ ခါးသော အရသာရှိ၏။ ကို သက်စေ၏။ ပိုးကို ပယ်၏။ လည်ပင်းရောဂါကို မြစ်၏။ သွေးလည်ပတ်မှု မမှန်ခြင်း၊ ကုဋ္ဌ၊ မြောဆိပ်၊ ရောဂါ၊ စအိုရောဂါနှင့် သွေးသည်းခြေတို့ကို ပျက်စေ၏။

အရေပြားနှင့် ဆံပင်ကို အကျိုးပြု၏။ အပွင့်သည် ကြွေကျက်ပြီးနောက် ချို၏။ ခါး၏။ ပါဝကနှင့် လေကို ပွား ၏။ သွေးဖောက်ပြန်ခြင်းကြောင့် အနာဖြစ်ခြင်း၊ ဆီးရောဂါ နှင့် ဆင်ခြေထောက်ရောဂါတို့၌ အသုံးပြုရ၏။

အစေးသည် သွေးယိုစီးခြင်းကို တား၏။ ထိခိုက် ဒဏ်ရာအနာကို လျင်မြန်စွာ ကျက်စေ၏။ အသည်းကို အားပေး၏။ ပိုးကို သေစေ၏။ အဖျားရောဂါ၌ အကျိုးပြု၏။ မျက်စိရောဂါ၊ အနာ၊ ဆီးဖောက်ပြန်ခြင်း၊ နာတာရှည်၊ ပမေဟ ဆီးရောဂါအူနာများ၊ အူမျာ း နာကျင်ခြင်း၌ ဤဆေးကို အသုံးပြုရ၏။

ထိုပိတောက်သားကို ရေဖြင့် သွေး၍ သွားနာရောဂါ၌ လိမ်းပေးလျှင် နာကျင်မှု သက်သာစေသည်။ ၎င်းအသားကို ထုထောင်း၍ ရေတွင် စိမ်ပြီး အဝတ်ဖြင့် စစ်ယူ၍ သောက် ခြင်းဖြင့် ကုဋ္ဌနှင့် သွေးဖောက်ပြန်ခြင်းတို့ကို အကျိုးပြုစေ သည်။

အခေါက်သည် အတိသာရ ဝမ်းသွားသော ရောဂါ၊ ဝမ်းကိုက်ရောဂါနှင့် မီးယပ်ဖြူဆင်းခြင်းတို့၌ ကျိုချက်၍ လည်းကောင်း၊ ပြုတ်၍ သောက်ခြင်းဖြင့် လည်းကောင်း ပျောက်ကင်းစေ၏။ အစေးကို သွားကိုက်ခြင်းတွင် သိပ်ပေး ပါက လျင်မြန်စွာ ပျောက်ကင်း၏။

ပိတောက်သားမှာ မွှေး၏။ ထိုအသားကို ရှူပေးခြင်းဖြင့် အမူးအမော်ကို သက်သာစေ၏။ တချို့တိုင်းရင်းသွေးဆေး များတွင် ပိတောက်နှစ်ကို အသုံးပြုကြ၏။

ထို့ကြောင့် မြန်မာ့မြေပေါ်တွင် ပေါက်နေသော သစ်ပင်၊ သစ်ဥ၊ သစ်သီးတို့သည် လူသားတို့အတွက် အရာရာတွင် အသုံးဝင်သော အပင်များဖြစ်၍ များစွာအကျိုးပြုကြသဖြင့် ဂမ္ဘီရဆန်းကြယ် စာဖတ်ပရိသတ်ကြီးအား တင်ပြလိုက်ရခြင်း ဖြစ်ပါသည် ■

* * *

ရောမြေထွန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com



# ကုလားအဘိုးကြီးရဲ့စကား

နတ်လူသစ်

www.burmeseclassic.com

www.burmeseclassic.com

ညက ပိုကာဝိုင်းမှာ အတော်
နှာခဲ့သည်။ အိပ်ရေးပျက်ပြီး
ျိုးမရှိခဲ့မို့ ဒီမနက်ပိုင်း စိတ်အာရုံ
သိပ်မကြည်လင်လှ။ အိပ်ရာက
ချင်း ဇနီးသည် ဖျော်ပေးထားသည့်
ဖက်ရည်နှင့် မုန့်ကို စားရင်း
ယောက်တည်း ထိုင်နေမိသည်။ ဒီ
ဆို ဇနီးသည် ဈေးသွားနေ့ကျမို့
မှာ သူတစ်ယောက်တည်း ရှိနေ
ည်။

ထိုအချိန်မှာပင် ခြံထဲသို့ ကုလား
ဘိုးကြီးတစ်ယောက်ဝင်လာသည်ကို
တွေ့လိုက်ရသည်။ ခြံဝင်းတံခါးနှင့် ထိုင်
သည့် စားပွဲနဲ့က တန်းနေသည်မို့
ခြင်းပင်ဖြစ်သည်။

"မြင့်တို့က ဈေးသွားမှဖြင့် ဝင်း
ခါးကို လုံအောင် ပိတ်မသွားဘူး
ယ်"

ဇနီးသည် မြင့်ကို အပြစ်တင်
ားဆိုလိုက်မိသည်။ ကုလားအဘိုး
ကြီးက သူ့ရှေ့မှာ လာရပ်သည်။

"ဘာဘူကြီး···ဘာကိစ္စနဲ့ ကျုပ်
ခြံထဲ ဖွင့်မပြောဘဲ ဝင်လာတာလဲ"

ဟု ဒေါသသံမာမာနှင့် မေးလိုက်
သည်။

"ကျွန်ုပ် ဗိုက်အရမ်းဆာလို့ စား
ရာ နည်းနည်းပါးပါး အလှူခံဖို့ပါ
ဆာဟစ်"

ကုလားအဘိုးကြီးက ကြည်လင်
ပြတ်သားသည့်အသံဖြင့် ဖြေလေသည်။
ကုလားအဘိုးကြီးမှာ အလွန်တည်ငြိမ်
အေးစက်လှလေသည်။

"နေပါဦး၊ ခင်ဗျားလာပြီး အလှူခံ
ရအောင် ကျုပ်အိမ်က အလှူအိမ်
မဟုတ်ဘူး။ ခင်ဗျားတို့လို လူမျိုးတွေက
ရေသာခို အချောင်လိုက်ပြီး ဟိုအိမ်ဝင်
ဒီအိမ်ဝင် အလှူခံဖို့ပဲ တတ်တယ်။
ကျုပ် ခင်ဗျားကို ဘာမှမလှူနိုင်ဘူး။
ကဲ - သွားတော့ ကြာရင် ခင်ဗျားကို
ပုလိပ်ခေါ်ပြီး ဆွဲထုတ်ခိုင်းလိုက်မယ်"

ဆိုပြီး ကြမ်းတမ်းစွာ ပြောလေသည်။

"ကျွန်ုပ်က နည်းနည်းပါးပါး လောက်ပဲ အလှူခံတာပါ။ ရပါတယ်၊ သဒ္ဓါတရားနည်းပါးတဲ့ ဆာဟစ်၊ သင် ကျွန်ုပ်ကဲ့သို့ သင် ခံစားရပါလိမ့်မယ်"

ကုလားအဘိုးကြီးက ဒီလောက်ပဲ ပြောပြီး ထွက်သွားတော့သည်။

တကယ်တော့ ဦးထွန်းခိုင်အဖို့ ဤမျှလောက် ပေးကမ်းရုံဖြင့် စီးပွားပျက်မသွား။ သို့သော် ညက ပိုကာရှုံးထားသည့်ဒဏ်နှင့် အိပ်ရေးပျက်သည့် ဒဏ်ကြောင့် ယခုကဲ့သို့ ဖြစ်သွားရခြင်းပင်။

ကုလားအဘိုးကြီး ထွက်သွားပြီးနောက် ဇနီးသည် မြင့် ဈေးက ပြန်လာလေသည်။

"ဟော···အမောင် နိုးနေပြီကိုး။ မျက်နှာက ဘာဖြစ်နေတာလဲ။ မြင့် ဈေးက ပြန်တာ နောက်ကျလို့ ထင်ပဲ"

ဟု ပြောပြီး ခုံမှာ ဝင်ထိုင်သည်။

"မဟုတ်ပါဘူး မြင့်ရယ်။ သြော်··· ဒါနဲ့ ခုန မြင့် ဝင်လာတုန်းက အဲဒီအပြင်မှာ ကုလားအဘိုးကြီး တစ်ယောက်များ တွေ့မိလားကွယ်"

"မတွေ့ပါဘူး အမောင်ရယ်။ ဘယ်သူမှ မရှိပါဘူး။ ဘာဖြစ်လို့လဲ အမောင်"

"ဒီလို မြင့်ရေ···"

ဟု ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်သည်။

"အို···ဒီလိုဆိုလည်း အမောင်ရယ်၊ နည်းနည်းပါးပါးလောက် ပေးကမ်းလိုက်ပေါ့။ သူပြောပုံအရ အမောင့်ကို တော်တော်စိတ်ဆိုးသွားပုံရတယ်"

ဇနီးဖြစ်သူက စိုးရိမ်စွာဖြင့် ပြောရှာသည်။

"ကဲပါ မြင့်ရယ်၊ ဘာမဟုတ်တာလေးကို စိတ်ထဲ မထားစမ်းပါနဲ့။ ဥပါဒ်ရောက်ပါတယ်။ အမောင် ရုံးတက်ဖို့ ပြင်ရဦးမယ်။ ဒါနဲ့ ညကျ အမောင် နောက်ကျမယ်ကွယ့်။ ရုံးမှာ နှစ်ပတ်လည် ညစာစားပွဲရှိလို့နော်"

"ဟုတ်ကဲ့ပါ အမောင်"

◈◈◈

ရုံးမှာ နှစ်ပတ်လည် ညစာစားပွဲရှိသည်မို့ ရုံးဆင်းကို စောစီးစွာပင် ဆင်းပေးထားသည်။ ရုံးမှ လူကြီးကိုယ်တိုင်တက်မှာမို့ အားလုံးကို လိုလေသေးမရှိအောင် စီမံထားကြရသည်။

အချိန်ကျတော့ ဦးထွန်းခိုင် စားသောက်ခန်းမထဲ ဝင်လာလိုက်သည်။ အပြင်မှ ဖိတ်ကြားထားသည့် ဧည့်သည်များပါ ရောက်နေကြသည်ကို တွေ့ရသည်။ စားပွဲတစ်ဝိုင်းမှာ ဦးထွန်းခိုင် ဝင်ထိုင်လိုက်သည်။

"နောက် ကျလှ ချည်လား ကိုထွန်းခိုင်"

ဘေးမှ လူက မေး၍ ကြည့်လိုက်တော့ ဦးဘစိုးဖြစ်နေသည်။

"ဟုတ်တယ် ကိုဘစိုး။ စာရင်းတွေ အပြီးသတ်နေရတာမို့ နည်းနည်း နောက်ကျသွားတယ်"

ဟု ပြန်ဖြေလိုက်သည်။ ထို့နောက် အစီအစဉ်အရ လူကြီးက အမှာစကားပြောပြီး စားပွဲကို ကျင်းပသည်။

"အားရပါးရသာ စားဗျို့ ကိုထွန်းခိုင်။ ဒါမျိုးက နှစ်ကုန်မှ ကြုံရတာဆိုတော့ အင်မတန် စားရခဲတယ်"

ကိုဘစိုးက စားရင်း ပြောသည်။ စားပွဲပေါ်မှာက စားစရာများ အလျှံပယ်။



www.burmeseclassic.com

www.burmeseclassic.com

ကြိုက်တာ စားလို့ရသည်။

ကြာဆံကြော်များကို ခပ်ယူပြီး စားဖို့ ဟန်ပြင်တော့ "ဟင်"ဆိုပြီး အံ့ဩသွားရသည်။

ဦးထွန်းခိုင် ခပ်ယူလိုက်တာ ကြာဆံကြော် မဟုတ်ဘဲ "တီထွေး"ကြီးဖြစ်နေသည်။ ထို့နောက် ဘဲပေါင်းကို ခပ်ယူလိုက်ရာ···

"ဟာ···"

ထပ်မံ အံ့ဩပြီး အသံပါ ထွက်သွားသည်။ ဘဲပေါင်းမဟုတ်ဘဲ နွားချေးတုံးကြီးဖြစ်နေတော့သည်။

"ဘာဖြစ်လို့လဲ ကိုယ့်လူ၊ စားလေဗျာ"

ဘေးမှ ကိုဘစိုးက အားရပါးရ စားရင်းပြောသည်။ သူတို့ စားတော့လည်း အဟုတ်။ ဘယ့်နယ့် ကိုယ်စားမလို့ ဟန်ပြင်တော့ ဒီလိုမျိုးချည်းဖြစ်ဖြစ်နေပြန်သည်ဆိုတော့ တစ်ခုခုတော့ မှားယွင်းနေပြီ။ အမြင်အာရုံတွေများ မှားနေပြီကော။ စားချင်စိတ် လုံးဝ မရှိတော့။ ထို့နောက် အအေးခွက်ကို ယူပြီး သောက်မလို့ ဟန်ပြင်တော့···

"မြတ်စွာဘုရား···"

အအေးခွက်ထဲမှ သွေးညှီနံ့တွေကို လှိုင်နေရော။ ဦးထွန်းခိုင် ချွေးများပင် ကျလာကာ စားသောက်ခန်းမထဲမှ အမြန်ထွက်လာခဲ့လိုက်တော့သည်။ သူ့ကို နားမလည်စွာ ကြည့်ပြီး ကျန်ခဲ့သူက ဦးဘစိုး။

◈◈◈

"မနက်ဖြန်ကျရင် သီတာတို့မိသားစုက ထမင်းစားဖိတ်ထားတယ်။ အဲဒါ မြင့်တို့ သွားရမယ်နော်"

ဇနီးဖြစ်သူ မြင့်ရဲ့ စကားကြောင့် ဦးထွန်းခိုင် လန့်သွားသည်။ မလန့်လို့က မရ၊ အခုတစ်လော ဘာဖြစ်နေလဲ မသိ။ စားစရာများကို သူကိုင်လိုက်ပြီ



ဆိုတာနဲ့ တစ်ခုမဟုတ်တစ်ခု ပြောင်းလဲသွားသည်။ ဒါပေမယ့် ဒါကို ဘေးလူတွေက မတွေ့။ သူတစ်ယောက်တည်းသာ မြင်နေရတာမို့ ဦးထွန်းခိုင် လန့်နေရခြင်းပင်ဖြစ်သည်။

"မြင့်ပြောတာ ကြားလား အမောင်"

"ဟေး···အေးအေး။ ကြားပါတယ်။ သွားကြတာပေါ့ မြင့်ရယ်"

ဒီလောက်သာ ပြောပြီး ထွက်လာခဲ့လိုက်သည်။ ဇနီးသည်က သူ့ကို နားမလည်စွာဖြင့် ကြည့်နေရစ်တော့သည်။

◈◈◈

ထမင်းစားဝိုင်းကား စုံလင်လှသည်။ ကြက်၊ ဝက်၊ ဘဲ၊ အစိမ်းကြော်၊ ကုန်းဘောင်ကြီးကြော် စတဲ့ စားချင်ဖွယ်ရာများ။ မိတ်ဆွေရင်းကြီးတွေမို့ အထူးတလည်ကို ပြင်ဆင်ထားသည်။ စားပွဲပေါ်မှာ နိုင်ငံခြားဖြစ် အကောင်းစား အရက်တွေကလည်း ပြည့်စုံအောင် တင်ထားသည်။ အချိန်ကျတော့···

"ပြည့်စုံမှု ရှိရဲ့လား မြင့်ရယ်"

မသီတာက မြင့်ကို မေးသည်။

"ပြည့်စုံပါတယ် သီတာရ ပိုတောင် လျှံနေပါသေးတယ်··· အဟင်း···ဟင်း"

"ထိုင်ကြဗျာ၊ အားရပါးရ စားကြ။ ဟော့လူ··· ကိုထွန်း နည်းနည်းသောက်ဦးမလား"

မသီတာယောကျ်ား ကိုသော ယဉ်က အရက်ပုလင်းကိုင်ပြီး သည်။

"မသောက်တော့ပါ ကိုသောင်း၊ ကျေးဇူးတင်ပါတယ်"

ဟု ပြန်ပြောလိုက်သည်။

ဦးထွန်းခိုင် တုန်ယင်စွာ ဝက်သားဟင်းပန်းကန်ထဲ ဇွန်း ခပ်လိုက်သည်။ ထို့နောက် မ ကြည့်လိုက်တော့ ထင်သည့်အတို ဝက်သားဟင်းမဟုတ်ဘဲ အိမ်မြှေ အသေကြီးဖြစ်နေသည်။ ဇွန်းကို ပြ ပြီး ဟင်းချိုကို နှိုက်ကြည့်ပြန် လည်း နွားသေးနံ့ ရပြန်သည်။ ဒါ ဘေးက လူတွေ မသိ။ သူတစ်ယော တည်းသာ မြင်နေရခြင်းပင်။ တုန် ယင်ယင်နှင့် ဖြစ်နေသော သူ့ကို

"စားလေဗျာ၊ ဘာလဲ ခင် နေမကောင်းဘူးလား"

ဟု ကိုသောင်းယဉ်က သည်။ ဇနီးဖြစ်သူ မြင့်က နဖူးကို ကြည့်သည်။

"နေလည်း ကောင်းပါတ ဘာဖြစ်လို့လဲ အမောင်"

ဟု မေးလေရာ···

"ဘာ···ဘာမှမဖြစ်ပါဘူး ရယ်"

ဟု တုန်ယင်စွာဖြင့် ပြန်



www.burmeseclassic.com

www.burmeseclassic.com

-သည်။

"ကဲ - ဘာမှမဖြစ်ရင်လည်း -ား…ဟောဒီမှာ ဘဲသားစား အမောင်"

မြင့်က ဘဲသားတစ်ဖက်ကို သူ့ -န်ကန်ထဲသို့ ထည့်ပေးလိုက်သည်။ -ကြည့်လိုက်တော့ ကြွက်သေကြီးဖြစ် -နေသည်။

"မဟုတ်ဘူး…မဟုတ်ဘူး… -ား…"

ထိတ်လန့်စွာ အော်ဟစ်ရင်း ပြေး -ထွက်သွားတော့သည်။

"ဟာ…ဟော့လူ ကိုထွန်းခိုင်"

"အမောင် … နေဦးလေ -အမောင်"

◈◈◈

ထိုသို့ အဖြစ်အပျက်အလုံးစုံကို -ကိုထွန်းခိုင်က ကျွန်ုပ်အား ပြောပြပြီး -နောက် တစ်ချက်စဉ်းစားလိုက်သည်။ -ဆုနီးသည် မြင့်မြင့်က သူ့အနားမှာ -ထိုင်ပြီး သူ့ကို ပြုစုနေလေသည်။ -ကိုထွန်းခိုင် တော်တော်လေး ပိန်ကျသွား -သည်။ ဆရာဝန်ပြောတာကတော့ -အာဟာရချို့တဲ့တာလို့ ပြောသည်။

"ဒီအတိုင်းဆို ခင်ဗျားနဲ့ တွေ့တဲ့ -ကုလားအဘိုးကြီးကို ရှာပြီး ခင်ဗျား -တောင်းပန်ရလိမ့်မယ် ကိုထွန်းခိုင်။ နို့မို့ -ရင် ခင်ဗျား မလွယ်ဘူး"

ကျွန်ုပ်က စီကရက်ကို မီးညှိရင်း -ပြောသည်။

"ကျုပ်က ဘာလို့ ဒီလို ကုလား -အဘိုးကြီးကို တောင်းပန်ရမှာလဲ -ကိုသူရ၊ မဆီမဆိုင်ဗျာ"

"ခင်ဗျား အခုထိ သဘော -ပေါက်သေးဘူး။ ဒီမယ် ကိုထွန်းခိုင်၊ -ဟောဒီလောကမှာ ခင်ဗျားတို့ ကျုပ် -တို့ နားမလည်တဲ့ အရာတွေ၊ ထူးဆန်း -တဲ့ လူသားတွေ ရှိတယ်။ ပြောရရင် -တော့ အိန္ဒိယက သူတော်စင် ဆရာဒူး ကြီးတွေပေါ့။ လူတစ်ယောက်ရဲ့ စိတ်ကို ကြိုတင် သိမြင်နိုင်တဲ့ အစွမ်းသတ္တိတွေ သူတို့မှာ ရှိကြတယ်။ ကျုပ်ပြောသလို ကုလားအဘိုးကြီးကို လိုက်ရှာပြီး တောင်းပန်လိုက်ရင် တစ်ခုခုထူးခြားလာလိမ့်မယ်လို့ ကျုပ်ထင်တယ်။ ဘယ်လိုလဲ"

ကျွန်ုပ်က သူ့ကို သေချာကြည့်ပြီး မေးလိုက်သည်။ စဉ်းတော့ စဉ်းစားနေပုံရသည်။ ပြီးမှ…

"ကောင်းပြီလေ၊ လုပ်ကြည့်ရတာပေါ့"

ဟု အဖြေပြန်ပေးသည်။

◈◈◈

သို့နှင့် ကုလားအဘိုးကြီး ရှာပုံတော်ဖွင့်ကြရာ မမျှော်လင့်သော နေရာတစ်နေရာ၌ ကျွန်ုပ်တို့ ရှာတွေ့သွားကြသည်။ ထိုနေရာကား စေတီတစ်ဆူရဲ့ ဘုရားစောင်းတန်းထဲတွင် ဖြစ်သည်။ ကုလားအဘိုးကြီးကား တရားထိုင်နေပုံရသည်။ ကျွန်ုပ်တို့ တိုးတိတ်စွာနဲ့ သူ့အနားကို ရောက်သွားတော့…

"အခုတော့ ကျွန်ုပ်ရှိရာကို သင် လာရပြီမဟုတ်လား ဆာဟစ်"

ဟု ပြောလိုက်သံက ကျွန်ုပ်တို့ကို အံ့ဩသွားစေသည်။ ကျွန်ုပ်တို့ကို ကျောပေးပြီး တရားထိုင်နေသူက ကျွန်ုပ်တို့ ရောက်လာတာကို သိနေသည်ဆိုကတည်းက အံ့ဩစရာပင်။

"ကျုပ်…ကျုပ်လာပြီး တောင်းပန်တာပါ ဆာဒူးကြီး။ ကျုပ်ပြောခဲ့ဆိုခဲ့တာတွေအတွက် မှားမှန်းသိခဲ့ပါပြီ။ သင့်ကို ကျုပ်တောင်းပန်ပါတယ်"

ဟု ကိုထွန်းခိုင်က ကုလားအဘိုးကြီးအား စကားဆိုသည်။

"အင်း…အမှားကို အမှားမှန်းသိလို့ တောင်းပန်တာပဲ လက်ခံရမှာပေါ့။ နောက်ကို ဒီလို မမှားအောင် ဂရုစိုက်ပါ ဆာဟစ်"

"ဟုတ်ကဲ့ပါ ဆာဒူးကြီး"

"ကဲ…ကဲ…ကျွန်ုပ်လွယ်အိတ်ထဲမှာ ငှက်ပျောသီးသုံးလုံးရှိတယ်။ ယူစားလိုက်ကြပါ။ ကျွန်ုပ်လုပ်စရာရှိတာ လုပ်ရဦးမယ်"

- ထိုသို့သာ ပြောပြီး တရားကို ဆက်ထိုင်တော့၏။ ကျွန်ုပ်က သူ့လွယ်အိတ်ကြီးထဲမှ ငှက်ပျောသီးသုံးလုံးကို ထုတ်ပြီး တစ်ယောက်တစ်လုံး ယူစားကြရာ တစ်သက်မှာ တစ်ခါမှ မရဘူးတဲ့ အရသာကို ရရှိကြောင်းနှင့် အလိုလို အားအင်တွေ ရှိလာကြောင်း ပြောလိုက်ပါရစေ။ ထူးဆန်းပေစွ။

ဒီနောက်ပိုင်း ဦးထွန်းခိုင် တစ်ယောက် မည်သည့်အစားအစာကိုမဆို စားတိုင်း ဘာမှမဖြစ်ရတော့ကြောင်း၊ ကောင်းမွန်စွာ စားနိုင် သောက်နိုင်ပြီဖြစ်ကြောင်း ကျွန်ုပ်ကြားသိခဲ့ရပါတော့သည်။ ■

* * *

နတ်လူသစ်



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄၊ ဩဂုတ်လအတွက်

# နာမက္ခရာဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.S

### တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ အိ၊ အီ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ · · ·**

ဤလတွင် မိမိပြုလုပ်နေကျပုံမှန်အလုပ် ဆက်လုပ်နေရမည်။ မမျှော်လင့်ဘဲ ဘာသာရေး၊ လူမှုရေးနှင့်ဆိုင်သော ခရီးထွက်ရမည်။ ကွဲကွာနေသော မိတ်ဆွေ၊ ဆွေမျိုး၊ မိသားစုနှင့် ပြန်လည်ဆုံတွေ့ရမည်။ ပညာသင်ကြားသူများ ပညာ သင်တန်း၊ စာမေးပွဲကိစ္စ အခက်အခဲကြုံတွေ့ရမည်။ အင်္ဂါနံပစ္စည်းများ အရောင်းအဝယ်ဖြစ်မည်။ အိမ်ထောင်ဖက်နှင့် သက်၍ စီးပွားဥစ္စာ အဆင်ပြေမည်။ လူငယ်များ ချစ်သူနှင့် ယာယီခွဲခွာနေရမည်။ ဤလတွင် လက်ထပ်မင်္ဂလာဆောင် မပြုလုပ်သင့်ပေ။ ငွေဝင်သော်လည်း မတည်မြဲဘဲ ပြန်ထွက်မည်။ ကား၊ ကျောက်မျက်ရတနာ၊ အိမ်ခြံမြေထွက်ကိန်းရှိသည်။ ကျန်းမာရေး ယာယီညံ့မည်။ အုန်းသီး၊ ဘဲဥ၊ ဘဲသားရှောင်ပါ။ ထီဝါသနာပါက (၃၄၆)ပါသော ဂဏန်းရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - ဘုရား၊ ရဟန်း၊ သံဃာအား သရက်သီး(၁၀)လုံးပြည့်အောင် လှူပါ။ ရှင်သီဝလိဂါထာ ရွတ်ဆိုပါ။

· · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · ·

### ထနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ · · ·**

ဤလတွင် ပြည်တွင်းပြည်ပ ခရီးဝေးသွားလာရမည်။ ဝန်ထမ်းဆိုပါက အလုပ်နေရာဌာနပြောင်းရွှေ့ရမည်။ လက်အောက် ငယ်သား ညီအစ်ကို မောင်နှမထံမှ အကူအညီရမည်။ စပ်တူရှယ်ယာလုပ်ကိုင်ရမည်။ ဗုဒ္ဓဟူး၊ သောကြာသားသမီး ပူးတွဲပေါင်းစပ်လုပ်ကိုင်ပါ။ တနင်္ဂနွေနှင့် ကြာသပတေးနံပါသော အမည်၊ နေ့နံ၊ ပစ္စည်း၊ အစားအစာ၊ နေ့ရက်တို့ကို ရှောင် ထိုနှစ်ရက် ခရီးဝေးသွားခြင်း ရှောင်ပါ။ မိဘအကြီးအကဲ ကျန်းမာရေး စိုးရိမ်ရမည်။ အများအကျိုးအတွက် ပရဟိတစ် ပြုလုပ်ဆောင်ရွက်ပါ။ အတ္တစိတ်ဖြစ်လျှင် ဒုက္ခရောက်မည်။ လူမျိုးခြား နိုင်ငံခြားနှင့် တွဲဖက်ဆောင်ရွက်ရသော လု ပြုလုပ်ရမည်။ ထီဝါသနာပါက ၆အစ ၄အဆုံး၊ ၄အစ ၆အဆုံး အောင်ဘာလေထီထိုးပါ။

**ကောင်းကျိုးပြုယတြာ** - သပြေ (၁၁)ညွန့်နှင့် ထီးဖြူ (၅)လက်အား မွေးနံထောင့်တွင် လှူပါ။ သမ္ဗုဒ္ဓေဂါထာ သ ရွတ်ဆို ပူဇော်ပါ။

· · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · ·

### အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ · · ·**

ဤလတွင် အကြံအစည်အောင်မြင်မည်။ အပြိုင်အဆိုင် အတိုက်အခံကြားမှ အောင်မြင်မှု ရမည်။ အနီးကပ် သတိပြုပါ။ လုပ်ငန်းသစ် တိုးချဲ့လုပ်ကိုင်နိုင်သည်။ ဗုဒ္ဓဟူး၊ သောကြာသားသမီးတို့နှင့် စပ်တူရှယ်ယာပြုလုပ်နိုင် အိမ်ခြံမြေရောင်းထွက်မည်။ တနင်္ဂနွေ+ကြာသပတေးနံပါသော မိတ်ဆွေ၊ ဆရာသမား၊ ပစ္စည်း၊ နေ့နံတို့ကို သတိပြု အိုးသစ်အိမ်သစ်တည်ထောင်ခြင်း မပြုလုပ်သင့်သေးပေ။ သားသမီး၊ လက်အောက်ငယ်သားထံမှ အကူအညီရမည်။ ပစ္စည်းများ အရောင်းအဝယ်အဆင်ပြေမည်။ ကွဲကွာနေသော ချစ်သူနှင့် ပြန်လည်ဆုံတွေ့ရမည်။ ထီဝါသနာပါက (၄၆ ထီလက်မှတ်ကို ရွေးထိုးပါ။ ပတ်လည်ထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနေ့တိုင်း ရွက်လှ(၁၇)ညွန့်ကို အိမ်ဘုရားမှာ လှူ၊ ရွှေပန်းကပ်၊ ရေလှူ၊ ရွှေပေါက်ကန်းကပ်

· · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · ·



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံ့အကျွရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ အကြံအစည် ရည်ရွယ်ချက် အောင်မြင်မည်။ ကွဲကွာနေသော မိတ်ဆွေ၊ ဆရာသမားတို့နှင့် ပြန်ဆုံရမည်။ အကြီးအကဲထံမှ အကူအညီရမည်။ ပြည်တွင်းပြည်ပခရီးဝေးသွားလာရမည်။ စာပေ၊ ဂီတ၊ အနုပညာလုပ်ငန်း ဆောင်ရွက်သူများ အောင်မြင်မည်။ ခရီးသွားရင်း ကားဘီးပေါက်၊ ကားပျက်ခြင်း ကြုံပါက ယတြာကျေသည်ဟု မှတ်ယူပါ။ နေအိမ်သို့ ရဟန္တာပုံတော် ဓာတ်တော်၊ ရဟန်းသံဃာကြွလာပါက ကောင်းသော နိမိတ်ဖြစ်သည်။ တနင်္လာ၊ ကြာသပတေးနေ့ ခရီးဝေးသွား၊ လုပ်ငန်းစတင်ခြင်း ရှောင်ပါ။ လူငယ်များ ပညာရေးကိစ္စ လွယ်လွယ်ကူကူ မအောင်မြင်နိုင်၍ အထူးကြိုးစားရမည်။ ဝန်ထမ်းများ နေရာဌာနပြောင်းရွှေ့ရမည်။ (၄၆၊ ၆၄)ပါသောထီ ရွေးထိုးပါ။

**ကောင်းကျိုးပြု ယတြာ** - ရဟန်း သံဃာအား ရေသန့်ဘူး၊ ရှောက်သီးသုပ်၊ ဝက်သားဟင်း၊ သရက်သီး တစ်မျိုးမျိုးကို တစ်ပတ် နှစ်ကြိမ်လှူပါ။

---

## ကြာသပတေးနံ့အကျွရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် မိမိဆောင်ရွက်နေကျ ပုံမှန်အလုပ် ဆက်လုပ်နေပါ။ လုပ်ငန်းသစ်များ၊ ငွေရင်းနှီးမြှုပ်နှံရသောအလုပ်များ စောင့်ဆိုင်းပါ။ သို့သော် ဗုဒ္ဓဟူး၊ သောကြာသားသမီးတစ်ဦးဦးတို့နှင့် စပ်တူရှယ်ယာပြုလုပ်နိုင်သည်။ ဝန်ထမ်းများ ရာထူးတိုး စာမေးပွဲဖြေခြင်း၊ သင်တန်းတက်ခြင်းကိစ္စ အခက်အခဲကြုံတွေ့ရမည်။ ဘိုးတော်၊ မယ်တော် ဆရာအတုအယောင် သတိထားပါ။ အိမ်တွင် လက်ခံခြင်း မပြုရ၊ အလိမ်ခံရတတ်သည်။ ခရီးသွားလာရင်း ချစ်သူတွေ့တတ်သည်။ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်သည်။ ဒွါဘာသာဝင်ဖြစ်က ဝါတွင်းကာလ မင်္ဂလာဆောင်ခြင်း ရှောင်ပါ။ မရှောင်က ဘဝတစ်သက်တာ ဒုက္ခရောက်မည်။ မိဘအကြီးအကဲ ကျန်းမာရေးညံ့တတ်သည်။ ဂရုစိုက်ပေးပါ။ ကိုယ်တိုင်လည်း ကျန်းမာရေးဂရုစိုက်ပါ။ ထီဝါသနာပါက (၂၄၆)(စုံဂဏန်း) ပါသောထီ ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - လမ်းဒါနပြုခြင်း၊ ခရီးစရိတ် ဒါနပြုခြင်း၊ ပျက်သောလမ်း ပြုပြင်ခြင်းယတြာဆောင်ရွက်ပါ။

---

## သောကြာနံ့အကျွရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် မမျှော်လင့်ဘဲ ငွေကြေး အစုလိုက်ဝင်မည်။ အကြံအစည် ရည်ရွယ်ချက်တွေ အောင်မြင်မည်။ ကွဲကွာနေသော ဆွေမျိုး၊ မိတ်ဆွေ၊ ဆရာသမားနှင့် ပြန်လည်ဆုံတွေ့ရမည်။ လုပ်ငန်းသစ် ပြုလုပ်ရခြင်း၊ တိုးချဲ့ရခြင်း ကြုံမည်။ လုပ်ငန်းကိစ္စ၊ သဘောလုပ်ငန်း(စီးပွားရေး)ခရီးထွက်ရမည်။ အပျော်ခရီးသွားခြင်း ရှောင်ပါ။ အိမ်ခြံမြေရောင်းထွက်မည်။ မိမိအိမ်ခြံမြေတွင် ပယောဂ အနှောင့်အယှက်ရှိနေသည်။ ဆရာကောင်းနှင့် တိုင်ပင် ဆောင်ရွက်ပါ။ အောက်လမ်းဆရာ သတိထားပါ။ အိမ်ထောင်ဖက်နှင့် ပြန်လည်ဆုံတွေ့ရမည်။ ချစ်သူများ နှစ်ဖက်သဘောတူ စေ့စပ်လက်ထပ်ရမည်။ တရားဝင် မင်္ဂလာဆောင်ကို ဝါကျွတ်မှ ဆောင်သင့်သည်။ ထီဝါသနာပါက (၃၄၆)ပါသော ဂဏန်းရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - ရှင်သီဝလိ ရဟန္တာအရှင်မြတ်ကြီးအား သစ်သီးနှင့် ရေတော်ကို (၁၀)ရက်ဆက်တိုက် ကပ်လှူပါ။ "ရှင်သဝလိ ဆယ်ဂါထာ"ကို နေ့စဉ်ရွတ်ဆိုပါ။

---

## စနေနံ့အကျွရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဌ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် ထွက်ပြီးပစ္စည်း ပြန်ဝင်ခြင်း၊ ဝင်ပြီးပစ္စည်း ပြန်ထွက်ခြင်း ကြုံတတ်သည်။ ငွေဝင်သော်လည်း ငွေမစုနိုင်ဘဲ ဖြစ်နေမည်။ စနေနံ့ပစ္စည်းများ အရောင်းအဝယ်ဖြစ်မည်။ လူမျိုးခြား နိုင်ငံခြားသားနှင့် တွဲဖက်လုပ်ကိုင်ရမည်။ ရွှေငွေရတနာပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အလှကုန်ပစ္စည်း အဝတ်အစားဝင်မည်။ သောကြာနှင့် ဗုဒ္ဓဟူးနံ့ အမည်တွဲများ အကျိုးပြုမည်။ စာပေ၊ ဂီတ၊ အနုပညာလုပ်ငန်းမှ ငွေဝင်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး ရန်ပြဿနာပေါ်တတ်သည်။ ချစ်သူနှင့် သဘောထားကွဲလွဲနေမည်။ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဗိုက်အောင့်ခြင်း ဖြစ်တတ်သည်။ ထီဝါသနာပါသူများ ၄အစ ၆အဆုံး၊ ၆အစ ၄အဆုံး ထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံ့ထောင့်တွင် ရွှေထီး(၇)လက်၊ ရွှေပန်း၊ ရွက်လှည့်နှံ့များ ဝေနေအောင် လှူပေးပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

ခေတ္တရာ ဆရာကျော်

# ဓာတ်လုံးအဆောင်

အဆောင်မျိုးစုံရှိသည်။

သစ်ပင်၊ သစ်ညွန့်၊ ပန်းပင်၊ ပန်းညွန့်၊ ပန်းပွင့်အဆောင်များ၊ သစ်သားဖြင့် ပြုလုပ်ထားသော အရုပ်အဆောင်များ။

နီလာ၊ ပတ္တမြား၊ စိန်၊ ဥဿဖရား စသော ရတနာအဆောင်များ။

စက္ကူ၊ သစ်သား၊ သံပြား၊ သတ္တုပြားများပေါ်တွင် ရေးထိုးထားသော စမပုံ၊ ရုပ်စမပုံ၊ အင်းစမပုံ၊ အင်းပြား၊ အင်းချုပ်အဆောင်များ။

ဖယောင်းလုံး၊ ဖယောင်းပြား၊ ဖယောင်းတိုင်တို့ဖြင့် စီမံထားသော အဆောင်အမျိုးမျိုးအပြင် လက်ဖွဲ့၊ လက်ခလုည့်၊ ပေစာ စသော တစ်ရွာ တစ်ပုဒ်ဆန်း အဆောင်များဟူ၍ လောကီအစီအမံ အဆောင်မျိုးစုံတို့ ရှိနေကြ၏။

ကျွန်ုပ် နှစ်သက်သော အဆောင်တစ်မျိုးရှိသည်။ ၎င်းမှာ "ဓာတ်လုံးအဆောင်"ဖြစ်သည်။

ဓာတ်လုံးဟု အလွယ်ပြောသော်လည်း ဓာတ်လုံးတွေကလည်း အမျိုးမျိုးရှိသည်။ သာမန် မျက်နှာပွင့် ဓာတ်လုံးမှသည် ထွက်ရပ်ပေါက် သိဒ္ဓိရ ဓာတ်လုံးတိုင်အောင်ဖြစ်သည်။

အဆင့်မြင့် ဓာတ်လုံးများ၊ ရွှေဖြစ် ငွေဖြစ် ဓာတ်လုံးများ ကျွန်တော် ဉာဏ်မမီပါ။ စိတ်လည်း မဝင်စားပါ။ သို့သေ ငယ်စဉ်ကတည်းက "သွပ်ဓာတ်လုံး"တစ်မျိုးကိုတော့ စိတ်ဝ စားခဲ့သည်။ စိတ်ဝင်စားသည်ဟုသာ ဆိုသော်လည်း ကို တိုင် အင်္ဂါရတ်ထိုးရန်ကား ဝါသနာ လုံးဝမပါပေ။ ထူးခြား သော ပါရမီဟု ဆိုနိုင်ပေလိမ့်မည်။ တစ်ပါးသူထံ ဓာတ် တွေ့လျှင်ကား အလွန်စိတ်ဝင်စားသည်။

ကျွန်တော့်ဘဝ၏ အစိတ်အပိုင်းတစ်ခု၊ ကာလတစ် တွင် နယ်မြေဒေသအရပ်ရပ်သို့ ခရီးထွက်ရသော အလုပ်မျိုး လုပ်ခဲ့ရသည်။ ဆယ်စုနှစ်တာ ဝန်းကျင်လောက်ပင် ရှိမည် ဒေသမျိုးစုံကို ကျွန်တော်ရောက်သည်။ လူမျိုးစုံနှင့် ကျွန်တော် ဆုံတွေ့ခွင့်ရသည်။ ထိုအထဲတွင် ဓာတ်လုံးဝါသနာရှင်များ အင်္ဂါရတ် ဆရာကြီးများသာမက၊ ပညာရှင်အဆင့်ရှိသူများ သိဒ္ဓိပေါက်ရောက်နေကြပြီဟု ဆိုနိုင်သူများပင် တွေ့ ဆက်ဆံခဲ့ဖူးသည်။

ထိုစဉ်က အင်္ဂါရတ်ပညာ ဝါသနာမပါ၍လော။ ဒါမ မဟုတ် ပါရမီဓာတ်ခံ အားနည်း၍လော။ ဒါမှမဟုတ် အချိန်

www.burmeseclassic.com

ကျသေး၍လော။ ကျွန်တော် မသိ။ ထိုပုဂ္ဂိုလ်ကြီးတို့ထံမှ ည်းနာခံယူရန် စိတ်မဝင်စားခဲ့။ ပိုဆိုးသည်မှာ အချိန်အကုန်ခံ ကြသူများဟုပင် ဘာမသိ ညာမသိ စိတ်မှာ စော်ကားမိ လေသေးသည်။ အကြိမ်ကြိမ်ဝန်ချတောင်းပန်ပါ၏။

နောင် သိလာခဲ့ရသည်မှာ တကယ်တမ်းတွင် ဓာတ် စ်သည် အစွမ်းသိဒ္ဓိ တကယ်ရှိကြောင်းပင်။ အချိန်တန် မနေနိုင်သဖြင့် ဆရာရှာမိသည်။ မိတ်ဆွေများထံ သွား ည်။ ဗဟုသုတရှာသည်။ ကိုယ်တိုင် ဖိုခွင်ဝင်မိသည်။ ဤသို့ အဂ္ဂိရတ်ပညာ အခြေခံပါးပါးလေးနှင့် ထိတွေ့ ဆက်ဆံ ဖြစ်သည်။ ယနေ့တိုင် အကြီးအကျယ်တော့ ဘာမှမသိ။ မှမတတ်။ နက္ခတ်ဗေဒင်ပညာက လွဲပြီး ဘာမှမသိ၊ မှမတတ်။

သို့သော် သွပ်ဓာတ်လုံးကိုတော့ အဘဆရာ၏ သွန် င်မှုဖြင့် လုပ်တတ်လာသည်။ အဘဆရာက သယ်န်းကျွန်း နေသည်။ သွပ်ဓာတ်လုံးမှ သွပ်ဓာတ်လုံး(ကျန်တာ ဘာ စိတ်မဝင်စားတတ်သော)ဖြစ်နေသော ကျွန်တော့်ကို…

*ပြာ ထုံး ချော် လက်*
*ဆား နှင့် စွက်၊*
*ချိန်စက် ဆတူ*
*နည်းထူးယူ၊*
*သွပ်ဖြူဓာတ်ရောက်*
*သိဒ္ဓိပေါက်။*

ဟူသော နည်းလမ်းကို ပေးခဲ့သည်။ ကျွန်တော်လည်း ည်းလမ်းကို အခြေတည်ပြီး ဖိုခွင်ဝင်ခဲ့သည်။ အတိုဆုံး ရလျှင် တစ်ပတ်အတွင်း စိတ်တိုင်းကျသော သွပ်ဓာတ် လေးများ ပိုင်ဆိုင်ခဲ့သည်။

အဘဆရာက "ဒီအဆင့်လောက်ရပြီဆိုရင် သိဒ္ဓိဝင်နေ ကိုင်ဆောင်သူရဲ့ သီလ၊ သမာဓိပေါ် မူတည်ပြီး အကျိုး ကွာခြားသွားလိမ့်မယ်"ဟူ၍ မိန့်သည်။

ထိုသွပ်ဓာတ်များထဲတွင် ရွှေရောင်ပေါက်နေသော သွပ် တ်လုံးတစ်လုံးကို ကျွန်တော်ဆောင်ထားသော်လည်း ကျန် ပ်ဓာတ်လုံးများကိုမူ လိုချင်သူများအားမျှဝေပေးလိုက်သည်။

ကျွန်တော်သည် နေ့စဉ် အာစိဏ္ဏကံ ဝတ်မပျက် ရားရှိခိုး၊ မေတ္တာပို့၊ ဂါထာမန္တန်ရွတ်၊ ပရိတ်ရွတ်၊ ပဋ္ဌာန်း ော်၊ အမျှဝေမှုများကို ယခင်ကတည်းက လုပ်ခဲ့သူဖြစ် လို ဝသီဘော်ပါလာသည့်အတိုင်း မကြာခဏ အဓိဋ္ဌာန်ဝင် ဥပုသ်စောင့်ခြင်းများကို လုပ်လေ့လုပ်ထရှိသည်။ သွပ် တ်လုံးရပြီးသောအခါ ပို၍ပင် အလေးထား လုပ်ဆောင်မိ

သည်။ ထို့ကြောင့် ကျွန်တော့်တွင် ထူးခြားသော ကောင်း ကွက်တချို့ ထင်သာမြင်သာ ရှိလာခဲ့သည်။ ဘာဆိုးကျိုးမှ မတွေ့။ ဆိုလိုသည်မှာ သွပ်ဓာတ်လုံးရပြီး ဘာမှမထိခိုက်ဟု ပြောလိုရင်းဖြစ်သည်။

ကျွန်တော်ပေးလိုက်သော တောင်ကြီးမြို့မှ မိတ်ဆွေ တစ်ဦးဆိုလျှင် သွပ်ဓာတ်လုံးရပြီး တစ်လအတွင်း သူ၏ ခင်ပွန်းမှာ မမျှော်လင့်ဘဲ အချုပ်မှ လွတ်မြောက်ခဲ့သည်။ တိုက်ဆိုင်မှုဟု ပြောလိုလျှင်လည်း ရပါသည်။

သို့သော် နောက်ထပ် နှစ်ဦးကို ပြောလိုသည်။ ထိုသူ များမှာ သွပ်လုံးရပြီး တစ်လကျော်မှာပင် တရားရုံးတွင် ရင်ဆိုင်ရခြင်း၊ ဂုဏ်သိက္ခာကျဆင်းခြင်းများဖြစ်လျက် တစ်ဦး မှာ ထောင်ကျခဲ့သည်။ ကျွန်တော် အလွန်အံ့သြသွားမိသည်။

ထို့ကြောင့် အကြောင်းစုံ သိအောင် ကျွန်တော် စုံစမ်း ကြည့်ရာ ရှင်းရှင်းကြီးနှင့် ဘွင်းဘွင်းကြီး သိလိုက်ရသည်။ ထိုသူနှစ်ဦးမှာ ကံမလုံသူများဖြစ်ကြသည်။ နှစ်ဦးစလုံးပင် ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်နေကြသူများ ဖြစ်နေသည်။ ထောင်ကျသွားသူမှာ သူများသားမယားကို ဖြောင်ကျကျ ကြာခိုသူဖြစ်ကာ ယနေ့တိုင် ထောင်ထဲမှာပင် ရှိသည်။

နောက်တစ်ဦးမှာ လင်ကြီးငတ်တုတ်ရှိပါလျက် ဖောက် ပြန်သူဖြစ်သည်။ ကာမရာဂကျူးပြီး စိတ်ဆန္ဒအလိုလိုက်မိ သူဖြစ်၍ ပတ်ဝန်းကျင်အလယ်တွင် ဂုဏ်သိက္ခာကျဆင်းကာ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် အိမ်ပေါ်မှ ဆင်းလိုက်ရသူ ပင်ဖြစ်သည်။

တကယ်တမ်းတွင် ထိုနှစ်ဦးစလုံးမှာ သွပ်ဓာတ်လုံး အဆောင်သည် ပီယသိဒ္ဓိကောင်းသောကြောင့် ထိုအစွမ်းဖြင့် ပွေမည်၊ ရှုပ်မည်ဟူသော စိတ်သဘောထားလျက် ဆောင် ထားလိုခြင်း ဖြစ်ကြသည်။

ပီယသိဒ္ဓိအစွမ်းရှိသော သွပ်ဓာတ်လုံးသည် ဆန့်ကျင် ဘက် လိင်တို့အပေါ် အညှို့ဓာတ်၊ အဖမ်းဓာတ်၊ အဆွဲဓာတ်၊ ဆောင်ယူဓာတ်၊ ချစ်ခင်နှစ်သက်ဓာတ် ရှိပင် ရှိငြားသော် လည်း ကာမေသုမိစ္ဆာစာရကံကိုကား ကျူးလွန်၍မရဟူသော လျှို့ဝှက်ချက်စည်းကမ်း(လူ့စည်းကမ်း)ကို သူတို့ မလိုက်နာ ကြခြင်းကြောင့်ဖြစ်သည်။

သွပ်ဓာတ်လုံးအဆောင်သည် ပီယသိဒ္ဓိအစွမ်းရှိသည် ကား မှန်၏။ မီးထိုးခံနိုင်သော သွပ်ဓာတ်လုံးသည်ပင်လျှင် အန္တောဝင်ပြီဖြစ်၍ အစွမ်းသိဒ္ဓိရှိနေပြီဖြစ်သည်။ မျက်နှာပွင့် ပီယသိဒ္ဓိကောင်းသည်။ ပီယသိဒ္ဓိသည် သိဒ္ဓိ ၁၀ပါးတွင် အပါအဝင်ဖြစ်၍ လူ၊ နတ်ချစ်ခင်သော သိဒ္ဓိဟု အကြမ်းဖျင်း

www.burmeseclassic.com

ဆိုသည်။

ပီယသိဒ္ဓိရသူများမှာ လူချစ်လူခင်ပေါများ၍ ရောက်လေရာ မျက်နှာပွင့်ကြသဖြင့် လိုချင်သူ များပါသည်။ စာစောင်၊ မဂ္ဂဇင်းတချို့တွင် သွပ်ဓာတ်လုံးသည် လူချစ်လူခင်ပေါများ၍ မျက်နှာပွင့်သည်ဟု ရေးတတ်ကြရာ ဝါသနာရှိသူတိုင်း လိုချင်သည်မှာ မဆန်းပေ။

တချို့ကလည်း "ပီယ"ဟု ပြောလျှင် ချစ်သူသမီးရည်းစားကိစ္စ၊ မိန်းမ၊ ယောကျ်ားကိစ္စလောက်သာ ထင်ပြီး လိုချင်ကြတာဖြစ်သည်။ ထိုကိစ္စအပါအဝင်ဖြစ်သော်လည်း သူ့ချည်းသက်သက်တော့ မဟုတ်ပါ။ ကျမ်းဟောင်းများတွင် လူ၊ နတ်ချစ်ခင်သည်ဟုသာ ဖတ်မှတ်ဖူးပါသည်။

သွပ်ဓာတ်လုံးအဆောင်ဟာ တကယ်စွမ်းပါသည်။

ဆောင်လိုသူဟာ ဆောင်ထားရုံသက်သက်နှင့်တော့ မပြီးစီးပါ။ ကံများကို လုံအောင် ထိန်းရသည်။ အထူးသဖြင့် ကာမေသုကံကို လုံခြုံရသည်။ ကံအားလုံးလုံပါက အထူးပြောစရာမလိုပေ။ အကြောင်းကံကောင်းလေလေ အကျိုးပေးကံကောင်းလေလေပင် ဖြစ်လိမ့်မည်။

နောက်တစ်ချက်ပြောလိုသေးသည်မှာ ယုံကြည်ပေးရသော စိတ်ကူးဖြစ်သည်။ ဝိဇ္ဇာစရ ဂမ္ဘီရပညာ ဂန္ဓာရီရပ်ဝန်း လောကီနယ်ပယ်တွင် စည်းကမ်းများ ရှိသလို၊ နည်းလမ်းအထွေထွေလည်း ရှိသည်။ ဤစာမူတွင် သွပ်ဓာတ်လုံးအဆောင်အကြောင်းကိုသာ အဓိက ရေးလိုရင်းဖြစ်၍ ဂန္ဓာရီရပ်ဝန်းဆိုင်ရာ လောကီနယ်များကို အကျယ်မဖော်ပြတော့ပါ။ လိုတိုရှင်းအားဖြင့် စိတ်ကူးကောင်း၍ ယုံကြည်ပေးပါဟုသာ ပြောပါရစေ။

* ဤအဆောင်ဓာတ်လုံးသည် ငါ့ကို ကောင်းကျိုးပြုသည်။ အဆောင်ဓာတ်လုံးတွင် အစောင့်အရှောက်များ ရှိသည်ဟု ယုံပါ။ (နောင်တွင် အလျဉ်းသင့်ပါက အစောင့်သွင်းခြင်းကို ရေးပြပါမည်။)

* ကောင်းသည်များကိုသာ စိတ်ကူးပါ။ စိတ်ကူးခြင်းသည် စိတ်နှင့် ကူးလူးဆက်ဆံခြင်းဟု ဂန္ဓာရီနယ်က ဆိုသည်။ စိတ်ကူးသရွေ့ မနောက နားလည်သည်။ မနောတွင် တန်ခိုးရှိသည်။ တန်ခိုးကြီးသော မနောထံမှ အလိုပြည့်စွမ်းမှု စသော အကူအညီလိုလား၍ တောင်းခံလျှင် စိတ်ကူးဖြင့် တောင်းခံရသည်။ စိတ်ကူးပါသော ဆုတောင်းခြင်း၊ တောင့်တခြင်းသည် ပြည့်ဝနိုင်သည်။ စိတ်ကူးပြတ်သားဖို့ လိုသည်။ ဗိုးတိုးဝါးတား စိတ်မကူးရချေ။

ဖော်ပြပါ အချက်နှစ်ချက်ကို လက်ခံရပေမည်။

ရန်ကုန်တွင် ချမ်းသာ၍ လူသိများသော ပုဂ္ဂိုလ်ကြီး တစ်ဦးကမူ "ကျွန်တော့်ကို ရသေ့ကြီးတစ်ပါးက သွပ်ဓာတ် လုံးပေးထားတာ ရှိတယ်။ အဲဒီ ဓာတ်လုံးရပြီးကတည်းက မိတ်ဆွေတွေ ပေါလာတယ်။ သူတို့ဆီက အကူအညီတွေ ရတယ်။ တစ်ခုတော့ ရှိတယ်။ မိန်းမအဖျက်တွေ့ရင် စိတ် အလိုမလိုက်နဲ့။ ထိန်းနိုင်ရင် လာဘ်လာဘ်မှာ အရမ်းကောင်း တယ်"ဟူ၍ ပြောဖူးသည်။

အဓိက ရေးပြောလိုရင်းမှာ များစွာသော အဆောင် ရှိရာတွင် သွပ်ဓာတ်လုံးအဆောင်သည်လည်း အကျိုး ကောင်းကြောင်းနှင့် ပီယဘက်တွင် စွမ်းကြောင်း ပြောလို ဖြစ်သည်။ သို့ရာတွင် သီလ၊ သမာဓိ၊ ပညာပေါ်တွင် တည် ၍သာ အကျိုးပေးနိုင်ကြောင်း သိစေလိုပါသည်။ အဆော တစ်ခုကို မဆောင်တတ်ပါက၊ သတ်မှတ်စည်းကမ်း မလိုက် နာနိုင်ပါက ဆေးအဖြစ်မှ အဆိပ်အဖြစ် ဖြစ်ပေါ်နိုင်ကြော သတိရှိအပ်ပါသည်။ အထူးသဖြင့် သွပ်ဓာတ်လုံးအဆော သည် ကာမေသုမိစ္ဆာစာရကံ ကျူးလွန်မိပါက ဒုက္ခတွေ့ ပါသည်။

အဆောင်တစ်ခုသည် ကောင်းတော့ ကောင်းသ သို့သော် ဘေးသင့်အောင် ကောင်းသည်ဟူ၍ မဖြစ်စေ ပါ။

* * *

ဓမ္မာဒေ့ဝဆရာဓ


www.burmeseclassic.com

# ရိုးရာနတ်ကွန်းမှ အထူးအဆန်းတစ်ခု

ဆရာကြီး ဦးအောင်မြင့် (လက္ခဏာဗေဒင်ပညာသုတေသီ)

ခရစ်သက္ကရာဇ် ၂၀၁၃ ခု၊ နှစ်ကုန်ပိုင်း ဒီဇင်ဘာလရဲ့ နောက်ဆုံးရက်မှာ ကရင်ပြည်နယ်၊ ဖားအံမြို့အပိုင်၊ သံလွင်မြစ်ရဲ့ အနောက်ဘက် ကမ်းနဖူးပေါ်ရှိ ကျေးရွာငယ်တစ်ရွာသို့ အလည်ရောက်ရှိခဲ့ပါသည်။ ထိုရွာတွင် ပိုးကရင်တိုင်းရင်းသားများက လူဦးရေအများဆုံးဖြစ်ပြီး၊ စကောကရင်အနည်းစုလည်း နေထိုင်ကြသည်။ အများအားဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ သို့သော် ရိုးရာနတ်စားခလေ့၊ ရိုးရာနတ်ကိုးကွယ်သော ဓလေ့လည်း မပျောက်ကွယ်သေးပါ။

ထိုကျေးရွာတွင် မိုးတွင်းအခါ ဖားအံနှင့် ရွှေဂွန်း ပြေးဆွဲသော အစိုးရသင်္ဘောများ ဆိုက်ကပ်ရာ ဆိပ်ကမ်းရှိသည်။ ဆိပ်ကမ်းအနီးမှာ ဘုန်းတော်ကြီးကျောင်းလည်း ရှိသည်။ ဘုန်းတော်ကြီးကျောင်းနှင့် ပေ ၁၀၀ ခန့်အကွာတွင် သံလွင်မြစ်နှင့် ချောင်းတစ်ခုဆုံရာ ကုန်းမြင့်ပေါ်မှာ နတ်ကွန်းတစ်ခု တွေ့ရှိရသည်။ ထိုကျေးရွာရှိ ရွာသူရွာသားများ နတ်စားသည့်






www.burmeseclassic.com

www.burmeseclassic.com

ကိစ္စ၊ ရှင်ပြုပွဲများတွင် နတ်ပြသည့်ကိစ္စ၊ ရိုးရာနတ်ပိုင်းဆိုင်ရာ ကိစ္စများကို ရှေးအစဉ်အဆက်ကတည်းက ဤနတ်ကွန်းမှာပင် ဆောင်ရွက်ကြောင်း သိရသည်။

ကွယ်လွန်ပြီးသော ဘိုးဘွားဘီဘင်တို့က နတ်အဖြစ်သို့ ရောက်ရှိကာ၊ ဤနတ်ကွန်းမှာ နေထိုင်ကြပြီး ဤရွာကို ဘေးဥပဒ်အန္တရာယ်တွေ မကြုံရအောင် စောင့်ရှောက်ပေးသည်ဟုလည်း ယုံကြည်ကြသည်။ နတ်ကွန်းအဖြစ် သတ်မှတ် ကာရံထားသော မြေနေရာ ပရဝဏ်အတွင်းမှာ နတ်နန်းဆောင်ငယ်များ ဆောက်လုပ်ထားသည်။ နတ်ရုပ်တုများတော့ မရှိပါ။ သို့သော် နတ်နန်းဆောင်တစ်ခုအတွင်း သစ်သားနှင့် ထုလုပ်ထားသည့် ဆင်ရုပ်တစ်ရုပ်တော့ ရှိသည်။ ထူးဆန်း



သည်မှာ ထိုဆင်ရုပ်တု ခြေထောက်တစ်ဖက်ကို သံကြိုးကြီးနှင့် ချည်နှောင်ထားခြင်းဖြစ်သည်။

နေ့စဉ် နေ့ဖြစ်စေ၊ ညဖြစ်စေ၊ အချို့သော ရွာသူရွာသားများက ဤနတ်နန်းဆောင်များတွင် အမွှေးတိုင်၊ ဖယောင်းတိုင်များ လာရောက် ထွန်းညှိပူဇော်ကာ ဆုတောင်းကြခြင်းမျိုးကိုလည်း တွေ့ရှိရသည်။ ဆင်ရုပ်တုရှေ့မှာလည်း ဖယောင်းတိုင်၊ အမွှေးတိုင်ထွန်း၍ ဆုတောင်းကြသည်။ ဆင်ရုပ်တုမှာ အစွယ်ရှိသဖြင့် ဆင်ထီးဟု သိနိုင်သည်။

ဆင်ရုပ်တုကို ဘာကြောင့် နတ်ကွန်းမှာ ထား၍ ပူဇော်ကြပါသလဲ။ ခြေထောက်ကို ဘာကြောင့် သံကြိုးချည်ထားရပါသလဲဟု ကျွန်ုပ်က မေးမြန်းစုံစမ်းကြည့်သောအခါ···

"ဟိုး နှစ်ပေါင်းများစွာက ဒီရွာကို စတင်တည်ထောင်ချိန်မှာ ဒီဆင်ရဲ့ ကူညီမှုအများကြီး ရရှိခဲ့ပြီး၊ ဒီဆင်ကြီးသေလွန်ပြီးတဲ့နောက်မှာလည်း နတ်အဖြစ်နဲ့ ဒီရွာကို ဘေးဥပဒ်အန္တရာယ်တွေ မဖြစ်စေအောင် ကာကွယ်ပေးတယ်လို့ ဘိုးဘေးဘီဘင်အဆက်ဆက် ယုံကြည်ခဲ့ကြတယ်။ အရေးကြီးတဲ့ အချိန်အခါ အခြေအနေမျိုးမှာလည်း ရွာသူရွာသားတစ်ဦးဦးကို အိပ်မက်ပေးလေ့ရှိတယ်။ ဒီရွာမှာ လူတွေအန္တရာယ်အကြီးအကျယ်ဖြစ်လောက်အောင် မီးမလောင်ဘူး၊ ရေမလွှမ်းဘူး၊ လေမကြမ်းဘူး၊ တောင်မပြိုဘူး၊ သူခိုး ဓားပြမရှိဘူး၊ အစိုးရစစ်တပ်၊ ရဲတပ်ဖွဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ ဒီရွာထဲမှာ ရွာသူရွာသားတွေ သေကြေဆုံးရှုံးလောက်အောင် အိုးအိမ်စည်းစိမ် ပျက်ပြားလောက်အောင် တိုက်တာ ခိုက်တာတွေလည်း မရှိဘူး။ ဒါဟာ ဒီဆင်နတ်မင်း ကာကွယ်ပေးတာလို့ ဒီမှာ ယုံကြည်ကြတယ်။

တစ်ခါတုန်းက ဒီဆင်ရုပ်တု ဒီနေရာက ပျောက်သွားဖူးတယ်။ ရွာသားတွေက နေရာအနှံ့ လိုက်ရှာကြပေမယ့် လုံးဝ ပြန်မတွေ့ကြဘူး။ တစ်ညမှာ ရွာသားတစ်ဦးကို အိပ်မက်ပေးတယ်။ "သူ့ကို ဂရုမစိုက်ကြလို့ ဒီမှာ မနေချင်တော့ဘူး။ ဒါကြောင့် သံလွင်မြစ်ထဲကို ဆင်းသွားပြီ။ သူ




www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်မယ်ဆိုရင်တော့ မြစ်ထဲက (-----)နေရာမှာ လာရှာပါ"လို့ ပြောတယ်။ ဒါကြောင့် အိပ်မက်အတိုင်း ရွာသူရွာသားတွေဟာ သံလွင်မြစ်ထဲက သူပြောပြတဲ့ နေရာကို သွားရှာတော့ ဆင်ရုပ်တုကို ပြန်တွေ့ကြတယ်။ အဲဒီအချိန်က စလို့ နောက်တစ်ခါ ခုလို မဖြစ်ရအောင် ဆင်ရုပ်တုခြေထောက်ကို သံကြိုးနဲ့ ချည်ထားပြီး သူ့ကို ရေကပ်လှူခြင်း၊ အမွှေးတိုင်ထွန်းလှူခြင်း၊ ဖယောင်းတိုင်ထွန်းလှူခြင်းမှန်မှန် လုပ်ပြီး ဂရုစိုက်ခဲ့ကြတယ်။ ဒီဆင်နတ်မင်းကိုလည်း ရွာရဲ့ ဘိုးဘေးအဖြစ် အသိအမှတ်ပြု ကိုးကွယ်အားထားကြပါတယ်"



ဟု ဒေသခံ သက်ကြီးရွယ်အို ရှေ့မီနောက်မီ ကရင်တိုင်းရင်းသားကြီးတစ်ဦးက ရှင်းပြပေးပါသည်။ ဂမ္ဘီရနယ်ပယ်မှာ အထူးအဆန်းတွေ များစွာရှိပါသည်။ ယခု ဆင်နတ်မင်းရုပ်တုသည်လည်း အထူးအဆန်းများထဲက တစ်ခုသာဖြစ်ပါသည်။ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ ဆိုသော နိုင်ငံအတော်များများသို့ ဤရွာမှ လူငယ်လူရွယ် အမျိုးသား၊ အမျိုးသမီးတို့ သွားရောက်လုပ်ကိုင်လျက်ရှိကြရာ ကျန်ရစ်ခဲ့သော မိဘ၊ ဇနီး၊ ခင်ပွန်းစသည်တို့က ဤဆင်မင်းရုပ်တုရှေ့မှာ လာရောက် ဆုတောင်းပေးလေ့ရှိသည်။ ပြည်ပသွားရောက် လုပ်ကိုင်နေသူတို့ကျန်းမာ ဘေးကင်း၊ အသက်ရှည်၊ အဆင်ပြေ ကံကောင်းနေဖို့ကိုလည်း ဆုတောင်းပြည့်ကြောင်း ယုံကြည်ကြပါသည်■


* * *

ဆရာကြီးဦးအောင်မြိုင်



www.burmeseclassic.com

www.burmeseclassic.com



# လိုတရတဲ့ ငွေဝင် စဖ

▬ မဟေက်ဂနီ (သမထ) ▬

ဝင်းမြင့်တစ်ယောက် ကျွန်တော့်ထံသို့ ရောက်လာချိန်မှာတော့ မနက် ၁၀နာရီရှိပြီ။ မျက်နှာကတော့ သိပ်မကောင်း။ ကျွန်တော်ကတော့ သိလိုက်ပါပြီ။ ဒီကောင် ငွေပြတ်နေပြီလို့။ သို့သော် ဒီကောင် ကျွန်တော့်ထံ လာတာက ငွေချေးဖို့မဟုတ်။ အစီရင်တစ်ခုခုလုပ်ခိုင်းမလို့။

ကျွန်တော်တွက်ထားသည့်အတိုင်းပင်။ ကိုယ့်ဆီလာတဲ့ ပရိသတ်တွေရဲ့ အထာကို ကောင်းကောင်းကျက်မိနေပြီပဲ။

"ကဲ···ပြော၊ မင်း ငါ့ကို ဘာတွေ ဒုက္ခပေးဦးမလို့လဲ"

ကျွန်တော်က ပြောတော့ ဝင်းမြင့်က စပ်ဖြီးဖြီးဖြင့်ဖြေ၏။

"ညက ရှုံးပြန်ပြီ ကိုညီရာ။ ပွဲပြီးခါနီးမှ ကပ်သွင်းသွားတာ"

ဝင်းမြင့်က ဘောလုံးပွဲ ဝါသနာအိုး။ သမင်မွေးရင်းကျားစားရင်းဖြစ်ပေါင်းများတာကိုလည်း နောင်တ မရသေး။

"ဒီမှာ ဝင်းမြင့်··· ဒီကိစ္စတွေ ငါ မသိဘူး။ နားလည်းမလည်ဘူး။ ဝါသနာလည်း မပါဘူးဆိုတာ မင်းသိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"သိပါတယ် ကိုညီ။ ကျွန်တော် အခုလာတာက သတ်တလော အမြန်ငွေဝင်တဲ့ အစီအရင်လေးတစ်ခုလုပ်ပေးဖို့ပါ။ ကူညီပါဗျာ"

"ခက်တယ် ဝင်းမြင့်ရာ။ မင်းကိုလည်း ပြောပေါင်းများပြီ ငွေဝင်ဖို့ဆိုတာ ငွေဝင်လမ်းကြောင်းတစ်ခုတော့ ရှိရမယ်လို့။ အလိုလိုနေရင်းနဲ့ ငွေထုပ်ကြီး ခေါင်းပေါ် ကျလာနိုင်ဖို့ ကတော့ သိန်းထီပေါက်မှ ဖြစ်မယ်။ ဒါမှမဟုတ်ရင်တော့ လမ်းမှာ စိန်လက်စွပ်ကောက်ရမှ ဖြစ်မယ်"

ကျွန်တော့်စကားကြောင့် ဝင်းမြင့်က ခေါင်းကုတ်၏။ မျက်နှာကတော့ ခပ်ဖြီးဖြီးပင်။

"ကိုညီကလဲဗျာ၊ စကားပြောရတာ သိပ်လက်ပေါက်ကတ်တာပဲ။ အချင်းချင်းတွေပဲဟာ"

"အေးလေ၊ အချင်းချင်းတွေမို့ ဒီလောက်ပြောနေရတာပေါ့။ တခြားလူဆိုရင် လုပ်ပေးလိုက်တာ ကြာပြီ"

"ဗျာ၊ သေစမ်းဟဲ့ . . . ကြီးတော်တွေ"


"ဟိတ် . . . မဆီမဆိုင် ကြီးတော်တွေကို သေခိုင်းမနေနဲ့ ထပ်ပြီးတော့လည်း နားငြီးအောင် ပြောမနေနဲ့။ ငါ့မှာ အသင့်ဆွဲပြီးသား စမတစ်ခုရှိတယ်။ ယူသွားလိုက်။ ဘယ်လိုလုပ်ရမယ်ဆိုတာ ရှင်းပြမယ်။ အသေအချာမှတ်သွားဦး"

ထိုသို့ဖြင့် ကျွန်တော်က ဘုရားစင်ပေါ်ရှိ စက္ကူဘူးလေးထဲမှ စမတစ်ကွက်ကို ထုတ်၍ ဝင်းမြင့်အား ပေးလိုက်သည်။ ၎င်း စမပုံမှာ အောက်တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်၏။ ပြုလုပ်ဆောင်ရွက်ရမည့် အစီရင်များကို ရှင်းပြပြီးနောက် ဝင်းမြင့်တစ်ယောက် ကျေနပ်စွာဖြင့် ပြန်သွားလေတော့သည်။ ထိုစမမှာ ငွေဝင်ရန်အတွက်သာမဟုတ်၊ ဥဏ်ရှိသလို သုံးစွဲနိုင်ပါသည်။

အင်္ဂါနေ့တစ်နေ့၏ နေအပြင်းဆုံးအချိန်တွင် မှိုင်းခံစက္ကူ သို့မဟုတ် ရွှေပြား၊ ငွေပြားတွင် စီရင်ရေးသား၍သော်လည်းကောင်း၊ ထိုစမပုံကို မိတ္တူကူး၍သော် လည်းကောင်း၊ တစ်ထောင်တန် ငွေစက္ကူအသစ်ပေါ်တွင် ရေးဆွဲ၍ ပလတ်စတစ်လောင်းကာ ဆောင်ခြင်းဖြင့် ငွေကြေးလာဘ်လာဘတို့ အထူးဝင်ကြောင်း သာဓကများ ရှိခဲ့ပြီးဖြစ်ပါသည်။

ထိုမျှမက အပူပင်သောက ဝေးခြင်း၊ စီးပွားဥစ္စာများ တိုးတက်လာစေခြင်း၊ လုပ်ကိုင်သမျှ အမှန်တွေ ဖြစ်လာခြင်း၊ ကူညီမ,စမည့်သူများ ပေါ်များလာခြင်း၊ မင်းစိုးရာဇာတို့၏ အရေးပေးမှုကို ရရှိလာရခြင်း စသော ကောင်းကျိုးများနှင့် ပြည့်စုံလာနိုင်ပါသည်။

ရွှေ ငွေ၊ ကြေးပြားပေါ်တွင် ချ၍၊ ၎င်းအပေါ်မှ



ငွေဝင်စမ

ဖယောင်းမီး ပူဇော်သမှု ပြုနိုင်ပါသည်။ မှိုင်းကိုင် စက္ကူဖြင့် သုံးပါက တစ်လတွင် သုံးစောင်ထက် ပိုမလုပ်ရဟု ဆရာ အမှာရှိပါသည်။

အချုပ်ဆိုရသော် ကြံသမျှအောင်၊ လိုတရတဲ့ ငွေဝင်စမကို ယုံကြည်စွာ ပူဇော်ကိုးကွယ် အဆောင်အရွက်ပြုခြင်းဖြင့် သုခမင်္ဂလာ ကောင်းကျိုးချမ်းသာတို့ ရမည်ကား မလွဲပင်။ ထို့ကြောင့်လည်း ခုနစ်ရက်သားသမီးတို့အကျိုးအတွက် မျှော်ကိုး၍ ပညာရပ်တစ်ခုကို ရှာဖွေလေ့လာ ဖော်ထုတ် တင်ဆက်လိုက်ရပါတော့သည်■

* * *

မဖော်ဂနီ(သမဓ)

www.burmeseclassic.com

တပေါင်းလသို့ ပင်တိုင်သော် လည်း ဝေပုလတွင် အေးမြ၍ နေပေ သည်။ အောက်ခြေရှင်းနေသော တော အရေးသည်လည်း ပန်းနံ့တို့ဖြင့် သင်း ပျံ့နေ၏။ အုပ်ဆိုင်းနေသော ကနစို တောကြီးထဲမှ ဥဩသံက နွေဦးကို လွမ်းစရာ ဖန်ဆင်းနေသလိုပင်။ ကြည့် လိုက်တိုင်း စိမ်းညို့ ပြာဝေနေသော




www.burmeseclassic.com

www.burmeseclassic.com

တောင်တန်းများသည် တစ်ခါက လျှမ်းလျှမ်းတောက်ခဲ့သော သုဝဏ္ဏဘူမိ ရွှေနိုင်ငံ၏ မြို့ရိုးများလို ကာဆီးသွယ်တန်း၍ နေပေသည်။ လှလိုက်တာဟု စိတ်ထဲက ကျိတ်ပြီး ရေရွတ်မိ ရုံမှအပ သင်းသင်းနှုတ်ကဖြင့် ဘာမှ ပြောစရာမရှိ။

"ကဲ···အဲဒီ ကနုတ်ပင်ရိပ်မှာ ဘသမီးက ထိုင်၊ ငါ့မြေးမလေးက အဲဟိုဘက်က ကျောက်ဖျာလေးမှာ ထိုင်ပေါ့။ ဘဘ တော်နေကြာ တစ်ခေါက်လာကြည့်ဦးမယ်"

"တင်ပါ့ ဘုရား"

သင်းသင်းတို့ သားအမိမှာ နွေကျောင်းပိတ်ရက်အတော်များများတွင် ရန်ကုန်မှတစ်ဆင့် အမျိုးများရှိရာ သထုံ



www.burmeseclassic.com

www.burmeseclassic.com

သို့ လာလည်ရင်း ဝေပုလတောင်ကြော၌ တရားထိုင်လေ့ရှိကြ၏။ ဘုန်းဘုရားကို ပူဇော်ကန်တော့ပြီးနောက် ဆရာတော်က သူ့ကျောင်းလေးမှာပင် သင်းသင်းတို့ကို တရားနည်းလမ်းများ ပြသပေးသည်။ သည့်နောက်မှာတော့ ကိုယ်တိုင်ကိုယ်ကျ ကိုယ့်တရားကို ကိုယ့်ကိုယ်တွင်းမှာသာ ရှာကြရန်၊ ကိုယ့်တပည့်သားမြေးလိုဖြစ်နေသော မေမေနှင့် သင်းသင်းကို ဆရာတော်ဘုန်းဘုရားက သူကိုယ်တိုင်ပင် တရားထိုင်ရမည့်နေရာ လိုက်ပြနေခြင်းဖြစ်၏။

မကြာမီတွင် သူ့တောကျောင်းလေးသို့ ပြန်လည် ကြွမြန်းသွားသော ဘုန်းဘုရား၏ သစ်ခေါက်ဆိုး သင်္ကန်းစသည် စိမ်းမှောင်သော တောနှင့် ထွေးရောသွားခဲ့ပြီ။ မေမေကလည်း ကနစိုပင်အောက်တွင် စိတ်ချလက်ချ တရားမှတ်နေပေပြီ။ ငယ်နုသော သင်းသင်းစိတ်ထဲတွင်တော့ တရားမထိုင်ချင်သေး။ တောပန်းလေးများ လျှောက်ခူးကာ တေးတကြော်ကြော် ဆိုမနေချင်မိသည့်တိုင် လှပသော တောအရေးကိုတော့ ငေးကာ တွေး၍ ဆွေး၍သာ နေချင်ပေသေးသည်။ သည်မျှ သာယာအေးချမ်းပြီး၊ စိတ်ကူးယဉ်လောက်အောင် လှပလွန်းသည့် ဤနေရာမျိုးတွင် ချစ်သောသူ ကိုစောဝေကို သတိရနေမိသည်ကလည်း အပြစ်မဆိုသာပါဘူးဟု ကိုယ့်ကိုယ်ကိုယ်လည်း ဖြေဖြေလျော့လျော့လေး အားပေး၊ ခွင့်လွှတ်နေမိပြန်၏။

နေလယ်ခင်း မွန်းတည့်ချိန်လွန်ပြီဖြစ်၍ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေကာ ကျေးငှက် သာရကာသံလေးများကသာ လွမ်းစဖွယ် ပေါ်လာ၏။ ဝါကြန့်ကြန့် သစ်ရွက်တစ်ရွက် ဝေ့ဝဲကျဆင်းကာ ပခုံးပေါ် တင်လာသဖြင့် သင်းသင်း အသာငုံ့ကြည့်မိသည်။ ကြွေနှင့်ပြီးသော ရွက်ကြွေတို့သည် ရွှေညိုရောင် ကော်ဇောနယ်ပင် သူ့အနီးတွင် ပြန့်ကြဲနေကြသည်။ သဘာဝတရားက ခင်းပေးထားသော သစ်ရွက် ကော်ဇောပေါ်တွင် သင်းသင်း အသာထိုင်ချလိုက်တော့ ကျိုးကျိုးကျည်ကျည်မြည်သွားလေ၏။ သည်အသံလေးကိုပင် သူချစ်သွားမိပြန်ပေါ့။

သို့သော် တောရိပ်တောင်ရိပ်ကို တကူးတက လာရောက်မိပြီးမှတော့ လာရင်းကိစ္စကို အမိက ထားပြီး လုပ်ကိုင်ဖို့ သင်းသင်း ပျံ့လွင့်နေသော အာရုံများကို ပြန်လည်စုစည်းလိုက်၏။

မျက်စေ့ကို အသာမိတ်ကာ ထွက်သက် ဝင်သက်ကို မှတ်နေစဉ်တွင် ပန်းတို့ဖြင့် မွှေးမြမြရှိနေသော သစ်ပင်နံ့လှူသည့် စိမ်းဆတ်ဆတ် လေပြည်သည် သူ့အပါးတွင် လှုပ်ရှားနှောကလှနေပေသည်။ အဝေးမှ လွမ်းမောဖွယ် ဥဩငယ်ကတော့ လေးလေးတွဲ့တွဲ့နှင့် နွေဦးသီချင်းကို သီဆိုနေလေသည်။

◈◈◈

သူ့ရှေ့တူရူတွင် မင်းလမ်းမကြီးသည် ပြန့်ပြူး ဖြောင့်တန်း၍နေကာ ဟိုအဝေးမှ မြို့တံခါးဝကိုပင် လှမ်းမြင်နေရပေသည်။ မြို့ရိုးအမြင့်ကြီးများမှာ စိမ်းညိုသော စဉ့်ရည်သုတ် အုတ်ချပ်ကြီးများဖြင့် ဆင့်ကာစီကာ တည်ဆောက်ထား၍ ဟိုအဝေးမှ ပြာပြာမှောင်ညိုသော တောင်တန်းကြီးများနှင့် ရောနေသလိုပင်။ အဆောင်တော် ပြတင်းပေါက်နားတွင် ပေါက်နေသော အင်ကြင်းပင်ပျိုမှ ပွင့်ဖတ်နဝါဝါလေးများသည် သူ့ခြေရင်းရှိ ဖလ်သားကြမ်းပြင်တွင် ပြန့်ကြဲနေကြသည်။ ပွင့်ဖတ်အချို့ကတော့ အတန်ကြာ ငြိမ်ဆိတ်စွာ ရပ်နေမိသော သူ့ခြေဖမိုးပေါ်တွင်ပင် တင်နေပေသေး၏။

သူ့မျက်စေ့များကို အပြင်ရှုခင်း များမှ အသာခွာရင်း အပါးတွင် ထောက်ကာ ကမ်းပေးနေသော အ တော်လေး "အိုမန္တတ်" ထံမှ ကြေးမုံ လှမ်းယူလိုက်၏။ ကြေးမုံပြင်ထဲတွင် ပေါ်လာသော သူ့အရိပ်သည် ပြုံး နေကာ မျက်လုံးဝိုင်းကြီးများက ရ နေကြသည်။ မှင်သေ့မှောင်မှောင်သ ထားသော မျက်ဝန်းညိုများသည် ကြ စင်စွာ ငွေပြာရောင် တောက်နေ မျက်တောင်ကော့ရှည်ရှည်ကြီးမျာ မြူးပျံ့နေကြသည်။ ဦးခေါင်းထက် အင်ကြင်းပန်းတို့ဖြင့် သွယ်လှယ်ထာ သောဆံကေသာ ပုံစံသစ်သည် ယ ကာလတွင် ခေတ်စားနေသော ဒွါ ဝတီတိုင်း၊ ခမယ်နိုင်ငံအသွင် အဆ အယင်သစ်ဖြစ်၍ ထူးဆန်းသလို လည်း လှပါပေသည်။

"ယာဉ်သာ အဆင်သင့် သခင်မ"

သူ ပြန်လည်ကမ်းပေးလိုက် သော မြကြေးမုံကို အသာလှမ်းယူရင် အပျိုတော်မလေး အိုမန္တတ်က ရို စွာ လျှောက်ထားလိုက်၏။ ထိုနောက် မခွိုမတိုင်းဖြစ် ရင်လွှမ်းတော်ကို က ပေးပြန်သည်။ ငွေမြို့ရောင် ရင်လွှမ်း ခြုံရင်း သခင်မသည် ကြွသားလှေ ထစ်များမှ တစ်လှမ်းချင်း ဆင်းလာ သည်။ ကျောက်သားနှင့် ရွှေစင်ခြေ ဖိနပ်တို့ ထိခတ်သံသည် တချွင်ချွ စည်းဝါးတကျသော လင်္ကာတစ်ပု ရွတ်ဆိုလိုက်သည့်နယ် ထွက်ပေါ်လာ ၏။ ယာဉ်သာဘေးတွင် နင်းတက် ချထားပေးသော ကတ္တီပါဖုံပေါ်သို့ ခြုံလေးများ ဆင်ထားသည့် တစ်ဖက်လှမ်းတင်ပြီး သခင်မသည် ညင်သာစွာ၊ သို့သော် သွက်လက်စွာ

www.burmeseclassic.com

ခြေလှမ်းတို့ဖြင့် ယာဉ်သာအတွင်းသို့ ဆက်ရောက်သွားလေသည်။ နှိုနှစ်လိုမြှုသော ပိုးစသည် လေတွင် တနွဲ့နွဲ့ ယိမ်းနေသလို၊ သခင်မသည် ထပ်းစင်ယာဉ်သာပေါ်၌ တနွဲ့နွဲ့နှင့် ပါသွားသည်။ ရေမှ မင်းခယောက်ျား၏ ရွှေကြိမ်ဝင့်ကာ ဝင့်ကာနှင့် ဖော်ဟစ် သတင်းပေးနေသံကို ကြားလျှင် လမ်းသွားလမ်းလာ လူများသည် အသာယို့ကာ လမ်းဘေးသို့ ဆင်းပြီး မြေအပြင်၌ ဆပ်၍ ပုဆစ်ဒူးတုပ် ခေါင်းငုံ့ ခစားကြလေ၏။

"မနုရာဇာမင်းကြီး သမီးတော် သီရိစန္ဒာ သခင်မ ထွက်တော်မူလာပြီ။ ယိမ်းကြစေ၊ ယိမ်းကြစေ"

◈◈◈

လှိုင်းတို့သည် ဟိုအဝေးမှ အမောတကော ပြေးလာကြကာ သခင်မ၏ ရွှေခြေနင်းတော်နားရောက်လျှင် ရပ်သွားကြတော့၏။ ပြီးတော့ နောက်တစ်ခါ ပြေးလာကြပြန်သည်။ သခင်မ၏ ငွေရင်လွှမ်း ပဝါသည် လေထဲတွင် လွင့်၍လွင့်၍နေပေသည်။ နေဝင်တော့မည် ဖြစ်ပါသော်လည်း သခင်မသည် ဇာခြည်လှိုင်းသပ်သော ထိုကမ်းစပ်သောင်ပြင်တွင်ပင် ကျောက်ဆစ်ရုပ်လို ရပ်နေမြဲ။ သူ့အပါးမှ တစ်ယောက်သောသူသည် ကျောက်ဆောင်စွန်းပေါ်တွင် ထိုင်နေရာမှ အသာထရပ်ကာ သခင်မ၏ လက်တော်ကို ကြင်နာစွာ ဆွဲယူလိုက်၏။ အဝေး မိုးကုတ်စက်ဝိုင်းအစပ်တွင်ကား လိမ္မော်ရောင် နေလုံးဝိုင်းကြီးသည် ပင်လယ်ပြင်ထဲသို့ နှစ်မြှုပ်စပင် ပြုနေပေပြီ။

"ဒီတစ်ခါ မောင်မောင် ဆင်နွှဲရမယ့် စစ်ကတော့ ကြာညောင်းလိမ့်မယ် ထင်ရတယ် အို…စန္ဒာ။ မနုရာဇာသခင်ကိုယ်တိုင်လည်း ဦးစီးပြီး စစ်ခင်းပေလိမ့်မယ်။ ဒီစစ်ပွဲမှာ မောင်မောင့်အစွမ်းကို ရာမည်တိုင်း တစ်ခွင်တွင်သာမက၊ ခမယ်နိုင်ငံကပါ သိရှိသွားစေရမယ်"

ထို "နေလုလင်"၏ နိုင်ကျည်သော အသံသည် တိတ်ဆိတ်နေသော ငွေသောင်ယံပေါ်တွင် ပဲ့တင်ထပ်သွားသလို ရိုက်ခတ်မှု ရှိသည်။ ခက်ထန်သော မျက်နှာတော်ပိုင်ရှင်ကား မင်းမနုရာဇာ၏ အိမ်ရှေ့စံ သားတော် "သူရိယကုမာ"။

သူ့ မဟာနန္ဒာအလယ်တွင် စည်းထားသော ပတ္တမြားကြိုးအောက်မှ ဆံပင်ရှည်များသည် ပခုံးထက်တွင် ဝဲနေကြကာ ဆင်မြန်းထားသော နီမောင်းသည့် ကြက်သွေးရောင်ရင်ဖုံး ပိုးသားနှ ဝတ်လဲတော်က လေပြည်ထဲတွင် ယိမ်းနွဲ့ လှုပ်ခတ်နေလေသည်။ ဝင်လုလု နေရောင်၏ အဖျားခတ် အနားသတ်ပေးမှုက ဝတ်လဲတော်အနားသားများကို ရွှေရေးကွပ်ထားသည့်နှယ်။

"မောင်မောင်… စန္ဒာ ရင်တွေ လေးလှပါတော့တယ်။ သည်စစ်ပွဲကို နှစ်ဖက်လုံးက ထိပ်တိုက် မရင်ဆိုင်၊ မဆင်နွှဲကြဘဲ အနုနည်းနဲ့ ဆွေးနွေးညှိနှိုင်းပြီး ကျေအေးကြရင်ဖြင့် သင့်ကောင်းမယ် ထင်ပါရဲ့"

ရာဇသွေးတို့ စီးဆင်းနေသော ထိုသခင်မသည်လည်း မိန်းမသားပေပဲမို့ စိုးရိမ်ကြောင့်ကြစိတ်တို့က သူ့စကားတွင် စွန်းထင်း လူးပေနေ၏။ ထို့ပြင် ဉာဏ်ပညာ မနုနဲ့သူမို့ ဝေဖန်အကြံပေးမှုလည်း ပါဝင်နေလေသည်။ နေလုလင်က လစန္ဒာ၏ ကောက်ချက်ချမှုကို စည်းမျက်နှာပြင်ကဲ့သို့ တင်းမာသော မျက်နှာထားနှင့် အလေးထား နားစွင့်နေဆဲ။

သခင်မ အိုစန္ဒာ့စကားမဆုံးခင်မှာပင် အပျိုတော် အိုမန္တတ် အနားသို့ ရောက်လာသည်။

"ရွှေနန်းတော်သို့ ပြန်ချိန်သင့်ပါပေါ့ သခင်မဖုရား"

မှန်ရဲ့ နေလုံးကြီးပင် စိမ်းမှောင်သွားသော ပင်လယ်ပြင်ထဲတွင် စုန်းစုန်းနစ်လို့ နေချေပြီ။ ငွေသဲပြင်သည်လည်း အကျနေခြည်ပက်မှုကြောင့် သွေးရောင်သို့ ပြောင်းသွား၏။ ဘယ်ဆီက ရောက်ရှိလာသည် မသိနိုင်သော မြူမှုန်တို့သည် ဝေ့ကာ ဝေ့ကာ မှိုင်းလာကြသည်။ ကျောက်ဆောင်ကမ္ဘားဆီမှ အသိုက်များထဲ အိပ်တန်းဝင်ရန် အုပ်စုဖွဲ့ ပျံသန်းနေကြသော ပင်လယ်ပျော် ငှက်များကား နောက်ဆုံးအသုတ်ထင်ရဲ့။

◈◈◈

သခင်မ၏ ရေတ္တူရွာတွင် များစွာသော လူတို့သည် တုတ်တုတ်မလှုပ် ငြိမ်သက်၍ နေကြလေသည်။ မင်းလမ်းမကြီး၏ ဝဲ-ယာဘက် တစ်ဖက်တစ်ချက်တို့တွင်ကား ဆင်တပ်၊ မြင်းတပ်များသည် အသင့်အနေအထားဖြင့် ငြိမ်သက်စွာ ရပ်တည်နေကြ၏။ စစ်သည်တော်တို့၏ ချပ်ဝတ်တန်ဆာများသည် နေရောင်တွင် ပြိုးပြက်နေကြကာ ဓားရောင်၊ လှံရောင်တို့သည် တညီးညီး တပြောင်ပြောင်ဖြင့် ဝင်း၍ဝင်း၍ နေကြသည်။ အနုရုဒ္ဓါသည် ပတ္တမြားလုံတံတော်ကို မြဲမြံစွာ ဆုပ်ကိုင်ကာ မုန်ယစ်သော တိုက်ဆင်ပေါ်တွင် မာန်၊ ထန်အပြည့်ဖြင့် ထိုင်တော်မူနေ၏။ မင်းတို့၏ ရွှေချပ်ဝတ်တန်ဆာတော်ကြောင့် ဝင်းပြောင်လင်းလက်ကာ ရွှေရုပ်တုသွန်းလုပ်ထားလိုပင် ခန့်ညား၍နေပေ၏။

မင်းအနုရုဒ္ဓါအပါးမှ အခြားသော ဆင်ပေါ်တွင်ကား စစ်ဦးဆင်


www.burmeseclassic.com

www.burmeseclassic.com

"မနုရာဇာ"သည် ညိုးနွမ်းစွာ ထိုင်နေလေ၏။ သွင်ပြင်ဟန်ပန် နွမ်းရော်နေသော်လည်း သူ၏ မျက်လုံးများကား လက်ကျန် ရာဇမာန်ဖြင့် ဝင်းလက်နေပေသေးသည်။

သခင်မသည် ကျောက်ဖြူလှေကားမှ ဖြည်းညင်းစွာ ဆင်းလာခဲ့သည်။ ရွှေဖိနပ်သံတချွင်ချွင်မှတစ်ပါး ပတ်ဝန်းကျင်သည် အပ်ကျသံပင် ကြားရလုမတတ် တိတ်ဆိတ်နေ၏။ သူ၏ ဝတ်လဲတော်မှာ ရွှေစင်အတိဖြစ်ကာ ဆင်မြန်းထားသော ရတနာများမှာလည်း အကောင်းဆုံးများကိုသာ ရွေး၍ ဆင်ထားခြင်းဖြစ်ရာ ကွန့်မြူးရစ္စာ ပြိုးပြက်နေသည်။ ဦးခေါင်းမှ ဆင်မြန်းထားသော ရတနာဥဿျှောင်မှာ ရာမညတိုင်းဟန်အစစ်ဖြစ်၍ မိုးအထက်သို့ အချွန်အတက်များဖြင့် ထိုးထွက်ပျံ့ကြွနေ၏။

အခါတိုင်းဆိုလျှင် ခေတ်ပြိုင်ဖြစ်သော ဒွါရာဝတီတိုင်း ခမယ်ဟန်ဖြင့်သာ အလှခြယ်သလေ့ရှိသော သခင်မသည် ယနေ့မှ ထူးထူးခြားခြား ကိုယ့်ဇာတိမျိုးရင်း ရာမညဟန်စစ်စစ်ဖြင့် ဆင်မြန်းထားရာ သုဝဏ္ဏဘူမိပြည်သူတို့သည် ငေး၍သာ ဖူးမြော်ရင်း တအံ့တသြကြည့်နေမိကြသည်။ လှေကားရင်းတွင် ဆိုက်ရောက်လာသော စံနိုင်မင်းအနုရုဒ္ဓါ၏ ရွှေသန်လျင်း(Palanquin) ပေါ်သို့ ရာဇဏ္ဏမြှေမပျက် တက်သွားသော စန္ဒာသခင်မ၏ မျက်နှာသည် နုပျိုရွှယ်နှင့်မမျှ ခက်ထန် တင်းမာလှချေသည်တကား။

◈◈◈

ကြံ့ခိုင်သော ပုဂံသားလုလင်တစ်ဆယ့်ခြောက်ယောက်ထမ်းသော စန္ဒာသခင်မ၏ ရွှေသန်လျင်းသည် ရာမညပတိုင်း၊ သုဝဏ္ဏဘူမိ ရွှေပြည်ကြီး၏ နန်းတော်ဦးတံခါးဝသို့ ရောက်ရှိလာ၏။ မုခ်ဝ၏ တစ်ဖက်တစ်ချက်စီတွင် ရှိနေကြသော စေတီတော် နှစ်ဆူကို သခင်မက လက်အုပ်ချီ၍ ဖူးမြော် ဦးတင်လိုက်သည်။ နောက်ဆုံးသော ဦးခိုက်မှုမို့ သခင်မသည် ပိုမိုအလေးအနက်ထားကာ အာရုံပြုနေမိတော့သည်။

နန်းတော်ဦး ဝဲဘက်အရပ်မှ စေတီတော်၏ ခေါင်းလောင်းပုံ ကိုယ်ထည်တွင် "လစန္ဒာ"အမှတ်အသား ယုန်ရုပ်ကို ခတ်နှိပ်ထားကာ "သီရိစန္ဒာ"ဟူသော သခင်မ၏ ဘွဲ့အမည် ရေးထိုးထားသည့် စာတန်းတော်ကိုလည်း အောက်ဘက်နားဆီတွင် ရေးထိုးထား၏။ ယင်းကား ပုဂံသားစစ်သည်တော်တို့ သုဝဏ္ဏဘူမိ ရွှေမြို့တော်ကို ဝိုင်းထားစဉ်ကပင် သခင်မသည် သူ၏ လက်ဝတ်ရတနာများနှင့် နန်းစဉ် ပစ္စည်းများကို ဌာပနာကာ တည်ထားလိုက်သော နန်းဦးစေတီသာတည်း။

ယာဘက်ရှိ စေတီကား ပုဂံသားတို့ အခေါ်တော် လွှတ်လာသော သန်လျင်းတော်အနီး ရောက်ခိုက်မှပင်၊ စေတီတော်အောက်ခြေရှိ တစ်ဝဂ္ဂကို ပန်းရံသည်တို့သည် ပိတ်ပြီး၊ လက်စသတ်နေကြဟန်ပင်။ ဂူပေါက်ဝသည်ပင် မခြောက်တခြောက် စိုထိုင်းသော အင်္ဂတေဖြင့် မှိုင်း၍နေကာ၊ ယင်းအပေါ်တွင် "သူရိယာနေမင်း"၏ အမှတ်တံဆိပ် ခေါင်းရုပ်ကို ခတ်နှိပ်ထားသည်ကိုလည်း တွေ့ရှိရပေမည်။

ရွှေသန်လျင်းအပါးတွင်တော့ စန္ဒာသခင်မ၏ အပျိုတော် "အိုမန္ဒတ်" သည် တစ်ကိုယ်လုံးကို ဖြူသော ရထည်းဖျင်ဖြင့် ဆင်ထားကာ၊ ခေါင်းတွင်လည်း ဖြူသော ခေါင်းဆောင်းကို ဆောင်း၍ သူ၏ သခင်မကို နော[illegible] ဆုံးသော ဂါရဝပြု နှုတ်ဆက်ခြင်း[illegible] ပျပ်ဝတ်လျှက် ဝတ်ချနေ၏။ ရထ[illegible] ဖြူသည် ရာမညတိုင်း၏ ဝမ်းနည်း[illegible] ခလေ့ကို ဖော်ဆောင်သော နိမိတ်[illegible] အရောင်ပင် မဟုတ်ပါလား။

သူရိယစေတီတော် အောက်[illegible] တွင် သူရိယာကုမာ၏ သက်မဲ့ [illegible] အလောင်းတော်ကို မြှုပ်နှံရန် သခ[illegible] လျှို့ဝှက်စွာ အမိန့်တော်ချမှတ်သ[illegible] အတိုင်း တာဝန်ကျေစွာ ဆောင်[illegible] ပြီးစီးကြောင်းလည်း အိုမန္ဒတ်က သ[illegible] လက်အစုံကို ကြာမုံဟန်ပြု၍ ပြ[illegible] သူတို့ချင်းသာ သိနိုင်စွမ်းသော [illegible] လျှောက်မှုဖြင့် အသိပေး တင်လျှော[illegible] နေသည်။ သခင်မသည် ခေါင်း[illegible] တညိတ်ညိတ်ဖြင့် အိုမန္ဒတ်၏ ကျေ[illegible] တော်ကို သိတတ် နားလည်စွာ[illegible] လုပ်ဆောင်ပေးခဲ့မှုကို ကျေနပ်[illegible] အသိအမှတ်ပြုတော်မူ၏။

ထို့နောက်တွင်တော့ မျက်[illegible] ဖြင့်ပြီးသော အိုမန္ဒတ်အား သခ[illegible] သည် နှစ်သိမ့်ပေးခဲ့ဟန်၊ နှုတ်ဆ[illegible] သွားဟန်ဖြင့် ပြုံးကာ ပြုံးကာပြ[illegible] သန်လျင်းတော်ပေါ် လိုက်ပါ[illegible] ပုဂံမင်း၏ ခေါ်ဆောင်ရာသို့ တရွေ့[illegible] ပါသွားလေတော့၏။ အိုမန္ဒတ်က[illegible] ဖြိုင်ဖြိုင်ကျနေသော မျက်ရည်တို့[illegible] ရထည်းဖျင် အင်္ကျီလက်ရှည်၏ လ[illegible] ဖမိုးစဖြင့် တို့သုတ်မဆုံး ရှိနေ[illegible] သည်။

အိုမန္ဒတ်လို မျက်ရည်မကျ[illegible] နိုင်သော်လည်း သန်လျင်းတော်[illegible] လိုက်ပါသွားရသည့် သခင်မ၏ ရင်[illegible] သည်လည်း လှိုင်းထနေကြကာ [illegible] သားသည် ကြွေကျမည်ကဲ့သို့ ပြင်[illegible] လှုပ်ရှားနေ၏။ သူ့နောက်အပါး[illegible] ကျန်ရစ်ခဲ့သော သုဝဏ္ဏဘူမိတိုင်းအ[illegible]

www.burmeseclassic.com

သည် မမြင်ရလောက်အောင်ပင် မှောင်အတိကျသွားပေ၏။ သခင်မ အိုစန္ဒာအတွက်ကား သူ၏ နေမင်းကြီးသည်ညသည့်အခါမှ ထွန်းလင်းလာနိုင်တော့မည် မဟုတ်ပေ။

ထိုသို့ ဆက်လက် ခရီးကြောင်းနှင်နေစဉ် ပုဂံ မြင်းစီးသူရဲတစ်ယောက်သည် ရှေ့တပ်ဦးဆီမှ ခိုင်းစေ တာဝန်ပေးချက်အရ အိုစန္ဒာသခင်မ ရှိရာသန်လျင်းအပါးသို့ ရောက်ရှိကာ ခစားသာ၏။

"မှန်လှပါ ရာမညသခင်၊ အနန္တာအရှင်က မိန့်တော်မူလိုက်ပါတယ်။ စိတ်ရင်းအမှန်ဖြင့် မည်မျှပင် ကြိုးပမ်းကာ ရှာစေပါသော်လည်း သူရိယကုမာသခင်ရဲ့ ရုပ်အလောင်းတော်ကိုစစ်မြေပြင်တစ်ဝှမ်း ဘယ်နေရာမှာမှမတွေ့ရှိခဲ့ပါဘူးတဲ့"

မြင်းစီးသူရဲအား သခင်မသည်မှုကာ ဦးခေါင်းကို ငြိမ့်ပြလိုက်သော်လည်း မျက်လုံးများက ခက်ထန်ခြင်းဖြင့် ဝင်းပြောင်သွား၏။ လမ်းဘေးပိတောက်ပင်မှ ပိတောက်ပွင့်ဝါဝါတို့သည် လေအဝှေ့ဝယ် သခင်မခေါင်းပေါ်သို့တိုင် တဖွဲဖွဲကြွေကျနေပေသည်။ ပွင့်ကြွေတို့ကြောင့် တောလမ်းအကွေ့လေးပင် ရွှေပင်လယ်ဝါကြီးဖြစ်နေပေ၏။ သူ့အသည်းနှလုံးတို့သည်လည်း ပိတောက်ပွင့်ကြွေတို့နှင့်အတူ သုဝဏ္ဏဘူမိ ရွှေတိုင်းတွင် ကျန်ရစ်ခဲ့သည်ကိုတော့ အောင်နိုင်သူ ပုဂံပြည့်ရှင် အနန္တာမင်းကြီးသည် သိမှ သိပါလေစ။

တပေါင်းမင်းလွင်တို့သည် ဝေ့၍တက်လာကာ ပုဂံခရီးသည်တို့သည် ပုဂံသို့ ပြန်လည်ချီတက်ရာ လမ်းတစ်လျှောက်တွင် တဖြည်းဖြည်းမှေးမှိန်သေးငယ်သွားကြလေတော့သည်။

◈◈◈

စေတီထက်ဆီမှ ကြေးခေါင်းလောင်းငယ်တို့၏ အသံချိုလွင်လွင်လေးများအကြားမှ ဥသြငှက်သံသည်ပေါ်၍လာ၏။ သူ့မျက်စိထဲတွင် တရွေ့ရွေ့ ချီတက်နေသော ဆင်တပ်၊ မြင်းတပ်တို့လည်း မရှိကြတော့။ သူစီးလာသော ရွှေသံလျင်းလည်း မရှိတော့ပေ။ အိပ်မက်တစ်ခုမှ နိုးထခဲ့ပြီကော။ သို့သော် မျက်ရည်များသည် စိမ့်၍စိမ့်၍ကျနေကြဆဲ ဖြစ်သည်ကိုတော့ သင်းသင်း သတိထားလိုက်မိသည်။ သူ့အပါးတွင်တော့ ဝေပုလ၏ တောအရေးသည် မွှေးပျံ့သင်းထုံ၍နေချေသည်တကား။

ဝေပုလဆရာတော် ဘုန်းဘုရားက ကြာငုံဖူး လက်အုပ်ဖူးများဖြင့် ရှေ့ဆီသို့ လမ်းညွှန်ပြကာ· · ·

"ဒါဒီ ဘုရားဟောင်းနှစ်ဆူက ရှေးဘုရင်တွေ တည်ထားခဲ့တာလေ။ ဘွဲ့မည်တော်ကိုတော့ "စန္ဒာ-သူရိယ" လို့ ခေါ်ကြတယ်။ အရပ်ပြောပြောရရင်တော့ "နေဘုရား-လဘုရား"ပေါ့ကွယ်။ နှစ်ပရိစ္ဆေဒကြာခဲ့တော့ ပျက်စီးနေလို့ ဘုန်းဘုရားက ပြန်လည်ပြီး မွမ်းမံပြင်ဆင်နေရတာကွဲ့။ နေဘုရားကတော့ ပြီးလုပါပြီ၊ လဘုရားသာ ငွေနည်းနေနည်းလိုနေလို့ မပြီးသေးတာ"

ဆရာတော့်မိန့်မှာ စကားဆုံးသည်နှင့် မေမေက သဒ္ဓါထက်သန်စွာဖြင့်ပင် မဆိုင်းမတွ· · ·

"တပည့်တော်မတို့ ကုသိုလ်ပြုရင်း ဝင်လှူပါ့မယ် ဘုရား"

ဟု လျှောက်ထားလိုက်၏။ သင်းသင်းကတော့ ဆရာတော့်နောက်ပါးမှပင် မေမေနှင့်အတူ ငြိမ်သက်စွာလိုက်ပါလာသည်။ တရားထိုင်ရာတောအစပ်မှ တောရကျောင်းလေးသို့အပြန် လမ်းတွင် စန္ဒာ-သူရိယစေတီနှစ်ဆူအကြားမှပင် သူတို့ ဖြတ်ပြန်လာခဲ့ကြသည်။

စေတီနှစ်ဆူကြားမှ ကြည့်လျှင်မင်းလမ်းမလို ဖြောင့်တန်းသွားသောလမ်းဖုံဖုံကို မြင်နိုင်ပေသေး၏။ ထိုလမ်းမ၏ တစ်ဖက်တစ်ချက်တွင်ကားတောင်တန်းကြီးများသည် မြို့ရိုးရည်ကြီးများလိုပင် မားမားမတ်မတ်ကြီး ရပ်ကာ၊ ကာဆီး၍နေကြသည်။ သင်းသင်းမျက်စိထဲတွင်တော့ ရှေး ရာမညတိုင်း၊ နန်းတွင်းသူ အဆင်အယင်ဖြင့် တင့်တယ်နေသော သူ့ရုပ်သွင်ကိုသာ သူပြန်လည် မြင်ယောင်နေတော့သည်တကား။

ပြီးတော့ ဖျတ်ကနဲလို မြင်ယောင်လိုက်မိသည်က တည်ကြည်ရင့်ကျက်သော အိမ်ရှေ့စံ သူရိယကုမာ၏ မျက်နှာ။ သို့သော် ထိုမျက်နှာသည် သူချစ်သူ ကိုစောဝေနှင့်လည်းတူသလိုလိုဟု ဇဝေဇဝါဖြစ်မိသေးသည်။ ကိုဝေကတော့ သင်းသင်းကိုစ,လိုက် နောက်လိုက်နှင့် အတော့်ကိုပျော်ပျော်နေတတ်သူမို့ "တူတယ်လို့လည်း မဆိုနိုင်ပါဘူး"ဟု အယောင်ယောင် အမှားမှားနှင့် ခေါင်းကို မသိမသာ ခါယမ်းလိုက်မိပေ၏။

"နေမကောင်းဘူးလား သမီးငယ်၊ သစ်ရိပ်အောက်မှာ လေစိမ်းတွေ တိုက်ပြီး အအေးမိသွားတယ် ထင်တယ်။ အဲဒါကြောင့် အနွေးထည်ဝတ်ခဲ့ဆိုတာကို၊ သမီးက တယ်အအေးကြိုက်တာကိုး။ ရော့· · ·ရော့၊ မေမေ့ပဝါယူခြုံထားလိုက်"

မေမေက စိုးရိမ်တကြီး မေးနေပြန်တော့· · ·

"သင်း ဘာမှမဖြစ်ပါဘူး မေမေ။ မျက်လုံးထဲကို ပန်းဝတ်မှုန် ဝင်သွားလို့ပါ"

ဟု ပြန်ဖြေရင်း မေမေလှမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com

ခြုံပေးသည့် ပဝါကြီးကို လွင့်ကျမသွားအောင် လက်နှင့် အသာဆွဲထားလိုက်ရသည်။ ဘုန်းဘုရားကြီးကတော့ သင်းသင်းတို့ သားအမိ အကြင်နာပိုနေကြပုံကို ပြုံးပြုံးကြီး ရပ်ကြည့်နေ၏။ နို့နှစ်ရောင်ပေါ်မှာ သစ်ခက်စိမ်းလေးတွေ ကျိုးကျိုးကျဲကျဲ ထိုးထားသည့် မေမေ့ ကက်ရှမီးယားရော ပဝါကြီးက သင်းသင်းပခုံးထက်တွင် တိုးလိုးတန်းလန်းကျနေဆဲမို့ ငွေဖြူရောင် ရင်လွှမ်းပဝါကို အမှတ်ရစရာ ဖြစ်ရပြန်ပေါ့။ အရောင်ချင်း မတိမ်းမယိမ်းပေမယ့် မေမေ့ပဝါကြီးက ထူထူထဲထဲ သိပ်သိပ်သည်းသည်းကြီးမို့ ငွေဖြူရောင်ပဝါလိုလေတွင် လွင့်ပါးမနေပါ။

ဩော်…လွင့်ပါးဖို့ဆိုတာ ပေါ့ပါးဖို့လည်း လိုအပ်သည်ပဲလေ။ သင်းသင်းသည် ဘာရယ်မဟုတ်ဘဲ တစ်ချက်ပြုံးလိုက်ကာ…

"မေမေပဲ ခြုံထားပါ။ သင်းက အအေးဒဏ် ခံနိုင်ပါတယ် မေမေရဲ့"

ဟု ပဝါကို မေမေ့အား ပြန်ခြုံပေးလိုက်သည်။ ပြီးတော့ နောက်ကျောဆီဝယ် ကျန်ရစ်ခဲ့ပြီဖြစ်သော စန္ဒာသူရိယစေတီတစ်ဆူကို တစ်ချက်မျှ ပြန်ငေးကြည့်လိုက်မိပြီး မေမေတို့နောက် အသာပြေးလိုက်ခဲ့တော့သည်။ မေမေက တရားထိုင်ခြင်းအတွေ့အကြုံများကို ဆရာတော်အား တင်လျှောက်နေလေသည်။

သင်းသင်းမှာဖြင့် တစ်ပါးသူကို ဖွင့်ထုတ်ပြောပြနိုင်ခြင်းငှာ မစွမ်းသော အတွေ့အမြင်တွေမို့ ခပ်မဆိတ်သာ နေလိုက်ရပေါ့။

တောလမ်းလေးတစ်လျှောက် သစ်ပင်အတော်များများမှာ ပုရစ်နုလေးတွေ ဝေနေ၏။ အဟောင်းမှသည် အသစ်သို့ တစ်ဖန်ဖြစ်၍ ဖြစ်၍လာ အသစ်အသစ်တို့ ဖြစ်ခြင်းများ များလှ သည်ကိုပင် "သံသရာ"ဟု ခေါ်လေ သလား။ သံသရာစက်ဝန်း မည်သို့ပင် လည်ပတ်နေပါစေ၊ ရာမညတိုင်းတွင် တော့ ပန်းတို့သည် မွှေးလျက်ပင် ရှိနေ ကြသေးသည်တကား။ ထိုပန်းတို့သည် စန္ဒာသခင်မ မွှေးရှိုက်ခဲ့သော ပန်းတို့ မဟုတ်နိုင်တော့သည့်တိုင်လည်း၊ စန္ဒာ ကို ထုတ်လွှတ် ပေးဆက်ခဲ့သော မြေ မျိုးကိုပင် သင်းသင်းကိုလည်း မလျှော့ မပါး ကမ်းလင့်နေပါသေးသည်လေ ■

* * *

ကိုချမ်း(ခေး-


ဆရာမကြီး နိယာမ ဒေါ်စန်းမေ၏ တပည့်ရင်း

# နိယာမ ဆရာအောင်ကျော်မင်း

**သာဓိတ္ထဆန်းမေဒင်**

- သင့်ကလေးကို အစစအောင်မြင်၍ ပွင့်သည့်ပန်းတိုင်းမွှေးသည့်အလား ကံကောင်းပျော်ရွှင်စေသူ ဖြစ်စေလိုပါသလား ဆရာထံလာပြီး အမည်တောင်းခံပါ။
- စာမေးပွဲအောင်ဖို့၊ ကျန်းမာဖို့၊ ချမ်းသာဖို့၊ အိမ်ထောင်ရေးသာယာဖို့၊ အမှုအခင်းအနိုင်ရစေဖို့၊ ဘေးအန္တရာယ် အနှောင့်အယှက်ကင်း၍ နိုင်ငံခြားခရီး အမြန်ရောက်စေဖို့၊ မိမိချစ်သူ နွေးထွေးသော မေတ္တာဖြင့် သံယောဇဉ် ကြီးစေဖို့၊ ဆေးရုံတက်၍ ခွဲစိတ်ကုသရာ၌ အောင်မြင်ရွှင်လန်းကျန်းမာ၍ မုချ အသက်ရှည်စေဖို့ စသည်တို့ကို ယတြာအစစ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရေဥက္ကံ၊ သောင်ကြီးလေးရပ်ကွက်၊ ချယ်ရီဦးလက်ဖက်ရည်ဆိုင်ရှေ့၊ မြသဇင်လမ်း၊
ပန်းသဇင်အဆောင်(အပေါ်ထပ်)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

■ ဆက်သွယ်ရန်ဖုန်း – ၀၉ ၃၁၅၉၃၉၈၂ ■

www.burmeseclassic.com

တ က္က သို လ် စိုး မိုး နို င်

# ဘဝပုစ္ဆာ အဖြေရှာကဏ္ဍ

ဒေါ်အေးဝတ်မှုန်

မေး ။ ဘဝအောင်မြင်ရေးကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။

ဖြေ ။ မအေးဝတ်မှုန်သည် ဂဏန်းဗေဒင်ပညာရပ်အရ (၈) ဂဏန်းသမားဖြစ်သည်။ တရုတ်ဝေဒဗေဒင်ပညာရပ်အရ သန်နစ်ဖွားဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ မိန်ရာသီဖွား(Pisces)ဖြစ်ခြင်းတို့ကြောင့် အပေါ်ယံ အေးအေးဆေးဆေးနိုင်သော်လည်း ပရိယာယ်ကြွယ်ဝသည်။ သိမ်လည်း သိမ်မွေ့သည်။ တစ်ခါတစ်ရံမှာ ရေးရိုးဆန်သည်။ ခက်ရင်ကျကျ ဝတ်ဆင်တတ်သည်။ တစ်ခါတစ်ရံမှာ အုပ်စုလိုက် ဝိုင်းဖွဲ့နေရခြင်းထက် တစ်ယောက်တည်း နေရခြင်းကို ပိုမိုနှစ်သက်သည်။

အောင်မြင်မှုဆိုသည်ကား အလိုအလျောက်ပေါ်ပေါက်လာဖို့ရန် ခဲယဉ်းလွန်းလှပါသည်။ လောကမှာ လူတချို့သည် ထီဆုကြီးကြီးပေါက်သကဲ့သို့ အလိုလျောက် အောင်မြင်မှု ရရှိလာကြသည်။ ထိုသို့ ထီပေါက်သကဲ့သို့ အောင်မြင်မှုရဖို့ရန်မှာ ရှာမှ ရှားလွန်းပါသည်။ အတိတ်ကံကောင်းလွန်းမှ ထိုကဲ့သို့သော အခွင့်အရေးကြုံနိုင်ပါသည်။

အောင်မြင်မှုရရှိရန်အတွက် ထိုက်သင့်သော ကြိုးစား အားထုတ်မှုတော့ ရှိရန် အထူးလိုအပ်ပါသည်။ လောကတွင် အရာရာ၌ အကြောင်းကြောင်းကြောင့် အကျိုးဖြစ်ထွန်းလာပါသည်။ အကြောင်းကင်းသော အောင်မြင်မှုဆိုသည်ကား မရှိနိုင်ပါ။

မအေးဝတ်မှုန်အတွက် အောင်မြင်မည့် ကျင့်စဉ်ကို ဖော်ပြပေးလိုက်ပါသည်။

(၁) ဝေဖန်မှုများကို ကြံ့ကြံ့ခိုင် ရင်ဆိုင်ရန် လိုအပ်ပါသည်။ တစ်ခါက ဖားငယ်လေးများအတွက် ချောတိုင်တက်ပြိုင်ပွဲကျင်းပသည်။ နိုးကြားသော ဖားငယ်လေးများစွာ တက်တက်ကြွကြွ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပွဲကြည့်သူပရိသတ်များကလည်း အများအပြားပင်ဖြစ်သည်။ ပရိသတ်များက အော်ကာဟစ်ကာဖြင့် ဆူညံနေသည်။ ပရိသတ်များက "ဒီလောက်မြင့်တဲ့ ချောတိုင်မြင့်ကြီးကို ဖားငယ်လေးများ မတက်နိုင်"ဟု ထင်ကြေးပေးကာ အမျိုးမျိုးအော်ကြသည်။ အင်တိုက်အားတိုက် ကြိုးစားနေသော ဖားငယ်လေးများက ထိုဝေဖန်ချက်ကို နားယောင်သွားမိသည်။ အမှန်တကယ်လည်း "ငါတို့ ချောတိုင်ထိပ်ကို မတက်နိုင်ပါဘူး"ဟု မသိစိတ်မှာ ထင်သွားသည်။

ဝေဖန်မှုကို နားယောင်သွားသော ဖားငယ်လေးများအားလုံး ပြိုင်ပွဲမှထွက်သွားကြသည်။ ထိုအထဲမှာမှ ထူးထူးခြားခြား ဖားငယ်လေးတစ်ကောင်က တိုင်ထိပ်ပေါ်ရှိ အောင်မြင်မှုစင်မြင့်ပေါ်သို့ တက်လှမ်းနိုင်ခဲ့သည်။ ထိုဖားငယ်လေးသည် တခြားဖားငယ်လေးများထက် ပိုမိုတော်မော် ထက်မြက်သောကြောင့် ထူးထူးချွန်ချွန် အောင်မြင်မှု စင်မြင့်ထက်ကို တက်လှမ်းနိုင်ခဲ့သည်လားဟု မေးခွန်းထုတ်စရာရှိလာသည်။

အမှန်မှာ တမူထူးခြားစွာ အောင်မြင်မှုရရှိခဲ့သော ဖားငယ်လေးသည် နားပင်းနေရှာသည်။ သူသည် တခြားသူများ၏ ဝေဖန်ချက်များကို မကြားပေ။ ထို့ကြောင့် အောင်မြင်မှုကို လက်ဝယ်ပိုင်ပိုင်ရရှိခဲ့ခြင်းပင် ဖြစ်လေသည်။

မအေးဝတ်မှုန်အနေဖြင့်လည်း အောင်မြင်မှုခရီးလျှောက်လှမ်းရာ လမ်းကြောင်းမှာ ဝေဖန်မှုကို လစ်လျူရှုနိုင်ရန် အထူးလိုအပ်ပါသည်။

(၂) ဘဝခရီးမှာ အခက်အခဲများ စိန်ခေါ်လာသောအခါမှာလည်း အလွန်အမင်း စိတ်ဓာတ်ကျရန် မလိုအပ်ပေ။ အခက်အခဲက သင့်ကိုယ်တွင်းအစွမ်းများကို အစဖော်ပေးသော အရာအဖြစ် ရှုမြင်သင့်၏။

ထို့အတူပါပဲ အခွင့်အလမ်းများ ကမ်းလှမ်းခံရသောအခါမှာလည်း ယုံကြည်မှုလွန်ကဲရန် မလိုပါ။ အခွင့်အလမ်းကို လက်ခံရရှိသောအခါတွင် ကြိုးစားမှု၏ အသီးအပွင့်အဖြစ်သာ ရှုမြင်ပါ။

(၃) သင်သည် သင်ထင်ထားသည်ထက် ပိုတော်သည်ကို မမေ့ပါနှင့်။ သင်သည် လက်ရှိကြိုးစားအားထုတ်နေသော အင်အားကို နှစ်ဆ၊ သုံးဆထက်ပိုပြီး မြှင့်တင်နိုင်သေး၏။

www.burmeseclassic.com

(၄) ဘာသာတရားသည် ဘဝ၏ အနှစ်သာရပင် ဖြစ်သည်။ မအေးဝတ်မှုန်၏ ဘဝအောင်မြင်မှုရရှိရန် ဘာသာတရားဆိုင်ရာ အဓိဋ္ဌာန်တစ်ခုကို ပြုလုပ်ပါ။ နံနက်တိုင်း စောစောထပြီး အိမ်ရှိ ဘုရားမှာ ပန်း၊ ဆွမ်း၊ နံ့သာနှင့် ရေချမ်းတို့ကို ကပ်လှူပါ။ သီလခံယူပြီးလျှင် "ပဋ္ဌာန်းဒေသနာတော်မြတ်"ကို နေ့စဉ် ရွတ်ဖတ် ပူဇော်ပါ။

အထက်ပါ အောင်မြင်မှုကျင့်စဉ်ကို ကျင့်ကြံပြီး မအေးဝတ်မှုန်၏ ဘဝမှာ အောင်မြင်မှုပန်းများ ပွင့်လန်းလာပါစေ။

**ကိုဇာနည်ဦး**

**မေး ။ ကံကောင်းခြင်းရဲ့ လက်ဆောင်၊ ယတြာ တစ်ခုလို ချင်ပါသည်။**

**ဖြေ။** ။ ကိုဇာနည်ဦးသည် တရုတ်ရိုးရာ ဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ နဂါးနှစ်ဖွား ဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၃)ဂဏန်း သမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ဓနုရာသီဖွား(Sagttarius) ဖြစ်ပါသည်။

ထို့ကြောင့် ကိုဇာနည်ဦးသည် လွတ်လပ်မှုကို နှစ်ခြိုက်သူ၊ တစ်နေရာတည်းမှာ ထိုင်နေရခြင်းထက် ခရီးသွားလာရခြင်းကို ပိုမိုနှစ်သက်သူဖြစ်သည်။ ရည်ရွယ်ချက်မြင့်မားပြီး ကြီးမြင့်လိုသော စိတ်ဆန္ဒရှိ၏။ ဘာကိုပဲ လုပ်လုပ် စိတ်အားထက်ထက်သန်သန်၊ ဇွဲရှိရှိဖြင့် လုပ်လေ့ရှိသည်။ စိတ်ထားမြင့်မြတ်သည်။

ကံဆိုသည်ကား အလုပ်ပင် ဖြစ်သည်။ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့သည် ကံပင် ဖြစ်ပေတော့သည်။ ကောင်းသော အပြုအမူ၊ ကောင်းသော အပြောအဆိုနှင့် ကောင်းသော အတွေးအကြံတို့သည် သင့်ဘဝအောင်မြင်မှု ဆောင်ကြဉ်းပေးမည့် ကောင်းကံကို ဖြစ်ထွန်းစေသည်။

ကိုဇာနည်ဦးအတွက် ကံကောင်းခြင်းလက်ဆောင် ယတြာမှာ...

(၁) ကံကောင်းမှုအားလုံး၏ လျှို့ဝှက်ချက်ကတော့ ဒါန၊ သီလ၊ ဘာဝနာပင် ဖြစ်သည်။ တတ်နိုင်သမျှ ပွားများအားထုတ်ပါ။

(၂) ဘဝမှာ ကျရှုံးခြင်း၊ ကံမကောင်းခြင်းက စိတ်ပူစရာမဟုတ်ပေ။ ကံမကောင်းသဖြင့် လဲကျပြီး ပြန်မထနိုင်ခြင်းကသာ စိတ်ပူပန်စရာဖြစ်ပေသည်။ ဘဝမှာ လဲကျခဲ့လျှင် တွဲယူ ဖေးကူသူ မရှိသည့်တိုင်အောင် ပြန်ထပါ။

(၃) ကံကောင်းမှုဆိုတာ အပြင်းအထန်ကြိုးစားမှု ရလဒ်မှ သီးပွင့်လာသော အသီးအပွင့်ပင် ဖြစ်ပေသည်။

(၄) ကံကောင်းတာပဲ ဖြစ်ဖြစ်၊ ကံမကောင်းတာပဲ ဖြစ်ဖြစ် ကြိုးစားမှုက သင့်တာဝန်ပင် ဖြစ်သည်။

(၅) သင်ပြုသောကံသည် သင့်ထံသို့ ပဲ့တင်သံပမာ ပြန်ရောက်လာသည်။ ကံကောင်းခြင်းလက်ဆောင်ကို ပိုင်ဆိုင်နိုင်ရန်အတွက်ကတော့ မေတ္တာစိတ်ထား၊ မေတ္တာစိတ်ပွားမှု ပင် ဖြစ်သည်။

(၆) ကံကောင်းစေမည့် အဓိကကျသော ဗျူဟာတစ်ခု မှာ စိတ်ထားပင်ဖြစ်သည်။ စိတ်ထားမြင့်မြတ်သူတို့သည် မျက်နှာကြည်လင် အေးမြပြီး ရှင်းသန့်နေသည်။ ဘဝတွင် စိတ်ကောင်းရှိဖို့က ပထမပင် ဖြစ်လေသည်။

(၇) ထိုအချက်များအပြင် နံနက်တိုင်း စောစောထပြီး အိမ်ရှိ ဘုရားမှာ ပန်း၊ ဆွမ်းနှင့် နံ့သာလှူပြီး သီလခံယူပါ။ သာသနာစောင့်နတ်နှင့် နတ်ကောင်း နတ်မြတ်များကို ပင့်ဖိတ်ပြီးလျှင် မေတ္တာသုတ်ကို ရွတ်ဖတ်ပါ။ အနက်အဓိပ္ပာယ်ကို ပွားများပါ။ ထို့နောက် မေတ္တာပို့ကာ အမျှအတန်းပေးဝေပါ။

**C.Z.T**

**မေး ။ အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်ပေး ပါသည်။**

**ဖြေ။** ။ C.Z.T သည် တရုတ်ရိုးရာ ဂမ္ဘီရဝေဒဗေဒင်ပညာရပ်အရ နဂါး(မြွေ)နှစ်ဖွားဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရို၏ ဂဏန်းဗေဒင်ပညာရပ်အရ (၂)ဂဏန်းသမား ဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ တူရာသီဖွား (Libra) ဖြစ်ပါသည်။ ထို့ကြောင့် C.Z.T သည် အနုပညာနှင့် အလှအပကို မြတ်နိုးသူ၊ စိတ်ကူးယဉ်ဆန်သူ၊ အချစ်ကိုးကွယ်တတ်သူဖြစ်သည်။

ချစ်သူသည် တရုတ်ရိုးရာ ဂမ္ဘီရဝေဒဗေဒင်ပညာရပ်အရ ကြက်နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး (၄)ဂဏန်းသမား ပြိဿရာသီဖွားဖြစ်သည်။ ထို့ကြောင့် ချစ်သူသည် ဇွဲကောင်းသူ၊ ခေါင်းမာသူ၊ အခက်အခဲကြုံလာလျှင် လွယ်လင့်တကူ လက်လျှော့ အရှုံးမပေးတတ်သူပင် ဖြစ်သည်။

ခြုံငုံ သုံးသပ်ရလျှင် C.Z.T ၏ အချစ်ခရီးလမ်း သည် ဆူးခင်းသောလမ်းပင် ဖြစ်ပေလိမ့်မည်။ ချစ်လျက် လမ်းခွဲရတတ်သည်။ ■

* * *

ဇဏ္ဍာသိုင်းစိုးခိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒဿနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ...ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်း...မ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ၊...ိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- **A** ။ ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** ။ ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** ။ ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** ။ ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** ။ အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** ။ ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။
- **G** ။ အပ်စပ်သော အဓိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ______________________

မွေးခုနှစ်၊လ၊ရက် ။ ။ ______________________

နေရပ်လိပ်စာ ။ ။ ______________________

______________________

______________________

မိမိမေးလိုသည့် ။ ။ ______________________

မေးခွန်းအကြောင်းအရာ ______________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

✂ - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင်အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ။ (သို့မဟုတ်)
ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း
ဘဝပုစ္ဆာအဖြေရှာကဏ္ဍ
အမှတ် - ၁၇၉ (ဒုတိယထပ်/ဝဲ)၊ ၃၁ - လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၃၇၄၄၈၅



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်းကုန်း အ.ထ.က မြတ်ဆရာပူဇော်ပွဲနှင့် ဖီးကြမ်းငှက်ပျောတစ်ဖီး

မောင်ဝေအေးနှစ်

နွေဦးနံနက်ခင်းဖြစ်သည်။ ကောင်းကင်တစ်ခုလုံး ကြည်လင် ဝင်းပနေသည်။ အသူရိန်မင်းကလည်း အပူရှိန် မပြင်းသေး။ ထွက်သစ်စ နေဝန်းသည် ရွှေပျိုရောင်နုနုနှင့် လောကကြီးကို နှုတ်ဆက်ရင်း ဖြန့်ကျက် လွှမ်းခြုံထားသည်။ နွေဦးလေပြည်သည် နွေဦးပန်းပျိုမတို့၏ သင်းပျံ့သော ရနံ့တို့ကို သယ်ဆောင်ပြီး လက်ဆောင်ပေးနေသည်။ ဩော်-ပန်းသတင်း လေညင်းဆောင်ဆိုသည့်အတိုင်းပါလား။ စိတ်ထဲမှာ လန်းဆန်းနေမိသည်။

လင့်ခရူဇာ၊ ပါဂျဲရိုး၊ ပရာဒို၊ တိုယိုတာအမျိုးအစား ကားလေးစီးသည် နံနက်ခင်း နေခြည်နုနုအောက်ဝယ် ရန်ကုန်မှ ဝါးခယ်မကျွန်းသို့ ဦးတည်ပြေးလွှားနေသည်။ ခရီးစဉ်အရ ရန်ကုန်မှ လှိုင်သာယာ၊ ညောင်တုန်း၊ ပန်းတနော်၊ ရွှေလောင်းမြို့တို့ကို ဖြတ်ကျော်လာသည်။

ယခုဆိုလျှင် ဝါးခယ်မ ကျွန်းကုန်းလမ်းခွဲဖြစ်သော မရမ်းချောင်တံတားထိပ်သို့ ရောက်လာသည်။ ကားလေးစီးမှာ တံတားထိပ်နှင့် မနီးမဝေးတွင် ခေတ္တရပ်လိုက်သည်။ တံတားထိပ်တွင် ရောက်နေကြသော ကြိုဆိုရေးအဖွဲ့များဖြစ်သည့် မစမ်းစမ်းမော်၊ မကြူကြူချို၊ မဥမ္မာစိုး၊ မခင်ရီ၊ မဆွေဆွေ စသော တပည့်များက ကားများဆီသို့ အပြေးရောက်လာပြီး ဝမ်းသာအားရနှင့် နှုတ်ဆက်ကြသည်။ ဆရာကြီး၊ ဆရာမကြီးများကလည်း ကားမှန်တံခါးကို ချပြီး ဝမ်းသာ ကြည်နူးစွာ ပြန်နှုတ်ဆက်ကြသည်။ တပည့်များမှာ ဟိုကား ပြေးလိုက်၊ ဒီကားပြေးလိုက်နှင့် နှုတ်ဆက်ကြသည် မမောနိုင် မပန်းနိုင်ပေ။ သူတို့လေးတွေကို ကြည့်ပြီး ကြည် မိ၊ ဝမ်းသာမိ၊ အားတက်မိသည်။ နှစ်ပေါင်းများစွာ ခွဲခွာ မှ မသေလို့ ပြန်တွေ့ မေ့နိုင်ပါ့မလားဟူ၍ပင် ဆိုရပေ

နေ့လယ် ၁၂နာရီခန့်တွင် ကျွန်းကုန်း အ·ထ· ကျောင်းရှေ့သို့ ရောက်သည်။ ကျောင်းထဲမှ ကျောင်း ဆရာမကြီး ဒေါ်ကြည်ကြည်ဝေနှင့် တပည့်ဟောင်း အပြေးအလွှားထွက်လာကြ၊ နှုတ်ဆက်ကြ၊ ဖေးမ လက် ကြနှင့် တည်းခိုမည့်အခန်းဆီသို့ ခေါ်ဆောင်သွားကြသ တည်းခိုရမည့်အခန်းများတွင်လည်း ကျောင်းအုပ်ဆရာ က လိုလေသေးမရှိ စီစဉ်ထားသဖြင့် အထူးကျေးဇူးတ ပါသည်။

ခေတ္တနားပြီး နံနက်စာကို ကျွေးသည်။ ပြင်ဆင် သည်မှာ ဟင်းမျိုးစုံလှသည်။ ထိုဟင်းများကို ကြည့်ပြီး ဆ နှင့် အားရပါးရ စားလိုက်ချင်သည်။ သို့သော် ကျွန်တော် မစားနိုင်။ "မြင်သာမြင်ရ မကြင်ရ မောင့်မှာ" ဆိုသလို သည်။ ကျွန်တော့်ရောဂါနှင့် မတည့်သဖြင့် ထိုဟင်းမျိုး လက်ရှောင်ပြီး ဟင်းချိုဟင်းနှင့် ထမင်းကို ခေါက်ဆွဲ သည်။ တပည့်များကလည်း ဟင်းများကို ခပ်ကြည့်ပေး အပြုတွင် တားထားရသည်။ သူတို့က စိတ်မကောင်းဖြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထမင်းစားအပြီးတွင် အချိုပွဲအဖြစ် မုန့်များ၊ လက်ဖက်သည်၊ လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည်များ တိုက်ကျွေးကြသည်။ ကျွန်တော့်မှာ အားလုံး လက်ရှောင်ရသည်။

အဖော်လိုက်လာသော သမီးကလည်း စိတ်မကောင်းဖြစ်နေသည်။ တပည့်ဟောင်းများကလည်း စိတ်မကောင်းကြ။ အခြား ဆရာကြီး၊ ဆရာမကြီးများလို အားပါးတရ စားစေချင်သည်။ ကျွန်တော်ကလည်း စားချင်သည်။ သို့သော် ဆင်ခြင်ရသည်။ အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်ဆိုသော သတိပေး စကားရှိသည်မဟုတ်လော။ အသက်ကို ဉာဏ်စောင့်ရပေမည်။

"ဆရာကြီးအတွက် တပည့်တို့ စိတ်မကောင်းမဖြစ်ကြပါနဲ့၊ ဆရာကြီးလည်း အဆင်ပြေ၊ တပည့်တို့လည်း စိတ်ကျေနပ်အောင် ဒီလိုလုပ်ကြကွဲ"

"ဟုတ်ကဲ့၊ ပြောပါ ဆရာကြီး၊ လုပ်ပေးပါ့မယ်"

"ဆရာကြီးက အစာအိမ်ရောဂါဖြစ်နေတာ ကြာပြီ။ အထူးကုသမားတော်ကြီးနဲ့ အမြဲပြနေရတယ်။ တစ်နေ့ကို ထမင်း ငါးကြိမ်စားရတယ်။ တစ်ကြိမ်ကို တစ်ပန်းကန်ပဲ စားရတယ်။ ဟင်းကတော့ ချဉ်ငန်စပ်မဟုတ်။ အစာကြေလွယ်တဲ့ ဟင်းပေါ့ကွာ။ ဆန်ပြုတ်၊ ခေါက်ဆွဲပြုတ်တို့လည်း စားတယ်။ ရေကတော့ ရေခဲရည်မဟုတ်တဲ့ ရေသန့်ရိုးရိုးပဲ သောက်တယ်။ အဲဒါကို အဆင်ပြေအောင် စီစဉ်ကြပေါ့ကွာ"

"ဆရာကြီးပြောတဲ့အတိုင်း စီစဉ်ပေးပါမယ်။ ဆရာကြီး ကျန်းမာပြီး စိတ်ချမ်းသာဖို့ အရေးကြီးပါတယ်"

တပည့်များမှာ ကျေနပ်သွားကြသည်။ ပြောသည့်အတိုင်း ထမင်းဟင်း၊ ဆန်ပြုတ်၊ ခေါက်ဆွဲပြုတ်တို့ကို စားကောင်းအောင် ပြုလုပ်ပြီး တစ်မျိုးစီ ငါးကြိမ်ပြည့်အောင် စီစဉ်ပေးကြပါသည်။ သမီးကလည်း ပြောရမှာ အားနာပြီး ဖခင်၏ စားရေးသောက်ရေးအတွက် စိတ်မကောင်းဖြစ်နေရာမှ စိတ်ချမ်းသာသွားသည်။

◈◈◈

ညနေ နေချိုချိန်ဝယ် ရွာထဲသို့ အလည်အပတ်သွားကြသည်။ ကျွန်တော်နှင့် သမီးလည်း ဆွေလိုမျိုးလို ခင်မင်နေသော ဦးကြီးရွှေ၊ ဒေါ်ရီတို့မိသားစုအိမ်သို့ သွားသည်။ သူတို့မိသားစုနှင့် ကျွန်တော်တို့ မိသားစုကတော့ အမြဲ အဆက်အသွယ်ရှိသည်။ ကျွန်တော်တို့ ထိုအိမ်သို့ ရောက်ပြီး မကြာမီတွင် ကိုစိုး (ခေါ်) ကိုစိုးဝင်း ရောက်လာသည်။ သူက တစ်ချိန်က ဒီရွာ၏ ဥက္ကဋ္ဌဟောင်းဖြစ်ခဲ့သည်။ ကျွန်တော်နှင့်လည်း ခင်မင်သည်။

"လာ . . . ကိုစိုး၊ ထိုင်ဗျာ။ အခုလို ပြန်တွေ့ရတာ ဝမ်းသာတယ်ဗျာ"

"ကျွန်တော်ကလည်း ဝမ်းသာတယ်။ ဒါနဲ့ ဆရာကြီးက အစာအိမ်ရောဂါရှိလို့ တပည့်တွေ ကျွေးသမျှ မစားနိုင်ဘူးဆို။ တပည့်တွေက စိတ်မကောင်းဖြစ်ကြတယ်လို့ ကြားတယ်"

"ဟုတ်တယ် ကိုစိုးရယ်။ ကျွန်တော်လည်း စိတ်မကောင်းဖြစ်ရတယ်ဗျာ"

"ကဲ . . . အဲဒါဆို အစာအိမ်ရောဂါပျောက်တဲ့ ဆေးနည်းပေးချင်လို့ လာခဲ့တာ။ ဖော်စပ်ပြီး စားပါ။ ခက်လည်း မခက်၊ ဘေးထွက် ဆိုးကျိုးလည်း မရှိ၊ တာဝန်လည်း မကြီး၊ ငွေလည်း မကုန်၊ လက်တွေ့လည်း ပျောက်ကုန်ကြပြီ"

"ဟာ . . . ဒါဆို သိပ်ကောင်းတာပေါ့။ ပေးပါဗျာ။ ယုံယုံကြည်ကြည်နဲ့ ဖော်စပ်စားပါ့မယ်"

ကိုစိုးက အစာအိမ်ရောဂါပျောက်ဆေးနည်း ပေးပါသည်။ အစာအိမ်ဝေဒနာခံစားနေရသူများလည်း သိရှိ သုံးစွဲနိုင်အောင် လက်ဆင့်ကမ်းပေးရန် တိုက်တွန်းသဖြင့် ဤဆေးနည်းကို ရေးသားတင်ပြအပ်ပါသည်။

## ဆေးဖော်နည်းနှင့် သုံးစွဲနည်း

ဖီးကြမ်းငှက်ပျောအဖြူအစိမ်းကို အခွံခွာပြီး အသားကို အကွင်းလိုက် ပါးပါးလှီးရမည်။ ပြီးပါက သန့်ရှင်းသော လင်ပန်းထဲတွင် ဖြန့်ကာ အရိပ်ထဲ၌ အခြောက်ခံထားရမည်။ ခြောက်သွေ့လာပါက အမှုန့်ဖြစ်အောင် ထောင်းပြီး ပုလင်းထဲ ထည့်ထားရမည်။ နံနက် တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ်၊ ညနေ တစ်ကြိမ် စားသုံးရမည်။

တစ်ကြိမ်စားလျှင် လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ရေအေး၊ ကြံရည်၊ လက်ဖက်ရည်၊ ကော်ဖီတို့နှင့် ဖျော်ပြီး စားသုံးနိုင်သည်။ အကောင်းဆုံးကတော့ ရေအေးအေးနှင့် ဖျော်သောက်သည်မှာ လွယ်ကူပြီး ပိုကောင်းသည်။ ငှက်ပျောသီးကိုလည်း မိမိလိုသလောက် ပြုလုပ်နိုင်ပါသည်။

အစာအိမ်ရောဂါပျောက်သည့် ဆေးနည်းကို ရသဖြင့် ကျွန်တော့်မှာ အတော်ပျော်နေ၊ ဝမ်းသာနေမိသည်။

◈◈◈

နောက်တစ်နေ့နံနက် ဇနာရီတွင် မြတ်ဆရာပူဇော်ပွဲကို အ.ထ.က ရွှေကျွန်းသီရိခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ဆရာကြီး၊ ဆရာမကြီးတစ်ဦးလျှင် လေးသိန်းစီ ကန်တော့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အခမ်းအနားအပြီးတွင် မ,တည်သူ တပည့်ဟောင်းများဖြစ်သည့် ကိုသန်းဌေး၊ ကိုဌေးလွင်နှင့် အကျိုးတော်ဆောင် ကိုမောင်မောင်ဝင်းတို့က···

"နောင်နှစ်မှာ ဒီ့ထက် စည်ကားအောင်၊ များများကန်တော့နိုင်အောင် ကြိုးစားပါမယ်။ ဆရာကြီး လာနိုင်အောင် ကျန်းမာရေး ဂရုစိုက်ပါ"

"အေး၊ ဆရာကြီးတို့ကလည်း ကျန်းကျန်းမာမာ၊ တပည့်တို့ကလည်း ချမ်းချမ်းသာသာ။ နောင်နှစ်ခါ ပြန်ဆုံကြရင် ဆရာကြီးက မင်းတို့ကျွေးသမျှ အကုန်စားမယ်ကွာ။ ဆက်ဆက်လည်း လာမယ်ကွာ"

ကျွန်တော်က တပည့်များကို ရဲရဲဝံ့ဝံ့ ကတိပေးလိုက်သည်။

ကားများ ထွက်တော့မည့်ဆဲဆဲတွင် တပည့်တစ်ယောက်က အဝေးဆီမှ ပြေးလာသည်။ လက်ထဲ၌လည်း တစ်စုံတစ်ခုကို ဆွဲလာသည်။ ကားထွက်သွားမည်စိုးသဖြင့် လှမ်းအော်၍လည်း ပြောလိုက်သည်။

"ဆရာကြီး··· ဒီမှာ ဆေးဖော်ဖို့ ဖီးကြမ်းငှက်ပျောအဖြူတစ်ဖီးယူလာတယ်"

ပြေးရင်း အော်ရင်း တပည့်ဟောင်း မောင်ဇော်အောင်က အစာအိမ်ရောဂါပျောက်ဆေးဖော်ရန် ဖီးကြမ်းငှက်ပျော အဖြူတစ်ဖီးကို ပြေးပြေးလွှားလွှားနှင့် လာပေးသည်။ ဝမ်း လည်း သာ၊ ကျေးဇူးလည်း တင်မိသည်။ အိမ်ရောက်လျှင် ချက်ချင်းဖော်ပြီး စားမည်၊ နောင်နှစ်ခါ တပည့်တို့ ကျွေးသမျှ အားပါးတရ စားပြလိုက်မည်ဟု စိတ်ထဲက ကြုံးဝါးလိုက် သည်။

ကားလေးစီးမှာ ရှေ့ဆင့်နောက်ဆင့် ထွက်လာကြ သည်။ တပည့်များက မျက်ရည်ကျရင်း လက်ပြ နှုတ်ဆက် ကျန်ခဲ့ကြသည်။ ကျွန်းကုန်းရွာ၊ ကျွန်းကုန်း အ·ထ·က ကျောင်းကြီးမှာ ဝေး၍ဝေး၍ ကျန်ခဲ့ပြီး နောက်ဆုံး မြင်ကွင်း မှ ပျောက်ကွယ်သွားသည်။

သို့သော် ကျွန်းကုန်းရွာ၊ ကျွန်းကုန်း အ·ထ·က ကျောင်းကြီးနှင့် တပည့်ဟောင်းများ၊ မြတ်ဆရာပူဇော် အခမ်းအနားနှင့် ငှက်ပျောဖီးကို ဆွဲပြီး ပြေးလာနေသော တပည့်ဟောင်း ဇော်အောင်၏ ပုံရိပ်တို့သည် ကျွန်တော် မျက်ဝန်းထဲဝယ် တစ်သက်စွဲထင်နေမည်ဟူ၍··· ■

* * *

မောင်ခအားနှစ်(ပညာရေး

# ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်း အုပ် (၁၀၀)ပြည့်

လာမည့် ၂၀၁၄ အောက်တိုဘာလတွင် ထုတ်ဝေမည့်

အတွဲ(၉)၊ အမှတ်(၄)မှာ

အုပ် (၁၀၀)ပြည့်မည်ဖြစ်ပါသည်။

ဂမ္ဘီရဆန်းကြယ် ပရိသတ်များ အားပါးတရ ဖတ်ရှုသိမ်းဆည်းနိုင်ရန် အယ်ဒီတာအဖွဲ့မှ စီစဉ်နေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဂမ္ဘီရဆန်းကြယ်တွင် ပါဝင်ရေးသားကြသော စာရေးသူများအနေဖြင့်လည်း အုပ်(၁၀၀)ပြည့်အထိမ်းအမှတ်တွင် ပါဝင်ရေးသားကြပါရန် တိုက်တွန်းဖိတ်ခေါ်အပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ - ဩဂုတ်လအတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နာ

**ခေတ္တရာ ဆရာကျော်**

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းရဲ့ စာချစ်သူများအားလုံး ဘေးဘယာဝေးကွာ၍ ကျန်းမာ ချမ်းသာကြပါစေကြောင်း အကြံပြု စာမျက်နာပေါ်မှနေ၍ ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

ဒီစာမျက်နာကတော့ ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့အခါ သံလိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသလို နေ့စဉ်ရက်သားသမီးတို့ရဲ့ ဘဝကံပွင့်လန်းဖို့ အထောက်အကူပြု လမ်းညွှန်မှာ ဖြစ်ပါတယ်။

## ၂၀၁၄၊ ဩဂုတ်လ စန်းပွင့်ရက်များ

အထက်ပါ ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြပေးထားခြင်းဖြစ်သည်။ အကြံအစည် ပြုခြင်း၊ ခရီးထွက်ခြင်း၊ ဂါထာ၊ မန္တန်များ ရွတ်ပွားမှုများတွင် အကျိုးရှိမှာ ဖြစ်ပါသည်။ ဉာဏ်ရှိသလိုလည်း သုံးစွဲနိုင်ပါသည်။

ဥပမာ - (၃-၇-၂၀၁၄)ရက်နေ့တွင် အနောက်အံရပ်သို့ မျက်နှာမူကာ ဂါထာ မန္တန်ရွတ်ပွားနိုင်ပါသည်။ သိဒ္ဓိတင်ခြင်း၊ အင်းဆွဲခြင်း၊ ဆေးသက်ဝင်အောင် ဆိုင်ရာ ဂါထာမန္တန်များ ရွတ်ပွားသရဇ္ဈာယ်ခြင်း စသည်ဖြင့် ပြုနိုင်ပါသည်။ ခရီး စတင် ထွက်သူများမှာလည်း စန်းပွင့်ထောင့်အရပ်ကို မျက်နှာမူ၍ စတင်ခြေလှမ်းထွက်ပြီးမှ လိုရာခရီးဆက်သင့်ပါသည်။

| | |
|---|---|
| ၁၊ ၂၊ ၉၊ ၁၀၊ ၁၇၊ ၁၈၊ ၁၉၊ ၂၇၊ ၂၈၊ ၂၉ ရက်များ | တောင်မအရပ် စန်းပွင့်သည်။ |
| ၃၊ ၄၊ ၁၁၊ ၁၂၊ ၂၀၊ ၂၁၊ ၃၀၊ ၃၁ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၅၊ ၆၊ ၁၃၊ ၁၄၊ ၂၂၊ ၂၃၊ ၂၄ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၇၊ ၈၊ ၁၅၊ ၁၆၊ ၂၅၊ ၂၆ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |

စန်းသည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ မကာရ၊ ပြိဿ၊ ကန်ရာသီများတွင် ရှိပါက တောင်အရပ် စန်းပွင့်သည်။ တူ၊ ကုမ်၊ မေထုန်ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ မိန်ရာသီတွင် ရှိပါက မြောက်အရပ် စန်းပွင့်သည်။ စန်းပွင့်အရပ်များကို မျက်နှာမူ၍ ဉာဏ်လွှာသုံးနိုင်ကြပါသည်။

## လာဘ်နေအရပ်များ

* (၁၊ ၈၊ ၁၅၊ ၂၂၊ ၂၉) ရက်နေ့များတွင် အရှေ့အရပ်၌ လာဘ်ရှိသည်။
* (၂၊ ၉၊ ၁၆၊ ၂၃၊ ၃၀) ရက်နေ့များတွင် အနောက်တောင်၌ လာဘ်ရှိသည်။
* (၃၊ ၁၀၊ ၁၇၊ ၂၄၊ ၃၁) ရက်နေ့များတွင် အရှေ့မြောက်၌ လာဘ်ရှိသည်။
* (၄၊ ၁၁၊ ၁၈၊ ၂၅) ရက်နေ့များတွင် အနောက်အရပ်၌ လာဘ်ရှိသည်။

လာဘ်ရှိသောအရပ်ကို ခရီးထွက်ခြင်း၊ စီးပွားရှာခြင်း၊ အကြံအစည်ပြုခြင်းများ ဆောင်ရွက်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အပွင့်အလန်းကံကောင်းစေရန်

(၁၁-၈-၂၀၁၄) တနင်္လာနေ့ နံနက် ၅နာရီမှ စတင်၍ (၁၂-၈-၂၀၁၄)အင်္ဂါနေ့ ည ၈နာရီအတွင်း ကံပွင့်ဂါထာများ မန္တန်များ ရွတ်ပွားပါ။ အထူးသဖြင့် မဟာဝေဒပ္ပ မန္တန်တော်ဖြစ်စေ၊ ဒိဝါတပတိ အစချီ ဂါထာတော်ဖြစ်စေ၊ အလိုတော်ပြည့် ဂါထာတော်ဖြစ်စေ၊ အနည်းဆုံး (၁၀၈)ခေါက် ရွတ်ပါ။ လိုရာဆုတောင်းပါ။

"အရဟံသိဒ္ဓိ" ပုတီးတစ်လုံးချပြီး၊ ထိုကာလအတွင်း ရှစ်သောင်းလေးထောင်ပြည့်အောင် ရွတ်နိုင်လျှင် ပိုကောင်းပါသည်။ ကျွန်ုပ်ကတော့ အရဟံသိဒ္ဓိ ရှစ်သောင်းလေးထောင်ပြည့်အောင် ရွတ်ပွား အဓိဋ္ဌာန်ဝင်မှုကို ပိုသဘောတွေ့ပါသည်။

## ဖြေဆေးယတြာ

ဩဂုတ်လတစ်လလုံး မွေးနေ့ရောက်တိုင်း ဘုရားတစ်ဆူဆူ၏ မွေးနံထောင့်တွင် သန့်ရှင်းရေးလုပ်ပါ။

## ဂြိုဟ်ဖြေ ရန်ပြေ ယတြာ

ခုနစ်ရက်သားသမီးများအားလုံး အောက်ပါအတိုင်း ဘုရားတစ်ဆူဆူ၏ ဂြိုဟ်တိုင်ထောင့်များတွင် အလှူပေးပါ။

* တနင်္ဂနွေဂြိုဟ်တိုင်တွင် အနီရောင်စက္ကူ တံခွန်ကုက္ကားတစ်စုံ၊ သပြေပန်းတစ်ပွင့်၊ အလင်းတိုင်တစ်တိုင်၊ နံ့သာတိုင်တစ်တိုင်၊ ရေတစ်ခွက်နှင့် နီညိုရောင် မုန့်တစ်မျိုး (ဥပမာ - မုန့်ကျွဲသဲ) လှူပေးပါ။

* တနင်္လာဂြိုဟ်တိုင်တွင် အဖြူရောင် တံခွန်ကုက္ကားတစ်စုံ၊ သပြေပန်းတစ်ညွန့်၊ အလင်းတိုင်တစ်တိုင်၊ နံ့သာတိုင်တစ်တိုင်၊ ရေတစ်ခွက်နှင့် ငွေထမင်းမုန့်လှူပေးပါ။

* အင်္ဂါဂြိုဟ်တိုင်တွင် အနီရောင် တံခွန်ကုက္ကားတစ်စုံ၊ သပြေပန်းတစ်ညွန့်၊ အလင်းတိုင်၊ နံ့သာတိုင်တစ်တိုင်၊ ရေတစ်ခွက်နှင့် အနီရောင်မုန့်တစ်မျိုးလှူပါ။

* ဗုဒ္ဓဟူးဂြိုဟ်တိုင်တွင် အစိမ်းရောင် တံခွန်ကုက္ကားတစ်စုံ၊ သပြေပန်းတစ်ညွန့်၊ အလင်းတိုင်၊ နံ့သာတိုင်တစ်တိုင်၊ ရေတစ်ခွက်နှင့် ရွှေထမင်းမုန့် (သို့မဟုတ်) အဝါရောင်မုန့်လှူပါ။ (ရွှေသက်န်းကပ်လှူနိုင်လျှင် ပိုကောင်းပါသည်။)

* ကြာသပတေးဂြိုဟ်တိုင်တွင် အဖြူရောင် တံခွန်ကုက္ကားတစ်စုံ၊ သပြေပန်းတစ်ညွန့်၊ အလင်းတိုင်၊ နံ့သာတိုင်တစ်တိုင်စီ၊ ရေတစ်ခွက်နှင့် အဝါရောင်ပိတ်စဖြင့် လုပ်ထားသော အောင်လံ။

* သောကြာဂြိုဟ်တိုင်တွင် အဖြူရောင် တံခွန်ကုက္ကားတစ်စုံ၊ သပြေပန်းတစ်ညွန့်၊ အလင်းတိုင်၊ နံ့သာတိုင်တစ်တိုင်၊ ရေတစ်ခွက်နှင့် အဖြူရောင် ဖျော်ရည်ကပ်လှူပါ။

* စနေဂြိုဟ်တိုင်တွင် အနီရောင် တံခွန်ကုက္ကားတစ်စုံ၊ သပြေပန်းတစ်ညွန့်၊ အလင်းတိုင်၊ နံ့သာတိုင်တစ်တိုင်၊ ရေတစ်ခွက်နှင့် အနီရောင် မုန့်တစ်မျိုး။

အထက်ပါအတိုင်း မွန်းမတည့်ခင် ပြီးအောင် လှူပေးပြီး မေတ္တာသုတ်နှင့် သမ္ဗုဒ္ဓေဂါထာရွတ်ပွားပါ။

## အကြံပြု ယတြာ

ခုနစ်ရက်သားသမီးများအားလုံး နီးစပ်ရာ အနာကြီးရောဂါသည်တစ်ဦးဦးအား လည်းကောင်း၊ သို့မဟုတ် အနာကြီးရောဂါသည်များစွာရှိရာ ဆေးရုံ၊ နေရာဌာနသို့ လည်းကောင်း သွားရောက်၍ ဆေးဝါး၊ အစားအစာများ အလှူပေးပါ။

စနေ၊ အင်္ဂါနေ့တိုင်း တရော်ကင်ပွန်းဖြင့် ခေါင်းလျှော်ပါ။

* * *

ဓမ္မာရာ ဆရာ[illegible]

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒီဇင်ဘာလ၏ အေးမြသော ဆောင်းကာလ၊ မြူနှင်းများ ပိတ်မှောင်အောင် ကျနေသည့် တစ်နေ့သော နံနက်ခင်းဝယ် စာရေးသူသည် လမ်းလျှောက်ရင်း ထိုင်နေကျ "နန္ဒဦး" (ကဖီး)ရှိရာ ဟံသာဝတီ တက္ကသိုလ် လမ်းသို့ နေအိမ်မှ အဖော်မပါ တစ်ဦးတည်း ထွက်လာခဲ့လေသည်။

"ဟေ့…အသေး၊ ငါ့အတွက် တစ်ခွက်ဟေ့"

ဟု လှမ်းအော်ပြီး လွတ်နေသော စားပွဲဝိုင်းတစ်ခုတွင် နေရာယူလိုက်၏။ ခဏအကြာတွင် မှာထားသော လက်ဖက်ရည်ခွက်ကို အဖျော်ဆရာ အသေးကိုယ်တိုင်လာ၍ပို့ပေးသည်။ ကျွန်တော်တို့အတွက်ကတော့ နန္ဒဦး(ကဖီး)ဆိုင်သည် မိသားစုဆိုင်ဖြစ်ပြီး အခြားဆိုင်များနှင့်မတူ တစ်မူထူးခြား၏။ စကားပြောရာတွင် လွတ်လပ်ပြီး မိမိတို့နှစ်သက်ရာ ဇာတ်ကားများကိုလည်း ငြင်းပယ်မှုမရှိ ပြသပေး၏။ လက်ဖက်ရည်ကလည်း ဖျော်စပ်ရာတွင် အစပ်တည့်ပြီး သောက်သူတို့၏ လျှာပေါ်တွင် စွဲမြဲနေသည်။ ၎င်းဆိုင်တွင် လူပိုအလုပ်သမား မရှိ၊ ဆိုင်ပိုင်ရှင် အသေးက ဖျော်ပြီး၊ ဇနီး ဒေါ်ပေါက်က ကောင်တာထိုင် ငွေသိမ်းနှင့်၊ သားဖြစ်သူ ဝေဖြိုးက စားပွဲထိုးသောကြောင့် မိမိအလိုရှိ ရေနွေးကြမ်း၊ ဆေးလိပ်တို့ကို ကိုယ်တိုင်ထယူရလေသည်။

သောက်လက်စ လက်ဖက်ရည်ကို မော့သောက်စဉ် ကျွန်တော်နှင့် ခင်မင်ရင်းနှီးသူ ကိုအောင်စိုး ရောက်လာသဖြင့် နေရာပေးကာ ခရီးဦးကြိုအဖြစ် "အစ်ကို…ဘာသောက်မလဲ" ဟု မေးလိုက်၏။

"ငါ့အတွက် ပေါ့ဆိမ့်ပေါ့ကွာ"

"ဟေ့… အသေး၊ ပေါ့ဆိမ့် တစ်ခွက်ပေးဦးကွာ"

ဟု ကျွန်တော်က မှာပေးလိုက်၏။ ကိုအောင်စိုးမှာ ကျွန်တော့်ထက် အနှစ် ၂၀ ခန့်ကြီးပြီး ကွယ်လွန်သွားရှာပြီဖြစ်သော ဖခင်၏ မိတ်ဆွေဖြစ်၍ ငယ်စဉ်ကပင် သိကျွမ်းခင်မင်သူဖြစ်၏။ မှာထားသော လက်ဖက်ရည်ရောက်ရှိလာ၍ တစ်ငုံသောက်လိုက်ပြီး…

"အေးကွာ၊ မင်းကို တွေ့တော့ မင်းဖအေသားကြီးကို သတိရမိတယ်"

ဟု နောက်ကြောင်းများကို သတိရစွာဖြင့် စီကာပတ်ကုံး ပြောလေ၏။ ကျွန်တော်မှလည်း မိမိသိလိုသော အကြောင်းအရာများကို မေး၏။ ကိုအောင်စိုးမှလည်း သူသိထားသမျှကို ပြောပြလေသည်။

ထို့နောက် လက်ဖက်ရည် အကြမ်းတစ်ခွက်ကို မော့သောက်ပြီး-

"မင်းကို ထူးဆန်းတဲ့ ငါ့အတွေ့အကြုံတစ်ခုကို သတိရလို့ ပြောရဦးမယ်ကွ"

ဟု စကားကို အစချီလိုက်စဉ်-

"အစ်ကို ထူးဆန်းတယ်၊ ဘယ်လို ထူးဆန်းတာလဲ၊ ကျွန်တော် စိတ်ဝင်စားတယ်။ ပြောပြဗျာ။ ကြုံတုန်း မှတ်သားရတာပေါ့"

ဟု စကားကို ထောက်ပေးလိုက်ရာ ကိုအောင်စိုးမှ…

"ငါတင် သိတာမဟုတ်ဘူး။ မင်းအဖေလည်း သိတာပဲ"

"ဩော်…ဘာအကြောင်းများလဲဗျ"

ဟု ဆိုလိုက်ရာ သူတွေ့ကြုံခဲ့ရပုံကို စတင်၍ ပြောလေ၏။

◈◈◈

လွန်ခဲ့တဲ့ ၁၀နှစ်လောက်က ကိုအောင်စိုးမှ သူ၏နေအိမ်တွင် ရှိနေ ခိုက် သူငယ်ချင်းမိတ်ဆွေ ပွဲစားတစ်ဦး ရောက်ရှိလာသဖြင့် ဟံသာဝတမြို့၏ အနောက်ဘက် အနောက်ရိုးမတောင် တန်းများရှိရာ ရွာတစ်ရွာသို့ သူတို့နှစ်ဦး ခရီးထွက်ခဲ့ကြ၏။ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်တော့ ကားနဲ့ တစ်ဖုံ ခြေလျင်တစ်သွယ် တောတောင်များကို ကျော်ဖြတ်၍ ဦးဘမောင်တို့ နေထိုင်ရာ လေးမျက်နှာမြို့၏ အစွန်း မျှဉ်ဝါးတောင် ခေါ် ကျေးရွာသို့ တစ်နေ့တာခရီးကို မနားတမ်း နှင်ခဲ့ရလေသည်။

ဦးဘမောင်တို့ မိသားစုကလည်း တောသူတောင်သားများ ဖြစ်သည့်အလျောက် ခင်မင်ဖော်ရွေစွာဖြင့် ခရီးဦးကြိုပြု၍ ကြိုဆိုလေ၏။ ကွဲကွာနေသော မိတ်ဆွေများနှင့် ပြန်ဆုံတွေ့ရသဖြင့် ဝမ်းသာနေသူက ဦးဘမောင်ပါ။

"ရှင်မရေ…ရှင်မ၊ မြို့က ငါ့မိတ်ဆွေတွေ ရောက်နေတယ်။ ညစာအတွက် မင်း စီစဉ်ထားလိုက်"

ဟု အိမ်သူသက်ထားကို အသိပေးလေ၏။ ဦးဘမောင်တို့ တောရွာလေးသည် တိတ်ဆိတ် အေးငြိမ်း၏။ မိဘဘိုးဘွားများပိုင် လယ် ၆ ကေနှင့် ၁၅ ကေခန့်ရှိ ဥယျာဉ်တစ်ခုကို အမွေရထားသဖြင့် စီးပွားရေးအထိုက်အလျောက်ပြေလည်၏။

"မင်းတို့ ရောက်လာတာ အတော်ပဲကွ။ ဟင်းပြတ်လွန်းအားကြီးလို့ အိမ်က ကြက်တစ်ကောင်ချက်ထားတယ်ကွ။ ရောက်တုန်း နှစ်ရက် သုံးရက်လောက်နေပြီးမှ ပြန်ရမယ်နော်"

"အေးပါကွ။ ငါတို့လည်း အေးအေးဆေးဆေး မင်းနဲ့ ဆွေးနွေးပြီးမှ ပြန်မှာကွ"

ဟု ဖြေပြီး ကိုအောင်စိုးက သူနှင့် အတူပါလာသော ကိုစိန်မောင်နဲ့ မိတ်

www.burmeseclassic.com

ဆက်ပေး၏။

"ဟေ့ကောင် စိန်မောင်၊ ဒါက ငါ့ရဲ့ သူငယ်ချင်း ဘမောင်။ ကွဲကွာခဲ့ရတာ အနှစ် ၂၀ ခန့်ရှိပြီ။ ဒါကတော့ စိန်မောင်၊ ငါတို့နဲ့ တစ်ရပ်ကွက်တည်း ဟသာ်တမှာ နေတယ်"

ဟု ပြောဆိုနေသည်မှာ မည်မျှ ကြာသွားသည် မသိ။ ဇနီးမှ···

"ကိုဘမောင်···ဧည့်သည်တွေ အတွက် ထမင်းစားဖို့ အဆင်သင့်ဖြစ်ပြီ"

ဟု ပြောလာမှ စကားကို ဖြတ်ကာ···

"ကဲ - သူငယ်ချင်းတို့၊ လာ ညစာ ထမင်းစားရအောင်။ ဘာမှ အားမနာနဲ့။ အကြိုက်စား။ ရောက်တုန်း ကျွေးရတာကွ"

ဟု ပြောလည်း ပြော၊ ကြက်သားဟင်းများကိုလည်း သူတို့ ပန်းကန်များထဲသို့ ခပ်၍ ထည့်ပေးလေ၏။ ထိုညအဖို့ ကိုဘမောင်တို့၏ ထမင်းဝိုင်းကလေးမှာ ပျော်ရွှင်စွာနဲ့ အဆုံးသတ်လေသည်။

သူတို့သုံးဦးသည် နေအိမ်ရှေ့ သရက်ပင်ကြီး၏ အောက် ခုံတန်းလျားပေါ်တွင် အကြမ်းအိုးလေးနှင့် ရောက်လာခဲ့ရခြင်း၏ အကြောင်းကို ဆွေးနွေးကြ၏။

"အေး···အောင်ကြီးရဲ့ မင်းပြောတဲ့ လက်ပံဖြူ (ခေါ်) လက်ပံခါးပင် ငါ့ရဲ့ ဥယျာဉ်ထဲမှာ ရှိတာ မှန်တယ်။ ဒါပေမယ့်···"

"ဟကောင် ဘမောင်၊ ဘာဖြစ်လို့လဲကွ၊ အခု မရှိတော့ဘူးလား"

ဟု အောင်ကြီးမှ စကားကို ထောက်လိုက်ရာ···

"မဟုတ်ဘူးကွ၊ မင်းပြောတဲ့ အတိုင်းပဲ အပင်က စေတီပုံပါပဲ။ ဒါပေမယ့်ကွ၊ အပွင့်တွေကို အောက်မှာ မတွေ့ဘူးကွ။ အပင်မှာ ပွင့်တာသာ မြင်ရတာ။ အောက်ကို ကြွေကျတာ တစ်ခါမှ မရဘူးဖြစ်နေတယ်။ နောက်ပြီး မင်းတို့ပြောသလို စမ်းလည်း မစမ်းဖူးဘူး"

"ဒါဆိုရင် ငါတို့ မနက်ကျ သွားစမ်းကြမယ်။ စမ်းသပ်မှု အောင်မြင်ရင် သိန်းကို ထောင်နဲ့ချီပြီး ရမှာကွ"

ဟု အောင်ကြီးက ပြောလေ၏။

ထိုနေ့ညအဖို့ ဦးဘမောင် ဘယ်ညာလှိမ့်ရင်း အတွေးများစွာဖြင့် ငွေများစွာရမည်ဖြစ်၍ လူတို့၏ လောဘဟူသော မက်မောခြင်းစိတ်တွေက စိုးမိုးစွာဖြင့် တစ်ညတာအချိန်ကို ကုန်ဆုံးစေခဲ့သည်။ နံနက်မိုးလင်းတော့ သူတို့သုံးယောက် အဆာပြေ ထမင်းကြမ်းစားပြီး လိုအပ်သော ပစ္စည်းများယူကာ နေအိမ်နှင့် တစ်မိုင်ခွဲခန့် ဝေးသော လက်ပံဖြူပင်ရှိရာ ဥယျာဉ်သို့ ထွက်ခဲ့ကြလေသည်။

◈◈◈

စေတီပုံ အကိုင်းအခက်များဖြင့် ခရုတ်ပတ်ပုံ ဆူးများ ထွက်နေသော လက်ပံဖြူ(လက်ပံခါး)ပင်အောက်သို့ ရောက်ရှိလေတော့ အောင်ကြီးမှ···

"အပင်ကတော့ ဟုတ်ပြီ အစွမ်းထက်၊မထက်ဘဲ စမ်းရတော့မယ်"

ဟု ပြောပြောဆိုဆို အသင့်ယူဆောင်လာသော သုံးမြှောင့်လွှကြီး (သစ်ဖြတ်လွှ) တံစည်းအမြီးကို အပင်၏ ပင်စည်အတွင်းသို့ ထက်ဝက်ခန့် ဝင်အောင် သံတူဖြင့် ရိုက်သွင်းပြီး တံစည်းဖျားတွင် ရေသန့်ဘူးတစ်လုံး (ရေအပ်) ကြိုးချည်၍ ချိတ်ထားပြီး မည်သို့ ထူးခြားမည်ကို အပင်အောက်တွင် ထိုင်၍ စောင့်နေတော့၏။

စိန်မောင်မှလည်း လက်တွင် ပတ်ထားသော နာရီကို တကြည့်ကြည့် ကြည့်ရင်း ရင်မောစွာဖြင့် စောင့်မျှော်နေကြ၏။

"ဟေ့ကောင် စိန်မောင် · · · ဘယ်နှနာရီထိုးပြီလဲ"

ဟု အောင်ကြီးက မေးလေ၏။

နာရီကို ငုံ့ကြည့်ရင်း စိန်မောင်မှ-

"လေးနာရီထိုးပြီကွ"

ဟု ဖြေလေသည်။

အပင်ရှိရာသို့ ရောက်ရှိပြီးအချိန်မှ စ၍ရေတွက်ရာ ၈နာရီမျှ ကြာသွားပြီဟု ရေတွက်ပြီး ဖြေကြားပြန်သည်။

နောက် ၁၅မိနစ်ခန့်အကြာတွင် သစ်ပင်၌ ရိုက်ထားသော သံချောင်းမှာ မြေပြင်ပေါ်သို့ ဘုတ်ဟု အသံနှင့်အတူ ပြုတ်ကျလေတော့ အောင်ကြီးတို့ သုံးဦးမှာ မိမိတို့ မျှော်လင့်ထားသည့် အတိုင်း မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် "ဟုတ်ပြီကွ"ဟု ဝမ်းသာသော အသံဖြင့် အပင်ခြေရင်းသို့ သုံးဦးသား ရောက်သွားလေတော့၏။

"ကဲ - ဘမောင်၊ မင်း ဒီအကြောင်းတွေ ရွာထဲကို မပေါက်ကြားစေနဲ့နော်။ ဒါက ငွေသိန်း ရာထောင်ချီပြီးရမှာ။ တခြားသူတွေ သိလို့ မရဘူး။ ဖြစ်နိုင်ရင် မင်းဥယျာဉ်ထဲမှာ တဲတစ်လုံး ဆောက်ပြီး စောင့်နေနိုင်ရင် ပိုကောင်းမယ်။ ငါတို့ မနက်ဖြန် မြို့ ပြန်မယ်။ စိန်မောင်က ဝယ်လက်ကို ခေါ်ပြီး နောက်တပတ်အတွင်း ပြန်လာခဲ့မယ်။ အခုတော့ ငါတို့ ရွာပြန်ကြမယ်"

ဟု စကားကို ဖြတ်ကာ အောင်ကြီးတို့ ဘမောင်အိမ်ရှိရာသို့ ပြန်လာခဲ့သည်။ အပြန်လမ်းတွင် ငွေ၏ လောဘကို ထိန်းမထားနိုင်သူ ဘမောင်က အတွေးများစွာဖြင့် ရင်ခုန်လျက်ရှိနေလေ၏။

◈◈◈



www.burmeseclassic.com

www.burmeseclassic.com

"အောက်အီးအီးအွတ်"ဟု လင်းကြက်တို့၏ တွန်သံနှင့်အတူ နံနက်ခင်းအလင်းရောင်အောက်ဝယ် အောင်စိုးက ဘမောင်အား အပင်ကို သေချာစောင့်ကြပ် ကြည့်ရှုရန်၊ မည်သူ့ကိုမှ အသိမပေးရန် မှာကြားပြီး အောင်မြင်မှုရရှိသော စစ်သူကြီးတစ်ဦးပမာ အပြန်ခရီးတွင် အောင်စိုးနှင့် စိန်မောင်တို့၏ ခြေလှမ်းများသည် လွန်စွာမြန်ဆန်ပေသည်။ မျှော်လင့်ချက်တွေနှင့် ပြည့်နှက်ပြီး ဝမ်းသာစွာဖြင့် ကျန်ရစ်သူ ဘမောင်တစ်ယောက် ဥယျာဉ်ထဲတွင် ပြောင်းရွှေ့နေထိုင်ရန် ဇနီးနှင့် သမီးတို့ကို အကြောင်းအမျိုးမျိုးပြ၍ အမိန့်ပေးနေသည်။

ဇနီးဖြစ်သူ ဒေါ်မှတ်၊ သမီး မလှသိန်း၊ မခင်စမ်းတို့မှာတော့ ဖခင်ဖြစ်သူထံ ရောက်ရှိလာသော သူငယ်ချင်းများနှင့် စမ်းသပ်မှုပြုသော လက်ပံဖြူ(လက်ပံခါး)ပင်၏ အကြောင်းကို မသိရှာပါ။ ဘာကြောင့် ပြောင်းရွှေ့နေချင်သည့် အကြောင်းကိုသာ ပဟေဠိဖြစ်နေမိသည်။

လောဘဟူသည် လိုချင်သည်၊ တစ်နည်း လောဘကို ပေမ၊ တဏှာ၊ ရာဂ၊ သမုဒယ ဟူ၍လည်း အမျိုးမျိုး အမည်နာမတပ်ကြလေသည်။ ထိုလောဘသဘောကြောင့် စိုးရိမ်မှု၊ ပူပန်မှုတွေနဲ့ ကိုဘမောင်တစ်ယောက် နောက် ဘာဖြစ်လာမည်ကို တွေးတောကြံဆခြင်း မရှိပါဘဲ၊ ငွေရလိုမှုတစ်ခုတည်းကို ကြည့်ကာ ဥယျာဉ်ထဲတွင် လက်ပံဖြူ(လက်ပံခါး)ပင်နှင့် မနီးမဝေးတွင် တဲအိမ်ဆောက်ခြင်း၊ အပင်အား ခြံစည်းရိုးများခတ်ကာ မြို့မှ သူငယ်ချင်းများအလာကို စောင့်နေခဲ့သည်။

◈◈◈

ချိန်းဆိုထားသောနေ့။



ထိုနေ့က ဦးဘမောင်အတွက် ကြမ္မာမှန်တိုင်း ရိုက်ခတ်၍ စိတ်ရူးသွပ်သူတစ်ယောက်ဖြစ်ခဲ့ရမည်ကို မသိရှာပါ။ အောင်စိုးနှင့် စိန်မောင်တို့နှစ်ဦးမှာ မျိုးကြွ ပျော်ရွှင်စွာဖြင့် ပွဲဖြစ်က ပွဲစားခ မြက်မြက်စက်စက် ရရှိမည်ဖြစ်ပြီး ဘဝတစ်ခုလုံးပါ ပြောင်းလဲနိုင်မည့်အရေး သစ်ပင်ဝယ်မည့် လူမျိုးခြား ကုလားကုန်သည်များနှင့်အတူ လက်ပံခါးပင်ရှိရာ ကိုဘမောင်၏ ဥယျာဉ်အထိ ကားကို ခက်ခဲစွာ မောင်းနှင်၍ ရောက်ရှိခဲ့လေပြီ။ ကိုအောင်စိုးနှင့် မိတ်ဆွေသုံးဦးမှာ ထိုဂမ္ဘီရဆန်ပြီး အစောင့်အရှောက်ရှိသော ထိုသစ်ပင်၏ အကြောင်းတရားကို မသိခဲ့ပေ။ သစ်ပင်၏ ထူးခြားဆန်းပြားပြီး အစောင့်အရှောက်ကြီးမား၍ တစ်စုံတစ်ရာမှားယွင်း ချွတ်ချော်က အသက်ပါ ဆုံးရှုံးတတ်သည်အထိ လက်တွေ့ မကြုံဘူးသဖြင့် ဗဟုသုတလည်း မရှိခဲ့ပေ။

ထိုလက်ပံဖြူ ခေါ် လက်ပံခါးအပင်မှာ အခြားသော သစ်ပင်များကဲ့သို့ မဟုတ်။ ထူးခြား၏။ ဆန်းပြား။ ဂမ္ဘီရဆန်၏။ အပင်၏ အကိုင်းအခ တို့သည် ပင်စည်မှာ ရှေ့နောက် ကိုင်း များထွက်ရှိပြီး အဖျားရောက်ရှိသည် အထိ ရှည်ထွက်ကာ အဝေးက ကြည့် ပါက ထုံးစေတီကဲ့သို့ ရှိ၏။ အပွင့် အဖြူပွင့် ပွင့်ပြီး မြေသို့ ကြွေကျပါ ထိုအပွင့်ကို မတွေ့ရှိရပေ။ ပိုင်ရှင်ဖြစ် ဘမောင်ပင် အပင်၌သာ အပွင့်ကို တွေ့ ရပြီး မြေပေါ် ကြွေကျသော အပွင့် ကို တစ်နှစ်မှ မရရှိခဲ့ပေ။ သစ်ပင် အောက်ခြေတွင် မြေများ ပြောင်လ နေပြီး အရွက်၊ အရိုး၊ အပွင့်တို့ လုံးဝ လုံးဝ မတွေ့ရှိရပေ။ တံမြက်စည်း လှည်းခြင်း မရှိဘဲ ပြောင်လက်နေခြ ဖြစ်၏။ ပင်စည်တွင် ဆူးများ ပေါ လျက်ရှိ၏။ ဆူးပေါက်ပုံမှာလည်း ဆန်း၏။ အခြား လက်ပံပင်များကဲ့ မဟုတ်။ ခရုပတ်ပုံ ဆူးများကို ပင် အောက်ခြေ၏ အထက် ၅ပေခန့်မှ အပေါ်သို့ ထွက်ရှိသည်။ အပင်အ ထိ မရောက်ပါ။ သစ်ပင်၏ ထက် ခန့်သာ ထွက်ရှိ၏။ ဤကဲ့သို့ ထူး သော သစ်ပင်တို့တွင် အစော အရှောက်များ ရှိနေသည်ကို မည် တစ်ဦးတစ်ယောက်မှ မသိပေ။ ကြောင့်လည်း အဖြစ်ဆိုးနှင့် ရင်ဆိုင် လေသည်။

ဝယ်ယူမည့် ကုလားသူဌေးမ မှာ သစ်ပင်၏ ပုံသဏ္ဌာန်ကို အသေ ကြာ ကြည့်ရှု စစ်ဆေးပြီး ကိုအောင် တို့ ပြောထားသည့်အတိုင်း မှန်၏ သော် မျက်ဝါးထင်ထင် စမ်းသပ်မှ သုံးကြိမ်သုံးခါပြုလုပ်မည်။ အောင်မြ ပါက ရောင်းသူ၏ ခေါ်ဈေးအတိ စာချုပ်ချုပ်ပြီး ငွေလက်ငင်းချေ သယ်ယူရာတွင် မိမိတို့တာဝ ယူမည်ဟု ကုန်သည်ကုလားမျာ ပြော၏။ သဘောတူကြ၍ သစ်ပင်အ

www.burmeseclassic.com

ပထမဦးဆုံးအကြိမ် သုံးမြှောင် တံစည်းအကြီးကို ရိုက်သွင်းပြီး ရေဘူးချိတ်ဆွဲကာ နာရီကို စောင့်ကြည့်နေသည်။

အဲဒီမှာ ထူးခြားတာတစ်ခု ကျန်ခဲ့၏။ ဒါက အပင်၏ ဆူးကို ခုတ်ယူရာတွင် ဆူး၏ အတွင်းသားမှာ အဖြူရောင်ဖြစ်၏။ လက်ဖြင့် ပွတ်ကြည့်က ပူ၏။ လျှာနှင့် တို့ကြည့်က အလွန်ခါး၏။ အပင်၏ အစေးမှာ အနက်ရောင်ဖြစ်၍ လှတို့တွင် ထွက်ရှိသော အဖုအကြိတ်၊ သက်တန့်နှင့် အနာစိမ်းများကို သုတ်ပေးက ပျောက်၏။ ဒါကလည်း ထူးခြားမှုတစ်ခုပါ။

ပထမတစ်ကြိမ် စမ်းသပ်မှုကို ညနေ ၅နာရီခန့်တွင် အောင်မြင်သွားခဲ့လေပြီ။ ဒုတိယအကြိမ် စမ်းသပ်ရန်အတွက် မိုးချုပ်ပြီဖြစ်၍ ကိုဘမောင်၏ တဲတွင် အစားအသောက်တို့ဖြင့် နံနက်လင်းရောင်ခြည်ကို စောင့်မျှော်ရင်း အချိန်ကုန်စေ၏။ နံနက်အလင်းရောင်အောက်တွင် ကုန်သည်များ၊ ပွဲစားများနှင့် ရွာထဲမှတစ်ဆင့် သတင်းကြားသူ ရွာသားအချို့ ရောက်ရှိလာလေပြီ။ အပင်ကို ထပ်မံ နေရာလွှဲ၍ စမ်းသပ်၏။ ပွဲကြည့် ပရိသတ် ရွာသားများ အဖြည်းဖြည်းရောက်လာကြသဖြင့် ကိုဘမောင်၏ ဥယျာဉ်ထဲတွင် ပွဲတော်ကဲ့သို့ စည်ကားလျက်ရှိနေ၏။

◈◈◈

ဒုတိယနေ့တွင် စမ်းသပ်မှု အောင်မြင်၍ လာရောက် ကြည့်ရှုကြသော ရွာသားတချို့မှာ ကိုဘမောင်တစ်ယောက်တော့ ဆိုင်ကော်လို့ ချွဲပေါ် ရောက်ပြီ။ ထူးကဲတဲ့ ကံထူးရှင်၊ သူဌေးကြီး ဦးဘမောင်ဟု ပြောဆိုနေကြသည်မှာ မျှဉ်ဝါးတောင်ကျေးရွာတွင်သာမက၊ တစ်ခဏချင်းဆိုသလို ထိုသတင်းမှာ အခြားရွာများသို့ပါ ပျံ့နှံ့သွားခဲ့လေပြီ။ ကိုဘမောင်၏ တဲတွင် အောင်မြင်မှုအထိမ်းအမှတ်အနေဖြင့် ပွဲစားများ၊ ကုန်သည်များကတော့ စားပွဲသောက်ပွဲဖြင့် တိတ်ဆိတ်သည့် ညချမ်းအချိန်တွင် ဆူညံသံများက တောတောင်တစ်ခုလုံးကိုပါ လွှမ်းမိုးလျက်ပင်။ စားသောက်ခြင်းများ ပြီးဆုံး၍ အိပ်စက် အနားယူချိန်မှာတော့ တဲအတွင်းရှိ လူများအားလုံးကို စိုးရိမ်မှုတွေနဲ့အတူ ထိတ်လန့်ခြင်းနှင့် ကြုံတွေ့ရလေသည်။

တိတ်ဆိတ်နေသော ညချမ်းအချိန်ကို ကိုဘမောင်၏ စူးရှ ကျယ်လောင်သော "အောင်မလေးဗျ၊ ကြောက်ပါပြီ"ဟူသော အသံနက်ကြီးဖြင့် ဟစ်အော်လိုက်ခြင်းကြောင့် တဲတွင် မီးများ လင်းလက်၍ အားလုံးတွေ့မြင်လိုက်ရတာက ကိုဘမောင်တစ်ယောက် ဇော်ချွေးများ ပြန်လျက် "ကျွန်တော့်ကို မသတ်ပါနဲ့၊ မသတ်ပါနဲ့ဗျာ"ဟု လက်အုပ်ချီကာ တောင်းပန်နေသည့်အဖြစ်။ သူ၏ မျက်ဝန်းအစုံမှာလည်း အလွန်တရာ ကြောက်လန့်သူ၏ အသွင်ဖြင့် တစ်ကိုယ်လုံး တုန်ယင်နေပြီး ချွေးစေးများထွက်ကာ မောဟိုက်နေသည်။ တွေ့မြင်ရသူအပေါင်းကို စိုးထိတ်စေပါသည်။

သူတို့အားလုံးထဲမှ ကိုအောင်စိုးက သတိဝင်ပြီး ကိုဘမောင်၏ ခန္ဓာကိုယ်ကို ပွေ့ယူပြီး···

"ကိုဘမောင်···ကိုဘမောင်"

ဟု သတိပေး လှုပ်နှိုးတော့မှ သတိဝင်လာပြီး ရေအိုးအတွင်းမှ ရေကို ခပ်တိုက်စဉ် တုန်ယင်နေသော လက်များဖြင့် ရေကို သောက်လေ၏။ ထို့နောက် ကိုဘမောင်နှုတ်မှ···

"ငါ့ဘဝမှာ ဒီလို ချောက်ချားသော အိပ်မက်မျိုး ဒါ ပထမဦးဆုံး မြင်မက်ဖူးတာ"

"ဘယ်လို အိပ်မက်မျိုးလဲ ကိုဘမောင်ရဲ့"

ဟု ကိုအောင်စိုးက စကားကို ဆက်ပေးရာ···

"အလွန်ကြောက်စရာကောင်းတဲ့ မျက်နှာနဲ့ နီရဲတောက်ပနေတဲ့ မျက်လုံး၊ ရှည်လျား ချွန်ထက်နေတဲ့ အစွယ်၊ တစ်ကိုယ်လုံး အမွေးရှည်တွေနဲ့ လူမည်းကြီးနှစ်ဦးက ချုပ်နှောင်ပြီး သံတင်းပုတ်နဲ့ ထုသတ်မယ်လို့ ကြိမ်းဝါးတယ်။ ဘယ်လိုမှ တောင်းပန်လို့ မရဘူး။ တစ်ယောက်က စူးရဲတဲ့ မျက်လုံးနဲ့ စိုက်ကြည့်ပြီး မင်းကို ခွင့်မလွှတ်နိုင်ဘူး။ ငါ့ရဲ့ အဝန်းအဝိုင်းအတွင်း ကျင်ကြီးကျင်ငယ်တွေကို စွန့်ချင်တဲ့ နေရာမှာ စွန့်တယ်။ တောင်းပန် တိုလျှိုခြင်းလည်း မရှိဘူး။ ငါတို့ မကြိုက်တဲ့ အစားအသောက်တွေကိုလည်း စားတယ်။ စည်းကမ်းမရှိ ဟိုပစ် ဒီပစ်လုပ်တယ်။ နောက်ဆုံး ငါတို့နေတဲ့ ဗိမာန်ဖြစ်တဲ့ သစ်ပင်ကို လောဘစိတ်တွေနဲ့ ခုတ်လှဲရောင်းချဖို့ လုပ်တယ်။ ဒီတော့ ခွင့်လွှတ်နိုင်စရာ မရှိတော့ဘူးလို့ ပြောပြီး သံတင်းပုတ်ကြီးနဲ့ ထုတော့တယ်။ ငါလည်း နည်းအမျိုးမျိုးနဲ့ တောင်းပန်တယ်။ နောက်ဆုံး ဒီသစ်ပင်ကို ခုတ်လှဲခွင့် မပြုဘူး။ ဒါကြောင့် ဆက်မလုပ်ဘူးဆိုရင် လွှတ်ပေးမယ်တဲ့။ ငါလည်း ကြောက်တော့ မလုပ်တော့ပါဘူးလို့ ကတိပေးလိုက်တယ်။ အဲဒီတော့မှ သူတို့တွေ ပျောက်ကွယ်သွားတယ်"

ကိုဘမောင်၏ စကားအဆုံးတွင် ဝယ်လက် ကုလားတစ်ဦးမှ···

"ဖြစ်မှ ဖြစ်ရလေ အစ်ကိုကြီးရယ်။ ကျုပ်တို့ ဒီအပင်မျိုးတွေ ဝယ်နေတာ ကြာလှပြီ။ အစ်ကိုကြီးအပင်နဲ့ဆို သုံးပင်မြောက်ရှိပြီ။ တစ်ခါမှ ဒီလို အဖြစ်မျိုးနဲ့ မကြုံဘူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဟု ကုလားလေသံနဲ့ ပြောလာ၏။ နောက်တစ်ဦးမှလည်း . . .

"မင်း အလွန်ချမ်းသာမှာကို မလိုလားတဲ့ မကောင်းဆိုးဝါးတွေက ဖျက်တာ နေမှာပါ။ အယုံအကြည်မထားပါနဲ့။ အိပ်မက်ဆိုတာ သွေးလေချောက်ချားလို့ မက်တာပါ"

လို့ နှစ်သိမ့်စကားဆိုလေ၏။ အများနှင့် တစ်ယောက်မို့ လက်လျှော့ခေါင်းညိတ်ခဲ့ရသော်လည်း ကိုဘမောင်၏ စိတ်ဝယ် ဘဝင်မကျလှပေ။

◈◈◈

"အောက်အီးအီးအွတ်"ဟု တောကြက်များ၏ တွန်သံ၊ ငှက်ကျေးတို့၏ တွန်မြည်းသံတွေနဲ့အတူ အရှေ့ ဂေါ်ရာကျွန်းဆီမှ အလင်းရောင်နှင့်အတူ နေမင်းကြီး ထွက်ပေါ်၍လာချေပြီ။ လူ့ဘဝ၏ အလှည့်အပြောင်း တစ်ခဏတာအချိန်ဝယ် ကိုဘမောင်တို့ လူတစ်စု၏ လောဘရဲ့ လှုံ့ဆော်ရာတွင် စဝေးရောက်ရှိလာသော ပွဲကြည့် ပရိသတ်ရွာသားများ၏ ရှေ့တွင် စမ်းသပ်ပွဲကို စတင်လေတော့၏။

လက်ပံခါး ပင်စည်အတွင်းသို့ တံစည်းသံရိုက်သွင်းလိုက်စဉ်မှာတော့ တောတောင်တစ်ခွင်လုံးကို ပဲ့တင်ထပ်သည့် မြည်ဟီးသံကြီးတစ်ခုနှင့်အတူ ပင်စည်အတွင်း ဒံရိုက်ထားသည့်နေရာမှ သွေးများ စီးကျသည့်နှယ်၊ အပင်ခြေသို့ အနီရောင်(သွေး)ရည်များ စီးဆင်းခဲ့ရလေတော့၏။ ပွဲကြည့် ရွာသားများ၏ ပါးစပ်မှ "ဟင် . . . ဟာ . . . သွေးတွေ . . . သွေးတွေ . . ."ဟု အာမေဋိတ်သံများနှင့်အတူ ကိုဘမောင်၏ မျက်ဝန်းအစုံမှ အကြည့်က ထိတ်လန့် တွေဝေနေ၏။ လူအုပ်အတွင်းမှ အမည်မသိ လူစိမ်းနှစ်ဦး ပေါ်ထွက်လာပြီး ထက်အောက် အနက်ရောင်အဆင်ကို ဝတ်ဆင်လျက် စူးရှသော မျက်ဝန်းအစုံနှင့် အေးစက် တင်းမာသော ဩဇာသံဖြင့် . . .

"ကိုဘမောင် . . . ခင်ဗျား ကတိဖျက်တဲ့ လူပဲ။ အတန်တန်တားပါလျက်နဲ့ ရှေ့ဆက်ဇွတ်လေတော့ ခင်ဗျားရဲ့ လောဘစိတ်က ခင်ဗျားကို အဆုံးသတ်ပေးလိမ့်မယ်"

ဟု စကားအဆုံးတွင် ထိုအသံရှင် ညီနောင်မှာ တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။ ရွာသားများမှာလည်း ထိုညီနောင်ကို မြင်တွေ့လိုက်စဉ် ကြက်သီးများ တဖြန်းဖြန်းထကာ ကြောက်လန့်၍ မိမိရွာသို့ ခြေကုန်သုတ်ကြလေတော့၏။ ကိုဘမောင်မှာ ထိုမြင်ကွင်းနှင့် အသံကို ကြားရသည့်အချိန်မှစ၍ တုန်ယင် မောဟိုက်ကာ အော်ဟစ်၍ ထွက်ပြေးရလေတော့၏။ ထိုအချိန်မှစ၍ ကိုဘမောင်တစ်ယောက် စိတ်ချောက်ချားကာ အရူးတစ်ယောက်ဘဝသို့ ရောက်ခဲ့ရ၏။

◈◈◈

ကိုအောင်စိုးနှင့် ကိုစိန်မောင်တို့မှာ သူငယ်ချင်း ဘမောင်၏ အဖြစ်ကို တွေ့ရတော့ မိမိတို့ ယူဆောင်ခဲ့သော လောဘစိတ်၊ နနယ်သော အတွေးအခေါ်၊ ပညာ၊ ဗဟုသုတ နည်းပါးခဲ့ရလေခြင်းတို့ကြောင့် ယခုကဲ့သို့ အဖြစ်ဆိုးနဲ့ ကြုံတွေ့ခဲ့ရခြင်းဟု တွေးမိပြီး နောင်တရလျက် စိတ်မကောင်းဖြစ်ကြရ၏။ ကိုဘမောင်၏ ဇနီးနှင့် သမီးများမှာလည်း ဖခင်ဖြစ်သူ၏ အဖြစ်ဆိုးကြောင့် စိတ်နှလုံး မရွှင်ပြုံးရဘဲ သောကအပူတွေ ရင်ဝယ်ပိုက်၍ ဖြေမဆည်နိုင်ခဲ့ပေ။

◈◈◈

နောက် ၂နှစ်ခန့်ကြာပြီးနောက် ထိုရွာလေးသို့ ကိုအောင်စိုးရောက်သွားချိန်မှာတော့ သူငယ်ချင်း ဘမောင်လည်း ဆုံး၊ သူ့ဇနီးမှာလည်း ခင်ပွန်း[illegible]စိတ်နဲ့ မစားနိုင် မသောက်နိုင် တမှိုင်မှိုင် တတွေတွေနဲ့ ဆုံးရှာခဲ့လေပြီ။ သမီးနှစ်ဦးမှာလည်း တစ်ရပ်တကျေး[illegible] ပြောင်းရွှေ့နေကြ၏။

ကြားရတဲ့ စကား၊ နားဝမှာ မနေ[illegible] သာဟု ဆိုသည့်အတိုင်း အတွေ့အကြုံ မရှိ၊ ဗဟုသုတကလည်း နည်း[illegible] လောဘစိတ်ထားဖြင့် ဤ ဂမ္ဘီရဆ[illegible] အစောင့်အရှောက်ကြီးမားသည့် လက်[illegible] ပံဖြူ ခေါ် လက်ပံခါး သစ်ပင်ကြီးကို[illegible] မသမာသူတွေနဲ့ ပူးပေါင်းကြံစည်ခဲ့ခြင်း[illegible] ကြောင့် အသက်အန္တရာယ်ပေးဆပ်ခဲ့[illegible] သည့် အဖြစ်ဆိုးနှင့် ကြုံတွေ့ရလေ[illegible] ဟု စိတ်ဝယ် တွေးကာ အပြန်လမ်း[illegible] ဖြေမဆည်နိုင် ငေးမှိုင်လို့ မျက်ရည်[illegible] ခဲ့ရပြီပေါ့။

"လောဘ"ဟူသော လိုချင် မ[illegible] မောသောစိတ်နှင့် အရာရာကို စဉ်း[illegible] ဆင်ခြင်စိတ်၊ စူးစမ်းလေ့လာချင်စိ[illegible] မရှိပါဘဲ ပြုလုပ်ခဲ့မိသော အရာအတွက် သူတစ်ပါး၏ ‌မိသားစုတွေမှာ သော[illegible] နှင့် ရင်ဆိုင် ကြုံတွေ့စေခဲ့ရသည့်အဖြစ် ပါပေလားဟု သတိ သံဝေဂ တရား[illegible] ချေပြီ။ နောက်နောင် ယခုကဲ့သို့ အဖြစ် ဆိုးနဲ့ မကြုံကြရစေရန်၊ မပြုလုပ်ကြ[illegible] စေရန် တိုက်တွန်းလျက် ဤအကြောင်း အရာကို စာရေးသူအား ပြောပြပေး[illegible] သတည်း ■

စိတ်ချမ်းသာ၍ ကိုယ်ကျန်းမာ[illegible] ပါစေ . . .

* * *

ဒေရာမြေထွန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

## (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

**ဆရာ မြတ်ထွင့်ခေါင်** (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

### တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သီဟိုဠ်(၉)ညွှန့်ကို သွားရောက်လှူဒါန်း၍ ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက် ရွတ်ဆိုကာ မိမိလိုရာ ဆုတောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံကော် (၉)ညွှန့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့ နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၉)ညွှန့်၊ ထီးနီ (၉)လက်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်**- အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပဲပေါင်မုန့် (၅)ခု၊ ကြက်လျှာ (၅)လက်နှင့် ရေသက်စေ့တို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုကို တောင်းပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကိတ်မုန့်တစ်ခု၊ ကြိုဟ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - မွေးနေ့တွင် ရဟန်းတစ်ပါးကို ဆပ်ပြာ (၅)တုံးလှူပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သရက်သီး (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပျဉ်းမ (၁၉)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများသို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၆)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက်သီး(၂)လုံးနှင့် ဆူးတံခွန်(၁)လုံးတို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရဟန်းတစ်ပါးအား နန်းကြီးသုပ် လှူဒါန်းပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှင်းဆီ (၉)ပွင့်နှင့် ဖြူဟတ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး (၈)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့မနက် ၉နာရီခွဲမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သပြေ (၆)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - မွေးနေ့တွင် ရဟန်းတစ်ပါးကို ဆန်(၉)လုံးလှူဒါန်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် လက်ဖက် (၉)ကျပ်သား၊ တံခွန်လုံးအဝါ (၉)လုံးတို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆု တောင်းပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဇော်စိမ်း (၈)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၂)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။

## အင်္ဂါသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှမ်းဆီ (၉)ကျပ်သား၊ ဒူးရင်းယို (၉)ကျပ်သားတို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - သောကြာနေ့နံနက် ၄နာရီမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရေသက်စေ့နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်း၍ လိုရာဆုကို တောင်းပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဒံနုံးယို(၉)ခုနှင့် ရေသန့်ဘူးတစ်ဘူးကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက် (၁၀)ညွန့်၊ ဆီမီး (၉)တိုင်နှင့် ရေသက်စေ့တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ခရေ (၆)ညွန့်နှင့် ရေသက်စေ့ကို လှူဒါန်းပြီး ဂဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံး လှူဒါန်း၍ မိမိလိုရာဆု တောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္လာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူ ပုဂ္ဂိုလ်တစ်ဦးကို အလှူငွေ (၉၀၀)ကျပ် လှူဒါန်းပါ။

အိမ်/ကားရောင်းလိုလျှင် - ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် ကော်ဖီတစ်ခွက် နှင့် နှင်းဆီပန်း (၉)ပွင့်ကို လှူဒါန်းပါ။

ထီကံကြမ္မာ - (၇)ထိပ်စီး၊ (၇)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် - | စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် - | စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး(၁၈)ပတ် စိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် - | အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခု လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ကျန်းမာရေးအတွက် - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် - | သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် - | စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ကား ရောင်းလိုလျှင် - | ဗုဒ္ဓဟူးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ - | (၃)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (န)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

## ကြာသပတေးသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၁၅)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် - | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် - | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၈)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်းလှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် - | တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၂၁)ညွန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် - | တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ ကားရောင်းလိုလျှင် - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၈)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ - | (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |


www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ထန်း (၁၀)ညွန့်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး(၂၇)ပတ် စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့်တွင် ရေသန့်ဘူး (၄)ဘူး သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇီဇဝါ (၇)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီ (၉)ကျပ်သားကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ် / ကား ရောင်းလိုသော် - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ(၄)ညွန့်ကို တရော်ကင်ပွန်းနှင့် ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၆)ထိပ်စီး၊ (၆)နောက်ပိတ်နှင့် (အ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## စနေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မေမြို့(၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး(၉)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၇)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

# အရိုးကျီးပေါင်းတက် ဆေးမခက်

ရဲရဲထွန်း (ဟသ်ာတ)

ယနေ့ လူတော်တော်များများမှာ အရိုးကျီးပေါင်းတက်၍ အခက်တွေ့နေကြရသည်။ အဆိုပါ အရိုးကျီးပေါင်းတက်ခြင်းမှာ အရိုးကို ထိခိုက်ဒဏ်ရာရစေပြီး အကင်းမသေရာ ကျီးပေါင်းတက်ခြင်းဖြစ်သည်။ ကျီးပေါင်းတက်သည် ဆိုသည်နှင့် အသွေးအသားနှင့် အကြောတို့ကိုပါ ထိခိုက်စေပြီး ခံစားရခက်သော ဝေဒနာတစ်မျိုးဖြစ်သည်။

ထို့ကြောင့် ယခုဖော်ပြပါ တိုင်းရင်းမြန်မာဆေးကုထုံးကိုလည်း စမ်းသပ် ကုသနိုင်ရန် ဆေးနည်းတစ်လက်ကို ရေးသားတင်ပြအပ်ပါသည်။ ထိုဆေးနည်းမှာ···

ရှေးဦးစွာ ကြက်ဟင်းခါးရွက် လက်တစ်ဆုပ်၊ ကောက်ရွက် လက်တစ်ဆုပ်(ဆတူ)ကို အဝတ်သန့်သန့်တွင် ရောထုပ်ပါ။ ထို့နောက် မီးဖိုပေါ်တွင် ရေနွေးအိုးတည်ပါ။ ထိုရေနွေးအိုးအဖုံးကို အပေါက်ဖောက်ထားပါ။ ထိုအပေါက်ပေါ်သို့ ဆေးအဝတ်ထုပ်ကို တင်ပါ။ ထိုအပေါ်မှ ထပ်၍ ပုံခြုံသော အဖုံးတစ်ခုဖြင့် ထပ်၍အုပ်ပါ။ ဆေးထုပ်ကို





နှစ်ခုသုံးခုပြုလုပ်ထားပါ။ ဆေးထုပ်ပူပါက အရိုးကျီးပေါင်းတက်သော နေရာသို့ ကြပ်ထုပ်ထိုးပါ။ တစ်ထုပ်အေးပါက နောက်တစ်ထုပ်ဖြင့် ထိုးပါ။ တစ်နာရီခန့်ကြာအောင် ကြပ်ထုပ်ထိုးရပါမည်။

အထက်ပါအတိုင်း စိတ်ရှည်စွာ တစ်နေ့လျှင် နှစ်ကြိမ် ဆေးကြပ်ထုပ်ထိုးသွားပါက ကျီးပေါင်းတက်ရောဂါမှာ အမှန်တကယ် ပျောက်ကင်းချမ်းသာမည် ဖြစ်ပါသည်။ ဝေဒနာရှင်များ လက်တွေ့ စမ်းသပ် သုံးကြည့်ပါရန် တိုက်တွန်းလိုက်ရပါသည်■

* * *

ရဲရဲထွန်း(ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com



# လက်တွေ့ ဈေးကောင်းယတြာ

အောင်ဘုန်းမြင့် (ကချင်မြေ)

ကံ,ကံ၏ အကျိုး၊ "ကံ" ဟူသော ဝေါဟာရအသံထွက်သည် ဟိန္ဒူဘာသာစကား "KARM - အလုပ်" မည်သော အသံထွက်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ကံကောင်းခြင်း (သို့မဟုတ်) ကံဆိုးခြင်းတို့၏ ကံကြမ္မာစက်ဝန်း ပရိယာယ်များကို ကြိုတင် ပြင်ဆင်ထားနိုင်မည်ဖြစ်သည်။

လူသားတို့၏ အနာဂတ် အသိတရား၊ အလိုဆန္ဒများသည် ယင်းတို့၏ အတွင်းမနောစိတ်ထဲတွင် ကိန်းဝပ်နေကြပြီး၊ ထိုအနာဂတ် အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် သိလိုမှုများကို အတိတ်နိမိတ် ဘဝေါစနည်း တဘောင်ထုတ်၍ ဟောကိန်းထုတ်ယူကြရသည်။

ကံဟူသောအရာသည် အခါခပ်သိမ်း၌ အနိမ့်အမြင့်ရှိနေစမြဲဖြစ်သည်မို့ မြင့်ရာမှ နိမ့်ရာသို့ စုန်ဆင်းသွားခြင်းနှင့် နိမ့်ရာမှ မြင့်ရာသို့ ဆန်တက်ခြင်းများ ရှိတတ်ပေရာ၊ နိမ့်ချည်မြင့်ချည်ဖြစ်စေရန် ကြားကာလအချိန်အပိုင်းအခြားကာလများသည် လူတစ်ဦးနှင့် တစ်ဦး တူညီနိုင်မည်မဟုတ်ပါ။ တစ်ဦးက ၃နှစ်ကြာလျှင် အခြားတစ်ဦးက ၆နှစ် (သို့) ၉နှစ်စသည်ဖြင့် မတူညီသော အချိန်စက်ဝန်းများ၏ ပိုင်းခြားမှုများရှိနိုင်သည်။

လူအချို့က မိမိတို့၏ဘဝသည် အမြဲလိုလို ကံဆိုးခြ... နှင့်သာ ကြုံနေရသည်ဟူ၍ ယူဆထားတတ်ကြသော်လည်း အမှန်တကယ်မှာ ထိုသို့ မဟုတ်ပါ။ လုပ်နည်းကိုင်နည်း နည်းနိဿယများနှင့် ကံကောင်းစေမည့် အချိန်အပိုင်းအခြား ကို မသိကြခြင်းကြောင့် သဲထဲ ရေသွန်၊ အရာမရောက်ဖြ... နေကြခြင်းသာ ဖြစ်သည်။ သို့ဖြစ်၍ မည်သည့် ရက်၊ ... အချိန်အပိုင်းအခြားများ၌ ဘာဖြစ်လာနိုင်မည်ကို ဗေဒ... ပညာဖြင့် အချိန်ကောင်းရှာ ဆောင်ရွက်နေကြရခြင်းဖြစ်သည်။

စီးပွားရှာဖွေရသည့်အခါများ၌ တစ်ခါတစ်ရံ ကြံ့မြ... ဆောက်ရွက် ပြီးမြောက်နိုင်သော်လည်း၊ တစ်ခါတစ်... လောင်းကစားဆန်ဆန် စွန့်စားလုပ်ကိုင်ရသည့်ကိစ္စမျိုးရှိ... ရှိတတ်၏။ ထို့ကြောင့် မိမိတို့၏ ကံတရားစက်ဝန်း ချိန်... လျှာသည် မည်သည့်ဘက်၌ အားသာနေသည်ကို သိထား... လျှင် ချိုတုံ့ချဉ်တုံ့ဖြစ်စရာမလိုတော့ဘဲ အကောင်းဆုံးဖြစ်အောင် ချင့်ချိန်လုပ်ကိုင်သွားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အကျိုးစီးပွားကိစ္စများကို ဆောင်ရွက်... ကြသည့်အခါ ကံ၏ အပိုင်းအခြားနှင့် အချိန်ကာလကောင်း... သော နဝင်းဩဘာဗေယျာချိန်ကို သိရှိထားပြီး ပြတ်သား...

www.burmeseclassic.com

www.burmeseclassic.com

သချာသော အတွေးအမြင်၊ မှန်ကန်တိကျသော စီမံချက်များဖြင့် ဆောင်ရွက်တတ်ရမည်ဖြစ်သည်။ သို့မှသာ ကံ၏ အချိန်ကောင်း၊ အပိုင်းအခြား၏ အကျိုး၊ ဉာဏ်၏ အကျိုး၊ ဝီရိယအကျိုးတို့ ဆုံ၍ ဘဝအောင်မြင်နိုင်မည်ဖြစ်သည်။

## ယတြာချေခြင်း

လူသားတို့သည် မိမိတို့၏ အကြံအစည်များ၊ လုပ်ငန်းဆောင်တာများ၊ ရောင်းပန်းဝယ်ပန်းများ လုပ်သလို ဖြစ်မလာလျှင် (သို့မဟုတ်) ဖြစ်ချင်သလို ဖြစ်မလာလျှင် ယတြာ ဓာတ်ဆင်ဓာတ်ရိုက်ပြုခြင်းကို အားကိုးပြုလာတတ်ကြသည်။

ဤလောကသုံးပါးထဲတွင် မဟာဘုတ်ဓာတ်ကြီးများ အဖြစ် ပထဝီ-မြေဓာတ်၊ တေဇော-မီးဓာတ်၊ အာပေါ-ရေဓာတ်၊ ဝါယော-လေဓာတ်၊ အာကာသ-ကောင်းကင်ဓာတ် ဟူသော ဓာတ်ကြီးများက ချုပ်ကိုင်ထားလေ၏။ စကြဝဠာအတွင်း ကြကုန်သော ခပ်သိမ်းသောအရာဝတ္ထု သက်ရှိသက်မဲ့ အလုံးစုံတို့သည် ယင်းဓာတ်ကြီးငါးပါးပေါ် အခြေခံ၍ ရပ်တည် ရှင်လျား ဖြစ်ပျက်ပြောင်းလဲနေကြခြင်းဖြစ်သည်။ ယင်း ဓာတ်ကြီးငါးပါးကို အခြေခံ၍ ဖွဲ့စည်းထားသော ဓာတ်စွမ်းအား ပစ္စည်းများကို ထွက်စေ, ဝင်စေလိုလျှင်၊ ပျက်စေ, ဖြစ်စေလို လျှင်၊ နိုင်စေ, ရှုံးစေလိုလျှင်၊ ချစ်စေ, မုန်းစေလိုလျှင် ထို ဓာတ်ကြီးငါးပါးနှင့် ဓာတ်ရိုက် ဓာတ်ဆင်ပြုကြရပါမည်။

ရောင်းကုန် ဝယ်ကုန်များကို ဓာတ်ယတြာစီရင် ဆောင်ရွက်ရသည့်အခါ အင်္ဂဝိဇ္ဇာ ဋီကာကျမ်းများအရ "သူ့ကို နိုင်လို ဆနှင့် ခို၊ လိုရာ ဆေးဖော်သုံး"ဟူ၍ ဖော်ညွှန်းထား သော ပညာလက်နှင့်အညီ အစီအရင်ပြုကြရသည်။ အကျဉ်း ရှင်းပြရလျှင် သူ့ကို ဆိုသည်မှာ ရောင်းဝယ်လိုသော ပစ္စည်း၏ နေ့နံမှ ရေတွက်ရလျှင် ဆဋ္ဌမမြောက် နေ့နံပစ္စည်းများကို ဆိုလိုခြင်းဖြစ်သည်။

ဥပမာ - တနင်္ဂနွေနေ့နံ ပစ္စည်းကို ရောင်းထွက်လို လျှင် တနင်္ဂနွေမှစ၍ ရေတွက်၍ရသော ခြောက်ခုမြောက်နေ့ နံဖြစ်သည့် သောကြာနေ့နံ လူ၊ ပစ္စည်း၊ ဓာတ်အခါနှင့် ဓာတ်ရိုက်ရမည်ဟူ၍ဖြစ်သည်။ ဗုဒ္ဓဟူးနံဖြစ်သော ဆင်ကို နိုင်လိုလျှင် ဗုဒ္ဓဟူးနေ့မှ ခြောက်ခုမြောက် တနင်္လာနံပစ္စည်း ချွန်းဖြင့် ထိန်း၍ အနိုင်ယူမည်ဟူ၍ ဆောင်ရွက်ရပါသည်။

## ဓာတ်ဆင်ဓာတ်ရိုက်ခြင်း

ဓာတ်သဘာဝ ပစ္စည်းများဖြင့် ဓာတ်ဆင်ဓာတ်ရိုက်ပြု လုပ်ကြရာတွင် ကောင်းကျိုးအတွက် ပြုလုပ်ခြင်းနှင့် အဆိုး အပျက်အတွက် ပြုလုပ်ခြင်းဟူ၍ နှစ်မျိုးနှစ်စားရှိရာ အထက် လမ်းဆရာ၊ ဗေဒင်ဆရာ၊ ဓာတ်ဆရာများသည် ကောင်းကျိုး အတွက် အောင်ဓာတ်များကိုသာ အဓိကဆောင်ရွက်ပေး လေ့ရှိကြသည်။ သို့ပေမယ့် တစ်ခါတစ်ရံ ကောင်းကျိုးများ အတွက် ရည်စူးဆောင်ရွက်ခြင်းဖြစ်သော်လည်း မမျှော်လင့် ဘဲ အပျက်သဘောဆောင်သွားရသည်လည်း ကြုံရတတ်ပါ သည်။

ဥပမာ - တနင်္ဂနွေသားသမီးများ ကျန်းမာရေးညှိုးဖျင်း နေထိုင်မကောင်းဖြစ်၍ ပြန်ကျန်းမာလာစေရန် တနင်္ဂနွေသား သမီးများ၏ အမည်နေ့နံပစ္စည်းများကို ငွေတစ်မတ်ဆောင်း ၍ ရေမျှောရသည်မျိုး၊ သားကြီး မယားကြီးများနှင့် သာယာ အေးချမ်းသော အိမ်ထောင်ရေးဘဝမျိုးတွင် ပျော်ရွှင်ချမ်းမြေ့ စွာ နေထိုင်နေစဉ် အနှောင့်အယှက် ပယောဂ ဝင်ရောက်လာ သဖြင့် လမ်းရှင်းပေးရခြင်းမျိုးနှင့် မေတ္တာရေး၊ လူမှုရေးကိစ္စများ တွင် ခွဲရေး၊ ဖျက်ရေး၊ ပျက်ရေးများကို ဆောင်ရွက်ပေးရခြင်း မျိုးများ ဖြစ်ပါသည်။

## ဓာတ်ရိုက်ယတြာ

တနင်္ဂနွေနံပစ္စည်းများဖြစ်သော အိုး၊ အိမ်၊ အိပ်၊ အပ်၊ အပ်ချုပ်စက်၊ အင်္ကျီ၊ ဦးထုပ်၊ အာလူး၊ အထည်အလိပ်များ ကို အမြန်ရောင်းထွက်စေလိုလျှင် တနင်္ဂနွေနေ့မှစ၍ ရေ တွက်ယူသော ခြောက်အိမ်မြောက်ဖြစ်သည့် သောကြာနေ့ နံနက်ပိုင်းတွင် သောကြာသားသမီးတစ်ဦးဦးက သောကြာနံ ပစ္စည်းဖြစ်သော သီဟိုဠ်ကိုင်း (သို့မဟုတ်) သီဟိုဠ်ညွန့်ဖြင့် ရောင်းလိုသောပစ္စည်း (သို့မဟုတ်) ထွက်လိုသော ပစ္စည်းများ ပေါ် အသက်အောင့်ထား၍ စိတ်ထဲမှ "ဈေးကောင်းကောင်း ရပြီး အမြန်ရောင်းထွက်နိုင်ပါစေ"ဟူ၍ ဆုတောင်းရင်း (၂၁)ချက်တိတိ ဓာတ်ရိုက်ပေးမည်။

တနင်္ဂနွေသားသမီးများ ဆိုဆုံး မရဘဲ ခက်ခဲနေလျှင် သောကြာနံပစ္စည်း သီဟိုဠ်ညွန့်ကို ဘုရားတင်လှူ ပူဇော်ထား၍ အနုနည်းနှင့် ဆိုဆုံးမလျှင် လိမ္မာရေးခြားရှိလာပါလိမ့်မည်။

တနင်္လာနံပစ္စည်းများဖြစ်သော ကြံ၊ ကြက်၊ ကား၊ ငါး၊ ကျောက်မျက်များ ရောင်းထွက်လိုလျှင် တနင်္လာနေ့မှ ခြောက်အိမ်မြောက် စနေနေ့နံနက်ပိုင်းတွင် စနေသားသမီး တစ်ဦးဦးက ရောင်းလိုသော ပစ္စည်းများပေါ်သို့ စနေနံပစ္စည်း ဖြစ်သော ဒန်းညွန့်ဖြင့် အသက်အောင့်၍ (၁၀)ချက်တိတိ ရိုက်ပေးရမည်။ တနင်္လာသားသမီးများ မလိမ္မာလျှင် ဒန်းညွန့် ဘုရားကပ်လှူ၍ ဆုံးမလျှင် လိမ္မာလာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါနံပစ္စည်းများဖြစ်သော ဆန်၊ ဆီ၊ ဆား၊ စက်၊ စိန်ထည်များ ရောင်းထွက်လိုလျှင် အင်္ဂါနေ့မှစ၍ ခြောက်အိမ်မြောက် တနင်္ဂနွေနံနက်ပိုင်းတွင် တနင်္ဂနွေသားသမီးတစ်ဦးဦးက တနင်္ဂနွေနံပစ္စည်း အုန်းလက်ဖြင့် ရောင်းလိုသောပစ္စည်းများပေါ်သို့ အသက်အောင်၍ (၆)ချက်တိတိ ရိုက်ပေးရမည်။

အင်္ဂါသားသမီး မလိမ္မာလျှင် အုန်းညွန့်ကို ဘုရားကပ်လှူ၍ ဆိုဆုံးမလျှင် လိမ္မာလာပါလိမ့်မည်။

ဗုဒ္ဓဟူးနံပစ္စည်းများဖြစ်သော လှေ၊ လှည်း၊ လက်ဖက်၊ ရွှေထည်များ ရောင်းထွက်လိုလျှင် ဗုဒ္ဓဟူးနေ့မှ ခြောက်အိမ်မြောက် တနင်္လာနေ့နံနက်ပိုင်းတွင် တနင်္လာသားသမီးတစ်ဦးဦးက တနင်္လာနံပစ္စည်း ကံ့ကော်ကိုင်း (သို့) ကြံချောင်းဖြင့် ရောင်းလိုသောပစ္စည်းများပေါ် အသက်အောင်၍ (၁၇)ချက်တိတိ ရိုက်ပေးရမည်။

ဗုဒ္ဓဟူးသားသမီးများ မလိမ္မာလျှင် ကံ့ကော်ညွန့်ကို ဘုရားတင်လှူ၍ ဆိုဆုံးမလျှင် လိမ္မာလာပါလိမ့်မည်။

ကြာသပတေးနံပစ္စည်းများဖြစ်သော မြေ၊ မြင်း၊ မုန့်၊ ပတ္တမြား ရောင်းထွက်လိုလျှင် ကြာသပတေးနေ့မှ ခြောက်အိမ်မြောက်ဖြစ်သော အင်္ဂါနေ့နံနက်ပိုင်းတွင် အင်္ဂါသားတစ်ဦးဦးက အင်္ဂါနံပစ္စည်း ဆီးကိုင်းဖြင့် ရောင်းလိုသော ပစ္စည်းများပေါ် အသက်အောင်၍ (၈)ချက်တိတိ ရိုက်ပေးရမည်။

ကြာသပတေးသားသမီးများ ပြောဆိုမရ၊ မလိမ္မာဖြစ်လျှင် ဆီးညွန့်ကို ဘုရားတင်လှူ ပူဇော်၍ ဆိုဆုံးမလျှင် လိမ္မာလာနိုင်ပါသည်။

သောကြာနံပစ္စည်းများဖြစ်သော သံ၊ သွပ်၊ သစ်၊ သစ်သီးများ ရောင်းထွက်လိုလျှင် သောကြာနေ့မှစ၍ ခြောက်အိမ်မြောက်ဖြစ်သည့် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းတွင် ဗုဒ္ဓဟူးသားသမီးတစ်ဦးဦးမှ ဗုဒ္ဓဟူးနံပစ္စည်း ဝါးကိုင်း (သို့) ယပ်တောင်ဖြင့် ရောင်းလိုသော ပစ္စည်းများပေါ် အသက်အောင်၍ (၁၇)ချက်တိတိ ရိုက်ပေးရမည်။

သောကြာသားသမီးများ ပြောမရ ဆိုမရဖြစ်လျှင် ရွက်လှပန်းများ ဘုရားတင်လှူ၍ ဆုံးမလျှင် လိမ္မာလာပါလိမ့်မည်။

စနေနံပစ္စည်းများဖြစ်သော ထီး၊ ဓား၊ နွား၊ ထန်းလျက်၊ နီလာ၊ ကျောက်များ ရောင်းထွက်လိုလျှင် စနေနေ့မှ စ၍ ခြောက်အိမ်မြောက်ဖြစ်သော ကြာသပတေးနေ့နံနက်ပိုင်းတွင် ကြာသပတေးသားသမီးတစ်ဦးဦးက ကြာသပတေးနံပစ္စည်း ပေါက်ကိုင်းဖြင့် ရောင်းလိုသောပစ္စည်းများပေါ် အသက်အောင်၍ (၁၉)ချက်တိတိ ရိုက်ပေးရမည်။

စနေသားသမီးများ ပြောမရ၊ ဆိုသွမ်းနေလျှင် မျေ... ပန်း ဘုရားတင်လှူ၍ ဆိုဆုံးမလျှင် လိမ္မာလာပါလိမ့်မည်။

ဓာတ်ဆင် ဓာတ်ရိုက်သောအခါ လေးလေးနက်နက် ယုံကြည် ဆုတောင်း၍ ရိုက်ရမည်။ ဓာတ်ရိုက်ပြီးလျှ... ဓာတ်ညွှန့် ဓာတ်ပန်းများကို ရောင်းကုန်များပေါ် တင်ထား... နေ့စဉ် အချိန်မှန် ရိုက်ပေးနိုင်သည်။ ဓာတ်ရိုက်ခြင်းကို နံ... ၆နာရီမှ ၉နာရီအတွင်း ပြုလုပ်ပေးသင့်သည်။ ဖြစ်နိုင်ပါ... နံနက် ၆နာရီမှ ၇နာရီကြားအတွင်းသည် အကောင်းဆုံးအ... ဖြစ်သည်။ ဈေးရောင်းကောင်းစေမည့် ဓာတ်ရိုက်ယတြာ... ၂၁ရက်အတွင်း စိတ်ရှည်ရှည်ထား၍ ဓာတ်ရိုက်ပေးခြင်း... ခုနစ်ရက်သားသမီးများ ရောင်းပန်းဝယ်ပန်း ကောင်းကြ... ဓနစီးပွား ဥစ္စာပေါ်ကြွယ်ဝစေ၍ လိုရာဆန္ဒများ တစ်လုံးတ... တည်း ပြည့်စုံစေနိုင်ကြပါလိမ့်မည်။

**ပစ္စည်းရောင်းဂါထာ**

အိမ်၊ ခြံ၊ မြေ၊ ဥယျာဉ်၊ ကား၊ ယာဉ်ရထားမျာ... အရောင်းအဝယ်ပြုလုပ်ဆောင်ရွက်ကြလျှင် ကြန့်ကြာ... အခက်အခဲများနှင့် ကြုံရသည့်အခါ (သို့) မမျှော်လင့်ထား... သော ဘေးပယောဂများနှင့် ရန်ယှဉ်၍ ရောင်းဝယ်ကြရသ... အခါ အောက်ပါ အစွမ်းထက်သည့် ဈေးရောင်းထွ... ဂါထာတော်ကို ရွတ်ဆို၍ ရောင်းဝယ်ခြင်းဖြင့် ဆောင်ရွ... အောင်မြင်နိုင်ပါသည်။

*ဥုံသဗ္ဗေ သဒ္ဒါရ အနိစ္စ*

*ဥုံသဗ္ဗေ လာဘံ ဘဝိဿတိ*

အထက်ပါ ဂါထာတော်ကို တနင်္ဂနွေသားသမီးဖြစ်လျှ... တနင်္ဂနွေနေ့မှစ၍၊ တနင်္လာသားသမီးဖြစ်လျှင် တနင်္လာနေ့... စ၍ အိမ်ရှိ ဘုရားတွင် ရွှေဝါရောင် ဖယောင်းတိုင်တစ်တ... ထွန်းညှိ ပူဇော်ထား၍ နံနက်တစ်ကြိမ် ညတစ်ကြိမ် (၇)ခေါ... ရွတ်ဆိုပေးရမည်။ အခြားနေ့နံသားသမီးများဖြစ်သော အ... ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေသားသမီးများလည... ထို့အတူ ဆောင်ရွက်ရမည်။

ဂါထာတော်ကို (၇)ခေါက် ရွတ်ဆိုပြီးတိုင်း "ကျွန်တော်... ကျွန်မ ဘယ်နေ့သားသမီးပိုင်သော အိမ် (သို့မဟုတ်) မြေ... သူတော်ကောင်း၊ အခါကောင်းနှင့် ကြုံပြီး ပေါက်ဈေးအ... ဖြင့် အမြန်ဆုံး ရောင်းထွက်နိုင်ပါစေဟု၍ ဆုတောင်းပ... ပြုပေးရပါမည်■

* * *

အောင်ဘုန်းမြင့်(ကန့်ဘ...

www.burmeseclassic.com



www.burmeseclassic.com

အရှေ့မြို့သာယာနှင့် အနောက်မြို့သာယာ ရွာနှစ်ရွာကြားတွင် မိုးစပ်တောင်ချောင်း စီးဆင်းလျက်ရှိပါ၏။

သာမန်အားဖြင့် ချောင်းရေပြင်၏ အကျယ်မှာ ဝါးတစ်ရိုက် နှစ်ရိုက်ခန့်သာရှိပြီး၊ ရေ၏ အနက်မှာလည်း ခြေသလုံးတစ်ဝက်ခန့် အချို့နေရာများတွင် ဒူးဆစ်ခန့်သာ ရှိပါ၏။ သို့သော် မိုးစပ်တောင်ရိုးဆီမှ မိုးများ ညှိုလာပြီဆိုလျှင်တော့ ကမ်းပြည့်ကမ်းလျှံ တောင်ကျချောင်းရေများ ဒလဟော အရှိန်ပြင်းစွာ စီးဆင်းတတ်ပါသည်။ အထက်ပိုင်းတွင် မိုးရွာသွန်းမှုအပေါ် မူတည်ပြီး ချောင်းရေနီကြမ်းများ စီးဆင်းချိန်မှာ ၃နာရီခန့်မှ ၂၄နာရီခန့်အထိပင် ဖြစ်သည်။

ထို့ကြောင့် မြို့သာယာချောင်းမှာ သာမန်အားဖြင့် ချောင်းရေပြင်မကျယ်သော်လည်း၊ ချောင်းရိုးလွင်ပြင်မှာမူ ကျောက်နံရံများရှိသော နေရာများမှလွဲ၍၊ အချို့နေရာများတွင် တစ်ကေခန့်ပင် ကျယ်ဝန်းသော သဲသောင်ပြင်ကြီးများ ဖြစ်ထွန်းနေလေ့ရှိပါသည်။

ထိုသဲသောင်ပြင်ကြီးများပေါ်တွင် ရှေးခေတ်အခါက ရွာနှစ်ရွာစုပေါင်း၍ ကြက်သွန်များ စိုက်ပျိုးခဲ့ကြပါသည်။ ကျွန်တော်တို့ မူလတန်းကျောင်းသားအရွယ်သို့ ရောက်သောအခါ စုပေါင်းစိုက်ပျိုးသည့်စနစ် ပျက်ယွင်းသွားပြီး အလှည့်ကျ စိုက်ပျိုးကြရသော စနစ်သို့ အများ၏ ဆန္ဒဖြင့် ပြောင်းလဲ ကျင့်သုံးနေပြီဖြစ်ပါ၏။

ထိုသို့ စိုက်ပျိုးသောအခါ ကြက်သွန်ဥများ အတန်ငယ် ရင့်လာသောအခါ၌ ကြက်သွန်ခင်းရှင်များအားလုံး ညအိပ် စောင့်ကြပ်ကြရပါသည်။ ကွင်းကျယ်သော နေရာတို့၌ အကွက်များဆက်နေ၍ ထိုအကွက်များ၏ ချုပ်စပ်တွင် တဲကြီးကြီးထိုးပြီး စုအိပ်ကြရာ ပျော်စရာကောင်းလှပါ၏။ အခြား တဲနီးချင်းများကလည်း သူ့တဲ၊ ကိုယ့်တဲ အပြန်အလှန် လည်ပတ်ကြ၊ ရေနွေးသောက်ရင်း အပျင်းပြေ ထမင်းချက်စားကြ၊ မုန့်လုပ်စားကြ၊ အသုပ်သုပ်စားကြ၊ အချို့ အရက်ကြိုက်တတ်သူများကလည်း အရက်ဝိုင်းဖွဲ့ကြ၊ တောလိုက်ဝါသနာထုံသူများကလည်း တောလိုက်ကြ၊ အချို့က ငါးနှိုက်ကြနှင့် ပျော်စရာပါ။ ကလေးများကတော့ လသာသာတွင် ချောင်းရိုးထဲ ပြေးလွှားဆော့ကစားကြပါ၏။

ထို့ကြောင့် ကြက်သွန်ချိန်ရောက်လျှင် ချောင်းရိုးတစ်လျှောက် တဲကလေးများမှ မီးရောင်တလက်လက်နှင့် လူသံသူသံ ခွေးဟောင်သံတို့ဖြင့် စိုပြည်လျက်ရှိပါသည်။ ကြက်သွန်ရာသီ၏ အစောပိုင်းရက်များမှာ ဆောင်းရာသီနှင့် တိုးနေ၍ ချောင်းရိုးထဲတွင် အအေးပိုလှသည်ဖြစ်ရာ ထင်းမီးများ ဖို၍ ဝိုင်းဖွဲ့ထိုင်နေကြရပြီး နွေဦးရာသီရောက်မှသာ ပို၍ပျော်ရွှင်ဖွယ်ကောင်းခြင်း ဖြစ်ပါ၏။

ကြက်သွန်ခင်းစောင့်ကြသူများမှာ တစ်ခင်းလျှင် တစ်ယောက်မကပါ။ အိမ်တွင် လူများလျှင် များသလို နှစ်ယောက်၊ သုံးယောက်အထိ စောင့်အိပ်ကြလေ့ရှိပါသည်။

ကျွန်တော်တို့ စာမေးပွဲများ ဖြေဆိုပြီးသည်နှင့် ကြက်သွန်ဥများလည်း ကြီးရင့်လာပြီဖြစ်ရာ ကျွန်တော်တို့ ကြက်သွန်ခင်းတွင် ညအိပ်စောင့်ကြရပါသည်။ ကျွန်တော်တို့ ကြက်သွန်ခင်းမှာ အခြားကြက်သွန်ခင်းများနှင့် အလှမ်းဝေးပြီး တစ်ခင်းထီးတည်းရှိနေသောကြောင့် ကျွန်တော်တို့ တစ်တဲတည်း

သာ ရှိပါသည်။ ကြက်သွန်ခင်းတွ[...]
အဖေဝင်း၊ ကိုဝင်းကိုနှင့် ကျွန်တော်[...]
သားအဖသုံးယောက် ညအိပ်စောင့်[...]
ပါသည်။

ကျွန်တော်သည် ကြက်သွန်ခ[...]
တွင် ပထမဆုံး အိပ်သောညက [...]
ထဲ တောင်ထဲတွင် အိပ်လေ့အိပ်[...]
မရှိသဖြင့် တော်တော်နှင့် အိပ်မ[...]
နိုင်ဘဲ ကြောက်ရွံ့ ထိတ်လန့်နေ[...]
သည်။ အဖေနှင့် ကိုဝင်းကိုအကြား [...]
အိပ်ရသည်ကိုပင် မလုံခြုံသလို ခံစား[...]
၍ စောင်ခေါင်းမြီးခြုံထားသဖြင့် ချွေး[...]
စို့ရွှဲလျက်ရှိပါသည်။

"လူလေး···ကြောက်တယ်[...]
တာလည်း စိတ်ပဲ။ မကြောက်ဘူး [...]
တာလည်း စိတ်ပဲကွ။ ကိုယ့်ကိုယ်[...]
မကြောက်ဘူးလို့ သဘောထားလို[...]
ရင် စိတ်ရဲသွားတာပဲ။ ကြောက်တ[...]
တဲ့ စိတ်ဟာ လူကို ဒုက္ခပေးတ[...]
တယ်။ အဲဒါကြောင့် ကြောက်တဲ့စိ[...]
ဖြစ်လာရင် ဆက်ပြီး မကြီးထွားလာ[...]
အဲဒီစိတ်ကို ပြောင်းပစ်ရမယ်ကွ။ [...]
လူလေးဟာ ညဆိုတဲ့ အသိကြော[...]
အခုလို ကြောက်နေတာ။ နေ့သာ[...]
လူလေးတစ်ယောက်တည်းဖြစ်နေလ[...]
ကြောက်မှာမဟုတ်ဘူး။ အဲဒီတော့ [...]
လေး စွဲမှတ်ထားရမှာက အလင်းရေ[...]
ရှိတာနှင့် အလင်းရောင် မရှိတာ[...]
ကွာတယ်။ နေ့နှင့် ညဟာ အတူတ[...]
တောတောင်ရေမြေတွေဟာ ဘ[...]
မပြောင်းလဲဘူးလို့ မှတ်ထားရမယ်[...]

"ဟုတ်ကဲ့ပါ အဖေဝင်း"

"စိတ်က ကြောက်စိတ်ဝင်[...]
ရင် နေ့ခင်းက အဖြစ်အပျက်တွေ[...]
ကိုယ်ရပြီးသား စာတွေကို ပြန်[...]
တို့ လုပ်ပြီး စိတ်ကို လ[...]ရှိ[...]
လက်ရှိအချိန်နှင့် ဝေး[...]ကို ပို့လွှ[...]
အတွေးနယ်ချဲ့နေ[...]တယ်ကွ။ အဲ[...]

www.burmeseclassic.com

စိတ်ပေါ့ပါးပြီး ကြောက်စိတ်တွေ ကင်းဆေးနေလိမ့်မယ်"

ဟု အဖေဝင်းမှ ပြောပါသည်။

ထို့နောက် အဖေဝင်းသည် ရဲဘော်ဖြူဘဝဖြင့် တောခိုခဲ့စဉ်က တိုက်ပွဲအတွေ့အကြုံ စွန့်စားခန်းများကို ပြောပြပါသည်။ ကျွန်တော်သည် အဖေဝင်းပြောပြသော အဖြစ်အပျက်အကြောင်းအရာ ဇာတ်လမ်းများအတွင်း၌ စီးမျောလိုက်ပါသွားရာ ကြောက်စိတ်များ မရှိတော့ပါ။ ရွာထဲအိမ်မှာ အိပ်ရသည်နှင့် မခြားပင် ဖြစ်ပါ၏။ စိတ်လွတ်လပ်ပေါ့ပါးသွားကာ အဖေဝင်း၏ ဇာတ်လမ်းတစ်ပုဒ်မဆုံးမီ အိပ်ပျော်သွားပါတော့သည်။

ဤသို့ဖြင့် ငါးညခန့် လွန်မြောက်ပြီးသည့်နောက်တွင် ကျွန်တော့်တွင် လုံးဝ ကြောက်စိတ်များ မဖြစ်ပေါ်တော့ပါ။ ညတစ်ရေးနိုးတွင်လည်း တစ်ယောက်တည်း အပေါ့အပါးသွားရလာပြီး ရွာထဲအိမ်မှာကဲ့သို့ပင် စိတ်မှာခံစားရကာ နေသားကျလာခဲ့ပါသည်။ အဖေဝင်း၏ ရဲဘော်ဖြူဘဝ စွန့်စားခန်းများသည်လည်း ကုန်ဆုံးခြင်း မရှိသေးပါ။ ညစဉ် နားထောင်၍ မဝနိုင်အောင် ရှိနေဆဲသာ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော့်အဖို့ရာတွင် ကြက်သွန်ခင်းတွင် အဖေဝင်းတို့နှင့် ညအိပ်ရသည်မှာ မည်သို့မျှ အခက်အခဲမရှိတော့ဘဲ ပျော်ရွှင်မှုပင် ဖြစ်ခဲ့ရပါ၏။

◈◈◈

ဤသို့ဖြင့် တပေါင်းလပြည့်ကျော်ရက်များသို့ ရောက်လာသောအခါ ကြက်သွန်ခင်းအတော်များများ ဖော်ပြီးကြပြီဖြစ်၍ အခင်းစောင့်သူတို့ နည်းပါးသွားရာ ညအခါများတွင် ချောင်းရိုးအတွင်း လူသူပြတ်လပ်၍လာပြီဖြစ်ပါသည်။ ကျွန်တော်တို့အခင်းမှာ တစ်ခင်းတည်း ကွဲနေသည့်အပြင် အဝေးဆုံးလည်း ဖြစ်နေပါ၍ အလုပ်သမားခေါ်ယူရသည်မှာ မလွယ်ကူပါ။ ထို့ကြောင့် နောက်ဆုံးမှသာ အလုပ်သမားရရှိမည်ဖြစ်ပါသည်။ ဤအကွက်ကို လုပ်ခွင့်ရသူတိုင်း နောက်ဆုံးမှ ကြက်သွန်သိမ်းရသော အလေ့အထမှာ အစဉ်အလာဖြစ်နေ၍ ပျိုးထောင်စဉ်ကတည်းက အများထက် တစ်လခန့် နောက်ကျပြီးမှ ပျိုးထောင်ကြရပါသည်။ ကျွန်တော်တို့လည်း ထိုကဲ့သို့ ပျိုးထောင်ခဲ့ကြရခြင်းဖြစ်၍ ကြက်သွန်သိမ်းချိန်၌ နောက်ဆုံးတွင် တောထဲ၌ ကျွန်တော်တို့တစ်ခင်းသာ ကျန်ခဲ့ပါတော့သည်။

ကျွန်တော်တို့မိသားစု၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ဓာတ်ဆေးဆိုးပန်းရိုက်လုပ်ငန်းဖြစ်ပါသည်။ အမေကောင်းဘက်မှ ဆွေရိပ်မျိုးရိပ်မကင်းသော အဘသိုက်(ရွှေရင်နှစ်-မြို့သာ)၏ အဘိုးထံတွင် ဆေးဆိုးပန်းရိုက်ပညာများကို သင်ကြားပြီး ထိုလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုနေခြင်းဖြစ်ပါသည်။

ထိုစဉ်က ယခုခေတ်ကဲ့သို့ အဝတ်အထည်များ မပေါ်များသေး၍ မြန်မာဝါဂွမ်း လက်ရက် ချည်ထည်များကိုသာ အားထား ဝတ်ဆင်ကြရသည်။ ပေါ်ပလင်စ၊ ပိတ်စများသာ ပေါ်ပေါက်သေး၍ အရောင်းဆိုး ဝတ်ဆင်ကြရသည်။ နိုင်ငံခြားမှ လာသော ကော်ဇောများမှာလည်း ဈေးကြီးလှ၍ မမြင်ဘူးလောက်အောင်ပင် ရှားပါးလျက်ရှိပြီး ဖျင်စများပေါ်တွင် သစ်သားပန်းပုံများ ထွင်း၍ ရိုက်ကြရသောခေတ်ဖြစ်သဖြင့် အဖေဝင်း၏ ဓာတ်ဆေးဆိုးနှင့် ပန်းရိုက်လုပ်ငန်းမှာ တွင်ကျယ်လှပါသည်။

ထို့ကြောင့် အဖေဝင်းနှင့် အမေကောင်းတို့သည် တစ်လလျှင် တစ်ကြိမ်နှစ်ကြိမ်ခန့် မန္တလေးမြို့သို့ ဆေးဝယ်သွားရလေ့ရှိပြီး တစ်ညအိပ်မှ နှစ်ညအိပ်ခန့်အထိ ကြာမြင့်တတ်ပါသည်။

ယခုလည်း အဖေဝင်းတို့ ဆေးဝယ်သွားနေ၍ ကျွန်တော်နှင့် ကိုဝင်းကိုတို့နှစ်ယောက်သာ ကြက်သွန်ခင်းကို စောင့်အိပ်ရမည်ဖြစ်ပါ၍ ကျွန်တော်တို့၏ အစ်ကိုဝမ်းကွဲ ကိုလှိုင်ငွေးမှ အဖော်လိုက်အိပ်ပေးပါသည်။ တစ်ညအိပ်ခဲ့ပြီးဖြစ်ပါသည်။ ယနေ့ညတွင်လည်း မန္တလေးမှ ကားဆိုက်လာပြီဖြစ်သော်လည်း အဖေဝင်းတို့ မပါရှိသေးသဖြင့် ကျွန်တော်တို့ညီအစ်ကိုနှင့် ကိုလှိုင်ငွေးတို့သာ သွားရောက်အိပ်ကြရမည်ဖြစ်ပါသည်။

ညနေစောင်းအချိန်တွင် ကျွန်တော်နှင့် ကိုဝင်းကိုတို့ ထမင်းစားပြီးသည်နှင့် ကြက်သွန်ခင်းသို့ သွားရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုအချိန်မှာပင် ကိုလှိုင်ငွေးလည်း ရောက်လာပါသည်။

"အတော်ပဲ လှိုင်ငွေးရောက်လာပြီ။ သွားကြစို့ဟေ့"

ကိုဝင်းကိုမှ ပြောလိုက်သည့်အခါ ကိုလှိုင်ငွေးမှ...

"ဝင်းကို...မင်းတို့ သွားနှင့်ကြ ပြီးမှ ငါ နောက်က လိုက်ခဲ့မယ်။ ကြက်တွေ ရောင်းရမှာမို့ အိပ်တန်းဝင်ချိန်ကို စောင့်ပြီး ကြက်ဖမ်းပေးရဦးမယ်။ အဒါ လာပြောတာ"

"အေးပါ။ ဒါဆိုလည်း [illegible] နှင့်တော့မယ်။ မင်းပြီးမှသာ [illegible] ကဲ - ညီလေး၊ တို့သွားကြစို့ကွာ"

ထို့နောက် ကျွန်တော်နှင့် [illegible] ကိုတို့လည်း ယူစရာရှိသည်တို့ကို [illegible] ကျန်အောင် စစ်ဆေးပြီးသည်နှင့် [illegible] သို့ ထွက်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ရွာတွင် အိမ်တိုင်းလိုလို ကြက်မွေးကြပါသည်။ တချို့အိမ်ဆိုလျှင် အကောင်သုံးလေးဆယ်အထိ ရှိတတ်ပါသည်။ ခြံခတ်၍ မွေးမြူခြင်းမဟုတ်ပါ။ သစ်ပင်နှင့် အိမ်ခေါင်မိုးများတွင် အိပ်တန်းတက်ကြပြီး ထမင်းကျန်၊ ဟင်းကျန်နှင့် ပြောင်းစေ့တို့ကို ပက်ကြဲ ကျွေးမွေးရုံသာဖြစ်၍ ကုန်ကျစရိတ်နည်းပါးစွာဖြင့် အပိုဝင်ငွေရရှိခြင်းဖြစ်ပါသည်။ သို့သော် အချို့ကြက်များမှာ ရောင်းချသောအချိန်၌ အလွယ်တကူ အဖမ်းမခံတတ်ကြပါ။ ထို့ကြောင့် ညအိပ်တန်းတက်ချိန်ကိုသာ စောင့်ဖမ်းကြရပါသည်။

ကျွန်တော်တို့ ကြက်သွန်ခင်းမှာ ရွာနှင့် တစ်မိုင်မျှ ဝေးကွာသဖြင့် အတော်ကလေးတော့ လမ်းလျှောက်ရပါသည်။ ရွာတောင်ထိပ်သို့ ရောက်သောအခါ ကိုမြင့်ဌေး၊ ကိုခင်မောင်ဝင်း၊ ကိုကျော်ငြိမ်းတို့နှင့် တွေ့ရာ…

"ကိုမြင့်ဌေး…နေဝင်မိုးချုပ်ကြီး ဘာကိစ္စရှိလို့လဲ"

ဟု ကိုဝင်းကိုက မေးရာ…

"မင်းတို့နဲ့ တွေ့တာ အတော်ပဲကွာ။ တို့အိမ်က နွားတစ်ကောင် ပြန်မလာလို့ကွ။ အဲဒါ နွားသွားရှာမလို့။ မင်းတို့ လိုက်ခဲ့ကြဦး"

"အေးဗျာ၊ ကျုပ်တစ်ယောက်တော့ လိုက်ခဲ့မယ်။ တစ်ယောက်က အခင်းစောင့်ရဦးမှာဗျ"

ကိုဝင်းကိုမှ ထိုသို့ပြောလိုက်ပြီး ကျွန်တော့်ကို ကြက်သွန်ခင်းသို့ သွားနှင့်စေပြီး သူက ကိုမြင့်ဌေးတို့နှင့် လိုက်ပါသွား၏။

ကျွန်တော်လည်း သူတို့နှင့် လမ်းခွဲကာ ကြက်သွန်ခင်းသို့ ထွက်ခဲ့၏။ ကျွန်တော် ရေနံဆီ မီးခွက်ထွန်းပြီး တစ်ယောက်တည်း ထိုင်နေရင်း ကိုလှိုင်ဌေးကို မျှော်နေမိသည်။ ခနာရီကျော်သွားပေပြီ။ ကိုလှိုင်ဌေး ရောက်မလာသေး။ ယခင်ညများက အဖော်များနှင့်မို့ မည်သို့မျှ မခံစားရသော်လည်း၊ ညအချိန် လူသူမနီးသော တောကြီးထဲဝယ် အခုလို တစ်ယောက်တည်းဖြစ်နေရာ ညဥ့်နက်ပိုင်းသို့ ရောက်လာသည်နှင့် ကြောက်စိတ်၊ အားငယ်စိတ်တို့ ဝင်ရောက်လာပါသည်။

လမိုက်ညဖြစ်နေ၍ ကြည့်လေရာရာ အမှောင်ထုသာ စိုးမိုးလျက်ရှိရာ စိတ်ချောက်ချားဖွယ်ပင် ဖြစ်ပါ၏။ အခုနေများ တစ္ဆေ သရဲတို့ ပေါ်ပေါက်လာလျှင် ကျွန်တော်လန့်ပြီး သေသွားနိုင်ပါ၏။ သို့မဟုတ် သွေးပျက်ပြီး ရူးသွပ်သွားနိုင်ပါသည်။

ထိုအချိန်မှာပင် မိုးသက်လေပြင်းများ ကျလာပြီး ကောင်းကင်ကြီးတစ်ခုလုံး မိုးရိပ်များ ဖုံးလွှမ်းသွားကာ၊ ပိန်းပိတ်အောင် မှောင်သွားပါသည်။ ထို့နောက် မိုးချုန်းသံများ ထွက်ပေါ်လာပြီး လျှပ်စီးများ တဝင်းဝင်းလက်လာပါသည်၊ ရေနံဆီ မီးခွက်ကလေးလည်း ငြိမ်းသွားပါသည်။

ဤကဲ့သို့သော အနေအထားတွင် ကိုလှိုင်ဌေးလည်း လာမည်မဟုတ်တော့။ နွားရှာသွားသော ကိုဝင်းကိုသည်လည်း ရောက်လာနိုင်မည်မဟုတ်ပါ။ ကျွန်တော်တို့၏ တဲကလေးမှာလည်း မိုးမရှိသော ရာသီအတွက်သာ ဆောက်ထားသည်ဖြစ်ရာ အခိုင်အမာမဟုတ်။ နေလုံ၊ နှင်းလုံရုံမျှသာဖြစ်ပါ၏။ မိုးရွာ၍ ချောင်းရေကျလာလျှင် ကျွန်တော်တို့ တဲကလေးသည် ချောင်းရေစီးကြောင်းအတွင်း ကျရောက်မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် ဤတဲကလေးတွင် နေ၍ မဖြစ်တော့ပါ။ နေလည်း မနေရဲတော့ပါ။ ဓာတ်မီးကလည်း ကိုဝင်းကိုထံ ပါသွားပါ၏။

ထို့ကြောင့် ကျွန်တော်သည် လျှပ်စီးရောင်ကိုသာ အားပြုပြီး ကေလာသ မန်းချောင်းတောရည့်သုတ်ခြေတင် ပြေးခဲ့ပါတော့သည်။

ဆရာတော်ဘုရားထံ အကျိ[illegible] အကြောင်း လျှောက်ထားသောအခါ[illegible] ဓမ္မာရုံထဲတွင် အိပ်နိုင်ကြောင်း ခွင့်ပေး[illegible] ပါသည်။ မအိပ်ရဲလျှင် ကိုရင်လေး[illegible] တစ်ပါးကို အဖော်ခေါ်သွားရန် မိန့်ကြား[illegible] တော်မူရာ…

"အရှင်ဘုရား…တပည့်တော်[illegible] အိပ်ရဲပါတယ် ဘုရား"

"ဒါဆိုလည်း ကိုရင် တံခါးလိုက်[illegible] ဖွင့်ပေးလိုက်ပါ။ ကဲ - ဒကာလေး[illegible] အိပ်ချေတော့၊ ဘုန်းကြီးမှာ လုပ်စရာ[illegible] လေးတွေ ရှိသေးလို့"

ကျွန်တော်လည်း ဆရာတော်[illegible] ရှိခိုး ကန်တော့ပြီး ကိုရင်လေးနောက်[illegible] သို့ လိုက်သွားပါသည်။

ဓမ္မာရုံမှာ ဆရာတော် လက်[illegible] သီတင်းသုံးလျက်ရှိသော ကျောင်း[illegible] ဆောင်နှင့် ပေ ၅၀ခန့်သာ ကွာခြား[illegible] ဘေးချင်းယှဉ်လျက် တည်ရှိသည်။

ကိုရင်လေးကလည်း အခန်း[illegible] သော့ဖွင့်ပေးပြီး အိပ်ရမည့်နေရာ[illegible] ညွှန်ပြ၍ ပြန်သွားသည်၊ ထိုအချိန်တွင်[illegible] လေငြိမ်သွားပြီး မိုးဖွဲကလေးများ ကျ[illegible] လျက်ရှိပါသည်။ ကျွန်တော်လည်း[illegible] ကြက်သွန်ခင်းတွင် တဲငယ်လေး[illegible] တစ်ယောက်တည်း အိပ်စက်ရသည်[illegible] စာလျှင်၊ ဤဓမ္မာရုံတွင် အိပ်ရသည်[illegible] ပို၍လုံခြုံ စိတ်ချရသည်ဖြစ်၍ ကြောက်[illegible] စိတ်တို့ ပြေလျော့သွားပြီး မကြာ[illegible] အိပ်ပျော်သွားပါတော့သည်။

◈◈◈

ကျွန်တော် မည်မျှကြာအောင်[illegible] အိပ်ပျော်သွားသည် မသိပါ။ ခေါင်း[illegible]

www.burmeseclassic.com

သွပ်ပြားပေါ်သို့ မိုးရေကျသံများ တဖြောင်းဖြောင်းဖြင့် ကျယ်လောင်စွာ မြည်ဟည်းလာသဖြင့် အိပ်ပျော်နေရာမှ ကျွန်တော် နိုးလာခဲ့ပါသည်။ ကျောင်းသို့ ပြောင်းရွှေ့လာခဲ့မိ၍ တော်ပါသေးသည်။ အပြင်တွင် မိုးရော လေပါ ရွာသွန်းတိုက်ခတ်လာသဖြင့် ဆူညံနေပါသည်။ ကြက်သွန်ခင်းမှာသာ အိပ်လျှင် ကျွန်တော် ဒုက္ခရောက်မည်မှာ အမှန်။

ကျောင်းဝင်းအတွင်းရှိ သစ်ပင်ကြီးများ၏ လေတိုးသံတို့မှာ ကြောက်မက်ဖွယ် ကောင်းလှပါသည်။ ထိုစဉ် ခမ္မာရုံရှေ့ခန်းဆီမှ ကလေးငိုသံများ ထွက်ပေါ်လာပါသည်။

"အူဝဲ…အူဝဲ…"

ကျွန်တော် ကြက်သီးများ ထလာမိသည်။

"လူလေး…ကြောက်တယ်ဆိုတာလည်း စိတ်ပဲ၊ မကြောက်ဘူးဆိုတာလည်း စိတ်ပဲကွ။ ကိုယ့်ကိုယ်ကို မကြောက်ဘူးလို့ သဘောထားလိုက်ရင် စိတ်ရဲသွားတာပဲ။ ကြောက်တဲ့စိတ်ဟာ လူကို ဒုက္ခပေးတတ်တယ်။ အဲဒါကြောင့် ကြောက်တဲ့ စိတ်ဖြစ်လာရင် ဆက်ပြီး မကြီးထွားလာခင် အဲဒီစိတ်ကို ပြောင်းပစ်ရမယ်ကွ" ဟူသော အဖေဝင်း၏ အားပေးသံကို ပြန်လည်ကြားယောင်မိလာသည်။

ထို့ကြောင့် ကျွန်တော် စိတ်ကို ရဲဆေးတင်လိုက်ရာ အနည်းငယ် နေသာထိုင်သာရှိသွားပါသည်။

ကလေးငိုသံမှာ မရပ်နားပါ။ စိတ်အထင်မဟုတ်၊ တကယ်ငိုကြွေးနေခြင်းဖြစ်ပါ၏။ ကျွန်တော့်အိပ်သည့်အခန်းမှာ ပင်မ ရှေ့ဟောခန်းကြီးနှင့် နံရံခြား၍ အခန်းကန့်ထားသော်လည်း မြင့်မိုရ်ပိတ်မပါရှိပါ။ သို့ဖြစ်၍ ကျွန်တော်သည် လောက်လေးခွဖြင့် ကလေးအော်သံကြားရသော သွပ်မိုးကို ခပ်ဖွဖွလှမ်းထုလိုက်ရာ လောက်စာလုံးသည် သွပ်မိုးကို ဒေါင်းခနဲ ထိမှန်ပြီး လောက်စာလုံးက သစ်သားကြမ်းခင်းပေါ်သို့ ဒေါက်ခနဲ ကျသွားပါသည်။

"အူဝဲ…အူဝဲ…အူဝဲ…"

"အူဝဲ…အူဝဲ…အူဝဲ…"

ကလေးငိုသံမှာ နှစ်သံဖြစ်လာပါ၏။ ကျွန်တော် စိတ်တင်း၍ မရတော့ပါ။ ကြောက်စိတ်များ ဖြစ်ပေါ်လာပါ၏။ ကျွန်တော်သည် မထူးပြီဟု ဆိုကာ ကျွန်တော့်တွင် ပါလာသော လောက်စာလုံးများ ကုန်သည်အထိ သွပ်မိုးကို ပစ်ချလိုက်ပါတော့သည်။

"ဒေါင်…ဒေါင်…ဒေါင်…"

"အူဝဲ…အူဝဲ…အူဝဲ…"

"အူဝဲ…အူဝဲ…အူဝဲ…"

မျှ ပြားလှသော ကလေးငိုသံတို့သည် ကျွက်ကျွက်ညံသွားပါတော့၏။ သဲသဲမဲမဲရွာချနေသော မိုးသံ လေသံတို့ကို ကလေးငိုသံတို့က လွှမ်းမိုးသွားပါ၏။ ကျွန်တော့်စိတ်ကို မည်သို့မျှ တင်းထားနိုင်စွမ်း မရှိတော့ပါ။ တစ်ခုကောင်းသည်မှာ ကျွန်တော့်အခန်းမှ ဟောခန်းသို့ မထွက်ဘဲ၊ ဘေးမှ ထွက်နိုင်သော တံခါးမရှိသော်လည်း ပြတင်းပေါက်တွင် သံတိုင်များ၊ သံဇကာများ မတပ်ထားသဖြင့် ပြတင်းပေါက်မှ အပြင်သို့ ထွက်နိုင်၏။ ထိုပြတင်းပေါက်မှာလည်း ဆရာတော်၏ ကျောင်းနှင့် မျက်နှာချင်းဆိုင်ဖြစ်နေ၍ ကျောင်းသို့ ပြေးရန် စိတ်ကူးမိပါသည်။

"အူဝဲ…အူဝဲ…အူဝဲ…"

"အူဝဲ…အူဝဲ…အူဝဲ…"

ကလေးငိုသံတို့မှာ မပျောက်သွားပါ။ ပို၍ပင် ထွက်ပေါ်လာနေပါ၏။ သေချာပါသည်။ ကျွန်တော့်အခန်းရှေ့ ခမ္မာရုံကြီးထဲတွင် သရဲများစွာရောက်ရှိနေပါသည်။ ကျွန်တော့်အခန်းတံခါးကို တွန်းဖွင့်ဝင်လာလျှင်…။ ကျွန်တော် ဆက်မတွေးရဲတော့ပါ။

"ဆရာတော်ဘုရား…ဆရာတော်ဘုရား…ကယ်တော်မူပါ"

ထိုသို့ အသံကုန်အော်ဟစ်လိုက်ပြီး တစ်ဖက်မှ ဓားကို ကျစ်ကျစ်ဆုပ်၊ တစ်ဖက်မှ မီးခြစ်ကို ခြစ်လိုက်ပြီး ပြတင်းပေါက်ကို တွန်းဖွင့်လိုက်ပါသည်။

အနည်းငယ် ဟ,သွားသည်နှင့် မီးခြစ်ငြိမ်းသွားပြီး တံခါးမှာ ဝုန်းဆို ပြန်ပိတ်သွားပါသည်။ ထို့ကြောင့် တံခါးကို ကိုယ်နှင့် တွန်း၍ဖွင့်ကာ ပြတင်းဘောင်ပေါ် တင်ပါးလွှဲထိုင်ပြီး ခြေထောက်နှစ်ချောင်း အပြင်သို့ ထုတ်လိုက်လျှင် ထိန်လင်း စူးရှလှသော ကြီးမားလှသော သရဲမျက်လုံးကြီးက ဆီးကြို၍ နေပါသည်။

"အောင်းမလေး…သရဲကြီးဗျ၊ သရဲကြီး"

ကျွန်တော် ငယ်သံပါအောင် ကျုံးအော်လိုက်စဉ် လျှပ်စီးတစ်ချက်လက်လိုက်ရာ ကြီးမားလှသော သရဲမဲမဲကြီးက ကျွန်တော့်ကို ခုန်အုပ်ချလိုက်ပါသည်။

"အောင်မလေး…သရဲကြီး"

"ဝုန်း…"

ကြမ်းတမ်းသော သရဲကြီး၏ လက်ဖြင့် အရိုက်ခံလိုက်ရချိန်တွင် ကျွန်တော် အကြောက်လွန်ပြီး သတိလစ်၍ လဲကျသွားပါတော့သည်။

ကျွန်တော့်တွင် မည်သို့သော အတွေးအထိ အာရုံနှင့် မည်သို့သော အသိအကြား အာရုံတို့မှ မရှိတော့ပါ။ မည်သည့်ခံစားမှုမှ မရှိတော့ပါ။ သတိမလစ်မီ နောက်ဆုံးအချိန်ကလေးမှာပင် ကျွန်တော်သေရတော့မည်ဟု သတိပြု မိလိုက်ပါသေး၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် အမှောင်ကမ္ဘာအတွင်း၌ မည်မျှကြာသည်အထိ နစ်မြောနေသည် မသိပါ။

"မှိုင်းလွင်…"

"မှိုင်းလွင်…"

ကျွန်တော်၏ အမည်ခေါ်သံများကြားလာရပြီး သတိပြန်ရလာသောအခါမှ ကျွန်တော် မသေသေးဘဲ ဘုန်းကြီးကျောင်းကြမ်းပြင်တွင် စောင်၊ ခေါင်းအုံးတို့ဖြင့် လဲလျောင်းနေကြောင်း သိရ၏။ ကျွန်တော့်နံဘေးတွင် ကိုဝင်းကို၊ ကိုမြင့်ဌေး၊ ကိုကျော်ငြိမ်း၊ ကိုခင်မောင်ဝင်းတို့ကို တွေ့ရပါသည်။ မနက်လင်းနေပြီဖြစ်ကာ မိုးလေကင်းစင်လျက် ရှိပါ၏။

ထို့နောက် ကျွန်တော် ထ,ထိုင်လိုက်ပါသည်။ ခေါင်းများ အုံခဲနေသည်မှအပ တစ်ကိုယ်လုံးတွင် နာကျင်မှုမရှိပါ။ ဒဏ်ရာဒဏ်ချက်များလည်း မရှိပါ။ ကျွန်တော့်ခေါင်းရင်းတွင် ဆရာတော်ဘုရားသည် ကုလားထိုင်ပေါ်၌ ရှိပါသည်။ ကျွန်တော် နိုးထလာသောအခါ ဆရာတော်ဘုရားမှ…

"ရော့ သူ့ကို ရေနွေးနဲ့ သွေးဆေးတိုက်လိုက်"

ဟု ဆိုကာ ကိုဝင်းကိုထံ ဆေးထုပ်ကလေး စွန့်တော်မူပါသည်။ ထိုဆေးနှင့် ရေနွေးပူကို မှုတ်သောက်လိုက်သောအခါ တစ်ခဏအတွင်း ခေါင်းခဲသော ဝေဒနာတို့လည်း ပျောက်ကင်းသွားပါသည်။

ကျွန်တော်သည် ညတုန်းကအဖြစ်အပျက်များကို ဖြည်းဖြည်းချင်း ပြန်လည် သတိရလာမိရာ ကျွန်တော်သည် သတိကင်းလွတ်၍ ရူးသွပ်သွားခြင်းမျိုး မရှိသည်မှာ သေချာပါ၏။

"ဒကာလေး… ညတုန်းက ကတိုက်ကရိုက်နှင့်ဆိုတော့ ဘာမှမပြောလိုက်ရဘူး။ ဒီလို မိုးဦးကျခါစဆိုရင် မိုးကြီးရင် ချွေးအတွေ သားပေါက်တာနဲ့ ကြုံပြီး ညအခါ မြွေရုံအောက်ကို မိုးလာခိုလေ့ရှိတယ်။ ဒကာလေးက လန့်ပြီးဒေါ်မှ ကြားရတယ်။ ဘုန်းကြီးလည်း ဒကာလေးဆီ ထွက်လာဖို့ရာ မိုးတွေက သည်း၊ လေတွေက ကြမ်းနေတော့ ပြတင်းပေါက်ကနေ ဓာတ်မီးနဲ့ လှမ်းထိုးကြည့်နေစဉ်း ဒကာလေးက ပြတင်းပေါက်ဖွင့်ပြီး ဒီဘက် ထွက်လာဖို့ လုပ်နေတာ တွေ့ရတယ်။ တော်သေးတယ်၊ ဒကာလေး ဆင်းမလာခင်အချိန်ကလေးမှာပဲ ဒကာလေးရှေ့က သရက်ပင်ကြီး လဲကျသွားတာ။ အဲဒီအချိန်မှာပဲ ဒကာလေးက အကြောက်လွန်ပြီး သတိလစ်သွားတာပဲ"

ဟု ဆရာတော်မှ မိန့်ပါသည်။

မြွေရုံသည် လေကားသုံးထစ်တက် သစ်သားကြမ်းခင်းနှင့်ဖြစ်ရာ ပြတင်းပေါက်မှာ မြေပြင်အထက် အတော်မြင့်နေ၍ ရုတ်တရက် ခုန်ဆင်းဖို့ ခက်ခဲလျက်ရှိစဉ် လျှပ်စီးရောင်၌ သရက်ပင်ကြီး လဲကျလာခြင်းကို သရဲကြီးက ကျွန်တော့်အား ခုန်အုပ်လိုက်ခြင်း၊ သရက်ရွက်များက ကျွန်တော့်ကို ထိသွားခြင်းအား သရဲလက်ဖြင့် ရိုက်လိုက်ခြင်းဟု ထင်မှတ်သွားခြင်းဖြစ်နိုင်ပါ၏။

◈◈◈

ထို့နောက် ကျွန်တော်တို့လည်း ဆရာတော်အား နှုတ်ဆက် ကန်တော့ကြပြီး ကျောင်းအတွင်းမှ ပြန်ထွက်လာခဲ့ကြပါသည်။ ကျောင်းရှေ့တွင် သရက်ပင်ကြီး လဲကျလျက်ရှိပါ၏။ အိမ်အပြန်လမ်းတစ်လျှောက်တွင် သစ်ပင်၊ သစ်ကိုင်းများ ကျိုးပဲ့လျက်ရှိသည်ကို တွေ့မြင်ရပြီး အချို့ ချိုင့်ခွက်နေရာများတွင် မိုးရေတို့ တင်ကျန်လျက်ရှိသည်ကို တွေ့ရပါသည်။

ကျွန်တော်တို့ ကြက်သွန်ခင်း… တဲကလေးသည် တိုင်ငုတ်များသာ… ကျန်ရှိပါတော့၏။ ညက ဤတဲကလေး… မှာပင် ပေအိပ်နေလျှင် ကျွန်တော်… မည်မျှ ဒုက္ခရောက်လိုက်ပါမည်နည်း… အရှေ့လောကဓာတ်မှ နေဝန်းကြီး… ထွက်ပေါ်လာပေပြီ။ ရာသီဥတုအခြေ… အနေသည်ကား အပြောင်းအလဲမြ… ဆန်လှပါ၏။ ယခုမူ ကောင်းကင်ကြီး… မှာ သာယာကြည်လင်လျက် မိုးတိမ်… ၍ ကြက်တစ်ဝပ်စာမျှပင် မရှိ။ ပြာလွ… လျက်ရှိပြီး လေနုအေးလေး တိုက်ခတ်… လျက်၊ ညက ရွာထားသော မိုး၏ အငွေ… ကြောင့်လည်း ရာသီဥတုမှာ အေး… လျက်ရှိပါသည်။

လူတို့သည် ညပေါင်းများစွာကို… ဖြတ်သန်းခဲ့ကြဖူးပြီဖြစ်ပါ၏၊ ညတစ်ည… ၏ အချိန်တာသည် ဘာမျှမကြာလိုက်… ပါ။ တစ်ခဏမျှနှင့်သာ ကုန်ဆုံး လွန်… မြောက်သွားရသည်သာ ဖြစ်ပါ၍… သာမန် ထူးခြားမှုမရှိသော ညများကို… တော့ ပြန်လည် မှတ်မိနိုင်ကြမည်… မဟုတ်ပါ။

ကျွန်တော့်အဖို့ရာတွင်… ကျွန်တော့်ဘဝ၏ ညပေါင်းများစွာထဲ… ဤတစ်ညဟာဖြင့် ဘယ်သောအခါ… မေ့မရနိုင်သော ညတစ်ညအဖြစ် ဤ… ယနေ့တိုင် အကြောင်းတိုက်ဆိုင်သော… အခါတိုင်း၌ ပြန်လည်အမှတ်ရ၍ နေ… ပါသေးသည် ■

* * *

ဘိုဘို(ရွှေကံ…



www.burmeseclassic.com

www.burmeseclassic.com

# ထီ ပေါက်ကိန်းရှိပါသလား

**သစ္စာဝါဒီ ဆရာမြတ်စောလင်း(ကံကြမ္မာအလင်းရောင်ပေဒင်ကျမ်းပြု)**

ကျွန်ုပ်နှင့်အတူ စာဖတ်သူများသည် ဘဝ၏ တိုးတက်မှု၊ အောင်မြင်မှုကို လိုလားကြ၏။ လူ့ဘဝတွင် အဓိကသည် စီးပွားရေးအောင်မြင်မှု၊ ငွေကြေးချမ်းသာမှု ဖြစ်၏။ ငွေကြေးချမ်းသာကြွယ်ဝမှု၌ ကံကောင်းထောက်မခြင်းသည် အရေးပါလှ၏။ ထိုကံကောင်း ထောက်မမှုကြောင့် မိမိတို့ ရောက်နေသော နှစ်များအရ ထီပေါက်ကိန်းရှိ မရှိကို လွယ်ကူစွာ ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါသည်။

* တနင်္ဂနွေသားသမီးများ၏ ထီပေါက်နိုင်သော အသက်များမှာ ၁၈၊ ၁၉၊ ၂၀၊ ၂၆၊ ၂၇၊ ၃၈၊ ၃၅၊ ၃၆၊ ၄၂၊ ၄၃၊ ၄၄၊ ၅၀၊ ၅၁၊ ၅၂၊ ၅၈၊ ၅၉၊ ၆၀၊ ၆၆၊ ၆၇၊ ၆၈၊ ၇၄၊ ၇၅၊ ၇၆ နှစ်များဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com

* တနင်္လာသားသမီးများ၏ ထီပေါက်နိုင်သော အသက်များမှာ ၁၇၊ ၁၈၊ ၁၉၊ ၂၅၊ ၂၆၊ ၂၇၊ ၃၃၊ ၃၄၊ ၃၅၊ ၄၀၊ ၄၂၊ ၄၃၊ ၄၉၊ ၅၀၊ ၅၁၊ ၅၇၊ ၅၈၊ ၅၉၊ ၆၅၊ ၆၆၊ ၆၇၊ ၇၃၊ ၇၄၊ ၇၅ နှစ်များဖြစ်သည်။

* အင်္ဂါသားသမီးများ၏ ထီပေါက်နိုင်သော အသက်များမှာ ၁၆၊ ၁၇၊ ၁၈၊ ၂၄၊ ၂၅၊ ၂၆၊ ၃၂၊ ၃၃၊ ၃၄၊ ၄၀၊ ၄၁၊ ၄၂၊ ၄၈၊ ၅၀၊ ၅၆၊ ၅၇၊ ၅၈၊ ၆၄၊ ၆၅၊ ၆၆ နှစ်များဖြစ်သည်။

* ဗုဒ္ဓဟူးသားသမီးများ၏ ထီပေါက်နိုင်သော အသက်များမှာ ၁၅၊ ၁၆၊ ၁၇၊ ၂၃၊ ၂၄၊ ၂၅၊ ၃၁၊ ၃၂၊ ၃၃၊ ၃၉၊ ၄၀၊ ၄၁၊ ၄၇၊ ၄၈၊ ၄၉၊ ၅၅၊ ၅၆၊ ၅၇၊ ၆၃၊ ၆၄၊ ၆၅၊ ၇၁၊ ၇၂၊ ၇၃ နှစ်များဖြစ်သည်။

* ကြာသပတေးသားသမီးများ၏ ထီပေါက်နိုင်သော အသက်များမှာ ၁၃၊ ၁၄၊ ၁၅၊ ၂၁၊ ၂၂၊ ၂၃၊ ၂၉၊ ၃၀၊ ၃၁၊ ၃၇၊ ၃၈၊ ၃၉၊ ၄၅၊ ၄၆၊ ၄၇၊ ၅၃၊ ၅၄၊ ၅၅၊ ၆၁၊ ၆၂၊ ၆၃၊ ၆၉၊ ၇၀၊ ၇၁ နှစ်များဖြစ်သည်။

* သောကြာသားသမီးများ၏ ထီပေါက်နိုင်သော အသက်များမှာ ၁၉၊ ၂၀၊ ၂၁၊ ၂၇၊ ၂၈၊ ၂၉၊ ၃၅၊ ၃၆၊ ၃၇၊ ၄၃၊ ၄၄၊ ၄၅၊ ၅၁၊ ၅၂၊ ၅၃၊ ၅၉၊ ၆၀၊ ၆၁၊ ၆၇၊ ၆၈၊ ၆၉ နှစ်များဖြစ်သည်။

* စနေသားသမီးများ၏ ထီပေါက်နိုင်သော အသက်များမှာ ၁၄၊ ၁၅၊ ၁၆၊ ၂၂၊ ၂၃၊ ၃၁၊ ၃၂၊ ၃၈၊ ၃၉၊ ၄၇၊ ၄၈၊ ၅၄၊ ၅၅၊ ၅၆၊ ၆၂၊ ၆၃၊ ၆၄၊ ၇၀၊ ၇၁၊ ၇၂ နှစ်များဖြစ်သည်။

ထိုနှစ်များသည် ကျွန်ုပ်ထံသို့ လာရောက်သော ဧည့်သည်များ၏ အသက်နှင့် ထီပေါက်မှုများကို လေ့လာသောအခါ ထိကံအားကောင်း၍ ထီအပေါက်များသော အသက်များဖြစ်ကြောင်းကို တွေ့ရသည်။ ထို့အပြင် တနင်္လာသားသမီးများ၊ ကြာသပတေးသားသမီးများ၊ စနေသားသမီးများသည် ဆုကြီးမားခြင်းသော် လည်းကောင်း၊ ထီပေါက်မှု အကြိမ်များခြင်းသော် လည်းကောင်း လေ့လာတွေ့ရှိရ၏။

ထိုနှစ်များ၏ ထီပေါက်နိုင်သော အကျိုးပေး ဂဏန်းများမှာ (၂၀၅၇) ဂဏန်းများဖြစ်ကြောင်း တွေ့ရှိရသည်။ အက္ခရာမှာ မင်္ဂလာစုံတွဲထိုးလျှင် မလိုအပ်သော်လည်း တစ်စောင်၊ နှစ်စောင်ထိုးသူများအတွက် လိုအပ်ပေသည်။ အက္ခရာရွေးချယ်ထိုးလိုပါက (က၊ ခ၊ ဂ၊ ဃ၊ င၊ တ၊ ထ၊ ဒ၊ ဓ၊ န၊ ဠ၊ ဋ၊ ဍ၊ ပ၊ ဏ၊ ဖ၊ အ၊ မ) စသော အက္ခရာ (၂၀)လုံးကို ရွေးချယ်ထိုးနိုင်ပါသည်။ ၎င်းအက္ခရာ ၂၀ လုံးကို များနေသေးလျှင် (က၊ ဂ၊ တ၊ ဒ၊ ဠ၊ ဍ၊ ပ၊ ဗ) ဤဂဏန်းခြောက်လုံးကိုသာ ထိုးပါ။

ထီဆုကြီးဝင်ရန်အတွက် ထီထိုးပြီးသော လက်မှတ်များကို ဒန်းကြီး (၁၀)ညွှန့်ဖြင့် တစ်ကြိမ်၊ ပိတောက် (၁၀ ညွှန့်ဖြင့် တစ်ကြိမ် ထီလက်မှတ်ကို ရိုက်ပါ။ ပြီးလျှင် ထီ လက်မှတ်၏ အပေါ်သို့ ပန်းညွှန့်များကို တင်ထားပါ။ ဤသို့ ပြုလုပ်ခြင်းဖြင့် ထီဆုကြီးပေါက်နိုင်ပါသည်။

ထိုးရန် ထီဆိုင်များမှာ ဆိုင်နာမည်၏ အဖျားလုံးများကို ကြည့်၍ ထိုအဖျားလုံးများသည် က၊ ခ၊ ဂ၊ ဃ၊ င တ၊ ထ၊ ဒ၊ ဓ၊ န၊ ဠ၊ ဋ၊ ဍ၊ ပ၊ ဏ၊ ပ၊ ဖ၊ ဗ၊ ဘ၊ မ စသော အက္ခရာများဆုံးသော နာမည်ဖြစ်က မိမိအတွက် ပို၍အကျိုးပေးလိမ့်မည်။

**ထီပေါက်ရန် အကျိုးပေးအရပ်များ**

* တနင်္ဂနွေသားသမီးများ အနောက်အရပ်နှင့် မြောက် အရပ်။
* တနင်္လာသားသမီးများ အနောက်မြောက်နှင့် အရှေ့ မြောက်အရပ်။
* အင်္ဂါသားသမီးများ မြောက်အရပ်နှင့် အရှေ့အရပ်
* ဗုဒ္ဓဟူးသားသမီးများ အရှေ့မြောက်အရပ်နှင့် အရှေ့ တောင်အရပ်။
* ကြာသပတေးသားသမီးများ အရှေ့တောင်အရပ်နှင့် အနောက်တောင်အရပ်။
* သောကြာသားသမီးများ အနောက်တောင်အရပ်နှင့် အနောက်မြောက်အရပ်။
* စနေသားသမီးများ အရှေ့အရပ်နှင့် တောင်အရပ်

**ထီပေါက်ရန် နေ့ရက်နှင့် အချိန်များ**


* တနင်္ဂနွေသားသမီးများ အင်္ဂါနေ့ (၁၁)နာရီ။
* တနင်္လာသားသမီးများ ဗုဒ္ဓဟူးနေ့ (၁၁)နာရီ။
* အင်္ဂါသားသမီးများ ကြာသပတေးနေ့ (၁၁)နာရီ
* ဗုဒ္ဓဟူးသားသမီးများ သောကြာနေ့ (၁၁)နာရီ
* ကြာသပတေးသားသမီးများ စနေနေ့ (၁၁)နာရီ
* သောကြာသားသမီးများ တနင်္ဂနွေနေ့ (၁၁)နာရီ
* စနေသားသမီးများ တနင်္လာနေ့ (၁၁)နာရီ။

အထက်ပါ အချိန်များသည် နေ့သားအလိုက် တိ... နေ့၏ စတုရန်းအချိန်များဖြစ်သည်။ ဤသို့လျှင် န... ကောင်းခြင်း၊ ရက်၏ ကောင်းခြင်း၊ အချိန်၏ ကောင်းခြင်း ဂဏန်းအက္ခရာများ၏ ကောင်းခြင်း စသော ကောင်းအခါများ ရွေးချယ်၍ ပြုလုပ်ခြင်းဖြင့် ထီဆုကြီးပေါက်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့၌ စကားပုံဆိုရိုးရှိ၏။ အမိုကောင်းလျှင် တစ်ချက်ဟု ဆိုစကားရှိ၏။ မိမိအား အကျိုးပြုနိုင်မည့်သူ၊ ကူညီမည့်သူ လိုအပ်လှပေသည်။ ထို့ကြောင့် သင် ထီပေါက်ရန် ဘယ်နေ့သားကို အကူအညီတောင်းသင့်သလဲ။

* တနင်္ဂနွေသားသမီးများသည် တနင်္လာသားသမီးကို ထိုးနိုင်းပါ။
* တနင်္လာသားသမီးများ အင်္ဂါသားသမီးများကို ထိုးနိုင်းပါ။
* အင်္ဂါသားသမီးများသည် ဗုဒ္ဓဟူးသားသမီးများကို ထိုးနိုင်းပါ။
* ဗုဒ္ဓဟူးသားသမီးများသည် ကြာသပတေးသားသမီးများကို ထိုးနိုင်းပါ။
* ကြာသပတေးသားသမီးများသည် သောကြာသားသမီးများကို ထိုးနိုင်းပါ။
* သောကြာသားသမီးများသည် စနေသားသမီးများကို ထိုးနိုင်းပါ။
* စနေသားသမီးများသည် တနင်္ဂနွေသားသမီးများကို ထိုးနိုင်းပါ။

ဤနေ့များသည် ထီပေါက်ချင်သူ၏ မွေးနံတိုင်တွင် သုခချမ်းသာခြင်းနေရာ၌ ရှိသော နေ့သားများဖြစ်၏။ ကျွန်ုပ်၏ ဤ "ထီပေါက်ကိန်းရှိပါသလား" ဆောင်းပါးကို ဖတ်ပြီး သိန်းရာချီ၊ ထောင်ချီ၍ ပေါက်နိုင်ကြပါစေသတည်း ■

* * *

သစ္စာဝါဒီဆရာမြတ်ခေးသင်း



www.burmeseclassic.com

www.burmeseclassic.com

# ဆေးစွမ်းထက်တာ ကန့်ကလာ

ကျော်စွာဟိန်း(ရွှေလှော်ကား)

ကန့်ကလာသည် အနီမျိုး၊ အဖြူမျိုးဟူ၍ နှစ်မျိုးရှိသည်။ အချိုမျိုး၊ အခါးမျိုးဟူ၍လည်း ရှိသည်။

အပင်ငယ်မျိုးဖြစ်သည်။ မြေတွင် ကပ်ပြီးပေါက်သောကြောင့် ရခိုင်တို့က "မြေကပ်ပင်"ဟု ခေါ်ကြသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် အစိုဓာတ်ရှိသော နေရာတို့၌ သဘာဝအလျောက် ပေါက်ရောက်တတ်သည်။

ကန့်ကလာ၏ အရသာမှာ ခါး၏။ အေး၏။ ပဥ္စငါးပါးလုံး ဆေးအဖြစ် အသုံးပြုနိုင်သည်။

မြန်မာဆေးကျမ်းများအဆိုအရ ပိုးကို ပယ်တတ်၏။ အနာကို ပျောက်ကင်းစေ၏။ ယားနာ၊ ရေငတ်နာ၊ နလုံးနာကျင်ခြင်း၊ သမင်ဖြူရောဂါ၊ ဆီးနှင့် ဆိုင်သော ရောဂါ၊ ဆေးအစာကို လက်မခံဘဲ အန်ထုတ်သော ရောဂါ စသည်တို့ကို ပျောက်ကင်းစေ၏။ အစာကြေ၊ နှုတ်မြိန်စေ၏။ လေ၊ သလိပ်ကို နိုင်၏။ ဒေါသသုံးပါးကို ငြိမ်းစေ၏။ ဝမ်းချုပ်လျှင် သက်စေပြီး၊ ဝမ်းသွားလျှင် ရပ်စေတတ်သည်။ အားကို အလွန်တိုးပွား၏။ ထက်မြက်စေ၏။ သွေးသားကို သန့်ရှင်းစင်ကြယ်စေ၏။ နို့ရည်ကို ပွားများစွာ ထွက်စေ၏။

### ဆေးအဖြစ် အသုံးပြုပုံ

(၁) ကန့်ကလာ ပဥ္စငါးပါးကို ထောပတ်နှင့် ရောကျို၍ သောက်သုံးပေးက အမျိုးသမီးများမှာ နို့များစွာထွက်၍ ကလေးသောက်စို့မကုန်နိုင်အောင် ဖြစ်၏။

(၂) ဆီး၊ ဝမ်း၊ လေချုပ်၍ လေထိုးလေနာဖြစ်နေပါလျှင် ကန့်ကလာတစ်ပင်လုံးကို နုတ်ယူ၍ သုံးခွက်တစ်ခွက် တင်ပြီး ဆားစိမ်းခပ်၍ အကြမ်းပန်းကန်တစ်လုံးခန့် နံနက်၊ နေ့ ည တစ်နေ့ သုံးကြိမ်သောက်က ပျောက်နေကျ လက်တွေ့ ဆေးဖြစ်၏။

(၃) ဆီးချုပ်၊ ဆီးနည်း၊ ဆီးနီလျှင် ကန့်ကလာ ပဥ္စငါးပါးကို သုံးခွက်တစ်ခွက်တင် ကျို၍ သကြားချိုချိုနှင့် သောက်က ပျောက်ကင်းစေ၏။

(၄) ဆေးအစာ လက်မခံ၊ အော့အန်နေသူအား ကန့်ကလာပင်အား သုံးခွက်တစ်ခွင်တင် ပြုတ်၊ ထန်းလျက်၊ ဆားငါးပါး သင့်အောင်ထည့်ပြီး ရောက်ရည်နှင့် ရောစပ်ကာ ငွန်းနှင့် နည်းနည်းချင်း နည်းနည်းချင်းတိုက်ပေးပါက မကြာမီ ဆေးအစာ လက်ခံလာပါလိမ့်မည်။

(၅) အဖျားပျောက်၍ နလန်ထခါစ၊ ဆေးသောက်မမြိန်ဖြစ်နေခဲ့သော ကန့်ကလာပင်ကို ရေနွေးဖျော၍ ငါးပိရည်၊ ငါးပိချက်၊ ငါးပိထောင်း၊ ငရုတ်ကြိတ်တို့နှင့် တို့မြှုပ်စားက နှုတ်မြိန်စေ၏။

(၆) လေပျို့ လေအန်၊ လေပူထ၊ ချောင်းဆိုးရောဂါဖြစ်နေပါလျှင် ကန့်ကလာ ပဥ္စငါးပါးကို ထန်းလျက်ချိုချိုထည့်ပြီး သုံးခွက်တစ်ခွက်တင် ပြုတ်၍ အကြမ်းပန်းကန်တစ်လုံးခန့် နံနက်၊ နေ့ ည တစ်နေ့ သုံးကြိမ်သောက်ပါက ၎င်းရောဂါများ ပျောက်ကင်းချမ်းသာစေပါသည်။

အာယုဗ္ဗေဒ၊ အိန္ဒိယဆေးကျမ်းများအဆိုအရ ကန့်ကလာပင်သည် ဝမ်းတွင်းရှိ ပိုးအမျိုးမျိုးကို သန့်စင်စေသည်။ ကပ်ပါးပိုးအမျိုးမျိုးကို သန့်စင် ဖယ်ရှားရာတွင်လည်း ကန့်ကလာ ပဥ္စငါးပါးကို ထုထောင်း၍ ရေနှင့် သုံးခွက်တစ်ခွက်တင် ကျို (သို့မဟုတ်) လေးခွက်တစ်ခွက်တင် ကျို၍ နံနက်၊ နေ့ ည၊ တစ်နေ့ သုံးကြိမ်။ တစ်ခါသောက် အကြမ်းပန်းကန်တစ်လုံးခန့် သောက်ပေးပါ။

### ကန့်ကလာ ရက္ခမူဆားချက်နည်း

ကန့်ကလာအခြောက်ကို ရသလောက်စု၍ သံပြားပေါ်တင်၊ မီးရှို့ ပြာချ။ ပြာဖြူနကျမှ ရပ်တန့်ပါ။ ယင်းပြာဖြူကို ရေနှင့်ဖျော်၍ ရေစစ်စိပ်စိပ်နှင့် စစ်။ ပြီးလျှင် သံဒယ်အိုးထဲကို ထည့်ပါ။ သံဒယ်အိုးကို ဖိုခနောက်ပေါ်မှာ တင်ပါ။ အောက်က မီးထိုးပေးပါ။ ဆေးရည်ခန်းပြီး ဆားဖြစ်လာလျှင် မီးကို လျှော့ပါ။ ဒယ်အိုးမှ ဆားပွင့်များကို ခြစ်ယူလိုက်လျှင် ရက္ခမူဆားကို ရပါပြီ။ ရက္ခမူဆားသည် သတ္တိအလွန်ထက်မြက်သဖြင့် "ဆေးကောင်း သန်းခေါင်း"ဟု ဆိုစမှတ်ပြုခဲ့ကြသည်။

(၁) အနိုးပိတ် ချွေးငုပ်သူအား ကန့်ကလာ ရက္ခမူဆား ငရုတ်ကောင်းနှစ်စေ့ခန့်ကို ရေနွေးပူပူနှင့် မှုတ်သောက်ပါ။

(၂) လေထိုးလေအောင့်၊ အစာမကြေ၊ ရင်၌ လေရောဂါများကို အရက်ကောင်းကောင်းအစိတ်သားတွင် ရက္ခမူဆား လေးပဲသားရော၍သောက်ပါ။ ပျောက်ကင်းပါသည်။

မိမိပတ်ဝန်းကျင်ရှိ သဘာဝဆေးပင်များကို ရောဂါနှင့် ဆေးသင့်အောင် ပေးတတ်ကြစေရန် ရေးသားဖော်ပြလိုက်ပါသည်။ ■

* * *

ကျော်စွာဟိန်း(ရွှေလှော်ကား)

ကျမ်းကိုး:
- လက်တွေ့ အသုံးချ ဆေးဖက်အပင်များ (ကိုးရင်းဆေးပညာဦးစီးဌာန)။
- မြစ်ချင်းပြီး ဆေးစွမ်းကောင်းများ (ဦးလှခင်)။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် တပ်မတော်မှ အငြိမ်းစားရယူခဲ့ပြီးနောက် မွေးရပ်ဇာတိ ပြည်မြို့မှာပင် ပြန်လည် အခြေချ နေထိုင်ခဲ့ပါသည်။ အငြိမ်းစားလစာကိုတော့ တစ်လ တစ်ကြိမ် မထုတ်ဖြစ်ပါဘူး။ သုံးလကြာမှ တစ်ကြိမ်၊ ငါးလကြာမှ တစ်ကြိမ်သာ ထုတ်ဖြစ်ပါသည်။ တစ်လချင်းထုတ်ရသည်က ကျွန်တော့်အနေနှင့် မလွယ်ပါ။ တစ်လအတွင်းမှာပင် ဘဏ်သို့ နှစ်ခေါက်သွားရသည်။ အတင်တစ်ခါ၊ အထုတ်တစ်ခါ။

တင်သည့်အခါ ပုံစံတောင်းယူ၊ ပုံစံဖြည့်ရေး၊ လက်မှတ်ထိုးပြီး တင်၊ ကိုယ့်ရှေ့ ဦးသူရှိရင် ခဏစောင့်၊ တုံကင်ယူနှင့်။ ဘဏ်မှာ မကြာသော်လည်း အိမ်နှင့် ဘဏ် အသွားအပြန် ခရီးက အချိန်ပုပ်သည်။ တစ်မနက်ခင်းတော့ အချိန်ကုန်သည်။ ငွေထုတ်သည့်အခါကတော့ စိတ်ပျက်ဖို့ ကောင်းသည်။ ကိုယ့်ရှေ့က လူများလျှင် များသလို အလှည့်စောင့်ရသည်။ နေ့တစ်ပိုင်း တစ်ညနေတော့ အချိန်ကုန်သည်က များသည်။

သို့ကြောင့်လည်း ကျွန်တော်က သုံးလေးလကြာမှ တစ်ခါ၊ ငါးလ၊ ခြောက်လရှိမှ တစ်ကြိမ် ပေါင်းထုတ်ဖြစ်သည်။ သည်တစ်ခေါက်မှာတော့ လနည်းနည်းများသွားသည်။ သမီးအကြီးထံ သွားရောက်နေရသည်နှင့်၊ ကျန်းမာရေးက မကောင်းရသည်နှင့်မို့ ဆယ်လစာပေါင်းတင်ဖြစ်သည်။ ထို့ကြောင့်လည်း ကိုထွန်းကျော်နှင့် ကျွန်တော် တိုက်တိုက်ဆိုင်ဆိုင် ဆုံခဲ့ရခြင်းဖြစ်သည်။

ကိုထွန်းကျော်က ကျွန်တော်နှင့် တပ်ရင်းတစ်ရင်းတည်း၊ တပ်ခွဲတစ်ခွဲတည်း အတူနေခဲ့ရသူများမို့ ညီအစ်ကိုနယ် ခင်မင်ခဲ့သူဖြစ်သည်။ ကျွန်တော်တပ်က အငြိမ်းစားယူချိန်မှာ သူက တပ်ထဲမှာပင် ရှိခဲ့သည်။ သူရော၊ ကျွန်တော်ပါ ပင်စင်ထုတ်ခွင့် လျှောက်လွှာများ အသီးသီးတင်အပြီး ဘဏ်ဘေးမှ လက်ဖက်ရည်ဆိုင်တွင် ထိုင်ဖြစ်ကြသည်။

လက်ဖက်ရည်သောက်ကြရင်း စကားစမြည်ပြောဖြစ်မှ သူ တပ်က ထွက်ခဲ့သည်မှာ သုံးနှစ်ပင်ရှိသွားပြီး ဒုအရာခံဗိုလ်အဆင့်ဖြင့် ထွက်ခဲ့သည်ဟု သိရသည်။ သူ့ဇာတိ အညာကို မပြန်ချင်၍ သည်မြို့မှာပင် နေခဲ့သည်။ သူ တပ်က မထွက်ခင် ရွှေတံခါးကွက်သစ်၌ ခြံတစ်ခြံဝယ်ဖြစ်၍၊ ထိုခြံမှာ နေသည်။ ခြံက နေစရာ တိုက်ကလေး တစ်လုံးပါပြီး စားပင်သီးပင်များလည်း ရှိသည်ဟု ဆိုသည်။

အလုပ်က အပြင်ထွက်မလုပ်။ ခြံထဲမှာပင် သီးပင်စားပင် အပင်ပေါက်လေးများ ပျိုးပြီး ရောင်းသည်။ အချိန်မရွေး အိမ်မှာ အမြဲရှိသည်။ တစ်ခေါက်လောက် လာလည်ပါဟုလည်း ဖိတ်သည်။ ကျွန်တော် မလာတတ်မည်စိုး၍ဟု ပြောကာ မြေပုံကြမ်းလေးပင် ဆွဲပြသည်။ ကျွန်တော်က နောက်နေ့ လာခဲ့မည်ဟု ကတိပြုလိုက်သဖြင့် သူက ဆက်ဆက်လာဖြစ်အောင် လာပါဟု ပြောသည်။

ထို့နောက် လက်ဖက်ရည်ဖိုးကို ကျွန်တော်ကပင် ရှင်းပေးလိုက်ပြီး ဘဏ်မှာပင် လမ်းခွဲလိုက်ကြသည်။

◈◈◈

ကျွန်တော် သူ့ခြံကို သွားရောက်လည်ပတ်ဖို့ အမှန်ပင် စိတ်အားထက်သန်ခဲ့သည်။

သည်ခြံနှင့် သည်တိုက်ကလေးအနီးသို့ ကျွန်တော် နှစ်ခေါက်လောက်ရောက်ခဲ့ဖူးသည်။ ခြံဝန်းထဲအထိတော့ မဝင်ရောက်ဖြစ်ခဲ့။ အပြင်မှသာ ဖြစ်သည်။ အုတ်ခြံစည်းရိုးက ခိုင်ခိုင်ခံ့ခံ့။ တစ်ထပ်တိုက် ပုပုလေးက သေသေသပ်သပ်။ ခြံအတွင်း မျက်နှာစာမှာ အုန်းပင်သုံးပင်နှင့် ခြံအတွင်းဘက်မှာ သရက်ပြဲဇာပင်တို့ ရှိသည်။ တိုက်ရှေ့မှာ အလှပန်းပင်များလည်း စိုက်ထားသေးသဖြင့် လိုချင်စရာလေးဖြစ်သည်။

အိမ်နှင့် ခြံရောင်းမည်။ ဆက်သွယ်ရန် ဖုန်းနှင့် လိပ်စာတို့ကို ရေးထားသဖြင့် ခြံရှေ့အထိ သွားဖြစ်သည်။ ခြံဝင်ပေါက် သံပန်းတံခါးမကြီးကိုတော့ ကြီးမားသည့် သော့ခလောက်ဖြင့် အပြင်က ခတ်ထားသည်။ အထဲ၌ လူတစ်ဦးရှိနေသည်။ ထိုသူက တိုက်ကလေးအား မျက်နှာမူ၍ ခြံကို ကျော ပေးလျက် ရပ်နေသဖြင့် "ဗျို့ . . ဆရာ၊ တိုက်ရှေ့က ဆရာ"ဟု သုံးလေးခွန်း လှမ်းခေါ်လိုက်သည်။

ထိုသူက ရပ်နေသည့် နေရာမှ လှည့်တော့ ကြည့်သည်။ ကျွန်တော့်အား ပြုံးရယ်ပြခြင်း၊ အသိအမှတ်ပြုခြင်း မရှိ။ မသိသလို ပြန်လှည့်သွားပြီး တိုက်ခြေရင်းဘက် လမ်းကလေးအတိုင်း ခြံနောက်ဘက်သို့ လျှောက်သွားသည်။ နောက်ထပ်လည်း နှစ်ခွန်းသုံးခွန်းမျှ ကျွန်တော် ထပ်ခေါ်သေးသည်။ လုံးဝ လှည့်မကြည့်။ ကျွန်တော့်စိတ်ထဲ ခိုးလိုးခုလုတော့ ဖြစ်သွားသည်။

သုံးလေးရက်မျှ ကြာပြီးနောက် ကျွန်တော် ထိုခြံလေးရှေ့သို့ နောက်တစ်ခေါက်သွားဖြစ်ပြန်သည်။ ခြံဝတံခါးမကြီးက ပထမတစ်ခေါက်ကလိုပင် သော့ကို အပြင်မှ ခတ်၍ ပိတ်ထားသည်။ သည်တစ်ခေါက်တော့ ခြံထဲက လူမှာ သံပန်းတံခါးမကြီးအနီး၌ ရပ်နေသည်။ သူက ခြံဝဘက်သို့ မျက်နှာမူထား၍ ကျွန်တော်ပြုံးပြ နှုတ်ဆက်ရင်း သူ့ထံ လျှောက်သွားခဲ့သည်။

ခြံဝင်းအတွင်းရှိ လူက ကျွန်တော့်အား နှစ်သက်လိုလားဟန်ပြပြီ၊ မျက်နှာကြောတင်းတင်းဖြင့် သာမျှ စိုက်ကြည့်

www.burmeseclassic.com

မည်သို့မျှ မပြောမဆိုဘဲ ခြံအတွင်း ာက်သို့ လှည့်ကာ လျှောက်သွား ည်။ ကျွန်တော် နှစ်ခွန်း သုံးခွန်း ာမ်းခေါ်ကြည့်သည်။ နောက်ပြန်လှည့် ပင် မကြည့်။ ကျွန်တော့်စိတ်တွင်း ာသိကအောက်ဖြစ်ရပြန်သည်။ သည် ူနှင့် နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံဖြစ် ည်။ တွေ့သည့်အခါတိုင်း သည်ပုံစံ ည်အချိုးပင် တွေ့ခဲ့သည်။

သည်တစ်ခေါက်တွင်တော့ ာက်သွယ်ရန် ဖုန်းနံပါတ်၊ လိပ်စာတို့ ို အသေအချာမှတ်သားခဲ့ရသည်။ ည်လမ်း ဝဲ-ယာကလည်း အိမ်ခြေ ာဲ့လွန်းသည်။ ခေါင်းရင်း၊ ခြေရင်း ာက် ခြံကွက်များမှာ စည်းရိုးပင် ကာ ထားခြင်း မရှိ။ မြေကွက်အလွတ် ောက်ကျောခြံဘက်တွေက ခြံခန်းတွေ တ်ထားပြီး အိမ်များ မရှိ။ ခြံအတွင်း သစ်ပင်ကြီးကြီးမားမားပင် မတွေ့ရ။ ျနှင့် မြက်ရိုင်းရှည်တို့သာ ပေါက်နေ ည်။

သည်ခြံလေးနှင့် မျက်နှာချင်းဆိုင် များကလည်း ဝန်းစည်းပင် မရှိ။ စား ာွယ်ခုတ် ခပ်လှမ်းလှမ်း ခြံနှစ်ခြံမှာ ိမ်များ ရှိနေသည်။ လူရိပ်လူခြေတော့ တွေ့ရ။ ခြံစောင့်ခွေးများအချင်းချင်း ာန်ဖီ ဟောင်သံများလည်း ကြားရ ည်။ အိမ်တံခါး၊ ခြံတံခါးအလုံပိတ်၍ အလုပ်တစ်နေရာရာ သွားနေကြပုံ ရ ည်။ လူသူ မတွေ့ရသော လမ်း အတွင်း ကြာကြာရပ်နေရန် မသင့်ဟု တွးမိ၍ ထိုလမ်းအတွင်းမှ ပြန်ထွက် သည်။

ထိုခြံလေးနှင့် တစ်လမ်းကျော်၊ ာမ်းတစ်လျှောက်မှာ လူနေအိမ်ခြေ ည်းနည်းစိပ်သည်။ လမ်းထောင့်ရှိ ိမ်တစ်အိမ်က အိမ်နှင့် တွဲလျက် ာက်ဖက်ရည်ဆိုင်ဖွင့်ထားသည်။ ကျွန် ာ်က အမောလည်း ဖြေ စုံစမ်းလို့ ည်း ရလိုရငြား အတွေးဖြင့် ဆိုင်ထဲ သို့ ဝင်ဖိုက်သည်။ ဆိုင်က ထည်ဝါမှု တော့ မရှိပါ။ စားပွဲခုံပုလေး သုံးဝိုင်းခန့် ချထားသည်။ စားသောက်နေသူကို တော့ မတွေ့ရ။ လူက ရှင်းနေသည်။

ကျွန်တော် လက်ဖက်ရည်မှာ တော့ ဆိုင်ရှင်က အားနာဟန်ဖြင့် လက်ဖက်ရည် မရတော့ကြောင်း ပြော သည်။ ရပ်ကွက်သား မဟုတ်၊ မျက်နှာ စိမ်းတစ်ဦးအနေဖြင့် အကဲခတ်မိပုံရ သည့် ဆိုင်ရှင်က ရေနွေးကြမ်းသောက် ပါဦး၊ ခဏတဖြုတ်နားပါဦးဟု ညှော့ဝတ် ပျူငှာပြုသည်။ ကျွန်တော်ကလည်း ကျေးဇူးတင်စကား ပြောဆိုရင်း ခြံဝယ် လိုသဖြင့် ဤရပ်ကွက်သို့ လာခဲ့ပါ ကြောင်း ပြောပြမိသည်။

သူ့လက်ဖက်ရည်ဆိုင်၏ တစ် လမ်းကျော်ရှိ တိုက်ပုလေးနှင့် ခြံအား ကျွန်တော် စိတ်ဝင်စားမိကြောင်း ပြော ဖြစ်သောအခါ သူ အံ့အားသင့်ဟန်နှင့် ခေါင်းခါပြသည်။

"ခြံဈေးက တော်တော်ချိုတယ်။ ဝယ်မယ့်သူတော့ မရှိဘူး။ ခြံထဲမှာ သရဲ ရှိတယ်။ ခြောက်တယ်လို့ ရပ်ကွက်ထဲ မှာ သတင်းကြီးနေတယ်"

ဟု သူ့ကို ပြောပြသည်။

"အိမ်ဖုားလည်း မနေရဲ၊ ခြံစောင့် လည်း မနေရဲဘူး။ ခြံသန့်ရှင်းရေးတော့ မနက်၊ နေ့လယ်ပိုင်းတွေမှာ တစ်ပတ် နေမှ တစ်ခါ၊ ဆယ့်ငါးရက်လောက်မှ တစ်ခါလုပ်တယ်"

ဟုလည်း ပြောသည်။

ဆိုင်ရှင်ပြောမှ ခပ်စောစောလေး ကမှ ကျွန်တော် ဒေါသဖြစ်ခဲ့ရသည့် ခြံထဲမှ လူကို သတိရသွားမိသည်။

"ခြံထဲမှာ ခြံစောင့်လား၊ သန့်ရှင်း ရေးသမားလားတော့ မသိဘူး။ ကျွန် တော် နှစ်ကြိမ်တွေ့ဖူးတယ်။ သူ့ကို စကားပြောပေမယ့် မျက်နှာတည်တည် နဲ့ စကားလည်း ပြန်မပြောဘူး။ ခေါ်လို့ လည်း မရဘူး"

ဟု ဆိုင်ရှင်ကို ပြောပြလိုက်မိ သည်။ ဆိုင်ရှင်က ကျွန်တော့်အပြော အား သဘောကျလျက် ပြုံးကာ မေး ခွန်းထုတ်သည်။

"နောင်ကြီး . . . အဲဒီခြံထဲမှာ မြင်ခဲ့ရတဲ့သူက စပို့ရှပ်အပြာ၊ ကချင် ပုဆိုးအစိမ်းကွက်နဲ့ အရပ်ခပ်မြင့်မြင့်၊ ကတုံးဆံတောက်မဟုတ်လား"

ဟု မေးသည်။

ကျွန်တော်က ဆိုင်ရှင်ပြောသည့် အတိုင်း ဝတ်ဆင်ထားသည့် ထိုသူကို နှစ်ကြိမ်တွေ့ဖူးကြောင်း၊ လူမှုရေး မသိ ရိုင်းတဲ့သူဟု ထင်ကြောင်း ပြောလိုက် သည်။

သည်တော့လည်း ဆိုင်ရှင်က ထို သူမှာ လူမဟုတ်ကြောင်း၊ ကျွန်တော် သရဲနှင့် တွေ့ခဲ့ရသည်ဖြစ်ကြောင်း၊ မည် သည့်အခါ၊ မည်သူပဲ တွေ့တွေ့၊ သည် ပုံစံနှင့် တွေ့ရလေ့ရှိကြောင်း ပြောသည်။ ကျွန်တော်ကတော့ ဆိုင်ရှင်ပြောသည့် အတိုင်း သရဲတစ်ကောင်ဖြစ်သည်ဟု တော့ သိပ်မယုံချင်။ ကြောက်စရာ၊ လန့်စရာပုံလည်း မဟုတ်သဖြင့် ဆက် ဆံရေး ညံ့ဖျင်းသူ၊ လူမှုရေးခေါင်းပါးသူ တစ်ဦးဟုသာ ထင်ခဲ့သည်။

◈◈◈

သည်လိုနှင့် နောက်တစ်နေ့တွင် "ခြံရောင်းမည်၊ ဆက်သွယ်ရန် လိပ်စာ" ဆိုသည့် လိပ်စာအတိုင်း ကျွန်တော် သွားရောက်ခဲ့သည်။ ကျွန်တော်တွေ့ရ သူက ခြံပိုင်ရှင်တော့ မဟုတ်။ ကိုယ် စားလှယ်ဖြစ်သည်။ ဝယ်မည့်သူအား ခြံပြပေးခြင်း၊ ပိုင်ရှင်လိုချင်သည့် ဈေး အား ပြောပြခြင်းတို့ကိုသာ သူဆောင် ရွက်သည်။ ရောင်းဖြစ်၊ ဝယ်ဖြစ်မည်ဆို ပါက တရားဝင် ရောင်းဖြစ်၊ ဝယ်ဖြစ် စေရန် ပိုင်ရှင်ကို ခေါ်ပေးမည်ဟု ပြော သည်။

ထိုခြံကိုယ်စားလှယ်က ခြံထဲ၊ တိုက်ထဲရော ရောက်ဖူးသလား၊ ဒီခြံ

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းရော ဘာတွေ သိထားသလဲ ဟု မထင်မှတ်ဘဲ မေးသည်။ သူ့အမေးက အနည်းငယ် ထူးဆန်းနေ၍ . . .

"ကျွန်တော် ခြံရှေ့ကို နှစ်ခေါက်လောက် ဖြတ်သွားဖြတ်လာ ရောက်ဖူးတယ်။ ခြံအကြောင်း ဘာမျှ သိရှိထားခြင်း မရှိသေးပါ (ခြံအတွင်း သရဲရှိသည်ဟု သတင်းစကားနှင့် ကျွန်တော်တွေ့မြင်ခဲ့ရသည့်ခြံထဲက သူ့အကြောင်းကို ချန်လှပ်၍)"

ဟု ပြောလိုက်သည်။

သည်တော့လည်း ထိုခြံ ကိုယ်စားလှယ်မှပင် . . .

"သည်ခြံထဲမှာ သရဲရှိတယ်။ ခြောက်တယ်ဆိုတာရော မကြားမိဘူးလား"

ဟု တည့်တိုးပင် မေးသည်။ သူက ပွင့်ပွင့်လင်းလင်းမို့ ကျွန်တော်လည်း လိမ်ညာဝေ့ဝိုက်မနေဘဲ . . .

"သတင်းတွေတော့ ကြားထားပါတယ်။ ဈေးသင့်ရင်တော့ ဝယ်ဖြစ်ဖို့ များပါတယ်"

ဟု မယုတ်မလွန်ပြောဖြစ်သည်။

သူက ကျွန်တော့်စကားအား မည်ကဲ့သို့ သဘောပေါက်သွားခဲ့လေသည် မသိ။ အရောင်းအဝယ်ကိစ္စဆိုသည်မှာ နှစ်ဦးနှစ်ဖက် ကျေနပ်မှု ရှိဖို့လိုကြောင်း၊ ဝယ်ဖြစ် ရောင်းဖြစ်ပြီးမှ အဝယ်မှားသွားသည်ဟုလည်း အဖြစ်မခံချင်ကြောင်း၊ သည်ခြံအကြောင်း ပြည့်ပြည့်စုံစုံသိပြီးမှ ဝယ်ဖို့၊ မဝယ်ဖို့ ဆုံးဖြတ်ပြီး လုပ်ကြရအောင်ဟု စကားချီကာ ခြံအကြောင်းပြောပြသည်။

"သည်ခြံပိုင်ရှင် ဦးသိန်းဝင်းက ဆည်မြောင်းအရာရှိတစ်ဦး။ သည်ခြံဝယ်၊ တိုက်ဆောက်အပြီး ပြောင်းရွှေ့နေထိုင်ဖို့ စီစဉ်နေတုန်း နတ္တလင်းမြို့ကို တာဝန်နဲ့ ပြောင်းသွားရတယ်။ ခြံစောင့်လည်း ရ၊ ဝင်ငွေလည်း ရအောင် လခနဲ့ အိမ်ငှားထားခဲ့ဖူးတယ်။ ဒါပေမယ့် လပိုင်းပဲ နေရပြီး ပြောင်းသွားတယ်။ နောက်ထပ် အိမ်ငှားတင်လည်း မမြဲဘူး။ မိသားစု သုံးစုလောက် ငှားထားခဲ့ဖူးတယ်။ နောက်တော့ ငှားနေမယ့်သူ မရှိတော့လို့ ခြံစောင့်ပဲ လခပေးပြီး ထားခဲ့တယ်။ ခြံစောင့် မိသားစုကလည်း တစ်လပြည့်အောင်တောင် မနေဘဲ ထွက်သွားတယ်"

ဟု ပြောပြသည်။

သည်ခြံက နေထိုင်သူ မမြဲ၊ ခြံစောင့် မမြဲ၊ သရဲရှိသည်၊ သရဲခြောက်သည်ဟု နာမည်ထွက်လာသောကြောင့် ဈေးသက်သာစွာဖြင့် ရောင်းမှာ ဖြစ်ကြောင်းလည်း ပြောသည်။ ပိုင်ရှင်မှာထားသည့်အတိုင်း အနိမ့်ဆုံးဈေးကိုလည်း ပြောပြသည်။

သူ့ဘက်က စကားကုန်ပြောပြီးဖြစ်၍ ကျွန်တော့်ထံ၌ ပြောစရာ စကားမရှိတော့။

"သည်ရက်ပိုင်းအတွင်း ကျွန်တော် အကြောင်းပြန်ပါမည်"

ဟုသာ သူ့ကို ပြော၍ နှုတ်ဆက်ပြန်ခဲ့သည်။

ကာလပေါက်ဈေးနှင့် ချိန်လျှင် ခြံဖိုးနှင့်ပင် ဝယ်သင့်သည်။ တိုက်ပါ အဆစ်ပါသည့်ပုံမို့ ကျွန်တော်ဝယ်ဖို့ အားခဲထားခဲ့သည်။

◈◈◈

ကျွန်တော်က သည်ခြံလေးကို သဘောကျနေသူပီပီ တိုက်ကလေးက သပ်သပ်ရပ်ရပ်ရှိပုံ၊ အုတ်ဝန်းထရံ လုံခြုံမှုရှိပုံ၊ စားပင်သီးပင်အစုံ ပါရှိနေပုံတို့ကို ကျွန်တော့်ဇနီးအား အားပါးတရ ပြောပြပြီး ဈေးအနေဖြင့်လည်း ခြံမြေကွက်အလွတ်ထက် အနည်းငယ်သာ ပိုကြောင်း၊ ဝယ်ဖို့ တိုင်ပင်သည်။ ဇနီးသည်က ဈေးချိုလွန်းနေသည်ကို သိပ်မကြိုက်။ သံသယရှိပုံရသည်။

တစ်စုံတစ်ခုသော ချို့ယွင်းချက်ရှိနေ၍သာ သည်မျှ ဈေးသက်သာခြင်းဖြစ်လိမ့်မည်ဟု ကောက်ချက်ချသည်။ သည်ခြံအကြောင်းကို အနီးပတ်ဝန်းကျင်ကို လေ့လာ စုံစမ်းဦးမည်။ သူကိုယ်တိုင်လည်း တစ်နေ့ သွားကြည့်ကြတာပေါ့ဟု ပြောသည်။

သည်တော့လည်း ပတ်ဝန်းကျင် အပြောအရ အိမ်ငှားမမြဲ၊ ခြံစောင့်မနေရဲ၊ သရဲရှိသည်၊ သရဲခြောက်သည်ဟုတော့ သိထားကြောင်း ဖွင့်ပြော[illegible]သည်။ ကျွန်တော့်စကားအရပင် သူက ခေါင်းခါတော့သည်။ ဈေးမည်မျှချိုပါစေ သည်ခြံမျိုး မမက်၊ ဝယ်လည်း မဝယ်ဘူးဟု ယတိပြတ် ပြောသည်။

ဤသို့ဖြင့် သည်တိုက်ကလေးနှင့် ခြံကို ကျွန်တော် မဝယ်ဖြစ်ခဲ့ခြင်းဖြစ်သည်။

ယခု သည်ခြံလေးအား ကိုထွန်းကျော်က ဝယ်ဖြစ်ခဲ့သည်။ သူနေခဲ့သည်မှာ သုံးနှစ်ခန့်ရှိသွားပြီဆို၍ ကျွန်တော် အံ့ဩမိသည်။ စိတ်လည်း ဝင်စားခဲ့မိသည်။ သိချင်၊ စူးစမ်းချင်စိတ်များအရ နောက်တစ်နေ့တွင် ကိုထွန်းကျော်ခြံသို့ သွားရောက်လည်ဦးမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

◈◈◈.

၅နှစ်ဆိုသည့် ကာလမှာပင် သည်ရပ်ကွက်၊ သည်လမ်းနေရာတို့က မမှတ်မိချင်လောက်အောင် ပြောင်းလဲသွားသည်။ ကိုထွန်းကျော်ခြံက "ပျိုးပင်မျိုးစုံရောင်းသည်" ဆိုသော ဆိုင်းဘုတ်ကြီးနှင့်။ ခြံ၏ ခြေရင်းဘက်အခြမ်းမှာ နိုင်လွန် အစိမ်းရောင်ဆန်ခါ မိုးထားသည့်အောက်တွင်တော့ တစ်ထွာ၊ တစ်တောင်ခန့် သစ်ပင်ပျိုးပင်တို့က အပြည့်ရှိနေသည်။

မြေကွက်လပ် တစ်နေရာ၌ ကိုထွန်းကျော်နှင့် အမျိုးသမီးငယ်တစ်သိုက် ပျိုးထုပ်လေးများ ထုပ်နေသည်။ သူကတော့ ကျွန်တော့်အား မမြင်ပါ။ ဝန်းခြံ ဘားတိုင်ရှိ လူခေါ်

www.burmeseclassic.com

ဘဲလ်ကို ကျွန်တော် နှိပ်လိုက်မှ သူ လှည့်ကြည့်သည်။ ကျွန်တော့်ကို မြင်၍ ပျာပျာသလဲပင် ခြံတံခါးလာဖွင့်ပြီး ခရီးဦးကြိုပြုသည်။

သူက တပ်ထဲမှာ နေစဉ်ကလိုပင် ကျွန်တော့်ပခုံးအား ဖက်ပြီး သူ့တိုက်ကလေးထဲသို့ ခေါ်သွားသည်။ သူ့ဇနီးက လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံသည်။ ခဏမျှ ထွေရာလေးပါးပြောပြီး သူ့ဇနီးလည်း မီးဖိုခန်းထဲ ဝင်သွားသည်။

ကျွန်တော်က လွန်ခဲ့သည့် ၅နှစ်ခန့်က သည်ရပ်ကွက်၊ သည်နေရာသို့ ကျွန်တော်ရောက်ဖူးခဲ့ကြောင်း၊ ထိုအချိန်က အိမ်ခြေနည်းပါးပြီး သည်မျှ မစည်ကားသေးကြောင်း ပြောတော့ သူက ရယ်သည်။

"အဲဒီတုန်းက ဘယ်စည်ပါ့မလဲကွာ။ ဒီခြံက သရဲရှိတယ်၊ ခြောက်တယ်လို့ နာမည်ထွက်နေခဲ့တာကိုး။ ငါနေလို့ တစ်နှစ်၊ တစ်နှစ်ခွဲလောက်ကြာမှ စည်လာတာကွ"

ဟု အားတက်သရော ပြောပြသည်။ ကျွန်တော်က…

"တကယ်ရော သရဲရှိခဲ့လား။ ခြောက်ကော ခြောက်ခဲ့လား"

ဟု မေးလိုက်သည်။ သူကလည်း ပွင့်ပွင့်လင်းလင်းပင် ပြောပါသည်။

"သရဲလည်း တကယ်ရှိခဲ့တယ်။ ခြောက်လည်း ခြောက်ခဲ့တယ်ကွ။ ဒါကြောင့်လည်း ဒီခြံကို လူတွေ ကြိုက်ရဲ့ ဈေးချိုရဲ့နဲ့ မဝယ်ဖြစ်ကြတာ။ ဘယ်သူမှ မဝယ်ကြလို့လည်း ဒီခြံကို ဈေးချိုချိုနဲ့ ငါဝယ်နိုင်ခဲ့တာပေါ့ သူငယ်ချင်းရယ်"

ဟူ၍ ပြောအပြီး ခြံ စ,ဝယ်ဖြစ်သည့်မှ ယနေ့အထိ အတိုချုံးကာ ပြောပြပါသည်။

◈◈◈

ကိုထွန်းကျော်က တပ်မှ အငြိမ်းစား မယူမီ လေးငါးလအလို၌ သည်ခြံလေးကို ဝယ်ဖြစ်ခဲ့သည်။ အားလပ်ရပ်များတွင် တစ်ပတ်တစ်ခါလာ၍ ခြံသန့်ရှင်းရေးလုပ်သည်။ ပေါင်းမြက်ရှင်းသည်။ နံနက်လာ၊ ညနေပြန် လုပ်သည့်အခါ လုပ်၍၊ တစ်ခါတစ်ရံလည်း တစ်ည နှစ်ညအိပ်ဖြစ်သည်။ စ,လာသည့်နေ့မှာပင် သရဲနှင့် တွေ့သည်။ ကိုထွန်းကျော်ကတော့ သရဲဟု မထင်။ ရပ်ကွက်သားတစ်ဦးဦးများလားဟုပင် ထင်ခဲ့သည်။

ကိုထွန်းကျော်က ထိုသူနှင့် စကားပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် ထိုသူက ပျောက်သွားသည်။ ထိုကဲ့သို့ နှစ်ကြိမ် သုံးကြိမ်ခန့် ကြုံရ၍ ကိုထွန်းကျော် ဒေါသဖြစ်သွားသည်။

"ဟေ့ကောင်…ဒီခြံက ငါ့ခြံကွ။ ရီးတီးယားတား မလုပ်နဲ့။ ငါ သည်းမခံတတ်ဘူး။ ကြောက်လည်း မကြောက်ဘူး။ နောက်တစ်ခါတွေ့လို့ကတော့ မင်း မလွယ်ဘူး"

ဟု ကြိမ်းမောင်းပစ်လိုက်သည်။ ထိုအချိန်မှ စ၍ သရဲက ငြိမ်သွားသည်။

တစ်ညမှာ ကိုထွန်းကျော် တိုက်ထဲ၌ အိပ်ပျော်နေစဉ် အိပ်မက်တစ်ခု မက်သည်။ အိပ်မက်ထဲမှာ ခြံတွင်းက လူနှင့် စကားပြောဖြစ်သည်။ ထိုသူက သူ့မှာ နေစရာမရှိ၍ သည်ခြံထဲမှာ မှီခိုနေရပါသည်။ အခြားသို့ နှင်မထုတ်ပါနှင့်ဟု တောင်းပန်သည်။

"အခု မင်းက ဘယ်မှာ နေတာလဲ"

ဟု ကိုထွန်းကျော်က မေးတော့-

"နောက်ဖေး သရက်ပင်မှာ နေပါတယ်"

ဟု ဖြေသည်။ ထိုအခါ ကိုထွန်းကျော်က…

"ခြံထဲမှာ ကြာကြာထားလို့ မဖြစ်ဘူး။ မင်းကို ငါ ဘာလုပ်ပေးရမလဲ"

ဟု မေးသသည်။ ထိုအခါ သူက…

သည်အတိုင်းတော့ နှင်မထုတ်ပါနဲ့။ သူ့အတွက် ရည်စူးပြီး သပိတ်သွတ်၍ ကောင်းမှုပြုပေးပါ။ အမျှအတန်းဝေပေးပါ"

ဟု ပြောသည်။

ကိုထွန်းကျော်ကလည်း သူပြောသည့်အတိုင်း လုပ်ပေးမည်ဟု ကတိပြုလိုက်ပြီး အိပ်ရာမှ လန့်နိုးသွားသည်။

နောက်သုံးလေးရက်အကြာတွင် အိမ်နီးနားချင်း လူကြီးအချို့နှင့် တိုင်ပင်၍ ဘုန်းကြီးငါးပါးပင့်ကာ သပိတ်သွတ်ပေးသည်။ သပိတ်သွတ် အမျှအတန်းပေးဝေပြီးနောက်ပိုင်းတွင် ထိုသူ ပြောင်းရွှေ့သွားသည်လား၊ ကျွတ်လွတ်သွားသည်လားတော့ မသိ။ ယနေ့ထိ အိပ်မက်လည်း ထပ်မရ၊ ခြံထဲ၌လည်း ရိုးတိုးရိပ်တိတ်မျှ မမြင်ရတော့ဟု ကိုထွန်းကျော်က ပြောပြသည်။

◈◈◈

တစ်ချိန်က သရဲရှိသည်၊ ခြောက်သည်ဆိုသော သည်ခြံကလေး၏ သတင်းဆိုးကား ကျွန်တော့်သူငယ်ချင်း ကိုထွန်းကျော်၏လက်ထက်တွင် မှေးမှိန်ပျောက်ကွယ်သွားသည်။ ယခုအချိန်တွင် ပျိုးပင်လေးများ ရောင်းသည့်ခြံအဖြစ်သာ လူသိများပါသည်။ စိုက်ပျိုးရေး ဝါသနာပါသည့် ကျွန်တော့်ဇနီးကိုလည်း သူငယ်ချင်း ကိုထွန်းကျော်၏ ပျိုးပင်ရောင်းသည့်ခြံသို့ အလည်သွားရအောင်ဟု ခေါ်လျှင် လိုက်မှာ ကျိန်းသေပါသည်■

* * *

မောင်ထွဋ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com

# ပြဿဒါးရက်မှာ ခရီးထွက်မလား

သုတေသီ ဆရာငြိမ်း



လောကီလူသားအတော်များများပင် ပြဿဒါးရက်ကို ကြောက်ကြသည်။ မင်္ဂလာယူပြီး ဆောင်ရွက်ရမည့် ကိစ္စအဝဝကို လုံးဝ မလုပ်အပ်သော ရက်အဖြစ်လည်း သတ်မှတ်ထားကြသည်။ သည့်အတွက် ရက်ကောင်း ရက်မြတ်ဟု သတ်မှတ်ထားသော ရက်ရာဇာကိုသာ ရွေးချယ်၍ လုပ်ကိုင်ဆောင်ရွက်တတ်ကြသည်။ အကယ်တန္တု ပြဿဒါးရက်ကျရောက်သောနေ့များ၌ မဖြစ်မနေလုပ်ကိုင်ရမည်၊ သွားလာရမည်၊ ဆောင်ရွက်ရမည်ဆိုပါက မည်သို့မျှ ဘေးဥပါဒ်အန္တရာယ်တစ်စုံတစ်ရာမျှ မကျရောက်စေနိုင်သော အစီအမံကလေးတစ်ခုရှိပါသည်။ ခေတ်အဆက်ဆက် အသုံးပြုနိုင်ရန် ရှေးပညာရှိကြီးများက စီရင်ခဲ့ကြပါသည်။

**တနင်္ဂနွေ ပြဿဒါးရက်ဖြစ်ပါက** အိမ်ရှိ ဘုရား၌ အုန်းညွန့်လှူဒါန်းပြီး "ရဝိဝါရေ တေဇောဓာတု"ဆိုသည့် ဂါထာကို (၉)ကြိမ်ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါက အစစအရာရာ အဆင်ပြေ ချောမွေ့ပါလိမ့်မည်။

**တနင်္လာ ပြဿဒါးရက်ဖြစ်ပါက** အိမ်ရှိ ဘုရား၌ အုန်းညွန့်လှူဒါန်းပြီး "စန္ဒဝါရသိမ် နက္ခမိ"ဟူသော ဂါထာကို (၉)ကြိမ်ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါက အစစ အရာရာ အဆင်ပြေ ချောမွေ့ပါလိမ့်မည်။

**အင်္ဂါ ပြဿဒါးရက်ဖြစ်ပါက** အိမ်ရှိ ဘုရား၌ ကံ့ကော်ညွန့်လှူဒါန်းပြီး "အင်္ဂါဝါရေစ နိဗ္ဗုတော"ဟူသော ဂါထာကို (၉)ကြိမ်ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါက အစစအရာရာ အဆင်ပြေ ချောမွေ့ပါလိမ့်မည်။

**ဗုဒ္ဓဟူး ပြဿဒါးရက်ဖြစ်ပါက** အိမ်ရှိ ဘုရား၌ ဆီးညွန့်လှူဒါန်းပြီး "ဗုဒ္ဓဝါရမှိ သမ္ဗုဒ္ဓေါ"ဟူသော ဂါထာ (၉)ကြိမ်ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါက အစစအရာ အဆင်ပြေ ချောမွေ့ပါလိမ့်မည်။

**ကြာသပတေး ပြဿဒါးရက်ဖြစ်ပါက** အိမ် ဘုရား၌ ဝါးညွန့်လှူဒါန်းပြီး "ဩကဿန္တော ရရှဝါရသိမ်" သော ဂါထာကို (၉)ကြိမ်ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါ အစစအရာရာ အဆင်ပြေ ချောမွေ့ပါလိမ့်မည်။

**သောကြာ ပြဿဒါးရက်ဖြစ်ပါက** အိမ်ရှိ ဘုရား ပေါက်ညွန့်လှူဒါန်းပြီး "သေဩဝါရမှိ ဝိဇာလိ"ဟူသော ဂါ ကို (၉)ကြိမ်ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါက အစစအရာ အဆင်ပြေ ချောမွေ့ပါလိမ့်မည်။

**စနေ ပြဿဒါးရက်ဖြစ်ပါက** အိမ်ရှိ ဘုရား၌ သီး လှူဒါန်းပြီး "သောရီဝါရေ ဓမ္မစက္ကေ"ဟူသော ဂါထာ (၉)ကြိမ်ရွတ်ဆိုပြီး လုပ်ကိုင်သွားလာပါက အစစအရာ အဆင်ပြေ ချောမွေ့ပါလိမ့်မည်။ ■

* * *

သုတေသီဆရာ



www.burmeseclassic.com

www.burmeseclassic.com

၁ နွေ ၂ လာ ၃ ဂါ ၄ ဟူး ၈ ဟု
၅ တေး ၆ ကြာ ၇ နေ

ဂမ္ဘီရ ဆန်း ကြယ်

# ခုနှစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း

အောင်အတိတ် အောင်နိမိတ်ဆရာ

## ➤တနင်္ဂနွေသားသမီးများ

ဤလအတွင်း အလုပ်အကိုင် အကြံအစည်သစ်များကိုလည်း စတင်လုပ်ကိုင်ရန် အချိန်ကောင်းဖြစ်၏။ သင်၏ ဘက်ခံနေသော ငွေကြေးများ၊ အကြံအစည်များကို ကူညီပံ့ပိုးပေးမည့် မိတ်ဆွေတစ်ဦး မမျှော်လင့်ဘဲ ရောက်ရှိလာတတ်၏။ လုပ်ငန်းတွင်း၌ နေရာကောင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်း၊ ရာထူးတိုးခြင်း၊ ခရီးဝေးသွားရောက်ရခြင်းများ ကြုံတွေ့ရမည်။ အကျိုးဆောင် လုပ်ငန်း လုပ်သူများအဖို့ မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာဘဲ ထစ်ငေါ့နေတတ်၏။ အမှုအခင်းတွေ ကြုံနေရသူ ဖြစ်ပါက မမျှော်လင့်သောသူတစ်ဦးထံမှ အကူအညီများ ရရှိလာတတ်သည်။ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ရန် ရည်ရွယ်ထား သူများ စတင်အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။ ငယ်ရွယ်သူများ အချစ်ရေးနှင့် ပညာရေး ရောထွေးဆက်နွယ်မှုများ ကြုံတွေ့နေရတတ်၏။ အသိဉာဏ်ကို ဦးစားပေး၍ ဖြေရှင်းပေးပါက သင့်ရည်မှန်းချက်များ ပြည့်စုံလာပေလိမ့်မည်။ သင့်အား အထူးမှာကြားလိုသည့်အချက်မှာ မည်သည့်လုပ်ငန်းကိုလုပ်လုပ် အချိန်ယူ စဉ်းစားပြီးမှသာ လုပ်ကိုင်သင့်ပါသည်။ [illegible] မည့်ပါ။ ငွေဝင်မည်။ ငွေကံကောင်းသောလပါ။ မျက်နှာပွင့်လန်းနေမည်။

**ယတြာ။** ။ မိမိမွေးနေ့ညနေပိုင်းတွင် စာကလေးများအား ဆန်စေ့လေးများ ကြဲပက်ပြီး နေ့စဉ် [illegible] အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ (၂-၈)ဂဏန်းဖြင့် ထီထိုးပါ။ ပဌာန်း၂၄ပစ္စည်းကို တစ်နေ့လျှင် (၄၂)ခေါက်နှင့်ပြီး [illegible] ဝင်ကာ ကုသိုလ်ကံဖွင့်ပေးပါ။ ထူးခြားစွာ ငွေဝင်ပါလိမ့်မည်။

www.burmeseclassic.com

## ➢တနင်္လာသားသမီးများ

ဤလအတွင်း သင်၏လုပ်ငန်းတွင်း၌ စာရင်းဇယားကွာဟမှုများ၊ ငွေကြေးလေလွင့်မှုများ ဖြစ်ပေါ်တတ်၏။ သင်၏ အထက်လူကြီးမှ သင့်အား အကြောင်းမဲ့ ငြိုငြင်မှုများ ခံစားရတတ်၏။ စပ်တူရှယ်ယာလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်းလုပ်သူများ၊ စီးပွားရေးသမားများ ဤလအတွင်း ထူးခြားစွာ ဝင်ငွေများ ရနေတတ်၏။ သင်၏မွေးနေ့၌ ရဟန်းတစ်ပါးအား သစ်သီးဆွမ်းဆက်ကပ်လိုက်ပါ။ ခက်ခဲနေသော ပြဿနာများသည် ကူညီဖြေရှင်းပေးမှုများကြောင့် ပြေလည်သွားပါမည်။ ဆွေမျိုးညီအစ်ကိုမောင်နှမများနှင့်လည်း စိတ်သဘောထား ကွဲလွဲမှုဖြစ်ပေါ်နေတတ်သည်။ ငယ်ရွယ်သူများ ရည်ရွယ်ထားသော အချစ်ရေးနှင့် ပညာရေးသည် တစ်ပြိုင်နက်တည်း လွယ်လင့်တကူ အောင်မြင်မှု ရရှိလာပါလိမ့်မည်။ ယခုလတွင် မတော်တဆ ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိတတ်၏။ သတိပြုပါ။ သင့်အား အထူးမှာကြားလိုသည့်အချက်မှာ သင် ဘာကိုပင်လုပ်လုပ်၊ သင်ဖြစ်ချင်တာတွေ အားလုံးဖြစ်လာနိုင်ရန် သင့်ဘက်မှ ကံတရားက ရပ်တည်နေပေလိမ့်မည်။ ကံကောင်းနေတဲ့ အချိန်ပါပဲ။ အိမ်တွင်းရေး မကျေလည်တာလောက်တော့ဖြစ်မည်။

**ယတြာ။** ။ မိမိနေအိမ်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား အလင်းတိုင်(၉)တိုင်ကပ်လှူပူဇော်ပါလေ။ အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ (၉)ဂဏန်းများများဖြင့် ထိုးပါ။ ကိုးနဝင်း အစိတ္တာန်ဝင်ပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➢အင်္ဂါသားသမီးများ

ဤလအတွင်း သင် ကြံစည်စိတ်ကူးထားသည့်လုပ်ငန်းများကို စတင်ပြုလုပ်ရတတ်၏။ ခရီးတစ်ခုသွားမည်ဟု ကြံစည်ထားပြီးမှ ပျက်သွားတတ်၏။ အလုပ်နေရာ၊ အိမ်နေရာအတွက် စိတ်ညစ်စရာအနည်းငယ် တွေ့ကြုံနေရတတ်၏။ စပ်တူရှယ်ယာလုပ်ငန်း အကျိုးဆောင်လုပ်ငန်းလုပ်သူများအဖို့ စိတ်ညစ်စရာအနည်းငယ် တွေ့ကြုံနေရတတ်၏။ နိုင်ငံရပ်ခြားခရီး (သို့မဟုတ်) ပညာတော်သင် (ပြည်တွင်းသင်တန်း)ခရီးတစ်ခုသွားရောက်သင်ကြား လုပ်ကိုင်ရတတ်၏။ ဆွေမျိုးသားချင်းများနှင့် စိတ်ဝမ်းကွဲစရာ ပြဿနာများ ဖြစ်ပေါ်နေတတ်၏။ အမှုအခင်းနှင့် ရင်ဆိုင်နေရသူဖြစ်ပါမူ အမှုမပြီးပြတ်ဘဲ တိုးလိုးတန်းလန်းဖြစ်ပေါ်နေတတ်သည်။ ကျန်းမာရေးတွင် တစ်ခါတစ်ရံ၌ နလုံးသွေးအားနည်းသော ဝေဒနာများ ဖြစ်ပေါ်နေလိမ့်မည်။

ငယ်ရွယ်သူများ သင်၏အချစ်ဆုံး သူငယ်ချင်းတစ်ဦးထံမှ လက်ဆောင်ပစ္စည်းတစ်ခုရရှိလိမ့်မည်။ ထိုလက်ဆောင်သည် ပညာရေးနှင့်ပတ်သက်သော လက်ဆောင်ဖြစ်ပါမူ သင်စိုးရိမ်ပူပန်နေသော ပညာရေးသည် မလွဲမသွေ အောင်မြင်မှုရရှိစေလိမ့်မည်။ သင့်အား အထူးမှာကြားလိုသည့်အချက်မှာ သင်၏စိတ်ကို လျှော့၍ အနားယူပါ။ သင့်အတွက် ကံဇာတာအနည်းငယ်ညံ့နေတတ်ပါသည်။ စွပ်စွဲပုတ်ခတ် ပြောဆိုခံရတတ်၏။ ဘာပြဿနာမှ မဖြစ်အောင်နေပါ။ ငွေသုံးတာ၊ ချေးငှားတာ၊ အာမခံတာ၊ ထားတာသိုတာ ဂရုစိုက်ပါ။ ဆင်ခြင်ပါ။

**ယတြာ။** ။ မိမိမွေးနေ့တစ်ရက်တွင် သီလရှင်ကျောင်းသို့သွား၍ ဆန်နို့ဆီဘူး (၉)လုံး လှူဒါန်းလိုက်ပါလေ။ (သို့မဟုတ်) ဘုရားတစ်ဆူဆူသို့သွားပြီး တံမြက်စည်းလှည်းပါ။ သုံးကြိမ်တိတိလုပ်ပါ။ အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ ကြုံတဲ့ ဂဏန်းကို(ရွေးချယ်မနေဘဲ)ထိုးပါ။ အရဟံဂုဏ်တော်ကို စွဲမြဲစွာစိပ်ပြီး ကုသိုလ်ကံဖွင့်ပေးပါ။ နေ့စဉ် ပုတီး(၇)ပတ်စိပ်ပါ။ ထူးပါလိမ့်မည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➢ဗုဒ္ဓဟူးနှင့် ရာဟုသားသမီးများ

ဤလအတွင်း အလုပ်အကိုင်၊ နေရာဌာနပြောင်းရွှေ့ အမှုထမ်းရခြင်း၊ နေရာကောင်းများရရှိခြင်း ကြုံတွေ့ရတတ်၏။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သော လုပ်ငန်းဖြစ်ပါမူ ဤလ တတိယပတ်တွင် ထူးခြားစွာ အောင်မြင်မှုရရှိတတ်၏။ စပ်တူရှယ်ယာလုပ်ငန်း အကျိုးဆောင်လုပ်ငန်းလုပ်သူများ မိမိမျှော်မှန်းထားသည်ထက် ငွေကြေးများစွာရရှိတတ်၏။ အမှုအခင်းပြဿနာများကို ရင်ဆိုင်ဖြေရှင်းနေရသူများဖြစ်ပါမူ မိမိဘက်မှ အခွင့်အရေးကောင်းများ၊ ကူညီဖြေရှင်းမည့်သူများ ပေါ်ပေါက်လာတတ်၏။ အမွေပြဿနာကို ကိုယ်တိုင်ဦးစီး၍ ဖြေရှင်းပေးရတတ်၏။ ငယ်ရွယ်သူများ သင် မျှော်လင့်စောင့်စားနေသောချစ်သူထံမှ ဝမ်းမြောက်ဖွယ်ရာစကား

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

ကြားရတတ်၏။ ပညာသင်ကြားရေး၌ စိတ်အနှောင့်အယှက်ဖြစ်စရာ အနည်းငယ်ကြုံတွေ့ရတတ်၏။ သင့်အား အထူးမှာကြားလိုသည့်အချက်မှာ လုပ်စရာရှိသည်များကို ရဲရဲဝံ့ဝံ့လုပ်ကိုင်ဆောင်ရွက်ပါလေ။ သင့်ဘက်မှ ကံတရားက သင့်အား မျက်နှာသာပေးနေလိမ့်မည်။ ကံဇာတာပွင့်လန်းနေပြီ။ ငွေဝင်မည်။ ပျော်ပျော်နေပါ။ ပတ်ဝန်းကျင်ကို လှည့်လည်လေ့လာပါ။ စီမံကိန်းအသစ်တွေချပြီး ကြိုးစားပါ။ ရွှေဝင်မည်။ စက်ပစ္စည်းထွက်မည်။ ဘာပဲဖြစ်ဖြစ် ကံကောင်းလာပါပြီ။

**ယတြာ။** ။ တန်ခိုးကြီးဘုရား စေတီတစ်ဆူ၌ မိမိမွေးနံထောင့်တွင် သောက်တော်ရေချမ်းကပ်လှူလိုက်ပါလေ။မွေးနံထောင့်ဖြိုက်တိုင်ဘုရားမှာ ရေသပ္ပာယ်ပါ။ ရွှေကပ်လှူပါ။ အညှံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ရရှိလာပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ (၂ ၄)ဂဏန်းများဖြင့် ထီကံစမ်းပါ။ ပြီးလျှင် နေ့စဉ် ပဌာန်း ၂၄ပစ္စည်းကို (၂၄)ခေါက်ပူဇော်ကာ ထီပေါက်ဖို့ဆုတောင်းအဓိဋ္ဌာန်ပြုပါ။ ကောင်းကျိုးထူးပါလိမ့်မည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➢ကြာသပတေးသားသမီးများ

ဤလအတွင်း မိမိအိမ်သားများနှင့် ပတ်သက်၍ စိတ်ညစ်စရာ ပြဿနာများ ဖြေရှင်းပေးရတတ်၏။ အလုပ်တွင် မိမိမျှော်လင့်ထားသည်များ အလွဲလွဲအချော်ချော်ဖြစ်နေတတ်၏။ မြေဝယ်ခြင်း၊ နေရာသစ်တစ်ခု ထပ်မံတိုးချဲ့ခြင်းများ ပြုလုပ်ရတတ်၏။ မိမိလုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သော သင်တန်းတစ်ခု တက်ရောက်သင်ကြားခွင့် ရရှိတတ်၏။ အမှုအခင်းဖြစ်နေသူများအတွက် မိမိဘက်မှ အောင်မြင်မှုလမ်းစ တွေ့ရတတ်၏။ ငယ်ရွယ်သူများ မိမိချစ်သူ၏အသိုင်းအဝိုင်းမှ မိမိအပေါ် အထင်အမြင်လွဲမှားစွာဖြင့် ဆက်ဆံလာတတ်၏။ ပညာရေးတွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသော်လည်း အကူအညီပေးမည့်သူတစ်ဦးဦး သင့်ထံသို့ ရောက်ရှိလာလိမ့်မည်။ သင့်အား အထူးမှာကြားလိုသည့်အချက်မှာ မည်သို့ပင် စိတ်ညစ်စရာများဖြစ်ပေါ်နေပါစေ၊ သင်၏ကံတရားက သင့်အား အကူအညီပေးလိမ့်မည်မှာ မုချမလွဲဖြစ်ပေ၏။ သို့သော် အစစသည်းခံ စိတ်ရှည်ပေးရမည့် ကာလပါ။ အတတ်နိုင်ဆုံး သီးသန့်နေသင့်သည်။ တန်ခိုးကြီးဘုရားစေတီတော်များသို့ မကြာခဏသွားပြီး ဘုရားဖူးကာ၊ ကုသိုလ်ကံဆက်ပြုပေးသင့်သည်။ ကျန်းမာရေးဂရုစိုက်ပါ။ ကုသိုလ်ကံမှေးမှိန်နေသည်။ ဘာသာရေးဖိလုပ်ပါလေ။

**ယတြာ။** ။ ဘုန်းတော်ကြီးကျောင်းသို့ တံမြက်စည်းနှစ်ချောင်းလှူဒါန်းလိုက်ပါ။ အညှံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ (၁၊ ၆)ဂဏန်းများဖြင့် ထီကံစမ်းပါ။ အရဟံဂုဏ်တော်ကို နေ့စဉ် ပုတီး(၇)ပတ်ပွားထုံသင့်သည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➢သောကြာသားသမီးများ

ဤလအတွင်း မိတ်ဆွေတစ်ဦးထံမှ ကူညီမှု ရရှိတတ်၏။ သင်၏ ခက်ခဲနေသော လုပ်ငန်းများတွင် ဘာသာခြား (သို့မဟုတ်) လူမျိုးခြားမှ ဝင်ရောက်ညွှန်ပြမှုဖြင့် အောင်မြင်မှုရရှိတတ်ပါသည်။ ရပ်ဝေးမှ ငယ်သူငယ်ချင်းတစ်ဦး သင့်ထံသို့ လာရောက်တွေ့ဆုံလိမ့်မည်။ ထိုသူရောက်လာလျှင် သင်၏လိုအင်ဆန္ဒများ မုချပြည့်စုံလာလိမ့်မည်။ ဘာသာရပ်ခြားစကား သင်ကြားရခြင်း၊ ကွန်ပျူတာ၊ လက်နှိပ်စက် စသည့် သင်တန်းတစ်ခုခုသို့ တက်ရောက် သင်ကြားခွင့်ရရှိလိမ့်မည်။ အပျော်ခရီးထွက်ရလိမ့်မည်။ မိသားစုနှင့်အဘူထွက်ရလိမ့်မည်။ ကိုယ်ပိုင်အရောင်းအဝယ်လုပ်ငန်းလုပ်သူများအဖို့ ငွေကြေးအခက်အခဲ အနည်းငယ်ကြုံတွေ့ရတတ်၏။ သို့သော် ပြေလည်သွားမည်။ ငယ်ရွယ်သူများ သင်၏ချစ်သူက သင့်ကို အထင်အမြင်လွဲမှားစွာ ဆက်ဆံ ဘလိမ့်မည်။ သင် စိုးရိမ်ပူပန်နေသော ပညာရေးအတွက် ကူညီမ,စမည့်သူတစ်ဦး ရောက်ရှိလာလိမ့်မည်။ မမျှော်လင့်ဘဲ ခြေထောက်တွင် ထိခိုက်ဒဏ်ရာရရှိလိမ့်မည်။ ငွေကံ အထူးပွင့်နေသည်။ ငွေဝင်မည်။ ထီပေါက်ကိန်း အမွေရကိန်းရှိသည်။ ဘာသာရေးဖိလုပ်ပါ။ အရက်သေစာ အထူးရှောင်ရမည့်လပါ။ အချစ်ရေး၊ အိမ်ထောင်ရေး အထူးသတိရှိရမည့် ကာလပါ။ သင့်အား အထူးမှာကြားလိုသည့်အချက်မှာ မမျှော်လင့်သောနေရာများမှ အကူအညီများ၊ ငွေကြေးအကူအညီများရရှိပြီး သင့်လုပ်ငန်းများ အောင်မြင်လာလိမ့်မည်။ ငွေကံ အထူးပွင့်နေပြီ။

**ယတြာ။** ။ မိမိနေအိမ်နှင့် အနီးဆုံး စေတီတစ်ဆူတွင် ပန်းအဖြူ (၅)ပွင့်လှူဒါန်းပြီး ဝေနေယျ သတ္တဝါများအား အမျှပေးဝေပါလေ။ အညှံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာလိမ့်မည်။ ပြီးလျှင် "နမောလေးချက်"ဂါထာတော်ကို တစ်လလုံး အဓိဋ္ဌာန်ဝင်သင့်၏။

**ထီကံစမ်းရန်။** ။ (၂ ၇) ဂဏန်းများများဖြင့် ထီကံစမ်းပါ။ ထီပေါက်ကံ၊ အလှူအတန်းပြုရမည့်ကံ ပွင့်လန်းနေသည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ➢စနေသားသမီးများ

ဤလအတွင်း မိမိလုပ်ကိုင်နေသောအလုပ်တွင် စိတ်ညစ်စရာများ၊ စိတ်သောကရောက်စရာများ ကြုံတွေ့နေရတတ်၏။ မိမိလက်အောက်ငယ်သားအတွက် ပြဿနာတစ်ရပ်ကို ကိုယ်တိုင်ဝင်၍ဖြေရှင်းပေးရတတ်၏။ လုပ်ငန်းနှင့်ပတ်သက်သော သင်တန်းတစ်ခုသို့ တက်ရောက် သင်ကြားရတတ်၏။ ငွေကြေးနှင့် ပတ်သက်၍ ချေးငှားခြင်း၊ အာမခံခြင်းများ မပြုလုပ်မိရန် သတိထားပါ။ ငွေကံညံ့နေသည်။ သို့သော် ငွေဝင်ပါမည်။ ရွှေဝင်မည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေး မကြည်မလင်ဖြစ်တတ်သည်။ အစစ သည်းခံရမည့်အချိန်ပါ။

ငယ်ရွယ်သူများ ငယ်သူငယ်ချင်းတစ်ဦးထံမှ အဝါရောင် လက်ဆောင်ပစ္စည်းတစ်ခုရရှိတတ်သည်။ ထိုလက်ဆောင်ပစ္စည်းသည် သင့်အတွက် လိုအင်ဆန္ဒများ ပြည့်စုံစေမည့် လက်ဆောင်ပစ္စည်းဖြစ်၏။ အချစ်ရေးကံကောင်းမည်။ နိုင်ငံရပ်ခြားတွင် သွားရောက်၍ အလုပ်လုပ်ကိုင်ရန် အဆင်သင့်ဖြစ်နေသူများ ဤလအတွင်း သွားရောက်ရတတ်၏။ သွားပါ။ ရပ်ဝေးခရီးကံကောင်းပါပြီ။ ယခုလတွင် ဝမ်းဗိုက်၊ ရင်ဘတ်တို့တွင် နာကျင်ကိုက်ခဲသော ဝေဒနာများ ရရှိခံစားရတတ်၏။ သတိထားပါ။ သင့်အား အထူးမှာကြားလိုသည့်အချက်မှာ ဤလအတွင်း(ပြည်တွင်း) ခရီးသွားလာခြင်း ဆင်ခြင်သင့်၏။ သွားမိပါက စိတ်ညစ်စရာများနှင့်သာ တွေ့ကြုံရတတ်၏။

**ယတြာ။** ။ မိမိနေအိမ်ရှိ ဆင်းတုတော်ရှေ့၌ ငါးပါးသီလခံယူပြီး ဝေနေယျသတ္တဝါများအား မေတ္တာပို့ အမျှဝေပေးပါ။ မေတ္တာပို့ခြင်းအလုပ်ကို အနည်းဆုံး မိနစ် (၃၀) ပြုလုပ်ရပါမည်။ အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။ အနည်းဆုံး (၁၀)ကြိမ်ပြည့်အောင် ဖြည့်ကျင့်ပါ။

**ထီကံစမ်းရန်။** ။ (၄၊ ၆)ဂဏန်းများများဖြင့် ကံစမ်းပါ။ ပြီးလျှင် ထီကံပွင့်ရန် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို နေ့စဉ် အမိဒ္ဓာန်ဝင်ပါ။

*****

*အားလုံးသတ္တဝါ ချမ်းသာပါစေ*

ဆောင်အတိတ် ဆောင်နိမိတ်ဆရာ



www.burmeseclassic.com